# နတ်နွယ်

# အပြာ - အဝါ

ဒုတိယအကြိမ်

ရန်အောင်စာပေ - ၂
စာအုပ်အမှတ် (၁၀၂)

# နတ်နွယ်

## အပြာ - အဝါ

**အပြာ – အဝါ**
**(နတ်နွယ်)**

ပထမအကြိမ် ဇန်နဝါရီလ၊ ၁၉၆၇ ခု၊
ဒုတိယအကြိမ်၊ ရဲအောင်စာပေ၊ နိုဝင်ဘာလ ၂၀၁၂

❑

**စာမူခွင့်ပြုချက်အမှတ်** – ၅၀၀၂၇၆၀၄၁၂
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – ၅၀၀၄၁၀၀၅၁၂

❑

**စီစဉ်သူ** – နီနီအောင်

❑

**မျက်နှာဖုံးပန်းချီ** လင်းဝဏ္ဏ

❑

**အတွင်းပုံနှိပ်သူ**
ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်)
အမှတ် ၈၇၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)
၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**
ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ် (၂)၊ ချွန်း (၁) လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

❑

**အတွင်းဖလင်**
Dream City 0973052433

❑

**တန်ဖိုး** – ၃၅၀၀ ကျပ်

၈၉၅.၈၃
နတ်နွယ်
အပြာ–အဝါ၊ နတ်နွယ်။ – ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။
၃၈၀ – စာ၊ ၁၃ x ၂၁ စင်တီ။
(၁) အပြာ– အဝါ

# အပြာ

## ကလျာဖူးစသစ်

(၁)

**အလှအပဆိုသည်က အပြာပါပဲလား . . .**

**ရှေးအတီတေက** မြေအပြင် အရပ်ရပ်ဝယ် ပုံပြင်ကလေးများ ပေါ်ခဲ့သည်။ အိမ်ထောင်စုများမှ ပဒေသရာဇ်တို့၏ ရွှေမွမ်းနန်းတော်တွင်း ထိ ချစ်စဖွယ် ပုံပြင်ကလေးများသည် သက်ရင့်မှသက်နုသို့ အဆင့်ဆင့်ရွေ့ လျောနေကြသည်။ ယင်းသည့် ပုံပြင်ကလေးများထဲဝယ် အလွန်အင်မတန်မှ လှပသော မင်းသမီးလေးများအကြောင်းက ပင်မ မူလအစအဖြစ် ပါဝင် လေ့ရှိကြပါ၏။ မိုးချုပ်ညဦးက ကြားခဲ့ရသည်ကို ညလယ်အိပ်မက် မက်ယူရသည်အထိပဲ ချစ်စရာကောင်းလှသည့် မင်းသမီးလေးများပါပေ။

အပြာကတော့ ပုံပြင်မင်းသမီးလေးများထက် သာ၍လှလေ သည်။ ညတွင်သာမက နေ့ခင်းအိပ်မက်ကိုပင် အပြာက စိုးမိုးခြင်းရှိလေ သည်။ လှသည်၊ ယဉ်သည်၊ နွဲ့သည်၊ စုစည်းလိုက်တော့ အပြာပဲ ဖြစ်သည်။

အပြာကို ပင်တိုင်ဦးလှယဉ်ကျေးနှင့် တင်စား၍ နွဲ့နွဲ့ယဉ်ယဉ်သာ ရှိသည်မဟုတ်၊ အမျိုးသမီးပီသသည့် ကျနပြည့်ဖြိုးသော အလှကလည်းရှိပါ သည်။ စွမ်းသန်ကျန်းမာသော မိခင်လောင်းလျာ ဖြစ်သည်။ မို့၍မောက်၏။

**ရန်အောင်စာပေ (၂)**

ကား၍စွင့်၏၊ ပေါင်းစပ်သည်ရှိသော် လှသောအပြာပင်ဖြစ်၏။

အပြာကိုလှသည်လို့သာ သမားရိုးကျပြောနိုင်သည်။ ဘယ်သို့ဘယ်မျှအထိ လှသည်ကိုတော့ ဖွဲ့နွဲ့ရန်မစွမ်းပါ။ လှသည်သာ . . .

မိဖုရားများနှင့် တည်ဆောက်အပ်သော ပဒေသရာဇ် နန်းတော်သည် အလှအပဝယ်သာ နစ်မွန်းနေကြသည်။ အလှအပအတွက် အသက်ရှင်နေကြ၍ အလှဘွဲ့များနှင့် မြေပြင်တဝှမ်း တုန်ဟီးလျက်ရှိလေသည်။ ရှင်ရဋ္ဌသာရ၊ နတ်ရှင်နောင်၊ နဝဒေးတို့က အလှကို သီကျူးခဲ့ကြပါသည်။ သူဇာပျို့၊ မနောဟရီပျို့၊ နေမိဘုံခန်းက မှတ်ကျောက်တင် အလှများဖြစ်ကြပါ၏။ သို့တစေ ထိုဖွဲ့နွဲ့ချက်တို့သည် အပြာ၏ ထက်ဝက်သောအလှနှင့်သော်မှ နှိုင်းယှဉ်စကောင်းသည် မဟုတ်ပါ။

သီကုံးဖွဲ့နွဲ့နိုင်ခြင်းငှာ မစွမ်းအင်သည့် အဆုံးဝယ်တော့ အပြာသည် လှသည်ဟုသာ သမားရိုးကျပြောပြီး အလှအပဆိုသည်က အပြာပင်ဟု တန်ပြန် အနက်တော်ရုံသာ ရှိတော့သည်။

အပြာဆိုပြန်တော့လဲ အလှအပပေဘဲနော . . .

(၂)

အလှအပသည် အသည်းနှလုံးမှ ယိုစီးလာသည်ဟု အနောက်တိုင်း အဘိဓမ္မာ ဆရာတစ်ယောက်ဖြစ်သည့် ‘ကွာရယ်’ ကပြောခဲ့ဖူးသည်။

ဟုတ်သည်။ မိမိချစ်သောသူတစ်ယောက်ကို အလှဆုံးဟုပြောကြရိုး စဉ်လာပင်၊ လှ၍ချစ်သည်၊ ချစ်၍လှသည်၊ မိမိကချစ်နေ၍ အလှဆုံးဟုပြောခြင်းက ထိုပြောသူအတွက်သာ ဖြစ်ပေမည်။ ဓမ္မစစ် အလှဆုံးဖြစ်ဖို့ရာကတော့ အများက အသိအမှတ်ပြုမှဖြစ်မည်။ ဤနေရာတွင် အများစု၏ထောက်ခံမှု အလိုဆုံးဖြစ်လေသည်။

အပြာကို တုပြိုင်နှိုင်းရာကင်းသော အလှဟု မြင်ဖူးသူတိုင်းက ရိုးသားစွာ ဝန်ခံကြလေသည်။ ဆန့်ကျင်ဖက်များက သာမက အမျိုးသမီးချင်းကပင် အပြာ၏အလှကို အသိအမှတ်ပြုရလေသည်။ သူတို့၏နီထွေး

သော နှုတ်ခမ်းလေးများကို လှုပ်ရှင်းကာ ဝန်ခံကြသည်။

သိပ်ကိုလှတာပဲကွယ်. . .

အထူးသဖြင့် မောင်လှမြင့်တို့လို စာရေးဆရာများက အလှကို သတိပြု၍ ချီးကျူးရသည်။ တပ်ဦးကျွံကာ ဟိမဝန္တာချီးမွမ်းခန်း မဖြစ်ဖို့ လိုသည်။

'ဒီ စာရေးဆရာဆိုတဲ့လူတွေက အလကားဟာတွေပါ။ အနုပညာ မျက်စိနဲ့ ကြည့်သလေး ဘာလေးနဲ့၊ သူတို့လှတယ်ပြောလိုက်ရင် ပိန်ကပ် ကပ်နဲ့ ရှုနာရှိုက်ကုန်းတွေချည့်ပဲ . . .'

သို့သော် အပြာဘွဲ့ကိုတော့ မောင်လှမြင့်က အမွမ်းတင် ပြောစရာ မလိုပါ။ ပြဿနာကို သူက တကူးတက သယ်ဆောင်လာစရာ မလိုပါ။ သူ့အိမ်သို့ရောက်ဖူးပြီး အပြာကို မြင်ဖူးသူတိုင်းက အပြာ၏အလှကို ဖွဲ့နွဲ့ ကြည်ချည်းသာ၊ ရောက်လေရာရာသို့လည်း အပြာ၏လှသတင်းကို သယ်ဆောင်သွားကြလေသည်။

အပြာ၏ လှသတင်း ကျော်ကြားလာသည်နှင့်အမျှ မောင်လှမြင့် နှင့် သူ့အိမ်သည်လည်း ကျော်ကြားလာလေတော့သည်။

'ကိုလှမြင့် ဒီအမျိုးသမီးက ဘယ်ကလဲဗျ'

ကိုသာနိုးက စပ်စုလိုက်လေသည်။ မောင်လှမြင့်က ဒီမေးခွန်းကို မျှော်လင့်ထားပြီးသားဖြစ်၏။ ဒီအချိန်မျိုး ကြုံကြိုက်သူတိုင်းက ဒီမေးခွန်း မျိုးကို မေးတတ်လေသည်။

'အနောက်နားကပါ . . .'

မရေမရာ ပြန်ဖြေလိုက်သည်။ သည့်အပြင်လဲ မဖြေနိုင်ပါ။ အမျိုး သမီးက သူ့အိမ်ရှေ့မှပင် ဖြတ်သန်းလျှောက်သွားနေသည်။

'ရက်ရက်စက်စက် လှတာပါပဲ၊ တကယ့်ကို မဒူဘာလာပါပဲ . . .'

အိန္ဒိယရုပ်ရှင်တွေ ခဏခဏကြည့်ပြီး အိန္ဒိယ မင်းသမီးတွေကို ကြည်ညိုနေသော ကိုခင်မောင်က အပြာ၏အလှကို သူခံစားရသလို တင်စားပြလိုက်သည်။ ဒီလိုပါပဲ အပြာ၏အလှကို မိမိခံစားရသလို ချီးကျူး

သွားကြသည်ချည့်သာပဲ . . .

'သူ့နာမည်က ဘယ်သူလဲဗျ. . .'

အမျိုးသမီး အိမ်ရှေ့မှ လွန်သွားသောအခါ ကိုတင်ဝင်းက မေးလိုက်သည်။ မောင်လှမြင့်က ဘယ်လိုမှပြန်မဖြေ။

'ဟင် ဘယ်သူလဲဗျ'

ကိုသာနိုးကပါ ကူညီမေးမြန်းလေသည်။ မောင်လှမြင့်ကတော့ သူ့သူငယ်ချင်းသုံးယောက်ကိုသာ ငေးမောကြည့်နေလေသည်။

'မသိဘူးလား. . .'

သူကပြုံးရင်း ခေါင်းကိုညိတ်လိုက်လေသည်။

'ဒါပေမဲ့ ကျွန်တော်ကတော့ သူ့ကို အပြာလို့ခေါ်တယ်လေ'

'အင်းဟုတ်တယ်၊ ကိုယ်သူ့ကိုမြင်ဖူးတာ နှစ်ခါရှိပြီ။ နှစ်ခါစလုံး ထမီပြာဝတ်ထားတာချည့်ပဲ'

ကိုခင်မောင်က မောင်လှမြင့်ပေးသော နာမည်ကိုသဘောကျသည့်အလား အားတက်သရောပင် ပြောလိုက်သည်။

'ကျွန်တော် မြင်သလောက်တော့ အမြဲတမ်း အပြာကိုဝတ်တာချည့်ပါပဲ'

ဟုတ်သည်၊ မောင်လှမြင့်က သူမကို ထမီပြာကစ၍ မြင်လေသည်။ အမြဲတစေ အစဉ်တစိုက်ပင် သူမက ထမီပြာကိုဝတ်လေသည်။

'အင်း အပြာ အပြာလှပါတယ်။ လူကလည်း လှတယ်၊ နာမည်ကလည်း လှတယ်၊ တော်တယ်ဗျို့ ခင်ဗျားတို့ စာရေးဆရာတွေ နာမည်ပေး'

ဒဏ္ဍာရီမင်းသမီးဆန်သော အပြာတစ်ယောက် မောင်လှမြင့်တို့ အိမ်ရှေ့မှ ဖြတ်သွားလေ့ရှိကြောင်းသည် ကျော်ကြားသည်ထက်ကျော်ကြားကာ မောင်လှမြင့်တို့အိမ်သည် လူစည်လျက်ရှိလေတော့သည်။ အပြာတစ်ယောက်ကတော့ သိမှ သိပါလေစ မပြောတတ်။

လှပဲ လှနိုင်လွန်းသော အပြာ။

**ရန်အောင်စာပေ (၂)**

(၃)

ရှုသာတင့်စန္ဒီး၊ လှခေါင်မိုးလျှင်၊ ပြစ်မျိုးမှည့်မထင်၊ နတ်ရုပ်သွင်သို့ ဖြူစင်ထွန်းရောင်ဝင်း၊ လှမှန်ကင်းကို၊ ညတွင်းဆည်စျာတွင်၊ ကျွန်ုပ်မြင်သည်၊ ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့ . . .

ပဒေသရာဇ် ခေတ်ပိုင်း ကဗျာရှင်တစ်ဦးကတော့ ဤသို့ ဖွဲ့ဆိုခဲ့ဖူးလေသည်။

တောင်စွန်းနေက ဖြည်းဖြည်းပြီး ဖြည်းဖြည်း ကျဆင်းနေသည်။ ရုပ်၏ရင့်ရော်ခြင်းကို ခံစားနေရပြီဖြစ်သော အမယ်ကြီးတစ်ယောက်သည် ပေရေနေသော မီးခွက်ထဲသို့ ရေနံဆီအကြွင်းအကျန်ကို သွန်ချနေသည်၊ နေ့တစ်နေ့က ကုန်ဆုံးပြီးသဆဲပေပြီ။

မောင်လှမြင့်က စွန့်စားခြင်းဖြင့် ပြုံးကာနှုတ်ဆက်မည်ပဟု စိတ်ကူးမိသေး၏။ အပြာက အနည်းငယ် ပြုံးသည်ဆိုလျှင်ပင် သူကပြုံး၍ အသိဖွဲ့နိုင်ပါ၏။ သို့သော် သူမကိုကြည့်ရသည်မှာ ပြုံးသလို မပြုံးသလိုနှင့် မပြုံးသော ရင့်ကျက်ခြင်းလည်း မဟုတ်၊ ပြုံးလည်း မပြုံးပါလေ . . .

အပြာထက် မလှသည့်တိုင် အပြာလို လှသော အမျိုးသမီးများ ရှိချင်ရှိကြပေမည်။ သို့သော် အပြာ၏အလှကို ပို၍ ထင်ပေါ်ခြင်းရှိစေသည်က သူမ၏ ယဉ်သော ဖြီးလိမ်းဆင်ယင်မှု ဖြစ်လေသည်။ အပြာကလှပြီး ယဉ်ကျေးသော လှယဉ်ကျေးဖြစ်လေသည်။

အပြာ၏အလှဝယ် မဖွံ့မတိုင်းဆန်မှု စွက်ဝင်နေခြင်းက မြတ်နိုးဖွယ်ကောင်းလှပါဘိတောင်း၊ ပြောင်၍ အနက်ရောင်ရှိသော ဆံပင်ကို ဆံကျစ်နှစ်သွယ်ကျစ်ကာ ကျောဝယ်သို့ချထားရာ ခါးအောက်သို့ ကျလျက်ရှိလေသည်။ ဆံကျစ်၏အရင်းဝယ် ပြာသောဖဲကြိုးကို နှောင်စည်း၍ထားလေသည်။ ဆံကျစ်ချထားခြင်းက အပြစ်ကင်းစင်သော ကလေးသူငယ်ဆန်သည့် အလှကို ဖော်ထုတ်ပြသလေသည်။ နားသံသီးလေးကို ဆွဲဆင်ယင်ထားခြင်းက နုပျိုမျစ်မှုကို ပို၍ ခိုင်မာစေလေသည်။

မျက်တောင် ကော့ညွှတ်ကွေး အောက်မှ နက်မှောင်သော

မျက်လုံးစုံသည် သူမအလှ၏ အချုပ်အခြာအာဏာပိုင်ဖြစ်လေသည်။ မျက်လုံးနှစ်လုံး၏ ဝိုင်းစက်လုနီးနေမှုက မဖွံ့မဆန်ခြင်း အပြည့်အစုံ ရှိလေသည်။ မျက်လုံးများသည် စိုစွတ်နေကာ အရောင်ကြည်လဲ့ နေပုံရှိသည်။ အပြာ၏အကြည့်က နှလုံးသားထဲသို့ နာကျင်စွာ စူးဝင်မသွားပေမင့် ညင်သာစွာ ချဉ်းသက်သွားတတ်ပါသည်။

အလှအပစုဝေးရာသည် အပြာပဲလား မပြောတတ်၊ ဂန္ဓာလရာဇ်သူလေးများ ချစ်စရာကောင်းသည်ဟု ဆိုခြင်းက သူမတို့၏ အပြုံးပဲဖြစ်လေသည်။ အပြာသည်လည်း ပြုံးလိုက်သောအခါ ဂန္ဓာလရာဇ်သူပဲလားဟု အောက်မေ့ရသည်။ ပါးလေးနှစ်ဘက်ကို ချိုင့်၍ဝင်သွားသည့်တိုင် ပြုံးတတ်ပါသည်။ မျက်နှာချင်းဆိုင်ပြီး စကားပြောကြည့်လျှင် တွေ့ရမည့်အချက်တစ်ခုက သူမသည် မပြုံးဘဲနှင့် စကားပြောလေ့ မရှိပါ။ လှသောအပြုံးက ချစ်စရာကောင်းလှသည်။

မောင်လှမြင့်က သူမ၏အသက်ကို ၁၈-နှစ်အရွယ်မျှ ခန့်မှန်းခဲ့လေသည်။ အဘယ် လူသားတစ်ယောက်သည်မျှလည်း သည့်ထက်ပို၍ ခန့်မှန်းဝံ့မည် မဟုတ်ပါ။

အပြာက ရွှေမန်းသူတစ်ယောက်ဖြစ်သည်။ သို့သော် ရွှေခြေချင်းကိုတော့ ဝတ်ဆင်ထားခြင်း မရှိပါ။ အင်မ်စီရွှေကြိုး တစ်ကုံးကိုသာ ရှင်းကြော့သော လည်တိုင်ကို ယဉ်ယဉ်လေး ရစ်ပတ်ဝိုင်းလည်လျက် ရှိစေပါသည်။ ဝါဝင်း၍ ဖြောင့်စင်းတုတ်ခိုင်သော လက်ကောက်ဝတ်ဝယ် သံမဏိကြိုးဖြူလေးက ပန်ရလျက်ရှိသည်။ နာရီ ဖြူဖြူဝိုင်းလေးကို ဝတ်ထားခြင်းက အပြာ၏မှန်ကန်သော ခေတ်မီမှုကို ဖော်ပြနေလေသည်။

ဆင်ယင်မှု ရှင်းကြော့သော အပြာက လှ၍လှသော အပြာဖြစ်တော့သည်။

(၄)

လှိုင်လို့
ခက်ဝါလေးတွေမှ ပျံ့လာသောသင်းသဇင်ရနံ့ပဲလား။ ရိုးတံရှည်ဦး

ကလပ်မှ လွင့်လာသည့် ကြိုင်သင်း ခွာညိုနံ့ပေလော။ မိုးသောက်နံနက် ဦးသန့်စင်လေတွင် လှိုင်၍နေလေဟန်၊ တကယ်တော့ ဆောင်းဝင်ရက်ဦး စပဲ ရှိသေးသည်။

မြောက်မှ ပြန်၍ဝေ့လာသော တိုက်ခတ်လေသည် ကျောကိုစိမ့်၍ သွားစေသည်။ ဆွတ်ဖြူသော ပွင့်နှင်းဖြူများ တွယ်ကပ်ပါလေပြီလား။ မိုးကုန်ဆောင်းကူးအေးမြခြင်းပါ။ အမျိုးသမီးတစ်ဦးသည် ချစ်သူသက်ထား အတွက် ဇာထိုးအပ်ကို ကိုင်လေပြီ။

ဆောင်းမိခင်၏ အေးမြဒဏ်ခတ်ခြင်းကို သဘာဝအနွေးဖြင့်သာ ကာကွယ်လိုကြသည်။ နောက်ကျပြီးထွက်လာသော နေကို အလိုမပြည့်သူ တို့က ကျိန်ဆဲကြသည်။

နေပူစာလှုံသည်က သဘာဝကျပြီး ကောင်းသောအလုပ်တစ်ခု ဖြစ်လေသည်။ ထွက်ပြူစနေ၏ ရောင်ခြည်အောက်ဝယ် အနွေးဓာတ်ကို ခံယူရင်း လူရွယ်တစ်ယောက်နှင့် လူကြီးတစ်ယောက်သည် ကူမင်တန် ကျူးကျော်စော်ကားမှုနှင့် တစ်မျိုးသားလုံး သွေးစည်းညီညွတ် တိုက်ထုတ် ရေးကို ပြောနေကြသည်။ အပျိုဘော် ဝင်စ အမျိုးသမီးလေးတစ်ဦးကတော့ သူမ ညကကြည့်ခဲ့ရသော ရုပ်ရှင်ထဲမှ မင်းသမီးလေးဟန်နှင့် တူနိုင်သမျှ တူအောင် တုယူကာ သီချင်းသီကျူးရင်း သစ်ပင်တစ်ပင်ကို မှီရပ်နေလေ သည်။ ချစ်ရေးဆိုမည့်သူကို မျှော်ကိုးနေပါသလား၊ ကလေးတစ်စုကတော့ ဖန်ပေသီးလေးများကို စီတန်းကာ ခေါင်ဇယ်ပစ်လျက်ရှိလေသည်။ သူတို့ အား ပြည်တော်သာ အခမဲ့ပညာရေးက ဘယ်ထောင့်ကမျှ ထိုးဖောက် ဝင်လာနိုင်ခြင်း ရှိဟန်မတူ။

အများကတော့ မောင်လှမြင့်ကို ကလေးဆန်သည်ဟု ပြောကြ သည်။ ထိုစွဲချက်ကို သူကပြန်လည်ဖြေရှင်းခြင်း မရှိ၊ စွဲစွဲမြဲမြဲ ပြောလေ့ရှိ သည်ကတော့ . . .

'ကျွန်တော် ကလေးတွေကို သိပ်ချစ်တယ်ဗျာ. . . ပြီးတော့ သူတို့ တွေနဲ့ အတူနေရရင် သိပ်ပျော်တယ် . . .'

**ရန်အောင်စာပေ (၂)**

ဟုတ်သည်၊ မောင်လှမြင့်က များသောအားဖြင့် သူ့အချိန်ကို ကလေးတွေနှင့်သာ ဖြုန်းသည်။ သူ၏ကိုးကွယ်ရာ အရှင်သခင်မနှင့် အတူ မရှိလျှင် ကလေးတွေနှင့် အတူရှိမည်က ပုရောဟိတ်များအား ဆန်တစ်ဆုပ်ဖြင့် မေးမြန်းနေစရာ မလိုပေ။ သူက ကလေးတွေနှင့် ဆော့ကစားနေရသည်ကိုပင် ဝင့်ကြွားလိုဟန်ရှိသည်။ တကယ်တော့ သူသည် အသက် ၁၈-နှစ်မျှသာရှိသေးသည်။ ၁၈-နှစ်ဆိုသည်က ဥပဒေအရဆိုလျှင် မဲပေးနိုင်ခွင့်ကို အနိုင်နိုင် ရယူနေချိန် မဟုတ်ပါလား။

ထိုနေ့မနက်က မောင်လှမြင့်သည် ကလေးများနှင့် ရောနှောကာ ပေသီးများနှင့် ဆော့ကစားနေ၍သာ လှသောအပြာ၏ မြတ်နိုးဖွယ်ရာသော အပြုံးကို ခံစားရခြင်းဖြစ်ပေသည်။

အပြာ၏ ဆင်ယင်ဖြီးလိမ်းမှုက ခါတိုင်းနေ့များကဲ့သို့ပင်ဖြစ်သည်။ အပြာနုရောင် အင်္ကျီလက်တိုကလေးကို ဝတ်ထားသည်။ နွေရာသီကောင်းကင်ရောင်ဟု အဆိုရှိသည့် ငြိမ်းချမ်းရေးအပြာ ဖြစ်ပါသည်။ ထမီပြာကိုလည်း ခလေ့တစ်ရပ်အနေဖြင့် ဝတ်ဆင်လာပါသည်။ ပြာသော အပြာပါ။

ပန်းပွင့်ပန်းခက်ကလေးများလည်း ယှက်နွယ်လျက် မရှိပါ။ ဆန်းကျယ်သော အဆင်အကွက်ကလေးများလည်း မရှိပါ။ တစ်ပါးသော အရောင်များလည်း ရောဝင်လျက်မရှိပါ။ သန့်စင်သော အပြာသက်သက် ဖြစ်ပါ၏။ သူမက ပြောင်အပြာ ထမီကိုပဲ ကြိုက်နှစ်သက်ပါသည်။ ပိန်း၍ နေသော အပြာဟုပင် ဆိုရမည်ပင်။

အင်္ကျီက အပြာနုဖြစ်ပေမဲ့ ထမီရောင်ကတော့ ရင့်ပါသည်။ ချောမွတ်ခြင်းထက် ရဲရင့်ဝင့်ကြွားသော အပြာဟု ဆိုရပေမည်။ ကဗျာမဆန်ဘဲ ရိုင်းချင်ရိုင်းပါစေ။ ကြမ်းတမ်းစင်ကြယ်သော အပြာဟု ခေါ်ဆိုရပေမည်။ အကြမ်းဖျင်းအားဖြင့်တော့ ဒေါင်းအပြာဟု ခေါ်ဆိုနိုင်ပါ၏။

အပြာကိုမြတ်နိုးသော အပြာသည် မြတ်နိုးစရာပေ။

မောင်လှမြင့်က သူ့လက်ထဲမှ လွင့်စင်၍ထွက်သွားသော ဖန်ပေသီး ပြာပြာလေးကို လိုက်ကောက်ရန် ပြေးသွားရာမှ တုံ့ခနဲ ရပ်တန့်လိုက်ရ

သည်။ အံ့ဩတုန်လှုပ်ခြင်းဖြင့် ငေးမောနေမိသည်။ တိုက်ဆိုင် ကြုံကြိုက်ခြင်းမှ အံ့ဩငေးမောဖွယ်ရာကို မွေးဖွားလေသည်။

သူ့လက်ထဲမှ လွင့်စင်သွားသော ဖန်ပေသီးပြာပြာလေးသည် မြေကြီးပေါ်ဝယ် လိမ့်ပြေးကာ သနပ်ခါးရေကြဲ လိမ်းလူးထားသော ခြေထောက်တစ်ခုကို တိုက်မိမှ တန့်ရပ်သွားသည်။

အပြာက ရိုင်းစိုင်းစွာ ဆက်၍ လျှောက်မသွား၊ မာနကြီးစွာ မျက်စောင်းထိုးမသွား၊ ငုံ့ကာ ဖန်ပေသီးပြာပြာကို ကောက်လေသည်။ ပြီးတော့ ချစ်စဖွယ်ရာသော အပြုံးလေးကိုပြကာ သူမ၏ခရီးကို ဆက်လျှောက်သွားပါသည်။

မောင်လှမြင့်က လက်ဖဝါးဖြန့်ကာ ဖန်ပေသီးကို ယူထားလိုက်မိသော်လည်း မည်သို့မျှ တုံ့ပြန်ပြောလိုက်နိုင်ခြင်း မရှိ။ ချစ်ဖွယ်ရာသော အပြုံးဝယ်သာ မလှုပ်မယှက် ချုပ်နှောင်မိခြင်း ခံနေရစ်ရရှာသည်။ အပြာကို မမြင်နိုင်တော့မှဘဲ ပြန်လည်သတိရရှိလာသည်။

တုပြိုင်နှိုင်းရာကင်းသော ပြာမေလှရယ်။

(၅)

အပြာကို တုပြိုင်နှိုင်းရာကင်းသော အလှပါရယ်လို့ ရှည်လျားစွာ ဖွဲ့သီကျူးလာ၍ လွန်လွန်းသည်ဟုများ ပြောကြလေမလားမသိ။

တကယ်တော့ အလှဆိုသည်က တန်ဖိုးဖြတ်အပ်သည့် အရာမဟုတ်၊ တစ်ယောက်၏အလှနှင့် တစ်ယောက်၏အလှကို နှိုင်းယှဉ်အပ်သည်မဟုတ်၊ ပြိုင်ဆိုင်စေကာ ဆောင်မပေးသင့်ရာတည်း။

အပြာက လှသည်။ တစ်အားလှသော အမျိုးသမီးများလည်း ရှိချင်ရှိပေမည်။ သို့သော် ပြဒါးတစ်လမ်း သံတစ်လမ်း အလှများဖြစ်ကြသည်။ အပြာက အပြာလိုလှ၍ တစ်ပါးအမျိုးသမီးက သူမဘာသာ သူမသီးခြားလှပေမည်။ မျဉ်းပြိုင် ယှဉ်တန်းလှနေသည် မဟုတ်ပါဘဲလျက် တန်ဖိုးဖြတ်သည်ကတော့ သချာသည် လူ့လောကကြီးမှ ပျောက်သွား၍

လျှင်လည်းဖြစ်ရမည်။ လူတွေက မေ့နေကြ၍သာလည်း ဖြစ်ပေမည်။

သို့သော် သချ်ာကို နားလည်ချင်ကြသလို နားလည်နေကြသေး သည်ကတော့ ထင်ရှား၏။ ပေကြိုး၊ ချိန်ခွင်တို့ဖြင့် အလှကိုတိုင်းတွာ ချိန်စက်ကြကာ မယ်ဘွဲ့ပေးသည်က သက်သေခံနေ၏။ နောင်များဆိုလျှင် ဓာတ်ခွဲခန်းများထဲသို့ ခေါ်ယူကာ ကျိုချက်ကြည့်ကာ အလှကို တန်ဖိုးဖြတ် ကြလေဦးမည်လား မသိ။

အပြာ၏အလှသည် တစ်ပါးအလှများနှင့်မတူ တစ်ပါးအမျိုးသမီး တို့ကလည်း အပြာလို မလှကြ။ တစ်ဘာသာစီသာ လှကြ၏။

သချ်ာအတိုင်းအထွာများဖြင့် ရယူထားသော လက်မ အလေးချိန် အနည်းအများကို ကြည့်၍ တန်ဖိုးဖြတ်သည်ဆိုလျှင် တင်နှင့်ရင်တို့တွင်သာ တိကျပေမည်။ အပြုံး၊ အကြည့်၊ လှုပ်ရှားဟန်တို့ကို ဘာနှင့်များ တိုင်းထွာပါ သနည်း။ တိုင်းထွာ၍ကော ရမည်လား။

အလှဆိုသည်က ရုပ်အထည်နှင့် ထိုမှထွက်လာသော သတ္တိထူး များသာဖြစ်ရမည် မဟုတ်ပါလား။ သတ္တိထူးများက မတူခြားနားကာ နှိုင်းယှဉ်ပြိုင်ဆိုင်သင့်သည် မဟုတ်ပါ။

တုပြိုင်ရာကင်းသော အလှဧကရီအပြာ ဖြစ်ချေသည်တကား။

(၆)

အပြာ၏ နှစ်လိုဖွယ်ရာသော အပြုံးကို ခံယူရရှိလိုက်ရ၏။ သို့သော် ကြာမြင့်စွာသော သိမ်းဆည်းထားခြင်းမရှိ၊ သူ့အား သိက္ခမ်းရင်းနှီးမှုကို လက်ခံလို၍ပင် ပြုံးလေသလား၊ ဒါမှမဟုတ်လျှင်လည်း သူ၏ ဆော့ကစား နေမှုကို ပြောင်လှောင်၍ပဲ ပြုံးပါသလား၊ တစ်ခုလည်း ဖြစ်နိုင်ပါသေးသည်။ အမျိုးသမီးတစ်ဦး၏ သဘာဝကျသော ရှက်ပြုံး၊ ဘာပဲဖြစ်ဖြစ် အပြာရဲ့ အပြုံးက ချစ်မြတ်နိုးဖွယ်ရာ ကောင်းပါသည်။

သို့ပင်ဖြစ်စေကာ မောင်လှမြင့်က ထိုအပြုံးကို သူ၏နှလုံးသားထဲဝယ် သိုမှီးသိမ်းဆည်းထားခြင်း မရှိ၊ သိမ်းဆည်းထားပါရန်လည်းနေရာမရှိ၊ ခွင့်

မရှိပါ။ သူ၏နှလုံးသားကို ပိုင်ဆိုင်သူရှိလေနှင့်ပြီ မဟုတ်ပါလား၊ စွမ်းပကားကြီးလှသော အပြာ၏အပြုံးသည် သူ၏အသည်းနှလုံးထဲသို့ ထိုးဖောက်ဝင်နိုင်ခြင်းမရှိပါ။

အပြာလှသည်ကို သူက ဝန်ခံပါ၏။ အပြာသည် ချစ်စရာကောင်းပြီး ချစ်ဖွယ်ပြုံးသော အမျိုးသမီးဆိုသည်ကိုလည်း အသိအမှတ်ပြုပါ၏။ သို့သော် သူ့၌ သီးသန့်ကိုးကွယ်ရာသော အမျိုးသမီးသည် ရှိပြီးလေပြီ။

သို့ဖြစ်၍ သူက အပြာနှင့် သိကျွမ်းဖို့ရာကို အပြင်းအထန်မကြိုးစားခဲ့၊ လှသော အမျိုးသမီးများနှင့် သိကျွမ်းလိုစိတ် ဘယ်သူမဆိုရှိသည်ကိုတော့ ရိုးသားစွာပင် ဝန်ခံနေရပေမည်။ သိလိုပြီး သိနိုင်ရန်အခွင့်ရလျှင် ငြင်းပယ်လိမ့်မည် မဟုတ်လင့်ကစား သိအောင်တော့ ကြိုးစားခြင်းမရှိပါ။

အပြာကို နေ့စဉ်သူမြင်နေသည်က ကြာပါပြီ။ သူဒီအိမ် စရောက်ပြီး နောက်တစ်နေ့မှာပဲ စလေသည်။ သူဒီရပ်ကွက်နှင့် ဒီအိမ်သို့ ရောက်သည်ကလည်း တစ်နှစ်ပင်ကျော်ပြီးခဲ့လေပြီ။ တစ်ဦးနှင့်တစ်ဦး ခင်မင်မသိကျွမ်းသေးသော်လည်း မျက်မှန်းတော့ တန်းမိနေကြပေပြီ။

အပြာက မနက်ပိုင်းစောစောတွင် သူ့အိမ်ရှေ့မှဖြတ်၍ ဈေးချိုဘက်သွားကာ ဆည်းဆာညရီတွင် ဖြတ်ပြန်လေ့ရှိပါသည်။ အပြန်သည် ဈေးချိုတွင် တစ်ခုခု ရောင်းချသူဟုတော့ သူကခန့်မှန်းနိုင်ပါသည်။ ဒါထက်ပို၍တော့ မသိရှိပါ။ နံနက်ပိုင်း အပြာ သွားရာနောက်သို့ ခွေးတစ်ကောင်လိုတကောက်ကောက်လိုက်ကာ ဘယ်နေရာတွင် ဘာဆိုင်ထွက်သည်ကိုလည်း မလေ့လာပါ။ ညနေအပြန်တွင်လည်း သူမ၏နေရပ်နှင့် အိမ်ကိုလည်း လိုက်၍ မစူးစမ်းပါ။

'ကိုယ်တို့ အပြာရဲ့အိမ်ကို လိုက်ကြည့်ရအောင်. . . '

'အဓိပ္ပာယ်မရှိတာ မလုပ်ချင်စမ်းပါနဲ့ . . . '

မောင်လှမြင့်၏ စကားကြောင့် ကိုသာနိုးမှာ အောင့်သက်သက်နှင့်

ခံလိုက်ရသည်။ သို့သော် အိမ်ကိုလိုက်မကြည့်ဖြစ်သော်လည်း အပြာ၏ဆိုင်ကိုတော့ ကြည့်လိုက်ရပါသည်။ တစ်နေ့ သူတို့ဈေးချိုအသွား အပြာနှင့်တွေ့၍ ကိုသာနိုးတို့က အတင်းဆွဲခေါ်၍ မတတ်သာသဖြင့် မောင်လှမြင့်က လိုက်ကြည့်ရ၏။

အပြာက အထည်သည်လေး ဖြစ်လေသည်။ သူမ၏ဆိုင်က အက်ဖ်ရုံခေါ် လှော်ဈေးတန်းထဲတွင် ရှိလေသည်။ အပြာက သူ့ကိုမြင်သောအခါ မသိမသာ ပြုံးလိုက်သည်။ ဒုတိယအကြိမ် အပြာ၏အပြုံးကို ခံယူရရှိခြင်းပါ။

တတိယအကြိမ်အဖြစ် အပြာ၏အပြုံးကို ခံစားရသောအခါဝယ်မူ သူက သူမအား ကောင်းစွာ သိကျွမ်းခဲ့ရသည်။

## နန်းရင်ပြင်ဦး

(၁)

နေ့ကာလဆိုသည်က လှုပ်ရှားသွား ရွေ့နေခြင်းဖြစ်ပြီး ညအခါက ငြိမ်သက် နားနေခြင်းဖြစ်သည်မှာ နေတည်စကတည်းက သဘာဝသတ်မှတ်ချက် အစဉ်အလာဖြစ်၏။ အသက်ရှင်နေနိုင်ရေးအတွက် နေ့ခင်းတွင် ပြေးလွှားရှုန်းကန်နေရပြီး ရုန်းကန်ပြေးလွှားနေနိုင်ရေးအတွက် ညချမ်းတွင် ရပ်နားအိပ်စက်ရမည်။ ဤသည်တို့မှာ သက်ရှိသတ္တဝါတို့ အနည်းဆုံး နားလည်ထားအပ်သော ပညာရပ်ဖြစ်လေသည်။

ညဝယ် အစာရှာမှီးသော ဇီးကွက်၊ ငှက်ဆိုး စသည်တို့မှအပ တိရစ္ဆာန်များသည်ပင် ညဝယ် အိပ်စက်ကြလေသည်။ သို့သော် သက်ရှိအရာတို့တွင် အဖိုးထိုက်တန်ဆုံးဖြစ်သော လူတို့ကတော့ ညဉ့်ပင်လည်း ရွေ့ရှားနေကြ၏။

နှင်းငွေမှုံတို့က လွင့်၍ကျလာသည်။ ကျဉ်၍ကျဉ်၍ အေးစက်လာသည်။ ဒီလို ဆောင်းလယ်ရက် ညဝယ် မိုးကာ၍ထားသော အဆောက်

အအုံများ၌သာ နေသင့်သည်။ ထူနိုင်သမျှထူထဲသော စောင်များကိုခြုံ၍ ကွေးနေရပေမည်။ ဒီလိုမှ မဟုတ်လျှင်လည်း ရှားသောမီးသွေးဖြင့် ရဲနေသောမီးဖိုနားတွင် အနွေးငွေ့လှုံနေသင့်ပါသည်။ ကြောင်များ၊ ခွေးများသည်ပင် ပြာပုံထက်၌ ဝပ်နေကြသည် မဟုတ်ပါလား။ ပြီးတော့ မီးလှုံရင်း ထန်းပင်မြစ် ဖုတ်စားနေနိုင်ပါသေးသည်။ သို့သော် လူတွေက လွင်တီးခေါင်ထဲဝယ် ထိုင်နေကြသည်။

ညတစ်လျှောက်လုံး လူတွေက နှင်းတွင် အလဟဿ အချိန်ဖြုန်းနေကြသည်။ ဦးနှောက်ကြည်လင်မှုဟု အကြောင်းပြကောင်း ပြကြပေမည်။ သို့သော် ဦးနှောက်ရှင်ပြပြီး ကျန်းမာမှုရသည်ထက် အအေးမိပြီး ဖျား၊ နှာစေး၊ ခေါင်းကိုက်၊ အစာမကြေဝမ်းရောင်ပြီး မြေကြီးထဲရောက်ရဖို့က ပိုပြီး နီးစပ်နေသည်။

သို့သော် ဤလိုဆောင်းတွင်းဝယ်မှ ပွဲတွေကထပ်နေသည်။ လူတွေက ညပ်နေသည်။ ဘုရားပွဲတွေက ညစဉ် ရက်ဆက်လိုရှိနေသည်။ ဆောင်းရက်ကုန်ထိ ပွဲက ပြတ်သည်မရှိ။ ပွဲတိုင်း လူတွေက ကြပ်နေသည်။

ဤလို ပွဲသဘင်ကြုံကြိုက်မှပင် မန္တလေးမြို့၌ အမျိုးသမီးတွေ ပေါများလှကြောင်း သိရတော့၏။ ရွှေမန်းသူများလည်း ဖြိုးလိမ်းကာ အလျှိုလျှိုထွက်လာကြ၏။ တိုးဝှေ့ရန်လာသော လူရွယ်များကလည်း အမျိုးသမီးဦးရေထက် မနည်းပါပေ။ ထိုအထဲ ဝါဝါဝင်းဝင်းများကိုလည်း တွေ့မြင်နိုင်သည်။

ပွဲလမ်းရှိသည်ဆိုလျှင် အရပ်ခံလူများက တစ်ရပ်သားများကို ညှော်ခံကျွေးမွေးရသေး၏။ ကလေးများကတော့ စမူဆာနှင့် ဘီစကစ်ထက် ချားကိုသာ တပ်မက်ကြလေသည်။ ချားစီးရသည်က ရင်ထဲ၌ တလှပ်လှပ်နှင့် တစ်မျိုးဝေဒနာပင်။

ရွှေမန်းမြို့၏ ဟောမန္တပွဲသဘင်တော်ပါ။

ဤသို့ ရာဇဝင်ဖြင့်ချီ၍ ပွဲတွေလမ်းတွေသည် မန္တလေးမြို့ဝယ် ကျုံးထဲ၌ ဗေဒါပင်ပေါသလို ပေါနေသည့် အထဲမှာပင် နောက်တိုးပွဲသဘင်

တစ်ခုက ချမ်းချမ်းစီးစီးနှင့် ပေါ်လာပါသေးသည်။
လွတ်သဘင်ပေါ့လေ . . .။

(၂)

လွတ်သဘင်၊ ဒါမှမဟုတ် လွတ်လပ်ရေး အောင်ပွဲဖြစ်၏။

မန္တလေးမြို့သည်လည်း အခြားမြို့များကဲ့သို့ လွတ်လပ်ရေး အောင်ပွဲကို ကျင်းပဆင်ယင်လေသည်။ ပဒေသရာဇ်တို့၏ နောက်ဆုံး စံနန်းတော်အနီးတွင် ကျင်းပချိမ့်ချိမ့်သဲလျက် ရှိလေသည်။

သက်ဦးဆံပိုင်ခေတ်ဆိုလျှင် ခွာညိုပွင့်သင်းစည်သည့် ပြာသိုလဝယ် မြင်းခင်းစက်ထိုးပွဲရှိ၏။ ယခုခေတ်အခါ၌တော့ လွတ်လပ်ရေးအောင်ပွဲ သဘင်ကြီးကို အကြောင်းပြုကာ အထူးမြင်းပွဲရှိလေသည်။ အဓိပတိ ပုဂ္ဂိုလ်ကြီးများ ချီးမြှင့်ရှုစားကြွရောက်သဖြင့် သိုက်မြိုက်စည်ကားလှသည်။

နည်းပရိယာယ်ကြွယ်ဝနိုင်မှ နိုင်ငံရေးပွဲသဘင်များ စည်ကားလေ သည်။ တောင်သူလယ်သမားများ တိုးတက်ကောင်းစားရေးအတွက် စုရုံး တည်ထောင်ထားသည်ဆိုသော အသင်းအစည်းအဝေးများ စည်ကားစေ ရန် နွားပွဲ၊ လှည်းပွဲများ ပြုလုပ်ပေးရ၏။ အကျိုးသက်ရောက်မှုကတော့ တောင်သူလယ်သမားများ မြေပြုတ်၊ လှည်းပြုတ်၊ ကြွေးတင်ခြင်း ဖြစ်လေ သည်။

ဤလွတ်လပ်ရေးပွဲသဘင်၌လည်း အထက်ပါ နည်းပရိယာယ် များကို အပြည့်အစုံ သုံးထားလေသည်။ ဒါကြောင့်လည်းပဲ ငါးရက်လုံးလုံး နှင်းအုံစိုစွတ်ခံနေကြခြင်း ဖြစ်သည်။

လွတ်သဘင် မဆင်ယင်မီ သုံးလေးရက်ကာလပတ်လုံး အပေါင်ဆိုင် များတွင် ကြိတ်ကြိတ်တိုးလျက် ရှိလေသည်။ နဖူးတွင် ဆေးနီတို့ထားသော ချစ်တီးများသည် အတိုးကို တွက်ချက်လျက်ရှိလေသည်။

လွတ်သဘင်ပြီးသည့်နောက် တစ်ပတ်ကျော်မျှ ကြာသည့်တိုင် အောင်ပင် ဆန်အိုးထဲ၌ ဆန်တစ်စေ့မျှ ရှာဖွေမတွေ့သဖြင့် ကြွက်များက

ကျိန်ဆဲနေကြသည်။ လင်မယားရန်ဖြစ်သံ၊ ကလေး၏ဆာလောင်သံ၊ ငိုရှိုက်သံ၊ လူမမာ၏ညည်းတွားသော အသံတို့ဖြင့် ပြည့်လျှံနေသည်။ ပုံနှိပ်တိုက်များဝယ် စာစီသမားများက အသုဘဖိတ်စာကို စီလျက်ရှိကြလေသည်။

ငွေနှင်းမှုံလွှာလေးတွေက လွင့်စဉ်ကျလာနေသည်။ လမ်းပေါ်ဝယ် လူတွေက တိုး၍ဝှေ့၍ ပွဲသဘင်ရှိရာသို့ သွားနေကြသည်။ နေအိမ်များက ခြောက်ကပ် တိတ်ဆိတ်နေကာ သူခိုးများက အချိန်ကောင်းကို စောင့်ဆိုင်းနေကြသည်။

ယဉ်များက ဟိုမှကွေ့လာ၍ ဒီမှကွေ့သွားကြသည်။ လမ်းအဖြတ်များတွင် တော့ခနဲဆိုင်မိကြ၍ ဘရိတ်ကို ကျွိခနဲနေအောင် အုပ်လိုက်ကြရသည်။ မထိန်းနိုင်သောအခါများဝယ်မူ တိုက်မိကြသည်သာ ဖြစ်တော့သည်။ ခေါင်းစည်းဖြူနှင့် ဆရာမလေးများကတော့ ပြုစုကုသကြရုံပဲရှိသည်။

ဤသို့ တစ်မြို့လုံး ကိုယ်ဝန်ဆောင်နှင့် မမွေးဖွားရသေးသော ကလေးပါမကျန် ရောမ လွတ်သဘင်ကြီးကို ပါဝင်ဆင်နွှဲနေချိန်တွင် စာရေးဆရာကလေးတစ်ယောက်ကတော့ အိမ်မှာပဲထိုင်၍ ငိုင်နေလေသည်။

(၃)

မောင်လှမြင့်တစ်ယောက်ကတော့ အိမ်မှာပဲ ထိုင်နေသည်။ နေဝင်သည်ဆိုခြင်းက နေထွက်ခြင်း၏အစပဲ ဖြစ်သည်။ ကြားကာလတော့ ရှိပါ၏။ နေဝင်ခဲ့ပြီး ပြန်မထွက်ခင်ကြားကာလဝယ် ပြာသောကောင်းကင်၌ ချစ်ခြင်းကိုခံရသော ပွင့်ငွေကြယ်လေးများက ရှိလေသည်။ ငွေကြယ်လေးများသည် ဟိုနားတစ်ပွင့်၊ သည်နားတစ်ပွင့် ပြန့်နှံ့နေပြီး တချို့သောနေရာ၌မူ ပွတ်၍စုနေကြလေသည်။ မိခင်ငွေလ မြန်မြန်လာပါတော့ဟု အရေးဆိုနေကြပါသလား။ စုစုပွတ်ပွတ်ရှိနေကြသည့် ငွေကြယ်လေးတွေရယ်။ မဖြေချင်လည်းနေကြပေါ့။

တိတ်ဆိတ်နေသည်ဆိုတော့ တစ်ရံတစ်ခါက ညည်းစီနေ၍

ဖြစ်ပေမည်။ ညကငြိမ်သက်နေကြသည်။ မြောက်အရပ်က ခရီးလှည့်လည်လာသော အေးမြလေက သစ်ရွက်လေးတွေကို နှုတ်ဆက်နေ၍သာ ည၏ အသက်ရှူသံ ရှိနေခြင်းဖြစ်ပေသည်။

ဤလို တိတ်ဆိတ်၍ ငြိမ်နေသော ညရဲ့တစ်နေရာရှိ လူဂကတော့ ထိုင်၍သာပဲ နေပါသည်။ စိတ်၏ငြိမ်သက်မှုသာ မပြောတတ်။ ကိုယ်ကတော့ မလှုပ်ရှားသလောက်ပင်။

တော်တော်စောစောကလေးက ဆိုရင်တော့ သူ့ပတ်ဝန်းကျင်သည် ညံစီလျက်ရှိနေလေသည်။ တစ်ရပ်ကွက်လုံး လှုပ်ရှားနေလေသည်။ အော်သံခေါ်သံများသည် နောက်ဆုံးနေရောင်ခြည်ပျောက်ကွယ်သွားမှပင် တိတ်ဆိတ်သော ညအစ၏ တစ်နေရာဖြစ်၏။

ဘယ်နားလောက်က စသည်တော့မသိ၊ အမြင့်မှကျလာခြင်းတော့ သေချာ၏။ ကြည့်၍လည်း မမြင်ရ၊ သစ်ရွက်စိမ်းပေါ်ကျမှ သိရသည်။ ဩော် . . . နှင်းဖြူပါလား။

နှင်းလေးတွေမှုံပြီး ညကအေးနေသည်။ လေက ဖြည်းဖြည်းလေးတိုက်နေသည်။ နှင်းကျ၍ လေအေးသည်ဟု နွားကျောင်းသားလေးက ပြောပြီး လေအေး၍ နှင်းကျသည်ဟု လောကဓာတ်ကျောင်းသားလေးက ပြောသည်။ ညကတော့ အေး၍ နေပါသည်။

အေးသည်ကို သူက သတိမထားဟန် ရှိသည်။ အပေါ်အင်္ကျီမဝတ်၊ လက်တိုအင်္ကျီလေးဖြင့် အိမ်ရှေ့မန်ကျည်းပင်အောက် မြက်ခင်းပေါ်တွင် ထိုင်နေသည်။

'အေးတယ် မောင်လှမြင့်၊ တော်ကြာ နှာစီးနေလိမ့်မယ် . . .။ နှင်းကကျပါဘိနဲ့ . . .'

'ဟုတ်ကဲ့ . . . ဒေါ်ဒေါ်'

သို့သော် သူကထိုင်မြဲပဲရှိနေသည်။ အလိုက်သင့်သာ ဟုတ်ကဲ့လိုက်ခြင်း ဖြစ်သည်။

'ခက်ပါတယ် . . . ဒီကလေးကလည်း၊ သူများတွေ ပွဲသွားနေတဲ့

အခါ သူက တစ်ယောက်တည်းထိုင်နေ'

သူ့ဒေါ်ဒေါ်က ကရုဏာဒေါသောနှင့် ရေရွတ်လိုက်သည်။ သူမတို့အမြင်ဝယ်တော့ သူက လူတစ်မျိုးဖြစ်နေသည်။ ထူးပြီးဆန်းနေသည်။

မောင်းလှမြင့်က ငယ်ငယ်ကတည်းက ငြိမ်းချမ်းငြိမ်သက်ခြင်းကို နှစ်သက်သည်။ အေးအေးသက်သာ အိမ်မှာနေခြင်းကို မြတ်နိုးသည်။ ငယ်ငယ်တုန်းက စာကိုဖတ်၍သာ နေလေ့များပြီး အခုမူ စာကိုရေး၍သာ နေလေ့များသည်။ ဗီဇစဉ်လာ ဖြစ်၏။

သူငယ်ချင်းများ ခေါ်မှသာ ပါသွားတတ်သည်။ အလည်အပတ် ထွက်ခဲလှသည်။ ရုပ်ရှင်လောက်ပဲကြည့်ပြီး ဇာတ်အငြိမ့် မကြည့်လှ။

'ဒေါ်ဒေါ် ကျွန်တော်ကိစ္စရှိလို့ အပြင်ခဏသွားဦးမယ် . . .'

'ဘာကိစ္စများလဲကွဲ့ သွားလေ . . .'

'အငြိမ့်တစ်ခု သွားကြည့်မလို့ . . .'

အငြိမ့်တစ်ခုသွားကြည့်သည်ကို အလုပ်ကိစ္စဟုဆိုခြင်းက ရယ်မောကြစေရန် ပြောခြင်းမဟုတ်ရှာပါ။ သူ့အဖို့ တကယ်ပင် အငြိမ့်ကြည့်သည်က အလုပ်တစ်ခု။ မလုပ်မဖြစ်၍ လုပ်ရခြင်းမျိုးပါ။ စာရေးဆရာတစ်ယောက်ဖြစ်၍ အနုပညာသည်ချင်းဖြစ်သော သဘင်သည်များနှင့် သိကျွမ်းရလေသည်။ ဆွေးနွေးဝေဖန်ကြလေသည်။ သူက ဝေဖန်အကြံပေးဆွေးနွေးနိုင်ရန်အတွက် အငြိမ့်များ၊ ဇာတ်များကို အလုပ်တစ်ခုအဖြစ်နှင့် ကြည့်ရှုရရှာလေသည်။

လွတ်လပ်ရေးအောင်ပွဲ ကျင်းပနေသည်ကို သူက မေ့လျော့နေဟန်ရှိသည်။ ကနေ့ဆိုလျှင် ဇန်နဝါရီလ ၆-ရက်နေ့ဖြစ်၍ အစည်ဆုံးညဖြစ်လေသည်။ နက်ဖြန်ခါဆိုလျှင် ဆုပေးပွဲတွေလောက်သာရှိတော့သည်။ ယမန်နေ့တွေက မသွားခဲ့သည့်တိုင်အောင် ကနေ့ည တစ်ညတော့ အညောင်းပြေဖြစ်ဖြစ် လျှောက်သွားသင့်ပါသည်လေ။

ဆင်းခဲ့ပါလား ငွေကြယ်။

ကြယ်ကလေးတွေပင်ဆင်း၍ သူ့ဆီ အလည်လာမည် ထင်နေပါ

သလား မပြောတတ်၊ မောင်လှမြင့်က မိုးပြာကောင်းကင်ကို ငေးမောကြည့်နေလေသည်။ တစ်ခါတစ်ခါ သက်ပြင်းချနေ၍သာ ကျောက်ရုပ်မဟုတ်မှန်း သိရသည်။

'ဟော့ ဖိုးလှမြင့် . . .'

သူကလန့်၍ မော့ကြည့်လိုက်သည်။ စက်ဘီးကိုယ်စီနှင့် ကိုခင်မောင်တို့အား တွေ့ရလေသည်။

'မိုးပြာမယ်ဆိုလို့ ထိုင်ကြည့်နေတာလား . . .'

ပုကွကွ အရုပ်ဆိုးဆိုး ကိုဝင်းမောင်က မေးလိုက်သည်။ မောင်လှမြင့် ကတော့ မပွင့်တပွင့် ပြုံးပြီး အိမ်ထဲဝင်ရန် ပြောလိုက်လေသည်။

'တော်ပြီ မထိုင်တော့ဘူး လိုက်ခဲ့ပေတော့'

ကိုတင်ဝင်းက အာဏာပါးကွက်သားသံနှင့် ပြောလိုက်သည်။

'ဘယ်သွားကြမှာလဲ'

သူက သိလျက်သားနဲ့ မေးလိုက်လေသည်။

'ဘယ်ဖြစ်ဖြစ် ဂျီးများမနေနဲ့ . . .'

ကိုသာနိုးနှင့် ကိုခင်မောင်က ဇာတ်တိုက်ထားသလို ထပ်တူစကား ပြောလိုက်သည်။

'ခေါ်သွားကြစမ်းပါကွယ် မင်းတို့သူငယ်ချင်း ကိုအိမ်မြဲကို . . .'

ဒေါ်ဒေါ်က ဝင်ပြောလိုက်သည်။

'စိတ်ချ ဒေါ်ဒေါ်၊ ကျွန်တော်တို့နဲ့ ပေါင်းရင် ဘယ်သူမဆို ပျက်တာပဲ'

မောင်လှမြင့်ကတော့ တော်တော် အကြံကြပ်နေဟန် ရှိသည်။ မည်ကဲ့သို့ အခက်အခဲက ထွက်ရမည်ကို သူက စဉ်းစားနေသလို မျက်မှောင်ကျုံ့ထားသည်။

'ကုတ်အင်္ကျီဝတ် စက်ဘီးယူခဲ့ အချိန်မရှိဘူး . . .'

ကိုတင်ဝင်းက ပြောလိုက်သည်။

'ဆောရီး ကိုယ်မလိုက်ပါရစေနဲ့၊ ခေါင်းကိုက်နေလို့ပါ . . .'

**ရန်အောင်စာပေ (၂)**

'အို . . . လိုက်သာလိုက်ခဲ့ ခေါင်းကိုက်လို့ သေသွားရင် ကျုံးထဲ ပစ်ထားလိုက်ရုံဘဲ . . .'

ကိုဝင်းမောင်က နောက်လိုက်သည်၊ ဘယ်သူမှတော့မရယ်။

'ကဲမောင်ရင် ခေါင်းကိုရိုက်ချပြီး မေ့သွားမှ ထမ်းခေါ်သွားရမှာလား'

နောက်ဆုံး ကိုသာနိုးက လူမိုက်ပီပီ ကြိမ်းလိုက်သည်။

မောင်လှမြင့်က အကြောင်းအမျိုးမျိုးပြကာ ငြင်းဆန်လျက် ရှိသည်။

'မောင်ရင်တို့ ကိုယ့်အကြောင်း သိလျက်သားနဲ့ကွာ၊ ကပ်မသတ်ကြစမ်းပါနဲ့ . . .'

သူက သနားလည်းခံကြည့်သည်။

'အို. . . လိုက်သာလိုက်ခဲ့ ဟိုရောက်လျှင် တစ်စုံတစ်ယောက်ကို တွေ့ရလိမ့်မယ်'

သူတို့ပြောသည့် တစ်စုံတစ်ယောက်ဆိုသည်ကို မောင်လှမြင့်က နားလည်ပါသည်။ သို့သော် ထိုတစ်စုံတစ်ယောက်ကို မတွေ့ရှိခဲ့ရပါ။ သူက လည်း မတွေ့ချင်လှပါ။ မမျှော်လင့်သော တစ်စုံတစ်ယောက်ကိုတော့ ကံအားလျော်စွာ တိုက်ဆိုင်၍ပဲလား တွေ့ခဲ့ရပါသည်။ ထိုသို့ တွေ့ရခြင်းက သူ့အတွက် ကဏ္ဍတစ်ခုတိုးလာခြင်းပင် . . .

မောင်လှမြင့်က ဘယ်လိုမှငြင်းဆန်မရသည့် အဆုံးဝယ်တော့ ကုတ်အင်္ကျီကို ထပ်ဝတ်လိုက်ရလေသည်။ ဇရာမ လွတ်လပ်ရေးပွဲသဘင်ကြီးကိုသွားရန် စက်ဘီးကို စီးလိုက်ရလေသည်။

တစ်စုံတစ်ယောက်နှင့်တွေ့၍ ကဏ္ဍသစ်ဖွင့်ရန်ဆိုကလည်း မမှားနိုင်တော့ . . .

(၄)

ကျုံးရေက လဲ့လဲ့စိမ်းနေသည်။ အစိမ်းထဲဝယ် အပွင့်ဝါလေးတွေကို

တွေ့ရ၏။ ကုန်းထက် မီးပွင့်အရိပ်ပါ စိမ်းသောရေပေါ်ဝယ် တံတားဖြူလေး တစ်ခုရှိလေသည်။ လူတွေက အလုအယက် တံတားပေါ်ဝယ် လျှောက်နေကြလေသည်။ ယှဉ်၍နေသော မီးရထားတံတားပေါ်၌လည်း ဤသို့ပင်။

ကျုံးရေ၏ဟိုမှာဘက် မြို့ရိုးနီ၏ ဒီမှာဘက်ကြား မြေပေါ်ဝယ် လွတ်သဘင်ကို ကျင်းပခြင်းဖြစ်လေသည်။ တံတားဖြူပေါ်မှ ကျုံးမြေကို ဖြတ်ကူးကာ မီးရထားတံတားသည် အပြန်လမ်းဖြစ်လေသည်။ တံတားနှစ်ခုစလုံးပေါ်မှာပင် ပွဲသဘင်သွားများ ပြွတ်သိပ်နေသည်။ လက်နက်ကိုင် အစောင့်များက တုတ်များဖြင့် ကြပ်မတ်ပေးနေရသည်။

ကျုံးက ခဲတစ်ပစ်ခန့်ကျယ်လေသည်။ ငှက်များကို ခါတော်မီ သယ်ယူလာကာ ကျုံးထဲတွင် ချထားသည်။ လူတစ်ယောက် တစ်မူးပေးလျှင် တစ်ဖက်ကမ်းသို့ ပို့ပေးလေသည်။ တောင်ပြုံးနတ်ပွဲနှင့် တော်တော်ပင် တူလာလေပြီ။

မောင်လှမြင့်တို့လူသိုက်သည် စက်ဘီးများကို ဆိုင်တွင်အပ်ထားခဲ့ကြပြီး ငှက်ဖြင့် လွတ်လပ်ရေးအောင်မြေသို့ ကူးခဲ့ကြလေသည်။ စားသောက်ဆိုင်များမှ အပြိုင်အဆိုင် အသံချဲ့စက်ဖြင့် ဖွင့်နေသော သီချင်းသံများနှင့် ညော်ကြော်နံ့များက သူတို့အား ဆီးကြိုလိုက်လေသည်။

မောင်လှမြင့်ကတော့ စိတ်ပျက်စွာနှင့်ပင် သူ့အဖော်များ သွားရာနောက်သို့ အမြီးဆွဲလျက် တကောက်ကောက်နှင့် လိုက်နေရလေသည်။ တစ်နာရီခန့်ကြာသောအခါ သည်းမခံနိုင်လောက်အောင်ပင် စိတ်ပျက်လာတော့သည်။ ဆောင်းတွင်းကြီး၌ပင် ချွေးပြန်လာသည်။ လူနံ့လေးက ငြီးစီစီ**နှင့်** ခေါင်းကိုက်လာလေသည်။ လည်စရာ ကြည့်စရာဆို၍လည်း ဘာမှ ဒါ့လောက်ထူးထူးဆန်းဆန်း ရှိသည်မဟုတ်။

ပြီးကျတော့ မောင်လှမြင့်တစ်ယောက်က ငေးမိငေးရာငေး၍ လျှောက်လာသဖြင့် ခဏခဏ လူတွေနှင့် တိုက်မိလေသည်။ ဘုန်းကြီးနှင့် အမျိုးသမီးများကို တိုက်မိလျှင် ပျာပျာသလဲ တောင်းပန်ရ၏။ ကျေနပ်သည်အထိ အောက်ကျို့ရ၏။ သို့မဟုတ်လျှင် ခေါင်း၌ သွေးစွန်းထင်းပေ

မည်။ ယောက်ျားချင်း တိုက်မိလျှင်တော့ ခပ်တည်တည်နှင့် လူမိုက်ကြိမ်းကြိမ်းပစ်လိုက်ရလေသည်။ သူတို့ကို တောင်းပန်နေလျှင်တော့ ကန်းတက်တတ်လေသည်။ မောင်လှမြင့်ကတော့ စိတ်ပျက်သည်သာ ရှိလေသည်။

အဖော်များအား ပြန်ရန် ပြောကြည့်ပါသေးသည်။ မရ၊ သူတို့တစ်တွေသည် သူတို့အား တုံ့ပြန်အရေးယူကာ ပြုံးဟန်ရှိသော အမျိုးသမီးတစ်စုနောက်သို့ တကောက်ကောက် လိုက်လျက်ရှိလေသည်။ သူ့အားပင်မေ့လျော့နေလားမသိ၊ နောက်ဆုံး ဘယ်လိုမှ ဆက်လက်ပြီး သည်းခံနိုင်စွမ်းမရှိတော့သောအခါ၌ မောင်လှမြင့်သည် သူ့အဖော်များနောက်မှ မသိမသာချန်ရစ်ခဲ့လေတော့သည်။

သူ ထိုကဲ့သို့ ခွဲချန်နေရစ်ခါ ပြန်ပြေးဖို့ ကြံစည်လိုက်ခြင်းကသူ့ဘဝဝယ် စိတ်ဝင်စားစရာကောင်းသော ကဏ္ဍသစ်တစ်ခု ဖွင့်လိုက်ခြင်းပင်။

သူက ထိုည၌ အပြာထံမှ တတိယမြောက် အပြုံးကို ခံယူရရှိပြီး သူမနှင့်လည်း ကောင်းစွာ သိကျွမ်းခင်မင်လိုက်ရလေသည်။

ကဏ္ဍသစ်၏ ကန့်လန့်ကာက ပွင့်လေပြီ။

(၅)

'ဟင် . . . အပြာပါကော . . .

ဝတ်ရိုးစဉ်လာအတိုင်းပဲ သူမက ထမီပြာကို ခြေမျက်စိပေါ်ရုံခပ်ယဉ်ယဉ်လေး ဝတ်ထားသည်။ မောင်လှမြင့်က ငှက်နှင့်ကူး၍ ပြန်ရန်စိတ်ကူးထည့်ကာ ကျုံးကမ်းစပ်သို့လျှောက်ခဲ့ရာ အပြာကို မြင်လိုက်ရသည်။ သို့နှင့် ကမ်းစပ်သစ်ပင်ကို မှောင်ရိပ်ခိုကာမှီရင်း ကြည့်နေမိလေသည်။

ပျူနွယ်ပေလား။ ဂန္ဓာလရာဇ်မှတ်တမ်းရေး ဆရာတို့ကမူ ဟိုရှေးအခါ နှစ်ပေါင်း နှစ်ထောင်ကျော်က သရေခေတ္တရာ ပျူလူမျိုးတို့ အပြာကိုငွဲငွဲမြဲမြဲ ဆင်ယင်ဝတ်စားကြကြောင်း အခိုင်အမာ ဆိုခဲ့လေသည်။ ပျူမျိုး

ပျူနွယ်များလား အပြာရယ်။

အပြာက သူ့ကို မြင်ဟန်မရှိ။ ကျူးရေစပ်နားမှာ ရပ်လျက်ရှိသည်။ ကုတ်အင်္ကျီဝတ်ထားသော်လည်း အပြာနုရောင် အင်္ကျီကို မြင်သာပါသည်။ တစ်ခုတော့ ခြားနားထုံးဖွဲ့ထားသည်။ ကလေးသူငယ်မဆန်သော ဆံကျစ်နှစ်သွယ်ကို ချမထားပါ။ ဖဲစည်းပြာလည်း မတွေ့ရှိရ။

ရွှေရည်ရုပ်တု၊ ပုံသွန်းပြုသို့၊ ပျိုနုလတ်လတ်၊ ဝင်းရှိန်မွတ်မူ၊ သွယ်ဝတ်ဝေဝေ၊ ထုံးနှောင်ခွေနှင့်၊ တင့်နေစလှ၊ ဆည်းရည်ညဝယ် . . .

သက္ကရာဇ် ၈၀၀ ကျော်က ကဗျာတစ်ပုဒ်သည် အပြာ့အတွက်များလား။

အပြာက ခုမှ ပိုမိုယဉ်ကျေးနေသည်၊ ပဒေသရာဇ် အဆောက်အဦရှေ့ဝယ် ရောက်ရှိနေ၍ နန်းဆန်ကြော့မော့နေသည်။ နန်းရင်ပြင်ဦးက ပင်တိုင်သူလေး ဖြစ်ကောင်းဖြစ်တန်ရာသည်။

ရွှေနန်းတော်မြို့ရိုးပြင်ဘက် ကျူးရေစပ်ဝယ် ရပ်နေသော မင်းလှကေရီလေးက အပြာဖြစ်၏။

အပြာက ဆံပင်ကို ဘီးနှင့်တစ်ပတ်ကျော့ထုံးကာ ချထားသည်။ နန်းမတော်မမြလေးပင် ဖြစ်များနေသလား။ ပျူပုံထုံးဟန်ဆိုသော်လည်း သေသေသပ်သပ် ရှိသည်။ ကပိုကရိုပါ။ ဆံယဉ်နှစ်စသုံးစကတော့ နဖူးပေါ် ဝဲကျနေရာ နှင်းစွတ်လေအေးဝယ် လွန့်လွန့်လူးနေလေသည်။

ဖဲစည်းအပြာအစား ဝါအခက်လေးတွေကိုတွေ့ရသည်။ အပြာက သဇင်ပန်းလေးတွေကို ပန်ထားသည်။ မောင်လှမြင့်က သဇင်သင်းလေးကို ရှူမိသလို ထင်နေသည်။

သို့သော် သူက သဇင်ပန်းအကြောင်းကို နောက်၌လေ့လာဦးမည်ဟု ဆုံးဖြတ်ထားလိုက်သည်။ သူက စာအုပ်ထဲ၌ ဂမုန်းနှင့် သဇင်ပန်းဆိုသည်မှာ နတ်တော်လ၌သာ ပွင့်သည်ဟု သိနားလည်ခဲ့ဖူးလေသည်။ ပြာသိုလဆိုသည်က ခွာညိုပွင့်သည် မဟုတ်ပါလား။ သဇင်ကြွင်း၊ သဇင်ကျန် ဖြစ်မှာပါလေ။

မောင်လှမြင့်ကတော့ သေသေချာချာ လေ့လာမိသည်။ အပြာက တစ်ယောက်တည်း ရပ်နေကာ လူအုပ်ထဲသို့ ရှာဖွေနေဟန် ကြည့်နေလေသည်။ လာနိုးငယ် မယ်မျှော်နေရှာသော လှိုင်ထိပ်တင်တော့ မဟုတ်တန်ရာပါ။ ကြည့်ရသည်ကတော့ သူမအဖော်များနှင့် ကွဲသွား၍ ရှာဖွေကြည့်နေဟန်တူသည်။

အကူအညီပေးသင့်ပါသည်ဟုတော့ သဘောပေါက်၏။ မဝံ့သည့် မောင်လှမြင့်က ချီတုံချတုံ ဖြစ်နေသည်။ ထိုစဉ် အပြာသည် မြောက်ဘက်သို့လျှောက်သွားနေသည်။ နေရာရွှေ့၍ ရှာဟန်တူသည်။ မလိုက်၍ မဖြစ်တော့ပြီမို့ သူကနောက်မှ ခတ်သုတ်သုတ် လိုက်သွားသည်။

အသည်းထဲသို့ ဖြေးညင်းစွာ ချဉ်းနင်းဝင်ရောက်သော အပြုံး၊ အပြာက သူ့အားမြင်သောအခါ နှစ်လိုဖွယ်ရာ ပြုံးလိုက်လေသည်။

'အဖော်တွေကော . . .'

'ခု သူတို့ကို လိုက်ရှာနေတာ ကွဲသွားလို့ . . .'

သူမ၏အသံက ဆွဲဆောင်မှုရှိသည်၊ ကြည်လင်၏၊ အေးမြ၏။ သူက ဘာပြန်ပြောရမှန်းမသိ ရှိနေစဉ် သူမက ဆက်ပြောပါသည်။

'လူတွေကသိပ်ဆိုးတာ အမျိုးသမီးတွေကို နည်းနည်းမှ မညှာတာဘူး၊ နင်းတိုးကြိတာပဲ၊ သူတို့ရှောင်ရ ဖယ်ရတာနဲ့ပဲ လူစုကွဲသွားတာ. . .'

သူမက ညည်းညူလိုက်သည်။

'ဟုတ်တယ်၊ သိပ်ဆိုးတာပဲ . . .'

အလိုက်သင့် ပြောလိုက်ရ၏။ သည့်နောက် ဘာပြောရမှန်းမသိ၊ အတန်ကြာ စကားစ ပြတ်နေသည်။ သူမကပဲ စပြောလေသည်။

'မောင်လေးကော တစ်ယောက်တည်းလား'

သူက မဖြေနိုင်။ သူမအားသာ ငေးကြောင်ကြည့်နေမိသည်။ အသက် ၁၈ နှစ်အရွယ်ဟု ခန့်မှန်းရသော ရွယ်တူအမျိုးသမီးတစ်ဦးက သူ့အားမောင်လေးပါတဲ့ . . .

'ဟင်ဟုတ်လား မောင်လေးတစ်ယောက်တည်းပဲလား'

သူမက ထပ်၍ မေးနေပြန်သည်။ သူက ဘာမှပြန်မဖြေနိုင်၊ သူမက အနေရှုန်းသလို ရှိလာဟန်တူသည်။

'ကဲလေ'

'ခင်ဗျာ'

သူက အလန့်တကြား ရှိသွားတော့မှ သူမက ရယ်လိုက်နိုင်၏။

'တစ်ယောက်တည်းလားလို့ မေးနေတယ်လေ'

'အော် ဟုတ်ကဲ့၊ ဟင့်အင်း မဟုတ်ဘူး . . .'

တော်ပါသေး၏။ သူမတို့နေရာမှာ ရေစပ်နားဖြစ်ပြီး လူတွေရှင်း၍။

'ဘာများ ဖြစ်နေရတာလဲ၊ ဟုတ်တယ်ကော မဟုတ်ဘူးကော နဲ့. . .'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်တော်လာတာ တစ်ယောက်တည်း မဟုတ်ဘူး၊ ကွဲကုန်ပြီ၊ တမင်ခွဲခဲ့တာ၊ အဖော်တွေ ပါတယ်. . .'

သူ့စကားကို သူမကခေါင်းညိတ်ရင်း ပြုံးကာနားထောင်လေသည်။

'ကျွန်တော် ဂယောင်ချောက်ချား ဖြစ်နေတာက မောင်လေးလို့ ခေါ်တာကိုပါ။ ခင်ဗျားက ဘယ်နှစ်နှစ်များ ရှိပြီမို့လဲ . . .'

သူမက သဘောကျသလို ရယ်နေသည်။ သူက အနည်းငယ် ရှက်သွားသည်။

'ကဲ မမက မေးပါဦးမယ်၊ မောင်လေးကကော ဘယ်နှစ်နှစ်ရှိပြီ လဲ . . .'

'၁၈ နှစ် . . .'

မောင်လှမြင့်က ကြွားဝင့်စွာ ဖြေလိုက်သည်။

'ကဲ ကိုယ့်အသက်ကိုကော ဘယ်လောက်များ ခန့်မှန်းထားလို့လဲ'

'၁၈ နှစ်ပဲ. . .'

သူမက အသံထွက်အောင် ရယ်လိုက်သည်။

'မမက ဒီလောက်ပဲ နုသလားကွ၊ ၂၃ နှစ်ရှိနေပြီ မှတ်ထား . . .'

သူက မယုံ . . .

'ဘာလဲ မယုံဘူးလား၊ သေသေချာချာ မှတ်ထား၊ မောင်လေးထက် ငါးနှစ် ကြီးတယ်သိလား . . .'

သူကြားဖူးသည်ကတော့ အမျိုးသမီးများသည် အသက်ငယ် နေလိုကြသည်ဟုဖြစ်ပြီး ယခု သူ့ရှေ့မှ အမျိုးသမီးကတော့ သူမ၏အသက် ကို သူခန့်မှန်းသည်ထက် ငါးနှစ်မျှပိုကြီးကာ ပြောနေလေသည်။ ဘယ်လို လူကမှလည်း ယုံနိုင်မည်မဟုတ်၊ သို့သော်လည်း မယုံ၍လည်းမဖြစ်၊ ယုံထားပေဦးမည်။

'အင်းလေ . . . ယုံထားရသေးတာပေါ့။ ဒါဖြင့် ကျွန်တော်က မမလို့ပဲ ခေါ်ရမှာပေါ့နော် . . .'

'ဟုတ်ပါတယ်ရှင် . . .'

သူက လူစုလူခင်းကို ကြည့်ရင်း ဖြေလိုက်သည်။

'နေဦး နေဦး၊ ကျွန်တော် မမကို မသိခင်က မမကို အပြာလို့ ခေါ်တယ်။

'ဟေ အပြာတဲ့လား၊ အေးလေ ကိုယ်က အပြာကို စွဲစွဲမြဲမြဲ ဝတ်တာကိုး . . .'

'အဲတော့လေ၊ ကျွန်တော်က မမကို အပြာမမလို့ ခေါ်မယ် သိလား. . .'

'ဘာ အပြာမမ ဟုတ်လား'

သူမက သဘောကျသလို အသံထွက်ကာရယ်လိုက်ပြီး . . .

'အေးလေ ခေါ်ချင်သလို ခေါ်ပေါ့ . . .'

မောင်လှမြင့်က တော်တော်လေး ဝမ်းသာသွားသည်။ သူက တစ်ကောင်ကြွက်ဖြစ်ကာ ယခုလို ချစ်မမတစ်ယောက် ရရှိခြင်းအတွက် ဘယ်မှာ ဝမ်းမသာဘဲ နေပါမည်နည်း။ ပြီးတော့ သူ့မမက တုပြိုင်နိုင်းရာ တင်းသော မင်းလှကေရီ မဟုတ်ပါလား။

'ဒါနဲ့ မောင်လေး နာမည်က . . .'

'မောင်လှမြင့် . . .'

'မောင်လှမြင့်၊ အင်း ဒါပေမဲ့ ကိုယ်က မောင်လေးလို့ပဲ ခေါ်မှာပေါ့. . .'

'အပြာမမ သဘောပေါ့'

သူတို့နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။ ထိုစဉ် သူတို့အနားမှ ဖြတ်သွားသော အမျိုးသမီးတစ်သိုက်က သူတို့နှစ်ယောက်အား အဓိပ္ပာယ်တစ်မျိုးဖြင့် ကြည့်သွားကြလေသည်။

'အပြာမမဆိုတော့ ရှည်ပြီး ထောင့်မနေဘူးလား'

'အဲဒီလိုဆိုရင် တစ်ခါတလေ အပြာမမ၊ တစ်ခါတလေ မမနွယ်လို့ခေါ်မှာပေါ့'

'သဘော . . . ရှင့်သဘော. . .'

မယဉ်နွယ်က ထမီပြင်ဝတ်ရင်း ပြောလိုက်လေသည်။

'ကဲ မမညီမလေးတွေ လိုက်ရှာကြဦးစို့၊ လိုက်ကူပေးမယ်မှတ်လား . . .'

မောင်လှမြင့်က စဉ်းစားခြင်းမရှိဘဲ ခေါင်းကို မြန်စွာညိတ်လိုက်၏။

အိမ်ပြန်ဖို့ရာ ကိုခင်မောင်တို့နှင့် ခွဲထွက်ခဲ့ခြင်းကို မေ့လေပြီ၊ အပြာမမ သွားရာ လိုက်ပါတော့မည်။

စေလိုရာ စေပါတော့ . . .

(၆)

ကြွားဝင့်နိုင်ပါသည်။

လှ၍လှသော အမျိုးသမီးတစ်ဦးနှင့် ယှဉ်၍ သွားရခြင်းအတွက် သူက ဝန်ကြီးတစ်ဦးနှင့် သွားနေရသည်ထက် ပိုမို ဝါကြွားပါသည်။ မောင်လေးတစ်ယောက်အနေနှင့်ပင် အင်မတန် ဂုဏ်ယူနိုင်တဲ့ အဆင့်ပါ။

ဒါကို မယဉ်နွယ်က သိသည်။

'ဟော့ မောင်လေး၊ မင်းမှာ အရုပ်ဆိုးတဲ့ မမတစ်ယောက်ရှိတာကို လိုက် ကြွားမနေနဲ့နော် . . .'

'ဟင့်အင်း ကျွန်တော်ကတော့ အပြာမမကို သိချင်တဲ့လူတွေကို

ရုပ်ရှင်ပြခိုင်းရမှာပဲ . . .'

သူတို့က လူတွေထဲကိုတိုးကာ ဇော့ကာ မယဉ်နွယ်၏ ညီမလေးများကို ရှာဖွေနေကြသည်ကား မတွေ့နိုင်သေးပါ။ အတုံ့တုံ့အပြန်ပြန် လျှောက်နေပြီး မယဉ်နွယ်အဖို့ ရှုံးပြသည်နှင့် တူနေသည်။

လူတွေက ဖိ၍ဖိ၍ တိုးကြသည်။ တစ်ကြိမ်တွင် လူရွယ်သုံးယောက်သည် ယှဉ်၍လျှောက်လာရာ မယဉ်နွယ်က မတိုက်မိအောင် တိမ်းစောင်းလိုက်ရ၏။ ခေါင်းကလေးငဲ့ အသွားဝယ် သဇင်တစ်ခက်က မြေထက်သို့ ကျသွားသည်။ ကြွေမွ၍ မသွားအောင် မည်သည့် ခြေထောက်ကမျှ နင်းမခြေမိအောင် မောင်လှမြင့်က ကောက်ယူလိုက်နိုင်သည်။

'သဇင်က ခုထိ ရှိသေးတယ်နော်'

သူက ဝါသဇင်ခက်ကို သူမအား လှမ်းပေးရင်း ပြောလိုက်၏။

'ဟ သဇင်ဆိုတာက ဒီလ ပွင့်တာပဲကိုးကွ . . .'

'ပြာသိုမှာ ခွာညိုဆို . . .'

'အိုကွာ မမတော့ ဒီလမှာ သဇင်ပန်းကို ပန်တာချည့်ပဲ'

သူမက ခက်သဇင်ကို ခေါင်းတွင် ထိုးပန်နေသည်။

'ကိုယ်က သဇင်ကို သိပ်မြတ်နိုးတယ်. . .၊ သဇင်ဆိုတာလေ၊ နွမ်းလေ ခြောက်လေ ပိုပြီး သင်းလေပဲကွ၊ မင်း သဇင်ခက်လေးတွေကို သေတ္တာထဲ ထည့်ထားကြည့်၊ သုံးလေးလကြာရင် သေတ္တာဖွင့်လိုက်တာနဲ့ တစ်ပြိုင်နက် သင်းပျံ့ပျံ့လေး လှိုင်လာတာကို တွေ့ရလိမ့်မယ်၊ မမတော့ တစ်နှစ်လုံး ထည့်ထားတာပဲ . . .'

သူတို့က မြောက်အစွန်းသို့ရောက်၍ တောင်သို့ ပြန်လျှောက်လာကြသည်။

'နေဦး မမနွယ်၊ ကျွန်တော် တပေါင်းလ ရွှေစာရံပွဲတော်မှာလည်း သဇင် မြင်မိသလိုပဲ . . .'

'ရှိတာပေါ့ကွ၊ အဲဒါကို ရွှေစာရံသဇင်လို့ပဲ ခေါ်တယ်၊ ခုဟာက ဂေါ်သဇင်လေ၊ ဂေါ်သဇင်က အခက်ရှည်ပြီး၊ ရွှေစာရံသဇင်က တိုတယ်။

'အမျိုးသမီးတွေက ပန်းကို တော်တော် စိတ်ဝင်စားကြတယ်နော်'

'မင်းတို့ အမျိုးသားတွေကကော'

'အဲဒီ ပန်းကိုစုံမက်တဲ့ အမျိုးသမီးတွေကို မြတ်နိုးကြတယ်. . .'

သူမက သဘောကျလျက် ရယ်လိုက်ရသည်က မောလို့ပဲ။

တောင်အစွန်းသို့ရောက်၍ပဲ လာရပြန်လေပြီ၊ စကားပြောလာနေကြ၍လားတော့ မသိ၊ သူမ၏ ညီမလေးများကိုတော့ မတွေ့ရသေး။

'ခက်တာပဲ . . . ညီမလေးတို့လည်း ရှာမတွေ့ဘူး . . .'

'ရှာကြသေးတာပေါ့ . . .'

'ရှာတာက ကိစ္စမရှိဘူး မိုးလည်းချုပ်ပြီ၊ လူတွေကလည်း မမကို ကြည့်လှပြီ . . .'

'လှလို့ပါ . . .'

'လှလို့ထက် ရှိုးပြတာနဲ့ တူနေပြီထင်တယ် . . .'

'အရေးလား . . .'

'ဘယ့်နှယ် မမမောင်ကလည်း လူမိုက်ပါလား . . .'

သူတို့က အလိုလိုပင် မီးရထားတံတားကို လျှောက်ကူးနေလျက်သား ရှိနေသည်။ ကျုံးရေက အနက်များသော အစိမ်းရောင်ထနေသည်။

'ပြန်မှပဲ ထင်ပါတယ်. . .'

သူမက တစ်ဖက်ကမ်းသို့ ရောက်သောအခါ သူမဘာသာ ပြောသလို ပြောလိုက်သည်။

'ညီမလေးတွေ အတွက်ကကော. . .'

'သူတို့ ခုနေ အိမ်ပြန်ရောက်ချင် ရောက်နေကြမှာပါ။ မရောက်လည်း ပြန်လာကြမှာပဲ၊ စိတ်ချရပါတယ်. . . ဒေါ်ဒေါ်တို့လည်းပါတာပဲ. . .'

'ကောင်းသားပဲ . . . အဲလိုဆိုလည်း ပြန်ပေါ့၊ ကျွန်တော် လိုက်ပို့ပါမယ် . . .'

'ဘယ်မှာ ယောက်ျားလေးတစ်ယောက်နဲ့အတူ ပြန်လို့ သင့်တော်

ပါ့မလဲ’

မောင်လှမြင့်က ငိုင်ကျသွားသည်။ ဝမ်းနည်းဟန်လည်း ရှိသည်။

‘အို မမက စတာပါကွ၊ ကိုယ့်မောင်လေးနဲ့ သွားတာ ဘယ်သူက ဘာပြောတော့ ဘာပြုသလဲ . . . ’

နှင်းကျ ရာသီည။

ညတစ်လျှောက် နှင်းကျနေသည်။ ကောင်းကင်ပြာထဲက ငွေကြယ်လေးများပင် ဘယ်လောက် ချမ်းနေလိုက်မလဲမသိ။ လွင့်နှင်းစက်လေးများကိုတိုး၍ လေက ပြေးနေသည်။ နှင်းကျ လေတိုက်၊ ပိုမိုအေးတာပေါ့။

ညသည် တိတ်ဆိတ်ခြင်းရှိလေပြီ၊ ဆိတ်ငြိမ်ခြင်းက အင်မတန်မှ အားပေးအားမြှောက်တတ်သော အရာဖြစ်၏။ တိတ်ကာငြိမ်နေခြင်း၌ ဖိစီးမှု၊ ခံစားမှုတို့က ပိုမို အင်အားကြီးမားလာတတ်သည်။ ငြိမ်လုငြိမ်သက်ရှိသော ညဝယ် ပိုမို အေးချမ်းလာနေပြီ။

ညံစီခြင်းက အဝေး၌ ကျန်ရစ်ခဲ့လေပြီ၊ တူရိယာနည်းမကျသော အော်ဟစ်မှုများ၊ ကုန်တွင်ကျယ်ရေး အာမြဲမှုများ၊ စည်းနှင့် ဝါးအတွင်းက သံသာယာတို့သည် နောက်၌ ကျန်ရစ်ခဲ့လေပြီ။

ကျနေသော ငွေနှင်းပဲရှိတော့သည်။

တကယ်တော့ သူတို့က ဝေးလှသေးသည်မဟုတ်၊ မိုးသို့ပင် ညံနိုင်သော အသံတို့က သူတို့နောက်သို့ ပြေးလိုက်လျက်ရှိလေသည်။ သို့ငြားသော်ပင် သူတို့အဖို့က ဆိတ်ငြိမ်နေပါပြီ။

မောင်လှမြင့်အဖို့ကတော့ ကျုံးထောင့်မှ တစ်ဖက်သို့ ကူးလျှောက်သွားမိလျှင်ပင် လွတ်လပ်ရေးအောင်ပွဲသဘင်ကြီးကို မေ့ပစ်လိုက်တော့သည်၊ မေ့လည်းသွား၏။ ငြီးစီစီလူနံ့၊ ချော်နံ့၊ ဆေးလိပ်နံ့တွေမှ လွတ်ကင်းသော သန့်စင်သော လေကို ရှူမိလေသည်။ ဒါသည်နှင့်ပင် နောက်ကျောကို လှည့်ကြည့်စရာ မလိုတော့ပေ။

မယဉ်နွယ်လည်း အဲသည်လိုပဲ ရှိနေလိမ့်မည်။

**ရန်အောင်စာပေ (၂)**

သူတို့နှစ်ယောက် လျှောက်၍လာသည်က နှစ်ပြပင်ရှိသေးသည်။ သို့သော် ဆိတ်ငြိမ်ခြင်းကို ရရှိနေပေပြီ။

မောင်လှမြင့်နှင့် မယဉ်နွယ် လျှောက်၍လာသည်က နှစ်ပြပင် ရှိလေပြီ၊ သို့တိုင် စကားပြောဆိုကြခြင်း မရှိသေး၊ ငြိမ်သက်ခြင်းဝယ် ဆိတ်ငြိမ်လျက်ရှိသည်။ ကိုယ့်ဟာကိုယ် လမ်းလျှောက်လျက် ရှိကြသည်။

သူတို့က ဘီလမ်းအတိုင်း နာရီစင်ဘက်သို့ ညာဘက် ပလက်ဖောင်းမှ ယှဉ်၍ သွားနေကြသည်။ မောင်လှမြင့်က သူ့၏ဘီးကို တွန်း၍ လာသည်။ မယဉ်နွယ်က ခေါင်းမှဖြုတ်ယူထားသော သဇင်ပန်းတစ်ခက်ကို ကိုင်လာနေသည်။ တွေး၍တော၍ လာနေကြသည်။

သဘာဝတော့ မကျလှ။

ည ၉ နာရီကျော်ပြီး ၁၀ နာရီအတွင်း ရောက်ပြီး၊ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦး အတူတကွ သွားလာနေကြမှပဲ ဘီးကိုတွန်း၍ လမ်းလျှောက်နေကြရသည်က သဘာဝတော့ မကျလှပါ။

ဘီးကလည်း ကောင်းပါသည်။ ချစ်ဘက်သက်လျှာ ဆိုလျှင်လည်း ရှေ့မှတင်ကာ ချစ်တေးသီသွားသင့်ပါသည်။ ဓာစ်အူတုံဆင်း အမျိုးသမီးဆိုပါလျှင်လည်း 'ဘုတ်ကင်' ပေါ်၌ တင်သယ်ယူသွားပါသည်။ ယခုတော့လေ၊ တွန်းကာလျှောက်၍ သွားနေကြပါသည်။

ဒါကို နှစ်ယောက်စလုံး သိကြပါသည်။ သိ၍လည်း တွေးကာ ငြိမ်သက်ခြင်းဖြင့် လျှောက်နေကြသည်ဖြစ်၏။

ကျမြနှင်းကြောင့် ညက မှုံနေသည်။

တစ်ခါတစ်ရံ ယာဉ်တွေက သူတို့အား ဖြတ်၍သွားကြသည်။ သူတို့လိုပဲ လမ်းလျှောက်၍လာကြသော သူများနှင့် ဆုံမိသောအခါတွင် သူတို့နှစ်ယောက်အား စူးရှစွာ ကြည့်သွားကြလေသည်။

နောက်ဆုံး အမျိုးသမီးတစ်သိုက်နှင့် ဆုံဖြတ်သွားမှ မောင်လှမြင့်က စကားပြောဖြစ်သွားလေသည်။ ထိုအမျိုးသမီး တစ်သိုက်ထဲ၌ အတန်ငယ် လှသော သူငယ်မတစ်ယောက်က တဘီပြာ ဝတ်ထားလေသည်။

'ဟင် မမနွယ် ကြည့်စမ်း၊ ဟို အမျိုးသမီးကလည်း ထဘီအပြာနဲ့ ပါလား. . .'

'ဝတ်ကြပါတယ်ကွ၊ နေရှင်နယ်တို့၊ ပို့စ်တို့က ကျောင်းသူတွေလည်း အပြာဝတ်ကြတာဘဲ၊ ဈေးသွားတွေလည်း ဝတ်ကြပါတယ်'

'ဒါပေမဲ့ ဘယ်သူမှ မမနွယ်လောက် မလှကြဘူး၊ မမနဲ့ အပြာက သိပ်လိုက်တယ်'

'ဒီလိုပဲ ထင်ပါရဲ့၊ အမျိုးသားတွေဟာ အနည်းနဲ့ အများတော့ မြှောက်တတ်ကြတာချည်းပဲ . . .'

'မမနွယ် . . . ဘာလို့ ဒါလောက် အပြာကို မြတ်နိုးရတာလဲ ဟင်. . .'

မောင်လှမြင့်က သူသိချင်တာ ကြာပြီဖြစ်သည်ကို မေးချလိုက်သည်။ မယဉ်နွယ်က လှလှပပ ပြုံးလိုက်သည်။ သူမ ပြောသည်ကို ကြားချင်မှကြားမည်၊ သူသိချင်တာကိုသာ မေးနေတော့သည်။

'ပြောစမ်းပါ အပြာမမရယ် . . .'

'ကလေးရယ် ပြောပ့ါမယ်ကွယ်၊ မမ ငယ်တုန်းကလေ ကောင်းကင်ကြီးကို သိပ်ချစ်တာ သိလား၊ ညညဆိုရင်လေ တစ်ယောက်တည်း ထိုင်ပြီး ကောင်းကင်ကြီးကို ကြည့်-ကြည့်ပဲနေတာ၊ အဲ့လို ကောင်းကင်ပြာကြီးကို ကြည့်ရင်းနဲ့ပဲ အပြာကို ချစ်လာတာပေ့ါကွယ်. . .'

'ဘာလို့ ကောင်းကင်ကြီးကို ကြည့် ကြည့်နေရတာလဲ'

မယဉ်နွယ်က မဖြေ၊ ပြုံးနေသည်၊ ပါးအို့လေးက ဖောင်းကြွကာ နီမြန်းနေသည်။

'ဟင် . . .'

မောင်လှမြင့်က သူမဖြေနိုင်တဲ့၍ ထပ်မေးလိုက်သည်။

'အို ကွာ . . . မသိချင်ပါနဲ့ . . .'

'ဟင့်အင်း ပြောရမယ်၊ အပြာ မမက လိမ္မာပါတယ်. . .'

'ကိုယ် ညာပြောရင်ကော . . .'

**ရန်အောင်စာပေ (၂)**

'ယုံထားမှာပဲ . . .'

'အလကား ပြောတာပါကွာ၊ မောင်လေးကို မညာပါဘူး'

'ဒါဖြင့် ပြော . . .'

သူမက သဇင်ခက်ကလေးကို ခေါင်းတွင် ပြန်စိုက်လိုက်ရင်း၊

'ကောင်းကင်ကြီးကို ကြည့်တာကလေ . . .'

သူမကမဆုံးဘဲ ရပ်ထားသည်။ ပြီးကျတော့ မိုးပြာကောင်းကင်ကို မော့ ကြည့်လိုက်ရာ မောင်လှမြင့်ကလည်း ရောယောင် မော့ကြည့်လိုက်သည်။

'နှင်းမှုံကလေးတွေနဲ့ရောပြီး ကြယ်လေးတွေများ ကျလာရင်. . .'

'အင်း ပြော ဆက်ပြော'

'အဲ့ဒီ မိုးကောင်းကင်ပြာထဲကနေ. . .'

မယဉ်နွယ်က မပြောဘဲ ပြောရခက်နေသည်။

'အဲဒီ မိုးကောင်းကင်ပြာထဲကနေ ဘာဖြုလဲ'

မပြော၍ မဖြစ်တော့သည်နှင့် သူမက ပြောရတော့သည်။

'နတ်သားလေးများ ဆင်းလာမလားလို့ မျှော်နေတာ . . .'

သူမဘာသာ ရယ်လိုက်သည်။ အရှက်ပြေစေရန်ပဲလား မသိ၊ မောင်လှမြင့်က ဘာပြော ဘာလုပ်ရမှန်းမသိ၍ နာရီစင်ကို မော်ကြည့်လိုက်သည်။

ဆယ်နာရီ၏ ဟိုဘက် ငါးမိနစ်။

သူတို့သည် နာရီစင်အောက်သို့ ရောက်လျှင် အောင်ဆန်းလမ်း အတိုင်း တောင်ဘက်သို့ ချိုးလျှောက်သွားကြလေသည်။ နှစ်ထပ်တိုက် တန်းဝယ် မီးပွင့်ကလေးများလင်းနေကာ ကြော်ငြာထားသော ကုန်များက ပေါ်လွင်ထင်ရှားနေသည်။

နှင်းကကျ၍ ညက အေးနေသည်။

မကြာမီ လူအတန်ငယ်ရှုပ်သော ရုံတော်ကြီးကို သူတို့က ဖြတ်သန်း သွားရပေဦးမည်။ ညှော်နံ့ရပေဦးမည်၊ ဘာပဲဖြစ်ဖြစ် မယဉ်နွယ်အိမ် ရောက်

သည့်တိုင်အောင် သူတို့က လျှောက်ကြရပေမည်။ လျှောက်ရမည်။

မယဉ်နွယ်က လမ်းလျှောက်ရသည်ကို နှစ်သက်သည်ဟု အဆိုရှိသည်။ ကျုံးမြေအခွာဝယ် မောင်လှမြင့်က မေးပါသေးသည်။

'မယဉ်နွယ် ဆိုက်ကားနဲ့ ပြန်မလား'

'ဟင့်အင်း မမ ဆိုက်ကားမစီးတတ်ဖူး'

'မြင်းလှည်းနဲ့ကော'

'သာဝေးသေး'

'ဒါဖြင့် . . .'

'ကားနဲ့ပြန်မယ်လေ . . .'

မောင်လှမြင့်က မျက်နှာညိုးသွားရာ သူမက သဘောကျသလို ရယ်လိုက်သည်။

'ဘာနဲ့ ပြန်ရမလဲကွ၊ ခြေလျင်လျှောက် ပြန်တာပေါ့'

ငယ်သောသူအဖြစ်မှစ၍ မြတ်နိုးလာသော ကောင်းကင်ပြာအောက်ဝယ် သူတို့နှစ်ယောက်က လျှောက်လျက်ရှိပါသည်။ ကောင်းကင်ပြာထက်မှ လှသော နတ်သားလေး ဆင်းမလာပေမယ့် ချစ်စဖွယ် ငွေနှင်းလေးများကတော့ ကျ၍နေပါသည်။ မြောက်အရပ်မှလာသော လေအေးတ သူတို့၏နောက်ကျောကို တိုးလျက်ရှိပါသည်။

လျှောက်ဆဲလျှောက်ဦးမည်။

'မမနွယ် ဘယ်အရပ်ထဲမှာ နေတာလဲ'

'စမွန်း . . .'

'စမွန်း ဟုတ်လား၊ စမွန်းဆိုတာ ဘယ်မှာလဲ . . .'

'ပဲလှော်ချောင် အနောက်မှာကွာ၊ တော်ကြာနေ သိမှာပေါ့'

'ဈေးထွက်တာနေဘ်'

'မင်း မြင်တဲ့အတိုင်းပဲလေ. . .'

မယဉ်နွယ်က ပြုံး၍ပြောလိုက်ရာ မောင်လှမြင့်သည် ဈေးချိုဝယ် ရှုံ့လိုက်သောအပြုံးကို ပြန်လည်မှတ်ရှိလိုက်သည်။

**ရန်အောင်စာပေ (၂)**

'တစ်ခုခု သောက်စားရအောင်လား မမနွယ်'

မောင်လှမြင့်က ရုံးတော်ကြီးကိုအဖြတ် ဖိတ်ခေါ်လိုက်သည်။

'မိုးချုပ်နေပြီကွ'

ရုံးတော်ကြီးကို လွန်သောအခါ ပြန်လည် လူရှင်းလာမှုကို တွေ့ရသည်။ မောင်လှမြင့်က ဘာကို ဆက်ပြောရမလဲဟု တွေးနေသည်၊ ပြောနိုင်ရန် စကားလုံးများသည် အမျိုးသမီးများနှင့် တွေ့သောအခါ ဘယ်ရောက်ကုန်သည် မသိ၊ သူ့မမကို ဘာပြောရမလဲ စဉ်းစားသည်နှင့်အတူ သူ့ခေါင်းထဲဝယ် စဉ်းစားရန်တွေ ရှုပ်ပွေလာသည်။

လှသောအပြာနေရာဝယ် ရုပ်သဏ္ဍာန် ဝိုးဝါးလာထပ်နေသည်။ မယဉ်နွယ်၏ စကားလုံးများနှင့် မတိုးသော်လည်း မသဲကွဲလှသည့်စကားများ ရောထွေးကြားနေသည်။ ရင်ထဲဝယ်လည်း နာကျင်သလို၊ မျက်လုံးဝယ်လည်း စိုစွတ်သလို ရှိလာနေသည်။ အသိဉာဏ်သည်လည်း ဂယောင်ချောက်ချား ရှိနေသည်။ နှင်းမှုံလွှာတွေ ကျနေသည်ကို မိုးကောင်းကင်ပြာ၏ မျက်ရည်စက်လေးတွေဟု ထင်နေမိ၏။

'ဟေ့ မောင်လေး'

'ဟင် . . . '

သူကလန့်၍ လှည့်ကြည့်ရင်းထူးလိုက်သည်။ ပြီးတော့ မျက်လုံးကို ပွတ်လိုက်သည်။ အိပ်ယာမှနိုးလာသည်များ ထင်ယူနေသလား မသိ။

'ဘာများ တွေးလာနေတာလဲ၊ အနားကပ်ပြီး သုံးခွန်းလေးခွန်း ခေါ်တာ မကြားရအောင် . . . '

'ဘာမှမတွေးပါဘူး'

စစ်မှန်သောအဖြေ မဟုတ်စေကာမူ မယဉ်နွယ်က ထပ်မမေးတော့ပါ။ သူတို့နှစ်ယောက်သည် အရှင်စန္ဒိမာလမ်းအတိုင်း အနောက်ဘက်သို့ ကွေ့ကောက် လျှောက်လာကြသည်။

'မောင်လေး ကျောင်းသားပဲလား'

'ဟုတ်ချင်လည်း ဟုတ်မှာပါပဲ . . . '

မယဉ်နွယ်က မျက်ခုံးနှစ်ဖက်ကို အထက်သို့ပင့်လိုက်ကာ . . .

'ဟေ ဘယ်လိုဟာလဲ ကွ၊ မင်းဟာက မပြတ်မသား'

'ကျွန်တော် ဒီလိုပဲ ဖြေတတ်တာပဲ'

ဟုတ်ပေမည်၊ မောင်လှမြင့်က ဒါထက်ပို၍ မဖြေတတ်၊ သူ့ဘဝကို သူ့ဘာသူ မျက်စေ့လည်လျက် ရှိသည်။

'မင်း ကျောင်းမတက်ဘူးလား'

'ကြာပြီ . . .'

'ဘယ်ကျောင်းလဲ . . .'

'တက္ကသိုလ် . . .'

'အင်း ထင်သားပဲ၊ တက္ကသိုလ်ကျောင်းသားဆို လူမိုက်တွေပဲ. . .'

ဈေးသူတစ်ယောက်၏ အမြင်ပဲဖြစ်၏၊ မမှန်ဘူးဟုလည်းငြင်းနေရန်လိုမည်မထင်၊ မောင်လှမြင့်တစ်ယောက် မိုက်မဲနေသည်ကတော့ သေချာ၏။

'ကျောင်းမတက်ရင် . . . ဘာလုပ်လဲ'

'ဘာမှမလုပ်ဘူး . . .'

'ကလေးတွေနဲ့ ပေသီးပစ်နေတာပေါ့ . . . ဟုတ်လား'

'အင်းဟုတ်လား၊ ကျွန်တော်က ကလေးတွေကို သိပ်ချစ်တာ၊

သူတို့နဲ့ ကစားတယ်။ သူတို့ကို စာလည်း သင်ပေးတယ်၊ ပြီးတော့ သူတို့ပြောတဲ့ ပုံပြင်လေးတွေကို နားထောင်တယ် . . .'

တဖြည်းဖြည်း သကျသီဟဘုရားကို ဖြတ်နေကြသည်၊ ငှက်မြတ်နားမှ မီးပွင့်လေးက နီကျင့်ကျင့် ရှိသည်။

'ဒီမှာ သင်ပေးတာပေါ့'

မယဉ်နွယ်က သိပြီးပါ၊ ဗ၊ လ၊ စ အခမဲ့ ညကျောင်းဖြစ်သည်။

ကျောင်းအဆောက်အဦမှာ အနည်းငယ် အိုမင်းနေပြီ၊ သူတို့သည် မိချောင်းတံတားသို့ရောက်လျှင် တောင်ဘက်သို့ ချိုးကြပြန်လေသည်။ လမ်းဘေးဓာတ်တိုင်အောက်ဝယ် လူရွယ်နှစ်ယောက် မယ်ဒလင် တီးနေကြသည်။

'အိမ်ကိုရောက်ခါနီးပြီ'

မယဉ်နွယ်က တိုးတိုးပြောသည်။ ပြီးတော့ သူမအင်္ကျီကို အောက်သို့ ဆွဲစန့်ကာ ရင်ညွှန့်ဆီသို့ ငုံ့ကြည့်လိုက်သည်။ မောင်လှမြင့်က ဘာမှ မပြောဘဲ ငွေနှင်းပွင့်လေးတွေကို လက်ဝါးဖြင့် ဖြန့်ခံရင်း လျှောက်နေသည်။ ခွေးတစ်ကောင်က သူတို့အား ဟောင်ကာ ထပြေးလေသည်။

'ဒီအိမ်ပဲ'

အရွယ်သင့်သော တစ်ထပ်ပျဉ်ထောင်ကာ အိမ်ကလေးဖြစ်သည်။ အိမ်ရှေ့၌ ပန်းပင်ကလေးတွေကို တွေ့ရသည်။

'သူက ဘယ်သူလဲ'

တံခါးဖွင့်ပေးသော အမယ်အိုက မေးသည်။

'အေးရဲ့မောင်ပါ'

သူမအဖြေကို သူက ဘာမှ ဝင်မစွက်၊ နားမလည်ဟုသာ မှတ်ထားလိုက်သည်။ အမယ်ကြီးအကြည့်က သူ့အား အနည်းနှင့် အများတော့ မသင်္ကာဟန်ရှိသည်။ သူက အနည်းငယ် မျက်နှာထားကြပ်သော်လည်း အပြာ၏အပြုံးကြောင့် ဖြေသာပါသည်။ မယဉ်နွယ်၏ ညီမလေးများမှာ တော်တော်စောစောကပင် ပြန်ရောက်ကာ ယခုဆိုလျှင် အိပ်ပျော်လျက်ပင်ရှိကြောင်း အမယ်ကြီးက ပြောပြကာ အိမ်ထဲသို့ ဝင်သွားနှင့်လေ၏။ မယဉ်နွယ်က စကားမပြောခင် အရင်ပြုံးလိုက်သည်။

'နောက်ကို လာလည်နော်၊ ဥပုသ်နေ့ဆို တစ်နေ့လုံးရှိတယ်'

မောင်လှမြင့်က ခေါင်းညိတ်လိုက်သည်ကို မယဉ်နွယ်က မမြင်လိုက်သော်လည်း တစ်နေ့ သူမထံ အလည်လာလိမ့်မည်ကိုတော့ ကြိုတင်သိထားပါသည်။

## ကိုးကွယ် ရှင်မ

(၁)

အပြာထံမှ ချစ်စဖွယ်အပြုံးကို စောင့်ခံယူနေခြင်းက သူ့အတွက် အလုပ်သစ်တစ်ခု ဖြစ်ချေတော့သည်။

**ရန်အောင်စာပေ (၂)**

ညင်းညင်းလေးစူးရှသော အပြာမမနွယ်၏ အပြုံး . . .

ဟိုယခင်တုန်းကတော့ အပြာ၏အလှဝယ် မိန်းမောခဲ့ရပြီး ခုများတော့ ပြုံးမှု၌ နစ်မွန်းရတော့သည်။ နှင်းကျရာသီ ညတစ်ညဝယ် သူက အပြာနှင့် အစ်မတော်စပ်ခဲ့ရပြီးသည့်နောက်ပိုင်း နေဝင်ညဦးဆိုလျှင် သူမ၏အပြုံးဆီ စောင့်ခံယူမိပါသည်။

မယဉ်နွယ်က အရင်ပြုံးလိုက်သည်။ မောင်လှမြင့်က ဝင်းတိုင်ကို မှီရပ်နေရာမှ ပြန်ပြုံးလိုက်သည်။ မနေ့က ဆယ်နာရီကျော်ဝယ် အိပ်ပြန် ရောက်ခဲ့သော်လည်း သန်းခေါင်ရဲ့ ဟိုဘက်မှာကျမှ အိပ်၍ပျော်တော့ သဖြင့် တစ်နေ့လုံး ငိုက်မြည်းလေးလံနေရာ ညနေညဦး အပြာ၏အပြုံးနှင့် တွေ့ထိမှ လန်းဆန်းလာတော့သည်။

'ပြန်ခဲ့ပြီလား . . . မမနွယ်'

'အေး မင်းကော ထမင်းစားပြီးပြီလား'

မောင်လှမြင့်က အပြင်သို့ထွက်လာသဖြင့် သူမက လမ်းလျှောက် ရပ်လိုက်သည်။

'ဟုတ်ကဲ့ ဟင့်အင်း မပြီးသေးဘူး'

သူမက ပိုမို၍ ပြုံးလိုက်သည်၊ မောင်လှမြင့်၏အဒေါ်က ထူးဆန်းစွာ အံ့ဩရင်း အိမ်ထဲမှ ကြည့်နေလေသည်။

'သန်ဘက်ခါ ဥပုသ်နေ့၊ အဲဒီတော့ အိမ်လာလည် သိလား၊ ဈေးပိတ်တယ်၊ အိမ်မှာ နေကုန်ရှိတယ်'

'အင်း တစ်နေကုန်ကို လာလည်မှာ'

စွေ၍ကြည့်ရင်း . . .

'လာပေါ့၊ သွားဦးမယ် မိုးချုပ်ပြီ ညီမလေးတွေ စောင့်ကြလိမ့်မယ်'

နေ့က ညဝယ် ချုပ်ငြိမ်းတော့အံ့၊ ထမင်းပင် မစားသေး၊ မောင်လှ မြင့်က ဝင်းဝမှ အပြုံးအား စောင့်ကြိုနေသည်။ သူ့ကိုယ်သူ ကျိန်ဆဲရင်း မနေ့က ချွတ်ယွင်းချက်ကို ကနေ့ ပြင်ဆင်မည်ဟု အားခဲထားသည်။

မနေ့ကဆိုလျှင် စကားလေး တစ်ခွန်းနှစ်ခွန်းပဲ ပြောလိုက်ရသည်။

**ရန်အောင်စာပေ (၂)**

ဥပုသ်နေ့ အလည်ဖိတ်ကာ ကမန်းကတန်းပင် မယဉ်နွယ်က ပြန်လှော်သွားလေသည်။ သူက ကြာကြာလေး ပြောချင်သည်၊ ပြောစရာတွေရှိသည်။ သိကျွမ်းစဉ်က သိချင်တာတွေ အများကြီးပေါ်လာသည်။ ဒါကို မနေ့ညက မမေးလိုက်ရ။

မယဉ်နွယ်၏ အကြောင်းပြချက်ကလည်း ခိုင်လုံပေသည်။ ချစ်သောမမ၏ ဈေးအပြန်ကို ညီမငယ်များက မျှော်နေပေမည်၊ ဟိုအမယ်ကြီးကလည်း မိန်းမပျိုလေးတစ်ယောက်အား စိတ်ချလက်ချ ရှိမည်မဟုတ်။

မယဉ်နွယ်က စောင့်၍ စကားပြောချိန်မရ၍ သူသိချင်သည်များကို မမေးလိုက်ရဆိုသည့်အတွက် သူ့ကိုယ်သူ မကျေမနပ် ရှိနေသည်၊ တကယ်ဆို သူမအား လိုက်၍ပို့ရင်း လမ်းတစ်လျှောက်လုံး သိချင်သည်တွေက မေးမြန်းနိုင်သည် မဟုတ်ပါလား။

သူက ကလေးတွေကိုချစ်သည်၊ ညီမလေးတွေကို ပိုမို၍ ချစ်သည်၊ ၉ နှစ်နှင့် ၁၂ နှစ်ကြား အမျိုးသမီးငယ်ငယ်လေးတွေကို ချစ်ရသည်က အန္တရာယ်ကင်း၍ ပျော်ရွှင်စရာရှိလှသည်၊ အပြာ၌ ညီမလေးတွေရှိသည် ဆို၍ သူက နာမည်နှင့်အသက်ကို မေးချင်လှသည်၊ ပြီးတော့ သိကျွမ်းကာ ဆော့ကစား၍နေမည်၊ အမျိုးသမီးတို့၏ မူယာမာယာ ဟန်ဆောင်မှု မဖက်သော ပင်မအမူအယာများကို ညီမငယ်များ၌ တွေ့ရသည်။ ကလေးသူငယ်မတို့၏ ပွင့်လင်းမှုသည် ချစ်ချင်စဖွယ် အကောင်းဆုံးပင်၊ သန့်ရှင်းမှုလည်းရှိသည်။

သူက မယဉ်နွယ်အား စောင့်ဆိုင်းနေသည်။ လိုက်ပို့ရင်း ညီမငယ်များအကြောင်းကို မေး၍ အိမ်ရောက်လျှင်လည်း မြင်ရပေဦးမည်။

အိမ်ကတော့ သူ့အား ခွင့်လွှတ်မှု ရှိထားနေရပါပြီ။ ပေယျာလကန် ထားကြရတော့သည်။ ထမင်းကို စားချင်သည့်အချိန်မှ စားသည်ကို မဆိုထားပါနှင့် အိပ်ချင်သည့်အချိန်မှ အိပ်၊ လုပ်ချင်တာ လုပ်နေသည်များကိုလည်း ကြည့်နေကြရသည်။ ကျောင်းမတက်သည်ကိုလည်း မပြောကြတော့၊ လက်လျှော့၍ ထားကြပေပြီ။

**ရန်အောင်စာပေ (၂)**

မောင်လှမြင့်က မန္တလေးသားမဟုတ်မူဘဲ တစ်နယ်ကျေးက ဖြစ်လေသည်။ သို့တစေ သူ့အမေက မန်းနွယ်ဖြစ်၍ အဒေါ်တစ်ဝမ်းကွဲဖြစ်သူ မန္တလေးမြို့၌ ရှိ၍ မြစ်ကြီးနားမြို့ အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သောအခါ မန္တလေးတက္ကသိုလ်သို့ နေ့ကျောင်းသားအဖြစ် လာရောက်တက်နိုင်ခြင်း ဖြစ်သည်။

မောင်လှမြင့်၏အဒေါ်က များများ မချမ်းသာသော်လည်း တက္ကသိုလ်ပညာကို သင်ကြားနေသော သူ့တူအား တတ်အားသမျှ ပြုစုရှာသည်။ သူမခင်ပွန်း၏ အထက်တန်းစာရေးလခမှာ ယနေ့ ကုန်ဈေးနှုန်းကြီးမြင့်မှုများနှင့်ဆိုလျှင် ကြွေးမတင်ရန် အိမ်သူက အတော်ပင် စေ့စပ်ရသည်။ အမိနှင့်အဖ မရှိတော့ရှာသော သူ့တူအား ချစ်သနားသည့် အဒေါ်သည် ကျောင်းမတက်သော မောင်လှမြင့်အား ယနေ့ထက်တိုင် မငြိုမငြင် ကျွေးမွေးထားလေသည်။

သူမ၏တူတော်မောင် အိမ်ရောက်သည့်နေ့က မောင်လှမြင့်ဦးကြီးတော်သူ မြစ်ကြီးနားမြို့မှ ရေးပေးလိုက်သည့် စာဝယ်မူ သူ့တူသည် ဉာဏ်ကောင်း၍ ကြိုးစားကြောင်း၊ အပျော်အပါး မလိုက်စားကြောင်း၊ လိမ်မာကြောင်းတို့ကို ချီးမွမ်းရေးသားထားပြီး မကျေနပ်သည့်အချက် အနေနှင့်မူ အသုံးမကျသော ဝတ္ထုများကို ဖတ်လေ့ရှိကြောင်း တစ်ခုသာ ဖော်ပြထားလေသည်။ သူမက ထိုစာများကို ဖတ်ရသောအခါ ဝမ်းသာအားရ ရှိလှသည်။ ဝတ္ထုဖတ်သည်ဆိုသည့် အချက်ကိုလည်း ဂရုမထားလှ၊ ဒါလောက် လိမ္မာ စာကြိုးစားသည့် ကလေးတစ်ယောက် သူနှစ်သက်သည့် ဝတ္ထုတော့ ဖတ်ပါစေ။

သို့ရာ၌ သည်အချက်ကပင် မောင်လှမြင့်၏ဘဝကို ပြောင်းလဲသွားစေကြောင်း သူမက တွေ့ရှိရသည်။ ဝတ္ထုဖတ်သည်ဆိုရာ၌ သူမက အရှေ့အိမ်မှ ဖိနပ်ချုပ်သည့် ကလေးများလို အလုပ်အားသည့်အချိန်မှ အပျင်းပြေဖတ်လိမ့်မည်ဟု ထင်မှတ်နေခဲ့သည်။ မောင်လှမြင့်က ဝတ္ထုဖတ်သည်ဆိုလျှင် ထမင်းသတိမရ အအိပ် သတိမရ ရှိနေတတ်သည်။ သူမက လွယ်

လွယ်ကူကူ ဝတ္ထုဟုသာ မှတ်သားထားရသည်။ တကယ်တော့ အင်္ဂလိပ် လိုရော ဗမာလိုရော စာအုပ်ထူထူပါးပါး မျိုးစုံဖြစ်လေသည်။ ညဆိုလျှင် သန်းခေါင်သန်းလွဲအထိ ဖတ်နေသည်ကို ပြောလို့ဆိုလို့ မရ၊ ကြာတော့ ကျန်းမာရေး အတော် ချွတ်ယွင်းလာသည်ကို တွေ့ရသည်။

စာကို ဖတ်သည်သာမက၊ စာကို တကုပ်ကုပ် ရေးနေသည်ကို လည်း တွေ့ရသေးသည်။ အစကတော့ ကျောင်းစာကိုရေးနေသည်ဟု သူမက ထင်မှတ်ရှာသည်။ နောက်မှ သူငယ်ချင်းတစ်စုက မောင်လှမြင့်အား စာရေးဆရာကြီးဟု နောက်ပြောင်ခေါ်တော့မှ အော် ငါ့တူက စာရေးဆရာ ပါလားဟု သိရှာတော့သည်။

မောင်လှမြင့်က ပထမနှစ်တော့ စာမေးပွဲ အောင်ပါသေးသည်။ နောက်နှစ်၌မူ မအောင်တော့။ ကျ၏။ ထပ်ဖြေ၍ မအောင်သောအခါ ကျောင်းကို လုံးဝ စွန့်လွှတ်လိုက်လေတော့သည်။

သူမကမူ တူတော်မောင်အား မိဘမဲ့ဟူသော အချက်ဖြင့် ပြော၍ မရတော့သော်လည်း ကျွေးမွေးထားပါသည်။ မောင်လှမြင့်ကမူ စာကို ရေးချင်သည့်အခါ ရေး၍ ရသောငွေဖြင့် လုပ်ချင်တာကိုသာ လုပ်နေပါသည်။

နေရောင်က သစ်ပင်တွေနှင့် မြင့်မားသော အဆောက်အဦများ ပေါ်မှာသာ ကျန်တော့သည်။ မောင်လှမြင့်က မျှော်လင့်ကြီးစွာနှင့် အပြုံး အား စောင့်ကြိုနေလင့်ကစား မယဉ်နွယ်က ယခုထိ ပြန်မလာသေးပါ။ တခြားလမ်းများက ပြန်သွားလေပြီလား။ အို မဟုတ်နိုင်ပါ။ မိုးချုပ်နေ၍သာ ဖြစ်ပေမည်။ ဘယ်အချိန်ထိထိ စောင့်ကို စောင့်ရပေမည်။

လာပါတော့နော် . . . အပြာကလည်း။

(၂)

'ကိုလှမြင့် . . . '

အသံကလေးက အေးမြသာယာပေမဲ့ သူက လန့်သွားသည်။ လည်ပြန် မဟုတ်၊ တစ်ကိုယ်လုံး လှည့်မိလျက်သား ရှိသွားသည်။

**ရန်အောင်စာပေ (၂)**

မောင်လှမြင့်က ဝင်းဝဒ္ဓရုပ်ကာ မြောက်ယွန်းယွန်းသို့ မယဉ်နွယ် အလာကို စောင့်ကြိုကြည့်နေရာမှ သူ့အားခေါ်သံ နောက်ကျောဖက်မှ ကြားလိုက်ရသည်။ သူက အသံကိုကျက်မှတ်မိခြင်းရှိ၍ တုန်လှုပ်ခြင်းဖြင့် တစ်ကိုယ်လုံး နောက်သို့ လှည့်မိလိုက်သည်။

'ကိုလှမြင့် . . .'

မျက်နှာချင်းဆိုင်မိလျှင် ဒုတိယအကြိမ် ခေါ်ခြင်းကို ကြားရသည်။

ချစ်စဖွယ်အပြုံးကို ထုတ်လုပ်သူအပြာအား သူက စောင့်မျှော်နေစဉ် ဆန့်ကျင်ဖက်အရပ်မှ အမျိုးသမီးတစ်ဦးသည် မမျှော်လင့်ဘဲ ဆိုက်ရောက် လာလေသည်။ သူ၏ အရက်ရက် အလလက အသိအမှတ် ပြုပြီးသော ကိုးကွယ်ရှင်မ ဖြစ်သည်။

'ရွှေစင်ဦး . . .'

သူက ဖြစ်ညှစ်၍ ခေါ်လိုက်သော်လည်း ခပ်တိုးတိုးသာ ထွက်ပေါ် လာသည်။ ကိုးကွယ်ရှင်မကတော့ ပြုံးလိုက်ပါသည်။ ရွှေစင်ဦး၏ အပြုံးက အေးစက်စက် ရှိသော်လည်း မက်မောဖွယ်ရာ ကောင်းသည်။

'ရသာတန်းဘက်က လှည့်လာတာ . . .'

ရွှေစင်ဦးက မိန်းမစီးဘီးလေးကို ဒေါက်ထောက်ရင်း ပြောလိုက် သည်။

'မမရီတို့ ဆီကလား . . .'

'အင်း . . .'

'အိမ်ထဲမှာ ထိုင်ပါအုံးလေ . . .'

မောင်လှမြင့်က ပြောရင်း သူမ၏ဘီးကို တွန်းကာ ဝင်းထဲဝင်သွားရာ ရွှေစင်ဦးက မိုးချုပ်နေပြီဟု ငြင်းဆန်ရင်းနှင့်ပင် ပါသွားလေသည်။

တကယ်ပဲ မောင်လှမြင့်က ဤသို့ ပြုစုရပေမည်။ သူက အပြာအား စောင့်မျှော်နေရာ ဆန့်ကျင်ဖက်မှ ရွှေစင်ဦးက ရောက်လာလေသည်။ မကြာခင် အပြာသည်လည်း ရောက်လာပေမည် ဖြစ်သော်လည်း စကား ကောင်းကောင်း ပြောခွင့်ရတော့မည် မဟုတ်သည့်အတူ သူမနှင့် မျက်နှာချင်း

မဆိုင်မိဘဲ ရှိသည်က ကောင်းပေမည်။ ဘယ်လိုကြောင့်မှ မဟုတ်သော်လည်း သူနှင့်အပြာ သိကျွမ်းသည်ကို ရွှေစင်ဦး မသိရှိစေလိုပါ။

'ထိုင်လေ ရွှေစင်ဦး . . .'

မောင်လှမြင့်၏ ဒေါ်ဒေါ်က ဧည့်ခံလေသည်။ သူမက ရွှေစင်ဦးအား ကောင်းစွာ သိလေသည်။ ရွှေစင်ဦးက ဤအိမ်သို့ သူ့တူ၏တစ်ဦးတည်းသော အမျိုးသမီးမိတ်ဆွေအဖြစ်နှင့် အကြိမ်အတော်များများ လာဖူးခဲ့လေပြီ။ သူမက သူတို့နှစ်ဦး၏ ဆက်ဆံရေးကိုလည်း အနည်းအကျဉ်း ရိပ်မိသည်ရှိ၏။ ယခုတလော မလာသည်မှာ ရက် တော်တော်ခြားသွားပေပြီ။

'မလာတာ တော်တော်ကြာလို့ မောင်လှမြင့်တောင် မေးကြည့်မိသေးတယ်'

'အဲ့တော့ သူက ဘာပြောလဲ . . .'

ရွှေစင်ဦးက နည်းနည်းစိုးရိမ်စွာ မေးလိုက်သည်။

'စာကျက်နေလို့ နေပါလိမ့်မယ် တဲ့ . . .'

မောင်လှမြင့်က သူမနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်လိုက်သည်။

'ကဲ . . . စကားပြောကြအုံး၊ ဒေါ်ဒေါ် ကော်ဖီ ဖျော်လိုက်ဦးမယ်. . .'

'နေပေစီ ခုပြန်မှာ၊ မီးတောင်လာနေပြီ . . .'

လမ်းမီးပွင့်လေးတွေက နီကျင်ကျင်ရီနေသည်၊ ဒေါ်ဒေါ် ထသွား၍ ခဏကြာသည့်တိုင်အောင် သူတို့နှစ်ယောက်က စကား မပြောမိကြသေး၊ မောင်လှမြင့်က သူမ၏အလှနှင့် အပြာ၏အလှကို နှိုင်းယှဉ်ကြည့်နေမိသည်။

လှကြသည်ပင်၊ သို့သော် တသီးတခြားစီ လှကြသည်ဖြစ်၏။ တစ်ယောက်က သခင်မလိုလှ၍ ကျန်တစ်ယောက်က အဂ္ဂမဟေသီလို လှလေသည်။

မယဉ်နွယ်က ငြိမ်သက်စွာ လှသည်၊ သူမ၏အလှက တည်ငြိမ်မှု ရှိ၍ ကြည်ညိုဖွယ်ရာ ကောင်းလှသည်။ သခင်မများထွန်းကားသော ခေါမ ခေတ်က အလှဘုရားမသည် ထင်ရှား ကျော်ကြားလှသည်။ ယနေ့ မယဉ် နွယ်က ထိုင်၍ ရှိခိုးဖွယ်ရာ ကောင်းအောင်လှသော သခင်မပင်ဖြစ်၏။

ရွှေစင်ဦးက ဆန့်ကျင်ဖက်ကျသည်၊ သူမက တက်ကြွစွာ လှသည်။ သူမ၏အလှကို ခံစားရသည်က ရင်တဒိတ်ဒိတ် သွေးတခုန်ခုန် ရှိသည်။ မောလည်းမောသည်၊ သူမက တိုက်တွန်းစေ့ဆော်သော လှခြင်းမျိုး ဖြစ်သည်။ မက်မောမှုကို တက်ကြွစေကာ အင်္ဂမဟေသီ တင်မြှောက်သင့် သော အလှမျိုး ဖြစ်လေသည်။

ဘယ်သို့ပဲရှိရှိ ရွှေစင်ဦးက မောင်လှမြင့်၏ အရက်ရက် အလလ ကြာမြင့်ပြီဖြစ်သော ကိုးကွယ်ရှင်မ ဖြစ်လေသည်။

'ကိုလှမြင့် နေမကောင်းဘူးလားဟင် . . .'

သူမက အင်မတန်ကြင်နာသော ခေါင်းစည်းဖြူနှင့် ဆရာမ တစ်ယောက်ဟန်ဖြင့် မေးလိုက်သည်။ သူက ခပ်မဲ့မဲ့လေးပြုံးသည်ကို အဖြေဖြစ်စေသည်။

သူမ၏မေးခွန်းက သူ့အား သက်သက်စော်ကားသည် ဟုယူဆ သည်၊ ခပ်မဲ့မဲ့လေးပြုံးသည်ကပင် အဖြေဖြစ်၍ နှုတ်မှတော့ ဘာမှ ပြန်မပြောချေ။

'နက်ဖြန် အားသလားဟင် . . .'

သူက ဒိတ်ခနဲ ဖြစ်သွားသည်။ နက်ဖြန်အားသလားဟု မေးခြင်းက တစ်ခုခု ခိုင်းစရာရှိ၍မေးသည်ကို သူက သိပြီးဖြစ်၏။ သည်လိုပင် ရွှေစင်ဦး သည် ခိုင်းစရာရှိလျှင် ပေါက်၍လာတတ်သည်။ သူကလည်း ဘယ်တစ်ခါမှ ငြင်းလိုက်ဖူးခြင်းမရှိ၊ ငြင်းဆန်နိုင်အားလည်း မရှိပါ။ ယခုလည်း နက်ဖြန်ခါ အားသည်ဆိုလျှင် တစ်ခုခုကို ခိုင်းပေတော့မည်။

'မနက်ဖြန် ဥပုသ်နေ့ ထင်တယ်'

'အင်းပေါ့ ဒါကြောင့်မို့ . . .'

ရွှေစင်ဦးက တစ်ခုခုကို ပြောတော့မည် ပြုပြီးမှ၊

'အားတယ်မို့လား . . .'

ထပ်၍ မေးလိုက်သည်။

မောင်လှမြင့်က ထမီပြာပြာလေးကို မြင်ယောင်မိပါသည်။ ဒီအချိန်လောက်ဆိုရင်ပဲ အပြာက သူ့အိမ်ရှေ့က ဖြတ်သွားပြီးလောက်ပေပြီ၊ ကနေ့ မတွေ့လိုက်ရသည်ကိုတော့ ရှိပါစေဦးတော့၊ နက်ဖြန်ဥပုသ်နေ့ဖြစ်၍ သူမက ဈေးနားပေလိမ့်မည်။ ပြီးကျတော့လည်း သူက ဆံကျစ်နှစ်သွယ်နှင့် ညီမငယ်ငယ်များအားလည်း တွေ့လိုပါသေးသည်။

'ဘာလုပ်မလို့လဲ'

ကိစ္စက အရေးမကြီးပါစေနှင့်ဟု ရင်တဒိတ်ဒိတ်နှင့် ဆုတောင်းနေမိသည်။

'ဘုရားကြီး သွားကြရအောင် . . . လိုက်မယ်မို့လား . . .'

တကယ်ကျတော့ အရေးမကြီးပေမင့် မငြင်းဆန်နိုင်။

'ဘယ်အချိန်လဲ'

'မနက်ပိုင်းပေါ့ . . .'

အပြာက မမတစ်ယောက်သာ ဖြစ်ပြီး ရွှေစင်ဦးက ကိုးကွယ်ရှင်မဖြစ်ချေသည်မဟုတ်ပါလား၊ မနက်ပိုင်းသွားတယ်ဆိုတော့ နေ့လယ်ပြန်လာလျှင် သွားနိုင်သေးသားပဲ၊ တကယ်လို့ မနက်ဖြန် မသွားနိုင်လည်း နောက်ဥပုသ်မှ သွားလျှင်ရတာပေါ့ဟု မောင်လှမြင့်က တွေးနေမိ၏။

ရွှေစင်ဦးက ပြုံး၍ အောင်မြင်မှုကို ဝင့်ကြွားနေသည်။ မောင်လှမြင့်က အစဉ်သဖြင့် သူမအား အရှုံးပေးနေရသည်ချည်းသာ။

'ရွှေစင်ဦး လာမှာလား . . . မနက်ကျတော့ . . .'

'လာမှာပေါ့ စောင့်နေသိလား . . အို မိုးချုပ်လှပါပြီကော'

'လိုက်ပို့ပေးမယ်လေ . . .'

(၃)

ကျောင်းကြီးတက္ကသိုလ်မှ ကြယ်ပွင့်တစ်ပွင့်ဖြစ်၏။

ရွှေစင်ဦးသည်ကား ယနေ့ ပညာတတ်သည်ဟုဆိုသည့် လူရွယ်များပါးစပ်တွင် ကိန်းအောင်းနေသော လှနတ်မိမယ် ဖြစ်ချေသည်၊ လှပခြင်းအတွက် သက်သက်ကျော်ကြားသည် မဟုတ်လှ၊ ကျော်ကြားခြင်းလည်း ရှိသော လှသည့် အမျိုးသမီးပါ။

ရွှေစင်ဦးက အလှအပအတွက် သက်သက်ကျော်ကြားနိုင်ရန် မန္တလေးတက္ကသိုလ်တွင် အလှပဆုံးသော ကျောင်းသူတစ်ယောက် မဟုတ်ပါ။ အလှပဆုံးသော ကျောင်းသူဟူ၍လည်း ရှိချင်မှ ရှိပေမည်၊ အလှဆုံးသော ကျောင်းသူဟူသည်ကို ရွှေစင်ဦးကိုယ်၌ကလည်း လက်ခံခဲ့ဖူးသည် မဟုတ်ပါ။

'ဘယ်အမျိုးသမီးကိုမှ ရွှေစင်ဦးထက်လှတယ်လို့ အသိအမှတ်မပြုနိုင်ဘူး။ ပြီးတော့ ဘယ်သူမှလည်း ရွှေစင်ဦးလောက် မလှဘူးလို့ မဆိုချင်ပါဘူး'

မယ်တက္ကသိုလ်ရွေးပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် ရွှေစင်ဦးအား သူငယ်ချင်းများက တိုက်တွန်းသောအခါ ဤသို့ ပြန်ပြောခါ ငြင်းဆန်လေ့ရှိပါသည်။ သူမက နံပါတ်စဉ်ထိုးပေးသော မယ်တက္ကသိုလ် ၁၊ ၂၊ ၃၊ ၄ စသည်တို့ကို ဘယ်လိုမှ ကျေနပ်နှစ်သက်မှု ရှိဟန်မတူပေ။

မန္တလေးတက္ကသိုလ်ရှိ မြောက်များလှစွာသော ကျောင်းသူလှလှလေးများတွင် ရွှေစင်ဦးတစ်ယောက် အပါအဝင် ဖြစ်ပေသည်။ သို့သော် တစ်ပါးကျောင်းသူ လှလှလေးများထက် ရွှေစင်ဦးက ပိုမို ကျော်ကြားသည်ကိုတော့ ရိုးသားစွာပဲ ကြားက ဝန်ခံကြရပေမည်၊ သူမ၌ ကျော်ကြားရမည့် အကြောင်းရင်းများကလည်း ရှိလေသည်။

'ရွှေစင်ဦးက ဖော်ရွေတယ်'

သည်အချက်သည် လှသောမိန်းကလေးအတွက် အတော်ပင် အရေးကြီးလေသည်။ လှ၍မာနကြီးသည် ဆိုခြင်းက အလှ၏တန်ဖိုးကို လျော့ပစ်သည်နှင့် အတူပင်ဖြစ်ပါ။ ရွှေစင်ဦးကတော့ ဘယ်သူ့ကိုမဆို

ရင်းနှီးချစ်ခင်စွာ ဆက်ဆံပေါင်းသင်းလေရာ ပညာတတ်ဆိုသူတို့၏ အသုံးအနှုန်းအားဖြင့် ဆိုရှယ်ကျသည် ဆိုစမှတ်ရှိ၏။

'အို . . . ရွှေစင်ဦးကတော့ ဘယ်သူ့ကိုမဆို ချစ်တာပါပဲ'

သူမ၏ရာဇဝင် တက္ကသိုလ်ကဏ္ဍတစ်လျှောက်လုံး သည်စကားလေးကို ပြောလာခဲ့သည်။ သူမကိုခေါ်၍ မရသူအချို့ကတော့ အိုကွာ အလကားပါ။ ဒီကောင်မက ဘယ်သူ့ကိုမဆို ချစ်ပါတယ်ဆိုတာနဲ့ ပေါတာတွေကို လိမ့်နေတာပါဟု ပြောကြလေသည်။

ဘာပဲဖြစ်ဖြစ် သူမက ဖော်ရွေ၍ အားလုံးသော ကျောင်းသားများလောက်ကိုသိ၍ အားလုံးသော ကျောင်းသားတို့ကလည်း သူမအား သိကြလေသည်။

ပြေးခုံကစားပွဲများတွင် ရှေ့တန်းမှပါဝင်သည်က သူမ၏ ကျော်ကြားမှုကို ပိုမို၍ မြင့်မားစေသည်။ တက္ကသိုလ်တွင် ရေပန်းစားနေသော ဟိုအသင်း ဒီအသင်းများတွင် အမှုဆောင်အဖြစ် ပါဝင်ခြင်းက သူမအား လူတိုင်းက သိကျွမ်းစေသည့် နည်းပင်ဖြစ်သည်။ ရွှေစင်ဦးက သူမ၏ ကျော်ကြားမှုအတွက် ဒီမိုကရေစီပညာရေးတိုက်ပွဲကို ခေါင်းဆောင်နေသော ကျောင်းသားသမဂ္ဂတွင်လည်း ရွှေစင်ဦးနီ အမည်ကို ခံယူရင်း ပါဝင်လေသေးသည်။

ရွှေစင်ဦး၏အလှ တက္ကသိုလ်တွင်သာမက အထက်တန်းကျောင်းများနှင့် မြို့ထဲအထိ ပျံ့နှံ့ ကျော်ကြားလေသည်။

တက္ကသိုလ်ဝင်သင်တန်းကို တက်ကာ ရှေ့နှစ်တွင် တက္ကသိုလ်သို့ ရောက်ရန် အားခဲထားကြသော ကျောင်းသားတို့သည် တက္ကသိုလ်သို့ ရောက်သောအခါ အဘယ်မျှလှပသော ကျောင်းသူမများအား တွေ့ရပါမည်လဲဟု လေ့လာရန်နှင့် တက္ကသိုလ်သို့ အလည်လာကြသောအခါ ကျော်ကြားခြင်းရှိလှသော ရွှေစင်ဦးကိုသာ အရင်ဆုံး မေးမြန်းရှာဖွေကာ သူမ၏အလှကို ဖူးမြော်ကြလေသည်။

ကျော်ကြားခြင်း ကြီးမားလှသော ရွှေစင်ဦးက နှင်းကျရာသီည

တစ်ညဦးဝယ် မန္တလေးမြို့၏ အဓိကလမ်းပေါ်ဝယ် မိန်းမစီးစက်ဘီး ကလေးကို ညင်သာစွာ နင်းလျက်ရှိသည်။ သူမဘေးမှ ကျော်ကြားမှု လမ်းကြောင်းဝယ် စမ်း၍လျှောက်သော စာရေးဆရာလေး တစ်ယောက်က ရွှေစင်ဦးအကြောင်းကို စဉ်းစားရင်း လိုက်ပါလာလျက် ရှိလေသည်။

'ကိုလှမြင့်'

'ဟင် ရွှေစင်ဦး'

ယှဉ်၍သွားရင်း တစ်ယောက်မျက်နှာတစ်ယောက် ငဲ့စောင်းကြည့်မိကြသည်။ သူမက အေးသက်သာစွာရှိပြီး သူက အနည်းငယ် မငြိမ်မသက် နိုင်သည်။

'ကိုလေးမြင့် ရွှေဇင့်ကို စိတ်ဆိုးနေသလား'

ရင်းနှီးခြင်းသဘောဖြင့် 'ကိုလေးမြင့်' 'ရွှေဇင်' စသည့် အသုံးအနှုန်းများကို သုံးတတ်လေ့ရှိပါသည်။ မောင်လှမြင့်က သက်ပြင်းတစ်ချက်သာ မှုတ်ထုတ်လိုက်ပါသည်။

'စိတ်မဆိုးလည်း စိတ်ဆိုးလောက်တယ်ပေါ့လေ၊ ရွှေဇင်ရဲ့စေတနာက မှန်ကန်ပေမဲ့ လုပ်ဟန်တချို့ မှားယွင်းပေတာကိုး'

သူမက ညှိုးငယ်စွာ ပြောလိုက်ရာ သူက ရင်ထဲဝယ် နစ်ဆို့သွားသည်။ လွန်ခဲ့သည့် နှစ်ပတ်ခန့်က သူနှင့် ရွှေစင်ဦးသည် ရုပ်ရှင်သွားကြည့်ရန် ချိန်းဆိုခဲ့ကြလေသည်။ သွားကြတော့မည် လုပ်ခါမှ ဂျစ်ကားလေးနှင့် ကက်ပတိန် ကြည်လေး ရောက်လာကာ သူမအား မေမြို့သို့လိုက်ပါရန် ဖိတ်ခေါ်လေသည်။

အဲဒီတုန်းက ဗိုလ်ကြည်လေးမှာ တခြားအမျိုးသမီး အဖော်တွေ အများကြီး ပါလာတယ်လေ၊ အဲဒီ အမျိုးသမီးတွေရှေ့မှာ ရွှေစင်က မလိုက်ဘူးလို့ ပြောလိုက်လျှင် သူ့ခမျာ အရှက်ရမယ်မဟုတ်လား၊ ဒါပေမဲ့ ရွှေစင်က ငြင်းပါသေးတယ်၊ နောက်ဆုံးမှသာ. . .'

ကက်ပတိန်ကြည်လေးမှာ ရွှေစင်ဦးအား မျှော်လင့်နေသော တပ်မတော်သား ပညာတတ်တစ်ယောက် ဖြစ်လေသည်။ တက္ကသိုလ်မှ

ဒီဂရီရပြီးခါမှ စစ်ထဲဝင်သွားသော ကြေးရတတ်၏ သားတစ်ဦးဖြစ်သေးသည်။ အလားအလာနှင့်လူ ခန့်ချောတစ်ယောက်လည်းဖြစ်၏။ ရွှေစင်ဦးကလည်း တော်တော်ပဲအရေး ဦးစားပေးလေသည်။ မောင်လှမြင့်ကတော့ သည်အချက်တွေထောက်၍ ဖြေ၍ မရနိုင်သည်သာ ရှိလေသည်။

'ပြီးတော့ ကိုလေးမြင့်က လူရင်းတစ်ယောက် ဖြစ်တယ်လေ၊ တစိမ်းကိုဆိုတော့ ပိုအားနာရမယ် မဟုတ်လား၊ အို . . . ကိုလေးမြင့်က ရွှေစင့်ကို စိတ်မဆိုးပါဘူးနော် . . .'

'ဝမ်းနည်းတာ တစ်ခုပါပဲ . . .'

မောင်လှမြင့်က ဒါပဲပြောနိုင်၏။ သူမ၏ ဖြေရှင်းချက်က ကျေနပ်စရာ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ သူက ပြေလည်ရပေမည်၊ သူက ပြေလည်ခဲ့ရဖူးပေါင်းလည်း များလှပေပြီ၊ နောက်ဆုံးတစ်ခုပဲ တတ်နိုင်သည်။ အဲဒါက ကြေကွဲ ဝမ်းနည်းခြင်းပင်။

'အို ဘာလို့ ဝမ်းနည်းရမှာလဲ ကိုလေးရာ၊ ရွှေဇင့်ကိုချစ်ရင် ဒီစကားမျိုး မပြောစမ်းပါနဲ့'

မောင်လှမြင့်က မနေ့က ညဥ့်ဆိုလျှင် တုပြိုင်နိုင်းရာကင်းသော ပြာမေလှကို လိုက်၍ပို့ခဲ့ရပြီး ယနေ့ညဥ့်တော့ ဆန့်ကျင်ဖက် အရပ်၌နေသော သက်နှင်းရွှေစင်ဦးအား လိုက်ပို့နေရချေပြီ၊ မနေ့ညက ရယ်မောခြင်း၏ အစဖြစ်ပြီး ယနေ့ညက ငိုရှိုက်ခြင်း၏ အဆုံးဖြစ်လေသည်။

နှင်းကျငွေမှုံည။

စစ်ကိုင်းတန်းရှိ ဝတ်လုံတော်တစ်ဦး၏ တိုက်ရှေ့သို့ရောက်လျှင် သူတို့က ရပ်လိုက်ကြသည်။ သူမက တိုက်ဝမှ လျှပ်စစ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ အိမ်သားတစ်ယောက် တံခါးဖွင့်ပေးလေသည်။

'မနက်ဖြန်ခါ စောင့်နေနော် . . .'

မောင်လှမြင့်က မကြားနိုင်လောက်အောင်ဘဲ ပြန်သွားနှင့်လေပြီ။

(၄)

ဒေါ်ဒေါ်က ကြွေဇလုံထဲတွင် ကြွင်းကျန်နေသေးသော ထမင်းလုံးများကို ကျေးငှက်များစားနိုင်ရန် ပက်လိုက်ပြီး မီးဖိုချောင်ဘက်သို့ ဝင်သွားလေသည်။ ဆွမ်းတော်ပင် ကုန်လေပြီ၊ မောင်လှမြင့်က လက်မှနာရီကို မြှောက်၍ကြည့်လိုက်မိ၏။

ကိုးနာရီထိုးတော့မည်။

ရွှေစင်ဦးက ရောက်ရှိမလာသေးပါ။ သူက စောစောကတည်းက စောင့်၍ နေရ၏။ ယနေ့မအား၍ မလာနိုင်ဆိုသည်ကို မယဉ်နွယ်အား သွား၍ ပြောလိုက်ချင်သည်ကိုပင် သူမ လာလျှင် မတွေ့မည်စိုး၍ မသွားရပေ၊ မနေ့က မနက် လာမည်ဟုသာ ပြောသွားသည်။ သူ့ကိုယ်၌ကလည်း ဘယ်အချိန်လဲဟု တိကျမှုကို မဖော်ထုတ်လိုက်မိ။

အထူးသဖြင့်လည်း သူက စောင့်၍နေရခြင်းများကို စိတ်မရှည်နိုင်၊ တစ်ကြိမ်က စစ်ကိုင်းမှပြန်လာရာ ကားဆိပ်၌ ကားတစ်စင်းသာ ရှိပြီး လူစောင့်နေသဖြင့် ထွက်နိုင်ခဲ့လှ၏။ ဒီကားတစ်စင်းသာ ရှိတော့၍ သူထွက်မှသာ ရောက်နိုင်၏။ သို့သော် မောင်လှမြင့်က စောင့်မနေ၊ ခြေလျှင်လျှောက်သွား၏။ တစ်မိုင်လောက် လျှောက်မိမှ စောစောက ကားမီလာ၍ တက်လိုက်သွားရသည်။ စောင့်နေရသည်ဖြစ်စေ၊ သွားသည်ဖြစ်စေ၊ ဒီကားနှင့် ဒီအချိန်တွင် ရောက်မည်သာဖြစ်ပါလျက် သူက မစောင့်ခဲ့ချေ။

ရွှေစင်ဦးအား စောင့်ရင်း မယဉ်နွယ်ကို တွေ့သောအခါ ဘယ်ကဲ့သို့ ညာရမည်ကို စဉ်းစားနေလေသည်။ အိမ်က ခိုင်းလိုက်သဖြင့် စစ်ကိုင်းသွားနေရ၍ မလာဖြစ်ဟု ပြောမှပါပဲ။

ရွှေစင်ဦးက လာနိုင်ခဲ့၍ ငြီးငွေ့ဖွယ်ကောင်းအောင် စောင့်နေရသော်လည်း သူက ကျိန်ဆဲခြင်းမရှိပါ။ သူ၏ ကိုးကွယ်ရှင်မဖြစ်သည် မဟုတ်ပါလား၊ တကယ်တော့ သူက သူမအတွက် အသက်ရှင်နေသည် ဖြစ်၍ သူမအား ခဏတာမျှ စောင့်နေရသည်ကို ဘာများ ငြူစူစရာ

လိုပါသေးသလဲ။

တစ်ခါတစ်ရံရော ကာလကမူ မောင်လှမြင့်က ပြည်သူလူထုအတွက် အသက်ရှင်ခဲ့၏။ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပညာရေးအတွက် တိုက်ပွဲဝင်နေရသော ကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်ဖူး၏။ ထိုသို့ ကျောင်းသားအရေးကို ဆောင်ရွက်နေရင်း တက္ကသိုလ်ကျောင်းသားများသမဂ္ဂကို လုပ်အားကူပေးသော ရွှေစင်ဦးနှင့် တွေ့ဆုံသိကျွမ်းခွင့် ရခဲ့လေသည်။ ပြည်သူလူထုအတွက် အသက်ရှင်ရင်း သူမအား သိခဲ့ရပါလျက် ယနေ့သူက သူမအတွက် အသက်ရှင်နေလိုက်ပါသေးသည်။

ယနေ့ကာလ၌မူ မောင်လှမြင့်က ရွှေစင်ဦးတစ်ယောက် အတွက်သာ အသက်ရှင်နေ၍ ပြည်သူလူထုနှင့် ကျောင်းသားထုအား မေ့လျော့ထားလိုက်လေပြီ၊ သူ၏ရဲဘော်များက ကြိုးစား၍ အကြိမ်ကြိမ်ဆွေးနွေး၍ မရသည့်အဆုံး၌ သူ့အား ကျဆုံးသွားပြီဖြစ်သော ရဲဘော်တစ်ယောက်အနေနှင့်သာ အသိအမှတ်ပြုထားလိုက်ကြရတော့၏။

သို့သော် ရွှေစင်ဦးက သူ့အတွက် အသက်ရှင်နေခြင်း မဟုတ်ပါ။

သူက သမဂ္ဂကိစ္စများအတွက် တွဲဖက်ကာ သူမနှင့် တာဝန်များများ ထမ်းဆောင်မိသောအခါ တော်တော် ကျွမ်းဝင်လာလေသည်။ သမဂ္ဂကိစ္စအပြင် စာပေရေးရာတို့ကိုလည်း ဆွေးနွေးလာကြသည်။ ရွှေစင်ဦးက 'နေ့ကျောင်းသူ' နံရံကပ်စာစောင် အယ်ဒီတာဖြစ်လေသည်။

သူတို့နှစ်ယောက်သည် ခင်မင်လာသည့်နှင့်အမျှ ရုပ်ရှင်နှင့် အခြားနေရာများသို့ အလည်အပတ် ရောက်ခဲ့ကြလေသည်။ ပျော်၍ ရွှင်၍ ရယ်နေကြလေသည်။ ရယ်မောခြင်းသည် သူမအား ချစ်ရေးဆိုမိသော နေ့မှာ ရပ်သွားလေသည်။ ရွှေစင်ဦးက သူ့အတွက် အသက်ရှင်နေခြင်း မဟုတ်ပါ။ သူကသာ ရွှေစင်ဦးအတွက် အသက်ရှင်နေခြင်းဖြစ်သည်။ ငိုကြွေးခြင်းနှင့် မျက်ရည်ကို ယနေ့ထိပဲ သူက ခံမင်နေကာ မစွန့်နိုင်ဘဲ ရှိတော့၏။

သက်နှင်းရွှေစင်ဦးက လာနိုင်ခဲ၍ ဆောက်တည်ရာမှ ရပါစေ

တော့ဟု သူက စာအုပ်တစ်အုပ်ကို ဖတ်ရင်း စောင့်နေလေသည်။ သူမထံသာ စိတ်စောနေ၍ စာထဲ၌ စိတ်ဝင်စားခြင်း မရှိလှသော်လည်း စာအုပ်မှာ ကောင်းမွန်လှသဖြင့် တဖြည်းဖြည်း စိတ်ဝင်စားသွားလေသည်။

ဘယ်မျှ ကြာသွားသလဲ မသိ။

'စာရေးဆရာကြီး စောင့်ရတာ ပျင်းပြီလား'

သူက ဒီတော့မှ စာအုပ်ကိုဖယ်လိုက်ကာ သူမအား စောင့်မျှော်နေရကြောင်း ပြန်၍သိရလာသည်။

'လာတော့ လာသေးတယ်ကိုး'

ရွှေစင်ဦးက အိမ်ထဲမဝင်၊ အပြင်မှ ဘီးကိုမှီရပ်နေရာ မောင်လှမြင့်က သူမထံသို့ လျှောက်သွားရင်း ပြောလိုက်သည်။

'ဘယ် မလာဘဲနေပါ့မလဲ ချိန်းထားတဲ့ ဥစ္စာ'

'နောက်ကျတာသာ ရှိမယ်'

'အို ဒါက ရွှေစင်လာမယ်လုပ်တုန်း ဧည့်သည်တွေ ရောက်လာလို့'

'ယောက်ျား ဧည့်သည်တွေမှ ဟုတ်ရဲ့လား. . .'

'ဟင် . . . သူက သဝန်တိုပြန်ပြီ . . .'

ရွှေစင်ဦးက မျက်လုံးလေး ချီပင့်ပြောလိုက်ရာ အင်မတန်မှ ချစ်စရာကောင်းသည်ဟု သူက စိတ်ဝယ်မှတ်လိုက်သည်။

ရွှေစင်ဦးက လုံချည်စိမ်းကလေး ဝတ်ထားသည်။ အစိမ်းက မြက်ခင်းဆန်၍ အဖြူပန်းခက်နွယ်လေး တစ်ခက်က ခပ်ယဉ်ယဉ်လေး ဘစ်ပတ်ကြောင်လိမ် ကျော့၍ ရစ်နေလေသည်။ အင်္ကျီက နိုင်လွန်လက်တို ပြဲ်ပြီး အနားစဝယ် အစိမ်းဖတ် ကွပ်ထားသည်။

ရွှေစင်ဦး၏အလှက အမျိုးသားမဆန်၊ နိုင်ငံခြားယဉ်ကျေးမှုများ ကျူးကျော်နေသည်ကို တွေ့ရသည်။ နီထွေး၍ ပွင့်နေသော နှုတ်ခမ်းလေးက အေးသော ရာသီဝယ် နမ်းချင့်စဖွယ်၊ ဝိုင်းသောမျက်လုံးမှာ ကလေးဆန်မှု၏ ငင်စိတ်တစ်ဒေသ ဖြစ်လေသည်။ မျက်လုံးက ရယ်နေသည်ဟု ပြော ရလောက်သည်။

**ရန်အောင်စာပေ (၂)**

ပုလဲပုတီးဖြူဖြူလေးက သွယ်လာကာ ဝါဝင်းသောလည်တိုင်ဝယ် ကြော့ရှင်းလှပေသည်။

သူမ၏အရပ်က အနောက်တိုင်းသူလို မြင့်၍ ကိုယ်ကာယ အချိုးအစားသည် ဆန့်ကျင်ဖက် လိင်တစ်ဦးအား စေ့ဆော်မှုကိုလည်းကောင်း၊ အမျိုးသမီးတစ်ဦးဦးအား တိတ်တဆိတ် ငေးသွားစေရဖို့လည်းကောင်း တိုက်တွန်းနိုင်အောင် တက်ကြွမှု ရှိလေသည်။

သူမ၏ လှုပ်ရှားမှုတိုင်းက လှပ၍ ချစ်စရာကောင်းလေသည်။

'ကဲ . . သွားဖို့ အဆင်သင့်ပဲလား . . . '

'မနက်အစောကြီးကတည်းက အဆင်သင့်ဖြစ်နေတာ၊ ခု ဘယ်နှစ်နာရီ ရှိပြီလဲ၊ တစ်နေရာ သွားချင်တာတောင် မသွားရဘူး . . . '

'သနားစရာနော် . . . '

မောင်လှမြင့်က ကြောင်သွားသည်။ ရွှေစင်ဦးက ကိုယ်လေး လှုပ်ရမ်းကာ ရယ်လိုက်မှ ရောယောင် ရယ်လိုက်ရသည်။

မောင်လှမြင့်က အင်္ကျီအဝါလေးကို ဝတ်ကာ လုံချည်အကွက်စိမ်းကလေးကို ခပ်ရှည်ရှည် ဝတ်ထားသည်။ သူက ကျန်းမာရေးချို့တဲ့သူတစ်ယောက်ဖြစ်သည့်အတိုင်း ခပ်ပိန်ပိန် ရှည်ရှည်ဖြစ်လေသည်။

'ဟုတ်ပါဘူး . . . သူတို့ယောကျ်ားတွေက ဘာလို့ လူကို စိုက်စိုက်ကြည့်ကြတာလဲ . . . '

'မောင်လှမြင့်က ငေးမောကြည့်နေ၍ သူမက နှစ်သက်သော်လည်း မကြိုက်သလိုဘဲ ပြောလိုက်သည်။

'လှလို့ပေါ့'

'သူတို့ ဒါပဲ ပြောတတ်တယ် . . . ကဲ သွားစို့'

'ကျောင်းကိုများ ခြေဦးတောင် မလှည့်တော့ဘူး . . . '

ကားနှင့်မြင်းလှည်းကို ရှောင်လိုက်ကြရာ ရှေ့ဆင့်နောက်ဆင့် ဖြစ်သွားကြရာမှ မောင်လှမြင့်က နင်းလိုက်ရင်း သူမ၏ညာဘက်မှ ပြန်ယှဉ် အလိုက်တွင် ရွှေစင်ဦးက စောင်းငဲ့မကြည့်ဘဲ ပြောလိုက်လေသည်။

'ကျောင်းကြီး တက္ကသိုလ်ကိုလား . . . ဘာလုပ်ဖို့များ လာရဦးမှာလဲ . . .'

'အို . . . အနည်းဆုံး ရွှေစင့်ကိုတွေ့ရအောင် လာဦးပေါ့'

'အရင်တုန်းက လာတယ် မဟုတ်လား . . ရှေ့လည်း ရွှေစင့်ကို တွေ့ရမယ်ဆိုရင် ဘယ်မဆို လာမှာပေါ့ . . .'

'အလကား ပြောတာပါ။ ရွှေစင့်ကို တွေ့ရဖို့ ကျောင်းကိုမလာပါနဲ့၊ ကလပ်စ် တက်ရအောင် လာပါ . . .'

မောင်လှမြင့်က ဘာမျှပြန်မပြော၊ ထမီပြာနှင့် ကလေးမငယ်လေး တစ်ယောက်ကို မြင်မိ၍ မယဉ်နွယ်အား သတိရမိသည်။ စစ်ကိုင်း သွားတယ်လို့ အပြာကို ညာမပြောတော့ဘူး၊ ရွှေစင်ဦးနှင့် သွားတယ်ဆိုတာ ပြောမယ်၊ အားလုံးပြောမယ်၊ မမတစ်ယောက်ကို တိုင်ပင်သင့်တယ်လေ၊ မောင်လှမြင့်က အကြံသစ်ကို တွေးမိ၏။

'မတ်(ချ)မှာ ဖြေမယ် မဟုတ်လား . . .'

'ဟင့်အင်း . . .'

'ဘာလို့ မဖြေရမှာလဲ၊ တစ်ဘာသာပဲ ကျန်တော့တာပဲ . . .'

'အို ကိုယ့်အဖို့ ဒီစာမေးပွဲအောင်လို့တော့ ဘာများ မျှော်လင့်ချက် ရှိမှာမို့လဲ . . .'

'ဘာလို့ မရှိရမှာလဲ . . . ဒီဂရီ ရပြီးတဲ့နောက်ဆိုရင် အမျိုးသမီး တွေကို ဝိုင်းနေမှာပဲ . . .'

'အို ကိုယ်က ရွှေစင့်ကိုသာ ချစ်တာပဲ . . .'

'ကိုလေးမြင့်အဖို့ ရွှေဇင့်ထက်သာတာ တွေ့ရနိုင်ပါတယ် . . .'

'ရွှေဇင့်ကိုပဲ ရချင်တယ်'

'ကဲ . . . တော်ကြစို့၊ ဒီစကားတွေ ရောက်လာပြန်ပြီ . . .'

သူက ဘီးကို ဓာတ်ရထားလမ်းကြောင်းထဲ ကျမည်စိုး၍ ထိန်း သိုက်ရင်း . .။

'ဒါတွေ မပြောရင် ဘာတွေပြောရမှာလဲ . . .'

'အို ပြည့်လို့။ တခြား ရိုးရိုးအကြောင်းတွေ ပြောပေါ့ . . .'

သူမက မျက်ဆံနက်ကလေးကို အစွန်းသို့ကပ်ကာကြည့်ရင်း. . .

'ဟောဟိုမှာ ကြည့်စမ်း . . . ကြောင်လေး လှလိုက်တာ . . .'

မောင်လှမြင့်က သူမပြောဆိုရာ အကြောင်းသစ်ကို စိတ်မဝင်စားပါ။ ချစ်ရေးပြောကြားမှုများမှ တစ်ပါးစကားသို့ တိတိလင်းလင်း ပြောင်းလဲပစ်သည့် သူမအားလည်း စိတ်မရှိပါ။ သူမသည် အမြဲပင် ချစ်ခြင်းမေတ္တာခန်းသို့ ရောက်လာလျှင် စကားလွှဲပစ်တတ်လေသည်။ ထိုအခါမျိုးတွင် သူက ဘာမျှ ပြန်မပြောတော့ပါ။ တိတ်တိတ်ကလေးပင် နေလိုက်ပါတော့သည်။

'ဟေး ဘယ်သွားကြမလို့လဲ . . .'

တက္ကသိုလ်သူနှစ်ဦးက သူတို့အား ပြိုင်တူလှမ်းမေးလိုက်ကြသည်။ သည်တော့မှ သူတို့သည် သူတို့၏လှုပ်ရှားနေမှုကို သတိရကြသည်။

'ဘုရားကြီး . . .'

ပြိုင်တူပင် အမျိုးသမီးနှစ်ဦးက ရယ်သွားကြလေရာ ရွှေစင်ဦးက သူ့အား လှောင်သည်ဟုယူဆကာ နက်ဖြန်ခါကျောင်းကျမှ ရန်တွေ့မည်ဟု တေးထားလိုက်၏။ မောင်လှမြင့်ကမူ သူ့အား ပေါတာ တစ်ယောက်အနေနှင့် လှောင်သွားသည်ဟု အောင့်သက်သက် ရှိလေသည်။

သည်လိုပင် သူတို့အား မြင်ကြသည့် မသိသော သူများကလည်း သူတို့အား အတင်းပြောကြသည်ဟု ယူဆနေကြ၏။

သူတို့က ရဟိုင်းဈေးကို ဖြတ်လွန်ပြီးသော မကြာသောအချိန်တွင် ဘုရားကြီးသို့ ရောက်ပေမည်။

ဆယ့်တစ်နာရီနီးနီး ရှိသော်လည်း ဆောင်းတွင်းဖြစ်၍ နေကနွေးရုံပဲရှိပါသည်။ သူတို့က ဘီးကို ခပ်မှန်မှန် စီးသွားလျက်ရှိကြ၏။ သူတို့သည် အန္တရာယ်ပေးနိုင်သော ယာဉ်များကို ရှောင်ရှားရင်း သူငယ်ချင်းများအကြောင်းနှင့် ယခင်ရက်များက လှုပ်ရှားမှုများကို ပြန်ပြောလျက်

ရှိကြ၏။

ဘုရားကြီးသို့ လိပ်ကန်အနီးလမ်းမှဝင်၍ စက်ဘီးများကို ဆိုင်မှာ ဖိနပ်များနှင့်အတူ အပ်ထားခဲ့ကြသည်။ ဘုရားကြီးသို့ စောင်းတန်း တစ်လျှောက်ဝင်သွားရာ ဘေး၌ မြန်မာမှုဆန်သော အရုပ်များနှင့် နိဗ္ဗာန် ကုန်များကို တွေ့ရှိရသည်။ ပန်းနှင့် ရွှေဆိုင်းရောင်းသူများသည် ဝယ်ယူသူ များအား ဖက်တော့မလောက် အတင်းရောင်း နေကြသည်။ သူကတော့ စိတ်ပျက်မှုရှိလှသည်။ ရွှေစင်ဦးနှင့်မို့သာ သူက လိုက်ခြင်း ဖြစ်လေသည်။ ပြီးတော့ကာ ငြီးစီစီအနံ့ကြီးကလည်း နံလိုက်ပါသေးသည်။ လင်းနို့ စော်လားပဲ။

ဘုရားဖူးများက များလှသည်။ မီးပူဇော်ထားသော တန်း၏ ဟိုဘက်မှာ ရွှေစင်ဦးဟ ထိုင်ချလိုက်သည်။

'ရှိခိုးကြရအောင် . . .'

သူမက လက်စုံမိုး၍ ရှိခိုးနေချိန်ဝယ် သူက ဘေးမှ မလှုပ်မယှက် ရပ်နေသည်။

'ခရစ်ယာန်မို့လား . . .'

ထို့နောက်တော့ သူတို့က ဟိုမှဒီမှ လျှောက်ကြသည်သာ။ ဈေးသည် တွေကတော့ သူတို့ကိုကြည့်၍ ပြုံးသည်။ တီးတိုးပြောကြသည်။ ဒါကိုသိလေ မောင်လှမြင့်က စိတ်မှ အခံရခက်လေခြင်း ဖြစ်လေ၏။ ရွှေစင်ဦးကတော့ ဘာမှမသိသလို ရွှင်ပျလှချေ၏။ ရယ်ကာမောကာပြော၏၊ ကြေးရုပ်ကြီးတွေ ကို မျက်စေ့နှိုက်၏၊ ဗိုက်ထိုး၏။ ပြီးတော့ ခေါင်းလောင်းထိုးသည်။

မောင်လှမြင့်က သူမ သွားလေရာ လိုက်နေရ၏။ လိပ်ကန်သို့ သွား၍ လိပ်စာကျွေး၏။ အာနန္ဒာသို့သွား၍ အရုပ်ရှည်အောင် မော့ဖူးကြ သည်။ မောင်လှမြင့်ကတော့ ရွှေစင်ဦး ဘုရားကြီးသို့ ဘာလာလုပ်သည်ကို စိတ်မဝင်စားတော့ ပြန်မယ်ဆိုတော့ ဝမ်းသာသွားသည်။

သူက ရွှေစင်ဦးအား အိမ်ပို့ပေးပြီးလျှင် အပြာထံသို့ သွားမည်ဟု အောက်မေ့၏။ သို့သော် မြို့ထဲရောက်တော့ သူမက ဘိုင်စကုတ်ကြည့်ချင်သည်

ဆို၍ ညနေ သုံးနာရီခွဲမှ သူမအိမ်သို့ ပြန်ရောက်ရတော့၏။

အိမ်ပြန်ရောက်တော့ မပြန်ရသေးဘဲ၊ သူမက စန္ဒယားတီးပြနေသည်။ သူက ဂီတကိုပင် မုန်းသွားမိသည်။ ညနေ ထမင်းစားပြီး၍ တိုက်မှ ထွက်လာတော့ လမ်းမီးပင် လင်းနေလေပြီ။

ဒီတော့ မောင်လှမြင့်က ကျုံးဘေးမှာ သွားထိုင်လိုက်သည်။

ယုမမနွယ်

နှုတ်မှတော့ ဘယ်လိုမှ အသံမထွက်လိုက်။

ချက်ချင်းတော့ ပြေးသွားမိသည်၊ မောင်လှမြင့်က ဖတ်နေလျက် တန်းလန်း သတင်းစာကိုမှ ချမထားခဲ့မိ၊ ကတိုက်ကရိုက်ပင် လမ်းမဘက်သို့ ပြေးသွားလေ၏။ လမ်းမပေါ်ရောက်သောအခါ လဲနေသော မိန်းမစီးဘီးကလေးကို မ,ထူလိုက်လေပြီ။

'ထ . . . ထ ညီမလေး ဘယ် နာသွားသေးလဲ . . .'

သူက တကယ့်ကြင်နာမှုဖြင့် မေးလိုက်သည်။ အမျိုးသမီးငယ်ငယ်သည် အနည်းငယ် ရှက်နေဟန်ရှိပြီး ကြိုးစားပြုံးကာ ထလိုက်လေသည်။

မောင်လှမြင့်က အမျိုးသမီးငယ်ငယ် တစ်ယောက် လမ်းမပေါ် ဝယ် ဘီးနှင့် လဲသည်မြင်၍ ပြေးကူထူမပေးခြင်းဖြစ်၏။ ဘီးကို ဒေါက်ထောက်ထားကာ အဖုံးနှင့် တခြားစီ လွင့်စဉ်သွားသော ဒန်ရောင် လက်ဆွဲချိုင့်ကလေးကို လိုက်ကောက်လိုက်၏။

အမျိုးသမီးငယ်ငယ်သည် နာသွားဟန်ရှိသော်လည်း ဖုံးကွယ်ထားဟန်ရှိ၏။ မျက်နှာပေါ်ဝယ် ရှက်သွေးသာ လွှမ်းနေသည်။ ပေနေသော ဖုံများကို လက်ဖြင့် အသာအယာ တောက်ခါနေလေသည်။ မောင်လှမြင့်က ခုမှ သတိပြုကြည့်မိရာ အမျိုးသမီးငယ်ငယ်သည် ထမီစိမ်း ဝတ်ထားလေသည်။ အစိမ်းမှာ စိုပြည်၍ လှသည်။

'ညီမလေးက တိုင်းချစ်ကျောင်းသူနဲ့ တူတယ်. . .'

'ကျွန်တော့်လုံချည် ကြည့်ပြောတာ မဟုတ်လား . . .'

**ရန်အောင်စာပေ (၂)**

သူမက ပြုံးပြုံးကလေးနှင့် ပြန်ပြောလိုက်သည်။ ဟုတ်ပါသည်။ သူက သူမ၏ စိမ်းသောထမီကိုကြည့်ကာ ခန့်မှန်းလိုက်ခြင်း ဖြစ်သည်။ တိုင်းချစ်ကျောင်းသူများသည် စိမ်းသောထမီကို ဝတ်ကြပါ၏။

'အေးပေါ့ မင်းတို့ကျောင်းက ဒီလိုထမီမျိုးပဲ ဝတ်တယ်မဟုတ်လား . . .'

'အို ထမီစိမ်းကို ဘယ်သူမဆို ဝတ်နိုင်တာပဲ၊ ဒါပေမဲ့ ကျွန်တော်က တိုင်းချစ်ကျောင်းသူပါပဲ . . .'

အမျိုးသမီးငယ်ငယ်က မခိုးမခန့်လေးပြုံးကာ ပြန်ပြောလိုက်သည်။ ဒါတွေကပင် ချစ်စရာကောင်းခြင်း ဖြစ်လေသည်။ သို့ကြောင့် သူက ညီမလေးတွေကို ချစ်ခြင်းဖြစ်သည်။ သူမလို ၁၁ နှစ် ၁၂ နှစ်ရွယ်လေးများသည် ကလေးဆန်၍ အမျိုးသမီးလည်း ဆန်လေသည်။ ကျစ်ဆံမြီး နှစ်သွယ်နှင့် ဖဲစည်းကြိုးလေးသည် မာလာရီ အင်္ကျီလေးနှင့် ထာဝရ မိတ်ဆွေဖွဲ့နေသည်။

'ဘာ သွားဝယ်မလို့လဲ . . .'

အမျိုးသမီးလေးသည် စက်ဘီးဒေါက်ကိုဖြုတ်ကာ မှီရပ်နေသဖြင့် သူက ချိုင့်ကိုလှမ်းပေးရင်း မေးလိုက်သည်။ သိကျွမ်းရင်းနှီးမှုကို ရှာကြံနေ၏။

'ဆန်ပြုတ် သွားဝယ်မလို့ ဖွားလေးဖို့'

သူမ၏မျက်နှာက ယဉ်ပြီး လှသည်၊ ကြီးရင်လှဦးမည့် ကလေးမလေးပဲ၊ ထို့ထက် သူက အမျိုးသမီးလေး၏မျက်နှာကို မြင်ဖူးသလို စိတ်ဝယ် ဇဝေဇဝါရှိနေသည်။ သို့သော် ဖော်၍မရ။

'ညီမလေးနာမည်က ဘယ်သူလဲ'

'မေသန်းတဲ့ . . ကိုလေးကော'

'လှမြင့် ကျောင်းလာရင် မေသန်းကို တွေ့မယ်နော် . . .'

သူမက ခေါင်းကိုညိတ်လိုက်သည်။

'ဘယ်နှစ်တန်းလဲ . . .'

'၅ တန်း . . .'

သူက သူမမျက်နှာကို မြင်ဖူးသည်ဟု ထင်၍ ကြိုးစား ဖော်ကြည့်ပါသေးသည်၊ မရ။

'သွားတော့မယ် ကိုလေးရာ . . . မေသန်းထွက်လာတာ ကြာသွားပြီ'

'လာလည်မယ် . . . စောင့်နေနော် . . .'

ညီမလေးတစ်ယောက် ချစ်စရာတော့ ရပြန်ပါလေပြီ။

(၂)

ကလာပ်စည်းလေးတွေ ငြိတွယ်ပေါင်းစပ်ခြင်းဖြင့် ခန္ဓာကိုယ်တစ်ခု တည်ဆောက်မိခြင်းဖြစ်ပြီး မျက်ရည်တစ်စက်က မောင်လှမြင့်အဖို့ ကလာပ်စည်းတစ်ခု ဖြစ်လေသည်။ တကယ်တော့ သူ့ခန္ဓာကိုယ်သည် မျက်ရည်ဖြင့် တည်ဆောက်ထားခြင်းမဟုတ်ဘဲ သူ့ဘဝသည်သာလျှင် မျက်ရည်ဖြစ်၏။ သူက ငိုပြီးရင်း ငိုရင်းနှင့် သူ့ဘဝကို ငိုရှိုက်ရင်းသာ အချိန်ကုန်ဆုံးစေခဲ့ရသည်။

ကြောက်အား လန့်အား ငိုရင်းနှင့် လူ့လောကထဲ သူက ရောက်လာရပြီးနောက် အသက်ရှင်ရေးအတွက် အလိုမပြည့်မှု တောင်းဆိုမှုတို့ကို မိဘများကတစ်ဆင့် လောကကြီးနှင့် ထိတွေ့ရုန်းကန်ကာ ငို၍လာခဲ့ရပေသည်။ နောက် မိဘနှစ်ပါး သေဆုံးသွားကြပြန်သောအခါ ဝမ်းနည်းပက်လက်နှင့် ငိုမဆုံးရှိခဲ့သည်။ ၁၅ နှစ်သားဝယ် တက္ကသိုလ်ဝင်စာမေးပွဲအောင်၍ ကျောင်းကြီးတက္ကသိုလ်သွားရန် မြစ်ကြီးနားမြို့အား စွန့်ခွာလာခဲ့ရသောအခါ မပွင့်လင်းကြပြီး ငယ်လည်း ငယ်ကြသေး၍သာ သမီးရည်းစားမဖြစ်ခဲ့ရသော နီနီအား ဖက်၍ငိုခဲ့ရပြီး လမ်းတစ်လျှောက်လုံးနှင့် မန္တလေးရောက်သည်ထိပင် အငိုမရပ်ခဲ့ပေ၊ မျက်ရည်က တစ်စက်ပြီးတစ်စက်ကျခဲ့ရသည်။

တက္ကသိုလ်၌ ရွှေစင်ဦးအား တွေ့မှပင် သူက နီနီအတွက် ငိုခြင်းကို ရပ်ခဲ့လေသည်။ သို့သော် တက္ကသိုလ်သူသည် ကိုးကွယ်ရှင်မ ဖြစ်လာ

ပြန်သောအခါ သူက သက်နှင်းရွှေစင်ဦးအတွက် ဆက်၍ မျက်ရည်ကျရ ပြန်လေတော့သည်။ ငိုရ် ငို၍ပင် မဆုံးနိုင်လေကာ ငိုရှိုက်ရင်းများ သေသွားမည်လားမသိ။

သူက ရွှေစင်ဦးအား သတိရလေတိုင်း အသည်းထဲတွင် နာကျင်လာကာ မျက်ရည်က စို့လာသည်။ နာရီနှင့်အမျှလည်း ရွှေစင်ဦးအား သတိရမိ၏။ တစ်ပါးအကြောင်းများ၌ နှစ်မြုပ်နေသောအခါ၊ စာဖတ်နေသော၊ စကားပြောနေသောအခါ များရှိ၍သာ နာရီလိုက် သတိမရခြင်းဖြစ်သည်။ အကယ်၍ တစ်ယောက်တည်း တောကြီးမျက်မည်းထဲ၌ ထိုင်နေပါက စက္ကန့်တိုင်း သတိရမည်ဖြစ်၏၊ သတိရမိတိုင်းလည်း ငိုမိလေသည်။ ငိုလေတိုင်း သတိရမည်ဖြစ်၏၊ သတိရမိတိုင်းလည်း ငိုမိလေသည်။ ငိုလေတိုင်း မျက်ရည်က စီးကျ၏။

မေ့ပျောက် ခံသာနိုင်စွမ်းရှိအောင် သူက စူးစိုက်စရာ အသစ်များကို ရှာကြံရ၏။ နှစ်မြုပ်ရ၏၊ ဤသည်တောင်မှ သတိရလိုက်ပါသေးသည်၊ တစ်နာရီပြည့်အောင် မေ့ပစ်နိုင်စွမ်း မရှိ၊ မောင်လှမြင့်က ညီမလေးများနှင့် ဆော့ကစားနေရသောအခါ ဒဏ်ရာသည်။ မေ့ဆေးတင်ထားသကဲ့သို့ ရှိ၏။ သို့ကြောင့် သူက အများဆုံး ညီမငယ်များနှင့် အချိန်ဖြုန်းလေ့ရှိ၏။ ကလေးမတို့ပြောပြသော ပုံပြင်များကို နားထောင်ရသည်က ဝတ္ထုတစ်ပုဒ် ဖတ်ရသည်ထက် ခံစားမှုထိမိ၏။

ညီမလေး မမေသန်း

သူက ချစ်စဖွယ်သော တိုင်းချစ်ကျောင်းသူ ညီမငယ် အသစ်တစ်ယောက် ရသည့်အတွက် ပျော်ရွှင်မဆုံးပါ။ သူက ညီမလေးအား နောက်မှ သွားတွေ့ရဦးမည်၊ သူက ညီမလေးတစ်ယောက်ရ၍ မနက်က မယဉ်နွယ်အား မတွေ့လိုက်ရသည့်အတွက် ဖြေနိုင်သွား၏။

မနွေညက ရွှေစင်ဦးအား သူမအိမ် ပို့ပြီးသည့်နောက် ကျုံးနံဘေးဝယ် သောင်းဆိုင်နေရာ မိုးချုပ်မှ ပြန်ခဲ့၏။ အိမ်ပြန်ရောက်သော်လည်း အိပ်မပျော် ... ည်းအကျိုးကျေးဇူးက မနက် အိပ်ရာထနောက်ကျကာ မယဉ်နွယ်

ဈေးအသွားကို မမီလိုက်ခြင်းပင် ဖြစ်လေသည်။

ညနေမှပဲ သူမအား တွေ့နိုင်ပေတော့မည်။ သူက ပြောစရာတွေ ရှိလှသည်။ ပထမဆုံး မနေ့က မလာဖြစ်တဲ့အကြောင်း ပြောပြ၍ ရွှေစင်ဦး အကြောင်းကို ဆွေးနွေးရပေမည်။ ပြီးတော့ သူမအိမ်လိုက်သွားလျှင် ညီမငယ်တစ်ယောက်နှင့် သိကျွမ်းရပေဦးမည်၊ ညီမလေးတွေနှင့် သိကျွမ်းရခြင်းက သူ့အဖို့ သက်သာရန် အချက်လေးတွေ ဖြစ်တော့သည်။

အော် . . . ပြီးတော့ အပြာမမနွယ် . . .

ညီမလေးတွေအပြင် သက်သာရာ ရစေနိုင်သေးသည့် သူ့အား ကြင်နာယုယဟန်ရှိသော အစ်မတစ်ယောက်ဖြစ်သည့် မမနွယ်ကို တွေ့ရှိနေခြင်းပင် မဟုတ်ပါလား။

ယခုတစ်ကြိမ် 'မယဉ်နွယ်ကို တွေ့ရသည်တွင် ထူးခြားလာချက် အသစ် တစ်ရပ်ကို တွေ့ရ၏။ အပြာကို ပိုမိုလေးနက်လာစေမှု ဖြစ်သည်။ ထိုသည်မှာ 'နီလာလက်ရစ်' လေးကို ဘယ်ဘက်လက်ကောက်ဝတ်ဝယ် ရစ်ပတ်ထားခြင်းဖြစ်သည်။ ဝါသောရွှေဝယ် နီလာက ပို၍ပြာသည်။ သို့သော် သူက နီလာလက်ရစ်နှင့် ပတ်သက်၍ ထင်မြင်ချက် မပေးလိုက်ရ။

'ဟော့ လူညာလေး မနေ့က ဘာလို့ မလာတာလဲ . . .'

'မတ္တရာ သွားနေရလို့'

လူညာလေးဆိုမှပင် သူက တိတိကျကျ ညာလိုက်မိပြန်သည်။ မနေ့ကတော့ ဘုရားကြီးသွားသည်ကို ဖွင့်ပြောကာ တိုင်ပင်မည်ဟု ဆုံးဖြတ်ခဲ့၏။ ညာပြန်လျှင်လည်း စစ်ကိုင်းသွားမည်ဟု စဉ်းစားခဲ့၏။ ယခုတော့ မတ္တရာတဲ့။

'အပြာမမရေ နောက်ဥပုသ်ကျ သေသေချာချာ လာမှာသိလား'

သူက ဝေးသွားသော အပြာအား အော်၍ ပြောလိုက်ပါသေးသည်။ နောက် ဥပုသ်ကျရင်တော့ ဘာကြောင့်မှ အပျက်မခံ၊ သွားဖြစ်အောင် သွားမည်ဟု မောင်လှမြင့်က အားခဲထားရ၏။ အဲသည်တော့မှပဲ သူ တွေ့ချင်လှသော မယဉ်နွယ်၏ ညီမလေးများကို တွေ့ရတော့မလို ဖြစ်နေ၏။

ကြားရက်ကာလတွင် မယဉ်နွယ်အား လိုက်ပို့ရင်း သူမတို့အား တွေ့ဖို့ရန်တော့ မဖြစ်နိုင်သလောက် ခဲယဉ်းနေ၏။

ညနေတွင် အပြာနှင့် လမ်းလျှောက်နိုင်ဖို့ အခြေအနေက မပေးအပ်ပါ။ တုပြိုင်နိုင်ရာကင်းသော အလှရှင်အပြာအား ဖူးမြော်ရန် ရောက်လာကြကုန်သော သူ့သူငယ်ချင်းများကြောင့် မယဉ်နွယ်နှင့် လိုက်ဖို့မဆိုဘိနဲ့ စကားကောင်းကောင်း ပြောခွင့်မရပါ။ သည်အထဲ သူနှင့်အပြာ သိကျွမ်းနေပြီကို သိကုန်ကြသော သူ့သူငယ်ချင်းများသည် သူ့အား အနှောင့်အယှက် ပေးပါသေး၏။

'ဟေ့ ကိုယ်တို့နဲ့လည်း မိတ်ဆက်ပေးရမယ်ဟေ့'

အားလုံး ဝိုင်းဝန်းပူဆာ၍ သူက ဝန်ခံလိုက်ရသည်။ တကယ်တော့ မိတ်ဆက်မပေးချင်ပါ။ မတတ်နိုင်၊ နောင်ခါလာ နောင်ခါစျေးပင်။

'ရွှေစင်ဦးနဲ့ အပြာ ဘယ်သူက ပိုလှသလဲ'

ဘယ်လောက်များ စော်ကားသော မေးခွန်းတစ်ရပ် ဖြစ်လိုက်ပါသလဲ၊ ရွှေစင်ဦးက သက်နှင်းရှင်မဖြစ်ပြီး အပြာက မမတစ်ယောက်ဖြစ်လေသည်။ တစ်ယောက်က တက်ကြွစွာလှပြီး ကျန်သူက ယဉ်၍လှသည်။

'တစ်မျိုးစီပေါ့'

'ဟေ့ . . . မောင်ရင် အပြာကို ချစ်နေပြန်ပြီလား'

'ဒီလို မစော်ကားပါနဲ့'

'ဘာစော်ကားတာလဲ၊ အကောင်းနဲ့ ဟုတ်တာပြောတာ၊ ဒီမယ်မောင်ရင် လက်ပစ်ဗုံးနှစ်လုံးကို တစ်ပြိုင်နက် မခွဲနဲ့ အနိစ္စရောက်နေမယ်'

အားလုံး ဝိုင်းရယ်လိုက်ကြသည်။

ဤသတ္တဝါများ နှောင့်ယှက်နေ၍ အပြာအား တစ်ညနေမှ လိုက်၍မပို့ရ၊ အဖိတ်နေ့တိုင်လာပြီ၊ စကားပင် မနက်ခင်းလောက်သာ ကောင်းကောင်းပြောရသည်။

'နက်ဖြန်တော့ စောစောကြီးကိုလာမှာ သိလားမမ'

'ဟိုတစ်ခါကလည်း ဒီလိုပြောတာပဲ၊ စောင့်လိုက်ရတာ ပြီးတော့

လာလည်း မလာဘဲနဲ့'

သူမက ကလေးဆန်ဆန် မျက်လုံးထောင့်ကပ်ကာ ပါးစပ်ကိုရွဲ့ရင်း နေ့ာတော့တော့ ပြောလိုက်သည်။

'ပြီးတော့ အဲ့ဒီနေ့က ကိုယ့်မောင်လေးလာရင် စားရအောင်လို့ ချက်ပြုတ်ထားလိုက်ရတာ မောတာ အဖတ်တင်တာပဲ'

'ချက်ပြုတ်ထားတယ် ဟုတ်လား၊ ကျွန်တော်က စားရသောက်ရမယ်ဆိုရင် ဘယ်တော့မှ မငြင်းဘူး၊ မနက်ဖြန်လည်း ချက်ထားနော်'

သူမက မဲ့မဲ့ကလေး ပြုံးလိုက်သည်။

'ဟင်း ပြီးတော့ မလာဘဲနေ သိလား'

သည်လိုပြော၍ပင် မောင်လှမြင့်က မလာဘဲနေနိုင်မည် မဟုတ်တော့ပါ။ စောင့်မျှော်ကာသာ နေစမ်းပါ အပြာမမနွယ် . . .

(၃)

ဖြည်းညင်းစွာ တိုက်ခတ်နေသော နံနက်ခင်း မြောက်ပြန်လေဝယ် သစ်ရွက်များ လှုပ်ခါနေသော်လည်း နိမ့်စွာ ပေါက်ရောက်နေကြသော ပန်းပင်ငယ်များကတော့ ယိမ်းမှန်း သိလာအောင်ပင် မလှုပ်ကြ၊ သို့သော် သင်းပျံ့သော ပန်းရနံ့ကိုတော့ နှင်းဆွတ်လေက သယ်ဆောင်သွားပါသည်။ လှိုင်၍ ကြိုင်သင်းလာသည်။

အပြာ-အဝါ-အနီ-စုံ၍ အရောင်မြိုင်လှသော ပန်းပင်ကလေးတွေရဲ့ နောက်မှာတော့ တစ်ထပ်ပျဉ်ထောင်ကာ အိမ်ကလေးတစ်လုံး ရှိလေသည်။ ခန်းဆီး ပြာလေးတွေကတော့ လွင့်၍ လှုပ်နေသည်။

ကိုလှမြင့်က ခန်းဆီးပြာကို လှစ်၍ ကြည့်သည့်တိုင်အောင်ပင် လူစလူနကို မတွေ့ရ၊ လှမ်းအော်လိုက်ရမလား၊ ဒီလိုပဲ သူက တော်တော်ကြာအောင် ရပ်နေရမလား၊ ချောင်းကို ကြိုးစား၍ ဆိုးလိုက်ရမလားမသိ ရှိနေသည်။ လူမတွေ့ဘဲ ရှိသည်ကို သူက စိတ်ပျက်၏။ သူက အိမ်တစ်အိမ်သို့သွားလျှင် သူတွေ့ချင်သူနှင့် အရင်ဆုံး ပက်ပင်းတွေ့မှ ကျေနပ်၏။

တစ်ယောက်ယောက်ကို မေးရပြီး စောင့်မျှားနေရလျှင် များစွာ အားငယ်မိသည် ယောင်တီးယောင်ချာလည်း နိုင်လှသည်။

'ဒီမယ် အိမ်ရှင်တို့ ခင်ဗျာ'

အိမ်ထဲမှ ရှပ်ရှပ်ခြေသံလို ကြားရပြီး ပြန်ငြိမ်သက်သွားသည်။ သူသည်း ညည်းမခံနိုင်အောင် စိတ်ပျက်လာ၍ ပြန်ရန်ပင် ဆုံးဖြတ်လိုက်လေပြီ၊ နောက်ဆုံးအဖြစ် တစ်ခွန်း အော်ကြည့်လိုက်၏။

'လူရှိလား ခင်ဗျာ'

'အိမ်ပဲရှင့် လူမရှိလို့ ဘာ ရှိရမှာလဲ'

မောင်လှမြင့်က တုန်လှုပ်ချောက်ချားသွားသည်။ အထဲမှ အမျိုးသမီးတစ်ဦး လျှောက်လာနေသည်ကို သိရသည်။

'အို . . . ညီမလေးပါလား . . .'

'ဟင် . . . ကိုလေး ကိုး . . .'

အိမ်ထဲမှထွက်လာသူမှာ တိုင်းချစ်ကျောင်းသူလေး မမေသန်း ဖြစ်နေသည်ကို တွေ့ရ၍ သူက အံ့အားသင့်သွားသည်။ သူမသည် တခြား မဟုတ်မူဘဲ မယဉ်နွယ် ညီမလေးတစ်ယောက်ပဲလား။

'ညီမလေးရာ ကိုယ့်ကို လန့်သွားတာပဲ မာန်လိုက်တာ . . .'

သူမ ငယ်ငယ်က အားနာသလိုပြုံးရင်း . . .၊

'အို မေသန်းက ကိုလေးမှန်းမှ မသိဘဲဉစ္စာ၊ ပြီးတော့ အိမ်ပဲရှင် လူမရှိဘူးလားရယ်လို့ ကိုလေး မေးတာကလဲ၊ ဒါနဲ့လေ နေပါဦး ကိုလေး မေသန်းအိမ် ဘယ့်နှယ်လုပ် သိသလဲ'

ဒီတော့မှ သူလာသည့် အကြောင်းရင်းကို သူက ပြန်သတိရမိသည်။

'မေသန်းက မမနွယ်ရဲ့ ညီမဟုတ်လား . . .'

'အင်း၊ မမကို သိလား'

သူက ခေါင်းကိုညိတ်လိုက်သည်။ ပြီးမှ . . .

'အင်း ထင်သားပဲ၊ ဟိုနေ့ကတဲက ညီမလေးကို မျက်နှာမြင်ဖူး

ပါတယ်လို့ ထင်နေတာ . . .'

'ဒါဖြင့် ခု မမဆီလာတာပေါ့၊ ဒီက မေသန်းဆီ လာတာများလား လို့ . . .'

သူမငယ်ငယ် စိတ်မကောင်းသလို နှုတ်ခမ်းစူရင်း ပြောလိုက်သည်။

'ဟင် . . . မောင်လေး ရောက်လာပြီကိုး၊ ဒီကောင်မလေး ဘာတွေ လျှောက်ပြောနေတာလဲ . . .'

'အံမယ် မမမောင်ကို ဘာမှ မပြောရပေါင်ရှင် . . .'

မေသန်းက ပါးကလေးရွဲ့ကာ ပြောလိုက်ရာ မောင်လှမြင့်က ရယ်လိုက်ပြီး မယဉ်နွယ်က ကလေးမခေါင်းကို လက်နှင့် လှမ်းခေါက်လိုက်သည်။

'နေပါဦး၊ မောင်လေးက မေသန်းနဲ့ ဘယ်တုန်းက သိတာလဲ. . .'

မောင်လှမြင့်က သိရှိပုံကို ပြောပြလိုက်လေသည်။

'ဒီကောင်မလေးက ငေးတိငေးကြောင်နဲ့ တစ်နေ့ကျမှ ကားတိုက်သေနေမယ် . . .'

'ငေးတာမဟုတ်ဘူး မမရ၊ အဲဒီတုန်းက မေသန်း အရှယ်လောက် ကလေးမလေးတစ်ယောက် ခွေးရုပ်လေးတစ်ရုပ် သယ်သွားတာ လှလိုက်တာ သိလား ကိုလေး၊ အဲဒါ ငေးကြည့်နေတာနဲ့ ချိုင့်ထဲကျပြီး လဲသွားတာပဲ . . .'

'ဟုတ်တယ် မောင်လေး၊ မေသန်းက အရုပ်လေးတွေကို သိပ်ချစ်တာ'

မယဉ်နွယ်သည် သူမ ညီမလေးကျောကို ယုယစွာ ပွတ်သပ်ပေးပြီး

'ကဲ လာ မောင်လေး အိမ်ထဲသွားကြစို့၊ မောင်လေး လာတာမှ မသိတာ၊ နောက်ဖေးမှာ ချက်ပြုတ်နေလို့ . . .'

'စားရမှာပေါ့ ဟုတ်လား'

**ရန်အောင်စာပေ (၂)**

ရယ်မောသံလေးနှင့် အိမ်ထဲဝင်သွားကြသည်။ မေသန်းမှာ သူ့ဘေးမှ တွဲကပ် လိုက်ပါလာသည်။ အိမ်ထဲရောက်လာလျှင် တဘက်တစ်ထည်ကို ခြုံကာ ဆေးလိပ်သောက်နေသော ဟိုယမန်နေ့ညက အမယ်အိုကြီးအား တွေ့ရသည်။ မောင်လှမြင့်က ကြောက်သလိုရှိသွားကာ 'အေးရဲ့ မောင်ပါ' ဆိုသော အပြာမမနွယ်၏ စကားကိုလည်း သွားသတိရမိ၏။

ထိုစဉ် အခန်းထဲမှ အမျိုးသမီးငယ်ငယ် တစ်ယောက် ဆွယ်တာနီနီလေးကို ဝတ်ရင်း ထွက်လာလေသည်။ မောင်လှမြင့်က သိနိုင်ပါသည်။ မယဉ်နွယ်၏ ကျန်ညီမဖြစ်ပေမည်၊ မေသန်းထက် အထက်ဖြစ်ဟန်ရှိ၍ ထမီစိမ်းနှင့်ပင် ဖြစ်၍ မေသန်းနှင့် တစ်ကျောင်းတည်းပင်ဖြစ်မည်။ သူမသည်လည်း ချစ်ဇရာ ညီမလေးတစ်ယောက်ပင်။

'ဖွားလေး သူပဲလေ၊ ဟိုနေ့ညက လိုက်ပို့တာ၊ မောင်လှမြင့်တဲ့ သူ့နာမည်က . . '

'ဘာလုပ်တာလဲကွဲ့'

'ကျောင်းသားပေါ့ ဖွားလေးရ . . . '

'မယဉ်နွယ်က ဝင်ဖြေလိုက်သည်။

'မင့်မိဘများက ဘာလုပ်လဲကွဲ့ . . . '

အမယ်ကြီးက မျက်လုံးကို မှေးကြည့်ရင်း စပ်စုလိုက်သည်။

'ကုန်သည်ပါ . . . '

သူက လွယ်လင့်တကူ ဖြေလိုက်သည်။ သည်တော့မှ အဖွားကြီးသည် ဆေးလိပ်ကို ချမထားခဲ့ဘဲ အခန်းထဲဝင်သွားသည်။ သူက သက်သာစွာ နေနိုင်မှု ရှိသွားသည်။

'သူက မခင်လတ်တဲ့၊ ၇ တန်း ရောက်ပြီလေ . . . '

မခင်လတ်က ပုလဲဖြူတစ်လုံး နားသံသီးလေးကို ဆွဲထားသည်။ ပြုံးသည့်အခါ ဖြူလွလွ သွားလေးတွေက အစီအရီ ပေါ်လာသည်။ ၁၄-နှစ်ထက် ကြီးသေးဟန် မရှိ။

'ကိုလေးက ဘယ်ကျောင်း နေတာလဲ'

'ယူနီဗာစီတီ . . . '

'ဘယ်နှစ်တန်းလဲ'

'စီနီယာ အိုင်အက်စ်စီ'

'ကိုလေးတို့လည်း ကနေ့ ကျောင်းပိတ်တာပေါ့နော် . . . '

မခင်လတ်မှာလည်း မမေသန်းလိုပင် သွက်လက် ချက်ချာလေသည်။ တစ်နေ့က ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့ တိုက်ဆိုင်သမို့ သူမတို့ကျောင်းက ပိတ်ထားခြင်း ဖြစ်၏။

'မေသန်းတော့ ကောလိပ် မရောက်ချင်ပေါင်၊ သွားရမှာ အဝေးကြီး. . . '

ရယ်လိုက်ကြသည်။

'အံမာ နင် အပျို မဖြစ်သေးလို့ ဒီစကားမျိုးပြောတာ . . . '

နှစ်နှစ်လောက် ပိုကြီးသော မခင်လတ်က ပြောလိုက်၍ မယဉ်နွယ်နှင့် မောင်လှမြင့်က ပြုံးလိုက်ရသည်။

'ပဲအိုး ဝေနေတယ်ဟေ့ . . . '

'ဟုတ်ကဲ့ ဖွားလေး . . . '

မယဉ်နွယ်က နောက်ဖေးသို့ သွားရန် နှစ်လှမ်းသုံးလှမ်းမျှ လှမ်းပြီးမှ၊

'ကဲ ကွာ မောင်လေးရာ၊ ညီမလေးတွေနဲ့ စကားပြောရင်း စောင့်ပါဦး၊ မမ ထမင်းချက်လိုက်ပါဦးမယ် ပြီးတော့မှ တပျော်တပါး စားကြတာပေါ့။ နင်တို့ ကိုလေးနဲ့ စကားပြောနေကြနော်၊ တွေ့ကရာတွေလည်း လျှောက်မေး မနေကြနဲ့ဦး'

မြူနှင်းလေးတွေ ကျနေ၍ အေးမြသော်လည်း နေရောင်က နွေးပါသည်။ လေစိမ်းတစ်သုတ် မိလိုက်သည့်အခါမှသာ စိမ့်ခနဲ ရှိသွားတတ်ပါသည်။

ငွေနှင်းဝယ် ပန်းပွင့်လေးတွေက လန်းနေပြီး နေရောင်ဝယ် လက်နေသည်။ မြက်ခင်းက မြမြစိမ်းနေ၏။

**ရန်အောင်စာပေ (၂)**

ညီမလေးများ၏ ခေါ်ဆောင်ချက်အရ မောင်လှမြင့်သည် ပန်းပင်လေးတွေ အရိပ်လွတ်ရာဝယ် ထိုင်ရင်း နေပူစာလှုံနေမိလေသည်။

'တက္ကသိုလ်မှာ ဘာတွေသင်ရတုန်းဟင် ကိုလေး'

မေသန်းက မြက်ပင်ရှည်ရှည်လေးကို နှုတ်ပစ်ရင်း မေးလိုက်သည်။

'မေသန်းတို့ ကျောင်းမှာကော ဘာသင်ရသလဲ . . .'

'စာသင်ရတာပေါ့ . . .'

'အေး အတူတူပေါ့ . . .'

'ဟင် . . . ဒါဖြင့် ဘာထူးသေးသလဲ. . .'

'ကလေးမက သူ့အား မော့ကြည့်ရင်း ညည်းညူလိုက်သည်။

'လေးတန်းနဲ့ ငါးတန်းကော ဘာထူးလဲ'

'ငါးတန်းက ပိုခက် အော် ဟုတ်ပြီ . . .'

ကလေးမက သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

သို့သော် မြေကြီးကို တုတ်ဖြင့်ခြစ်ရင်း ငြိမ်၍ နားထောင်နေသော မခင်လတ်က ဆက်မေးလိုက်သည်။

'အဲဒီမှာ မခင်လတ်တို့ကျောင်းမှာ မသင်ရတဲ့ ဘာသာတွေ သင်ရတယ်ဆို'

'အင်း . . . အများကြီးပေါ့၊ ဒါပေမဲ့ အဲဒါတွေက တက္ကသိုလ်မှာသာ သင်ရသလို တက္ကသိုလ်မှာသာ အသုံးကျတဲ့ ဘာသာရပ်တွေပဲ'

ညီမလေးတွေမှာ ချစ်စရာကောင်းသည့်အချက်က အမေးအမြန်းထူခြင်းပင် ဖြစ်လေသည်။ မောင်လှမြင့်အဖို့ အိမ်၌ ယုယတတ်သော မမနှင့် ချစ်ဖွယ်သော ညီမလေးနှစ်ယောက်ရှိပြီး အတော် ပျော်စရာကောင်းနေသော်လည်း မထုံတက်သေးရှိလှသည့် ဖွားလေးအတွက် အနည်းငယ် စိတ်စနောင့်နေသည်။

မယဉ်နွယ်က ချက်ပြုတ်နေရင်းပင် နှစ်ကြိမ်ခန့် အပြင်ထွက်လာကာ မပျင်းရန် ပြောရှာသေးသည်။ မောင်လှမြင့်က အခိုက်အတန့်တော့

ရွှေစင်ဦးအား မေ့ထားနိုင်ပေပြီ။

'မခင်လတ်က ပန်းချီ ဝါသနာပါတယ် ထင်တယ် . . .'

သူမက ချက်ချင်း မြေကြီးပေါ်တွင် အမှတ်မထင် ရေးဆွဲထားသော အရုပ်လေးကို ဖျက်ပစ်လိုက်သည်။

'ဟုတ်တယ်၊ သူက အားတိုင်း အရုပ်ဆွဲနေတာပဲ၊ စာအုပ်ကြီးနဲ့ အပြည့်ပဲ'

မေသန်းက ဝင်ပြောလိုက်သည်။

'ဟုတ်လား သွားယူချည်စမ်း မခင်လတ်၊ ကြည့်ရအောင် . . .'

'ဟင့်အင်း . . . မဟုတ်ဘူး၊ မရှိဘူး . . .'

သူမက သူမလက်ရာများ မြင်မည်ကို ရှက်နေဟန် ရှိသည်။

'ဘာ မရှိရမှာလဲ မညာပါနဲ့၊ ကိုယ်တို့အမျိုးမှာ လူညာမရှိဘူး ဟေ့. . .'

မခင်လတ်က သူ့ညီမအား လှမ်းရိုက်လိုက်ရာ မရိုက်လိုက်မိ၊ မေသန်းက ရှောင်ကာပြေးရင်း . . .

'ကိုလေး ကျွန်တော် ယူပြမယ်၊ သူ့စာအုပ် . . .'

မခင်လတ်ကလည်း ပြေးလိုက်သွား၍ သူပါ အိမ်ထဲ ဝင်လိုက်သွားရသည်။

'ဘာများလဲဟေ့ ဆူလိုက်ကြတာ . . .'

မယဉ်နွယ် ထွက်လာတော့မှ စာအုပ်တစ်အုပ်ကို လုနေသော ကလေးမနှစ်ယောက်က ရပ်လိုက်ရာ မောင်လှမြင့်က စာအုပ်ကို ဆွဲယူလိုက်သည်။

'ကျွန်မစာအုပ် လုနေလို့'

'သူက ကိုလေးကို မပြဘူးတဲ့'

ညီအစ်မနှစ်ယောက် ပြိုင်တူ တိုင်လိုက်ကြသည်။

'ဘာစာအုပ်လဲ၊ အော် . . . မခင်လတ် ပန်းချီစာအုပ်လား . . .'

'ဟုတ်တယ်'

စာအုပ်ကို လှန်လှောကြည့်နေရင်း မောင်လှမြင့်က ကြားဝင်ဖြေပေးလိုက်သည်။

'ဟုတ်သားပဲ မခင်လတ်က ကြည့်ပါစေလား'

ဤသို့ ပြောလိုက်သောအခါ မေသန်းက မယဉ်နွယ် မမြင်အောင် မခင်လတ်အား ညာဘက်လက်ညှိုးကို ကွေးချီဆန့်ချီနှင့် 'ရှက်တယ်ဟေ့' ဟု ပြောင်လှောင်နေလေသည်။

'ဟော . . . မမ ညီမက ပြောင်နေတယ်'

မယဉ်နွယ်က မေသန်းခေါင်းအား ခေါက်လိုက်ရာ ကလေးမမှာ မျက်နှာညှိုးငယ်လျက် ငိုမဲ့မဲ့ ဖြစ်သွားလေသည်။ မျက်လုံးက ဝိုင်းစက်ကာ မျက်ရည်ဖြင့် တောက်ပလာသည်။

'ဟင့် ဟင့် ရှာထုတ်ပြနေတယ် . . . '

မေသန်းမှာ ရှိုက်ကြီးတငင် ငိုပါတော့သည်။ ဗျန်း ဗျန်းနှင့် မခင်လတ်မှာ ကျောပြင်တွင် နှစ်ချက်အရိုက်ခံရ လိုက်ရရှာသည်။ ကလေးမပါ ငိုပြန်လေတော့သည်။

ကလေးမနှစ်ယောက် ပြိုင်ငိုနေသည်ကို တိတ်အောင် မောင်လှမြင့်မှာ အတော်ကြိုးစားရသည်။ စိတ်ကောက်ပြေကြအောင် သူက အတော်ချော့ရသည်။ နောက်ဆုံး ကနေ့ နေ့လယ်ပွဲ ရုပ်ရှင်လိုက်ပြမည်ဆိုမှ ကလေးမနှစ်ယောက်မှာ ပြုံးလာကြတော့သည်။

'အေး . . . နောက်တစ်ခါ ရန်မဖြစ်ကြနဲ့၊ နို့မို့ရင် ရုပ်ရှင်လိုက်မကြည့်ရဘူး၊ မထည့်ဘူး . . . '

မယဉ်နွယ်က ကြိမ်းဝါးကာ ချက်ပြုတ်ရန် ပြန်ဝင်သွားလေသည်။ သို့သော် ကလေးမနှစ်ယောက်မှာ ပြေးလိုက်သွားကာ၊ ဖက်ထားကြရင်း ပြိုင်၍ပင် မေးကြ၏။

'မကော လိုက်မှာမို့လား'

မယဉ်နွယ်က ခေါင်းညိတ်လိုက်တော့မှ သူတို့သည် မောင်လှမြင့်ထံ ပြန်လာကြသည်။

**ရန်အောင်စာပေ (၂)**

'မခင်လတ်က တော်တာပဲကွ . . .'

စာအုပ်ကုန်လုနီးနီးပင် ပန်းချီဆွဲထားသည်ကို တွေ့ရသည်။ များသော အားဖြင့် ရှုမြင်ကွင်းပုံများဖြစ်ပြီး လူပုံ သက်ရှိနည်းလေသည်။ လက်သင်ကလေးတစ်ယောက် ဆွဲထားသည်မို့ မသပ်ယပ်လှသော်လည်း အလားအလာ ရှိသည်ဟုတော့ သူ ပြောရပေါ၏။ သူက တစ်နေရာတွင် ပျံလေတဲ့ ချိုးဖြူရုပ်ကို တွေ့ရလေသည်။

'ဟော ငြိမ်းချမ်းရေး ဂျိုးဖြူပါလားကွ'

'သူက နိုင်ငံရေးသမားလေ'

မေသန်းက ဝင်ပြောမိပြန်၍ မျက်စောင်းတစ်ခုကို ရရှိလိုက်သည်။ မောင်လှမြင့်က သည်တော့မှ သတိရသည်။ သူမတို့ကျောင်းမှာ ပြတ်သား၍ တိုးတက်လှသည် မဟုတ်ပါလော၊ သူကစာအုပ်ကို မခင်လတ်အား ပြန်ပေးရင်း မေသန်းအား . . .

'ကဲ ပြောစမ်း မင်းကကော ဘာများ ဝါသနာပါသလဲ'

'သူလား ကြီးရင် စာတိုက်မှာလုပ်မှာ'

'ဟော့၊ မင်းလည်း မပြောဘူး၊ ကိုယ့်လည်း မပြောနဲ့တော့၊ ကဲ ကဲ မေသန်းဘာသာ ပြောစမ်း၊ ဘာ ဝါသနာပါသလဲလို့'

'တံဆိပ်ခေါင်း စုတယ်'

'အိုး . . .'

'ကိုလေးကကော တံဆိပ်ခေါင်း အထူးအဆန်း ပေးမလား'

'အေး ပေးမှာပေါ့၊ ဂျာနယ်တိုက်ကို နိုင်ငံခြားကစာတွေ အများကြီးလာတယ်၊ ကိုလေး နောက်တစ်ခေါက် လာရင် ယူခဲ့မယ်'

'ဒါမှ တို့ကိုလေးကွ'

'မခင်လတ်ကမူ မဲ့လိုက်သည်။

'မောင်လေး စိတ်မညစ်သေးဘူးလား၊ ဒီကောင်မလေးတွေနဲ့'

မယဉ်နွယ်က ထွက်လာပြန်ကာ မေးလိုက်သည်။

'မညစ်ပါဘူး၊ ပျော်တောင် ပျော်သေးတယ်'

'ပျော်ရင် ပြီးပါရောရှင်၊ ကဲ လာခဲ့ကြအားလုံး၊ ထမင်းစားကြရအောင် ခူးပြီးပြီ'

(၅)

အိမ်မကျယ်ဝန်းလှသော်လည်း သပ်ယပ်လှသည်၊ အဆင်အပြင်က ကျန စည်းစနစ်ရှိ၏။ ခေတ်မီသည်လည်း ရှိသည်။

ထမင်းစားကြဖို့ရန်အတွက် သီးသန့်တစ်ခန်း ပေးထားသည်ရှိ၏။ လေးထောင့်စားပွဲလေးနှင့် ကုလားထိုင်များသာမက ဖွန်းခက်ရင်းကိုပါ စီစဉ်ထား၍ မယဉ်နွယ်၏ ခေတ်မီမှုကို သူက လေးစားအံ့ဩလျက် ရှိလေသည်။

'ထိုင် မောင်လေး'

စားပွဲခင်းများ အပြာနုနုဖြစ်ပြီး စပယ်ခက်ဖြူလေး ထိုးချုပ်ထားသည်။ ဟင်းများစုံကာ အငွေ့တထောင်းထောင်း အနံ့တသင်းသင်းနှင့် ထမင်းက ဖြူလွင်နေသည်။ တိုက်ပန်းကန်ပြား အနားပြာရစ် လေးချပ်ကို မှောက်ထားကာ ဘေးဝယ် ခက်ရင်းနှင့် ကြွေဇွန်းဖြူဖြူတို့ကို တွေ့ရသည်။ မျက်နှာချင်းဆိုင် ထောင့်နှစ်ဘက်၌ လက်သုတ်ပဝါနှစ်ထည် ခေါက်တင်ထားသည်။

'ဖွားလေးကော . . .'

သူတို့လေးယောက် စားပွဲဝယ် အသီးသီး ထိုင်မိကြသောအခါ အမယ်ကြီးကို မြင်မိ၍ မောင်လှမြင့်က အဖြေကို တထိတ်ထိတ်နှင့် ရယူရန် မေးလိုက်သည်။

'ဖွားလေး စားပြီးပြီ ကိုယ်တို့ချည်း လွတ်လွတ်လပ်လပ် စားရုံပဲ'

မေသန်းက ကြွေဇွန်းများကို ဟင်းခွက်များထဲသို့ လိုက်ထည့်နေကာ မခင်လတ်က ကြွေအုပ်ထဲမှ ထမင်းများကို ပန်းကန်ပြားတစ်ချပ်စီထဲသို့ ခူးထည့်နေသည်။ မယဉ်နွယ်က သီးမွှေးငှက်ပျောသီး တစ်ဖီးကို အနီးရှိ ကြောင်အိမ်ထဲမှ ထုတ်ကာ ပန်းကန်ပြားတစ်ချပ်နှင့် ထည့်ကာ ထမင်းစားပြီးလျှင်စားရန် စားပွဲပေါ် တင်ထားလိုက်သည်။

'ကဲစား မောင်လေး ဘာမှ အားမနာနဲ့'

'ရှက်ချင်ရင်တော့ ရှက်ပေါ့'

မေသန်းက ဝင်ပြောလိုက်ရာ ရယ်လိုက်ကြရသည်။

'ရှက်တာ အားနာတာကို ကျွန်တော် နားမလည်ပါဘူး'

တကယ်လည်းပဲ မောင်လှမြင့်က တော်တော်ပင် အဲဒီနေ့က စားလိုက်သည်၊ ဟင်းချိုကို သူက အလွန်နှစ်ခြိုက်ပြီး အင်မတန် ချိုသဖြင့် တော်တော်များများလေး သောက်ပစ်လိုက်သည်။ မယဉ်နွယ်က ဟင်းချက် ထမင်းချက် ကောင်း၏။ အစပ်အဟပ်ညီ၍ ဆားအပေါ့အလေး မှန်လေသည်။ အာလူးကြော်လေးတွေ ဝါးရသည်က တဂျွတ်ဂျွတ်နှင့် ကလေးဆန် လှသည်။

'မောင်လေးက ဟင်းစားနည်းတာကိုးကွ'

မယဉ်နွယ်က ဂရုတစိုက် သူ့ပန်းကန်ထဲပုံနေအောင် ကလေးငယ် တစ်ယောက်လို ဟင်းမျိုးစုံကို ခပ်ထည့်ပေးပါသည်။ ကလေးမနှစ်ယောက် ကတော့ ထမင်းကိုသာ အတွင်စားနေကြသည်။

မောင်လှမြင့်က သစ်သီးသစ်ရွက်ကို ပိုကြိုက်လေသည်။ ပန်းကန် ပြား ပက်ပက်ထဲဝယ် ခဝဲသီးများမြင်၍ တစ်လုံးဆယ်ယူကာ ဖြတ်၍ တစ်ပိုင်းစားလိုက်ရာ အလန့်တကြား ရှိသွားပြီး ကျန်တစ်ပိုင်းကို သေသေချာချာကြည့်ရာ အတွင်း၌ အသားသွတ်ထားသည်ကို တွေ့ရ၏။

'ကိုလေး ဘယ်ရဲ့ ဘယ်ကား၊ ကြည့်မှာလဲ'

မေသန်းက ဟင်းချိုဇွန်းကို မှုတ်ရင်း မေးလိုက်သည်။

မောင်လှမြင့်က သူမ မေးခိုက်တွင် ပါးစပ်ထဲတွင် ထမင်းများ ပြည့်နေ၍ မြန်မြန် မျိုချကာ ခဏကြာမှ ဖြေနိုင်၏။

'ဗမာကား ကြိုက်သလား၊ အင်္ဂလိပ်ကား ကြိုက်သလား'

'အင်္ဂလိပ်ကား'

'ဗမာကား'

ကလေးမနှစ်ယောက် ပြိုင်တူ တစ်ယောက်တစ်ပေါက် ဖြေလိုက် သည်။

**ရန်အောင်စာပေ (၂)**

'အပြာမမကကော'

'ကြည့်ချင်တာ ကြည့်ကြပါကွယ်'

'အင်္ဂလိပ်ကားပဲ ကြည့်ကြပေါ့၊ အဲဒါက အင်္ဂလိပ်စ်ရှ် တိုးပါတယ်'

မောင်လှမြင့်က ထမင်းစားရင်း ခဏခဏ တစ်စက္ကန့် နှစ်စက္ကန့် စသည် ရပ်နားနေတတ်သည်ကို မယဉ်နွယ်က သတိပြုမိသွားသည်။

'မောင်လေး ဘာဖြစ်လို့လဲ'

'ဘာမှ မဖြစ်ပါဘူး၊ နည်းနည်းမောတာပါ၊'

'ထမင်းစားရတာ မောတယ် ဟုတ်လား၊ ဒီလိုဆို ကိုလေး ကူလီတော့ လုပ်မစားနဲ့'

'ဟယ် မေသန်းကလည်း နင့်အကိုလေးကို ဒီလိုပဲ ပြောရသလား၊ မောင်လေးကြည့်ရတာ သိပ်အားနည်းနေပုံပဲ၊ ကျန်းမာရေး ဂရုစိုက်ဖို့ လိုတယ်'

'အနားယူလိုက်ပေါ့'

မခင်လတ်က ငှက်ပျောသီးကို အခွံနွှာရင်း ပြောလေသည်။

'အနားယူရအောင် ဘာလုပ်သလဲလို့များ မေးစမ်းပါဦး'

မယဉ်နွယ်နှင့် သူက ရှေ့ဆင့် နောက်ဆင့် ပြုံးလိုက်ရသည်။

'အပြာမမက မသိလို့၊ ဘာမှမလုပ်ဘဲ နေပြီးမှ အနားယူရတာ သိပ်ကောင်းတာ'

'နေပါဦး မောင်လေး ဒီပြင်အလုပ် ဘာမှ မလုပ်ဘူးလား'

သူက နောက်ဆုံးအဖြစ် ဟင်းချိုတစ်ဇွန်းကို သောက်ကာ . . .

'လုပ်ပါတယ်'

'ဘာများလဲ'

ကလေးမနှစ်ယောက်က ဂရုတမူ နားစွင့်လျက်ရှိသည်။

'စာပေသမား'

'စာပေသမားဆိုတော့ စာရေးဆရာပေါ့'

မယဉ်နွယ်က တိုးတိုးလေး ရေရွတ်လိုက်သည်။

**ရန်အောင်စာပေ (၂)**

'စာရေးဆရာ ဟုတ်လား၊ ဒီလိုဆိုရင် မခင်လတ် အော်တိုထဲမှာ တစ်ခုခု ရေးပေးစမ်းပါ'

ကလေးမက ချက်ချင်းပင် အရေးခိုင်းမလို၊ အော်တိုကို သွားယူမလို ရှိရာ. . .

'နောက်မှ ရေးခိုင်းပါအေ၊ မောင်လေး ကလောင်နာမည်က'

'မြင့်နောင်'

'အို . . . မမ တော်တော် ဖတ်ဖူးတယ်'

'ကဲ လာ အိမ်ရှေ့သွားစို့၊ ကဗျာတစ်ပုဒ် ရေးပေးရမှာပဲ . . .'

မခင်လတ်က အတင်းခေါ်သွားသဖြင့် ယက်ကန် ယက်ကန်နှင့် အိမ်ရှေ့သို့ပါသွားရ၏။ ကဗျာတစ်ပုဒ်ကို သူမ၏အော်တိုထဲဝယ် ရေးပေးလိုက်မှ ကျေနပ်သွားလေသည်။ သည့်နောက်မူ ကလေးမများသည် အိမ်စာများရေးရန် ရှိသေး၍ ရုပ်ရှင်မသွားခင် ပြီးအောင် လုပ်ကြဦးမည် ဆို၍ မဂ္ဂဇင်းတစ်အုပ်ဖတ်ရင်း ဧည့်ခန်းထဲမှာ ကျန်ရှိနေလေသည်။

သူမက မမနွယ်၏ အိမ်တွင်းစီမံမှုများကို ကြည့်ညို၍ သူမ၏ ယုယကြင်နာတတ်မှုကို လေးစားနေမိသည်။ သူမတို့သည် အလတ်တန်းစား အဆင့်တွင် နေထိုင် စားသောက်လျက်ရှိသည်ကို သူက ကောင်းစွာ လေ့လာမိသည်။ မယဉ်နွယ်က ခေတ်မီမှုရှိသည်နှင့် အတူ အတွေ့အကြုံ လည်း ပြည့်ဝလိမ့်မည်ဟု သူက မျှော်လင့်သည်။

ဘီရိုထဲဝယ် အင်္ဂလိပ် မြန်မာ စာအုပ်များသည် အစီအစဉ်လိုက် ရှိနေသည်။

မေသန်းက ဂဏန်းတွက်နေရင်း သူမစာအုပ်ထဲတွင် ညှပ်ထားသော တံဆိပ်ခေါင်းတစ်ခု လွင့်ကျသွား၍ သူက ကောက်ပေးလိုက်ရင်း. . .

'ဗမာပြည်က ခေါင်းတွေတော့ အကုန်ရှိလား'

'အင်း . . .'

ခေါင်းလည်းညိတ်သေးသည်။

'ပြည်တော်သာ အစိုးရတံဆိပ်ခေါင်း အသစ်ထုတ်ဖို့ လိုတယ်ကွ'

'ဘယ်လိုဟာမျိုးလဲ. . .'

'ဝန်ကြီးတစ်ပါး စီးမြင်းဆွဲနေပုံ . . .'

'အိုဗျာ နေဦး၊ ကျွန်တော် တစ်ပုဒ်တွက်လိုက်ဦးမယ်'

အတွင်းခန်းမှ ဖွားလေး၏ဟောက်သံကို မကျယ်မတိုး ကြားရသည်။ ခဏကြာသောအခါ အားလုံးသိမ်းဆည်းပြီး၍ အပြင်ထွက်လာသော မယဉ်နွယ်ကို တွေ့ရသည်။

'စားလို့ မြိန်ရဲ့လား မောင်လေး'

'အားကြီး မြိန်ပဲ'

သူမက ကျေနပ်စွာ ပြုံးလိုက်သည်၊ ယုယမှုအသွင် ပါလာသည်။ အိမ်ထောင်ဦးစီး ခေါင်းဆောင်ရှင်မ။

မယဉ်နွယ်သည်လည်း မောင်လှမြင့်လိုပင် အမိနှင့်အဖ မရှိတော့လေပါ။ သူမ ၇ တန်းအရောက်တွင် ဆုံးသွား၍ တဖြည်းဖြည်းနှင့် ပိုးကုန်တိုက်မှ အထည်သည်အဖြစ် ရောင်းချလုပ်ကိုင်းရင်း ညီမလေးနှစ်ယောက်အား ကျွေးမွေး ကျောင်းထားရလေသည်။ အိမ်ရှိ အမယ်ကြီးမှာ သူမအမေ၏အဒေါ် ဖြစ်လေသည်။ သူမက အိမ်ထောင်တစ်ခုကို ပိရိသပ်ယပ်စွာ ထိန်းသိမ်းနိုင်ခြင်းရှိပြီး အရပ်ကလည်း ချစ်ခင် သနားချီးမွမ်းကူညီကြလေသည်။

မောင်လှမြင့်က သူ့မမ၏ မပြေပြစ်သော ဘဝ တစ်စိတ်တစ်ဒေသကို အနည်းအကျဉ်း လေ့လာခွင့်ရလိုက်သည်။ အပြည့်အစုံ လေ့လာဖို့ရာက တုပြိုင်နိုင်ရာကင်းသော အလှရှင်ထံသို့ အခြားလာကြသော လူရွယ်များကို သူမ ညှော်ခံနေရသေး၍ အချိန်တွေက သူ့အဖို့ မလိုလားအပ်စွာပြုန်းတီးကုန်လေသည်။ နောက်ဆုံး ရုပ်ရှင်ချိန်နီးသည်အထိ စကားကောင်းနေသော လူရွယ်နှစ်ယောက်ကိုတော့ မခင်လတ်က ယဉ်ကျေးစွာ နှင်ပစ်လိုက်သည်။

'မမရေ သွားစရာ ရှိသေးတယ်ဟုတ်လား၊ ရေချိုးတော့လေ'

အပြာဘေးဝယ် ထိုင်ရင်း သူက တစ်ခါတစ်ခါ ရွှေစင်ဦးအား သွား၍ သတိရလိုက်ပါသေးသည်။ ရွှေစင်ဦးများ ဖြစ်လိုက်စမ်းပါ တော့. . .

'အပြာပဲဝတ်ခဲ့နော် . . . မမနွယ်'

(၆)

သူတို့က ရုပ်ရှင်ရုံသို့ အချိန် အနည်းငယ်နောက်ကျ၍ ရောက် သွားသည်။ ကြည့်ရန် လာရင်းကားကိုတော့ ကောင်းစွာမီပါသည်။ သတင်းကားအချို့နှင့် နမူနာ ကားအချို့သာ လွတ်ကုန်သည်။ ၎င်းတို့သည် မှောင်ထဲဝယ် စမ်းသပ်ထိုင်မိသောအခါ ပိတ်ကားဖြူဖြူပေါ်ဝယ် အရောင်စုံ တောက်ပသော ကာတွန်းကား ပြသလျက်ရှိသည်။ ကလေးမနှစ်ယောက် သည် ကာတွန်းကားကို အစအဆုံး မမီသည်ရှိ၍ တဖျစ်တောက်တောက် ရှိနေသည် အလိုက်ကန်းဆိုးမသိ စကားများနေသော မယဉ်နွယ်၏ ညှော်သည်များကို ကျိန်ဆဲလျက် ရှိကြသည်။

တကယ်တော့ သူမတို့ ဖြီးလိမ်းဆင်ယင်ကြသည်ကလည်း နုတ်ယူချိန် များသွား၏။ သူငယ်မနှစ်ယောက်မှာ ထမီစိမ်း အင်္ကျီဖြူ လက်တိုလေးတွေနှင့် ချစ်စရာကောင်းလှ၏။ မခင်လတ်က အပျိုရင့်မကြီး တစ်ယောက်ဟန်ဖြင့် လက်ပွေ့အိတ်ကလေးကို ကိုင်လာ၏။

'ဘာလဲ . . . ဝါတာ ကာလာဘူးတွေ ထည့်လာတာလား . . .'

မောင်လှမြင့်ကပင် အိမ်ကအထွက် နောက်ခဲ့သေး၏။

မယဉ်နွယ်ကတော့ အပြာပါပဲ၊ သို့သော် ကနေ့၌ ခါတိုင်းလို အပြာပန်းကို မဝတ်မူဘဲ အပြာခံဝယ် အလယ်ပိုင်းမှ ကန့်လန့်ရစ်အဖြူစင်း ထမီကို ဝတ်လာ၏။

'အင်မတန်ချစ်တဲ့ သူငယ်ချင်းတစ်ယောက်က လက်ဆောင်ပေး လို့ ဝတ်တာ . . .'

သူမက ရှင်းပြ၏။ တစ်ဖက်က ပြာသော နီလာလက်ရစ်၊ ကျန်

တစ်ဖက်က ဖြူသောနာရီ၊ နီလာတစ်လုံး နားဆွဲလေးက ဝါသော၊ နီသော ပါးပြင်ကို အပြာဟပ်လျက် ရှိစေသည်။ ပထမမှူလသုံးရောင် ရောဝပ်နေ၍ လှ လှသည်။

ဇာတ်လမ်းစနေသည်ကို သူက တော်တော်လေးကြာမှ သတိရသည်။ ဒါသည်လည်း ညီမလေးများက မေးစမ်းခြင်းပြုလာ၍ ဖြစ်သည်။ 'ကိုလေး သူက ဘာလဲ'၊ 'သူတို့ ဘယ်သွားကြတာလဲ၊ ဘာပြောလိုက်တာလဲ၊ မင်းသမီး စိတ်ဆိုးသွားပြီ' ညီမလေးနှစ်ယောက်သည် တစ်ယောက်ပြီး တစ်ယောက် တစ်မေးခွန်းပြီး တစ်မေးခွန်း မေးကြလေတော့သည်။ သူက ဘာမှ သတိပြုလိုက်မိခြင်း မရှိ၍ စပ်စုသိချင်သော မေးခွန်းများကို မဖြေနိုင်သည်ရှိသော်လည်း ကျေနပ်မှုရှိကြစေရန် မှန်းသန်း၍ ဖြေပေးလေသည်။ နောက်ဆုံး မယဉ်နွယ်က အကဲသိ၍ ညီမလေးနှစ်ယောက်ကို ဟန့်တားလိုက်မှ ငြိမ်သွားကြကာ နောက်ထပ် မမေးမြန်းကြတော့ဘဲ ဇာတ်ကားကိုသာ စိတ်ဝင်စားစွာ ကြည့်နေကြတော့သည်။

မောင်လှမြင့် အနေနှင့်က ဘယ်နည်းနှင့်မျှ ရုပ်ရှင်ဝယ် စိတ်ဝင်စားနိုင်မည် မဟုတ်ချေ။ အရင်ဥပုသ်ကလည်း ရုပ်ရှင်ကြည့်ခဲ့ရပြီး အစမှအဆုံးတိုင် ဘာကိုမျှ မသိရှိလိုက်၊ အဲ့ဟိုစဉ်က သက်နှင်းရွှေစင်ဦးနှင့်အတူ ကြည့်ခဲ့ရပြီး၊ ယခုမူ မမတစ်ယောက်နှင့် ညီမလေးများကို အဖော်ပြုကာ ကြည့်နေရလေသည်။ သူက ယခုလို ရုပ်ရှင်ကြည့်တိုင်း အတိတ်နှင့် ရောထွေးနေပြီး ရွှေစင်ဦးအား သတိရခဲ့သည်။ မျက်ရည်စမ်းစမ်း ကျခဲ့ရသည်လည်းရှိပြီး နံဘေးမှ သူငယ်ချင်းအား မျက်စေ့မှုံ၍ မျက်ရည်ယိုသည်ဟု ညာခဲ့ရသည်လည်း များလှပါလေပြီ။

'ဘာဖြစ်တာလဲ မောင်လေး ဟင် နေမကောင်းဘူးလား'

မယဉ်နွယ်သည်လည်း ထို့အတူ ရုပ်ရှင်ဝယ် စိတ်မဝင်စားနိုင်ပါ။ သူမ မောင်လေး၏ အကဲမရသည်ကို သတိရမိ၍ ဖြစ်သည်။

'ကောင်းပါတယ် နည်းနည်းခေါင်းမူးသလို ရှိလို့ပါ . . . '

'ဒါဖြင့် . . . ရော့ . . . ရော့ . . . '

**ရန်အောင်စာပေ (၂)**

သူမ၏ လက်ကိုင်ပဝါပြာပြာလေးကို ပေးလိုက်သည်။ အီးဗနင်း အင်ပဲရစ် လှိုင်သင်းသည်၊ သည်လို ယုယမှုလေးတွေ ခံစားရလေ ရွှေစင်ဦး အား နာကျည်းစွာ သတိရလေဖြစ်လေသည်။

ညီမလေး နှစ်ယောက်ကတော့ သူတို့အား သတိမရ မေ့နေကြ မည် ထင်၏။

'မမကို ကျွန်တော် တစ်ခုညာခဲ့တယ် . . .'

'ဘာများလဲကွယ် . . .'

'အရင်ဥပုသ်က မလာဖြစ်တာလေ၊ ဘယ်သွားနေလို့ ဆိုလားပဲ ကျွန်တော်ပြောတာ . . .'

သူက ဘယ်လိုညာခဲ့သည်ကိုပင် မေ့လျော့နေပေပြီကော။

'မတ္တရာ သွားနေလို့ဆို . . .'

'အဲဒါ ညာတာ၊ မဟုတ်ဘူး . . .'

'အင်း . . . ဘာဖြစ်လို့ မလာဖြစ်တာလဲ . . .'

'ဒီရုံမှာပဲ အမျိုးသမီးတစ်ယောက်နဲ့ ကြည့်နေရလို့ . . .'

သူက မသက်မသာ ပြောလိုက်သည်။ ခဏကြာမျှ တိတ်ဆိတ်နေ သည်။ သူမက အမျိုးသမီးတစ်ယောက် ဆိုသည်ကို စဉ်းစားနေသည်။

'မမရယ် . . . အိမ်ရောက်ရင် ကျွန်တော် ပြောပြပါ့မယ် . . .'

အပြန်ခရီး တစ်လျှောက်လုံးနှင့် အိမ်ရောက်၍ အတန်ကြာသည့် တိုင်အောင်ပင် ကလေးမနှစ်ယောက်သည် ဇာတ်လမ်းနှင့် ပတ်သက်၍ ပြန်လည်ပြောဆို ငြင်းခုံလျက်ရှိကြသည်။

'သူဟာ ကျွန်တော့်ရဲ့ ကိုးကွယ်ရှင်မပါပဲ . . .'

မောင်လှမြင့်က သူ၏ အပြာမမနွယ်အား သူနှင့် ရွှေစင်ဦး ဘယ်ကဲ့သို့ စတင်သိကျွမ်းခဲ့ပုံ၊ အမျိုးသမီးသည် ဘယ်လိုလှ၍ ဘယ်လို အယူအဆ ရှိသည်တို့ကို ပြန်ပြောပြနေသည်။ နောက်ဆုံး ရုပ်ရှင်တစ်ခုကို ကြည့်ရင်း ချစ်ရေးဆိုခဲ့ပြီး ရှုံးနိမ့်ခဲ့ရပုံများကို မသက်မသာ နတ်သံနှော နေသည်။

**ရန်အောင်စာပေ (၂)**

'ဒီနောက်မှာလည်း ကျွန်တော်က ကိုးကွယ်နေလျက်ပဲ၊ မေ့လို့မရဘူး၊ မမေ့နိုင်ဘူး မေ့လည်းမမေ့ချင်ဘူး၊ ဘယ်တော့မှလည်း မေ့မှာမဟုတ်ပါဘူး မမရယ် . . . '

အပြာပင် အသည်းလေးတွေ တုန်လာသည်။

'မောင်လေးရယ် မျက်ရည်ဆိုတာ ချစ်ခြင်းမေတ္တာက စီးဆင်းလာတာပဲ ကွဲ့ . . . '

မယဉ်နွယ်က သူမ မောင်လေးအား အမျိုးမျိုး နှစ်သိမ့်လေပါသည်။ ပြေနိုင်ပါမည်လား။ ညနေသို့ ရောက်သောအခါ သူက ညစာကိုပင် မစားတော့ဟု ဖွတ်အတင်းငြင်းကာ ယုယသော မမနွယ်နှင့် ချစ်သော ညီမငယ်များအား ခွဲခွာခဲ့လေသည်။

သည်ဥပုသ်၌လည်း သူက ညဥ့်နက်သန်းခေါင်အထိ မြူနှင်းများဝေနေသော ကျူးဘေး ကျောက်စိမ်းနှင်းမြက်ခင်းပေါ်တွင် ငိုရှိုက်ရင်း အချိန်များကို ဆုံးရှုံးပစ်လိုက်ပါသည်။

ရွှေစင်ဦးကို ဘယ့်နှယ်များလုပ် မေ့ရပါမလဲ အပြာမမနွယ်ရယ် . . . ။

## လွယ်အိတ်ကလေး ငယ်ငယ်

(၁)

ဝေး . . . ဝေးနိုင်လွန်းလှသည်။

ဆောင်းနှင်းရက်ဦးဖြစ်၍ တော်သေးသည်။ နွေဦးရက်စဆိုလျှင် တောင်လေဖျန်း၍ ဆန့်ကျင်ဖက်မို့ ပင်ပန်းကြီးစွာရှိပေမည်။ ခရီးတာကလည်း လှမ်းလှ၏။ မျှော်လင့်ဇောဖြင့်မို့သာ သွားရသည်။ လမ်းကရှင်း၍ ဘစ်ယောက်ထည်းထည်းလို ရှိနေသည်က ပိုမို ပျင်းရိစေသည်။

မောင်လှမြင့်က ဘီးကိုမှန်မှန်ပဲ နင်းနေသည်။ သူက ဒီလမ်းတွေကို –ရောက်သည်က ကြာလေပြီ။ ဟိုယခင်ကတော့ နေ့တိုင်းနေ့စဉ် ရောက်ခဲ့ ါလေသည်။ သူက ဘာတွေများ ပြောင်းလဲနေမလဲဟု လမ်းမရှည်ရှည်၏

ဝဲယာဘေးတစ်လျှောက်ကို ကြည့်လာသည်။ အိမ်သစ်လေး နှစ်လုံးသုံးလုံး တိုးနေသည်မှအပ ခါတိုင်းလိုပင် ရှိလေသည်။ နှင်းဝယ်ပင်စိမ်းပင်လေးတွေက လန်းနေသည်။ ပုဏ္ဏားလေး နှစ်ယောက်သုံးယောက် လက်သံစမ်းနေသော သူတို့အမျိုးသား ဗုံသံက ကျယ်ကျယ်လေး ပေါ်ထွက်နေသည်။

ရှည်သောလမ်းမ၏ အဆုံးဝယ်တော့ တိုက်ဝါကြီးတစ်လုံးကို မြင်ရသည်။ ကြီးမား၍သာ ဘုန်းတော်ကြီးကျောင်းဟု မပြောဝံ့ခြင်းဖြစ်သည်။ သူ မရောက်သည်မှာ ကြာပြီဖြစ်သော မန္တလေးတက္ကသိုလ်ပါ။

သူက ပြန်၍ လက်ပြလိုက်ရသည်။ တက္ကသိုလ် အဆောက်အဦသို့ ရောက်ရန်မဝေး၍ နီးသော ဦးဘချစ်လက်ဖက်ရည်ဆိုင်တွင်းမှ ကျောင်းသားတစ်စုမှ လှမ်းနှုတ်ဆက်လိုက်ရာ၊ သူက မဝင်သည့်ပြင် စကားအားဖြင့်လည်း မတုံ့ပြန်၊ အလှည့်သင့်ရာ လက်ကိုသာ မြှောက်ပြခဲ့ပြီး သူက ပို၍ သုတ်သုတ် တောင်အရပ်သို့ နင်းသွားသည်။

ဤလူစုအားတွေ့ရန် မရောက်တာကြာပြီဖြစ်သော၊ မြို့မှဝေးလှသည် ရှိသည့် တက္ကသိုလ်ကျောင်းကြီးသို့ သူက လာခြင်းမဟုတ်ပါ။ သက်နှင်းရွှေစင်ဦးအား ဖူးမြော်ကန်တော့ရန် လာခြင်းပါ။

သူမအား မတွေ့ရသည်မှာ နှစ်ပတ်ကျော်လာသောအခါ သူက ဘယ်လိုမှ အောင့်အည်း နေနိုင်စွမ်းမရှိတော့၊ ဘုရားကြီးသို့ အတူတကွ သွားပြီးသည့်နောက်ပိုင်း၌ သူမ၏အရိပ်ကိုမျှ ထပ်မမြင်ရတော့၊ သူက တစ်နေ့ဝယ်လာပါလိမ့်ဟု စောင့်နေခဲ့ရသည်က နှစ်ပတ်ပင် ကျော်လာခဲ့သည်။ မေ့ရန်ကြိုးစားနေသည့် အထဲမှ သူမအား နာရီအစဉ် သတိရလျက်ရှိလေသည်။ အို သူကမှမလာတာ မတွေ့တော့ ဘာပြုလဲဟု နာနာတင်းထား၍သာ ဤမျှအထိ သူမအိမ်သို့ လိုက်မသွားမိခြင်း ဖြစ်လေသည်။ သို့သော် သွားရင်းဟန်လွှဲအနေနှင့် တွေ့နိုင်ရန် သူမ သွားလာတတ်သည့် နေရာများသို့ နေ့စဉ်နှင့်အမျှ များစွာအကြိမ်ပေါင်း သွား၍ရှာခဲ့၏။ မတွေ့လေ ပို၍ ဖူးမြော်ချင်လေဖြစ်လေသည်။ သူမအိမ်သို့တော့ သူက နာကျည်းထားသည်လည်း ရှိထား၍ တတ်နိုင်သည်အထိတော့ မသွားဘဲနေပေပြီ၊

နောက်ဆုံးတော့ အကောင်းဆုံးနည်း အဖြစ်ဖြင့် ကျောင်းသို့သွားရင်း သူမအား တွေ့ရန်ကြံလေသည်။

သူမအတွက် သူက ဘယ်မျှ နက်ရှိုင်းအောင် မိုက်မဲသည်ကို ရွှေစင်ဦးက သိရှိပြီးဖြစ်သော်လည်း ပိုမိုခိုင်မြဲ လေးနက်အောင် အသစ်အသစ်တို့ကို သူမ မသိအောင် တတ်နိုင်သမျှ ထိန်ချန်ထားပါသည်။ ယခုလည်း သူက မတွေ့မနေနိုင်၍သာ၊ တွေ့ချင်ကြောင်းကို မသိစေလိုပါ။ ဖုံးဖိထားလိုသည်။

'သမဂ္ဂကို ကိစ္စရှိလို့ လာတာ'

ရွှေစင်ဦးကို ရှာဖွေ၍တွေ့လျှင် ဤသို့ညာရန်ကို သူက မနေ့ကကတည်းက စိတ်ကူးထားလေသည်။ သူမက သူညာသည်ကို မသိဘဲရှိမည်တော့မဟုတ်၊ သို့သော် မသိဟန်ဆောင်ကာ သူ့အား ရွှင်လန်းစွာ ခေါ်ပြောမည်ကိုလည်း မောင်လှမြင့်က ကြိုတင် သိထားနှင့်ပါသည်။

'ဟေး . . . ရဲဘော်ကြီး'

မောင်လှမြင့်က ခေါ်သံကြားလိုက်၍ လှည့်ကြည့်လိုက်ရာ မ၊တ၊က၊သ၊ မှ အမှုဆောင် ရဲဘော်တစ်ယောက်ကို တွေ့ရသည်၊ ၎င်းကပင် . . .

'မသေသေးဘဲကိုး နေပါဦး'

'သွားဦးမယ်၊ ပြီးတော့ ရုံးခန်းလာခဲ့မယ်'

သူက ရဲဘော်များနှင့်မတွေ့ရန် ရုံးခန်းရှေ့သို့ ရောက်စေနိုင်သော အနောက်ဘက်မှ မလာဘဲ ကျောင်းအဆောက်အဦကို အရှေ့ဘက်မှ ပတ်လာခဲ့မှပင် ရဲဘော်တစ်ဦးနှင့် ပက်ပင်း တွေ့နေရသေးသည်။ သူက ဘီးကို သော့ခတ်သွားခဲ့ကာ ဒုတိယထပ်သို့ ပြေးတက်သွားလေသည်။

ရွှေစင်ဦးကို အလွယ်တကူမှ တွေ့ပါ့မလား၊ ကျောင်းသူတို့ အတင်းပြောရာ နားနေခန်းထဲသို့ ရောက်မနေပါစေနှင့်ဟု သူက ဆုတောင်းလျက်ရှိသည်။

'ဟေး . . . မောင်လှမြင့်'

သူက စာကြည့်ခန်းထဲသို့ ရွှေစင်ဦး၏ အရိပ်အခြေကိုမှ မတွေ့၍ စကြံမျှားနှင့် အထက်ထပ်တွင်ရှာရန် စိတ်စော၍ ထွက်အလာ နောက်နားမှ ခေါ်သံကြားလိုက်ရသည်။ မြန်မာစာဌာနခန်းဝတွင် ရပ်၍ ပြုံးရယ်နေသော အမျိုးသမီးတစ်ဦးအား တွေ့ရသည်။

'အော် မမရီပါလား'

'ဟုတ်ပါတယ်ရှင်၊ မြင်များတောင် မမြင်တော့ဘဲကိုး'

'ဟုတ်ပါဘူး မမရီရာ၊ သမဂ္ဂက ရဲဘော်တစ်ယောက် လိုက်ရှာနေလို့ပါ'

သူမက ဘီအေနောက်ဆုံးနှစ်ဖြစ်ပြီး တက္ကသိုလ်၏ ကြယ်တစ်ပွင့်ပဲ ဖြစ်လေသည်။ သူနှင့် တစ်ကျောင်းတည်းနေခဲ့ပြီး သူနှင့် တစ်တန်းတည်း တော့မဟုတ်၊ တစ်တန်းမြင့်ကာ သူ့အား မောင်လေးတစ်ယောက်လို ချစ်လေသည်။

'မင်း စာမေးပွဲ ဖြေတယ်မှတ်လား'

'စာမေးပွဲ၊ ဘာ စာမေးပွဲဟုတ်လား မမရီ'

'အေးလေ လူများတွေ စာမေးပွဲဖြေနေကြတယ်၊ အဲဒါ မင်းကော ဖြေရဲ့လားလို့ မေးနေတာ'

မခင်ရီက သူ၏ စိတ်ပျက်သွားသော အမူအရာကို မသက်မသာ တွေ့လိုက်ရသည်။

'အင်းအင်း ကျွန်တော်က စာမေးပွဲတစ်ခုလုံးကို မေ့နေ့လိုက်တာကိုး နော်'

ဟုတ်ပါသည်။ မောင်လှမြင့်က ခုမှပဲ စာမေးပွဲကို သတိရသည်။ သူတို့နှစ်ယောက်နားက ဖြတ်သွားသော ကျောင်းသူတစ်စုသည် မနေ့က ဖြေဆိုသော ဘာသာရပ်သည် လွယ်ကူကြောင်း ရယ်မောကာ ပြောသွားကြ လေသည်။

'မင်းလည်း ကျောင်းတုန်းက စာကြိုးစားခဲ့သမျှ တက္ကသိုလ် ရောက်မှ ပျက်စီးတော့တာပဲဟင်'

အစ်မတစ်ယောက် ကရုဏာဒေါသောနှင့် ပြောလိုက်သည်။

'မိုက်လွန်းလှတယ် မောင်လှမြင့်ရယ်၊ ဒါပေမဲ့ကွယ် ဘာလုပ်မိုက်တယ်ဆိုတာလည်း ငါကသိနေတော့ တယ်မပြောချင်တော့ပါဘူး။ တစ်ခုတော့ ရှိတယ်ကွယ်၊ ကိုယ့်ကိုမချစ်တဲ့ မိန်းကလေးတစ်ယောက်အတွက် ဒါလောက် မမိုက်စမ်းပါနဲ့'

သူက ရွှေစင်ဦးနှင့် သူ့ဇာတ်လမ်းကို သိကာ ရွှေစင်ဦးနှင့်လည်း ကျွမ်းဝင်သော အမျိုးသမီးဖြစ်လေသည်။

'မမ ဒီဂရီရရင် ကျောင်းမှာပဲ လုပ်မှာပဲလား'

သူက သူ့အကြောင်းမှ သူမအကြောင်း ပြောလိုက်သည်။

'အင်း၊ ဒါပေမဲ့ ရန်ကုန်သွားမယ်၊ ကျူတာလုပ်ရင်း အမ်အေတက်မယ်လေ'

'အင်း အမ်အေပြီးရင် ပီအိပ်(ချ)ဒီ ယူမှာပေါ့နော်'

'ကြိုးစားရမှာပေါ့ကွာ'

အမျိုးသမီးတစ်ဦးက မိုးထိသော ဘွဲ့ထူးကြီးများကို အားခဲနေစဉ် သူက စာမေးပွဲကို မေ့လျော့နေလေသည်။

'ဘာ ပြုံးတာလဲကွ'

'နှစ်ရှည် ပညာရေးစီမံကိန်းကြီးနဲ့ အပျိုကြီးဇာတ် ခင်းနေတာကိုပါ'

'သွားသွား ကောင်လေး၊ နင်ရှာတဲ့ရဲဘော်ကို သွားရှာချေ။ အဲ့ဒါလည်း ရွှေစင်ဦးပဲ မဟုတ်လား'

သူမက နှင်လိုက်သည်ကို သူက ဝမ်းသာလှစွာ အပေါ်မှ မြန်စွာ ထခဲ့လေသည်။

(၂)

ရွှေစင်ဦးအား အေ၊ ၅ အခန်းထဲဝယ် သူက ရှာဖွေတွေ့ခဲ့သည်။

'အို . . . ကိုလေးမြင့်ပါလား၊ ကျောင်းတွေဘာတွေ လာလို့၊ စာမေးပွဲဖြေတယ်လား'

သူက ခေါင်းကိုရမ်းလိုက်သည်၊ ပြီးမှ . . .

'ဥက္ကဋ္ဌကြီးနဲ့ တွေ့စရာရှိလို့ လာတာ'

'အော် တာဝန်တွေ ပြန်လုပ်တော့မယ်ပေါ့၊ ဝမ်းသာပါတယ်'

သူမက အလွတ်ပြန်သလို ပြောနေသည်။ သူက အပေါက်ဝဝယ် ရပ်ကာ သူမအား တွေပြီးကြည့်နေသည်။

'ထိုင်လေ ကိုလေးမြင့်'

သူမက ထိုင်ရာမှ အနည်းငယ်ဘေးသို့ ရွှေ့ပေးခြင်းအားဖြင့် သူမ ဘေး၌ ထိုင်ရန် ခွင့်ပေးလိုက်ခြင်းဖြစ်သည်။ သို့သော် မောင်လှမြင့်က သူမ နှင့် မျက်နှာချင်းဆိုင်ခုံပေါ်တွင် တက်ထိုင်လိုက်သည်။

သ,လွန်း၊ လှ,လွန်းတဲ့ ရွှေစင်ဦး၊

သူမက နက်သောဆံကို အမောက်အဖြစ်နှင့် ခွေခွေထားသည်။ သူက ဒီလိုပဲ မြင်လေ့ရှိသည်။ သို့သော် ယနေ့မူ ဆံမြိတ်ချ ထုံးထားသည်။ သတို့သမီးဆန်နေသည်။ အထက်အင်္ကျီမှာ ပန်းနုရောင်ဖျော့ဖျော့ဖြစ်ပြီး အောက်ခံဘော်ဒီမှာ သိုင်းကြိုး အပြားကြီးကြီး လုံလုံလဲလဲ ဣန္ဒြေရရ ဖြစ်လေသည်။ စိန်ကတ္တီပါလုံချည်က စာမေးပွဲလာဖြေသော ကျောင်းသူနှင့် ဟပ်စပ်ခြင်း မရှိလှ။

သည်တော့မှ သူကတိုး၍ ဂရုပြုသည်၊ ဆင်ယင်ထုံးဖွဲ့မှုသာမက ကြွားဝါဝတ်ဆင်မှုသည်လည်း တက္ကသိုလ်က လိပ်ပြာမလုံ လက်မခံနိုင် အောင် ရှိနေသည်။

စိန်ဆံထိုး၊ နီလာတစ်လုံးနားဆွဲ၊ မြဘယက်၊ ကျောက်လက် ကောက်၊ မိုးကုတ် လက်စွပ်၊ မန်းရဲ့ဇာတိ ရွှေခြေချင်း။

သနပ်ခါးရေကျဲလေး လိမ်းထားသည်။ နှုတ်ခမ်းကတော့ နီထွေး ပါးလျနေသည်။ သင်းရနံ့က ကြိုင်လျက်နေသည်။ ဖြူ၍ သွားတက်လေး နှင့် ပုလဲတန်းလေးပေါ်အောင် ပြုံးလိုက်ကာ

'ရွှေစင့်ကို စိမ်းစိမ်းကြီး ကြည့်နေတာက လှလို့ပဲလား ဒါမှမဟုတ် မုန်းလို့လားကွယ် . . .'

'လှလို့ပဲပေါ့ ရွှေစင်ရယ်၊ ဒါပေမဲ့ ပြင်ထားဆင်ထားချည့်လား ကွယ် . . .'

'သွားစရာ ရှိလို့ပါ. . .'

'သွားစရာရှိလို့လား ကိုယ်က ရွှေစင် လက်မှား ထပ်ချီတော့မလား လို့. . .'

'ရွှေစင့်မှာ ချစ်သူတောင် မရှိသေးပါဘူး . . .'

အသိကျောင်းသားနှစ်ယောက် အခန်းကို ဖြတ်လျှောက်သွား၍ လက်ပြ နှုတ်ဆက်လိုက်ကြရသေးသည်။ ထိုနှစ်ယောက်က မောင်းခတ်ခြင်းဖြင့် သူတို့နှစ်ယောက် စကားပြောခြင်းသည် ပြန့်၍ သွားပေတော့မည်။

'ဘယ်များ သွားမှာလဲ'

'လေယာဉ်ပျံကွင်းကို မမရင်လည်း လိုက်မှာမို့ ဒီမှာ လာဆုံကြ တာ. . .'

'ကနေ့ ရွှေစင် မဖြေရဘူးပေါ့ . . .'

'အင်း . . . ပရက်တီကယ်ပဲ ကျန်တော့တယ် . . .

'ဘယ်သူ့ သွားကြိုမှာလဲ . . .'

သူမက လက်ပေါ်ခေါက်တင်ထားသော အနွေးထည်အင်္ကျီကို ဖုံတောက်နေသည်။ ချမ်းပြီး အင်္ကျီရှိပါလျက် မဝတ်သည်က သူမအလှကို ပေါ်လွင်စေလို၍ ဖြစ်သည်။

'ဝန်ကြီး၊ ဦး. . . . လာမယ်လေ . . .'

'အော် . . . ပန်းကုံး သွားစွပ်မှာပေါ့ . . .'

သူမက ဝင့်ကြွားစွာ ခေါင်းညိတ်လိုက်သည်။ ဂုဏ်ယူဟန်လည်း ရှိသည်။ သူမက ကျော်ကြားမည်ဆိုလျှင် ဘာမဆိုလုပ်မည့် အမျိုးသမီး ဖြစ်လေသည်။ ဝန်ကြီးတစ်ပါးကို ပန်းကုံးစွပ်ရလျှင် သတင်းစာများက မျက်နှာဖုံးမှ ဓာတ်ပုံများနှင့် အကျယ်တဝင့် ဖော်ပြကြမည် မဟုတ်ပါလား။ သူမက ဒါကိုတွေး၍ ပီတိဖြစ်နေဟန် ရှိသည်။

'ဝန်ကြီးတစ်ပါးကိုဆိုရင် ပန်းကုံးမစွပ်ဘဲနဲ့ စိတ်ပုတီးစွပ်ဖို့

ကောင်းတယ်. . .'

'ကိုလေးမြင့် သွားစွပ်ပါလား . . .'

'အို . . . ကိုယ်သာဆိုရင်တော့ ပန်းကုံးလည်းမစွပ်ဘူး၊ စိတ်ပုတီးလည်း မစွပ်ဘူး . . .'

'ဒါဖြင့် ဘာစွပ်မလဲ. . .'

'လက်ထိပ် . . .'

'ပြောပြီ သူပုန်ကြီးက . . .'

သူမက မျက်စကလေးချီ ပြောလိုက်ရာမှ နှစ်ယောက်စလုံး ရယ်လိုက်သည်၊ လှည့်ကြည့်သွားသော ပါမောက္ခတစ်ယောက်သည် ခြေလှမ်းမှားသွားသည်။ မောင်လှမြင့်အဖို့က ဤလို ကြည်နူးမှုလေးများကြောင့် ရွှေစင်ဦးအား မမေ့နိုင်ခြင်းဖြစ်သည်။ ထိုနှင့်အတူ ဝမ်းနည်း၍လည်းလာသည်။ ဤလို ကျေနပ်မှုလေးတွေကို သူက တစ်သက်လုံးရသွားမည်မဟုတ်၊ တစ်နေ့ဝယ် ရွှေစင်ဦးသည် တစ်စုံတစ်ယောက်နှင့်များ လက်ထပ်သွားသည့်အခါ ဤနေရာသို့ရောက်လျှင် သူက ဆက်မတွေးဝံ့တော့၊ ချက်ချင်း ဖြတ်ပစ်လိုက်သည်။

သူက ရွှေစင်ဦးအား ရနိုင်ရန် မျှော်လင့်ချက် မရှိတော့သည်ကို သူက သိ၏။ သူမကလည်း ပြတ်ပြတ်သားသား တစ်ကြိမ်က ပြောပြီးပေပြီ။ စာအားဖြင့်လည်း ဖြေပြီးလေပြီ။ အင်္ဂလိပ်လိုပင်စွက်၍ ရေးထည့်လိုက်သေးသည် မဟုတ်ပါလား။ တိတိကျကျပြောရန် သူက တောင်းဆိုလိုက်ပါသည်တဲ့။

သူက မရတော့မှန်း သိသော်လည်း ရွှေစင်ဦး၌ ချစ်သူမရှိသေး၍ သူက ခံသာနေပေသေးသည်။ သူမ လက်မထပ်သေးမချင်း၊ သို့မဟုတ် သူမခေါ်တော့ပြီဟု လုံးလုံးမဖြတ်မချင်း သူက ကြိုးစားနေဦးမည်။ သူမ လက်ထပ်သွားမည့် အချိန်ကိုတောင် သူက စိုးရွံ့စွာ ကြောက်လန့်နေသည်။

'ဘာများ တွေးနေပြန်ပလဲ ကိုလေးမြင့် . . .'

သူမက သိသည့်အလား ခပ်မာမာလေး မေးလိုက်သည်။

'ရွှေစင်ဟာ ဝန်ကြီးတစ်ပါးကို စွပ်မဲ့အစား ကိုယ့်ကိုများ စွပ်ရင် ဘယ်လောက်ကောင်းမလဲ . . .'

အို . . . ကိုလေးမြင့်လည်း ဝန်ကြီးတစ်ပါးဖြစ်အောင် ကြိုးစားပေါ့. . .'

'ဖြစ်နိုင်တာကိုပဲ ပြောပါ ရွှေစင် . . .'

'ဖြစ်နိုင်ပါတယ် ကိုလေး . . . နိုင်ငံခြား ပညာတော်သင်သွားပြီး ပြန်လာတော့ ရွှေစင်က ပန်းပွင့်လေးတွေကို ကိုယ်တိုင်သီပြီး စွပ်ပါ့မယ်'

ဘယ်မျှအထိ အမြင့်ကိုသာ ချစ်ခင်လိုသည့် ရွှေစင်ပါလဲ၊ သူက ဂျွန်လ၌ စာမေးပွဲဖြေမည်၊ နက်ဖြန်ကစ စာကျက်မည်၊ ပညာတော်သင် သွားနိုင်ရမည်ဟု သူက အခိုက်အတန့်အားဖြင့် ကြုံးဝါးထားလိုက်သည်။ သို့သော် ထိုကြုံးဝါးချက်သည် မီးခိုးလို ပျောက်ကွယ်သွားမည်သာ။

'ဟေး မရွှေစင်၊ ရှာလိုက်ရတာ သူက ဒီရောက်နေတာကိုး၊ အော် ကိုလှမြင့်ပါလား . . .'

တက္ကသိုလ်ဝယ် ကျော်ကြားခြင်းကြီးလှသော မရင်မြင့်သည် ရွှေစင်ဦးအား မာန်မဲရင်း အဖော်နှစ်ယောက်နှင့် အခန်းထဲဝင်လာရာ သူ့အားမြင်လိုက်မှ ဟန်လုပ်သော အားနာမှုနှင့် တောင်းပန်လိုက်လေသည်။

'နေကောင်းရဲ့လား မမရင် . . .'

ပြုံးသည်သာ အဖြေပဲ။

သည်နောက်၌ သူမတို့လေးယောက်သည် သာလိကာမတွေလို ခြေရော လက်ရော ဆူညံစွာ ပြောလျက်ရှိရာ မောင်လှမြင့်မှာက ဘေးမှ ကြောင်တောင်တောင်နှင့် ထိုင်နေရသည်။ ဘာမှလည်း ဝင်မပြောတတ်။

'၁၁ နာရီမှ ဗိုလ်ကြည်လေးက လာကြိုမှာတဲ့၊ လေယာဉ်ပျံက ၁၁ နာရီဆိုက်မှာဆိုတော့ မီပါတယ် . . .'

သူက ဗိုလ်ကြည်လေးအသံ ကြားလိုက်တာနှင့်အတူ ဂျစ်စတေရှင်ကို မြင်လာကာ အခန်းထဲမှ ပြန်လစ်ခဲ့လေသည်။

**ရန်အောင်စာပေ (၂)**

နောက်မှ တွေ့ကြဦးစို့ ကျော်ကြားခြင်းရဲ့ အမျိုးသမီးရယ်။

(၃)

မန္တလေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂရုံး အဆောက်အဦသည် သာမန် အခန်းတဲလေးမျှ ဖြစ်လေသည်။ ပျယ်နေပြီဖြစ်သော ရွှေးနီရောင်ဝယ် ဖုံများတင်ကျန်နေသဖြင့် ညစ်ထေးထေးရှိနေသည်။ အခန်းတွင်းဝယ်တော့ သစ်၍ အရောင်တောက်ပလျက်ရှိသော စားပွဲ ကုလားထိုင် ဘီဒိုများကို တွေ့ရသည်။ ဘီဒိုများထဲဝယ် စာအုပ်စာတမ်းများနှင့် ဒိုင်းများ ဖလားများကို တွေ့ရသည်။

အဝင်ခန်းဝနှင့် မျက်နှာချင်းဆိုင် နံရံတွင် ကျောင်းသားခေါင်းဆောင် ရဲဘော်ဗဟိန်း၏ ခံ့ညားသော ပုံကို အလေးပြုနိုင်သည်။ ၎င်းပြင် နံရံများတွင် အမှုဆောင်များ စုပေါင်းရိုက်ထားသော ဓာတ်ပုံများ၊ ကျောင်းသားလူငယ် ပွဲသဘင် ပိုစတာများကို ချိတ်ကပ်ထားလေသည်။

ဘဲဥဝိုင်းသဏ္ဌာန် စားပွဲဝယ် ဝိုင်းထိုင်၍ စာဖတ်နေကြသော ကျောင်းသားများသည် အခန်းထဲသို့ လူသစ်တစ်ယောက် ဝင်လာသော အခါ အပေါက်ဝသို့ တစ်ချက်မျှ လှည့်ကြည့်လိုက်ကြပြီး သူတို့စာများကို ပြန်ဖတ်နေကြသည်။ တစ်ယောက်သော ကျောင်းသားကသာ တော်တော်သိကျွမ်းဟန်ရှိ၍ . . .

'ဟာ . . . ရဲဘော်ကြီးပါလား၊ ပေါ်လာသေးသကိုး . . .'

'အင်း . . . မကျဆုံးသေးပါဘူး . . .'

အတွင်းရေးမှူးစားပွဲဝယ် ထိုင်နေသော အမှုဆောင်ရဲဘော်သုံးယောက်ထံသို့ လျှောက်သွားလေသည်။ အခန်း၏ အခြားတစ်ထောင့်ဝယ် လူရွယ်နှစ်ယောက် တစ်စုံတစ်ခုကို ငြင်းခုံနေကြသည်။ တစ်ယောက်မှာ မ-တ-က-သ မှ တက်ကြွသော ကေဒါသစ်တစ်ယောက် ဖြစ်လေသည်။ ကျန်တစ်ယောက်မှာ မ-က-သ (မန္တလေးခရိုင် ကျောင်းသားများသမဂ္ဂ)မှ ရဲဘော်ဟောင်းတစ်ယောက် ဖြစ်လေသည်။ အလည်လာရှိဟန်တူသည်။ ၎င်းမှာ ရဲဘော်ဟောင်းတစ်ယောက် ဖြစ်သည်နှင့်အညီ တက္ကသိုလ်ဝင်

စာမေးပွဲကို ယခုထက်တိုင် အောင်မြင်ခြင်း မရှိသေးချေ။ ဒါကိုပင် သူက စာမေးပွဲအကျခံပြီး ကိုယ်ကျိုးကိုစွန့် အနစ်နာခံကာ ကျောင်းသားအကျိုးကို သည်ပိုးပါသည်ဟု ဝါကြွားနေလိုက်သေးသည်။ ဘယ်လောက်များ သနား စရာကောင်းလိုက်ပါသလဲ။ ကိုယ့်ဖာ့ကိုယ်စာမကြိုးစား၍ ညံ့သည်ကို ဝန်မခံခြင်းဖြင့် စည်းရုံးရေးများ ကျကုန်တတ်သည်။

'မောင်ရင် စာမေးပွဲ မဖြေဘူး မဟုတ်လား . . .'

'အင်း . . .'

မောင်လှမြင့် ထိုင်လိုက်သောအခါ ဓာတ်သိအတွင်းရေးမှူးက မေးလိုက်သည်။ အတွင်းရေးမှူးမှာ ဝိဇ္ဇာသိပ္ပံ ပထမနှစ်မှ ကျောင်းသား တစ်ယောက်ဖြစ်ပြီး ဘယ်သောကာလကမျှ စာမေးပွဲကျခဲ့သည်မရှိ။ ထိုသည်ကြောင့်ပင် သူ၏ခေါင်းဆောင်မှုအခန်းက မြင့်မားလျက်ရှိလေ သည်။ လူမှာ ပိန်ပိန်သေးသေး ဖြစ်လေသည်။ တစ်ယောက်သောသူမှာ ဉာဏဗလမှူး ဖြစ်သည်။ သူသည် ဝိဇ္ဇာနောက်ဆုံးနှစ်ကို ဖြေရန် စာကျက် နေသူဖြစ်သည်။ အဘိဓမ္မာယူသူ ဖြစ်၍ တစ်ခါတစ်ရံ သဘောတရားရေး တိုက်ပွဲများတွင် မှားယွင်းသော အညံ့စားရုပ်ဝါဒများကို ဖော်ပြလာတတ် သည်။ စကားပြောသောအခါ လက်ဟန်ခြေဟန် ပါသေးသည်။ ကျန် တစ်ယောက်မှာ နေ့ကျောင်းသား ကိုယ်စားလှယ်ဖြစ်လေသည်။ ယခုနှစ်မှ ကျောင်းသို့ရောက်လာ၍ ပါဏဗေဒကို ယူလေသည်။ ဆရာဝန်ဖြစ်လျှင် တော်တော် လေးစားဖွယ်ရာကောင်းမည်၊ တုတ်ခိုင်ကျန်းမာ၍ သန်စွမ်းလေ သည်။ ကျော်ကြားသော လက်ရွေးစင် ဘောသမားတစ်ယောက် ဖြစ်လေ၏။

ပညာတတ်နှင့် အရင်းရှင်ပေါက်စ လူတန်းစားများဝယ် ခေါင်း ဆောင်မှုကို ပုဂ္ဂိုလ်အရ ထူးချွန်မှုများမှ စလေသည်။ ကျော်ကြားခြင်း၊ ကြည်ညိုကြခြင်းတို့ကို အခြေခံ၍ ခေါင်းဆောင်မှုကို ရကြလေသည်။ ဇာကယ်တော့ ပညာတတ်လူတန်းစားတို့၏ အရမ်းအထင်ကြီးတတ်မှု ဖြစ်လေသည်။

'မောင်ရင့် မိုက်မဲခြင်းက ဘယ်တော့မှများ အဆုံးသတ်မှာလဲ'

'ညာဏဗလမှူးက ပြောလိုက်သည်၊ ထိုစဉ် ဂျစ်စတေရှင်တစ်စင်း ဖြတ်သွားသည်။ ကားပေါ်ပါသွားသည့် အမျိုးသမီးများအနက် ရွှေစင်ဦးကို သူတို့သုံးယောက်စလုံး မြင်လိုက်ကြသည်။ မောင်လှမြင့်က ခေါင်းကို ငုံ့ထားသည်။

'အကောင်းဆုံးက မောင်ရင် သူ့ကို မေ့ထားဖို့ပဲ'

နေ့ကျောင်းသား ကိုယ်စားလှယ်က ပြောသည်ကို သူက လက်ခံပါ၏။ ခက်သည်က မေ့မသွားခြင်းသည်သာပါ၊ ပို၍ပင် သတိရလာသည်။ သူနှင့် သူမ စသိခြင်းက ဤရုံးခန်းမှာပင် ဖြစ်လေသည်။ ယခုတော့ တစ်ယောက်က ဝန်ကြီးတစ်ပါးအား ပန်းကုံးစွပ်နေ၍ တစ်ယောက်က ငေးငိုင်နေသည်။ သူက အံကြိတ်လိုက်သည်။ သူတို့နှစ်ယောက်သည် ကျောင်းသားအရေးကို လုပ်ရင်းသိလာကာ ယခု နှစ်ယောက်စလုံး ကျောင်းသားအရေးကို မေ့လျော့ ကျောခိုင်းထားသည်က ဆိုးဝါးလှသည်။

'ကျုပ်တို့က ခင်ဗျားတို့ထက် အတွေ့အကြုံ ရှိတယ်ဗျ။ တောထဲက ပြန်လာတာ လက်တွေ့ တော်လှန်လာတဲ့လူဗျ'

'အို ခင်ဗျားတို့ တောထဲကရတဲ့ အတွေ့အကြုံက ထမင်းထုပ် ဘယ်လို ဆင့်ရတယ် ချောလှည်း ဘယ်လို ဆင့်ရတယ် ဆိုတာတွေပါဗျာ'

စောစောက ငြင်းခုံနေကြသော ရဲဘော်နှစ်ယောက်၏ အခြေအနေမှာ ဆိုးဝါးလာ၍ သူတို့သည် သွား၍ ဖြေရှင်းပေးလိုက်ရသေးသည်။ ပြီးမှ ပြန်၍ ဆွေးနွေးကြပြန်သည်။ နုနယ်သော ရဲဘော်နှင့် ဘဝင်မြင့်သော ရဲဘော်တို့မှာ မျက်နှာချင်းဆိုင်က ဒီလိုပဲရှိမည်။

'မောင်ရင် လူငယ်မှာတော့ လုပ်နေသေးတယ် မဟုတ်လား'

'အင်း လုပ်ပါတယ်'

'ညတိုင်းလည်းကျောင်းရှိတယ်ပေါ့'

'ရှိပါတယ်၊ လူငယ်အခြေအနေကတော့ ကောင်းပါတယ်။ ကျောင်းသားစည်းရုံးရေးကော ဘယ့်နှယ်လဲ၊ ဘာတွေ လုပ်နေကြသလဲ'

မောင်လှမြင့်က စိတ်ကောင်းပြန်ဝင်လာ၍ ကျောင်းသားအရေး

ကို ပြန်လေ့လာနေလေသည်။ သူက ဟိုတလောကမှ အီးစီအေမှ အမ် အက်စ်အေ ပြောင်းသည်ကိုလည်းကောင်း၊ ကူမင်တန် ဝင်လာသည်ကို လည်းကောင်း၊ စိတ်မဝင်စားနိုင်ခဲ့၊ နေ့စဉ် နာရီတိုင်း ရွှေစင်ဦးအား ကိုးကွယ် တသနေရသည်။

အတွင်းရေးမှူးသည် သူ မရှိတော့သည့်နောက်ပိုင်း ကျောင်းသား လှုပ်ရှားမှုများကို ပြည်တွင်းရေး၊ ကမ္ဘာ့အရေး၊ သဘောတရားရေးတို့ဖြင့် နှိုင်းယှဉ်ဖော်ပြရင်း ကြာမြင့်စွာ တင်ပြသွားလေသည်။ သူက စိတ်ဝင်စားစွာ နားထောင်နေရာ လေယာဉ်ပျံသံကြားမှပင် ရွှေစင်ဦးအား ပြန်သတိရ သည်။

လေယာဉ်ပျံကွင်းမှာ ကျောင်း၏တောင်ဘက် မဝေးသောနေရာ တွင် ရှိပြီး လေယာဉ်ပျံများသည် ကျောင်းပေါ်မှစ၍ နိမ့်ဆင်းသွားကာ ကွင်းထက်သို့ကျသွားသည်ကို အတိုင်းသားမြင်ရသည်။ ၁၁ နာရီ ရှိပြီဖြစ်၍ ဝန်ကြီးပါလာသော လေယာဉ်ပျံပဲ ဖြစ်ပေမည်။ ရွှေစင်ဦးသည် ပန်းကုံး ကလေးကို ကိုင်ရင်း စောင့်ကြိုနေပေမည်။ သူက လေယာဉ်ပျံကွင်းဘက် ကို ကြည့်နေသော သူ့မျက်လုံးကို အတွင်းရေးမှူးထံ ပြန်လွှဲလိုက်သည်။

အတွင်းရေးမှူးက ဆက်လက်၍ ဒီမိုကရေစီပညာရေး၊ ငြိမ်းချမ်း စွာ ပညာသင်ကြားရေးအတွက် စစ်ဆန့်ကျင်တားဆီးရေး၊ ကမ္ဘာ့ငြိမ်းချမ်း ရေးအတွက် ကျောင်းသားများ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရေး တို့ကို အကျယ်တဝင့် ရှင်းပြနေပြန်သည်။

'အဲ့ဒါ စာမေးပွဲတွေပြီးရင် ငြိမ်းချမ်းရေးအတွက် ကြီးငါးကြီး စာချုပ်ချုပ်ရေးအတွက် လက်မှတ်တွေ လိုက်ကောက်မယ်'

'ကျွန်တော်လည်းလိုက်ပါ့မယ်'

သူက သွက်လက်စွာ ပြောလိုက်ရာ ရဲဘော်များ ထခုန်ကြလေ သည်။

ပြည်သူလူထုရဲ့ ကျောင်းသားတစ်ယောက်ပါကွယ်။

**ရန်အောင်စာပေ (၂)**

(၄)

နည်းတဲ့လက်ထပ်ပြီးသား လူတွေမဟုတ်ပါလား။

ကလေးတွေ ဆူညံနေသည်။ ပျော်ရွှင်နေခြင်းဖြစ်၏။ သူတို့ ကစားနေကြသည်။ မကြာမြင့်သောအခါများ၌ ထိခိုက်မိခြင်းဖြင့်လည်း ကောင်း၊ မတည့်ရန်ဖြစ်ခြင်းဖြင့်လည်းကောင်း ငိုကြပြန်ဦးမည်၊ ချော့မော့ နှစ်သိမ့်လိုက်သောအခါ ပြန်ပြုံးလာပေမည်။ ကလေးသူငယ်မှ မဟုတ်၊ လူတွေအားလုံးလည်း ဒီလိုပဲဖြစ်သည်။

မောင်လှမြင့်က များပြားလှသော ကလေးများကိုကြည့်ရင်း ဝမ်းနည်းနေသည်။ သူ့၌ သမီးလေးတစ်ယောက်များရှိရင် ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ၊ များပြားလှသော ကလေးတို့သည် အမ်၊ အက်စ်၊ အေ၊ အကူအညီမှ ရသည်တော့မဟုတ်၊ လက်ထပ်ကြပြီးကုန်လေ သော အမျိုးသား အမျိုးသမီးတို့မှ တိုးပွားလာခြင်း ဖြစ်ပေသည်။

ဘယ်မှာကြည့်ကြည့် ကလေးတွေ၊ ဘယ်မှာကြည့်ကြည့် အိမ်ထောင်စုတွေ၊ ဘယ်အချိန်ကများ ချစ်ကြိုက်ကြပြီး ဘယ်လိုများ လက်ထပ်ထားကြပါလိမ့်၊ မလှတဲ့သူရော၊ ဆင်းရဲသူများပါ လက်ထပ်ပြီး လျက်ရှိကြလေပြီ။ သို့တိုင်အောင်မှ သူက လက်မထပ်နိုင်သေး၊ အမျိုးသမီး တစ်ဦး၏ အချစ်ကို မရနိုင်သေး၊ ဘယ်လိုများလဲ။

'ဆရာ ဝင်းမောင်လေးက ရိုက်တယ်'

ကျောင်းသူမလေးတစ်ယောက်က လာတိုင်၍ သူက ချော့မော့ နှစ်သိမ့်ကာ လွှတ်လိုက်ရသည်။ သူမ ကျေနပ်အောင်လည်း မောင်ဝင်း မောင်အား ခေါ်ရိုက်လိုက်ရသေးသည်။ သူက အမျိုးသမီးရေးနှင့် ပတ်သက်လာပြီး ပျော့ညံ့စွာ စိတ်ဓာတ်ကျဆင်းလျက် ဒီမိုကရေစီပညာရေး၊ ငြိမ်းချမ်းရေး၊ လွတ်မြောက်ရေး တပ်သားကောင်းတစ်ယောက်အဖြစ်မှ လျှောကျခဲ့သော်လည်း ရပ်ကွက်နှင့်တော့ အဆက်မပြတ်ခဲ့ပေ၊ လူငယ် အခွင့်အရေး ကာကွယ်မှုများအတွက် တိုက်ပွဲဝင်လျက်ရှိသည်။ စာကြည့် ခန်းကို တိုးတက်သထက် တိုးတက်လာစေသည်။ သူချစ်သော ကလေးများ

ကို ညဉ့် စာသင်ပေးလေသည်။ ကလေးတွေနှင့် နေရသည်က ပျော်စရာ ကောင်းသည်။ သူတို့၌ ဟန်ဆောင်မှုမရှိ၊ ပြီးတော့ ညီမလေးတွေရဲ့ ကန္တ့ကရဟန်ကို သူက ချစ်လှသည်။

'ဆရာ ဟိုမှာ ရန်ဖြစ်နေတယ်'

ကလေးနှစ်ယောက် သတ်ပုတ်နေသည်ကို သူက ဖြန်ဖြေ ပေးလိုက်ရသည်။ ဘယ်သူက စသည် ထိုးသည်ကိုတော့ ထုံးစံအတိုင်း စစ်ဆေး၍မရပေ။ တစ်ယောက်ကို တစ်ယောက် ပုံ၍ အပြစ်ချနေသည်။ ဘေးမှကလေးများကလည်း နီးစပ်ခင်မင်ရာဘက်မှ ဝင်၍ သက်သေထူ နေ၍ စုံစမ်းမရနိုင်။ သူက အတွေ့အကြုံမှ နည်းနာရနေပြီဖြစ်၍ ကလေး နှစ်ယောက်အား ကျောင်းတက်မှ ထပ်စစ်မည်ဟု ပြော၍ လွှတ်လိုက်၏။ ကျောင်းတက်သောအခါ ၎င်းတို့နှစ်ယောက်သည် ပြန်တည့်နေလျက် ကစားနေကြလေသည်။ ကလေးဆိုသည်မှာ သည်လိုပါပဲ။

အခြားရဲဘော်များ ရောက်လာကြပြီး ၇ နာရီ ထိုးပြီဖြစ်၍ ကျောင်းကို တက်လိုက်လေသည်။

'ဟေ့ မင်း အိမ်စာရေးခဲ့ရဲ့လား'

'မရေးခဲ့မိဘူး ဆရာ'

ငိုမဲ့မဲ့နှင့် ကလေးက ပြန်ပြောသည်။

'အေး အဲ့ဒီလိုဆို ဘယ်စာတတ်မလဲကွ'

သူက ကြိမ်လုံးကို ကိုင်လိုက်သည်။

'ကဲပြောစမ်း ဘာလို့ မရေးခဲ့တာလဲ၊ ကစားနေလို့လား၊'

'မဟုတ်ဘူး ဆရာ၊ ဟို ဟို'

ကလေးက ထစ်နေသည်၊ ကြောက်လန့်ပြီး ငိုသံပါနေ၏။

'ပြောလေ'

'အကြော် ရောင်းနေရလို့'

သူက ပြည်တော်သာအစိုးရ၏ အခမဲ့ ပညာရေးစနစ်ကို ပြုံးလိုက် မိသည်။ အစိုးရက လွတ်လပ်သော တိုင်းပြည်နှင့်အညီ ပညာရေးကို

အားပေးပါသည်ဟုဆိုကာ ကျောင်းလခလွတ် သင်ကြားပေးသည်ဟု ပြော သည်။ ဘယ်ထောင့်က ကြည့်၍မှ အဓိပ္ပာယ်မရှိသည့် စီမံကိန်းဖြစ်သည်။

ကျောင်းလခ လွတ်သည်ထားပါတော့၊ ကျောင်းသုံးစာအုပ်များကို ဘယ်က ရပါမည်နည်း။ ဈေးနှုန်းကလည်း မြင့်မားလှသည်၊ တစ်တိုင်း တစ်ပြည်လုံး စီးပွားရေးကျပ်တည်းလျက်ရှိရာ မိဘများသည် မနက်စာ ညစာ အလျဉ်မီအောင် အချိန်ပိုများနှင့် လုပ်နေကြရရာ စာသင်သားတို့ကို ဗိုက်ကိုမှောက်၍ သင်နိုင်ကြမည် မဟုတ်။

ကလေးတို့သည် အသက်ရှင်ရေးအတွက် မနိုင်သည့်အလုပ်များ ကို လုပ်ကြရသည်။ ထမင်းစားရဖို့ အကြော်ရောင်းရသည်၊ ဖိနပ်ချုပ်ရသည်၊ နေထွက်မှ နေဝင်ထိ အလုပ်လုပ်သော ကလေးတစ်ယောက်သည် ပြည် တော်သာတစ်နေ့လုံး ကျောင်းကို မဆိုထားဘိ အားလပ်ချိန်သင်သော ညကျောင်းကိုပင် မှန်မှန်မတက်နိုင်၊ ပေးလိုက်သော စာများကိုပင် ကျက်ချိန် မရှိ။

တကယ်တော့ ပညာရေးကို မြှင့်တင်အားပေးနိုင်ရန်မှာ ကျောင်း လခ လွတ်ပေးရုံသာမက သူတို့၏ ဝမ်းရေးကိုပါ ဖြေရှင်းပေးမှ ဖြစ်ပေမည်၊ ကုန်ဈေးနှုန်းတွေ ကျဆင်းစေရမည်၊ လုပ်ခတွေ မြှင့်တင်ပေးရမည်၊ အခြေခံ မှစ၍ ပြင်မှဖြစ်မည်။

တကယ်တော့လည်း ကျောင်းလခလွတ်ဆိုသည်ပင် အဓိပ္ပာယ် မရှိလှ၊ ကျောင်းလခအစား အလှူကြေး ဝင်လာသည်၊ ကျောင်းတွေ မလုံ လောက်၊ ဆရာတွေ မရှိ၊ ပြည်တော်သာရဲ့ တန်ဖိုးမဲ့ ပညာရေးပါ။

'ဆရာ ဟိုမှာ . . .'

ကျောင်းသူမလေး တစ်ယောက်က အပေါက်ဝသို့ ညွှန်ပြပြော သဖြင့် သူက ကြည့်လိုက်မိသည်။

ရွှေစင်ဦး။

သူနှင့်အတူ ကျောင်းသားအားလုံးလည်း လိုက်ကြည့်ကြသည်။ ရွှေစင်ဦးက ကြော့၍ နေ့နေသည်၊ ဆံပင်ကို နောက်တွဲထုံးထားသည်၊

ကုတ်အင်္ကျီအညိုလေးကို ဝတ်ထားကာ ကတ္တီပါလုံချည်လေးက မီးရောင်ဝယ် ညို့၍ ညိုနေသည်၊ လက်ပွေ့အိတ်စိမ်း ညိုညိုလေး၏ ကြိုးသေးသေးကို နီစွေးသော လက်ချောင်းလေးတွေဖြင့် ကိုင်ထားသည်၊ သူမက မထေ့တထေ့လေး ပြုံးကာ သူ့အား စိုက်ကြည့်ရင်း ရပ်နေသည်။ ကျောင်းတစ်ကျောင်းလုံး ငြိမ်သက်နေသည်။

'အော် . . . ရွှေစင်ဦးပါလား . . .'

သူက ခြောက်ကပ်ကပ်နှင့် ပြောလိုက်သည်။

'ဟုတ်ပါတယ် ရှင် . . .'

ရွှေစင်ဦးက သူ့ထံလျှောက်လာတော့မှ သူက အပြင်တွင်ရပ်ထားသော ဇက်ဖါကားနက်ကလေးကို သတိပြုမိသည်၊ ကားရှေ့ခန်းမှ မီးခိုးလေးအူနေသည်၊ သူက ဘယ်သူ့ကားဆိုသည်ကို သိပါသည်။

'နေကောင်းလား . . . ကိုလှမြင့် . . .'

'ကောင်းပါတယ် ကိုတင်အေး'

သူက မချိပြုံး ပြုံးရင်း ပြန်နှုတ်ဆက်လိုက်ရသည်၊ ကိုတင်အေးက ကားရှေ့ခန်းတွင် စတီယာရင်ပေါ်တွင် လက်တစ်ဖက် တင်ရင်း စီးကရက်ကို အေးဆေးစွာ ဖွာနေသည်၊ သူက လူကုံထံတစ်ဦး၏ အလိုလိုက်သားတစ်ယောက် ဖြစ်သည်။

'မဆင်းတော့ဘူးလား ကိုတင်အေး . . .'

'ခုပဲ သွားကြမှာပဲဗျာ . . .'

ငင်းသည်လည်း ရွှေစင်ဦးအား ကြိုးစားနေသူတစ်ယောက် ဖြစ်လေသည်။ ရွှေစင်ဦးကတော့ သူမဝါဒအတိုင်း မည်သည့် ယောက်ျားလေးအား မဆို အကျွမ်းဝင် ချစ်ခင်ကာ အတူသွား အတူလာလေသည်။ ပတ်ဝန်းကျင်က ဘာပြောသည်ကိုလည်း သူမက နားမထောင်၊ ကြားပြန်လည်း ဂရုမစိုက်၊ သူမက ဘယ်သူ့မဆို ချစ်ပါတယ်တဲ့။

ချစ်ခြင်းမေတ္တာ ကြီးမားလေလေ မနာလိုဝန်တိုစိတ်က ထင်ရှားလေလေဖြစ်သည်။ သူက ရွှေစင်ဦးအား ချစ်လှသည်နှင့် သူမနှင့်

အမျိုးသားများ အတူတကွလာသည်ကို တွေ့ရသောအခါ နာကျည်းဝန်တို မနာလိုလေဖြစ်၏။ သူမကလည်း ဘယ်သူနှင့်မဆို အတူလာတတ်လေသည်။ တွဲရ လာရသော အမျိုးသားများကလည်း ဆောင့်ကြွားကြွား နိုင်လှသည်။ သူကိုယ်တိုင်လည်း ရွှေစင်ဦးနှင့် တွဲလာသောအခါ သည်လိုပဲ ရှိလိမ့်မည် ဆိုသည်ကိုတော့ မောင်လှမြင့်က မတွေးမိ၊ မနာလိုခြင်းသည် ချစ်ခြင်းမေတ္တာကို တိုင်းတာသော စိတ္တဇကိရိယာတစ်ခု ဖြစ်လေသည်။

'ဟုတ်တယ် . . . ခုပဲပြန်ကြမှာ၊ ကိုလေးမြင့်ကိုလည်း လိုက်မလားလို့ လာခေါ်တာ . . .'

'ဘယ်များလဲ'

'ဝန်ကြီးအတွက် အထူးညစာပွဲ တစ်ခုရှိတယ်၊ အဲဒီကို . . .'

သူတို့ စကားပြောသည်ကို အားလုံးက ငေးမောနေကြသည်၊ ကျောင်းသားများက သူတို့ဆရာလေး၏ လှသော အမျိုးသမီးညှေ့သည်ကို စိတ်ဝင်စားနေကြသည်၊ ဒါကို သူကသိ၍ . . .

'ဟော့ မင်းတို့စာ မင်းတို့ကျက်ကြလေ . . .'

ဒီတော့မှ ဆူညံလာသည်၊ သူကပဲ . . .

'ထိုင်ဦးလေ ရွှေစင်'

'တော်ပြီ အချိန်နည်းနေပြီ၊ လိုက်မယ်မို့လား . . .'

'သူတို့ ရှိနေတယ် . . .'

သူက ခေါင်းကိုခါရင်း ကလေးများကို မေးငေါ့ပြလိုက်သည်။

'တစ်ယောက်ယောက်က ခဏ သင်ပေးပေါ့၊ ဒါမှမဟုတ် ဆင်းလိုက်တော့'

သူက ခဏမျှ တွေသွားသည်၊ သူမ ပြောသည်ကို နားဝင်သလို ရှိသွား၏။ သူမနှင့် လိုက်ချင်သည်၊ ကလေးတွေကိုလည်း သံယောဇဉ် ရှိသည်။ ကိုးကွယ်ရှင်မနှင့် ညီမလေးများ။

'ရှစ်နာရီထိုးတော့မယ် ရွှေစင်ဦး . . .'

ကိုတင်အေးက အပြင်မှ လှမ်းအော်လိုက်သည်။ မောင်လှမြင့်က

ထောင်းခနဲ ဒေါသထွက်သွားသည်။

'ကဲပါ ထားစမ်းပါ ဒါတွေ၊ လိုက်မလား မလိုက်ဘူးလား၊ အို. . . လိုက်ခဲ့ပါလေ . . .'

သူမက အတွင်သား ခေါ်နေသည်။ ညီမလေးတစ်ယောက်က သူ့အား မျက်လုံးလေး အတိုင်းသားနှင့် ကြည့်နေသည်။

'နော်လေ လိုက်မယ်နော် . . .'

သူက ခေါင်းကို ခပ်ဖြည်းဖြည်း ခါလိုက်သည်။

'ဘာလဲ မလိုက်နိုင်ဘူး ဟုတ်လား . . .'

သူက ပါးစပ်ကမဖြေ၊ ခေါင်းသာ ညိတ်လိုက်သည်။ သူမက ကြော့ကြော့လေး ပြန်သွားသည်၊ သူက ငေး၍ ငိုင်နေရစ်သည်။

'ဆရာ ဆရာ ဒီမှာ၊ ဆရာ့ကို သကြင်္န်အတွက် ကြိုပြီး ကန်တော့ ထားမလို့ . . .'

ကျောင်းသူမလေးတစ်ယောက်က သူမကိုယ်တိုင် ချုပ်လာသော လွယ်အိတ်ငယ်ငယ်လေးကို ပေးကာ ကန်တော့ရာ ကျောင်းသားကျောင်း သူအားလုံးသည် ဝိုင်းရယ်ကြလေသည်။ သူကလည်း ရောယောင် ပြုံး လိုက်ရသည်။

လွယ်အိတ်လေးမှာ စီးကရက်ဘူးလောက်ရှိပြီး သေသေသပ်သပ် ချုပ်ထားလေသည်။ သူက မြတ်နိုးစွာပင် လက်ခံလိုက်သည်။ ညီမလေး တွေကို ချစ်ရသည်က အန္တရာယ်ကင်းပါသည်လေ။

**ခရမ်းချဉ်သီးတစ်လုံး**

(၁)

မိုးကောင်းကင်ကို မျှော်၍ ကြည့်ရင်းကပင် နက္ခတ္တဗေဒပါရဂူကြီး (ဟစ်ပါခပ်)က သချာၤသစ်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့လေသည်။ မယဉ်နွယ် ကတော့ မိုးကောင်းကင်ကို ကြည့်ရင်းနှင့် အပြာကို ရှာဖွေရယူခဲ့လေသည်။

'ဟင် အပြာမမက ဘယ်သွားဦးမှာလဲ . . .'

**ရန်အောင်စာပေ (၂)**

မောင်လှမြင့်က စိတ်ပျက်လက်ပျက် ရှိသွားသည်။ သူက စောစောစီးစီး ဝီရိယကြီးစွာနှင့် မြတ်နိုးသော အပြာကိုကြည့်ပြီး နွဲ့ဆိုးရန် လာခဲ့မှပဲ မယဉ်နွယ်သည် လက်ထဲတွင် လွယ်အိတ်ကလေး တစ်လုံးကို ကိုင်ကာ အပြင်သို့ထွက်ရန် ပြင်ဆင်ထားသည်ကို တွေ့ရ၏။ နည်းနည်းလေး နောက်ကျရင် မီမှာတောင် မဟုတ်တော့ဘူး။

'ဈေးကွဲ့ လိုက်မလား'

'ဘယ်ဈေးလဲ ဘာဝယ်မလို့လဲ . . .'

'ကိုင်းတန်းဈေးကို ဟင်းချက်စရာ သွားဝယ်မလို့ . . .'

'ညီမလေးတို့ကော ကျောင်းသွားကြလား . . .'

သူတို့ကျောင်းကလည်း ဥပုသ်နေ့မဟုတ်မူဘဲ တနင်္ဂနွေနေ့ ကျောင်းပိတ်လေသည်။

'ကျောင်းမဖွင့်သေးဘူး၊ ရွှေ့တနင်္လာနေ့မှ ဖွင့်မယ်၊ သူငယ်ချင်းတွေ ကားနဲ့ လာခေါ်သွားလို့ သူတို့ဆရာမဆီ စာမေးပွဲ အောင်မအောင် သွားမေးကြလေရဲ့ . . .'

သူက အဆုံးစွန်းသို့ရောက်အောင် စိတ်ပျက်သွားရလေသည်။ ယုယသော အပြာမမ အပြင်ထွက်သွား၍ ချစ်စရာသော ကလေးသူငယ်မလေးများကလည်း မရှိကြပေ။ စိတ်ပုတီးစိပ်ရင်း တမလွန်ကောင်းကျိုးကို ရှာဖွေနေသော ဖွားလေးသာ ကျန်ရှိနေရစ်ပေမည်၊ ပျင်းစရာပါလား။

'ကဲ ဘယ့်နှယ်လဲ၊ မလိုက်ချင်ရင်လည်း စာဖတ်ရင်း စောင့်နေ၊ မကြာပါဘူး၊ မကြာခင် ပြန်လာမှာပါ၊ စာဖတ်နေပေ့ါနော် . . .'

မယဉ်နွယ်က သွားရန်ပြင်လိုက်ရာ။

'အို . . . ကျွန်တော်လည်းလိုက်မယ်၊ စောင့်ရမှာ ပျင်းစရာကြီး. . .'

'အေး လိုက်ခဲ့၊ ဒါပေမဲ့ ဟိုကျရင် ဟိုဟာ လိုချင်တယ်၊ ဒီဟာ လိုချင်တယ်နဲ့ မပူဆာရဘူးနော်၊ ဒါပဲသိလား . . .'

'အင်းပါ မမရယ်၊ ချိုချဉ်ဝယ်ကျွေးရင် တော်ပါပြီ . . .'

'အားကြီး ဝယ်ကျွေးရမယ် . . .'

သူမက လွယ်အိတ်ပြာပြာလေးကို လှည့်ရမ်းကာ ရှေ့မှသွားသဖြင့် သူက လိုက်ပါသွားလေသည်။ ယဉ်မင်းရွှေရုပ်မယ်၏ ပစ္စကွဆင်ယင်ထုံးဖွဲ့မှုက အခါတစ်ပါးတို့နှင့်မတူ ကွဲပြားသောခြားနားမှု ရှိလေသည်။

အစဉ်သဖြင့်က ကျစ်ဆံနှစ်သွယ်နှင့် ကြော့ကြော့ရှိသော်လည်း ယနေ့အဖို့ ဆံပင်ကို တစ်စုတစ်ဖွဲ့တည်း နှစ်ခေါက်ကျော့ကာ တင်ထားပြီး အပြာစလေးဖြင့် စည်းထားလေသည်။ အပြာထဲဝယ် ချိုးဖြူငယ်များ ပျံသန်းနေပြီး အပြာနှစ်စကို ဆံနက်ကြော့ တို့နှင့်အတူ ကုပ်ပေါ်ဝယ် ဝဲနေစေသည်။ သစ်လွင်သော ထုံးဖွဲ့မှုက ယဉ်၍ခန့်လေသည်။

ဖြူလွှင်သော နိုင်လွန်လက်တိုပေါ်ဝယ် နီလာကြယ်သီးတွေက တောက်ပနေသည်။ ထမီကတော့ ခါတိုင်းလိုပဲ ခန့်ထယ်သော အပြာပါ။

ပြောင်းနွဲ့ယဉ်နုသူက မိန်းမစီး ဘီးကလေးကို သိမ်မွေ့စွာ နင်းနေသည်။ မောင်လှမြင့်က လက်ျာဘေးမှ လိုက်ပါလာနေသည်။

မယဉ်နွယ်က ညီမငယ်များ ကျောင်းသွားဖို့ရာအတွက် မိန်းမစီး ဘီးကလေးတစ်ခု ဝယ်ပေးထားခဲ့သည်၊ ယနေ့ ကလေးမများ မယူသွားသည်ရှိ၍ သူမက ဈေးသို့ စီးလာခဲ့လေသည်။

မယဉ်နွယ်ရဲ့ ခေါင်းမှာ အပြာစ ဘေးက နှင်းဆီပွင့်နီ ပါရှိသေးသည်။

'နေပါဦး . . . မင်း ခုတစ်လော အိမ်ကို ဘာလို့အကြာကြီး မလာဘဲ နေရတာလဲ . . . ကိုယ်က တောမျှားခိုသွားပြီလားလို့၊ မေသန်းတို့က လည်း တမျှော်မျှော်နဲ့ . . .'

'တစ်ပတ်ပဲ ရှိပါသေးတယ် . . .'

တကယ်တော့လည်း တစ်ပတ်မျှ မလာသည်ကိုပင် အရင်က ခဏခဏ လာသည်နှင့် တိုင်းထွာ နှိုင်းယှဉ်၍ကြည့်ကာ မရောက်တာကြာလေပြီ။ ပြန်လှန်ငဲ့ သဘောတရားက သည်အတိုင်းပဲ ပြဆိုလေသည်။

သူက သူမတို့ ညီမအစ်မများထံသို့ သိကျွမ်းပြီးကတည်းက

ရက်ဆက်လိုပင် ရောက်ရှိခဲ့လေသည်။ တဖြည်းထက် တစ်ဆင့်နှင့် ကျွမ်းဝင်ရင်းနှီးခြင်းလည်း ရှိလှလေပြီ။ အေးစက်ခြင်းရှိပြီး သူကြောက်သော အဖွားကြီးကပင် သူ့အား ခင်မင်လျက်ရှိလေပြီ။ ကလေးများကလည်း သူတို့ ကိုလေးကို အားကိုး ချစ်ခင်ကြလှလေသည်။ နွဲ့ဆိုးမှုကို သီးခံအလိုလိုက်သော အစ်ကိုတစ်ယောက်ကို တစ်နေ့မလာလျှင် အကြိမ်များစွာ ကျိန်ဆဲလျက် ရှိလှလေသည်။ မယဉ်နွယ်ကလည်း သူ့အား မောင်လေးတစ်ယောက်လို ချစ်ခင်လျက်ရှိကာ ယုယကြင်နာပြုစုခြင်း ရှိလေသည်။ သူကလည်း ယုယသော အပြောနှင့် ကလေးဆန်သော ညီမငယ်တို့နှင့် နေခြင်းဖြင့်သာ သူ့ဘဝကို အနည်းငယ် စိုပြေနိုင်စေတော့သည်။

၇ ရက်ဆိုသည်က ဘာမျှမရှိသော်လည်း ခဏခဏနှင့် နှိုင်းယှဉ်လျှင် ကြာလှလေပြီဟု အိုင်းစတိုင်း၏ သဘောတရားက ဆိုလေသည်။

'ဘာများ မမတို့ကို စိတ်ခုနေလို့ မလာဘဲ နေတာလား . . .'

'ဟင့်အင်း မဟုတ်ရပါဘူး၊ အင်မတန် သဘောကောင်းတဲ့ မမတို့ကို စိတ်ခုရလောက်အောင်လည်း ကျွန်တော်က ကလေးမဆန်သေးပါဘူး၊ မေဒေးအတွက် လုပ်နေရလို့ပါ . . .'

'အို မောင်လေးက တာဝန်တွေ ပြန်လုပ်နေပြီပေါ့ . . .'

'အင်း . . .'

'ကျောင်းကော . . .'

'ကျောင်းလည်း ပြန်ဖွင့်ရင် တက်ဖို့ အစီအစဉ်ရှိတာပဲ . . .'

'အင်း လိမ္မာလာပြီပေါ့ . . .'

မောင်လှမြင့်က ပြုံးနေလိုက်သည်။ လိမ္မာသည်ပဲ ခေါ်ခေါ်၊ မိုက်သည်ပဲ ခေါ်ခေါ် သူက ဂရုပြုသည်မရှိလှပါ။ သို့သော် တော်လှန်ရေးကိုတော့ သူက ဂရုပြုပါသည်။ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပညာရေးကို တောင်းဆိုရန်ကိုတော့ သူက ကြာညောင်းစွာ မေ့လျော့မထားနိုင်ပါ။ လျစ်လျူရှု မထားနိုင်ပါ။

သူ၏ရာဇဝင်ကို သူက အမေ့းမှိန်မခံပါ။

သူက တစ်ကြိမ်ကြိမ်ကဆိုလျှင် တက်ကြွလှသော ရဲဘော်တစ်ယောက် ဖြစ်လေသည်။ ဒီမိုကရေစီပညာရေးအတွက် ကျောင်းသားတိုက်ပွဲများကို တိတိကျကျ ခေါင်းဆောင်မှု ပေးနိုင်ခဲ့သည်။ သူ၏ လုပ်အားအလုံးစုံကို အမျိုးသားလွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးတိုက်ပွဲတို့တွင် မြှုပ်နှံထားလေသည်။ ပြတ်သားသော ကေဒါတစ်ယောက်ပါ။

သို့သော် သူ၏ လူ့အဖွဲ့အစည်း အတွေ့အကြုံ၊ နိုင်ငံရေးအတွေ့အကြုံတို့ နည်းပါးသည်နှင့် နည်းတူ အသည်းအတွေ့အကြုံသည်လည်း မွဲတေလှချေသည်။ အမျိုးသမီးတစ်ဦးက သူ့အား လွမ်းမိုးလာသောသူက ထိုအမျိုးသမီးအား ကိုးကွယ်ရှင်မအဖြစ် အသိအမှတ်ပြုလိုက်လေသည်၊ သူမအား အစဉ်အစိုက် ပူဇော်ကာ ကျေးကျွန်အဖြစ် အသက်ရှင်နေသဖြင့် ပြည်သူလူထုကျောင်းသားထုနှင့် တဖြည်းဖြည်း ကင်းကွာလာတော့သည်။ တာဝန်တွေကို မေ့လျော့ထားလိုက်ကုန်တော့သည်။ စာသင်ခန်း၏အနီးအနားတွင် မြေပဲဆားလှော် ရောင်းနေသော ကလေးသူငယ်များ၊ ကာမကို ရောင်းကုန်အဖြစ် ပြောင်းလဲလိုက်ရသော အမျိုးသမီးများ၊ လယ်ကွက်ထဲတွင် ငတ်နေသူများအား သူ၏မြင်ကွင်းမှ ထုတ်ပယ်လိုက်ကာ မျက်စိထဲဝယ် သက်နှင်းကေရီသာ အစဉ် စံနေလေသည်။ အမျိုးသမီးတစ်ယောက်အတွက် အသက်ရှင်နေသူပါ။

သို့သော် သူက ယခုအခါ တာဝန်များကို ပြန်ထမ်းရွက်နေပြီ။ သူ၏ ရဲဘော်များက အပြင်းအထန် ဆွေးနွေး၍လည်းကောင်း၊ လေးစားသော မမနှင့် ချစ်သော ညီမငယ်များရနေ၍ တည်ငြိမ်မှု ရှိလာသဖြင့်လည်းကောင်း၊ ပြီးမြောက်ခဲ့သော မေဒေးနေ့အတွက် သူက တက်ကြွစွာ လုပ်ခဲ့လေသည်။ သို့နှင့်ပဲ အပြာမမဆီပင် မရောက်နိုင်ဘဲ ကြာခဲ့ပေသည်။

တာဝန်တွေကို ထမ်းဆောင်နေသည်သာမက၊ ကျောင်းမှန်မှန်လည်း တက်ပြီး စာမေးပွဲများကို နှစ်စဉ် အောင်သွားအောင် ကြိုးစားမည်ဟု သူက ရောမ ဆုံးဖြတ်ချက်ကြီးကို ရင်ဝယ်ပိုက်ထားလေသည်။

**ရန်အောင်စာပေ (၂)**

ရွှေစင်ဦးကို လုံးဝ မေ့လျော့နိုင်သေးသည်လည်း မဟုတ်ပါ။ မတွေ့တာတော့ဖြင့် အတန်ကြာခဲ့လေပြီ၊ သည်လိုနှင့်ပင် သူ့အသည်းနှလုံးမှ ပျောက်ကွယ်သွားကောင်းပါရဲ့။

'ကိုယ်တို့ ဆင်းတွန်းသွားကြတော့မှ ဖြစ်မယ်'

မယဉ်နွယ်က ဘီးပေါ်မှဆင်းကာ လူစုကြီးထဲသို့ တွန်းဝင်သွားလေသည်။ ဈေးမှာ အချိန်ကောင်းဖြစ်၍ လူတွေကြပ်ညပ်နေသည်။ စိတ်ပျက်စရာတော့ ကောင်းသည်။ ဘီးကြီး ကန့်လန့်ကန့်လန့်နှင့် သူများတွေလည်း အနှောင့်အယှက်ဖြစ်ကာ ကိုယ်လည်း မသက်သာပါ။ တိုက်မိခိုက်မိ၍လည်း မကြာခဏ တောင်းပန်ရသေးသည်။ သို့သော် သူမ ရှေ့က သွားသလောက် သူက နောက်မှလိုက်နေသည်။ သံဖြူတန်းရှေ့သို့ ရောက်သောအခါ သူက ဘီးကိုထောင်လိုက်သည်။ ဈေးချိုဘက်တွင် ရှိသေး၍ တော်သင့်သလောက် တော်သေးသည်။ ကိုင်းတန်းဈေးဆိုလျှင် ပို၍ စိတ်ပျက်ရမည်၊ ညစ်လည်းညစ်ပတ်သည်၊ ဆဲသံ ရန်ဖြစ်သံများကိုလည်း ကြားရမည်။

'ကဲ . . . ဒီမှာစောင့်နေဦး၊ အထဲဝင်ပြီး ကြက်သွန် ဝယ်လိုက်ဦးမယ်'

သူမက လက်ကိုင်မှ လွယ်အိတ်ပြာလေးကို ဖြုတ်ယူကာ ဆိုင်တန်းတွေကြားထဲ ဝင်ပျောက်သွားပါသည်။ သူက ထိုင်၍ စောင့်နေရာ ကြာလှသည်ဟု စိတ်ခုနေသည်။ နောက် သူမနှင့် ဘယ်တော့မှ မလိုက်တော့ဟု ဆုံးဖြတ်ထားလိုက်သည်။ နွေ၏လလယ်ပိုင်းဖြစ်၍ နဖူးမှ ချွေးတွေ စို့လာအောင် နေအပူက မြင့်တက်လာသည်။ ကြာမြင့်စွာ ဘီးနှစ်စင်းနှင့် ရပ်နေသော သူ့ကို ဆိုက်ကားသမားများနှင့် အနီးအပါး ဆိုင်များမှ အနည်းအပါး ဂရုတမူ ရှိလာကြသည်၊ ကြာလိုက်တာကို မမတစ်ယောက်ကလည်း။

'ပျင်းနေပြီလား . . . စောင့်နေရတာ'

အပြာရဲ့အပြုံးကို တွေ့လိုက်ရတော့လည်း၊ သူက သိမ်မွေ့သွား

သည်။ သို့နှင့်မှပဲ . . .

'ဈေးကိုခေါ်လာပြီး စက်ဘီး စောင့်ခိုင်းတာကိုး'

'အင်းပေါ့၊ ခိုင်းဖို့ ခေါ်လာတာပဲ'

'ခိုင်းပေါ့၊ အခပေးရတယ်ဆိုတာ နားလည်ရင်ပြီးတာပဲ'

'အေး ပေးမှာပေါ့၊ မုန့်ဝယ်ကျွေးမယ်လေ၊ ဘာစားမလဲ'

'ချိုချဉ်စားမယ်'

အနီးမှ ဆိုင်တစ်ခုသွားကာ ဝယ်ကြလေသည်။ မိခင်က မုန့်ဝယ်ပေးသည်လိုလားများ။

'ချောကလက်ကော ယူပါလား'

'ဟင့်အင်း မကြိုက်ဘူး'

'ဘုရားရေ၊ ဘာကြောင့်များ မကြိုက်ရတာလဲ'

'အာခေါင် ကပ်လို့'

ဆိုင်ရှင် အမေကြီးကပါ ပြုံးနေသည်။ ဘေးဆိုင်တွေကတော့ လက်ထပ်ပြီးစ ဇနီးမောင်နှံနှစ်ဦး မခွဲနိုင် တတွဲတွဲ ဈေးလာဝယ်သည်ဟု မှတ်ထင်ကြပြီး အဆစ်အဖြစ်နှင့်လည်း အထင်အမျိုးမျိုးပေးကာ တီးတိုးငြင်းခုံနေကြလေသည်။

'ကဲလေ ပေးလိုက်လေ၊ ပိုက်ဆံ အလကားရတာ မဟုတ်ဘူး'

မောင်လှမြင့်က သူ့အိပ်ထဲနှိုက်ပြီး ပြန်နုတ်လိုက်သောအခါ လွယ်အိတ်ငယ်ငယ်လေး ပါလာသည်။ ကျောင်းသူ့လက်ဆောင်။

'လွယ်အိတ်လေးပါလား'

'အင်း . . . ညီမလေးတစ်ယောက်က လက်ဆောင်ပေးထားတာ'

သူက သူမဈေးဝယ်သည်ကို စေ့စေ့စပ်စပ် လေ့လာနေမိသည်။ သူမက အချက်အပြုတ်တွင် စေ့စပ်သလောက် ဈေးဝယ်ရာတွင် စနစ်ကျသေချာသည်။ အမျိုးသမီးတို့၏ အရည်အချင်းသည်လည်း ဒီမှာပဲရှိလေသည်။ သူမက နံနံပင်နှစ်စည်း၊ ငြုပ်သီးစိမ်း အနည်းငယ်ကို ပေါင်းစပ်ကာ ဇာစ်ပဲဖိုးအဖြစ် ဝယ်သည်ကို သူက အတော် သဘောကျနေလေသည်။

ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ် ရွှေပုံ ဈေးဆစ်ပုံတို့ကို သူက နှစ်သက်မိသည်။

'မင်း ဈေးထဲ ဘယ်နှစ်ခေါက် ရောက်ဖူးသလဲ'

'ခဏခဏပဲ ရုပ်ပုံငွေ လာခံတာ'

သူက ကျောင်းသားရုပ်ပုံငွေ၊ ကမ္ဘာ့ငြိမ်းချမ်းရေး ရုပ်ပုံငွေ ကြီး ၅ ကြီး စာချုပ်ချုပ်ဆိုရေး လက်မှတ်များကို လိုက်ကောက်စဉ်က ဤဈေးထဲတွင်သာမက အခြားဈေးနှင့် ရပ်ကွက်များကိုလည်း နှံ့စပ်ခဲ့သည်။ အလုပ်သမား လူတန်းစားများတို့၏ ဘဝကို လေ့လာနိုင်ခဲ့သည်။ ထို့ကြောင့်လည်း သူ့ဝတ္ထုတိုလေးများမှာ အသက်ဝင်နေခြင်းဖြစ်သည်။ တော်လှန်ရေးသဘော သက်ဝင်နေခြင်း ဖြစ်သည်။

ယခုမူ သူက ကလေးတစ်ယောက်၊ သည်မိခင် ဈေးဝယ်ရာ နောက်လိုက်သလို အပြာ သွားလေရာ ဟိုငေးငေး သည်ငေးငေးနှင့် ပါသွားလေသည်။

'မမ . . . မမ'

'ဘာလဲကွ လန့်လိုက်တာ'

'ဟိုမှာ . . . '

မယဉ်နွယ်က သူ့လက်ညှိုးညွှန်ရာသို့ သေချာစွာ ကြည့်သော်လည်း ဟင်းသီးဟင်းရွက် ရောင်းနေသော အဒေါ်ကြီးကလွဲ၍ ဘာမျှ မမြင်ရ။

'ဟင့်လေ၊ ဘာမှလည်း မမြင်ရဘူး၊ ပြောစမ်းပါ ပါးစပ်က . . . '

'ခရမ်းချဉ်သီးတွေ'

'အဲဒါ ဘာပြုလဲ'

'နီနီလေးတွေ ဘယ်လောက်လှလဲ၊ ကျွန်တော် သိပ်ကြိုက်တာ'

ကလေးဆန်လိုက်တဲ့ တက္ကသိုလ်ကျောင်းသားရယ်။

'ကဲ ပြန်ကြစို့ နေမြင့်ပြီ။ ချက်ရပြုတ်ရဦးမှာနဲ့'

'ပြန်တာပေါ့ မမရာ ခရမ်းချဉ်သီး ဝယ်ပြီးရင် . . . '

'ဝယ်ရမယ် ဟုတ်လား၊ ခရမ်းချဉ်သီးကို ဘားများလုပ်ဖို့လဲ၊ မင်းတို့တက္ကသိုလ်မှာလည်း ခရမ်းချဉ်သီးဗေဒ မသင်ရပါဘူး'

'လုပ်ပါ မမရာ၊ နီနီရဲရဲလေးတွေ ဘယ်လောက် ချစ်စရာကောင်းသလဲ ဝယ်စမ်းပါ'

သူက မယဉ်နွယ်၏ လက်ကိုဆွဲကာ အတင်းခေါ်သွားလေသည်။

ခက်လိုက်တဲ့ ကောင်လေး။

ခရမ်းချဉ်သီး အကြောင်းကိုလည်း ဘယ်အဘိဓမ္မာ ဆရာကမှလည်း မဆွေးနွေးခဲ့ပါလေ။ သုတေသနဌာနများကလည်း စိတ်မဝင်စားခဲ့သေးပါ။

'ကဲ ပြောစမ်းပါဦး၊ ဒီခရမ်းချဉ်သီးနဲ့ ဘာလုပ်မှာလဲ'

'ဟိုမှာ ဘဲဥဖြူဖြူတွေ'

'ကြည့်ပါလား မေးတာကိုတော့ မဖြေဘူး'

'ဘဲဥနဲ့ ခရမ်းချဉ်သီး ကြော်စားရင် သိပ်ကောင်းတာ၊ ကျွန်တော်သိပ်ကြိုက်တာ'

'ကြိုက်ရုံနဲ့ မပြီးသေးဘူး၊ ကိုယ်တိုင်လည်း ကြော်တတ်ဦးမှ . . . '

'ကြော်တတ်ပါတယ်'

မောင်လှမြင့်က နီနီတစ်လုံးကို အပုံထဲမှ ရွေးချယ်ကောက်ယူကာ မြတ်နိုးစွာ ကိုင်ထားလိုက်သည်။

'ကဲကွယ် တက္ကသိုလ်ကျောင်းသားကြီး ကြော်ကျွေးတဲ့ ဘဲဥကြော်စားရသေးတာပေါ့'

'အံမာ ခင်ဗျားက ပျက်ချော်ချော်မပြောနဲ့၊ ဗော်လ်ရှီဗစ်ဇွဲ အမေရိကန် စေ့စပ်သေချာမှုနဲ့ ကြော်မှာသိလား'

ကဲ ဘာများ ဝေဖန်လိုပါသေးသလဲ၊ တော်လှန်ရေး အတွေ့အကြုံများကို ရင်းနှီး၍ပင် ကြော်နေဦးမှာလား။

မယဉ်နွယ်က နီထွေးသော ခရမ်းချဉ်သီးလေးများနှင့် ဘဲဥဖြူဖြူ

လေးများကို စားသုံးမှုအတွက် ငွေကြေးနှင့် လဲလှယ်လိုက်သည်။
အနီနှင့် အဖြူ ပြီးတော့ အပြာ . . .

(၂)

အမျိုးသမီးတစ်ယောက်တွင် အနည်းဆုံးရှိရမည့် အရည်အချင်းမှာ အိမ်ထောင်ထိန်းသိမ်းမှု ကျွမ်းကျင်ဖို့ပဲ ဖြစ်သည်။

အိမ်ထောင်တစ်ခု၏ ကြီးပွားချမ်းသာမှုသည် မီးဖိုချောင်၌ တည်ရှိ၏။

ပြာများ လူးနေသည်များ မရှိ၊ အဆီဝေ့နေသော ရေအင်တုံကို မတွေ့ရ၊ ဟင်းကြွင်း ဟင်းကျန်တို့နှင့် အိုးခွက်များသည်လည်း အပြာ ရွေ့ရှားနေသော မီးဖိုချောင်ဝယ် နေရာမရှိ။

ပန်းကန်ဖြူဖြူ အနားပြာရစ်တို့သည် စင်ပေါ်ဝယ် သန့်သန့်ပြန့်ပြန့် တင်နေကြသည်။ ဇွန်းအမြီးတို့သည် ကျနစွာ တစ်ခုစီ သုတ်ထား၍ စင်ကြယ်လျက်ရှိ၏။ မီးဖိုထဲဝယ် တစ်ပိုင်းတစ်စ လောင်ပြီး အဖျားပိုင်း မီးသွေးခဲဖြစ်နေသော သစ်သားစများကို မတွေ့ရ၊ မီးဖိုချောင်သည် သုံးစွဲလျက်ရှိနေသည်နှင့်ပင် မတူဘဲ အသစ်များရောင်းချရန် တည်ခင်းထားသည့် အသွင်မျိုးဖြစ်သည်။

အပြာ၏ အရည်အချင်းမှ ဖိတ်စဉ်နေချက်များသာ ရှိသေးသည်။

'ကုလားဟင်းချက်မလို့ စားတယ်မို့လား'

မယဉ်နွယ်က ဒန့်သလွန်သီး၊ အာလူး၊ ပဲသီးထောင့်၊ မန်ကျည်းသီးမှည့်၊ ခရမ်းသီးတို့ကို စကောထဲတွင် သန့်ရင်း ပြောလိုက်သည်။

'မမေးသင့်တာ မမရာ၊ ကျွန်တော်က အိန္ဒိယ အစားအသောက်ဆို သိပ်ကြိုက်တာ'

'ပြီးတော့ ဝက်သားကို တရုတ်လို အချိုချက်မယ်လေ'

'အာ . . . အဲဒါက ဂန္ဓာလရာဇ် ယဉ်ကျေးမှုပဲ'

'ငံပြာရေဖျော်ပြီး တညင်းသီးနဲ့ တို့မယ်'

'အား ကြိုက်လှပေါ့၊ ကျွန်တော်က ဘာဟင်းမှ မပါချင်နေပေစီ၊ ငံပြာရေနဲ့ အတို့ပါရင် မြိန်တာပဲ'

မယဉ်နွယ်က မဲ့ရင်း တစ်ဝက်ပြုံးလိုက်သည်။

'မမ ကုလားဟင်းအိုး ပြင်တုန်း ကျွန်တော် ဘဲဥကြော်လိုက်မယ်'

'ဟုတ်မှလည်း လုပ်ပါ မောင်လေးရယ် . . .'

'အံမာ ဒါလောက်လည်း အထင်မသေးပါနဲ့၊ ရဲခေါင်ထဲ ဝင်တုန်းက တစ်လှည့်စီ ထမင်းချက်ခဲ့ရဖူးပါတယ် . . .'

မောင်လှမြင့် မီးမွှေးနေသည်ကို မယဉ်နွယ်က သနားသလို ကြည့်နေသည်။ မောင်လှမြင့်က လှည့်ကြည့်မိသောအခါ သူမက ပြုံးပြသည်ကို တွေ့ရသည်။ မယဉ်နွယ်က ချောမွတ်လှရည်ရှိလှ၏။

မယဉ်နွယ်က ခရမ်းချဉ်သီးနှင့် ကြက်သွန်နီကို အလောတော်လောက် လှီး ကူညီပေးရှာသေးသည်။

'နေပါစေ မမဘာသာ မမ လုပ်ချေပါ . ..'

သူက ဘဲဥကို ပန်းကန်လုံးထဲတွင် ထည့်ကာ ဇွန်းဖြင့် ခေါက်ရင်း သူမ၏ အကူအညီကို ငြင်းပယ်လိုက်လေသည်။ ကလေးသူငယ်များသည် ကိုယ်ကိုယ်တိုင် မစွမ်းနိုင်သော်လည်း လူကြီးတို့က ဝင်ရောက် ကူညီသည်ကို မလိုလားချေ။

'ဆားထည့် ခလောက်ရတယ် . . .'

'ငံကုန်မှာပေါ့'

'ဟဲ့ ဘယ်ဟင်းမဆို ဆားခပ်ရတာပဲ . . .'

'ဆီထဲမှာ ထည့်ပြီးပြီဗျ . . .'

အပြာက အမျိုးသမီးဣန္ဒြေကို ကျော်လွန်အောင်ပင် ရယ်ပစ်လိုက်သည်။ ဆီထဲကို တစ်ခါတည်း ဆားခပ်လိုက်ပါသည်တဲ့။ ဒယ်အိုးထဲမှ ဆီသည် အမြုပ်ကလေးတွေ ကုန်ကာ အခိုးထွက်လာသည်။

'ကဲ လုပ်တော့ ဆီကျက်ပြီ . . .'

ထိုစဉ် တစ်ဖက်အိမ်မှ အပ်လာငှားသဖြင့် သူမက သွားယူပေးရ

သည်။ ထိုသို့ သူမ အပြင်ထွက်သွားခိုက်တွင်ပင် တက္ကသိုလ်ကျောင်းသား တစ်ယောက်သည် ချက်ပြုတ်မှု အခန်းသစ်တစ်ခုကို ဖွင့်လှစ်လိုက်လေသည်။

'ပြီးပါပြီရှင် ဘယ့်နှယ်များ လုပ်ကုန်တာလဲ . . .'

မယဉ်နွယ်က မီးဖိုနား ပြန်ရောက်သောအခါ မောင်လှမြင့်၏ ကြော်နေပုံကို ကြည့်ကာ ညည်းညူလိုက်သည်။ မောင်လှမြင့်က ကြက်သွန်နှင့် ခရမ်းချဉ်သီး တစ်လွှာစီကို ထပ်ခါ ဘဲဥခေါက်ထားသော ရေတွင် စိမ်ကာနှစ်ပြီးမှ ဒယ်အိုးထဲသို့ ထည့်လိုက်လေသည်။ ပြီးမှ ဇွန်းဖြင့် ဘဲဥရည်အနည်းငယ် အပေါ်မှ လောင်းပေးရာ ကြက်သွန် ခရမ်းချဉ်သီး ဌာပနာ ဘဲဥကြော် ပြုလုပ်နေလေသည်။

'နှင့် နှယ်ဟယ် ငါ့အိမ် မိုးကြိုးများ ပစ်ကုန်ပါဦးမယ် . . .'

'ဟာ မမကလည်း စကားများလိုက်တာ၊ ပြီးအောင် ကြော်စမ်းပါရစေ . . . ထမင်းဝိုင်းကျမှ စားမကောင်းရင် လွှင့်ပစ်လိုက် . . .'

'ပြောဝံ့တော့ပါရှင် . . .'

မယဉ်နွယ်က သူ့ဟင်းအိုးကို ဆက်ပြင်နေသည်။

သန့်စင်သော ကောင်းကင်သည် ပြာ၏။

မယဉ်နွယ်သည် အပြာပဲ ဖြစ်လေသည်။

ခေါမအဘိဓမ္မာဆရာ အရစ္စတိုတယ်လ် ရှာဖွေတွေ့ရှိခဲ့သော တက္ကဗေဒ သန့်စင်သော မယဉ်နွယ်ဖြစ်သည်ဟု ဖြည့်စွက်ပေလိမ့်မည်။ မွန်မြတ်သော အပြာပါ။

'ကဲ ပြီးပြီ၊ ဘာအိုး ဆက်တည်မှာလဲ . . .'

'နေနေ မမဘာသာ တည်မယ်. . .'

မယဉ်နွယ်က ကုလားဟင်း ချဉ်ရေအိုးကို တည်ထားပြီး ဝက်သားပြုတ်အိုးများကို ပြန်၍ ကြော်ရန်အတွက် ပဲႏပါးစားနှင့် လှီး ချက်ရှိသည်။ တော်တော် အိုက်သွားသည့်ဟန်ဖြင့် တံခါးဝတွင် ထိုင်ကာ လက်ကိုင်ပဝါဖြင့် လေအေးယူနေသော မောင်လှမြင့်အား သဘောကျသလို

ပြုံးလိုက်သည်။

'မောသွားပြီလား'

'အဲဒါက ဇာတ်စင်ပေါ်မှာ မင်းသားကို မင်းသမီးက မေးတဲ့စကားပါ'

'ဟင်း အဆိုခံထိမယ်နော် . . .'

သူမက ခပ်မာမာလေး ပြောလိုက်ရာ သူက ငြိမ်ကျသွားသည်။ သူမက စကား ဆက်မပြောဘဲရှိသဖြင့် သူမ လုပ်ကိုင်နေသည်ကို ကြည့်ရင်း ငေးငိုင်လေသည်။ ပြီးတော့ တွေးရင်း တွေးရင်း မလိုလားအပ်ရာသို့ ရောက်သွားပြီး ရင်ထဲဆို့လာသည်။ သူက အပြာကို ကြည့်ရင်းကြည့်ရင်းနှင့် ရွှေစင်ဦး၏ ရုပ်သွင်ကို မျက်စိထဲဝယ် ထင်မြင်လာသည်။

မယဉ်နွယ်က ဝက်သားအိုးပြင်ပြီးမှ ချဉ်ဟင်းအိုးကို မွှေလိုက်ပြီး လက်သုတ်ရင်း ငိုင်နေသော သူ့အား မေးလိုက်သည် ရှိတော့သည်။

'ကဲ ပြောစမ်း၊ ဘာများ စဉ်းစားနေသလဲ၊ မညာရဘူးနော်'

'စိတ်ကူးယဉ်တာလား မမနွယ်၊ ကျွန်တော် တစ်ခုစဉ်းစားနေတယ်၊ ရွှေစင်နဲ့ လက်ထပ်ပြီး ခုလို အတူတူ ထမင်းချက်နေရရင် ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲ'

မယဉ်နွယ်ကလည်း စိတ်ကောင်းနိုင်ခြင်း မရှိတော့။

'မင်းဟာ သူ့ကို တော်တော် ချစ်တယ်နော်'

ဘာမျှ ပြန်မပြော။

'ဘာလို့ ဒါလောက် ချစ်ရတာလဲ . . .'

'မသိဘူး . . .'

'ဘာလို့ သူက ပြန်မချစ်တာလဲ . . .'

'မသိဘူး . . .'

'အေးကွာ ဘာများလဲ အချစ်ဆိုတာ . . .'

မောင်လေးကို ပညာပေးရမယ့်အစား မယဉ်နွယ်ရယ်။

မောင်လှမြင့်သည် ဘာမျှမပြော၊ အားလုံးကို မေ့လျော့နေသလို ရှိရာ သူမမှာ အနေရကျပ်လာပြီး ရင်ခုန်လာသည်၊ ဘာပြောရမှန်းမသိ၊

လက်တွေ့ပါ တုန်လာသည်။

'မောင်လေးရယ် . . . အိမ်ရှေ့ သွားနေစမ်းပါ . . .'

(၃)

စားသုံးသူများရှိ၍ ကုန်ထုတ်လုပ်ခြင်း ရှိသည်။ ဘောဂဗေဒ သင်ပြချက်တစ်ရပ် ဖြစ်သည်။ အလှကို မြတ်နိုးသူများရှိ၍ အလှရှိသည် မဟုတ်၊ အလှကို ပိုမို မွမ်းမံခြင်းသာ ဖြစ်လေသည်။ အလှရှိ၍ မြတ်နိုးခြင်း ဖြစ်လေသည်။ စိတ္တဗေဒ အယူသစ်။

မောင်လှမြင့်က ကိုယ်စားပြု၍ ညှိခံနေရခြင်းကို စိတ်ပျက်လာတော့သည်။ မယဉ်နွယ်ထံ လာလည်သော လူရွယ်အမျိုးသားများအား သူမ မအားသည့်အလျောက် သူမကိုယ်စား ညှိခံစကား ဒိုင်ခံ ပြောနေရလေသည်။ တစ်ယောက်ပြီး နောက်တစ်ဦး။

'မောင်လှမြင့်ရေ ဧည့်သည်ကို စကားပြောပါကွယ် . . .'

အမျိုးသားတစ်ယောက် လာသည်ဆိုလျှင် သူမက ဝတ်ကြေတန်းကြေ တစ်ခွန်းနှစ်ခွန်း ပြောပြီး အထဲဝင်လာလေသည်။ ပြီးတော့ နှပ်ဖျော်ကော်ဖီ ခါးခါးနှစ်ခွက် ယူလာကာ မောင်လှမြင့်နှင့်ပင် ထားခဲ့လေသည်။ ထမင်းချက်စရာ ရှိသေးလို့ပါတဲ့။

သဘာဝ ဓမ္မနှင့်လည်း ဆန့်ကျင်လေသည်။ ဧည့်သည် တစ်ယောက်က အခြား ဧည့်သည်တစ်ဦးကို ဧည့်ခံရခြင်းမှာ နည်းလမ်းမကျပေ၊ တော်လှန်သင့်သော အရာလည်း မဟုတ်ချေ။

သူက ကော်ဖီ လေးငါးခြောက်ခွက်ကို ဆင့်သောက်ရခြင်းအတွက် ကျေနပ် နှစ်သက်မှုရှိသော်လည်း အမျိုးသား လေးငါးခြောက်ယောက်ကို ဘာပြောရမှန်းမသိ၊ တောင်တစ်လုံး၊ မြောက်တစ်လုံး ပြောရသည်ကို စိတ်ဝင်စားမည် မဟုတ်ချေ။

'မမလူတွေ မမဘာသာ ဧည့်ခံ၊ ကျွန်တော်တော့ စိတ်ပျက်ပြီ'

'အိုကွယ် . . . မောင်လေးကလည်း မမိုက်ဘဲနဲ့၊ ဒီအိုး ဆီပြန်ရင်

ချယ့်ပါပဲ၊ ပြီးပါပြီ . . .'

'အလိုက်ကန်းဆိုးလည်း မသိဘူး၊ အကြာကြီး ထိုင်နေလိုက်တာ'

'မင်းလည်း ရွှေစင်ဆီသွားရင် ဒီလိုပဲ နေမှာပေါ့ . . .'

'အော် . . . မမက နိုင်ပေါက်ကို တွေ့ထားတာကိုး . . .'

'ဟေး အနွယ်ရေ . . .'

အမျိုးသမီး သုံးယောက်သည် ပြေးတက်လာကြသည်။

'အေးတို့ပါလား ဘယ်က လာကြတာလဲ . . .'

'လည်တာ လာတာ . . .'

အေးဆိုသည်က လင်တစ်ယောက် ရနိုင်လောက်အောင်တော့ လှပေသည်။ လည်တာ လာတာဟူသော အသုံးကိုထောက်၍ သူမက အမရပူရ အနွယ်ဖြစ်ပေမည်။ သူက ဘုမသိဘမသိနှင့် သူမ၏မောင် တော်ခဲ့ရသေးသည်။ နွယ်က သူမ ဖွားလေးအား ပြောခဲ့တာပဲလေ၊ အမျိုးသမီးတွေမှာ ကြွက်စီကြွက်စီနှင့် လင်မရနိုင်တိုင်း ဆူညံနေကြသည်။

ဆွေဆွေနဲ့ တင်တင်တဲ့၊ သူ့မမက သူနှင့် အမျိုးသမီးများကို မိတ်ဆက်ပေးသည်။

'သူက စာရေးဆရာကွ . . .'

'ဒါဖြင့် အနွယ်က စာရေးဆရာရဲ့ မမပေါ့ . . .'

'အေးကွယ် . . . ကိုယ်က ဒါကြောင့် တာဝန်တစ်ခု တိုးနေတယ်'

'ဘာများလဲ . . .'

'ယောင်းမလှလှတစ်ယောက် ရှာနေရလို့ . . .'

မယဉ်နွယ်က အဓိပ္ပာယ်ရှိရှိနှင့် ပြုံးကာပြောလိုက်ရာ သာလီကာမ သုံးယောက်သည် ငြိမ်ကျသွားသည်။ မောင်လှမြင့်ကလည်း မျက်နှာကို ကျောဘက် လှည့်ထားလိုက်ရမလိုဘဲ။

'အော် ဒါနဲ့ အနွယ်ဖို့ ရေဒီယိုက သီချင်းတစ်ပုဒ် တောင်းထားတယ် . . .'

ခဏမျှ ဆိုင်းပြီး အေးက ပြောလိုက်သည်။

**ရန်အောင်စာပေ (၂)**

'ဟုတ်လား . . . ဘာသီချင်းလဲ . . .'

'ချစ်မမ . . .'

'ဟင် . . . အေး မကောင်းဘူး . . .'

တင်တင်နှင့် ဆွေဆွေက အောင်မြင်စွာ ရယ်လိုက်ရာ မယဉ်နွယ်က လက်သီးဆုပ်ကလေးနှင့် သူမတို့အား ထုရိုက်နေရာ မောင်လှမြင့်က အပြင်သို့ ထွက်ခဲ့လေသည်။

အေးတို့ ပြန်သွားတော့မှ သူက ရင်ပေါ့သွားသည်။ မသိသည်ကလည်း ကောင်းသည်၊ သိသည်ကလည်း ကောင်းသည်၊ မသိတသိ ဆက်ဆံရသည်က ယောင်ချာချာရှိသည်။ မေသန်းတို့ ပြန်လာသောအခါ သူက ရွှင်လန်းလာသည်။

'အောင်ကြရဲ့လား . . .'

'အောင်တာပေါ့ဗျ . . .'

'ခိုးချလို့ပါ . . .'

မေသန်းက ငိုတော့သည်။ သည်လိုပဲ ကလေးဆိုသည်က လူကြီးတွေ မမျှော်လင့်သည့်အရာကို လုပ်တတ်သည်။ အော် မောင်လှမြင့်က မဖြစ်စလောက် စလိုက်သော်လည်း သူမက ဝမ်းနည်းပက်လက် ငိုတော့သည်၊ တကယ်တော့ သူမက ကြိုးစားပန်းစား စာကျက်ခဲ့ရပါသည်လေ၊ နိုင်ငံခြား တံဆိပ်ခေါင်း လေးခုကြောင့်သာ သူမက အငိုရပ်သွားလေသည်။ မေသန်းက အခွင့်အရေးကို အကုန်ရယူသောအားဖြင့် သူ့အား ခဲတံချွန်ခိုင်းသေးသည်။ မေသန်းက သူလာတိုင်း ခဲတံချွန်ခိုင်းတတ်သည်။ သူက လှပသပ်ယပ်စွာ ချွန်ပေးရသည်။ သည်တော့မှ သူမက ပြုံးရွှင်လာသည်။ မခင်လတ်က သူမ မမအား ထမင်း ကူခူးခပ်ပေးနေချေသည်။

'ကဲ . . . မေသန်း ပုံပြောကွယ် . . .'

ကလေးမက ထမင်းဝိုင်းရောက်မှ အနိုင်နိုင်ဆုံးရသည့် လိပ်ကမ္ဘာမပုံကို ပြောလေသည်။

'ဟာ ဒါ ဘာလေးတွေလည်း . . .'

**ရန်အောင်စာပေ (၂)**

မေသန်းက မောင်လှမြင့်၏ ဘဲဥဌာပနာကြော်များကို တွေ့ရာ တစ်ခု ကောက်စားလိုက်သည်။

'နှင့်အစ်ကို ကြော်တာလေ . . .'

'ဟင် သိပ်ကောင်းတာပဲ . . .'

မခင်လတ်ကလည်း မေသန်းစကားကို ထပ်မံ ထောက်ခံခြင်း ရှိသဖြင့် မောင်လှမြင့်က အပြာမမအား အနိုင်ယူသလို ကြည့်လိုက်လေသည်။ သူမကတော့ ပြုံးပဲနေသည်။

'ဒါ သိပ္ပံပါရဂူမကြီး မဒမ်ကျူရီရဲ့ ဘဲဥကြော်နည်းကွဲ့'

မသိနားမလည်သည့် ကလေးများအား ညာလိုက်သည်။

'ဒါကြောင့် မခင်လတ် တက္ကသိုလ် ရောက်ချင်တာပေါ့ . . .'

မခင်လတ်က သူမ တက္ကသိုလ်ရောက်ချင်သည့် အကြောင်းဝယ် အချက်တစ်ခု ထပ်ဖြည့်လိုက်သည်။

'အံမာ မေသန်းတော့ တက္ကသိုလ်မရောက်လည်း ဘဲဥကြော်နည်း လောက်တော့ ထွင်တတ်ပါတယ် . . .'

'ဆိုစမ်းပါဦး၊ ဒါမှ ကိုယ့်ညီမလေးကွ'

'ကိုလေးလို ဘဲဥကို မဖောက်တော့ဘူး။ တစ်ခါတည်း အလုံးလိုက် ဆီထဲထည့် ကြော်လိုက်မယ်'

ကလေးမကလည်း၊ ဘဲဥကြော်နည်းနိသျှည်းကို ကြီးလျှင် ပြုစုပေးလိမ့်မည်။

'ဒီမောင်နှမတွေတော့ ရူးပါပြီ'

မယဉ်နွယ်က ခြုံ၍ ဝေဖန်လိုက်သည်။

ထမင်းစားပြီးသောအခါ မောင်လှမြင့်သည် ညီမလေးနှစ်ယောက် အား ငြိမ်းချမ်းရေး၊ ဒီမိုကရေစီပညာရေး၊ အမျိုးသမီးအခွင့်အရေးတို့ အကြောင်းကို တစ်သိန်းကျော်လူထုရှေ့တွင် တရားဟောနေရသည်။ စိတ်ပါလက်ပါ ဟောနေလေသည်။

ထို့နောက် သူ့အတွေ့အကြုံများလည်း ပြောပြသေးသည်။

**ရန်အောင်စာပေ (၂)**

ဥပမာ လူငယ်အစည်းအရုံးတွင် ရေအိုး၌ ရေခွက်မရှိ၍ မသာတစ်ခုကို မသိဘဲနှင့် ပို့၍ ကမ်းသော သတ္တုခွက်များကို ယူခဲ့လေသည်။

ကလေးမတို့သည်သာမက အပြာသည်လည်း စိတ်ဝင်စားစွာ နားထောင်ခဲ့သည်၊ ပြီးတော့ လက်ခံသည်၊ နောက်တော့ မောင်လေးကို တစ်ဖက်က လေးစားကြည်ညိုလာသည်။ တကယ်တော့ သူ့မောင်လေးကို စာရေးဆရာတစ်ယောက်အနေနှင့် ကြည်ညိုခဲ့နှင့်သည်လည်း ရှိလေသည်။

ညနေကျတော့ ခရမ်းချဉ်သီး နီနီတစ်လုံးကိုကိုင်ကာ အစည်းအဝေး ရှိသည်ဟု ပြန်သွားတော့၏။ အပြာက သူ့အား အမြင့်သို့ ခေါ်ဆောင်သွားနိုင်လေတော့မလားဘဲ။

## နွေနှောင်းသစ်သဇင်

(၁)

'ဟော့ . . . မောင်မြင့်နောင်'

မောင်လှမြင့်က လှည့်ကြည့်လိုက်ရာ ကိုဘုန်းလှိုင်ကို လက်ဖက်ရည်ဆိုင်အတွင်း စာရေးစားပွဲတစ်ခုတွင် လက်ဖက်ရည်သောက်နေသည်ကိုတွေ့ရ၏။ သူ့ရဲဘော်များက သူ့အား ကလောင်နာမည်ကို ခေါ်လေ့ရှိသည်။ ကိုဘုန်းလှိုင်မှာ မန္တလေးခရိုင် ကျောင်းသားများသမဂ္ဂမှ အမှုဆောင်တစ်ယောက် ဖြစ်လေသည်။ အတက်ကြွဆုံးသော လုပ်အားကိုပေးသည့် ရဲဘော်တစ်ယောက် ဖြစ်သည်။ သို့သော် သဘောတရား နည်းရှာသေးသည်။

'ဘယ်လဲဗျ၊ လာပါဦး လက်ဖက်ရည်သောက်ပါဦး'

ကိုဘုန်းလှိုင်ဘေးမှ လူတစ်ယောက်က သူ့အား ဖိတ်ခေါ်လိုက်သည်၊ ထိုသူမှာ ကိုမြိုင် ဟုနာမည်ရှိပြီး စုံထောက်တစ်ယောက်ဖြစ်လေသည်။ ကိုဘုန်းလှိုင်ထံမှ မထူးဆန်းသော သတင်းများ လက်ဖက်ရည်နှင့် လဲနေဟန်ရှိသည်။

'ဘာသောက်မလဲဗျ၊ ကော်ဖီလား'

'နေပေ့စီ ကျွန်တော် မသောက်ချင်ဘူး'

မောင်လှမြင့်က ငြင်းဆန်လိုက်သည်၊ သူ့ရဲဘော်အချို့က လက်ဖက်ရည်သောက်ချင်လျှင် စုံထောက်တွေကို လိုက်ရှာသည်။ သူက ဒီအမှားကို အပြင်းအထန် တိုက်နေသူဖြစ်သည်။

'ခင်ဗျားတို့ တက္ကသိုလ်သမဂ္ဂ ရွေးကောက်ပွဲ ဘယ်တော့လုပ်မလဲ. . .'

'ထုံးစံအတိုင်း ရှေ့လထဲမှာပေါ့'

မောင်လှမြင့်က ဖြေနိုင်သလောက်ပဲ ဖြေလိုက်သည်။

'ခင်ဗျား အမှုဆောင် ပြန်လုပ်ဦးမှာလား'

ကျောင်းသားတွေက တင်မှဖြစ်မှာပေါ့၊ ကျွန်တော်တို့ လုပ်ချင်တိုင်း ရတာမဟုတ်ပါဘူး'

'မောင်ရင် ဘယ်သွားမလို့လဲ'

'အနောက်နားတင်ပဲ . . . လိုက်မလား'

ကိုဘုန်းလှိုင်က စမူဆာတစ်ခုကို စားရင်းတန်းလန်းနှင့် ထလိုက်လာလေသည်။ ကိုမြိုင်က ငွေပေးရင်း ကျန်ရစ်ခဲ့လေသည်။ ထို့နောက်မှ ရသမျှသတင်းကို အထက်သို့ အစီရင်ခံလိမ့်မည်။

'ဘယ်သွားမှာလဲ အပြာ့အိမ်လား'

ကိုဘုန်းလှိုင်က နောက်ဆုံးအဖြစ် စမူဆာကျန်ကို ပါးစပ်ထဲ ထည့်ကာဝါးရင်း မေးလိုက်သည်။

'ဘာပြောတယ်၊ အပြာ ဘယ်ကအပြာလဲ'

'ဘယ်က အပြာရမလဲ၊ မောင်ရင်ချစ်သော အပြာပေါ့'

ဘယ်လောက်များ တာဝန်မဲ့ ပြောဆိုလိုက်ခြင်းပါလဲ။

'စော်ကားလှချည့်လား၊ ရဲဘော် သေသေချာချာ လေ့လာပြီးမှလည်း ပြောပါ။ အပြာဟာ ကျွန်တော်ရဲ့ အစ်မအရင်း တစ်ယောက်လိုပါပဲ'

'ဒီလိုပဲ ပြောကြတာပါပဲ၊ ဒီလို ပြောတာတွေဟာ တကယ်မှန်ရင်လည်း ချစ်မမ သီချင်းမျိုးဟာ ပေါ်ထွက်လာစရာ အကြောင်းမရှိပါဘူး'

'မဟုတ်ဘူး၊ ရဲဘော်တို့က တာဝန်မဲ့လွန်းလို့ ပြောတာ၊ ကျွန်တော်

ရွှေစင်ကို ဘယ်လောက် ချစ်တယ်ဆိုတာလည်း ရဲဘော်တို့အသိပဲ၊ ငိုလို့လည်း မျက်ရည်မတိတ်သေးပါဘူး'

'ရွှေစင်က မရနိုင်တော့တဲ့ အမျိုးသမီးပဲ'

'မချစ်နိုင်တော့တဲ့ အမျိုးသမီးတော့ မဟုတ်ဘူး'

'ဒါပေမဲ့ အပြာက ပိုပြီး ချစ်စရာကောင်းတယ်လို့ ကြားရတယ်၊ ယဉ်တယ်၊ လိမ္မာတယ်၊ ပြီးတော့ မောင်လေး မောင်လေးနဲ့'

ဘယ်လောက်များ ခက်သလဲ၊ တကယ်တော့ ကိုဘုန်းလှိုင်သာမက ရဲဘော်နဲ့ သူငယ်ချင်းများအားလုံးက သူ့အား အပြာနှင့် သက်ဆိုင်မကင်း ရှိကြသည်။ ပြီးတော့ သဘောတူကြသေးသည်၊ ဘယ်လိုမှလည်း ငြင်း၍မရ၊ စွတ်၍သာ ပြောနေကြသည်။ ဥကောဒေးယျလည်း ရှိနေပြီ၊ ရွှေစင်ကိုယ်တိုင်ပင် ကြား၍ တစ်နေ့က ဖွင့်မေးလေသည်။

'အပြာဆိုတာ ဘယ်သူလဲဟင်'

'ကိုယ့်မမပါ'

'သိပ်လှတယ်ဆို'

'ပြောကြတာပါပဲ'

'ရွှေစင်နဲ့ ဘယ်သူက လှသလဲ'

'တစ်မျိုးစီပေါ့'

'အပြာက လှမှာပေါ့'

သူမက ခနဲ့သလို ပြောလိုက်သည်။

'လှချင်လည်း လှမှာပေါ့၊ ဒါပေမဲ့ ဘယ်သူ ဘယ်လောက် လှပေမဲ့ ကိုယ်ကတော့ ရွှေစင်ရဲ့ အလှကိုပဲ မြတ်နိုးတယ်၊ ရွှေစင်ကိုပဲချစ်တယ်'

'ဒါပေမဲ့ အပြာက ကိုလေးမြင့်ကို တောင်တော် ချစ်၊ တော်တော်ဂရုစိုက်တယ်ဆို'

'သနားလို့ နေမှာပေါ့၊ ကိုယ်ကလည်း အကုန်ဖွင့်တိုင်ပင်တယ်လေ ရွှေစင်နဲ့ ကိုယ့်အကြောင်းလည်း အကုန်ပြောပြတယ်လေ'

'ပြောပြတယ် ဟုတ်လား၊ အဲတော့ သူက ဘာပြောလဲ'

'ငေးနေတယ်'

သူမက အားမလို အားမရ ရှိသွားသည်၊ ပြီးမှ . . .

'စျေးရောင်းတာဆို . . .'

'အင်း . . .'

'သနားပါတယ်၊ လင်ကောင်း သားကောင်း ရပါစေ တက္ကသိုလ်ကျောင်းသားတွေနဲ့ ရရင်တော့ စျေးသည်ဘဝ ကျွတ်ရှာမှာပေါ့ . . .'

မောင်လှမြင့်က တော်တော် နင့်သွားသည်။ ချစ်လွန်းလှသော အမျိုးသမီး ဖြစ်၍သာ ဘာမှ ပြန်မပြောဘဲ အောင့်နေလိုက်ရသည်။ သို့သော် ချက်ချင်း ပြန်ခဲ့ရသည်။

'တကယ်ပြောတာ၊ မောင်ရင် အပြာနဲ့ရရင် တကယ်ကောင်းမယ်၊ ရွှေစင့်ကို မေ့ပစ်လိုက်စမ်းပါ။ သူ့လို ကျော်ကြားမှု မြင့်မားမှုတွေကိုသာ ကြည့်နေတဲ့ အမျိုးသမီးကို . . .'

သူ့ရဲဘော်တွေက သူ ရွှေစင်ဦးကို ချစ်သည်ဆိုကတည်းကပင် သဘောမတူပါ။ လူတန်းစားမမှန်ဟု ကန့်ကွက်ကြသည်၊ သူ ယခုလောက် စွဲလန်းနေသည်ကိုလည်း အပြစ်တင်ကြလှသည်။

သို့သော် မောင်လှမြင့်ကတော့ သေသေချာချာ စဉ်းစားပြီးလေပြီ။ ရွှေစင်ဦးအား မစွန့်လွှတ်နိုင်တော့သော ချစ်ခြင်းဖြင့် ချစ်သည်၊ သူမနှင့် ကင်းဝေးလျှင် ရေဝေးဗေဒါညှိုး ဖြစ်သည်။

ရွှေစင်ဦးကလွဲလျှင် အမျိုးသမီးတိုင်းကို ရိုးသားစွာ ချစ်သည်။ ထိုအထဲတွင် အပြာအား အချစ်ဆုံးဖြစ်လေသည်။

'ဟ အပြာ့အိမ်က ဝေးလှချည့်လား . . .'

'ဘယ်သူက အပြာ့အိမ်သွားမယ်လို့ ပြောလို့လဲ . . .'

နွေနှောင်းနေ့က နှစ်ယောက်စလုံးကို ချွေးဖြင့် စိုစွတ်စေသည်။ ညောင်းပြီး အိုက်သည်၊ လမ်းလျှောက်ရသည်က။

'ဒါဖြင့် ဘယ်သွားမှာလဲ . . .'

'တစ်နေရာပေါ့ . . .'

'ကဲ သွားပေတော့ ကျုပ် အကျိုးမဲ့ မလိုက်တော့ဘူး . . .'

သည်တော့မှ ကိုဘုန်းလှိုင်က သူ့အား စွန့်လွှတ်ရန်ကြံတော့သည်။

'ဒီမယ် ရဲဘော် . . . အပြာနဲ့ မစပါနဲ့ဗျာ၊ အလကားနေရင်း အမျိုးသမီးဂုဏ်ကို ထိခိုက်နေပါတယ် . . . သူကလည်း ရိုးရိုးခင်တာပါပဲ . . .'

သူက သူ့အတွက်နှင့် အမျိုးသမီးတစ်ယောက် မထိခိုက်စေလိုပါ။

(၂)

တကယ်တော့ သူမရဲ့ ကျော်ကြားမှုကို မျှော်ကိုး၍သာ ကျောင်းသားသမဂ္ဂ လုပ်ငန်းအချို့ကို ပါဝင်ကူညီ လုပ်ပေးခဲ့ခြင်းဖြစ်သည်။

'ရွှေစင်က ဒီမှာ ရောက်နေတာပါလား၊ ကိုယ်တို့က ပွဲတော်အတွက် လုပ်နေသလားလို့ . . .'

မမရီနှင့် အမျိုးသမီးနှစ်ယောက်သည် ကျောင်းသူများ အခန်းတွင်းသို့ ဝင်လာရင်း ကော့ကော့မော့မော့လေး ထိုင်နေသော ရွှေစင်ဦးအား တွေ့လိုက်၍ မေးလိုက်ကြသည်။

'မအားဘူးလေ သွားစရာရှိသေးတယ် မဟုတ်လား . . .'

ငြိမ်းချမ်းရေးနှင့် မိတ်ဆွေဖြစ်ရေးအတွက် ကျောင်းသားလူငယ်ပွဲသဘင်ကြီးသည် ချိမ့်ချိမ့်သဲသဲ ကျင်းပပေတော့မည်။ ငြိမ်းချမ်းရေးနှင့် အချင်းချင်း ချစ်ကြည်ရေးကို လိုလားသော ကျောင်းသားတိုင်း၊ လူငယ်တိုင်းသည် ပွဲသဘင်ကြီးအတွက် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်နေကြသည်။

'သွားစရာ ရှိသေးတယ်ဆိုတာက ဗိုလ်ကြည်လေးနဲ့ မဟုတ်လား. . .'

ဘော့ဟဲယားနှင့် ရှုဘီ ဆိုသောကလေးမက မေးလိုက်သည်။

'အေးကွယ် မင်းကသိသားနဲ့၊ စစ်ရုံးက ကာနယ်တစ်ယောက်

လာမှာ သွားကြိုမလို့ . . .'

'သွားပေါ့ရှင် ကက်ပတိန်ကတော် လောင်းကြီးရဲ့ . . .'

ရှုဘီက အားကျသလိုနှင့် ငေါ့လိုက်သည်။

'ဟော့ မင်း ဒီလို မနောက်နဲ့ကွာ ကိုယ် ငိုလိုက်မယ် . . .'

သို့သော် နှစ်သက်သောအမူအရာကို သူမ၏မျက်လုံး၌ ရှာဖွေတွေ့နိုင်သည်။

'ဒါပေမဲ့ကွယ် ကိုလှမြင့်တစ်ယောက် သနားပါတယ် . . .'

ရိုး၍လှသော မသန်းငြိမ်းက ဝင်၍ စကားကို ဆက်လိုက်သည်။

'သနားရင် လွယ်ပါတယ် . . . မင်း ယူလိုက်ပေါ့ . . .'

'အို . . .'

သူမမှာ ပါးအို့ကလေး နီလာသည်။

'သူ ခု သမဂ္ဂလုပ်ငန်းတွေ တော်တော် လုပ်နေတယ်ကွဲ့ . . .'

မမရီက အားလုံးသိသော အရာတစ်ခုကို တင်ပြနေသည်။ မောင်လှမြင့်တစ်ယောက် ပြန်လည် အလုပ်လုပ်နေပြီ၊ အရင်ကလို မိုက်မဲစွာ ငိုရှိုက်မနေတော့ဟူသည်မှာ မောင်လှမြင့်အား သိသူတိုင်းပင် ပြောလျက်ရှိကြသည်။ မောင်လှမြင့်အားလည်း တစ်ကျောင်းလုံးလောက် သိကြသည်။ စာရေးဆရာ၊ ကျောင်းသားခေါင်းဆောင်၊ တဖက်သတ် ချစ်ရာတွင် သူမတူသူ။

'လုပ်မှာပေါ့၊ ခုသူက ယုယကြင်နာတဲ့ အစ်မကြီးတစ်ယောက် ကောက်ရထားတယ်ဆိုပဲ၊ အဲ့တော့ ရွှေစင်က ပြန်မချစ်လည်း ဘာအရေးလဲ . . .'

ရှုဘီက ရွှေစင်အား ပြုံးပြုံးလေးနှင့် ပြောနေသည်။

'ကောင်းပါတယ်ကွယ် . . . ဒီလိုဖြစ်သွားတာ၊ နို့မို့ရင် ကိုယ် သူ့အတွက် စိတ်လေးလွန်းလို့ တစ်ခါတစ်ခါများ စိတ်တောင် ညစ်မိတယ်၊ သူ့အတွက် . . .'

'အော် . . . ရွှေစင်က စိတ်ညစ်တယ် ရှိသေးတယ်ကိုး . . .'

မသန်းငြိမ်းက အယုံအကြည် ကင်းမဲ့ပါသည်။ တစ်ယောက်သော သူ ငိုနေသော ကာလဝယ် ပြုံးရယ်ရွှင်အားသူက . . .။

'ကိုယ်က ဘယ်သူ့မဆို ချစ်တယ်၊ သနားတယ်မို့လား . . .'

ရွှေစင်ဦးက အကြောင်ရိုက်လိုက်သည်။

'ဟော . . . ရွှေစင်ဦး၊ ပြေး ပြေး ဗိုလ်ကြည်လေးကား ရောက်လာပြီ . . .'

'ဘယ် အလှနတ်သမီးကိုယ်များ တုပ ဝတ်ဆင်ထားသည်မသိ၊ ရွှေစင်ဦး က ကြွားကြွားဝင့်ဝင့် လှနေသည်။ သူမ ထွက်သွားသည်ကို ကလေးမ သုံးယောက် ငေးကျန်ရစ်ခဲ့သည်။ ရူဘီက အားကျပြီး မမရီက သနားကာ မသန်းငြိမ်းကတော့ မနှစ်သက်သည့် အမူအရာကို ဖော်ပြနေ၏။

ဗိုလ်ကြည်လေး ပခုံးထက်က ရွှေတန်းသုံးခုသည် သူမ၏ အလှနှင့် ညီမျှ သည်ဟု ရူဘီက သင်္ချာနည်းဖြင့် တွက်ချက်နေသည်။

ဗိုလ်ကြည်လေး၏ စတေရှင်ဝက်ဂွန်းကားသည် ကျောင်းဝတွင် ဂျစ်ကား တစ်စင်းကို ကျော်ဖြတ်သွားသည်။ ဂျစ်ကားပေါ်တွင် ရံပုံငွေ ကောက်ရန်သွားသော မောင်လှမြင့်တို့လူစု ပါလေသည်။

(၃)

ပင်တိုင်း ယိမ်းနွဲ့နေကြသည်။

ဝါဆိုရက်ဦးမှာ လေကထန်သည်၊ မြမြစိမ်းသော သစ်ပင်တိုင်း လေဝှေ့ရာသို့ ညွတ်ကိုင်းနေကြသည်။ ရေမှုန်လေးတွေပါဝင်နေ၍ အေးမြသည်။

အပြာက ဝင်းဝတွင် ရပ်နေပါသည်။

အပြာ့ထမိ အောက်နားစက တွန့်လိပ်နေသည်။ အပြာနုရောင် အင်္ကျီက လှိုင်းထနေသည်။ ဆံပင်နက်နက်လေးတို့က ဆော့မြူးနေကြသည်။

အေးက အေးပါဘိသနဲ့ အပြာရယ် . . .။

အပြာက ရပ်ရင်း အဝေးသို့ ငေးမျှော်နေသည်။ ရှေ့မှာရှိသည်တို့ကို မြင်သည့်အခါလည်း မြင်သည်။ မမြင်သည့်အခါမူ သူမက နက်နဲစွာ တွေးနေသည်။ ဘာကိုများ ရင်လေးနေရပါသလဲ အပြာရယ် . . .။

'မောင်တော် မလာလို့လား လှိုင်ထိပ်တင် . . .'

'ဟင် . . . အိုကွယ်၊ အေးက မကောင်းဘူး လန့်လိုက်တာ . . .'

သူမ၏ချစ်သော သူငယ်ချင်းများ အေး၊ ဆွေ၊ တင်တို့က နောက်ပါး၌ ရပ်နေကြသည်။ အဓိပ္ပာယ်ပြည့်ဝသော အပြုံးကလေးများနှင့်။

'ကဲ ပြောစမ်း၊ ဘယ်အချိန်ကများ ရောက်နေကြတာလဲ . . .'

'ကြာပါပြီဗျ လှိုင်ထိပ်တင်မဖုရားရဲ့၊ မောင်တော် မဟုတ်မူပါ၍ စိတ်အလို တော်မရှိပါက ပြန်ကြပါမည်ဖျ . . .'

'ကဲ . . ကဲ . . ပြောဦး . . .'

မယဉ်နွယ်က လက်သီးဆုပ်လေးနှင့် လိုက်ထုရာ အိမ်ထဲသို့ ဝင်ပြေးကြလေသည်။

ညှော်ခန်းဝယ် ထိုင်မိကြသောအခါ အေးက စကားဆက်ပြန်သည်။

'ကနေ့ဟာ ဥပုသ်နေ့ပါပဲ၊ သူလာနေကျဥစ္စာ၊ ကျောင်းလည်း အားသားနဲ့ ဘာလို့ ခုထိများ မလာရတာလဲ၊ သိပ်ခက်တဲ့ မောင်လေးပဲ. . .'

အေးက အမူအရာလည်း ကောင်းသည်၊ ဒါရိုက်တာတစ်ယောက်နှင့်သာရလျှင် မင်းသမီးဖြစ်ဖို့ရာ ကျိန်းသေသည်၊ ဆွေနှင့် တင်က လက်ခုပ်များပင် တီးလိုက်ကြသည်။

'ကြည့်ပါလားအေး၊ နွယ် ငိုပစ်လိုက်မှာနော် . . .'

မယဉ်နွယ်က တကယ်ပဲငိုသံပါသည်၊ ငိုလုဆဲဆဲ ရှိချေတော့သည်။ သည်တော့မှ ကလေးမသုံးယောက်သည် ပျာပျာသလဲ ချော့ကြရတော့သည်။

တကယ်တော့လည်း အပြာက သူမမောင်လေးကို မျှော်နေသည်ပဲ မဟုတ်လား၊ မလာသည်က တနင်္ဂနွေနှစ်ပတ်ပဲရှိလေပြီ၊ ကနေ့က ကျောင်းပိတ်သော တနင်္ဂနွေနေ့ဖြစ်၏။ သူမ စျေးနားသော ဥပုသ်နေ့လည်းဖြစ်၏။

**ရန်အောင်စာပေ (၂)**

ဘာ့ကြောင့်များ ဒီကောင်လေးတစ်ယောက်က မလာရပြန်တာလဲ . . .

မယဉ်နွယ် သူမမောင်လေးအား ခင်မင်တွယ်တာလျက် ရှိချေပြီ။ အရင်ကဆိုရင် ဥပုသ်နေ့ဆိုရင် အိမ်မှု ဗာဟီရများလုပ် စာဖတ်နှင့်ပဲ ခြောက်ကပ်ကပ်နှင့် အချိန်ကုန်ခဲ့ရသည်။ မောင်လှမြင့်နှင့် သိကျွမ်းပြီးရသည့်နောက်ပိုင်း၌မူ စိုပြေလာသည်။ နွဲ့ဆိုးသည်ကို အလိုလိုက် သည်းညည်းခံရသည်ကိုပင် သူမက နှစ်သက်နေမိသည်။ ပြီးတော့ စာပေလောကအကြောင်း၊ ကျောင်းသားတိုက်ပွဲအကြောင်း၊ ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ အဘိဓမ္မာရေးတို့ကို သိကြား နားလည်ရသည်မှာ တန်ဖိုးရှိလှသည်။

ဤသို့ ဆွေးနွေးချက်များကို ကြားရသောအခါ တော်တော်တော်တဲ့ မောင်လေးပဲဟု ကြည်ညိုမိသည်။ အင်မတန်မှ ကလေးကလားဆိုးသောအခါများဝယ်မူ 'တော်တော်ခက်တဲ့ ကောင်လေးပဲ' ဟု ကြည်နူးမိရှာသည်။

လာနေကျမလာဘဲ ရှိသောအခါ သူမမှာ မနေတတ် မထိုင်တတ်ရှိသည်။ ယောင်ချာချာနှင့် တစ်ခုခု ဟာနေသည်ဟု ထင်သည်။ သို့အတွက် အချိန်နှင့် ရောက်မလာသောအခါ မယ်ခုမျှော်ဖြစ်နေရှာသည်။ နောက်ဆုံးမပေါ်လာခဲ့လျှင် စိတ်ဆိုးမိကာ နောက်လာလျှင် မခေါ်ဘူးဟု ကလေးမတစ်ယောက်လို ဆုံးဖြတ်ထားလိုက်၏။

တစ်နေ့လယ်လုံး အေးတို့နှင့် စကားပြောနေရသော်လည်း စိတ်မပါလှ။ တစ်ခါတစ်ရံ ရောမရယ်မိ၍ ကြောင်နေတတ်သည်။ သည်အခါမျိုးဆိုလျှင် အေးက သူမ ငိုလုငိုခင်အထိ စတတ်လေသည်။ အေးက သူမ၏ ချစ်သောသူငယ်ချင်းဖြစ်သော်လည်း အလေ့အထချင်း သိပ်မတူကြ၊ အထူးသဖြင့် အေး၏ နောက်ပြောင်တတ်မှုနှင့် အော်ကျယ်ဟစ်ကျယ်ရယ်တတ်မှုကို သူမက သဘောမကျ၊ တစ်ခါတစ်ခါ လင်မြန်မြန် ရသွားပါစေဟု ဆုတောင်းမိသည်။ ဆွေနှင့် တင်ကတော့ အေး လောက်မဆိုးကြ၊ ဟင် ဒါပေမဲ့ အေးလောက်လည်း မခင်ပါဘူးလေ . . .

မယဉ်နွယ်က မောင်လှမြင့်အား သနားခြင်းလည်း ရှိလေသည်။

အထူးသဖြင့် အချစ်ကိစ္စ အဆင်မပြေမှုကို စိတ်မကောင်းပါပေ။ ဒီ ရွှေစင်ဦး ဆိုတဲ့ကလေးမက ဘာလို့ ဒါလောက် မာနကြီးတာပါလိမ့်။ ကိုယ့်ကို ဒါလောက်ချစ်နေတဲ့ လူတစ်ယောက်ကို ပြန်ချစ်လိုက်ရောပေါ့ . . .

သို့သော် သူမက အတွေးသစ်တစ်ခု ပေါ်လာပြန်သည်။ တကယ် လို့ ရွှေစင်ဦး နေရာမှာ ငါများ ရောက်နေလျှင်ကော . . .

ဘုရားကြီးသို့ သူငယ်ချင်းတွေနှင့် လိုက်သွားသော ညီမလေးများ ပြန်လာကြသောအခါ ပို၍ ဆူညံလာသည်။ မခင်လတ်နှင့် မေသန်းသည် အေးတို့နှင့် ရုပ်ရှင်အကြောင်းကို ပြောနေသည်။ သို့သော် တဖြည်းဖြည်းနှင့် မောင်လှမြင့်အကြောင်းသို့ ရောက်လာပြန်သည်။

‘မမရေ . . ကနေ့ ကိုလေး မလာဘူးလား . . .’

မေသန်းက သတိရစွာ မေးလိုက်သည်။ သူမ၏ ခဲတန်က တုံးလျက်ရှိပေပြီ။

‘ဟေ နွယ်ကတင်မကဘူး။ မေသန်းတို့ကလည်း စာရေးဆရာကြီး ကို တသသနဲ့ပါလား . . .’

‘ခဲတံချွန်ပေးတယ် မမအေးရ . . .’

မေသန်းက သူမ သိသည်ကိုပဲပြောသည်။ မခင်လတ်ကတော့ ဘာမျှမပြော၊ ဆွေတို့ တင်တို့ ဆင်ယင်မှုကို မသိမသာ လေ့လာနေသည်။ သူမက လူကြီးဆန်ချင်နေပြီ။

‘အဲတော့ နင် အမြဲတမ်း ခဲတံချွန်ခိုင်းရအောင် နင့် အစ်ကိုလေးကို အိမ်ခေါ်ထားပါလား . . .’

‘နေမှာမှ မဟုတ်တာ . . .’

‘နင့်မမက ခေါ်ရင် လာနေမှာပေါ့ . . .’

‘ဟုတ်လား မမ ခေါ်ထားပါလား . . .’

‘ဟာကွာ အေးကလည်း၊ ကလေးကို မဟုတ်တာတွေ လျှောက် မပြောပါနဲ့’

‘ဘာ မဟုတ်ရမှာလဲ ဟုတ်တယ်၊ နင့် ကိုလေးက အနွယ့်အခေါ်

စောင့်နေတယ် . . .'

မခင်လတ်သည် အေး အနားသို့ တိုးလာ၍ တီးတိုး မေးလေရာ၊

'အေးပေါ့ကွ . . .'

အေးက ကျယ်လောင်စွာ ဖြေပြီး ဟက်ဟက်ပက်ပက် ရယ်တော့သည်။

'ဘာလဲ . . ဘာလဲ ဟင် . . . အေး . . .'

ဆွေနှင့် တင်တို့က သိချင်ဇောနှင့်မေးရာ အေးက တစ်ယောက်စီကို တီးတိုး ဖောက်သည်ချလိုက်သည်။ ကလေးမ သုံးယောက်က မယဉ်နွယ်ကိုကြည့်ကာ အားပါးတရ ရယ်နေရာ မယဉ်နွယ်မှာ အနေခက်လာသည်။ ခံပြင်းလာသည်။

'ပြောစမ်း ဒီကောင်မလေး ဘာများ သွားမေးရတာလဲ . . .'

မခင်လတ်အား လှည့်မန်လိုက်ရာ ကလေးမမှာ တုန်လှုပ်သွားသည်။

'ကလေးကို မမန်ပါနဲ့၊ ဟုတ် ဟုတ်တာပေါ့၊ ညီမတွေကတောင် သိနေပြီ. . .'

'ဟင် မမအေး၊ မပြောနဲ့ မပြောနဲ့ . . .'

မခင်လတ်မှာ သူမ၏ ပြစ်မှုအတွက် ကြောက်လန့်နေသည်။

'မမ၊ မေသန်း ကြားလိုက်တယ် . . .'

ဖော်ကောင်ရှိလာသဖြင့် မခင်လတ်မှာ ထပြေးလေတော့သည်။

'ပြောစမ်း မေသန်း၊ ဘာတဲ့လဲ . . .'

'အင်း မမနဲ့ကိုလေး ချစ်နေကြသလားတဲ့ . . .'

အေးတို့က ပိုမိုနှစ်ခြိုက်စွာ ရယ်လိုက်ကြသည်။ အပြောက ငိုလိုက်ရမလားပဲ။ ပတ်ဝန်းကျင်ဆိုသည်မှာ မသိ နားမလည်မှုများသာ ဖြစ်သည်။

(၄)

ညတစ်ညဦးမှာပဲပေါ့၊ အပြာက လေးစားကြည်ညိုဖွယ်ရာ

ကောင်းလှသည့် အလုပ်သမား ခေါင်းဆောင်တစ်ယောက်ကို တွေ့ကြုံ သိကျွမ်းခွင့် ရခဲ့သည်။

'ကိုလေးလာပြီ၊ ဟာ ဂျင်းစိမ်းတွေ ဘာလုပ်ဖို့ရာလဲ'

မေသန်းက လမ်းဘက်ကို မျက်နှာမူ၍ ထိုင်နေသည်ဖြစ်ရာ မခင်လတ်ထက်အရင် မောင်လှမြင့်ကို တွေ့ရလေသည်။ မောင်လှမြင့်က လက်ထဲမှာ မေသန်း ပြောသလိုပင် ဂျင်းစိမ်းသဏ္ဌာန် အတက်လေးငါးခုကို ကြိုးနှင့်သီ၍ ယူလာလေသည်။

'ဂျင်းစိမ်းနဲ့ မိဿလင် သူကြင်မှ ကိုယ်ကြင်တမ်းဖြစ်မှာပေါ့'

မခင်လတ်က သူကြားဖူးသည်ကို စွတ်၍ ပြောလိုက်သည်။

'ဟယ် ဒီကောင်မလေးတွေကလည်း မဟုတ်က ဟုတ်ကတွေ၊ ဘယ်က ဂျင်းစိမ်းရမှာလဲ'

'ဒါဖြင့် ဘာတွေလဲ၊ ဘာလုပ်ဖို့ရာလဲ၊ ကိုလေးက ဘဲဥကို ဂျင်းခပ် ကြော်ဦးမလို့လားလို့'

ခက်သည်၊ ကလေးဆိုသည်က သူတို့သိချင်တာကို မရမချင်း ဇွတ်မေးသည်၊ သို့သော် . . . မောင်လှမြင့်က မဖြေဘဲ သူသိချင်တာကိုပဲ မေးလိုက်ပြန်လေသည်။

'မမနွယ်ကော . . .'

မယဉ်နွယ်က အေးတို့ တစ်နေ့လုံး စ,နေ၍ စိတ်ညစ်ရသည့်အထဲ နေဝင်သည့်တိုင်အောင် သူ့မောင်လေး မပေါ်လာ၍ စိုက်ပျက်နေလေသည်။ ယခု မောင်လှမြင့်လာသည် ကြားရတော့ ထမင်းခူးနေရာမှ ပြေးထွက်လာသည်။

'ဟေး မင်းက သန်းခေါင်မှ လာပါတော့လား၊ အခု အစောကြီး ရှိသေးသားပဲ'

'မေမြို့သွားနေလို့ မမရ၊ ခုမှပြန်လာတာ မမ ဘာလုပ်နေလဲ'

'ထမင်းခူးနေတာ မင်း မစားရသေးရင် ဝင်စားပါလား'

'ဟင့်အင်း ဟိုကစားပြီးမှ ဆင်းလာတာ'

'နေပါဦး ဘယ်တုန်းက တက်သွားတာလဲ၊ လက်ထဲက ဘာတွေလဲ'

'မမဖို့ လက်ဆောင်လေ၊ မနက်ကမှ တက်သွားတာပါ၊ နေ့ချင်းပြန်'

'အဲဒါ ဂျင်းမဟုတ်ဘူးတဲ့'

မေသန်းက ပြော၏၊ မယဉ်နွယ်ကလည်း မသိ၊ ပြုံးနေရ၏။

'ဂမုံးသဇင်တဲ့ မမရ၊ သဇင်ကြိုက်တဲ့ မမအတွက် ပြင်ဦးလွင်ပြန် လက်ဆောင်ပေါ့'

မယဉ်နွယ်နှင့် ကလေးမနှစ်ယောက်က မောင်လှမြင့်လက်မှ ဂမုံးသဇင် အတက်ကလေးတွေကို စူးစမ်းစစ်ဆေးကြည့်သည့်တိုင် ဂျင်းစိမ်းနှင့် တူသည်သာ တွေ့ရ၏။ ဖြူဖြူအညှောင့် အတက်ကလေးတွေတော့ တွေ့ရ၏။

'ပွင့်ရင်လှတယ်၊ ဖြူဖြူသေးသေးလေးတွေတဲ့'

'ဘယ်တော့မှ ပွင့်မှာလဲ'

'ရှေ့နှစ်ကျရင်'

'ဟယ် နင့်ဟာက တစ်နှစ်ကြာမှ ပွင့်မယ်လို့၊ တော်သေးတာပေါ့ လေ၊ ရွှေစင် နဲ့ရမှ ပွင့်မှာမဟုတ်သေးလို့'

'အဲဒါ မမအိမ်ရှေ့မှာ ဆွဲထား၊ ရှေ့နှစ် ဝါဆိုဦးကျရင် ပွင့်လိမ့် မယ်. . . '

'နေပါဦး ကိုလေး ဘာလုပ်ဖို့ မေမြို့ သွားတာလဲ'

မခင်လတ်က စူးစမ်းလိုက်သည်။

'အော် ဟုတ်တယ်၊ အဲဒါ ပြောရဦးမယ်၊ သိလား အပြာမမ၊ ကျွန်တော် စာမေးပွဲအောင်တယ်'

'ဟုတ်လား'

ဝမ်းသာလိုက်သည်မှာ သူမ မျက်လုံးများ အရောင် တောက်လာ သည်။

'အဲ့ဒါ မနက် သူငယ်ချင်းတွေကို မေမြို့ ပို့ရမယ်ဆိုလို့ လိုက်ပို့ရတာ'

'မေသန်းတို့လည်း ပို့ရမှာ'

'ပို့မှာပေါ့'

ရန်အောင်စာပေ (၂)

ကလေးမနှစ်ယောက်မှာ ဝမ်းသာအားရ သူ့အား ဖက်လိုက်ကြ၏။

မယဉ်နွယ်ကလည်း ဝမ်းသာလှပါသည်။ မိုက်မဲလှသော မောင်ကလေးတစ်ယောက် အဖြစ်နှင့် သူမက မောင်လှမြင့်အား တွေ့ခဲ့ရသော်လည်း သူမနှင့် သိကျွမ်းခြင်း ဖြစ်ပြီးသည့် နောက်ပိုင်းတွင်မှ သူက လိမ္မာလာပါသည်။ ကျောင်းသားတာဝန်တွေကို ပြန်ထမ်းဆောင်လာပါသည်။ ငြိမ်းချမ်းရေး သူရဲကောင်းအဖြစ် ကြိုးစားလာပါသည်။ နောက်ပြီးတော့ ပို၍လိမ္မာလာသည်မှာ မတ်လတုန်းက မဖြေခဲ့သောစာမေးပွဲကို ဇွန်လတွင် ရက်သတ္တတစ်ပတ်လုံး စာကျက်၍ဖြေပါသည်။ ထိုစဉ် အပြာစိတ်မအေးလှပါ၊ တစ်နှစ်လုံးပစ်ထားပြီး ၇ ရက်လောက် စာကျက်ရုံနှင့် အောင်ပါ့မလားရယ်လို့ . . .

ယခုတော့ အောင်ပါသည်တဲ့၊ ဒါကြောင့်မို့လို့ ဒီကောင်လေးဟာ တော်သားနဲ့ မိုက်နေလို့သာ၊ တကယ်တော့ ကျောင်းသားခေါင်းဆောင်တစ်ယောက် ဖြစ်လာသည်ကလည်း အဘက်ဘက်က မဟုတ်တောင် အတော်အတန်တော်၍ ဖြစ်လေသည်။ မောင်လှမြင့်က အခြေခံလည်း ကောင်းပြီး ဉာဏ်ကလည်း ထက်လေသည်။

'ဒါဖြင့် ခု ဘီအေပေါ့'

'အင်း'

'ဒီမှာပဲ ဆက်တက်မှာပေါ့'

'ခုတော့ ဒီလိုပဲဖြစ်ရတော့မှာပဲ အစကတော့ အင်္ဂလိပ်ဂုဏ်ထူးတန်း တက်မယ်လို့ ရန်ကုန်သွားမလို့'

မောင်လှမြင့်က ခဏ ဖြတ်ထားလိုက်သည်၊ တကယ်ကမူ ဂုဏ်ထူးယူဖို့ထက် ရွှေစင်ဦးနှင့် ဝေးရာပြေးဖို့က အဓိကဖြစ်လေသည်။ မယဉ်နွယ်က တိတ်သွားသည်။ ရန်ကုန်သွားနေလျှင် အကြာကြီး မတွေ့ဘဲ နေရမှာ၊ ဒါပေမဲ့ မသွားဖြစ်တော့ဘူးလို့ ပြောထားပေမင့်ဟာ။

'အဲ့ဒါ ရဲဘော်တွေက ဒီမှာ လုပ်အားနည်းလို့ မသွားဖို့ပြောတာနဲ့ မသွားတော့ဘူး၊ ဂုဏ်ထူးကိုလည်း စွန့်လိုက်ရတာပဲ'

ဒီလိုတော့လည်း မောင်လှမြင့်က တာဝန်ကို မြတ်နိုးပေရှာသည်။

'စာမကျက်လည်း စာမေးပွဲဆိုတာ အောင်နိုင်ပါတယ်'

မယဉ်နွယ်က ဘာမှပြန်မပြော၍ မောင်လှမြင့်က သူ့လက်သုံးစကားကို ဖော်ထုတ်လိုက်သည်။

'ဒါက တော်တဲ့ လူတွေအတွက်ကိုး၊ ကဲ ထိုင်ဦးကွာ ကိုယ်တို့ ထမင်းစား လိုက်ကြဦးမယ်၊ ညကျမှ အေးအေးဆေးဆေး ဆက်စကားပြောရအောင် နေဦးမယ်မို့လား'

'ဟာ မိုးချုပ်လို့ ရိုက်ထုတ်မှပြန်မှာ'

မောင်လှမြင့်က လမ်းကိုထိုင်ငေးနေသည်။ အပြာ ပြီးတော့ ရွှေစင် ဆက်သွယ်ပေးခြင်းက ဂမုန်းသဇင်။

မောင်လှမြင့်က ပြင်ဦးလွင်ပြန်လက်ဆောင် အကောင်းဆုံးအဖြစ်နှင့် ဂမုန်းသဇင်ကို မေမြို့ဈေးထဲတွင် တွေ့လေသည်။ သူက ပြန်လျှင် ရွှေစင်ဦးအား ပေးမည်ဟုဝယ်ခဲ့လေသည်။ သူက ဘီတီဘရားသား ရေကူးကန်သို့ ရောက်သောအခါ ရွှေစင်ဦးအား ရေကူးဝတ်စုံနှင့် ရေကူးနေသည်ကို တွေ့ရသည်။

သူမနှင့်အတူ ဗိုလ်ကြည်လေးကိုလည်းတွေ့ရ၏။ ဗိုလ်ကြည်လေးက မောင်လှမြင့်ကို မြင်သောအခါ ပြုံးလိုက်လေသည်။ ကြွားဝါခြင်းပဲ ဖြစ်မှာပေါ့။

'ဟင် . . . ဂမုန်းသဇင်ပါလား၊ ကိုလေးမြင့် ဝယ်လာတာလား'

'အင်း . . . '

'ဘယ်သူ့ဖို့လဲ'

'မမနွယ်ဖို့၊ သူက သဇင်ကို သိပ်ချစ်တာ'

'သဇင်ပေးတဲ့ လူကိုလည်း ချစ်မှာပါပဲ'

ရွှေစင်ဦးက ကော့ကော့ကလေး ရေထဲထိုးချလိုက်သည်။ နွေနှောင်း မိုးဦးလေက တိုက်နေသည်။ ဂမုန်းသဇင်ခက်ကလေးတွေက အပြာ၏ အိမ်တံစက်မြိတ်တွင် တွဲလဲလှုပ်ရမ်းနေသည်။ ဖူးပြီး တစ်နှစ်ကြာမှ

ပွင့်တဲ့ သစ်ဆန်းသော သဇင်ပါ၊ နွေနှောင်းကာလမှာ ဖူးပြီး ရှေ့နွေနှောင်းမှာ လန်းပွင့်ပေတော့မည်။

(၅)

နွေနှောင်းသစ် သဇင်

မောင်လှမြင့်က သူ၏သဇင်ကို ကဗျာဆန်စွာ နွေနှောင်းသဇင်ဟု အမည်ပေးလိုက်သည်။ ပြီးတော့ သူက ရုက္ခဗေဒ ဂုဏ်ထူးတန်း ကျောင်းသားတစ်ယောက် မဟုတ်သော်လည်း သဇင်၏အစနှင့် မပြောင်းလဲသော သဘောတရားကို ပြောပြောနေသည်။ ညီမသုံးယောက်က တစ်ထောင့်တစ်ည ပုံပြင်တွေ နားထောင်ရသည်ထက် နှစ်သက်စွာ အာရုံစိုက်နေကြသည်။ ညက တော်တော် လင့်လာပြီ၊ သူက ကမ္ဘာ့ကျောင်းသားလူငယ် ပွဲသဘင် အကြောင်းကို အားရပါးရ ပြောပြနေသည်။

အချိန်လင့် ညဥ့်လမ်းမပေါ်မှာ လူတစ်ယောက်။

'ဗျို့ ကိုသန်းဟိန်း'

သူက အိမ်ရှေ့လမ်းမပေါ်မှာ လူတစ်ယောက် လျှောက်သွားသည်ကို လှမ်းခေါ်လိုက်သည်။

'အော် မောင်မြင့်နှောင်ပါလား'

'လာပါဦး ခင်ဗျားဘယ်လဲ'

'ရုံးကို'

ဆိုလိုသည်က ဗမာပြည် အလုပ်သမားများ အစည်းအရုံး အဆောက်အဦကို ဖြစ်သည်။

'ဘာလဲ အစားအစာ သွားရှာဖွေမလို့လား'

ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ခင်ဗျား ဆွေးနွေးစရာတွေ မရှိရင်တော့ ထမင်း ဒီမှာပဲစားပါ၊ မမ ကျွေးပါနော်၊ ခုနက ကျွန်တော့်ကို ကျွေးမယ်ဆိုတာ သူ့ကိုပဲ ကျွေးပါနော် . . .'

ရန်အောင်စာပေ (၂)

'အို မင်းကလည်းကွာ ဒါလောက် ပြောနေရမှာလား၊ မင်းအသိဆို မမ အသိပေါ့၊ ဟုတ်သားပဲရှင် ဒီမှာပဲစားပါ၊ အားနာစရာ မရှိပါဘူး . . .'

သူမက စိတ်ထဲမှာပါ၍ ပြော၏။

'ကဲ . . . ထမင်းစားပွဲ သွားစို့ . . .'

မယဉ်နွယ်က သုံးမိနစ်အတွင်း ညီမငယ်များ၏အကူအညီဖြင့် ထမင်းစားပွဲကို ပြင်ပြီးခဲ့သည်၊ အင်း ဒါလောက် ညဥ့်နက်နေမှတောင် ညစာ မစားရသေးဘူးနော်။

'ဒါက မယဉ်နွယ်၊ ဒါက ကိုသန်းဟိန်း၊ အလုပ်သမားခေါင်းဆောင် တစ်ယောက်ပေါ့၊ ကျွန်တော့်အစ်ကိုဆိုလည်း ဟုတ်တယ်၊ ကျွန်တော့် ဒဏ်ကို ခံရတဲ့ လူတစ်ယောက်ပေါ့ . . .'

'အော် . . . အော် . . . အပြာဆိုတာ ပါလား . . .'

ကိုသန်းဟိန်းက တစ်ခုခုကို စဉ်းစားမိ၍ ခေါင်းညိတ်ရင်း ပြောလိုက်သည်။

'ကြည့်စမ်း၊ မောင်လေး မကောင်းဘူးနဲ့ တူတယ်၊ အပြင်မှာ ဘာတွေ ပြောထားလဲ . . .'

လက်ညှိုးလေးထောင်၍ အပြာက ပြောလိုက်သည်။ တော်တော့်ကို ယဉ်တဲ့ အမျိုးသမီးပဲဟု ကိုသန်းဟိန်းက စိတ်ထဲတွင် မှတ်ချက်ချလိုက်သည်။ ဒါကြောင့်လည်းပဲ အပြာ၏သတင်းဟာ ရဲဘော်တွေထဲမှာ ဒါလောက် ပြန့်နှံ့နေတာပဲကိုး၊ အင်း လူမိုက်ကလေး မောင်မြင့်နောင်တော့ ခြုံပေါ်ရောက်တာပဲ၊ အပြာဆိုတဲ့ အတိုင်းလည်း ပြာလှချည့်လား၊ ရိုင်းရိုင်း စိုင်းစိုင်းလည်း မဟုတ်၊ ကျော့ကျော့ယဉ်ယဉ်လေး ထိုင်နေသည်ကိုက မခို့တရို့လေး၊ ဆံနွယ်သွယ် ကျစ်ထားသည်က ရှေ့သို့ကျနေပြီး ရင်အုံမို့မို့ ကလေးပေါ်တွင် ကြွားဝါနေသည့် အင်္ကျီအပြာ၊ လုံချည်ကတော့ နည်းနည်း ပိုရင့်တဲ့ အပြာ၊ သူမ၏ နှုတ်ခမ်းလေးတွေက ခုပဲ ငါ့ကို ပြုံးတော့မလားပဲ၊ ယဉ်နန်းကြော့နေဟန်။

'မောင်မြင့်နောင်က ဘာမှ လျှောက်မပြောထားပါဘူး၊ သူ့ရဲဘော်

တွေကသာ ကျေးဇူးတင်လွန်းလို့ အပြာ အဲ မယဉ်နွယ်ရဲ့အကြောင်းကို ပြောနေကြတာပါ။ ဟုတ်တယ် ကျေးဇူးမတင်ဘဲ မနေနိုင်ဘူး၊ အရင်က ဆိုရင် မောင်မြင့်နောင်ဟာ ကျောင်းသားရဲဘော်တွေထဲမှာဆိုရင် ဒေါင်ဒေါင်မြည် တပ်သားကောင်း တစ်ယောက်ပဲ၊ နောက် ကျဆုံးသွားတော့လည်း အဖတ်ဆယ်မရတော့ဘူး . . . ကျွန်တော် ဆွေးနွေးလို့တောင် မရတော့ဘူး၊ သူဟာ ကျွန်တော့်ညီပဲ၊ ကျွန်တော်ဟာ အစစအရာရာ သူ့ကို ဂရုစိုက်သလို သူကလည်း ကျွန်တော့်ကို လေးစားချစ်ခင်တယ်၊ ဒါပေမဲ့ နောက်ဆုံးကျတော့ ကျွန်တော် ဆွေးနွေးလို့ကို မရတော့ဘူး၊ အဲ့ မယဉ်နွယ်နဲ့ သိပြီး နောက်ပိုင်းမှ ပြန်လိမ္မာလာတော့တယ်၊ လုပ်ငန်းတွေလုပ် စာမေးပွဲဖြေပေါ့၊ မယဉ်နွယ်က သူ့အပေါ် ဂရုစိုက်ပုံ ယုယပုံတွေကို ရဲဘော် တွေဟာ ပြောမဆုံးရှိလို့ ကျွန်တော်လည်း အပြာ ဆိုတဲ့နာမည် ကြားဖူးနေတာကြာပါပြီ၊ ခု တွေ့ရတော့လည်း နာမည်နဲ့ လိုက်ပါတယ် . . .'

မယဉ်နွယ်က ဘာပြန်ပြောရမှန်းမသိ၍ ခေါင်းကိုငုံ့ထားကာ မျက်လွှာချနေသည်။ မသိမသာလေး ရှက်နေရှာသလိုပဲ။

'ကဲ ရဲဘော်ကြီး စားမှာသာ ကောင်းကောင်းစားစမ်းပါ၊ စကားပြောချင်ရင် စားပြီးမှပြော၊ ခင်ဗျားရဲ့ အလုပ်သမားရေးရာတွေကို တရားဟောချင်သေးသပဆိုရင်လည်း မိုးလင်းထိုင်ဟောနိုင်တယ်၊ ဒါပေမဲ့ သူတို့ရော ကျွန်တော်ပါ အိပ်ပျော်သွားမှာတော့ သေချာတယ် . . .'

မယဉ်နွယ်က ကိုသန်းဟိန်း စားပုံကို သဘောကျသည်။ ဟန်ဆောင်မှုမရှိ ရိုးသား၏။ အားရပါးရကြီး စားနေသည်မှာ ဘေးမှကြည့်နေသူပင် ဝလာသည်။ အားရပါးရဆို၍လည်း ကလေးသူငယ်တစ်ယောက် လို မဟုတ်၊ တည်ငြိမ်မှု ရှိ၏။

ကိုသန်းဟိန်းက အသက် ၃၀ မကပေတော့ပြီ၊ လူတန်းစားရုန်းကန်မှုမှ ဒဏ်ရာဒဏ်ချက်များကြောင့် ပို၍ ရင့်ရော်သလို ရှိနေသည်။ သို့သော် အားခွန်တို့သည် ရှိသေးသည်။ တောင့်တောင့် တင်းတင်းနှင့် အလုပ်သမား ခေါင်းဆောင်တစ်ယောက်အဖြစ် ဥပမိရုပ်ကပင် အားထားဖွယ်

ကောင်းလှသည်။ အင်္ကျီအဝတ်အစားတို့မှာ အနည်းငယ် ညစ်ပေနေပြီ ဖြစ်သော်လည်း သန့်ရှင်းကြောင်း၊ သေသပ်ကြောင်းကို တွေ့ရသည်။ ဆံပင်များမှာ ဖုံများတင်နေသည်။ သို့သော် မျက်နှာမှာ ဣန္ဒြေရှိလှပြီး လေးစားကြည်ညိုဖွယ် ကောင်းလှသည်။ မျက်လုံးက ရိုးဖြောင့်မှုကို ဖော်ပြနေသည်။

နားထင်မှ အမာရွတ်သည် စစ်ပွဲတစ်ခုကို ဝင်ခဲ့ဖူးကြောင်း သက်သေခံနေသည်။ တကယ်တော့လည်း ကိုသန်းဟိန်းသည် တိုက်ပွဲမျိုးစုံကို ကျော်နင်းကာ အတွေ့အကြုံများ ရင့်ကျက်လှပြီဖြစ်သော ရဲဘော်တစ်ယောက်ဖြစ်၏။ သူက အလုပ်သမားထုကို ခေါင်းဆောင်ကာ နယ်ချဲ့ အင်္ဂလိပ်ကိုလည်းကောင်း၊ ဖက်ဆစ်ဂျပန်ကိုလည်းကောင်း တော်လှန်ခဲ့လေပြီ။ ယနေ့လည်း အလုပ်သမားထုရှေ့မှ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးတွင် ပါဝင်တိုက်ခိုက်လျက် ရှိလေသည်။

'ခင်ဗျား ဘယ်က ပြန်လာတာလဲ'

'ဆေးလိပ်ရုံ အမျိုးသမီးတွေသပိတ်က'

'အခြေအနေ ဘယ့်နှယ်လဲ'

မောင်လှမြင့်က စိတ်အားထက်သန်စွာ မေးလိုက်ရာ၊ အပြာက အဖြေကိုစောင့်နေ၏။ ကိုသန်းဟိန်းက စကားကို လေးလေးနက်နက် ပြောတတ်သည်။ အလုပ်သမားတွေက ချစ်ခင်လေးစားသော ခေါင်းဆောင်တစ်ယောက်ကို အပြာကလည်း မကြည်ညိုဘဲ မနေနိုင်ပါ။

'တိုက်ပွဲက ရှုံးမှာပါပဲ၊ ကိုယ်တို့ရဲ့ ခေါင်းဆောင်မှု မရဘူး၊ ရဲဘော်တချို့ရဲ့ လုပ်ငန်းချွတ်ယွင်းလို့ပဲ၊ ခု ဖဆပလက ခေါင်းဆောင်နေတယ်၊ ဆေးလိပ်ရုံပိုင်ရှင် အစည်းအရုံးကလည်း ဖဆပလခေါင်းဆောင်ပဲ၊ ခုံရုံးကို တင်လိမ့်မယ်၊ တကယ်တော့ ဒီသပိတ်ဟာ ဆင်ဖဲရိုက်တာပါပဲ၊ ဆေးလိပ်ရုံ အလုပ်သမားတွေဟာ တကယ်ပဲနစ်နာပြီး အုံကြွတော့မယ့် အခြေအနေ ရှိတာကို သိတော့ သူတို့ကပဲ တိုက်ပွဲကို ခေါင်းဆောင်လိုက်တယ်။ ပြီးတော့ တိုက်ပွဲကိုအချိန်ဆွဲပြီး အီသွားအောင်လုပ်ပြီး စေ့စပ်မှုနဲ့ အဆုံးသတ်ရမှာ ပါပဲ၊ အလုပ်သမားတွေရဲ့ တက်ကြွမှုတွေကို ဖြိုခွင်းလိုက်တာပဲပေါ့ . . .'

ရန်အောင်စာပေ (၂)

'ဒီလိုဆိုရင် အလုပ်သမားတွေရဲ့ တောင်းဆိုချက်တွေ ရပါဦး မလား'

'မယဉ်နွယ်က စိတ်ပါစွာ မေးလိုက်သည်။

'အလုပ်က ထုတ်အပစ်မခံရအောင်တောင်မှ ခုံရုံးမှာ မနည်း စေ့စပ်ယူရမှာ'

မယဉ်နွယ်က စိတ်မကောင်းနိုင်တော့ပါ။ သူမသည်လည်း ဆေးလိပ်ရုံ အမျိုးသမီးတို့၏ အခြေအနေကို အနည်းအပါး သိပါသည်။ အလုပ်ချိန်ပိုခြင်း၊ လုပ်ခလျှော့ခြင်း၊ တစ်လလောက်နေမှ လုပ်ခတစ်ဝက် လောက် ရှင်းခြင်း စသည်တို့ ဤမျှ ဆိုးဝါးနေသော်လည်း ရထားသော အလုပ်မှ မထွက်ဝံ့ပါ။ အခြားအလုပ် မရှိပါ။ သပိတ်ကိုမှ ရဲရဲမမှောက်ဝံ့၊ ခေါင်းဆောင် ကောင်းကောင်းမရှိ။ သပိတ်မှောက်လျှင် အလုပ်ထုတ်ပစ်ပြီး အသစ်ခန့်ထားရန် အလုပ်သမား ဒုနှင့်ဒေး၊ အလုပ်လက်မဲ့ စားရမဲ့ အမျိုးသမီးပေါင်း များစွာသည် အလုပ်တစ်ခုကို စောင့်စားလျက်ရှိသည်။ တကယ်တော့ ယနေ့အလုပ်သမားတို့ အခွင့်အရေးများ ဆုံးရှုံးနေသည်ကို သူမ သိပါ၏။ ဘယ်လိုလုပ်ရမည်ကို မသိသည်ပါ။ ယခုတော့ အလုပ်သမား ခေါင်းဆောင်တစ်ယောက်နှင့် သိကျွမ်း ဆွေးနွေးနေရပါပြီ။

ပြာသော မိုးကောင်းကင်သည် မြေကြီးနှင့် ထိစပ်သည် ရှိပါ၏။

## ကယ်တင် သခင်မ

(၁)

အော်လေ့ . . မကျွမ်းဝင်သေးတဲ့ ဧည့်သည်ပါလား။

မိုးရည်ဆွတ်လူးနေသော 'မေ့ပါနဲ့ကွယ်' ပန်းစည်းရိုးကို ကပ်ကြေး နှင့် လိုက်ညှပ်နေသော မယဉ်နွယ်က သူမနှင့် မသိကျွမ်းသေးသော အသိ ကို တွေ့လိုက်ရလေသည်။ ကိုသန်းဟိန်းက နီညိုရောင် ရေအိုင်များကို ကျော်ကွင်းကာ နယ်ပယ်ထားသော ရွှံ့ထဲတွင် စမ်း၍နင်းရင်း လာနေလေ သည်။ မိုးက ရွာထားပြီးစ ဖြစ်သည်။ မန္တလေးမြို့ဝယ်က မိုးကုန်ခါနီးမှ

မည်ကာမတ္တ မဟုတ်ဘဲ လွန်လွန်မင်းမင်း ရှာနေသည်။ မိုးတွင်းကုန်မှပဲ ရှာလေတော့သည်။ မိုးဦးမိုးနှောင်းပဲ ဖြစ်တော့၏။

အပြာက သစ်လွင်စွာ ပြုံးလိုက်သည်။

'ရွှံ့ရေတွေထဲမှာ ဘယ်က လှည့်လာလဲ . . .'

ကိုသန်းဟိန်းက သူ့ခြေထောက်တွင် ရွှံ့လူးကျံနေသည်ကို ငုံ့ကြည့်ပြီး စိတ်ပျက်စွာ ခေါင်းရမ်းပြီး . . .

'တစ်လမ်းလုံး ရွှံ့ကြီးပဲ၊ မလွှဲသာလို့သာ ထွက်ရတာ . . .'

'ဟိုမှာ ရေရှိတယ် ဆေးပစ်လိုက်ပါလား၊ ဟုတ်တယ်၊ ခုမှ မိုးက အလွမ်းသယ်နေလိုက်တာ၊ လူတွေ ဒုက္ခရောက်လှပြီ . . .'

စည်ပိုင်းထဲမှ ရေကိုခပ်၍ လောင်းရင်း . . .

'မိုးရွာတာနဲ့ မဆိုင်ပါဘူး၊ မိုးတွင်းပဲရွာမှာပေါ့၊ ဒါက သဘာဝပဲ၊ လူ့လောကရဲ့ တိုးတက်မှုမှာ သဘာဝကို ကာကွယ်နိုင်ရမယ် မဟုတ်လား ရွှံ့ထူတာက မြူနီစီပယ်တာဝန်ပဲ လမ်းမှ မပြင်ဘဲ . . .'

မယဉ်နွယ်က လေးစားမိသည်။ သူမတို့က အသေးအဖွဲ့အဖြစ် ပေါ့ပေါ့ဆဆ တွက်ဆထားသည်များကို ကိုသန်းဟိန်းက အဖြေမှန်ကို တိကျစွာ ဖော်ထုတ်ပြလိုက်သည်။

'ဟုတ်တယ်နော်၊ မြူနီစီပယ် လူကြီးတွေက တော်လှန်ရေးအလံတွေ၊ ဗိုလ်ချုပ်ရုပ်ပုံတွေနဲ့ မဲရှာပေမဲ့ လက်ညှိုးထောင်ပဲ တတ်ကြတယ်. . .'

'လက်ညှိုးတောင် မထောင်တတ်ပါဘူး . . .'

'ရှင် . . .'

ဒါသည်တော့လည်း လွန်လွန်းပြီ၊ ကလေးပင် လက်ညှိုးတော့ ထောင်တတ်ပါသည်။ သို့သော် မယဉ်နွယ်က အားနာ၍ ပြန်တော့ မပြောပါ။ အံ့သြစွာ ငေးကြည့်နေသည်။ ကိုသန်းဟိန်းကတော့ ငြိမ်သက်စွာပဲ ပြုံးရင်း . . .

'ဟုတ်တယ် . . . လက်ညှိုးကို မထောင်တတ်ဘူး၊ မဲခွဲရင် တစ်ယောက်က တွဲထောင်ပေးရတယ်၊ ဘာလို့လဲဆိုတော့ အရက်မူးနေတာ

ကိုး. . . '

ဒီတော့မှ မယဉ်နွယ်က နှစ်ခြိုက်စွာလိုက်သည်။

'ကဲလေ အိမ်ပေါ်တက်ပါဦး'

ကိုသန်းဟိန်းက မယဉ်နွယ်၏ လက်ကောက်ကို လက်မောင်းတွင် တင်းကြပ်စွာ ဝတ်ထားသည်ကို သဘောကျနေမိသည်။ သူမ၏ထမီကို သမုဒ္ဒရာအောက်ခြေမှ ရေအပြာဟု ထင်မိသည်။ သူမက ရိုးသားသောဖော်ရွေမှုကို ပြသည်။ တည်ငြိမ်စွာ ဧည့်ခံမှုပြုသည်။

'သောက်ပါဦးလေ ကော်ဖီကို၊ မိုးအေးတုန်း ပူပူလေးသောက်ရမှ ကောင်းတယ် . . . '

ကိုသန်းဟိန်းကလည်း မငြင်းဆန်ဘဲ သောက်လိုက်သည်။ သူက ဆာ၍နေလေသည်။ နေစောင်းပြီဖြစ်သော်လည်း သူက ထိုနေ့အဖို့ ကော်ဖီ တစ်ခွက်ပဲ သောက်ရသေးသည်။

'အေးလည်း သောက်တာပါပဲ၊ ကျွန်တော်တို့အဖို့တော့ လူစားတဲ့ အစားအသောက်မှန်ရင် စားတာပါပဲ၊ တစ်ခါတလေ နွားဖြစ်တာက ကောင်းသေးတယ်လို့ အောက်မေ့မိတယ်၊ ကနေ့လို နေ့မျိုးဆိုရင် ဒီကော်ဖီကို မသောက်ရရင် မြက်ကိုစားနိုင်တာပေါ့၊ ခုတော့ နွားမဟုတ်လို့ အခက်သား . . . '

'ဟင် ဒါဖြင့် ရှင် မနက်စာ မစားရသေးဘူးပေါ့'

'မနေ့ညစာကို စားခဲ့ရရင်တော့ ကနေ့မနက် မစားရတာက ဒါလောက်တော့ အရေးမကြီးပါဘူး'

'နေပါဦး ဘယ်တွေသွားပြီး ဘာတွေ လုပ်နေလို့လဲ'

'အောက်တိုဘာတော်လှန်ရေးနေ့ ကျင်းပဖို့ စိုင်းပြင်းနေရတာ. . . '

သူမက သနားပြီး ကြည်ညိုမိသည်။ ဤမျှ အဆင်းရဲ အပင်ပမ်းခံပြီး ယုံကြည်ချက်ကို ဆောင်ရွက်နေသည်ကို လေးစားမိ၏။ အလုပ်သမားပြည်သူတို့ကို ချစ်သော သူ့အား မခင်မင်ဘဲ မနေနိုင်တော့ပါ၊ သူမက နည်းနည်းပါးပါးတော့ သတင်းစာဂျာနယ်များတွင် ဖတ်ဖူး၍ အောက်တိုဘာ

တော်လှန်ရေး ဆိုသည်ကို ပုံကြမ်းမျှသိပါသည်။

ကမ္ဘာ့ရုပ်ပိုင်းရာဇဝင်ကို အခန်းသစ်ဖွင့်လိုက်သည့် တော်လှန်ရေးဖြစ်လေသည်။ အိုမင်းပြီဖြစ်သော ခေတ်ဟောင်းမှ သစ်လွင်သော ခေတ်သစ်တစ်ခုကို မွေးဖွားလိုက်ခြင်းဖြစ်သည်။ ကမ္ဘာ့ ပစ္စည်းမဲ့တို့၏ အောင်မြင်သော အောင်ပွဲကြီးတစ်ရပ် ဖြစ်တော့၏။ နိဝင်ဘာလ (၇) ရက်သည် ဆိုရှယ်လစ်သက္ကရာဇ် အစပဲဖြစ်လေတော့သည်။

'ဒါဖြင့် ဒီမှာ ထမင်းစားနော်'

'အင်း . . . မယဉ်နွယ်တော့ ကျွန်တော်တို့နဲ့ သိတာ မှားပြီထင်တယ် . . .'

'ဟင့်အင်း မမှားပါဘူး၊ ကျွန်မ မသိခဲ့တဲ့ သစ္စာတရားတွေကို ခုမှ တွေ့ရတယ်၊ ပြီးတော့ ကိုသန်းဟိန်းတို့ကို ပြုစုရတာ ပြည်သူတွေအတွက်ပါပဲလားလို့ ဝမ်းသာမဆုံးဘဲ . . .'

တကယ်ပဲ သူမက တက်ကြွလာသည်၊ အင်္ကျီအပြာနုက မိုးကောင်းကင်ပဲလား၊ လယ်ကွင်းရေပြာပဲလား၊ ဂျိုးဖြူနှင့် စပါးနှံရိပ်ကတော့ ထင်လေပြီ၊ ကိုသန်းဟိန်းက သူမ၏ ချက်ပြုတ်စီမံမှုကို အံ့ဩမိသည်။ တက္ကသိုလ်တစ်ခုမှ ဗေဒတစ်ခုအဖြစ် သင်ကြား တတ်မြောက်ခဲ့လေသည်လား။

'မောင်မြင့်နောင်ကိုပဲ ကျေးဇူးတင်ရမှာပဲ၊ သူက မမတစ်ယောက်အဖြစ် ရှာပြီး ရဲဘော်မတစ်ယောက်အဖြစ် စည်းရုံးနိုင်ခဲ့တာကိုး'

'သူကော အလုပ်တွေ တော်တော် များနေသလား၊ မလာတာကြာပြီ'

ကြာခဲ့ပြန်ပါပြီ၊ မောင်လှမြင့် မလာသည်ကို သူမကလည်း မကျေမချမ်း ရှိနေသည်၊ လာစေချင်၏။

'အင်း အလုပ်လည်းများတယ်၊ ပြီးတော့ သူ့ဘဝတိုက်ပွဲကလည်း ဟိုတစ်လောက အတော် ပြင်းထန်လိုက်တယ်၊ သူ့အိမ်က မိတ္ထီလာပြောင်းသွားလို့ ခိုကိုးရာမဲ့ ဖြစ်နေပြီး ခုတော့ ကျောင်းသားသမဂ္ဂရုံးခန်းမှာနေတယ်'

'အို . . . ဒါကို ဘာလို့ ကျွန်မ ပြောတာပါလိမ့်'

သူမက စိတ်မကောင်း ဝမ်းနည်းမိသည်၊ ဒီလို ခိုကိုးရာမဲ့ဖြစ်နေလျှင် သူမနှင့် လာတိုင်ပင်သင့်သည်ဟု ယူဆသည်။ သူမက ဈေးသွားဈေးပြန် မောင်လှမြင့်တို့ အိမ်ရှေ့မှ သွားတော့လည်း အရင်ကလို မတွေ့ရတော့၊ အိမ်မှာ ဧးငိုင်ကာ ပတ်ဝန်းကျင်နှင့် ပြည်သူလူထုကို ကျောခိုင်းကာ တွေးဆွေးနေသော မောင်လှမြင့် မဟုတ်တော့၊ တိုက်ပွဲကိုထိတွေ့နေသောကာလဖြစ်၍ ကျောင်းသားများနှင့် ပြည်သူလူထုထဲမှာ နစ်မြုပ်နေသည်ကများလေသည်။ မိုးကရွာ၍ ရွှံ့ကထူရာ မောင်လှမြင့်အား တွေ့မည်မဟုတ်၍ ၎င်းလမ်းကမသွားဘဲ ဒီဘိုးလမ်းမှသာ သွား၏။ ထို့ကြောင့်လည်း မောင်လှမြင့်တို့ အိမ်သားများ ပြောင်းရွှေ့သွားသည်ကို မသိလိုက်ခြင်းဖြစ်၏။

'မောင်လေးကို ပြောလိုက်စမ်းပါ ကိုသန်းဟိန်း၊ ကျွန်မက မြန်မြန်လာခဲ့ပါလို့ မှာတယ်လို့၊ မေ့မနေနဲ့နော်'

မယဉ်နွယ်က သူ့မောင်လေး ဆင်းရဲနေသည်ကို မလိုလား၊ သနားမိသည်။ အမြန်ဆုံးလည်း တွေ့ချင်သည်၊ ငယ်ငယ်ရွယ်ရွယ်နှင့် ပြင်းထန်သော တိုက်ပွဲကြီးများနှင့်သာ ရင်ဆိုင်နေရသော သူမမောင်လေးအားငယ်နေမည်ကို စိုးရိမ်မိ၏။ ထို့ကြောင့် ကိုသန်းဟိန်းအား မောင်လှမြင့်ကို အမြန်ဆုံးရှာ၍ သူမထံလွှတ်ရန် ပြောတော့သည်။ ကိုသန်းဟိန်းကတော့ အပြာရဲ့ စေတနာ အတိမ်အနက်ကို စဉ်းစားနေသည်။ မောင်လှမြင့်အား သူမ စိတ်ဝင်စားလှသည်တော့ သေချာ၏၊ ရိုးသားပါတော့ရဲ့လား အပြာရှင်မရယ် . . .

(၂)

မောင်လှမြင့်က မှီခိုရာမရ ရှိနေသည်။

သူက ငိုကြွေးရင်း လူ့လောကထဲရောက်လာကာ သူ့ကိုယ်ရေးရာဇဝင်ကို ငိုကြွေးရှိုက်ငင်ခြင်းဖြင့် တည်ဆောက်ခဲ့လေသည်။ မောင်လှမြင့်က အသက်အရွယ် နုနယ်သေးပြီး အတွေ့အကြုံလည်း နည်းပါးသေး

သည်ဟု ပြောရန်ရှိသည်။ သို့သော် သူက ဆင်းရဲခြင်း အတွေ့အကြုံတို့ဖြင့် ကြွယ်ဝလျက်ရှိလေသည်။ သူက ပြင်းထန်သော တိုက်ပွဲတို့ဖြင့် ဘဝခရီးကို စမ်းသပ်လျှောက်လာနေရ၏။ အရွယ်နှင့်မမျှအောင် ခံစားရချက်တို့က နာကြည်းလေသည်။ အပြင်းထန်ဆုံး တိုက်ပွဲနှစ်ခုမှာ ဘဝတိုက်ပွဲနှင့် အချစ်တိုက်ပွဲ ဖြစ်လေသည်။ နှစ်ခုစလုံးမှာပဲ အရှုံးကိုသာ ရင်ဆိုင်ရသည်။ ရွှေစင်ဦးရယ်လို့ တသ ငိုရှိုက်မဆုံးသေးပါ။

အင်မတန် ဆင်းရဲခြင်းသာ မဟုတ်သည့် အိမ်ထောင်စုတစ်ခုမှ သူက လူ့ဘဝကြီးကို ထိတွေ့ရလေသည်။ သူက လူ့လောကဆိုသည်ကို ဝိုးတဝါးမျှ ကြိုးစားထင်မြင်ရသည့် ကာလတွင်ပင် သူက မိဘမဲ့သား တစ်ယောက် ဖြစ်ခဲ့ရလေသည်။ ဒီနောက်မူ သူက ဦးလေးဆီမှာလည်း ကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သောအခါ မန္တလေးတွင် အဒေါ်အိမ်၌လည်းကောင်း သူက ရပ်တည်နေခဲ့ရလေသည်။ သူက ကျင်းချိုင့် များပြားသောလမ်းကို လျှောက်လာစဉ် အပစ်ပယ်ခံ လူတန်းစား တွေနှင့် အဖော်ပြုခဲ့ရလေသည်။ ဘဝဆိုသည်ကို မောင်လှမြင့်က ဆင်းရဲ ခြင်းအဖြစ်နှင့်သာပဲ သိကျွမ်းလေသည်။

သူ့အဒေါ်က သူ့အား ရက်ရောစွာ ကျွေးမွေးထားသော်လည်း တတ်နိုင်၍တော့ မဟုတ်ရှာပါ။ သူမလင်၏လခက အနိုင်နိုင် ထမင်း အလျဉ်မီစေရ၏။ တကယ်တော့ သူ့ အဒေါ်သာမဟုတ်၊ အနီးအဝေးအိမ် များသည်လည်း ထမင်း အသက်ရှင်ရုံ စားရရေးအတွက် နေ့ရောညပါ လူစေ့တက်စေ့ အလုပ်လုပ်နေကြရ၏။ သူ့မှာသာ ကျောင်းနေရေးအတွက် အခက်အခဲ ရှိသည်မဟုတ်။ ပတ်ဝန်းကျင်အိမ်နားမှ ကလေးတို့က သူ့ထက် ပိုဆိုးလေသေးသည်။ သူကမှ တက္ကသိုလ်ဝင် သင်ကြားနေရပြီး ကျွန်ကောင်းတစ်ယောက် ဖြစ်နိုင်သေးသည်၊ ဘဝ၏ လူငယ်များမှာ သံဖြူ လုပ်၊ အကြော်ရောင်းနှင့် လူ့ဘုံကြီးဝယ် သင်ရမည်ဖြစ်သော 'စာ' ရှိသည် ကိုပင် သိမှသိကြပေတော့မည်။ သူတစ်ယောက်တည်းသာ မဟုတ်၊ လူတန်းစားတစ်ရပ်လုံး ဘဝလွတ်မြောက်ရေးအတွက် ရုန်းကန် တိုက်ခိုက်

နေကြရသည်ဖြစ်၏။

သူက ရှိသမျှဖြင့် ထမင်းကို စားနေရသော်လည်း မပြီးသေးပါ။ ကျောင်းနေစရိတ် စာအုပ်ဖိုး၊ အဝတ်ဖိုးတို့က ရှိပါသေးသည်။ သို့သော် သူက စာရေးခြင်းဖြင့် ဝင်ငွေ အနည်းအပါးရှိသဖြင့် လူလတ်တန်းစား ဘဝတွင် တင်လျက်ရှိပါသည်။

ယခုမူ သူက ကျောင်းသားသမဂ္ဂရုံးခန်းတွင် နေရပေသည်။ မောင်လှမြင့်က သူ့ဘဝ၏ခံစားရချက် နာကြည်းမှုတို့ကို စာပေဖြင့် ဖော်ထုတ်လေသည်။ လွတ်မြောက်ရေးလုပ်ငန်းစဉ်ကို ဖော်ပြလေသည်။ သူနှင့် ပြည်သူလူထု၏ဆန္ဒကို ဖော်ထုတ်လေသည်။ ပြည်သူလူထုက စစ်ကို မလိုလား၊ အချင်းချင်း သတ်ဖြတ်နေသည်ကို မမြင်တွေ့ချင်၊ လာ၍ ကျူးကျော်စော်ကားနေသော တိုင်းတစ်ပါးတပ်များကို ညီညွတ်စွာ စုစည်း မောင်းထုတ်ပစ်လိုသည်၊ ထို့ကြောင့် သူက ပြည်တွင်းစစ်ကိုရပ်ပါ။ တစ်မျိုး သားလုံးသွေးစည်း၍ တိုင်းတစ်ပါးကျူးကျော်မှုရန်ကို တွန်းလှန်ပါဟု ကြွေး ကြော်ခဲ့သည်။ သို့သော် သူက ထိုဝတ္ထုအတွက် အခြေအနေ ကျပ်တည်း သွားရသည်၊ ထုတ်ဝေသူကို အာမခံကြေး တောင်းခံလိုက်သောအခါ သူ့ဝတ္ထုများကို သုံးဝံ့သော ထုတ်ဝေသူများမရှိ နည်းပါးဖြစ်သွားသည်။ သူက ယုံကြည်ချက်ကိုလည်း သွေဖည်၍ မရေး၊ ထို့ကြောင့် သူကငွေရေး ကြေးရေးအခက်အခဲများကို ကြုံတွေ့လာရ၏။ သို့သော် သူက ထမင်း တစ်လုပ် စားနေရလျှင်တော်ပြီ။ အသက်မသေသေးသမျှ သူ့ဘာသာ တိုက်ပွဲကို အရှုံးမပေး တိုက်သွားမည်၊ သို့သော် သူက ထမင်းတစ်လုပ်ကို ပင် ပျောက်ဆုံးရပြန်တော့သည်။

သူ့ဦးလေးနှင့် ဒေါ်ဒေါ်တို့က မိတ္ထီလာပြောင်းရဖို့ ဖြစ်လာသည်။ အထက်လူကြီးကို မှန်ပါမဘုရားနိုင်သော လူတစ်ယောက်သည် နယ် ပြောင်းရမည်မှာ ယနေ့ရုံးများ၏ မပြုလုပ်ထားသော ဥပဒေဖြစ်လေသည်။

သူက ဝင်ငွေလည်းမရှိ၊ ထမင်းစားအိမ်လည်း မရှိနှင့် ရေမနီး သော သောင်ပြင်ဝယ် လွတ်ထားသည့် ခွေးပိန်လေးလို ဖြစ်နေတော့သည်။

**ရန်အောင်စာပေ (၂)**

သူ့ရဲဘော် ဆိုသည်များကလည်း ချောင်လည်သည် မဟုတ်၊ သူနှင့် တိမ်းပါးယိမ်းပါးပဲ ဖြစ်ကြလေသည်။ သူက ဟိုတစ်နပ်စား၊ တစ်ရက်ခြား ဟိုတစ်ညအိပ်နှင့် လူ့လောကကြီးဝယ် ဇောက်ထိုး လျှောက်နေရလေသည်။

နောက်ဆုံးမှ မန္တလေးခရိုင် ကျောင်းသားများသမဂ္ဂရုံးခန်းတွင် အခြားရဲဘော်များနှင့်အတူ စုပေါင်းငတ်နေကြရတော့သည်။ ရှိသောနေ့ များဝယ် ကိုယ်တိုင်ဈေးသွားကာ ကိုယ်တိုင်ချက်ပြုတ်စားပြီး မရှိသော နေ့ဝယ် လမ်းတကာလည်ကာ ဒကာရှာရသည်။ ကျောင်းလခလွတ် ပညာရေးက သူတို့အား ဘယ်လိုမှ ပြောင်းလဲပေးခြင်း မရှိပါ။

ယနေ့လူငယ်သည် မနက်ဖြန်ခါ ခေါင်းဆောင်ဖြစ်သည်။

မနက်ဖြန် ခေါင်းဆောင်ဖြစ်နိုင်သည်ဟု အဆိုရှိသော ယနေ့ လူငယ်များ၏ အခြေအနေကို လေ့လာကြည့်ကြပါစို့။

ယနေ့ ပျက်စီးနေသော လူမှုဆက်ဆံရေးကြီးကြောင့် ကလေး တချို့ အမေ မပြနိုင်ဘဲ လူ့လောကထဲ ရောက်လာရသည်။ တဲစုတ်ကလေး ထဲတွင် ဝါးလုံး၏ဒဏ်ချက်ဖြင့် မွေးဖွားလာရသည်။ စားစရာမရှိသော အိမ် ဝယ် လူဖြစ်လာရသည်။ စားစရာမရှိ၊ ဝတ်စရာမရှိ၊ မိဘများကလည်း ရှာမပေးနိုင်၊ ထမင်းကိုပင် အနိုင်နိုင် ရှာ၍မှမရသည်များ ရှိသေး၏။ သူတို့ က အလုပ်မလုပ်၍မဟုတ်၊ လုပ်သည်၊ သို့သော် သူတို့လုပ်၍ရသည်များကို သူတို့မရ၊ တစ်စုံတစ်ယောက်ကသာ အကုန်စု၍ ယူလေသည်၊ ထိုသူက သူတို့အား ခိုင်းစေသောအလုပ်ကိုသာ လုပ်၏။

ကလေးငယ်တို့က စာသင်ဖို့ရာ မဟုတ်၊ အလုပ်လုပ်ဖို့သာပဲ ဖြစ် သည်၊ ထမင်းစားရလျှင် ကျောင်းလခပေးနိုင်သည်၊ ကျောင်းလခလွတ်ပြီး ထမင်းမစားရလျှင် စာမသင်နိုင်ပေ၊ ထမင်းစားရဖို့အတွက် အဝတ်ဝတ်ရဖို့ အကြွက် အကြော် မြေပဲဆားလှော် ရောင်းရသည်၊ ဆေးလိပ် လိပ်ရသည်၊ စက်ပန်းထိုးရသည်။

ပညာတစ်ပိုင်းတစ်စနှင့် လူရွယ်များသည်ကလည်း စာရေးအလုပ် ကိုမှ လွယ်လွယ် မရနိုင်၊ တစ်ခုပဲရှိသည်။ အကပ်ရှိလျှင်တော့ မမျှော်လင့်

သော လခကိုပင် ရရှိနိုင်သည်။

လူငယ်ဆိုသည်က အနာဂတ် လူလောက တာဝန်များကို ထမ်းဆောင်သွားနိုင်ရန် ယခုက လေ့ကျင့်ပေးခြင်းဖြစ်သည်။ ထိုမှလည်း မနက်ဖြန်ကာ ခေါင်းဆောင် ဖြစ်ပေလိမ့်မည်။

သို့သော် အဝတ်မရှိ၊ အစားမရှိ၊ အိပ်ယာမရှိသူ လူငယ်များက ခေါင်းဆောင်ဖြစ်နိုင်ပေမည်လား။ ထမင်းအာဟာရနှင့် ထိတွေ့မှ လူတစ်ယောက်က အသက်ရှင်နိုင်သည်။ သို့သော် ထမင်းမရှိသော လူငယ်တစ်ယောက်က ကျောင်းလခ မပေးရသော စီမံကိန်းအောက်တွင် ဘိုးဘိုးအောင်တန်ခိုးဖြင့် အာဟာရသိဒ္ဓိ ပြီးနေပါမည်လား။

လူငယ်တို့က အသက်ရှင်နေနိုင်ရန်ပင် ထမင်းတစ်လုပ်ကို ပင်ပန်းကြီးစွာ ရှာနေရသည်၊ နေ့စဉ် အချိန်ရှိသ၍ သတင်းစာရောင်း၊ ဖိနပ်ချုပ်၊ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်တို့တွင် အခိုင်းအစေ လုပ်ကာ ဝမ်းကျောင်းနေသည်။ သို့နှင့်ပင် ဝမ်းက ဆာလောင်မွတ်သိပ်ကာ ပူ၍ နေတတ်သေးသည်။ အဝတ်အစားက စုတ်ပြတ်ကာ သူတောင်းစားထံက ချေးငှားရမလိုရှိနေသည်၊ ပလက်ဖောင်းပေါ်ဝယ် အိပ်ရမလိုရှိသည်။

(၃)

ဗမာပြည်ဆိုင်ရာ ကျောင်းသားသမဂ္ဂမို့ ဖြစ်သည်။

ကမ္ဘာတစ်ဝှမ်း ဗမာစွမ်း မော်ကွန်းတည်ပါမည်။

ဒို့တတွေသွေးစည်းညီ။

အော်ဆိုလိုက်သော ကျောင်းသားသမဂ္ဂသီချင်းသံသည် မ၊က၊သ၊ ရုံးခန်းထဲမှ ပေါ်ထွက်လာလေသည်။ တင်မေအေးက သူမအတွက်ကိုသာ နိုးရေးဆွဲပေးနေသော 'ဂျိုးဖြူမိုးထက်' ပန်းချီ ကားလေးကိုကြည့်ကာ ပီတိဖြစ်လျက် နေ့စဉ် ကျွမ်းဝင်နေရသော သီချင်းကို အော်ဆိုနေလေသည်။

ကလေးမက တစ်ဖက်အိမ်မှ ဖြစ်လေသည်။ ယခုမှ အေဘီယံ မိန်းကလေးကျောင်းတွင် ပထမတန်းသာ ရှိသေးသော်လည်း ကျောင်းနား

ချိန်ဆိုလျှင် သူမငယ်က ကျောင်းသားသမဂ္ဂရုံးခန်းကို ရောက်လာလေသည်။ ရဲဘော်အားလုံးကလည်း သူမကိုချစ်သည်၊ အရပ်ထဲရှိ ကလေးအားလုံးလောက်နှင့် ချစ်၍ကျွမ်းဝင်သည်၊ ထိုကလေးတို့၏ မိဘများကလည်း ရဲဘော်များအားချစ်ကာ အစစအရာရာ ကူညီကြလေသည်။ ကျောင်းသားများ၏ ပိုမိုကောင်းမွန်သော ပညာရေးအတွက် ဆောင်ရွက်နေကြသော ကျောင်းသားခေါင်းဆောင်များကို ကျောင်းသားမိဘများက ချစ်၍ ကူညီပေသည်။

ရုံးခန်းက မကျယ်လှ၊ ဂုန္တန်ရပ်ထဲတွင် တည်ရှိသည်။ အခန်း၏ထောင့်တစ်ထောင့်တွင် ကိုဝင်းမောင်နှင့် ကိုခင်မောင်သည် နယ်မှ ကျောင်းသားခေါင်းဆောင် နှစ်ဦးနှင့် ဆွေးနွေးကြသည်။ အလယ် စားပွဲဝိုင်းကြီးတွင် ကျောင်းသားငါးယောက် ကျောင်းသူသုံးယောက်သည် ဘဏ္ဍာရေးဗျူရို အစည်းအဝေးထိုင်နေသည်၊ အခြား ကျောင်းသားနှစ်ယောက်သည် စားပွဲတွင်ထိုင်ကာ အချိန်ရခိုက် ကျောင်းစာ ကျက်နေကြသည်။ သူတို့က ကျောင်းပြေး လေလွင့်နေသူများ မဟုတ်မူ၍ တစ်ဖက်က သမဂ္ဂလုပ်ငန်းကို တက်တက်ကြွကြွလုပ်ပြီး အချိန်ရသမျှလည်း စာကို ကြိုးစားရပေသေးသည်။

ရုံးခန်း၏အရှေ့ ညာစွန်းဝယ် မီးဖိုတဲလေးတစ်ခု ရှိလေသည်။ ညနေစောင်း နေရောင်ခြည်ဝယ် မီးခိုးများက အတွန့်အလိပ်အဖြစ် ရွေ့လျားနေကြသည်။

'ဘာချက်လဲ မောင်လှမြင့်'

မီးဖိုဝတွင် အမျိုးသမီးတစ်ဦးက လာရပ်ရင်း မေးလိုက်သည်။

'အမေ ဒီမယ်၊ ဦးလေးက အရုပ်ဆွဲပေးနေတယ်'

'အေး . . . အေး'

သူမက တင်မေအေးအမေ မခင်မေပဲဖြစ်လေသည်။ ကလေးမက သူမ အမေထံ ပြေးမလာ၊ ကျောင်းသားခေါင်းဆောင်အနီးမှာ နေမြဲနေလေသည်။ ဒါကို မခင်မေက သဘောကျသလို ခေါင်းညိတ်ရင်း ပြုံးလိုက်

သည်။

'အာလူးချက်မလို့ အစ်မကြီး'

မောင်လှမြင့်က အာလူး အခွံနွှင်ရင်း ပြန်ပြောလိုက်လေသည်။ မိုးနှောင်း ဆောင်းဦးဖြစ်ပေမယ့် သူက ချွေးဖြိုင်ဖြိုင်ကျနေသည်။ မီးခိုးခိုး၍လား ဒါမှမဟုတ် အတိတ်ဒဏ်ချက်လားမသိ၊ မျက်ရည်စက်တို့က စီးကျနေသည်။ မေးဝယ် အိုးမဲများစွန်းထင်းကာ အင်္ကျီဝယ် နနွင်းမှုန့်များ ပေကျံ နေသည်။ မနက်၏ ခေါင်းဆောင်သည် ယနေ့ မီးဖိုချောင်ထဲဝယ် ရောက်နေသည်။

မခင်မေက သနားခြင်းဖြင့် ငေးငိုင် ကြည့်နေမိရှာသည်၊ ရဲဘော်များသည် တစ်နေ့တစ်ယောက်စီ ထမင်းချက်ကြသော်လည်း ဘယ်သူချက်ချက် အာလူးဟင်းပဲ ဖြစ်၏။ ဒါပဲချက်နိုင်သည်၊ ငွေမရှိ ဒါပဲ ချက်တတ်သည်၊ အချဉ်အစပ် မဖန်တီးတတ်။

မောင်လှမြင့်က သူ့အပြာမမနှင့် ချက်ခဲ့ရစဉ်ကလို ကဗျာဆန်စွာ ဘဲဥကြော်နည်း သုတေသန လုပ်မနေနိုင်တော့၊ အာလူးကို အခွံနွှင်ပြီးလျှင် လေးစိတ်စိတ်၊ ဆီထည့်ဆားထည့် ပုစွန်ခြောက် မဖြစ်စလောက် မညက်တညက် အကောင်လိုက်ကျန် ထောင်းထည့်၊ ပြီးတော့ မီးပေါ်တွင် ဇွန်းတစ်ချက်နှစ်ချက် မွှေပြီး ရေနှစ်ခွက်လောက်ထည့်ပြီး တစ်ခွက်လောက် ကျန်သောအခါ ရဲဘော်တွေ တပျော်တပါး စားကြပေတော့မည်။

'ကဲကွယ် အစ်မကြီး ချက်ပေးပါ့မယ်၊ မောင်လှမြင့် နေတော့၊ အိမ်မှာ ချဉ်ပေါင်ရွက်နဲ့ ဘဲဥရှိတယ်၊ ချဉ်ပေါင်ရွက်ကို စပ်ချဉ်ရေသောက် ချက်ပြီး ဘဲဥကို ခရမ်းချဉ်သီးနဲ့ မွှေကြော်ပေးမယ်'

မခင်မေတင် မဟုတ်၊ အနီးပတ်ဝန်းကျင်မှ အပျိုကျောင်းသူမလေးများပင် အချိန်အခွင့်ရလျှင် လာရောက် ချက်ပေးတတ်သည်။ ထိုအခါများကျမှပင် မောင်လှမြင့်တို့က လူတစ်ပိုင်းဆန်ဆန် ထမင်းစားရတော့သည်။

'ဟေး . . . မင်းက အစ်မကြီးကို ဒုက္ခပေးပြန်ပြီလားကွ . . .'

**ရန်အောင်စာပေ (၂)**

ဝင်းဝမှ ဝင်လာနေသော ကိုသန်းဟိန်းက မောင်လှမြင့်အား လှမ်း အပြစ်တင်လိုက်သည်။

'မင်းတို့ကိုယ်တိုင် မလုပ်နိုင်သေးတာကိုမှ သူများဆီ အကူအညီ တောင်းရောပေါ့ . . .'

မောင်လှမြင့်က ခေါင်းမှုပြာများကို ခါရင်း . . .

'သူ့ဘာသူ ကူတာပါ . . .'

သူ့အစ်ကိုကြီးတစ်ယောက်လို လူကို သူက ရှိသေစွာ ရှင်းရပေ မည်။ အလုပ်သမား ခေါင်းဆောင်တစ်ယောက်က ကျောင်းသားအရေးတွင် ဝင်စွက်သည်မဟုတ်၊ အတွေ့အကြုံများပြီဖြစ်သော တပ်သားကြီးတစ် ယောက်က တပ်သားသစ်များအား အကြံပေးခြင်းသာ ဖြစ်လေသည်။

'ကျွန်မကပဲ ဝင်ကူတာပါ ကိုသန်းဟိန်း၊ အရွယ်နဲ့မလိုက် ကိုယ်ကျိုးမဖက် ကျောင်းသားထုအတွက် လုပ်နေရသူမို့ ကြည်ညိုလွန်းလို့ ပါ . . .'

'အေးဗျာ မခင်မေ သိတဲ့အတိုင်းပဲ၊ သူတို့က ကျောင်းသားလေး တွေပဲဗျာ၊ ကြည့်ပြုပြီး ဆုံးမစရာရှိလည်း ဆုံးမ၊ ပေးကျွေးစရာရှိလည်း ကျွေးပြီး ခိုင်းချင်တာရှိလည်း ခိုင်းပေါ့၊ ပြီးတော့ ချက်ပြုတ်ပေးရုံနဲ့ လုံ လောက်မှာမဟုတ်ဘူး၊ သူတို့မှာ ဘာမှမရှိဘူး . . . ကန်စွန်းရွက်တောင် ရှိမှာမဟုတ်ဘူး . . .'

'ဟင်းသီးဟင်းရွက်ပေမဲ့လည်း ဈေးကြီးတယ်ရှင့် . . .'

'ကျွန်တော် ပေါ်တဲ့ ဟင်းရွက်တစ်ခုတော့ တွေ့ထားပြီ . . .'

'ဘာလဲကွ မန်ကျည်းရွက်လား . . .'

မခင်မေက ဝင်းဝမှ မန်ကျည်းပင်ကိုကြည့်ရင်း မေးလိုက်သည်။

'မဟုတ်ဘူး ညောင်ရွက် . . .'

တစ်စွန်းတစ်စ ကြားလိုက်သော ရုံးခန်းထဲမှ ရဲဘော်များပင် ဝိုင်းကူရယ်လိုက်ကြသည်။

'ကိုသန်းဟိန်း လာပါဦး'

**ရန်အောင်စာပေ (၂)**

'လာမယ် . . . လာမယ်၊ ခဏ ဒီရဲဘော်နဲ့ ပြောစရာရှိသေးလို့'

ကိုသန်းဟိန်းက မောင်လှမြင့်အား ဝင်းဝ ခေါ်သွားကာ မယဉ်နွယ်က မှာလိုက်သည်ကို ပြောပြသည်။

'ခင်ဗျား ဘယ်တုန်းက ရောက်သလဲ'

'မနေ့ညနေက၊ အဲဒါ အမြန်ဆုံး ပြောပေးပါဆိုတာ ငါက အစည်းအဝေးတွေဆက်နေလို့၊ အဲဒါ မင်းသွားလိုက်ပါဦး၊ အားရင် ကနေ့ည သွားလိုက်ပါလား'

'ကျွန်တော် ဒီမှာပြောင်းနေတယ်ဆိုတာ ပြောလိုက်သလား . . . '

'ပြောလို့ပေါ့ သူကမှာတာ၊ တော်တော် စိတ်မကောင်းဖြစ်သွားဟန်တူတယ်။ တော်တော် မင်းကို ချစ်ရှာတယ် . . . '

မောင်လှမြင့်က ဘာမှပြန်မပြော၊ ငေးနေသည်။ ရွှေစင်ဦးက သူ့ကို သတိမရတော့သော ကာလဝယ် အပြာမမက သူ့အား ရှာဖွေယုယလျက်ရှိလေသည်။ အပြာမမကသာ သူ့အား ချစ်လေသည်။ ကြင်နာလေသည်။ ထို့ကြောင့်ပဲ သူက ခိုကိုးရာမဲ့ ဖြစ်နေသောကာလက သူမဆီ မသွားခဲ့သည်ဖြစ်၏။ သူ့သတင်းကို မကြားစေသည်ဖြစ်၏။ သူမသိလျှင် သူ့တာဝန်ကိုယူပေမည်ကို သူက ကြိုတင်သိနှင့်ပါ၏။ ယုယအရှင်မပဲ မဟုတ်ပါလား။

'သွားမယ် မဟုတ်လား . . . '

မောင်လှမြင့်က ခေါင်းညိတ်လိုက်သည်။ ပြီးတော့ ချက်ချင်းပင် ထွက်သွားရာ ကိုသန်းဟိန်းက ငေးကျန်ရစ်ခဲ့ပြီး မခင်မေက မေးသည်ကိုပင် ရေလည်အောင် မဖြေနိုင်။

(၄)

ပန်းရွှေယင်းမာ လှိုင်သင်းသည်။

မိုးစွတ်လမ်းမပေါ်ဝယ် ကလေးတစ်ယောက် မြင်းတစ်ကောင်ကို ဆွဲသွားသည့်ပုံကို မခင်လတ်က ဆွဲနေသည်။ သူမက အရောင်တွေကို

ရောယှက်ခြင်းမပြုဘဲ တစ်ရောင်စီခွဲ၍ ခြယ်လေသည်။ ကလေးကို အင်္ကျီမပါဘဲ မြင်းကိုသက္ကလပ်စောင် လွှမ်းပေးထားသည်။ သူမငယ်၏ သစ္စာတရားရှေ့ရှုသော အမြင်ဖြစ်လေသည်။ အရောင်သွင်းပုံကသာ အနုပညာသဘော အနည်းငယ် ခေါင်းပါးနေသည်။

'ဟော့ မင်းတော့ တဖြည်းဖြည်းနဲ့ ပန်းချီဆရာမ ဖြစ်တော့မှာပါလား . . .'

'ဟာ ကိုလေး လန့်လိုက်တာ၊ ဘယ်တုန်းက ရောက်နေတာလဲ. . .'

မခင်လတ်က မျက်လုံးပြူးပြူးလေးနှင့် မော့ကြည့်ကာ မေးလိုက်သည်။ သူမငယ်၏အသံ အနည်းငယ် တုန်နေသည်ဟု သူက သိလိုက်၏။ ပါးနုနုကလည်း ရှက်နေသလားပဲ . . .။

'ခုနကပဲ နင်ပုံဆွဲနေတာမြင်လို့ အိမ်ထဲမဝင်သေးဘဲ ရပ်ကြည့်နေတာ'

'မလှဘူးနော် . . .'

'သဘာဝကျတယ်၊ ကြိုးစားရင်လည်း အလားအလာရှိတယ်'

'ပြောရော့မယ်၊ အင်းလေ မခင်လတ် ကြိုးစားမယ်၊ ကိုလေး မဂ္ဂဇင်းထုတ်တော့ ကျွန်တော်က မျက်နှာဖုံးပုံ ဆွဲပေးမယ် . . .'

'ကိုလေး လာသေးတယ်ကိုး . . .'

မေသန်းက အိမ်ထဲမှ ပြေးထွက်လာကာ သူ့အနားသို့ ရောက်သောအခါ လက်မောင်းကိုလက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ထားရင်း ပြောလိုက်သည်။ မော၍ ရင်ခုန်နေရှာဟန် ရှိသည်။ သို့သော် ရန်တွေ့သံနှော၏။

'မလာတော့ဘူးလို့ပါပဲ၊ နောက်မှ မေသန်းတို့ သနားလို့'

'တော်ပါရှင် မသနားပါနဲ့ လာချင်မှ လာပါ. . .'

မေသန်းက မဲ့ရွဲ့ကာဖြင့် အပျိုမဟန် ခိုးကာ ပြောလိုက်သည်ကို သူက သဘောကျစွာ ရယ်လိုက်မိသည်။

'မမ ရှိလား . . .'

'မေသန်းတို့ကို မမလောက် မချစ်ပါဘူး . . .'

'အတူတူပေါ့ကွ . . .'

သို့သော် သူပြန်ပြောသည်ကို ကလေးမက မကြားတော့။ လမ်းမသို့ ပြေးထွက်ကာ ခြူသံတချွင်ချွင်နှင့် သမင်လေးနောက် လိုက်ပြေးသွားလေသည်။ သကျသီဟ ဘုရားထဲမှ လွတ်လာသော သမင်ဖြစ်သည်။ မောင်လှမြင့်က အိမ်ထဲဝင်သွားသည်။ မယဉ်နွယ်ကို မီးဖိုခန်းထဲ၌ ရှာဖွေတွေ့ရှိလေသည်။

'ဘာချက်လဲ မမ"

'ဟင် မောင်လေး ထိုင်ဦး . . .'

သူက မီးဖိုခါးပန်းဝယ် ထိုင်ချလိုက်သည်။ မယဉ်နွယ် ငရုတ်သီးထောင်းလျက်ရှိရာ နီလာအင်္ကျီသီးလေးတွေက လှုပ်ရမ်းနေသည်။ ရင်သားမို့မို့က လှိုင်းအိထနေသည်။

'မင်းကလည်းကွာ . . . ရွေးကောက်ပွဲ နိုင်ပြီးတဲ့အမတ်လို ပေါ်ကိုမလာတော့ဘူး . . .'

'အခု လာတယ်လေ၊ မဲတော့ မလိုချင်ပါဘူး၊ ထမင်းတော့ ဆာတယ်'

'အားကြီး ကျေးရမယ် . . .'

ပြောသာ ပြောလိုက်သည်၊ တကယ်တော့ မယဉ်နွယ်က ဒီလိုကလေးတစ်ယောက်ဟန် မိမိဆန္ဒကို ပွင့်လင်းစွာ ထုတ်ပြောသည်ကို အင်မတန်မှ ချစ်လေသည်။

'မနေ့က ကိုသန်းဟိန်း လာစားသွားတယ်ဆို . . .'

'အင်း . . .'

'ကနေ့ ကျွန်တော်က လာစားပြန်ပြီ . . .'

'ညီမလေးတွေ အပြင်မှာတွေ့ခဲ့လား . . .'

'လမ်းမမှာ'

မယဉ်နွယ်က ငရုတ်သီး ထောင်းပြီးသည်တို့ကို ငံပြာရည်ထဲ

ထည့်ရင်း . . .

'သွားခေါ်ချေ၊ စားကြရအောင်၊ ပြီးတော့လည်း ကလေးတွေနဲ့ ရောဆော့မနေနဲ့ဦးနော် . . .'

ထမင်းပွဲရောက်သည့်တိုင် မယဉ်နွယ်က သူ့အား သူ့ဘ၀အခြေအနေကို မေးမြန်း ပြောဆိုခြင်းမရှိချေ။ ထမင်းစားပြီး ညမှ အေးအေးဆေးဆေး ပြောမည်နှင့်တူသည်။ မောင်လှမြင့်က တထိတ်ထိတ်နှင့် ထိုအချိန်ကို စောင့်စားနေရသည်။ သူမက သူ့ဘ၀ကို ဘယ်လိုများ အဆုံးအဖြတ်ပေးလေမည်လဲ။ ထမင်းပွဲတွင်မူ ညီမငယ်များက မစပ်မဆီသော မေးခွန်းများကို တစ်ယောက်တလဲစီ မေးမြန်းနေကြသည်။

ထမင်းစားပြီးသောအခါ၀ယ်မူ ကလေးမနှစ်ယောက်သည် အသီးသီး စာသွားကျက်ကြလေသည်။ ဖွားလေးက အတွင်းခန်းထဲ၌ ပုတီးစိပ်နေပေသည်။ သူတို့နှစ်ယောက်သည် တန်းလျားတစ်ခုကိုမ,ကာ ယင်းမာပင်ကြီးအောက်တွင် သွားထိုင်လေသည်။ မယဉ်နွယ်က ယင်းမာပွင့်၀ါ တစ်ခက်ကို ခေါင်း၌ ထိုးဆင်ထားသည်။

မိုးရည်ပြည့်၀နေသော လေက တိုက်နေသည်၊ အေးမြ၏၊ မိုးထိုင်းနေ၍ ညက စောစောပင် တိတ်ဆိတ်နေသည်။

'ဆိုစမ်းပါဦး၊ မင်း အခြေအနေကို'

'ကိုသန်းဟိန်း ပြောပြီးပြီမဟုတ်လား၊ အိမ်က မိတ္ထီလာ ပြောင်းသွားတော့ ခု သမဂ္ဂရုံးခန်းမှာ နေရတယ် . . .'

မောင်လှမြင့်က ဘာမှ မထူးဆန်းသလို ပေါ့လျော့စေကာ ပြောလိုက်၏။

'လမ်းမပေါ်ရောက်နေတုန်းက ဘာလို့ အိမ်လာမပြောတာလဲ. . .'

'မမ စိတ်မညစ်ပါစေနဲ့လို့ . . .'

သူမက မဲ့ပြုံးလေး ပြုံးလိုက်သည်။ သို့သော် မှောင်နေ၍ သူက မတွေ့လိုက်ရ။

**ရန်အောင်စာပေ (၂)**

'ခုတော့ကော စိတ်မညစ်ရဘူးလား . . .'

သူက ဘာပြန်ပြောရမည်မသိ။

'ခု ဘယ်လို စားနေကြလဲ . . .'

'ကိုယ့်ဘာကိုယ် ချက်စားနေကြတာပေါ့၊ ချက်စရာ မရတဲ့အခါ'

'တောင်းစားကြပေါ့ ဟုတ်လား . . .'

သူမက လှောင်သလိုလို ပြောလိုက်သည်ရှိသော်လည်း တကယ်တော့ သနားလှသည်။ သူ့မောင်လေးအတွက် စိတ်မကောင်းခြင်း ရှိလှ၏။

'မောင်လေး . . .'

'ဟင် မမ . . .'

'မမအိမ်မှာ ပြောင်းနေနော် . . .'

'မဖြစ်နိုင်ပါဘူး မမ . . .'

'ဘာလို့လဲ'

'ကျွန်တော့်ရဲဘော်တွေ ရှိသေးတယ် . . .'

'ဘာပြုလဲ စုငတ်နေရမှာလား၊ တစ်ယောက် ကောင်းသွားရင် တစ်ထစ်ပို ကောင်းတာပေါ့၊ ပြီးတော့လည်း မမက ရဲဘော်တွေကို ချစ်ပါတယ်၊ ဒီမှာ ဝင်ထွက်ပြီး ရှိတာစားကြပေါ့၊ မောင်လေးအတွက် မမ အကုန်တာဝန်ယူမယ်၊ မောင်လေး ကျောင်းသာမှန်မှန်တက်ပြီးတော့ တာဝန်တွေလည်းလုပ်ပေါ့၊ မမကလည်း ကူညီပါ့မယ်'

'မမဟာ ဘာလို့များ ကျွန်တော့်ကို သနားရတာလဲ'

သူမက တိတ်ဆိတ်နေသည်။ ပြီးမှ . . .

'ပြောင်းမယ် မဟုတ်လားကွယ်'

'ပတ်ဝန်းကျင် ရှိသေးတယ် မမ'

'မမ ဘယ်လောက် တည်ကြည်တယ်ဆိုတာ သူတို့သိပါတယ်၊ မောင်လေး ဘယ်လောက် သမာဓိရှိတယ် ဆိုတာလည်း သိကြတာပဲ၊ ဒါပေမဲ့ ပတ်ဝန်းကျင်ဆိုတာ ပြောချင်ရာ ပြောနေကြတာပါပဲ၊ အခြေအနေက မောင်လေး ဒီမှာနေမှဖြစ်မယ်ပဲမဟုတ်လား၊ ပြောချင်လည်း ပြောကြမှာပေါ့၊

ပြောပါစေ၊ မောင်လေးကိုတော့ မမ မပစ်ထားရက်ဘူး’

သူမက စကားကိုဆိုင်းထားရာ သူက လှုပ်မှုမလှုပ်မိ၊ ခဏမျှကြာမှ. . .

‘ကိုယ်တို့မောင်နှမ ရိုးသားကြရင် ပြီးတာပဲ မဟုတ်လားကွယ် . . . ’

(၅)

မောင်လှမြင့်တစ်ယောက် အပြာ့အိမ် ရောက်လာသည့်အတွက် ညီမငယ်များက ဝမ်းသာမဆုံးပေ၊ တက္ကသိုလ်ကျောင်းသား၊ စာရေးဆရာတစ်ယောက် ရသည့်အတွက်လည်း ဝါကြွား၍မဆုံးပေ။ သူမတို့၏ ကျောင်းနေဖက် သူငယ်ချင်းများကို အိမ်ခေါ်လာကာ မောင်လှမြင့်နှင့် မိတ်ဆက်ပေးခြင်းလည်း မကြာခဏ ပြုလေသည်။ မေသန်းက အကဲဆုံးဖြစ်သည်။

ခင်စုလှိုင်၊ အမာရီ၊ မခင်စိန်၊ မငွေရီ စသော လှည်းတစ်စီးတိုက်လောက်ရှိသည့် သူမသူငယ်ချင်းများနှင့် မိတ်ဆက်ပေးလေသည်။ ကလေးမများကလည်း မောင်လှမြင့်၏တန်ဖိုးကို ဘယ်လို တွက်ချက်ကြ၍လည်း မသိ၊ မေသန်းတို့အား အားကျသည့် အမူအရာများ ပေါ်လွင်နေကြသည်။

‘စု မှာသာ ကိုလေးမြင့်လို စာရေးဆရာ အသိတစ်ယောက်ရှိရင် မဂ္ဂဇင်းတွေအများကြီး၊ အရုပ်တွေအများကြီး ကြည့်ရမှာပဲ . . . ’

ခင်စုလှိုင်က ရိုးရိုးလေးနှင့် ချစ်စရာကောင်းသည်။

‘အမာရီသာ ကိုလေးမြင့်ကို အစ်ကိုတော်ရရင် ယောက်မချောချော ရမှာပဲ’

သူမက အတော်နှုတ်သွက်မည့် ကလေးမဖြစ်သည်။

‘တက္ကသိုလ်ကျောင်းသားဆို လူတွေက သိပ်အထင်ကြီးကြတယ်နော်’

‘အလကားပါ မငွေရီ၊ တက္ကသိုလ်ကျောင်းသားဖြစ်ရတာ ဘုန်းကြီးကျောင်းသား ဖြစ်ရတာလောက်မှ မဟန်ဘူး’

'ဟင် . . . ဘာလို့လဲ'

ဂန္ဓာလရာဇ် အမျိုးသမီးငယ် မခင်စိန်က မေးလိုက်သည်။

'အို . . . အရှင်းကြီးပဲ၊ ဘုန်းကြီးကျောင်းသားကမှ ဆွမ်းကြွင်း ဆွမ်းကျန် စားရသေးတယ် . . .'

ကလေးသူငယ်မတို့က ထိန်းချုပ်ခြင်းကင်းစွာ ရယ်လိုက်ကြသည်။

မောင်လှမြင့် ရောက်လာမှ မယဉ်နွယ်အိမ်သည် စိုပြည်စည်ကားနေလေသည်။ ဧည့်ဆိုသည်က ပြတ်သည်ပဲမရှိတော့၊ သူ့ရဲဘော်များသည်လည်း လာရောက် စားသောက်ကြသည်မှာ အဆက်မပြတ်ဘဲဖြစ်သည်။ မယဉ်နွယ်ကလည်း ရဲဘော်များကို လေးစားစွာ ဆက်ဆံသည်။ တတ်နိုင်သမျှဧည့်ခံသည်၊ ပြီးတော့ သူတို့ ဆွေးနွေးကြသည်များကို နားထောင်သည်။ မသိလျှင်မေးသည်၊ ပြီးတော့ သူတို့ လက်ဆောင်ပေးသောစာအုပ်များကို လေ့လာလေသည်။ 'အမျိုးသမီးနှင့် ကွန်မြူနစ်ဝါဒ' ကို မောင်လှမြင့်၏ အကူအညီဖြင့် ဖတ်လေသည်။

ရဲဘော်ဆိုသည်များကလည်း ချစ်စရာ၊ လေးစားစရာ ကောင်းလေသည်။ ပြည်သူလူထုအတွက် ဆင်းရဲခံကာ လုပ်နေကြသူများဖြစ်သည်။ ၎င်းတို့ကျွမ်းကျင်ရာမှာ တော်ကြသည်။ ရိုးသားသည်။ တည်ငြိမ်သည်။ ပွင့်လင်းသည်။ ဆက်ဆံမှုပြေပြစ်သည်။ ၎င်းတို့အမှားကို ထောက်ပြလျှင် ပြုပြင်၍ သူများ၏အမှားကို နူးညွတ်စွာ ပြုပြင်ပေးတတ်ကြသည်။

'မယဉ်နွယ်က ရဲဘော်များအား လက်ခံကျွေးမွေး ဆွေးနွေးရုံသာမက လူထုအစည်းအဝေးများရှိလျှင် လိုက်နားထောင်သည်။ အမျိုးသမီးရဲဘော်များနှင့် တွေ့ဆုံသည်။ တတ်နိုင်သည့်ဘက်က ကူညီပေးလေသည်။ ဥပမာ သူ၏ရပ်ကွက်နှင့် ဈေးထဲတွင် ငြိမ်းချမ်းရေးရံပုံငွေများကို ကောက်ခံပေးသည်။

တကယ်တော့ မယဉ်နွယ်တစ်ယောက် တိုးတက်လာလေပြီ၊ သူမအား သဘောတရားရေး လက်တွေ့ရေးတို့နှင့် ပတ်သက်၍ အများဆုံး

အကူအညီပေး ဆွေးနွေးသူမှာ ကိုသန်းဟိန်း ဖြစ်လေသည်။ မောင်လှမြင့်ကလည်း တစ်ခါတစ်ခါ ဆိုသလို ဆွေးနွေးတတ်ပါသည်။ သို့သော် သူက သူမကိုဆိုလျှင် နွဲ့ဆိုးဆိုးနေသည့်အချိန်က များလေသည်။ ကလေးမဆန်သည့်အခါမူ သူမက လေးစားထိုက်သော ခေါင်းဆောင်တစ်ယောက်အဖြစ် ဆက်ဆံ၏။

အစပိုင်း၌တော့ ပတ်ဝန်းကျင်သည် အပြာ၏ ပြောင်းလဲမှု၊ သူမ အိမ်ဝယ် ဘာမှ မတော်စပ်သော ယောကျ်ားပျိုတစ်ယောက် တင်ထားခြင်း၊ လူတွေ တရုံးရုံးရှိခြင်းကို ပြောဆိုဝေဖန်ကြလေသည်။ သူတို့ ဆုံစည်းမိရာတွင် ပြောဆိုရာ အကြောင်းအရာတစ်ခုအဖြစ် ပြုလုပ်ထားလေသည်။ သို့သော် တဖြည်းဖြည်းနှင့် မောင်လှမြင့်တို့ ရဲဘော်တစ်စု၏ တည်ငြိမ်လေးစားဖွယ်ရာသော အနေအထိုင်များကို တွေ့လာရသောအခါ စိတ်ဝင်စား လာကြသည်။ မယဉ်နွယ် အိမ်လာလည်ကာ မောင်လှမြင့်တို့နှင့် စကားပြောစမ်းကြသည်။ နောက် သူတို့အကျိုးအတွက် တိုက်ပွဲဝင်နေသူများအဖြစ် သိမြင်လာသောအခါ သူတို့ကိုယ်တိုင် ပြုစုကြလေတော့သည်။ မောင်လှမြင့်တို့၏ မှန်ကန်သော စည်းရုံးရေးက တဖြည်းဖြည်းထက် တဖြည်းဖြည်း ကျယ်ပြန့်လာလေသည်။

အေးတို့နှင့်ပင် ဆွေးနွေး၍ရလာသည်။ သို့သော် အေးတစ်ယောက်ကမူ မယဉ်နွယ်အား အစ မပြတ်ပေ။

'နေ့ခင်းတော့ အိမ်ဦးခန်းကမောင်လေး ညကျမှကုတင်ပေါ်က လင်တော်မောင်ပါလား'

'အေး သိပ်လွန်တာပဲ၊ ကြားသွားမှဖြင့် . . .'

'ကြားသွားတော့ မင်းညကျ ပြန်ပြောမနေရတော့တာပေါ့'

'ကဲ ပြောဦး . . .'

အေးရဲ့ကျောကို လက်သီးဆုပ်ဖြင့် ဆက်ကာဆက်ကာ ထုပစ်လိုက်သည်။

'အနွယ် အနွယ် သတိထားမှပေါ့၊ အေးလေ အေးပါ။ မောင်လှ

မြင့် မဟုတ်ဘူး’

မတတ်နိုင်တော့၊ အရှုံးပေးကာ မယဉ်နွယ်က ငိုပစ်လိုက်ရလေသည်။ သူမ၏ရင်ထဲ၌လည်း တလှပ်လှပ် ဖြစ်နေသည်။ ခေါင်းထဲတွင်လည်း အတွေးများ တစ်ခုပြီးတစ်ခု ဖြတ်သန်း သွားနေကာ မူးဝေလာသည်။

အို . . . ဘာပဲဖြစ်ဖြစ် မောင်လေးကိုတော့ ချစ်သည်။

သူမက မောင်လှမြင့်ကို အလိုလိုက် ယုယသည်၊ လိုလေသေးမရှိ ပြုစုသည်။ စားချင်သည့်အချိန် စားချင်တာကိုကျွေးသည်။ ရေမိုးချိုးရန် အမြဲကြည့်ပြောပြီး အဝတ်အဆင်ကို သူမက လိုက်လျောအောင် ရွေးချယ်ပေးသည်။ အိပ်ရာကိုပင် ခင်းပေးပြီး အဝတ်အစားများကို ဖွတ်လျှော်ပေးသည်။ သူ၏ ကျန်းမာရေးကို အမြဲ အကဲခတ်ကာ၊ အသွားအလာ အစားအသောက်၊ အအိပ်အနေတို့ ဆင်ခြင်စေသည်။ နောက်ဆုံး သူမက သူ၏ ရှုပ်ထွေးနေသော ဆံပင်ကိုပင် မိခင်တစ်ယောက်လို ဖီးပေးတတ်လေသည်။

မောင်လှမြင့်ကလည်း သူမ၏ ပြုစုယုယမှုဝယ် ကျေနပ် နှစ်သိမ့်လျက်ရှိလေပြီ၊ သူမ၏ ယုယမှုမှ ကင်း၍မနေတတ်သလို ရှိနေသည်။ သူ၏ အနွံ့အတာကိုလည်း သူမက ခံလေသည်။

‘မမရေ ထမင်းမကျက်သေးဘူးလား၊ ဆာလှပြီ’

‘သွား . . . သွား မကျက်သေးဘူး၊ စာကျက်နေချီဦး’

သို့သော် သူမက ကြိုးစား၍ အမြန်ဆုံးချက်လေသည်။ ညများဝယ် မောင်လှမြင့် စာရေးသောအခါ ဘေးမှထိုင်ကာ စာမူများကို တစ်ရွက်ချင်း စောင့်ဖတ်ရသည်ကို သူမက ကြည်နူးနေသည်။ မောင်လှမြင့်က သူရေးမည့်ဝတ္ထု၏ ဇာတ်ကြောင်းကို ပြောပြသောအခါ ငြိမ်၍ နားထောင်နေရသည်မှာ ပတ်ဝန်းကျင်ကိုပင် မေ့နေတတ်၏။ ဝတ္ထုဆုံးသွားသောအခါ သူမက ဝေဖန်၍ သူက လက်ခံ ပြုပြင်သည်များ ရှိသောအခါ မယဉ်နွယ်က ဝမ်းသာမဆုံးပါ၊ တစ်ခါတစ်ရံ ကိုးကားရန်အချက်များကို ကူရှာပေးသည့်

ထိုကာလများဝယ် သူမက ဝမ်းသာမှုရှိသလောက် စိတ်မကောင်းရသည့် အခါများလည်း ရှိသေးသည်။

ထိုသည်က မောင်လှမြင့်သည် ရွှေစင်ဦးအား တသကာ ညဥ့်နက် မိုးသောက်အထိ အပြင်ဘက်တွင် ထိုင်ငေး နေတတ်သောအခါ ဖြစ်၏။ ထိုအခါမျိုးတွင် သူမက နှစ်သိမ့်ဖြောင်းဖျခြင်းကို ပြုရလေသည်။

တကယ်တော့ အပြာက မောင်လှမြင့်၏ ကယ်တင်သခင်မ ဖြစ်တော့လေသည်။

## ကြွေဆုံး ပွင့်ရနံ့လှိုင်

(၁)

ရုပ်ဝတ္ထု၏ ပြောင်းလဲလာချက်များသည် စိတ်ဝယ် ထင်ဟပ်လေသည်၊ စိတ်၏ ပြောင်းလဲလာချက်များကို ရုပ်ဝတ္ထုက သက်သေခံနေသည်။

မခင်လတ်တစ်ယောက်က ပန်းပွင့်ကလေးများ၊ ခွေး ကြောင်ကလေး များကို မဆွဲတော့၊ အသည်းကလေးများ၊ မျက်ရည်ဥလေးများကို ဆွဲလာ သည်။ ချိုးဖြူကလေး စပါးနှံကို ကိုက်ချီနေသောပုံထက် မောင်က မေ့ကို ဖက်ထားသော ပုံများကိုဆွဲလာသည်။ သူမငယ်က ပြောင်းလဲလာသည်၊ စာကျက်သည်ထက် အလှမွမ်းမံနေသည်က များလေသည်။ နုမျစ်လှပမှု ကလည်း ရှိလေပြီ၊ မို့စ မောက်စ ဝင့်ကြွားကြွလေပြီ။ ကလေးသူငယ်မက အမူအယာများသည်လည်း ပြောင်းလဲလာကာ သူမ ကိုလေးအား ဆက်ဆံ သည်ပင် အရင်ကကဲ့သို့ မဟုတ်တော့၊ ရှက်သလို ရွံ့သလို တွန့်ဆိုင်းဆိုင်း နှင့် မျက်ဆန်နက်ကလေးကို ထောင့်ကျကျ စေ့၍ ကြည့်တတ်နေပေပြီ။ တမင်္ဂလာအပျိုဟန် တုထားသည်က များနေသည်။ တစ်ခါတစ်ရံ စကား ပြောရင်း မလိုဘဲပြုံးလိုက်သည်များကို တွေ့ရ၏။ လမ်းလျှောက်လျှင်လည်း ကန့်ကလျ နိုင်လွန်းသည်။ မောင်လှမြင့်ကတော့ ရယ်မောမိပြီး သနားသည် လည်းရှိမိ၏။ ပြီးတော့ သူက ကလေးဆန်သော ပွင့်လင်းမှုကို ချစ်မြတ်နိုး၍ အပျိုဆန်ချင်လှသော ပန်းခီကောင်မလေးအား မကျွမ်းလှတော့၊ မေသန်း

နှင့်သာ အချိန်တွေကို ကုန်ဆုံးစေပါသည်။

ဆောင်းရက်ညနေ မျက်ခင်းပေါ်ဝယ် မောင်လှမြင့်က မေသန်း၏ ခဲတံလေးကို ညီညာသပ်ယပ်စွာ ချွန်ပေးနေလေသည်။ ကလေးမကတော့ သူယူလာသော စာအိတ်များမှ တံဆိပ်ခေါင်းများကို ခွာနေလေသည်။

'နင် ထမင်းမစားသေးဘူးလား'

'ဟင့်အင်း ကျွန်တော်တော့ ဒီလို တံဆိပ်ခေါင်း လှလှလေးတွေကို ခွာနေရရင် လုံးလုံးကို မဆာမိဘူး . . .'

'ဘုရားရေ . . .'

မောင်လှမြင့်က အံ့ဩမိသည်။ အဘယ် ကလေးမကပင် အာရုံစူးစိုက်မှု ရှိနေလျှင် အစားကို သတိမရပါတဲ့၊ ဒီလိုပဲ လူပြောများလှ၏။ သူ၏ ရဲဘော်များကဆိုလျှင် စာရေးနေရလျှင် အစားကိုလည်းသတိမရ၊ အအိပ်ကိုလည်း သတိမေ့လျော့နေသည်ဟု အဆိုရှိ၏။ မောင်လှမြင့်အဖို့ကတော့ ဝမ်းထဲ၌ နည်းနည်းဆာနေသည်ဆိုလျှင် ရေး၍မဖြောင့်တော့၊ စားသောက်ပြီးမှပဲ ဆက်ရေးနိုင်စွမ်း ရှိတော့၏။ အိပ်ချင်လာပြီဆိုလျှင်လည်း သည်းညည်းခံနိုင်စွမ်းမရှိ၊ မျက်လုံးများ ပြာလာပြီး စာလုံးတွေကို မမြင်တော့ . . .

နေရောင်ခြည်က ဘယ်မှာ ရောက်သွားသည် မသိ၊ မရှိတော့၊ သူက ဆာလှပြီဖြစ်၍ အိမ်ရှေ့မှ 'မေ့ပါနဲ့သက်ဝေရယ်' တန်းစည်းရိုးလေး ရှေ့ မြက်ခင်းဝယ် ထိုင်နေသော မေသန်းနှင့် လာအချိန်ဖြုန်းနေမိ၏။ နောက်ဆုံး နေရောင်ခြည်ကို ရယူရန် 'မေ့ပါနဲ့သက်ဝေရယ်' ပင်ကလေးများထက်ဝယ် လာလှမ်းထားသော မယဉ်နွယ်၏ ပဝါပြာကလေးကို သူက ဆွဲလိုက်မိလေသည်။

မယဉ်နွယ်က ပဝါပြာလေးကို ညီတူ နှစ်စရှေ့ဝယ် ချထားသော အခါ တက္ကသိုလ်မှ ပါမောက္ခတစ်ဦးထက် ကျက်သရေရှိလေသည်။ နန်းယဉ် ပညာတတ်မကလေးလားပဲ၊ ဘယ်ဘက်အစကို အင်္ကျီနှင့်ကပ်၍ ရင်ထိုးလေးဖြင့် ထိန်းထားသည်။ နီလာ ရင်ထိုးခက်ငယ်ငယ် . . .

"ဟိုနင်း . . . မမက သိပ်အပြာကို ကြိုက်တာနော် ကိုလေး'

မေသန်းက တံဆိပ်ခေါင်းကလေးတွေကိုစီရင်း ပြောလိုက်လေသည်။

'နင်ကော မကြိုက်ဘူးလား'

'ဟင့်အင်း . . . '

'ဒါဖြင့် ဘာကြိုက်သလဲ'

'အနီ၊ အစိမ်း'

ဟုတ်ပေမည်၊ ကလေးတွေအဖို့က တက်ကြွမှုကို ကြိုက်ပေမည်၊ အနီတို့ အစိမ်းတို့က တက်ကြွလှုပ်ရှားမှုရှိသည်။ အပြာနှင့် အဖြူက တည်ငြိမ်မှုကိုပေးပြီး အနက်က ထိတ်လန့်တွေးခေါ်မှုကို ဆောင်လေသည်။ အဝါက ပြန့်လွင့်၍ အညိုက ထိုင်းလေသည်။

'ဒါပေမဲ့ ဒီအရောင်တွေက တကယ်ရှိတာ မဟုတ်ဘူးနော် . . . '

'ဘာကွဲ့၊ တကယ်ရှိလို့ နင် မြင်တွေ့နေရတာပေါ့ . . . '

'အို . . . ကျွန်တော်ပြောတာက စမ်းသပ်ကိုင်တွယ်လို့ မရတာကို ပြောတာ'

သူမက စိတ္တဇနမ်ဆိုသည်ကို ကျောင်းဝယ်သဒ္ဒါချိန်၌ သင်ဖူးဟန်ရှိပေမည်။ ထို့ကြောင့် စောဒကတက်လာသည်။

'စမ်းသပ်ကိုင်တွယ်လို့ ရတာပေါ့ကွ၊ ကိုင်ကြည့်ပါလား . . . အပြာ ဒီမှာ'

မောင်လှမြင့်က ပဝါပြာကို ကလေးမသို့ ထိုးပြလိုက်သည်။

'ဒါက အပြာမှမဟုတ်ဘဲ ပဝါပဲ၊ အရောင်ဆိုးထားတာ၊ အပြာဆိုတာ သပ်သပ် ဘယ်မှာရှိသလဲ . . . '

ကလေးမက သွက်လက်စွာ မေးခွန်းထုတ်လိုက်သည်။ သူက ခဏမျှ ငေးနေသည်။ ကလေးမက ဒါကို အခွင့်ယူ၍ . . .

'ပြစမ်းလေ . . . ဘယ်မလဲ အပြာ'

မောင်လှမြင့်က ပြုံးလိုက်သည်။

**ရန်အောင်စာပေ (၂)**

'ကဲ ဒီမှာနားထောင် ငါရှင်းပြမယ်၊ ရေဆိုတာ အရောင်ရှိလား. . .'

'ဟင့်အင်း . . . မရှိဘူး . . .'

ကလေးမက အထွေထွေသိပ္ပံကို သင်ကြားစပြုနေ၍ ဒါလောက်တော့ သိလေ၏။

'လေကော . . .'

'ဟင့်အင်း . . .'

'ကဲ ကောင်းပြီ၊ ကောင်းကင်ကြီးကို ကြည့်စမ်း၊ ပြာနေတာတွေ့ရမယ်၊ ဒါပေမဲ့ မိုးဆိုတာ မရှိဘူး၊ အဆုံးအစ မရှိတဲ့ လေဟာပြင်ကြီးပဲ၊ လေတွေပဲရှိတယ်။ အဲ လေမှာ အရောင်မရှိဘူးလို့လည်းဆိုတယ် ဘာလို့ ကောင်းကင်ကြီးက ပြာနေရသလဲ'

ကလေးမက သူ့မကိုလေး၏မျက်နှာကို စူးစိုက်ကြည့်ကာ နားထောင်နေသည်။

'ဒါ ထားဦး၊ ရေကို ကြည့်ကြဦးစို့၊ အရောင်မရှိဘူးဆိုပေမဲ့ မြစ်ဟာ ပြာနေတယ်၊ ပင်လယ်ဟာ ပြာနေတယ် . . .'

သူက စကားပြောရင်း ပဝါပြာကို အထက်မြှောက်ထားရာ လေဝယ် လွန့်လွန့်လူးနေသည်၊ သူမက ပဝါကို လိုက်ကြည့်နေမိသည်။

'အပြာ ဆိုတာဟာ ရုပ်အဖြစ်နဲ့ရှိတယ်ကွဲ့၊ ဒါပေမဲ့ သိပ်သေးငယ်တယ်၊ နင်ဟာ သဲမှုန့်လေးတွေမြင်ရပေမဲ့ လေထဲမှာ လွင့်နေတဲ့ မြူမှုန်ကလေးတွေ ရေမှုန်ကလေးတွေကို မမြင်ရတော့ဘူး၊ လေထဲမှာလွင့်နေတဲ့ ပိုးမွှားလေးတွေဆို သိပ်သေးပြီး ရိုးရိုးမျက်စိနဲ့ မမြင်ရဘူး၊ မှန်ဘီလူးနဲ့ကြည့်မှ မြင်ရတယ်၊ အဲ့အပြာလေးတွေက အဲဒါတွေထက် အဆအရာသောင်းသေးပြီး ကနေ့လက်ရှိ မှန်ဘီလူးတွေနဲ့ဆို မြင်နိုင်စွမ်းမရှိဘူး၊ နောက်ကျလို့ ဒါထက်ကောင်းတဲ့ မှန်ဘီလူးတွေပေါ်လာတဲ့အခါကျရင် မြင်ချင်မြင်ရကောင်းမယ် . . .'

ကလေးမက ဘာကိုမှ ကြားဖြတ်မမေး။

**ရန်အောင်စာပေ (၂)**

'အဲတော့ ငါတစ်ခုပြောဦးမယ်၊ မင်း မနက်အိပ်ယာထတော့ နှင်းတွေပိတ်နေပြီး ဖြူနေတာကိုတွေ့ရမယ်၊ ဒါပေမဲ့ မင်းဟာ မင်းရှေ့ နှစ်လံလောက် နှင်းတွေကို မြင်ရမယ်မဟုတ်ဘူး၊ ကျနေမှန်းတော့ သိတယ်လေ။ ဒါပေမဲ့ ဝါးတရိုက်လောက်ကျတော့ မြင်ရပြီး နှင်းတွေဟာ ပိတ်နေပြီး ဖြူနေတာကို တွေ့ရမယ်။ ရှေ့ကို ဘာမှ မမြင်ရတော့ဘူး။ အဲ့ဒါဟာ အင်မတန်ငယ်တဲ့ နှင်းပွင့်ကလေးတွေကို နင်ဟာ အနားမှာ မမြင်ရပေမဲ့ အဝေးရောက်သွားရင် မြင်ရတယ်၊ အဲ့ဒါဟာ ထူထဲသိပ်သည်းလာတဲ့ သဘောပေါ့။ ကဲ အဲ့တော့ အပြာ အကြောင်းကို ဆက်ကြဦးစို့ . . .'

မောင်လှမြင့်က ထမင်းဆာတိုင်း အချိန်ကုန်အောင် တွန်းပို့နေသည်။

'အဲဒီတော့ အင်မတန်သေးငယ်တဲ့ အပြာမှုန်ကလေးတွေဟာ လေထဲမှာ လွင့်နေတယ်ကွဲ့၊ သူတို့ဟာ သေးလွန်းလို့ မင်းမပြောနဲ့ မှန်ဘီလူးနဲ့တောင် မမြင်ရဘူး၊ ဒါပေမဲ့ အင်မတန်ဝေးတဲ့ ကောင်းကင်လောက် ရောက်တော့ သိပ်သည်းမှုရပြီး မြင်ရတယ်၊ နှင်းတုန်းကတော့ ဖာလုံဝက်လောက်ဆို သေသေချာချာ မြင်ရတာပဲ၊ အပြာမှုန်ကလေးတွေကတော့ နှင်းထက် အဆအရာအထောင်ငယ်လို့ မိုင်နဲ့ချီပြီး ဝေးမှမြင်ရတယ်၊ ပြီးတော့ တစ်ခုရှိသေးတယ်၊ နေရောင်ကလည်း မမြင်ရအောင် လုပ်ထားတယ်၊ မင်းဟာ မနက်ခင်းနဲ့ ညနေခင်းမှာဆိုရင် နေ့ခင်းထက် မိုင်ပေါင်းများစွာ ပိုနီးတဲ့နေရာက အပြာမှုန်ကလေးတွေကို မြင်ရတာပေါ့'

သူပြောသည်ကို ကလေးမက ယုံကြည်မှုများလာဟန် ပေါ်နေသည်။

'ရေမှာဆိုရင်တော့ သိသိသာသာ မြင်ရတယ်၊ ဖန်ခွက်ထဲက ရေလောက်မှာ မမြင်ရဘူး၊ မြစ်ထဲပင်လယ်ထဲလောက် ထုထည်ကြီးလာရင် မြင်ရတယ်၊ အဲ့တော့ အပြာဆိုတာဟာ မင်း ကြားဖူးသင်ဖူးသလို စိတ္တဇ မဟုတ်ဘူးကွ၊ စမ်းသပ် ရှာဖွေနိုင်တဲ့ ရုပ်ကွ၊ အပြာ ဆိုတာတွေဟာ ဘယ်နေရာမှာမဆို ရှိတယ်၊ ရှိလို့လည်း ဒီပုဝါမှာ ငြိတွယ် ကပ်နေနိုင်တာ

ပေါ့ . . .'

သူ၏ ဘယ်ချောင်ထဲက ကောက်လာရမှန်း မသိသော သဘော တရားများကို ကလေးသူငယ်မကတော့ ယုံသွားလေပြီ။

သူက ခုမှ ပို၍ဆာလာသည်၊ နှင်းငွေ့ရည်လေးတွေက ကျစပြု လာပြီ၊ ချမ်းစိမ့်လာသည်၊ သူက ထလိုက်သည်၊ အိမ်ထဲမှ မီးရောင်ကို မြင်ရသည်။ ထိုစဉ်တွင် အိမ်ဝင်းဝတွင် စက်ဘီးတစ်စင်း ရပ်လိုက်သည်ကို သူက တွေ့လိုက်ရသည်။

'ကိုလေးမြင့်'

မောင်လှမြင့်က ငေးနေမိသည်။ တမင်းဆာလွန်း၍ ရူးသွပ်သွား ကာ ကယောင်ကတမ်း မြင်နေခြင်းလားလို့လည်း သံသယရှိမိသည်။ ရွှေစင် ဦးပါ။ သူ့အား မေ့နေပြီဖြစ်ပြီး သူကလည်း သက်သာရာ ရသလို ရှိနေစဉ် သူမက ဘာကြောင့်များ ရောက်လာပြန်သည်လဲ။ မတွေ့ရတာလည်း ကြာလေပြီ၊ သူက ဒီအိမ်ရောက်ကတည်းက မတွေ့ရသေး၊ သူကလည်း ကျောင်းမှာသင်တန်းရှိသည့် အချိန်ကလွဲ၍ တစ်မိနစ်မျှ ပိုမနေ၊ အခုတော့ ရွှေစင်ဦးက ဘယ်လိုများ စုံစမ်းပြီး ဘာလုပ်ရအောင်များ ရောက်ခဲ့ရပြန်တာ လဲ။

'ဘာလဲ ကိုလေးမြင့် အံ့ဩနေသလား . . .'

မေသန်းကလည်း ငေးကြောင်လျက် မလှုပ်မယှက်နှင့် မောင်လှ မြင့်ကိုတစ်လှည့် ရွှေစင်ဦးကိုတစ်လှည့် ကြည့်နေသည်။

'ကဲလာ ကိုလေးမြင့် ဘီးယူခဲ့၊ အပြင် သွားကြရအောင်'

ရွှေစင်ဦးက အတတ်နိုင်ဆုံးကြိုးစားပြီး ပြုံးရင်း ပြောလိုက်လေသည်။

ဘယ်မျှပဲ အံ့ဖွယ်ကောင်းသလဲ၊ မောင်လှမြင့်က ရွှေစင်ဦးအား မေ့နေပြီ၊ သူ့အား မချုပ်ကိုင် မလွှမ်းမိုးတော့ပြီ စသည်ဖြင့် နာကြည်းစရာ တို့ကို ရှာကြံပြီး ရှန်းကန်နေခဲ့သော်လည်း ယခုလို ပက်ပင်းမှာ တွေ့တော့. . .

သူက စကားမှမပြောဘဲ မငြင်းဘဲ သူမနောက် ကောက်ကောက်

ပါသွားလေသည်။

အနှောင်အဖွဲ့ . . .

မောင်လှမြင့်က ထမင်းဆာသည်ကိုလည်း သတိရတော့ဟန်မတူ၊ မေသန်းအားလည်း အမှတ်မထင်တော့၊ မယဉ်နွယ်ဆိုတာကကော ဘာလဲ လို့ မေးမျှားနေဦးမလား။

သူ့ဘဝ၏ ကေရီမ နောက်ကို လိုက်ပါသွားချေပြီ။

(၂)

သိနားလည်နိုင်ရန် ခဲယဉ်းလှတဲ့ ရွှေစင်ဦး။

မိမိက ဘယ်လိုမှ မချစ်နိုင်ပါဟု တိကျစွာ ဖော်ထုတ်လိုက်၍ အတွယ်အတာကင်းမဲ့စွာ လေလွင့်နေသောသူတစ်ဦးကို တည်ငြိမ်မှုရနေစ ရှိမှ ဘာကြောင့်များ ဆွဲထုတ်ရပြန်လေသနည်း၊ ဒါကို မောင်လှမြင့်က အံ့သြနေသည်။

ရွှေစင်ဦးက မောင်လှမြင့်အား ဘယ်လိုမှ တုံ့ပြန် မချစ်နိုင်တာကတော့ အမှန်ပဲဖြစ်သည်။ သူမကလည်း ဒါကိုတော့ ပြတ်သားစွာ ထုတ်ဖော်ခဲ့၏။ ဝေ့လယ်ကြောင်ပတ် မပြတ်မသားနှင့် ကြိုးရှည်လှန်မထားခြင်းကိုတော့ ကျေးဇူးတင်ကြရပေဦးမည်။ ရင်းသည်မဲ့လည်း မောင်လှမြင့်အဖို့တော့ ကြိုးရှည်စနစ်ကမှ ကောင်းမလို ရှိသေးသည်။ အဲသည်က မျှော်လင့်ချက်ရှိ၍ အနာဂတ်သည် ဝိုးဝါးလင်းလျက် ရှိသေးသည်။ ယခုတော့ သူမက မချစ်နိုင်တော့ပြီဟု ဆိုထားသော်လည်း သူ့အား ခင်မင်ရင်းနှီးစွာ ဆက်ဆံနေသေးရာ မောင်လှမြင့်အဖို့က အတော်ပဲ မသက်မသာ နိုင်၏။ မိမိ မရနိုင်တော့ပြီ ဖြစ်ပြီး အင်မတန်မှပဲ မြတ်နိုးဖွယ်ကောင်းသော ပန်းအလှက ရှေ့ဝယ် ရနံ့လှိုင်နေ၏။ သက်သက်ပဲ ညှဉ်းလေသည် ရော့လား ရွှေစင်ရယ်. .

မောင်လှမြင့်က ဒါကြောင့် သူမ၏လွှမ်းမိုးမှုမှ ကြိုးစား၍ ရုန်းထွက်၏။ အနှောင်အဖွဲ့မှ လွတ်မြောက်ရေးကိုရှာ၏။ သူမကို တတ်နိုင်သမျှ

မတွေ့အောင်နေ၏။ အရင်လိုမတွေ့၊ မေ့အောင် သူမအား ရှောင်ရှားရင်း လမ်းမပေါ်မှာ အဆက်မပြတ်လို လျှောက်နေခဲ့၏။ ဒီလို လေလွင့်သည်ကို မယဉ်နွယ်က ထိန်းချုပ်ပေးခဲ့၏။ သူက ခု မယဉ်နွယ်အိမ်မှာနေကာ ကျောင်းမှန်မှန်တက် ကျောင်းသားအရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းကို တက်တက်ကြွကြွ လုပ်ကာနေသည့်ကာလဝယ်မှ ရွှေစင်ဦးက ဘာ့ကြောင့် များ ပေါ်လာရပြန်တာလဲ။

သူတို့နှစ်ယောက်၏ အချစ်ဝတ္ထုက တစ်ယောက်က ငိုရှိုက်ရင်း တစ်ယောက်က ရယ်မောရင်းနှင့် ဇာတ်လမ်းသိမ်းသင့်ပြီ မဟုတ်ပါလား၊ ဘာများဆက်ရန် ရှိပါသေးသလဲ။

ရွှေစင်ဦးက မောင်လှမြင့်အား စိတ်ဝင်စားခြင်းလည်းမရှိ၊ ဗိုလ်ကြည်လေးနှင့်သာ ရယ်မောနေခဲ့သည်။ သူမအတွက် ငိုကြွေးနေခြင်း ကိုလည်း သနားကြင်နာမိခြင်း မရှိ၊ မေ့လျော့၍လည်း နေခဲ့၏။ တစ်ခါ တစ်ရံမှ သတိရမိသည်ရှိ၏။ သို့သော် သူမက ယခုတစ်လော မောင်လှမြင့် အကြောင်းကို ကြားရသည်မှာ အရင်ကထက် ထူးခြားနေ၏။ အရင်က တော့ သူ ငိုရှိုက်နေကြောင်းကိုသာ ကြားရ၏။ မျက်ရည်နှင့် စာရေးဆရာ အကြောင်းကို ကြားသည်၊ ယခုမူ အပြာနှင့် မောင်လေးအကြောင်းကို ကြားရ၏။

အပြာတစ်ယောက် ဘယ်မျှ တုပြိုင်နိုင်ရာကင်းအောင် လှပြီး ယဉ်ကျေးသည်ကိုလည်းကောင်း၊ ဖြူစင်စိတ်ထားနှင့် ဘယ်မျှ ကြင်နာယုယ တတ်သည်ကိုလည်းကောင်း၊ မောင်လှမြင့်အား ချစ်လှပြီး ကျွေးမွေး ထိန်း သိမ်းထားသည်ကိုလည်းကောင်း ရွှေစင်ဦးက ကြားရ၏။ ထို့ပြင် မောင်လှ မြင့် တစ်ယောက်သည် သူမ၏ လွှမ်းမိုးမှုအောက်မှ လွတ်ကာ အပြာအား ချစ်နေပြီဟုလည်း ပတ်ဝန်းကျင်က ပြောနေ၏။ သူမက ဒါကိုတော့ မခံမရပ်နိုင် ရှိသည်။ ဒါကြောင့်လည်းပဲ မောင်လှမြင့်ထံ ရောက်၍လာခြင်း ဖြစ်သည်။

သူမက မချစ်သော်လည်း သူမကိုတော့ ချစ်နေစေချင်သေး

သည်။ ဘယ်လိုများလဲ . . .

မိမိက မချစ်ပါဟုဆိုသော်လည်း တစ်ပါးသူနှင့် ချစ်သွားမည်ကို မနာလို တွန့်တိုသော ရွှေစင်ဦး။

ခက်တော့တာပဲ အမျိုးသမီးရယ် . . .

(၃)

ထိုအခါ၌ ရွှေစင်ဦးက သူမ၏ ဆုံးရှုံးစပြုနေသော လွှမ်းမိုးမှုကို ပြန်ဆယ်ယူလိုက်သည်။

ငွေနှင်းမှုန်စက်လေးတွေက ကျနေသည်၊ အဲ့ဒီလို ညလေး တစ်ညမှာပဲ မောင်လှမြင့်နှင့် ရွှေစင်ဦးက ကျုံးနံဘေး မြက်ခင်းပေါ်ဝယ် ထိုင်နေခဲ့ကြလေသည်။ အေးမြသော ညကာလမို့ ဒီလိုနေရာများကို ဘယ်ခွေး တစ်ကောင်တစ်မြီးမှ မျက်စိလည်၍ ရောက်မလာကြ၊ ရွှေစင်ဦး က သူနှင့် မထိတထိလေး ကပ်၍ ထိုင်နေသည်၊ သူတို့နှစ်ယောက်လုံးက ခပ်နွေးနွေးလိုပဲ။

'ကိုလေးမြင့် . . .'

'ဟင် . . .'

'ရွှေစင်ဦးတို့ဟာ ရူးများနေကြသလား . . .'

'ကိုယ် ရူးနေတာတော့ အမှန်ပဲ . . .'

သူက ရေပြင်ကို ကြည့်နေသည်။ မီးပွင့်တန်းရိပ်လေးတွေကို အထဲ၌ မြင်ရ၏။

'အို ကိုလေးကလည်း သူဖြေချင်တာ လျှောက်ဖြေတာပဲ၊ ဘာလို့ လဲလို့တော့ ပြန်မမေးဘူး . . .'

ဒီလိုပဲ သူမက အနိုင်ကျင့်လေသည်။ သူမ ပြောလိုသောစကားကို သာ ဆုံးအောင်ပြောချင်ပြီး သူများပြောသည်ကိုလည်း မပြီးဘဲနှင့် ဖြတ် ပြောတတ်လေသည်။ ယခုကလည်း သူမစကားမှာ သူက ဘာလို့လဲဟု ပြန်မေးမှ ဆက်ပြောလို့ရမည့် စကားဖြစ်လေသည်။ နို့မို့ရင် စကားစ

ပြတ်သွားမည်။

'အင်း ဘာလို့လဲ . . .'

'ဒါလောက် ချမ်းချမ်းစီးစီးကြီး လာထိုင်နေကြလို့ . . .'

သူမက သူမ ပြောချင်နေသည်ကို လောကြီးစွာ ပြောချလိုက်သည်။

'အို ဒါပေမဲ့ နွေးပါတယ်ကွယ် . . .'

'ဟင် ကြည့်စမ်း. . .'

သူမက ကိုယ်ကိုလှုပ်ကာ အနည်းငယ် ဘေးသို့ရွှေ့လိုက်ဟန်ပြုသော်လည်း တကယ်တော့ မရွှေ့ပါချေ။

'လူကို သူ့အပြာများ မှတ်နေသလား'

'အို ရွှေစင် မလုပ်ပါနဲ့ကွယ် ရိုးသားသော မမပါ'

'ရိုးသားသောတဲ့ သူများကို အမှတ်တောင် မရတော့ဘူး'

'ရွှေစင် ရွှေစင်ဟာ သိပ်ကို ညှဉ်းဆဲနိုင်ရက်တာပဲနော် . . .'

'အို ကိုလေးမြင့်က ဒီလိုမပြောပါနဲ့၊ ရွှေစင်က ကိုလေးကို'

'မညာပါနဲ့ကွယ် မချစ်ပါဘူး'

'ကဲ ကိုလေး ပြန်ကြစို့'

မတ်တတ်ရပ်လျက် မထသေးသော သူ့အား ရွှေစင်က ပြုံးကြည့်နေသည်၊ ပြီးတော့ ဘေးမှ ဒူးထောက်ထိုင်လိုက်ပြီး သူ့နဖူးကို မွှေးထဲ့လိုက်ကာ . . .

'ကဲ လာထ'

မောင်လှမြင့်က သူမအား စူးစိုက်ကြည့်နေရာ သူမက ရင်ခုန်နေသည်။ မောင်လှမြင့်က သူမအား ရင်ခွင်ထဲဆွဲယူလိုက်ကာ သူမ၏ ပါးလျနီထွေးသော နှုတ်ခမ်းကို စုပ်ပစ်လိုက်သည်၊ သူမက မောသွားသည်။

မောင်လှမြင့်က ထိုညကအဖြစ်အပျက်ကို သူက အနိုင်ရလိုက်သော တိုက်ပွဲဟုထင်သော်လည်း တကယ်တော့ သူက ရှုံးခြင်းဖြစ်လေသည်။

ရွှေစင်ဦးက အောင်ပွဲဆင်လိုက်ခြင်းသာ ဖြစ်လေသည်။

**ရန်အောင်စာပေ (၂)**

(၄)

သူက ထိုညက သူမအားပွဲ့ဖက် အနမ်းကလေးတစ်ခုကို ရခဲ့သည့်အတွက် တန်ဖိုးအဖြစ် နေ့စဉ် သူမဆီသို့ အဖူးမျှော်သွားရလေသည်။ မောင်လှမြင့်က စွန့်လွှတ်ထားသော မျှော်လင့်ချက်ကို ပြန်လည် စိတ်ဝင်စားလာသည်၊ ဗိုလ်ကြည်လေး အပေါ်တွင်ပင် ပြန်လက်စားချေနိုင်လာသည်။

တစ်နေ့ ညနေပေါ့၊ မောင်လှမြင့်က ရွှေစင်ဦးအား ဖူးမြော်ဖို့ သူမအိမ်သို့ ရောက်သွားရာ အိမ်ရှေ့တွင် ဂျစ်စတေးရှင်လေး ရပ်ထားကတဲက ဘယ်သို့ဧည့်သည် ရောက်နေကြောင်းကို သူက အတတ်သိလိုက်၏။ သူက ဧည့်ခန်းထဲသို့ရောက်လျှင် စီးကရက်ကို သောက်ရင်း အခန့်သား ထိုင်နေသော ဗိုလ်ကြည်လေးကို တွေ့ရလေ၏။

'ရွှေတော့ အဝတ်လဲနေတယ်'

'အော်'

'ရုပ်ရှင်သွားကြမလို့'

'အင်း'

သူက ဘာမှ မမေးရဘဲလျက် ပြောနေသည်။

'လိုက်ခဲ့ပါလား ခင်ဗျားကော၊ ရွှေက ကန့်ကွက်မှာ မဟုတ်ပါဘူး'

'ခင်ဗျာ'

'ဘာလဲ ခင်ဗျားတို့ ကွန်မြူနစ်တွေက အမေရိကန်ကား မကြည့်ဘူးလား'

'ဘာတွေ ပြောနေကြတာလဲ'

ရွှေစင်ဦးကတော့ ဘယ်တော့မဆို လှနေသည်ဟု နှစ်ယောက်လုံးက ထင်လိုက်ကြ၏။ ဘယ်သူကမှ ပြန်မဖြေတော့။

'ကိုလေးမြင့် ရောက်တာကြာပလား'

'ခုပဲ'

'ကဲ လုပ်မြန်မြန် ရွှေ၊ ၆ နာရီထိုးနေပြီ'

'ဆောရီး ကိုကြည်၊ ရွှေစင် မလိုက်နိုင်တော့ဘူး။ စောစောက

မေ့နေလို့ လိုက်မယ်ပြောတယ်၊ ကိုလေးမြင့်နဲ့ တစ်နေရာ သွားဖို့ချိန်းထားတယ်. . .'

ဗိုလ်ကြည်လေးက မျက်နှာပျက်သွားသည်၊ ပြီးမှ ဣန္ဒြေဆည်ရင်း. . .

'အင်းပေါ့လေ မနက်ဖြန်မှ သွားရတာပေါ့'

သူထွက်သွားသောအခါ ရွှေစင်က မောင်လှမြင့်အား ပြုံးကြည့်ရင်း။

'ကိုလေးမြင့်သာဆိုရင် အပြာနဲ့ သွားမယ်လုပ်တုန်း ရွှေစင်ရောက်လာရင် ရွှေစင်နဲ့ လိုက်လာမှာမဟုတ်ဘူး။ ရွှေစင် တစ်ယောက်တည်းကို မျက်စိသူငယ်နဲ့ ထားပစ်ခဲ့မှာ'

'ပြောရော့မယ် ရွှေစင် အခု အပြာကို နောက်မှာထားခဲ့ပြီး မဖုရားဆီ အဖူးမျှော် ရောက်လာတယ် မဟုတ်လား'

ဘာပဲဖြစ်ဖြစ် မောင်လှမြင့်က အနာဂတ်ထက် ယနေ့ ဗိုလ်ကြည်လေးအပေါ် အနိုင်ရလိုက်ခြင်းကို ဝမ်းသာမဆုံး ရှိနေသည်သာ။

(၅)

ရွှေစင်ဦးနှင့် မောင်လှမြင့် ယခုကဲ့သို့ တပူးပူးတတွဲတွဲ ဖြစ်နေသည့်အတွက် ဗိုလ်ကြည်လေးအပြင် အခြား မကျေမနပ်ဖြစ်နေသူ တစ်ဦးရှိနေသေးသည်။ အဲ့ဒီ ကျန်တစ်ယောက်ကတော့ မယဉ်နွယ်ပဲ ဖြစ်လေသည်။ သို့သော် သူမက သူမ၏ မကျေနပ်မှုနှင့် စိတ်ဒုက္ခရောက်မှုကို သူမမောင်လေး မသိအောင် ဟန်ဆောင်ဖုံးကွယ်၍တော့ ထားခဲ့နိုင်လေသည်။

မောင်လှမြင့် တစ်ယောက် မရှိဘူးလားရယ်လို့ သူ့ရဲဘော်တွေလာမေးတိုင်း သူမက ခေါင်းခါရသည့်အတွက် ကြာတော့ ရင်ထဲဝယ်နာလာသလို ဖြစ်လာသည်။ ရဲဘော်တွေက မောင်လှမြင့်မရှိဘဲ ဖြစ်နေခြင်းပြဿနာကို ဆက်လက်ဆွေးနွေးကြသောအခါ မယဉ်နွယ်က မျက်ရည်

မကျမိအောင် မနည်း ချုပ်တည်းထားရလေသည်။

'မယဉ်နွယ် မောင်မြင့်နောင်ကော'

'အပြင်သွားတယ်'

မယဉ်နွယ်က ကိုသန်းဟိန်းအား ထိုင်ရန် နေရာပေးလိုက်သည်။

'ဟာ ဒီကောင်လေး ရွှေစင်ဦးဆီ သွားပြန်ပြီနဲ့တူတယ်'

မယဉ်နွယ်က ဘာမှပြန်မပြော၊ တကယ်တော့ မောင်လှမြင့်အား ရွှေစင်ဦး လာခေါ်သွားသည်မှာ သူမရှေ့တွင်ပင် ဖြစ်လေသည်။

နေ့လယ်က မောင်လှမြင့်သည် သူမအား စိန်ပန်းဘက်သွား၍ စက်ဘီးစီးကြရန် ပြောလေသည်။ သူမက မလိုက်ချင်ကြောင်း ပြောသော်လည်း ကလေးဆိုးလေးလို အတင်းခေါ်လျက် ရှိလေသည်။

'လာပါ သွားရအောင် မမ၊ အဲဒီမှာဆို သိပ်သာယာတာ၊ ပန်းမာလ် သစ်ပင်တွေကြားက မြေနီလမ်းလေးပေါ်မှာ ဘီးကို ဖြည်းဖြည်းစီးသွားရတာ ဘယ်လောက် ကောင်းတယ်မှတ်လဲ'

'အိုကွာ မောင်လေးကလည်း၊ မမက မသာယာဘူးလို့ ငြင်းနေတာမှ မဟုတ်ဘဲ၊ မအားလို့ မလိုက်ဘူးပြောတာ၊ မောင်းလေးလည်းသိသားပဲ၊ ဥပုသ်နေ့တိုင်း အဝတ်တွေ လျှော်ရတာကိုး'

'မောင်လေး တစ်ယောက်ရယ်လို့ ဘာမျှ အလိုလိုက်တာ ရှိသလဲ'

ဒီလို ပြောလိုက်သောအခါ သူမက မနေနိုင်တော့၊ ဒီလိုတော့ အပြောမခံနိုင်ပါ၊ နောက်မှ အဝတ် ဝတ်စရာမရှိဘဲ ရှိချင်ရှိပါစေတော့။

'မင်းဟာ သိပ်ဆိုးတဲ့ ကောင်လေးပဲ'

သူက ဒီလိုပြောပြီး အတွင်းခန်းသို့ အဝတ်လဲရန် ဝင်သွားမိလေသည်၊ ပင်လယ်ရေအောက် အပြာရောင်ထမီ၊ နွေဦး ကောင်းကင်ပြာရောင် အင်္ကျီလက်ရှည်လေးကို ဝတ်လိုက်သည်။ ဆံပင်ကိုတော့ ဆံကျစ်နှစ်သွယ် ကျစ်၍ ရှေ့မှချထားရာ အထက်ဆင်အောက် တစ်ထွာလောက် ရောက်လေသည်။ ပြီးမှ ဖဲကြိုး အပြာတပ်ထားသော လယ်သူမ ခမောက်လေးကို ဆောင်းလိုက်လေသည်။ ပြီးမှ ငွေရောင် လက်ပတ်နာရီလေးကို သော့

ပေးရင်း အတွင်းခန်းထဲမှ ပြန်ထွက်လာလေသည်။

'ဟာ အပြာမမက သိပ်လှပါလား၊ ခမောက်လေး ဆောင်းထားတာ သိပ်ယဉ်တာပဲ'

'ဟုတ်ကဲ့လားကွာ၊ ဒီလိုဆို လင်တစ်ယောက်တော့ ရနိုင်ပါတယ်နော် . . .'

'ဟာ မမလိုချင်တယ်ဆို ဘယ် တစ်ယောက်ကမလည်း တစ်ရာတစ်ထောင်'

'ဟော့ ဟော့ ဘာလဲကွ၊ ကိုယ့်ကို ပြည့်တန်ဆာ လုပ်ခိုင်းနေတာလား . . .'

'ဟာဗျာ'

မယဉ်နွယ်က ချစ်စဖွယ် ပွင့်ပွင့်လင်းလင်း ရယ်လိုက်လေသည်။ သို့သော်လည်း သူမက မောင်လှမြင့်၏ ချီးကျူးချက်ကို ကျေနပ်မိသည်ကတော့အမှန်ပင်၊ ထိုစဉ်ပင် သူမက မမျှော်လင့်သော ဧည့်သည်တစ်ယောက်ရောက်လာသည်ကို တွေ့ ရလေသည်။

'ဟာ . . . ရွှေစင်ဦး'

ရွှေစင်ဦးက ပြုံးပြုံးလေး ရပ်နေသည်။ အဝါဝယ် အနက်စင်းစပို့ရှပ်၊ လက်တစ်ဝါးခန့် အနက်စင်းက မို့သောရင်အုံပေါ်ဝယ် လှိုင်းထနေသည်၊ အညိုနှင့် မီးခိုးရောင်စပ် ဘောင်းဘီရှည်ကို ဝတ်ထားသည်၊ လက်တစ်ဖက်ကို ဘောင်းဘီအိပ်ထဲမှာ နှိုက်ထားသည်။

'အော် ဒါက အပြာလေ ရွှေစင်ဦး'

တစ်ယောက်အကြောင်း တစ်ယောက် သိထားပြီးဖြစ်သော အမျိုးသမီးနှစ်ယောက်က ပြုံးလိုက်သည်။ ရွှေစင်ဦးက သူမ၏ ညာဘက်လက်ကို ထုတ်ပေးလိုက်ရာ အပြာက ယောင်ချာချာနှင့် လက်ဆွဲ နှုတ်ဆက်လိုက်ရသည်။ တစ်ယောက်က အရှေ့တိုင်းအလှ တစ်ယောက်က အနောက်တိုင်းအလှ . . .

'ကဲ ကိုလှမြင့် စိန်ပန်းသွားရအောင် လာခေါ်တာ'

**ရန်အောင်စာပေ (၂)**

မောင်လှမြင့်က ရင်ထဲတွင် ထိတ်သွားသည်။ အပြာကလည်း ရင်ခုန်လာသည်။ သူမမောင်လေးက ဘာများ ပြန်ဖြေမလဲဟု ကြည့်လိုက်သောအခါ သူမအား မျက်နှာငယ်ကလေးနှင့် ကြည့်နေသည်ကို တွေ့ရသောအခါ သနားမိသည်။ ရွှေစင်ဦးအားလည်း စိတ်ထဲက ကျိန်ဆဲမိ၏။

'ဘာလဲ မလိုက်ချင်ဘူးလား၊ နေပေ့ါ တစ်ယောက်တည်းသွားမယ်. . .'

'ဟုတ်ပါဘူး၊ ဟို မမ မမ'

'အော် မမက ခွင့်မပြုမှာစိုးလို့လား ရွှေစင် တောင်းပန်မှာပေ့ါ၊ မမ သူ့ကို လိုက်ပါစေနော်၊ ရွှေစင် ကိုက်မစားပါဘူး'

မယဉ်နွယ်က ယောင်၍ ခေါင်းညိတ်လိုက်မိသည်။

'ကိုလေးမြင့်က မမကိုတော့ သိပ်ချစ်ရှာတယ်နော်၊ မမ ခွင့်မပေးဘဲ ဘာမှ မလုပ်ဝံ့ရှာဘူး'

အပြာက ဘာပြန်ပြောရမှန်းမသိ၊ ရွှေစင်ဦး၏ မထိတထိ စကားလုံးများသည် သူမ၏ရင်ကို ကြွေမွကုန်စေသည်။ နောက်ဆုံးတော့ သူမက အိပ်ယာပေါ်ပြေးကာ အားရပါးရ ငိုပစ်လိုက်ရလေသည်။

ဒီအချိန်ထိများ သူတို့နှစ်ယောက်က စိန်ပန်းမြေနီလမ်းပေါ်ရယ်ရယ်မောနေကြမည်လား၊ မယဉ်နွယ်က ခုထိ ရင်ထဲကဆို့၍ ငိုချင်တုန်း ဖြစ်လေသည်။ ရက်စက်စော်ကားလှချည်လား ရွှေစင်ဦးရယ် . . .

'မယဉ်နွယ်အနေနဲ့ ဆုံးမစမ်းပါ၊ မယဉ်နွယ်တစ်ယောက်ပဲ သူ အလေးစားဆုံး၊ အချစ်ဆုံးရှိတော့တယ်၊ ကျွန်တော်တို့ ဆွေးနွေးလို့တော့ မရဘူး၊ ကိုယ့်ကိုမချစ်တဲ့ အမျိုးသမီးတစ်ယောက်ကို ဒီလောက်ဖြစ်နေရတာ ရုပ်ဝါဒသမားတစ်ယောက်လို့ အခေါ်ခံထားတာ ရှက်စရာ ကောင်းလှတယ်။ ဒါပေမဲ့ သူ့အပြစ်ချည်းပဲ မဟုတ်လှပါဘူး၊ သူက မေ့ဖို့ရာ ကြိုးစားပါတယ်၊ ဟိုအမျိုးသမီးကိုက ကိုယ်လည်းမချစ်နိုင်ဘဲနဲ့ သက်သက် အရှုးလုပ်နေတာ၊ လှသလောက် ရက်စက်တဲ့အမျိုးသမီးပဲ၊ ဒီအတိုင်းသာဆိုရင် ဒီကောင်လေးဟာ မျက်ရည်ခမ်းပြီး သေသွားတော့မှာပဲ အဲဒီတော့

ဆုံးမစမ်းပါဦး၊ မယဉ်နွယ် စကားတော့ သူ နားထောင်မှာပါ'

ကိုသန်းဟိန်းစကားအဆုံးဝယ် သူမက မျက်လုံးကိုပြူး၍ ရှေ့သို့ အတင်း စူးစိုက်ထားလိုက်ရသည်။ နို့မို့ရင် မိုးနှင်းဥငွေရည်ပါ ကျလာပေလိမ့်မည်။

(၆)

လှိုင်ကြူရန့် သင်းပျံ့လေ . . .

စည်းရိုး၏ နောက်ဘက်ရှိ ပွင့်ဖူးပင်ငယ်တို့က ကြိုင်သင်းနေသည်။ စက်ဘီးနှစ်စင်းကို ထောင်ထားကာ သူတို့က ခြံစည်းရိုးကို ကျောပေးကာ မြသား မြက်ခင်းပေါ်ဝယ် ထိုင်နေကြသည်။ ရှေ့ယာခင်းထဲဝယ် မုန်လာထုပ်ပင်ကလေးတွေ ဖျော့နေရောင်ဝယ် တောက်ပနေသည်။ မြောက်ပြန်ညှင်းလေအေးက သူမ၏ ဆံပင်လေးတွေကို လှုပ်ရှားနေစေသည်။

'ရွှေစင် . . .'

'ဟင် ကိုလေးမြင့်'

'မသာယာဘူးလား ပျော်စရာပဲနော် . . .'

'အင်း သိပ်လှတာပဲ၊ ရွှေစင်တော့ ညနေတိုင်း ဒီလိုပဲ ထိုင်နေချင်တယ်'

မောင်လှမြင့်က မြေစိုင်ခဲကလေးများဖြင့် စာချောက်ရုပ်ကို ပေါက်နေရာမှ ရပ်ရင်း . . .

'ညနေတိုင်း ဟုတ်လား၊ ကိုယ်ကတော့ တစ်သက်လုံးကို ထိုင်နေချင်တယ်၊ ဟုတ်တယ် ရွှေစင် ယုံစမ်းပါ၊ ကိုယ်ဟာ ရွှေစင်နဲ့နေရတာ သိပ်ပျော်တာ၊ အမြဲပဲ ဒီလို နေလို့သွားချင်တယ်၊ ဘယ့်နှယ်လဲ ဟင် ရွှေစင် ဘယ်လောက် ပျော်စရာကောင်းမလဲ'

'အော် ကိုလေးမြင့်ရယ် ချစ်တယ်ဆိုတာပဲ ထပ်ပြောနေပြန်ပလား. . .'

**ရန်အောင်စာပေ (၂)**

'ဟုတ်တယ် ရွှေစင်၊ ချစ်တဲ့သူဟာ ချစ်တဲ့အကြောင်းကိုပဲ ပြောမှာပဲ . . '

ရွှေစင်ဦးက ခါးပတ်ကလေးကို ဖြုတ်၍ လက်မှရမ်းရင်း . . .

'ကိုလေးမြင့်ဟာ ခုလို ရွှေစင်နဲ့ သွားလာ ရယ်မောနေရရင် ပျော်တယ်မဟုတ်လား . . . '

'အင်း'

'ဒါဖြင့်ရင် ပြီးတာပဲ၊ ခုဆိုလည်း နေရတယ်၊ နောက်လည်းနေနိုင်တာပဲ ဘာများ ချစ်ရေးဆိုစရာ လိုသေးသလဲ၊ အချစ်ဆိုတာဟာ ဒီလိုလည်းပတ် ပြောဆိုနေတာကို ဆိုရင်လေ . . . '

မောင်လှမြင့်က ခေါင်းကို ခါလိုက်သည်။ နေက သစ်ပင်များ၏ နောက် ရောက်သွား ပြီ မှုန်ဝါးစ ပြုလာပြီ။

'ဒါဖြင့်ရင် ဟိုတစ်နေ့က အနမ်းမျိုးကို ချစ်တာလား'

မောင်လှမြင့်က စိတ်ပျက်စွာ သူမအား ငေးကြည့်နေမိသည်။

'ပြောစမ်းပါဦး ကိုလေးမြင့်ရဲ့ ဘာကိုချစ်တာလဲ အချစ်ဆိုတာ ဘာလဲ ခုလို ပြောဆို ရယ်မောနေတာကို မဟုတ်ရင် အနမ်းကိုမဟုတ်ရင် ထမင်းချက် အဝတ်ဖွတ်ပြီး ကျွန်ခံပေးတာကိုလား . . . '

'ရွှေစင် ဘာတွေ လျှောက်ပြောနေတာလဲ၊ ကိုယ်က ဘယ့်နှယ်လုပ် ဖြေရမှာလဲ၊ ကိုယ်ချစ်တာက အတူတကွ နေသွားဖို့ပဲ၊ အပြုံး အနမ်း ဒါတွေက အချက်အလက်တွေတင်ပဲ . . . '

စာရေးဆရာတစ်ယောက်က ဒါထက် ပိုမပြောတတ်၊ သူက ဝတ္ထုရေးနေရသည်မဟုတ်၊ သက်ရှိအမျိုးသမီးတစ်ဦးနှင့် ရင်ဆိုင်နေရသည် ဖြစ်သည်။

'ဒီမယ် ကိုလေး . . . '

သူမက မောင်လှမြင့်ဘက် လှည့်လိုက်ပြီး ဆက်မပြောဘဲ မော့မော့လေး ကြည့်နေသည်။ မောင်လှမြင့်က တွေနေပြီးမှ သူမကို ဆွဲယူလိုက်ကာ နှုတ်ခမ်းလဲ့လဲ့နီကို မမောမပန်းနိုင် စုပ်ယူလိုက်သည်။ သူမက

သူ့ကျောလေးကို လက်နှစ်ဘက်ဖြင့် ပြန်ဖက်ထားလိုက်သည်။ ရှည်လျားသော အနမ်း၏အဆုံးဝယ် မောင်လှမြင့်က သူမနှင့် ပါးချင်း ကပ်ထားလိုက်သည်။ အေးမြသော ကာလဝယ် နှစ်ယောက်သား ဇေ့ကြပ်စွာ ဖက်ထားသည်။ ပူနွေး၍ တက်ကြွနေသည်။ သူက သူမ၏ကျောကို လက် ပွတ်သပ်ရင်း ပို၍ တင်းကြပ်နေစေသည်။

အဲ့ဒီနောက်တော့ ဆန့်ကျင်ဘက်၏ တွန်းကန် ဆွဲငင်မှုသဘောကို တွေ့လာရသည်။ နှစ်ယောက်စလုံးက အတွေ့မှ ရုန်းကန်မထွက်နိုင်ကြ၊ ဆန့်ကျင်ဘက်၏ တိုးတက်မှုကိုသာ အဆုံးစွန် ထိတွေ့ခံစားကြရလေသည်။

မြေတွင် မရောက်၊ ပင်ပေါ်ပေါက်၍၊ နှင်းသောက် ရွှင်ရွှင်၊
ဖူးတံဆင်သည်၊ သဇင်ရွှေပွင့် လျှပ်ရောင်တင့်။ (ဦးယာ)
အဲ့ဒီလို သဇင်ပွင့်တဲ့ ဆောင်းညဦးမှာပေါ့ . . .

ရွှေစင်ဦးက မောပန်းစွာနှင့် နှင်းဖျန်းရွှန်းစိုသော မြက်ခင်းပေါ်ဝယ် လဲလျောင်းကာ မျက်လုံးကို မှေးထားလိုက်လေသည်။

'ရွှေစင် . . .'

သူမက အားယူကာ မျက်လုံးလေးကိုသာ ဖွင့်ကြည့်လိုက်သည်။

'ချစ်တယ် . . . ချစ်တယ်နော် . . .'

'ဘုရားရေ၊ ခုထိ ချစ်တယ် ပြောတုန်းပါလား . . .'

'ဘယ့်နှယ် ရွှေစင်'

သူမက စောင်း၍ တံတောင်နှင့် မြက်ကိုထောက်၍ လျောင်းရင်း. . .

'ဟုတ်တယ် ပြောဆိုနေရတယ်၊ နမ်းရတယ်၊ ပြီးတော့ ရွှေစင့် တစ်ကိုယ်လုံးလည်း ပေးပြီးရပြီ။ ဒါထဲက ဘာကိုများ ချစ်ချင်ရသေးတာလဲ. . .'

'ကိုယ် ဆိုလိုတာက အိမ်ထောင်တစ်ခု အဖြစ်နဲ့ တည်ဆောက်ဖို့. . .'

**ရန်အောင်စာပေ (၂)**

'အော် . . . ဒါလား'

သူမက ဟက်ဟက် ပက်ပက်လေး ရယ်မောလိုက်သည်။

'စိတ်ကူး မယဉ်စမ်းပါနဲ့ ကိုလေးမြင့်ရာ၊ အတူတူ လျှောက်လည်ရတယ်၊ နမ်းရတယ်၊ ပြီးတော့ ရွှေစင့် တစ်ကိုယ်လုံး ရတယ်၊ တော်ရောပေါ့။ အဲဒါတွေကိုချစ်ပါ။ အဲ့ဒါတွေကို ချစ်တယ်ဆိုရင်တော့ ရွှေစင်ကလည်း ပြန်ချစ်ပါတယ်၊ အမြဲပဲ။

'မဟုတ်ဘူး ရွှေစင်၊ ကိုယ်က ယာယီ သဘောကနေ ထာဝရကို ပြောင်းဖို့ရာ ပြောနေတာ၊ လက်ထပ်ဖို့ရာ . . .'

'အော် ကိုလေးမြင့်ရဲ့ အချစ်ဆိုတာက လက်ထပ်တာလား'

သူက ခေါင်းညိတ်လိုက်သည်။

'အဲဒီလိုဆိုရင်တော့ မဖြစ်နိုင်ဘူး၊ အချစ်ဆိုတာဟာ လက်ထပ်တာဆိုရင် ရွှေစင်က လက်ထပ်တာကို ငွေဂုဏ်ပေါ်မှာ အခြေခံထားတယ်။ ကိုလေးမြင့်မှာရှိတဲ့ ထမင်းငတ်သော စာရေးဆရာဆိုတဲ့ ဂုဏ်မျိုးကလည်း ကနေ့လူလောကမှာ သုံးလို့မရဘူး။ ကိုလေးမြင့်ရဲ့ ဝင်ငွေကလည်း ရွှေစင့် လုံချည်တစ်ထည်စာတောင် မရှိဘူး၊ အဲဒီတော့ ကိုလေးရာ ရွှေစင်ရဲ့ အပြုံးနဲ့ အနမ်းကိုသာ ချစ်ပါ။ ရွှေစင်က အမြဲတမ်း အဆင်သင့်ပါ၊ လက်ထပ်ဖို့ဆိုတာတော့ ငွေနဲ့ ဂုဏ်ရဲ့ အလုပ်ပါ . . .'

'ရွှေစင် တကယ်ပဲ လက်ခံ ယုံကြည်ပြီလား . . .'

'ယုံကြည်ရုံတင် မဟုတ်ဘူး ကိုလေး၊ ကျင့်သုံးတောင် နေတယ်'

'ဘာ ကျင့်သုံးတောင် နေတယ်'

မောင်လှမြင့်က အထိတ်တလန့် မေးလိုက်သည်။

'ဟုတ်တယ် ကိုလေးမြင့်၊ ရွှေစင် ဗိုလ်ကြည်လေးနဲ့ လက်ထပ်ဖို့ရာ သဘောတူလိုက်ပြီ . . .'

သူမက အေးအေးလေး အပြုံးမပျက် ပြောလိုက်သည်။ မောင်လှမြင့်က ကမ္ဘာကြီး ပျက်စီးချိန်တန်ပြီလားဟု ထင်လိုက်သည်။

'ဒါပေမဲ့ ကိုလေးမြင့်ဟာ အပြုံးနဲ့ အနမ်းကို အမြဲတမ်း ချစ်နိုင်ခွင့်

ရှိပါတယ်'

ရွှေစင်ဦးကသာ ရုတ်တရက် သူ့အား နမ်းလိုက်လေသည်။ သူကတော့ သူ့နှုတ်ခမ်းအား ရေခဲတုံးတစ်ခု လာထိကပ်လိုက်သည်နှင့် မည်သို့မျှ မထူးခြား၊ ဘယ်လိုများလဲ ကလျာနုနတ်ရယ်။ ရန့်လှိုင်သော ပွင့်ရတနာက ကြွေ၍ ဆုံးခဲ့ရလေပြီ။ ကြွေဆုံး ပွင့်ရန့်လှိုင် . . .

## ဒေါင့်စွန်းကျ မျက်ရည်

## (၁)

ဖွဲ့ဖွဲ့ ဖွဲ့ဖွဲ့မှုပဲ မကျတော့ပါလား၊ အမှုန်မှုန် ငွေမင် . . .

ရွှေမန်းမည်သည်က ငွေနှင်းမှုန်နေသော ကာလဝယ်ဆိုလျှင် ဝင်ရိုးစွန်း ရေခဲပြင်တွေများ ရောက်နေပြီလား ထင်ရအောင် ချမ်းသည်။ နွေဦးပေါက်လာပြီ ဆိုပြန်တော့လည်း တောကြီးမျက်မည်း အာဖရိကထဲ ရောက်နေပြီလား ထင်ရအောင် ပူအိုက်လေသည်။ အဝတ်မှလည်း ဝတ်ချင်သည် မရှိတော့။

ဒီလို ပူအိုက်လှပါသည်ဆိုသော ကာလဝယ် စောင်တွေ အထပ်ထပ် ခြုံထားရပြီး ချမ်းစီးနေသော စိတ်ပျက်စရာကောင်းလှသည့် လူတစ်ယောက်ကို မခင်ရီက တွေ့ရန်လာခဲ့လေသည်။ သူမက ပါးလှစ်လှသော နိုင်လွန်စကို အင်္ကျီလက်တို ချုပ်ထားသည်။ နောက်ကျောမှကြည့်လျှင် ဝါဝင်း၍နေသည်။ ထမီကပျော့ပျော့ အနက်ကလေး . . .

သူမက စက်ဘီးကို နင်းလာရင်း လက်တစ်ဖက်တည်း စီးကာ လက်ကိုင်ပဝါလေးဖြင့် ခဏခဏပဲ မျက်နှာကို ဖွဖွလေး သုတ်လေသည်။ နှုတ်ခမ်းလေးတွေက နှင်းဆီပန်းလို လန်းလန်းဆန်းဆန်း နီသည်။

'သူများဖြင့် အိုက်ရတဲ့အထဲ၊ သူက ချမ်းနေတယ်တဲ့ နော် . . .'

ဂင်္ဂါမြစ်ဝှမ်း၏ အရိပ်အငွေ့ပါသော ညို့ညို့မျက်လုံးလေးကို ကျဲ့ကုတ်ကာ သူမကအသံမထွက်ဘဲ ရေရွတ်လိုက်သည်။ ဖွေရှာသော အားဖြင့် လမ်းတစ်လျှောက်လုံး ဘယ်ပြန်ညာပြန် ကြည့်လာလျက်ရှိသည်။

တစ်နေရာသို့ ရောက်သောအခါ ဘရိတ်အုပ်လိုက်ကာ ဘီးပေါ်မှ ဆင်းလိုက်လေသည်။ ဝင်းဝဝယ် ဇယ်ခုပ်နေသော ကလေးမတစ်ယောက်ကို တွေ့ရလေသည်။ မခင်ရီက အိမ်ဘက် နှစ်ခါသုံးခါ ကြည့်ပြီးမှ

'ကလေးမ ဒါ မယဉ်နွယ်အိမ် ဟုတ်လား'

'ဟင့်အင်း'

ကလေးမက ခေါင်းခါလိုက်သည်။

'ဒါဖြင့် မယဉ်နွယ်အိမ်ဆိုတာ ဘယ်နားမှာလဲ ညီမလေးသိလား'

'မဟုတ်ဘူး မမ၊ ဒီအိမ်က ကျွန်မတို့လည်း ပိုင်တယ်တဲ့'

မခင်ရီက ခေတ္တမျှ ကြောင်သွားပြီး

'အိုကွယ် မမက ဘယ်သူပိုင်လဲ မေးတာမှမဟုတ်ဘဲ၊ မယဉ်နွယ် ဒီမှာနေလားလို့ မေးတာပဲ'

'အင်း နေတာပေါ့၊ တွေ့ချင်လို့လား'

'အေး နေဦး ညီမလေး၊ ဒီမှာ မောင်လှမြင့်ဆိုတဲ့ လူကောရှိလား'

'ရှိတယ်၊ ဒါပေမဲ့ သူကတော့ ဒီအိမ်ကိုမပိုင်ဘူး . . .'

'အေးပါကွယ် . . .'

မခင်ရီက မေသန်း၏ ခေါ်ဆောင်သွားချက်အရ ဧည့်ခန်းထဲသို့ ရောက်သွားလေသည်။ ဧည့်ခန်းထဲဝယ် စာရေးဆရာ မောင်မြင့်နောင်၏ လုံးချင်းဝတ္ထု အဖုံးများ မှန်ဘောင်သွင်းထားသည်ကိုတွေ့ရ၏။ အဲဒီနောက်မှ အပြာကို တွေ့ရလေသည်။

'ကျွန်မနာမည်က မခင်ရီတဲ့၊ မောင်လှမြင့်နဲ့ ကျောင်းနေဘက်ပဲ၊ သူ နေမကောင်းဘူးဆိုလို့ လာမေးတာ. . .'

'အော် မခင်ရီ ဆိုတာလား၊ ပြောကြတာ ကြာဖူးပါတယ်'

မခင်ရီကတော့ အပြာအကြောင်းကို တော်တော် ကြားဖူးလေသည်။ ယခုမူ ကျော်ကြားသလောက်လည်း လှသည်ကို သူမက မြင်တွေ့နေရပါပြီ။ အပြာကိုလည်း အမြဲဝတ်တာပဲ ထင်ပါ့နော်။

မယဉ်နွယ်ကတော့ မောင်လှမြင့်၏ ရဲဘော်များနှင့် အသိမိတ်ဆွေ

အားလုံးကို ယခုတစ်လအတွင်းမှာပဲ အကုန်လောက်နီး သိကျွမ်းခွင့် ရလေသည်။ သူဖျားနေသည့် ကာလအတွင်း အားလုံးက တဖွဲဖွဲ လာရောက်မေးမြန်းကြလေသည်။ ရွှေစင်ဦးတစ်ယောက်မှ တစ်ပါးပါပဲပေါ့။

'ထိုင်ပါဦးရှင်၊ သူ ခုအိပ်ပျော်နေတယ်၊ ဟဲ့ မေသန်း သွားကြည့်စမ်း၊ နင့် ကိုလေး နိုးနေပြီလားလို့'

ကလေးမလေးက အတွင်းခန်းသို့ ဝင်သွားရာ မခင်ရီနှင့် မယဉ်နွယ်က စားပွဲတွင် ထိုင်လိုက်ကြလေသည်။

'သူက ဒီလို ညနေစောင်းမှပဲ အဖျားကျပြီး အိပ်ပျော်တယ်၊ တော်ကြာနေ နိုးပြီးရင် တစ်ညလုံး မအိပ်တော့ဘူး . . .'

မယဉ်နွယ်၏ မျက်နှာလေးမှာ ညှိုးလျော်နေပြီး မျက်တွင်းကျနေ၍ ညအခါများတွင် မအိပ်ရမည်ကို မခင်ရီက ခန့်မှန်းမိ၏။ သူမ၏ အသံမှာပင် အနည်းငယ် ဝင်ချင်သလို ရှိနေသည်။ ဆံစလေးတွေ ဖွာကျနေရာ သနားစရာကောင်းသော အလှပဲဟု မခင်ရီက ထင်မှတ်လိုက်သည်။

'မနိုးသေးဘူး မမ'

မေသန်းက ထွက်လာကာ တီးတိုးပြောပြီး အပြင် ထွက်သွားလေသည်။

'ညီမလေးလား . . .'

'ဟုတ်တယ်ရှင့် အငယ်ဆုံး၊ သူ့ထက် အကြီးတစ်ယောက် ရှိသေးတယ်'

မခင်လတ်ကိုလည်း မခင်ရီက မကြာမီပင် မြင်တွေ့ရလေသည်။ ကလေးမက သူမအတွက် ကော်ဖီကို ဖျော်ကာ လာပို့လေသည်။

'သောက်ပါဦးရှင်'

'ကျွန်မကတော့ သူ့အသိတွေ လာပါစေလို့ပဲ ဆုတောင်းနေတယ်၊ သူ့အဖျားကလည်း ဘယ်လိုပျောက်အောင် ကုရမှန်းကို မသိနိုင်တော့ပါဘူးရှင်၊ တစ်လပဲ ကျော်လာပြီ၊ လူလည်း အရိုးပဲကျန်တော့တယ်။ ဆေးတိုက်လို့လည်းမသောက်၊ အစာကျွေးလို့လည်း မစားနဲ့၊ ဆရာဝန်က

လည်း စိတ်ထိခိုက်တာကိုကုနိုင်တဲ့ ဆရာဝန် မရှိသေးဘူးလို့ ပြောတာပဲ၊ ခုတော့ ကျွန်မဖြင့် လာတဲ့လူတွေကို အစာကျွေးခိုင်း ဖျောင်းဖျခိုင်း လုပ်ရုံက လွဲလို့ ဘာမှ မတတ်နိုင်တော့အောင်ပဲ၊ အဲ့ဒါ မခင်ရီလည်း စောင့်ပြီး သူနိုးတော့ ဆံပြုတ်သောက်အောင် တိုက်ပေးစမ်းပါဦး၊ ပြောလည်း ပြောပါဦး'

'ဟုတ်ကဲ့ . . .'

သူမက ဝန်သာခံလိုက်ရသည်၊ အကျိုးထူးလှမည်တော့ မထင်၊ ဤမျှ လှပသော ကရုဏာရှင်မတစ်ဦးက ဖိဖိစီးစီးပြုစုကာ ဖျောင်းဖျနေသည် ကိုမှ မနာယူလျှင် သူက ဘာမို့လဲ၊ မယဉ်နွယ်က မောင်လှမြင့်၏ အရင်းနှီး အလေးစားဆုံး မမပဲ မဟုတ်လား။

'သူ ဘယ်လိုဖြစ်ပြီး ဖျားသွားတာလဲ၊ စောစောကတဲက ကာကွယ်နိုင်ဖို့ ကောင်းတယ်'

'အဲဒီတုန်းကတဲက ပြောမရ ဆိုမရပေါ့ရှင်၊ ကျွန်မဆိုတာ စိတ်မပျက်နိုင်ဘဲ မဖျားအောင် ပြောနေတာ၊ ဒါပေမဲ့ . . .'

မယဉ်နွယ်က မောင်လှမြင့် ဖျားနေရခြင်း အခြေခံအကြောင်းများကို လူမမာလာမေးသည့် လူတိုင်းအား ပြောပြခဲ့ရသည်ရှိလေပြီ၊ မိုက်မဲလှသော လူတစ်ယောက်အကြောင်းကို ပြောပြရသည်ကလည်း ဂုဏ်ယူစရာ မရှိပေ။ ဤမျှ မိုက်မဲသည်ကို မယဉ်နွယ်ကလည်း ခုမှပဲ ကြုံးဖူးတော့သည်။ ရွှေစင်ဦးတစ်ယောက် လက်ထပ်တော့မည် ဆိုသောသတင်း ပြန့်နှံ့လာကတည်းက သူမမောင်လေး၏ အခြေအနေကို ရိပ်မိကာ အပြင်သို့ ထွက်ခွင့် မပေးခဲ့ပေ။ ကိုသန်းဟိန်းကလည်း ထိုသို့ပဲ အကြံပေးခဲ့၏။ သူမက အတင်းအကြပ်နှင့် အိမ်ထဲမှာပဲ နေစေ၏။ နို့မို့ရင်ဖြင့် လေလွင့်ပျက်စီးသွားပေမည်။ အိမ်မှာရှိရန် သူမက တတ်နိုင်ခဲ့ပေမင့် တစ်ညလုံးထိုင်၍ မှိုင်နေသည်ကိုတော့ သူမက ဘယ်လိုမှ မလုပ်တတ်ချေ။ အိပ်ရန် တဖွဖွ ပြောနိုင်ရုံပင် ရှိပြီး အိပ်ပျော်သွားအောင်တော့ သူမက မှော်ပညာလည်း မတတ်ချေ။

'အဲဒါရှင် တစ်ညလုံး ဟိုရှေ့က သစ်ပင်တွေအောက်မှာ သွားထိုင်

နေတာ၊ အဲ့ဒီတုန်းကဆိုတော့ သိပ်ချမ်းတုန်း မဟုတ်လား၊ နှင်းတွေက လည်း မှောင်နေတာပဲ၊ ကျွန်မ ပြောရတဲ့လူတောင် နှာစေးချောင်းဆိုးလာတယ်။ အဲ့ဒါ အအေးလည်းမိ အိပ်ရေးလည်းပျက်ဆိုတော့ ဘယ် ခံနိုင်တော့မလဲရှင်၊ ပြီးတော့ စိတ်ကလည်းထိခိုက် အစာလည်း ကောင်းကောင်း မစား မဟုတ်လား၊ ရွှေစင်ဦးတို့ လက်ထပ်တဲ့နေ့ကျတော့ တစ်ခါတည်း လဲတော့တာပဲ'

မခင်ရီသည် တစ်နေ့က ရွှေစင်ဦးတို့ လင်မယားကို တွေ့မိသည်။ ပျော်လို့ ရွှင်လို့ပဲ၊ သူမက မောင်လှမြင့် နေမကောင်းနေကြောင်း ကြားမိကြောင်း ပြောပြသောအခါ . . .

'ဟုတ်မယ် ရွှေစင့်ကိုလေးက ကျန်းမာရေးချို့တဲ့တယ်၊ ပြီးတော့ သူတို့ဘက်တော်သားဆိုတဲ့ လူတွေက သိပ်အပင်ပန်းခံတယ်။ အစားမှန်း မသိ၊ အအိပ်မှန်းမသိ အလုပ် လုပ်ကြတယ်မို့လား'

ရွှေစင်ဦးက ဒီလိုပဲ အကြောင်းရိုက်၍ ပြောလိုက်၏။ မခင်ရီကတော့ ကြားထဲက နာကြည်းကာ ဘာမှပြန်မပြောဘဲ ထွက်လာခဲ့၏။

'ရွှေစင် ရွှေစင် . . .'

'ဟော နိုးပြီ'

ဘယ်လောက်များ ခက်ပါသလဲ။ နိုးလာတယ်ဆိုရင်ပဲ ရွှေစင့်ကိုတသည်၊ လာ၍ ပြုစုမည့်သူက အပြာ . . .

'မောင်လှမြင့် . . .'

'အော် မမရီ . . .'

'နေလို့ ကောင်းရဲ့လား . . .'

ဘာမှမပြော အားယူ၍ ပြုံးလိုက်သည်။ မခင်ရီက ဤမျှ ပိန်သွားမည်ဟုမထင်ခဲ့၊ ယခုမူ မျက်တွင်းဟောက်ပက်နှင့် သူမက ကြောက်သလိုလိုပင် ရှိလာသည်။

"မမရီလည်း ကြားကြားချင်း ပြန်လာမလို့ပဲကွာ၊ စာမေးပွဲဖြေလျက်ာန်းလန်းမို့ မနေ့ကမှ ပြန်ရောက်တယ် . . .'

**ရန်အောင်စာပေ (၂)**

အမျိုးသမီးတစ်ဦးက ရန်ကုန်တက္ကသိုလ်တွင် အမ်အေစာမေးပွဲကို ကြိုးစားဖြေကာ ပီအိပ်(ချ)ဒီ ဘွဲ့ကို မျှော်မှန်းနေစဉ် သူက နှုတ်ခမ်းနီတစ်ခုကို တသရင်း ဖျားနေရလေသည်။

'မင်းဟာ မင်းကိုယ်မင်း အသက်ရှင်ဖို့တော့ ကြိုးစားသင့်တယ်. . .'

'သေတာနဲ့ ရှင်တာဟာ အတူတူပါပဲ . . .'

မခင်ရီက ဆက်၍ မပြောလိုတော့၊ သိနိုင်လျက်သားနှင့် မသိနိုင်ဘဲ မိုက်မဲနေသော လူတစ်ယောက်အား ဘယ်လိုမှ ဆက်၍ မပြောလိုတော့။ မယဉ်နွယ်ကိုသာ သနားမိသည်၊ သူမ၏ စိတ်ကျေနပ်မှုရှိအောင် ဆန်ပြုတ်တစ်ပန်းကန် တိုက်ပေးခဲ့သည်။ ဒီလိုပဲ တသရင်းနှင့် သေသွားမည့် လူတစ်ယောက်ကိုတော့ သူမက သနားကြင်နာမှု ခေါင်းပါးသူ မဟုတ်သည့်တိုင်အောင် ခြွင်းချက် အဖြစ်နှင့်တော့ မသနားရှိပေသည်။

အမျိုးသမီးတစ်ဦးအား တသသနှင့် ဖျားနေသူအား စိတ်ရှည်စွာနှင့် ပြုစုနေသော မယဉ်နွယ်အားသာ သနားခြင်းရှိလေသည်။

'ရွှေစင်ဦးဟာ မောင်လှမြင့်ကို မယဉ်နွယ် သနားတာထက် အပုံတစ်ရာမှာ ကိုးဆယ့်ကိုးပုံ လျော့ပြီး သနားတယ်ဆိုရင်ပဲ တော်လောက်ပါပြီ. . .'

မခင်ရီက ပြန်ကာနီးတွင် အပြာအား ပြောသွားသည်။

'မယဉ်နွယ်ကိုတော့ ကျွန်မ ချီးကျူး မဆုံးပါဘဲရှင်၊ ဂရုစိုက်ပါရှင်၊ သူ့ကို ဂရုစိုက်တာ ရှင်တစ်ယောက်ပဲ ရှိပါတော့တယ်၊ ရှင်တစ်ယောက်ပဲ ကယ်နိုင်တော့တယ်။ ကျွန်မ ပြောရဲပါတယ်။ တစ်နေ့ကျရင် မောင်လှမြင့်ဟာ သူ့အမှားတွေကို သုံးသပ်မိလာပြီး ရှင့်ရဲ့ ထိန်းချုပ်မှုအောက်ကို ရောက် လာရမှာပါ'

'အဲ့လိုပဲ ဖြစ်ပါစေရှင် . . .'

မခင်ရီက မယဉ်နွယ်၏ လက်ကလေးကို ဖျစ်ညှစ်လိုက်လေသည်။

(၂)

သန်းယံက ကျူးပြီမယ် . . .

မယဉ်နွယ်ကတော့ ယင်းမာပင်ကြီးအောက်ဝယ် ထိုင်ဆဲရှိသေးသည်။ သူမ၏ မျက်လုံးများကလည်း မှေးမှိတ်ဖို့ရာ မတောင်းဆိုကြ။ ဦးခေါင်းသည်ကလည်း ခေါင်းအုံးကို လွမ်းလှပါပြီရယ်လို့ မဆိုလာ၊ သူမအား ငဲ့ညှာလျက်ရှိချေလေ၏။ ထမီပြာကလေးက ငွေရောင်ကမ္ဘာဝယ် ညို့လျက်ရှိသည်။

စိန်ခြယ်ယမုံနာ . . .

ထက်မြင့်သော ကောင်းကင်ကပြာ၍ သူမက ယမုံနာပဲ ထင်နေသည်။ မိုးအပြာမှ နတ်သားလေးဆင်းလာမည်ကို မျှော်ငံ့နေသော အပြာမဟုတ်မူတော့ပါ။ ရွှဲသွားပေစေ မသေခင် သူမက ခုန်ချလိုက်ချင်သော ယမုံနာဟု ထင်မှတ်နေသည်။ သန်းယံကျူးပြီမို့ ရုပ်ကမ္ဘာကြီးက တိတ်သွေ့နေသည်။ သူမအတွက် အဖော်က ယမုံနာထဲမှ စိန်ပွင့်လေးတွေပဲရှိသည်။ ရင်းနှီးသောငွေကြယ်လေးတွေရယ် လာပါလား စကားပြောရအောင်လို့. . .။

လအရောင်က ဘယ်မှာလဲ၊ ယင်းမာခက်တွေ ယှက်နေသည်မှ ခိုးဝင်လာသော စိန်၏တောက်ပမှုသည် တစ်ပြောက်နှစ်ပြောက်သာ ဖြစ်သည်။ သူမ၏မျက်နှာက မှောင်ရိပ်လွှမ်းနေသည်၊ မမှောင်ပါကလည်း ဘယ်သူမှတော့ မြင်သည်မဟုတ်ပါ။ မယဉ်နွယ်၏ သမင်မမှ ပိုင်ဆိုင်လေ့ရှိသော မျက်လုံးအစုံဝယ် မျက်ရည်က ဝိုင်းဝိုင်းလည်နေသည်။ ဟောဒေါင့်စွန်းမှ ကျသွားရှာလေပြီ။

မယဉ်နွယ်က သူမကိုယ်ကို အပြစ်မတင်မိသော်လည်း မောင်လှမြင့်၏ မမတစ်ဦး ဖြစ်နေရသည်ကိုတော့ အံ့အားသင့်နေမိသည်။ စဉ်းစားဆတ်နိုင်သည်လည်းမရှိ ဘာ့ကြောင့်များ သူမက ဤမျှ သံယောဇဉ် ဖြစ်နေရပါသလဲ၊ သူမကို ဘာများ ခုထိ အကျိုးပြုခဲ့သည် ရှိပြီလဲ၊ မယဉ်နွယ်ကို မောင်လှမြင့် ဘယ်လို ချစ်ပါလို့လဲ . . .

ဟင်း . . . တဆိတ်ရှိ သူ့ရွှေစင်။

ဘယ်လိုမှ ပြန်မချစ်သော အမျိုးသမီးတစ်ယောက်ကို မိုက်မိုက်မဲမဲ ချစ်နေသော လူတစ်ယောက်ကို သူမက မောင်လေးတစ်ယောက်အဖြစ်နှင့် ဆွဲထားမိလေသည်။ ရွှေစင်ဦးက လှပါသည်။ သို့သော် ဘယ်လောက်များ ထူးထူးခြားခြား လှလို့လဲ၊ သူ့လောက်လှတဲ့ အမျိုးသမီး မရှိတော့၍လား၊ သူမထက် ဘယ်လောက်များ ပိုလှဦးမှာလဲလို့ မယဉ်နွယ်က တွေးရင်း . . .

ဟင် . . . ကျလာပြန်ပြီ ဒေါင့်စွန်းမျက်ရည်။

မယဉ်နွယ်က အသည်းထဲမှ နင့်ခနဲ နင့်ခနဲ နာသွားကာ တစ်ကိုယ်လုံး ပျို့ပျို့သွားသည်။ သူက ဘာကြောင့်များ ရွှေစင်ဦးကို မက်မောနေရတာလဲ၊ သူမက စဉ်းစားမရနိုင်၊ သူတို့ ယောကျ်ားတွေက ချစ်ခြင်းမေတ္တာကို ဘယ်လိုများ သတ်မှတ်ထားကြလေသလဲ . . .

ပြီးတော့ သူမကိုယ်ကိုပဲ အံ့အားသင့်ဖို့ရှိလေသည်။ မောင်လှမြင့်က သူများကို ချစ်နေသည့် ကျောင်းပြေး၊ တာဝန်ထိမ်း၊ ကလေးကလားနွဲ့ဆိုး၊ ဒါဖြင့် သူမက ဘာပြု၍များ သူ့ကို သံယောဇဉ် ငြိတွယ်နေရပါသလဲ။

သူများကို ချစ်နေတာတောင်ကိုမှ သူမက ချစ်နေမိသည်ဆိုလျှင် သူမကို ချစ်၍များ နေသည်ဆိုလျှင် . . .

ရှက်တော့ရှက်ပေမည့် မတတ်နိုင်ပါ။ သူမအား ဒုက္ခပေး နွဲ့ဆိုးသည်ကို မယဉ်နွယ်က သာယာလျက်ရှိချေပြီ။ မိုက်မိုက်မဲမဲ ကလေးလေးလိုရှိသူနှင့် နေရသည်ကို သူမက ပျော်လျက်၊ ခေါင်းစုတ်ဖွားကလေးနဲ့ . . .

'မမ ချိုချဉ်ဝယ်ပေး'

ဒါကိုပဲ ချစ်လေသလား၊ ဒါပေမဲ့ မျိုသိပ်ကာ 'ကျွန်မ ရိုးသားစွာချစ်တဲ့ မောင်လေးပါရှင်'

တိမ်က ရွေ့သည်၊ ကြယ်တွေကို ကွယ်ထားလိုက်သည်။ ပြီးတော့ တခြား လွင့်သွားပြန်ရော . . .

**ရန်အောင်စာပေ (၂)**

'တစ်နေ့ကျရင် ရှင့်ရဲ့ ထိမ်းချုပ်မှုအောက်ကို ရောက်လာရမှာပါ . . .'

မခင်ရီ၏ အားပေးမှုကိုလည်း မယဉ်နွယ်က အဲလိုပဲ ဖြစ်လာပါစေလို့ မသိနိုင်သော တစ်နေ့ကို စောင့်စားနေမိရ၏။ 'မေ့လိုက်ပါတော့လား' ကိုယ့်ကို မချစ်တဲ့လူကို . . .

သူမက ဂရုဏာဒေါသ ဖြစ်မိသည်။

ဒီမှာကဖြင့် ချစ်နေရတယ်၊ ယုယတယ်၊ ပြုစုတယ်၊ ပတ်ဝန်းကျင်က ဘာပြောပြော၊ လှတယ်လို့လည်း အများကကော ပြောကြလျက်သားနဲ့ ဟင်း မုန်းဖို့ကောင်းလိုက်တာ၊ ဘာလို့ မချစ်ရတာလဲ။

ဟော . . . ရွှေစင်၊ ရွှေစင်တဲ့၊ သူ နိုးလာပြီ။

အပြာက ထ၍ အိမ်ထဲသို့ပြေးလေပြီ၊ ဒီလိုပဲပင် တစ်ယောက်က ရွှေစင်ကို တသောအခါ သူမကပဲ ပြေးသွားရလေသည်။ ရင်နင့်သည် ဆို၍လည်း မနေအားတော့ပြီ၊ နောက်မှ . . .

'ချမ်းတယ် . . . ချမ်းတယ်'

အာလေးလေး မပီတပီ ညည်းသည်၊ သူမက စောင်တွေကို ရှာကာ ထပ်ပုံလိုက်သည်။ ဒါတောင်မှလည်း ရွှေစင်ကိုတရင်း ချမ်းတယ်ပဲ ညည်းနေ၏။

'မောင်လေး . . . မောင်လေး'

'ချမ်းတယ်မမ စောင်ထပ်ပေးပါ'

'ထပ်ထားတယ်၊ အထူကြီးပဲ'

'ချမ်းတယ်၊ အင်း ရွှေစင် ရွှေစင် ဘယ်မှာလဲ မင်း'

မယဉ်နွယ်က ကုတင်ပေါ်ဝယ် တင်ပါးစောင်း ထိုင်ချလိုက်သည်။

သူ ယောင်များနေတာလား။

စောင်အောက်မှလျှို၍ နဖူးကို စမ်းကြည့်လိုက်သောအခါ၊ သူမ၏လက်သည် တွန့်သွားသည်၊ ငရဲမီးဆိုတာများလား၊ ခြစ်ခြစ်တောက်ပဲ ပူနေလေသည်။ မယဉ်နွယ်က တစ်ချက်မျှ မျက်မှောင်ကျုံ့လိုက်ပြီး သူမ၏

မောင်လေးအား ဖက်ထားလိုက်သည်။ စောင်တွေကိုပါ သိမ်းကြုံး၍ တင်းကြပ်စွာ ဖက်ထားလိုက်သည်။

'အင်း အင်း ဟုတ်ပြီ၊ အဲ့ဒီလို တင်းတင်းဖက်ထား'

မယဉ်နွယ်က ရင်ထဲဝယ် အေးခနဲ ရှိသွားသည်။

'မောင်လေး မောင်လေး၊ ချမ်းသေးလား'

'ဒီလိုပဲ အမြဲတမ်း ဖက်ထားပါလား ရွှေစင်ရယ်'

သမင်မမျက်လုံးက အရည်ကြည်များလဲ့လာသည်။ အံ့ကြိတ်ထားလိုက်သည်။ အသက်မရှူဘဲ အောင့်တင်းထားလိုက်သည်။

'မောင်လေး မောင်လေး'

မထူးတော့၊ ပြန်၍ အိပ်ပျော်သွားလေပြီ၊ ချစ်သောရွှေစင်က ဖက်ထားသည်များ အထင်ရှိပြီး မိန်းမောသွားလေသည်လား၊ အိပ်မက်ထဲဝယ် ရွှေစင်ကို တသနေဦးမှာပါပဲ။

မယဉ်နွယ်က ချွေးပြန်သည်ကို သတိမထားမိ၊ တင်းကြပ်စွာ ဖက်ထားကာ ပါးကို စောင်ပေါ်အပ်ထားလိုက်သည်၊ ပူနွေးသော မျက်ရည်စက်က ဒေါင့်စွန်းမှ စီးကျလာသည်။

တစ်နေ့သော တစ်နေ့များကျရင်တော့ . . .

'မောင်ရင် သိပ်မိုက်တယ်၊ ကိုယ် တကယ် သတ်တောင် ပစ်ချင်နေပြီ'

မောင်လှမြင့်က ပြုံးလိုက်သည်မှတပါး ဘာမှမထူးခြား၊ သူ့အား နေမကောင်းခြင်းကို မေးရန်ဆိုပြီး လာရောက် ပစ်တင်ဆူပူကြသည်မှာ ရိုးနေပြီ၊ ခုဆိုပါရင်လည်း သူ အင်မတန်ချစ်သော ရဲဘော်ဖြစ်သည့် ကိုခင်မောင်သည် မနက်ခင်းဝယ် ရောက်လာကာ သူ့အား ကျိန်ဆဲလျက်ရှိလေသည်။

'လက်ထပ်သွားပြီတဲ့၊ ကိုယ့်ကိုမချစ်တဲ့ အမျိုးသမီးတစ်ယောက်အတွက် ဖျားနေတဲ့မောင်ရင်ဟာ မိုက်လိုက်တာမှ အမေရိကန် နယ်ချဲ့သမားတွေတောင်မှ မောင်ရင့်လောက် မိုက်မှာမဟုတ်ဘူး . . .'

ထိုအခိုက် မယဉ်နွယ်က ကော်ဖီပန်းကန်နှင့် ဝင်လာ၍ ကိုခင်မောင်

က စကားစကို ဖြတ်ထားလိုက်သည်။

'သောက်ဦးရှင့် . . .'

မယဉ်နွယ်က ကြော့ကြော့လေး ပြန်ထွက်သွားသည်ကို ကိုခင်မောင်က ငေးမောကြည့်နေသည်။ မောင်လှမြင့်ကတော့ ကိုခင်မောင်ကို သဘောကျနေသည်။

'ခင်ဗျားကိုတော့ ကျုပ်ယောက်ဖအဖြစ် မလိုလားပါဘူး'

'အင်း ကိုယ်တောင် ချစ်ချင်လာပြီ၊ ကိုယ်သာ မောင်ရင့်နေရာမှာဆို ခုဆို လက်ထပ်ပြီးနေပြီ၊ ဘယ်လောက်လှတဲ့ အမျိုးသမီးလည်း ယဉ်ကျေးတယ်၊ အိမ်ထောင်ထိန်းသိမ်းမှုတော်တယ်၊ ယုယချစ်ခင်တတ်တယ်၊ မောင်ရင့်ကိုမပြောနဲ့ မောင်ရင်နဲ့ပတ်သက်လို့ သိရတဲ့ ကိုယ်တို့ကိုတောင် ဘယ်လောက် ဂရုစိုက်လဲ၊ သူ့ခမျာ အမျိုးသမီးမဟုတ်ပါလား၊ ဒါနဲ့တောင် မောင်ရင့်ကို ပတ်ဝန်းကျင်က ပြောတာတွေကို ဂရုမမူဘဲ အိမ်ပေါ်တင်ထားခဲ့ တယ်၊ ဒါတွေကို မောင်ရင် သိဖို့ကောင်းတယ်၊ မသိဘူးဆိုရင်လည်း ညာတာပဲ၊ သိလျက်သားနဲ့ သူ့အိမ်ပေါ်နေပြီး မောင်ရင် ဒီပြင်အမျိုးသမီးကို တသနေတာဟာ သူ့ကို သက်သက် စော်ကားနေတာပဲ၊ ကိုယ်ကတော့ မောင်ရင့်ကို ရိုက်သတ်ပစ်ချင်လာပြီ . . .'

မောင်လှမြင့်က မပြုံးတော့၊ ငေးနေသည်။

'သူဟာ မောင်ရင့်ကို သိပ်ချစ်ရှာတယ်၊ အစ်မအရင်းတောင် ဒါလောက် ဂရုစိုက်မှာမဟုတ်ဘူး၊ အို မယဉ်နွယ်ဟာ အင်မတန် ချစ်ဖို့ကောင်းတဲ့ အမျိုးသမီးတစ်ယောက်ပါ။ မောင်ရင်က ဘာဖြစ်နေရတာလဲ'

'ဒီမယ် ကိုခင်မောင်၊ ကျွန်တော့်မှာ ဦးနှောက်ရှိပါတယ်၊ အပြာမပဟာ အင်မတန် ချစ်စရာ ကောင်းတယ်ဆိုတာကို ကျွန်တော့်ဦးနှောက်မှာ ပျက်စီးနေသေးတာ မဟုတ်လို့ သိပါတယ်၊ ခက်တာက ဦးနှောက်ထဲက ချစ်နေရာက အသည်းထဲ ရောက်မလာတာပါ၊ ချစ်ဖို့ကောင်းမှန်း သိပေမဲ့ မချစ်မိဘူး၊ မချစ်နိုင်ဘူး၊ ကျွန်တော့်အသည်းက ရွှေစင်ကိုသာပဲ ချစ်တယ်'

'မဟုတ်ပါဘူး၊ မောင်ရင့် အယူအဆတွေဟာ စိတ်ဝါဒသမား

ဆန်လှတယ်၊ မောင်ရင့်မှာ ရုပ်ဝါဒအတွေးအခေါ်တွေဟာ အကြွင်းအကျန် တောင် မရှိတော့ဘူး'

ကိုခင်မောင် ပြန်သွားသည်အထိ ဦးနှောက်နှင့်အသည်းကို ဆက်စပ်ကြည့် ကျန်ရစ်သည်။ သူ့အား အစစအရာရာ အလိုလိုက်သော မယဉ်နွယ်၊ သူ့အနွံအတာခံသော မမ၊ လှသော တုပြိုင်နိုင်ရာကင်းသူ၊ ယဉ်သော အပြာဝတ်စားမှု၊ နီးစပ်ထိတွေ့နေရမှု၊ အင်း . . . အပြာဟာ ချစ်ဖို့တော့ အထိုက်တန်ဆုံး အမျိုးသမီးပဲ။

ဒါပေမဲ့ သူ၏အသည်းဝယ်ကတော့ ရွှေစင်ဦးသာ စိုးမိုးဧကရီ ဖြစ်လျက်ရှိချေသည်။

(၄)

'ဟင် . . . မမ မအိပ်သေးဘူးလား'

သူက ကြောက်ကြောက်ရွံ့ရွံ့နှင့် မေးလိုက်သည်။ သူက နိုးလာ တော့ အနီးမှာထိုင်နေသော မယဉ်နွယ်ကို မြင်လိုက်ရသောအခါ တုန်လှုပ် သွားသည်။

သူက စောစောကပဲ အိပ်မက် မက်နေသည်။ ကိုခင်မောင် ပြော သွားသည်တို့ကို စိတ်စွဲနေ၍လား မသိ၊ သူက ငရဲပြည်သို့ ရောက်နေကာ အပြာကို မချစ်ခဲ့မိသည့်အတွက် ထမီဖွတ်နေသည်ဟု အိပ်မက်မက်နေ သည်။ သူက ထမီကို ရေနှင့်မဟုတ်၊ မီးနှင့် ဖွတ်နေရသည်ဖြစ်၏။ ပူလိုက် တာ လက်တွေတောင် ကျက်နေတာပဲ၊ သူက လန့်နိုးလာသောအခါ မော သွားသည်။ တော်ပါသေးသည်၊ ငရဲဆိုသည်ကို ရှိသည်ဟု မယုံကြည်ထားခဲ့ ၍၊ သို့တိုင် နိုးနိုးချင်း အပြာအား မြင်လိုက်ရသောအခါ သူက ဒုစရိုက်မှု တစ်ခုကို ကျူးလွန်လိုက်သလို ရှိသွားသည်။

မယဉ်နွယ်ကတော့ ညင်သာစွာ သူ့နဖူးကို စမ်းသပ်လျက်ရှိရာ မောင်လှမြင့်က နူးညံ့သော လက်ကလေးကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင် ထားလေသည်။ မယဉ်နွယ်ကတော့ ရုန်းကန်သည်မရှိ၊ မျက်တောင်လေး

ကော့ကော့နှင့် ကြည့်နေသည်။

'ဘယ်နှစ်နာရီ ရှိပလဲ'

'တစ်ချက်'

'ဘုရားရေ မမ ခုထိဘာလို့ မအိပ်သေးတာလဲ။ တော်ကြာ မမ ဖျားနေလိမ့်မယ်'

'ဟိုနေ့ညကလို အဖျားတက်ဦးမှာလားလို့'

'မတက်ပါဘူး၊ မမ အိပ်ချေတော့'

သူက တကယ်ပဲ သူမကို သနားလျက်ရှိသည်။ သူမမျက်နှာ အနည်းငယ် ချောင်ကျနေသည်ကို သူက ဂရုပြုမိသည်။

'မမက ကိစ္စမရှိပါဘူး၊ မင်းသာပြန်အိပ်လိုက်ဦး တစ်ရေး ရသွားအောင်'

သူကတော့ ညနေက ကိုခင်မောင်၏ စကားများကို ပြန်လည်ကြားယောင်လျက်ရှိသည်ပဲ။

'အပြာ မမ'

'ဟင် . . . မောင်လေး'

'မမဟာ ကျွန်တော့်ကို ဘာလို့ ဒါလောက် ဂရုစိုက်ရတာလဲ'

'ကိုယ့်ရဲ့ ချစ်သောမောင်လေးပဲကွယ်'

'မဟုတ်ပါဘူး မမ၊ မမကျေးဇူးက ကျွန်တော့်မှာ ပိနေပြီ'

'မောင်လေး နေကောင်းတယ်ဆိုရင်၊ မမ ဝမ်းသာလှပါပြီ'

'မမ . . .'

'ဟင် မောင်လေး'

မောင်လှမြင့်က စိုက်ကြည့်နေ၍ သူမက မျက်လွှာ ချလိုက်သည်။ လက်ကိုတော့ ပြန်မယုတ်မိ။

'မမ သိပ်လှပြီး သိပ်ပြီး သနားကြင်နာတတ်တာပဲ'

မယဉ်နွယ်က ပြောင်းလဲသောသူမမောင်လေး၏ စကားများအတွက် စဉ်းစားနေသည်။ သူမ၏ ထိန်းချုပ်မှုက ရနိုင်ပြီလား။

**ရန်အောင်စာပေ (၂)**

'မမဟာ ယောက်ျားတိုင်းက ချစ်မြတ်နိုးရမယ့် အမျိုးသမီးပဲ'

'မောင်လေး . . .'

'မမဟာ မိုက်တဲ့ကျွန်တော့်ကို ဘာလို့ ဂရုစိုက်နေရတာလဲ၊ ပစ်ထားလိုက်ပါ . . .'

'တော်ပါတော့ မောင်လေး . . .'

'အို . . ရွှေစင်ဟာ ဘာလို့ မမလို ကျွန်တော့်ကို မချစ်ရတာလဲ၊ မမဟာ ရွှေစင်ပဲ ဖြစ်လိုက်ပါတော့ . . .'

(၅)

အို . . . လှနတ်ကယ်၊ သည်ဝယ်ကြော့ရွှန်း၊ သွန်းရွှေရုပ်နွယ်။

ကပွတိန်ကြည်လေးက မေဂျာသို့ ရာထူးမြင့်တက်လာ၍ ဝမ်းသာရသည်ထက် အလှနတ်မယ်မိကို လက်ထပ်ရသည့်အတွက် ဝမ်းသာကြည်နူး၍ မဆုံးပါပေ၊ မန္တလေးတက္ကသိုလ်၏ ကြယ်ပွင့်လေးသည် ယခုမူ ဝယ် ဗိုလ်မှူးကတော်လေးပေါ့။

'တောင်ပေါ်ကနှင်းဆီ နန်းတော်ထဲသို့'ဟူသော အနောက်တိုင်းတေးကလေးကို အေးအေးမြမြဆိုရင်း ရွှေစင်ဦးသည် မှန်ရှေ့ဝယ် လှပနေသည်။ ပိုးမဲတောင်ပံလေးလိုစိမ်းသည့် ထမီလေးကို တင်းတင်းကလေးဝတ်ပြီး ဘယ်သို့ပြီး တစ်ဖန်ညာသို့ မှန်ရှေ့ဝယ် လှည့်ကြည့်လိုက်သည်။ နိုင်လွန် အောက်နားစကို ဆွဲချလိုက်သော်လည်း အထက်ဆင်သို့ ထိတွေ့သည်မရှိ၊ သူမက သူမရင်ကို ငုံ့ကြည့်လိုက်ပြီး ကျေနပ်သလို ပြုံးလိုက်သည်။ ဝိုက်၍ ညိုနက်တန်းကလေးကို သွားပွတ်တံငယ်ကလေးဖြင့် ပေါင်ဒါမှုန့်ကလေးတွေကို ထုတ်ပယ်ပစ်နေသည်။ ကြေးမုံပြင်ပေါ်မှာလည်း လှအရိပ်ရှင်။

'လာပြီလေကွဲ့ . . .'

တံခါးခေါက်သံကို ကြားလိုက်ရသော် သူမ၏ မောင်ပဲဟု ထင်လိုက်၍ ကန္တဲ့ကရ ပြောလိုက်သည်။

'ဟင်း ခုမှ လာရတယ် . . .'

တီးတိုးရွတ်ကာ ထလိုက်သည်။ ယနေ့ညသို့ အရာရှိရိပ်သာဝယ် ညှော်ခံပွဲရှိလေသည်။ ယူဂိုဆလပ် စစ်မစ်ရှင် ညှော်ခံပွဲ ဖြစ်လေသည်။ သူမ၏ မောင်က ကိစ္စရှိသေးသည်ဖြစ်၍ ခုမှ သူမအား လာခေါ်ခြင်းဖြစ်ပေမည်။ ရွှေစင်ဦးက ညှော်ခန်းကိုဖြတ်ကာ အိမ်ရှေ့တံခါးသို့ လျှောက်သွား သည်။

'အို . . .'

သူမ၏မောင်တော် မဟုတ်ပါ၊ ခမောက်ကလေးကို ကိုင်ရင်း ရပ်နေသော အမျိုးသမီးတစ်ယောက်ဖြစ်လေသည်။ သူမ၏ နှုတ်ခမ်းသည် တစ်ခုခုပြောမလို လှုပ်နေသည်ကို ရွှေစင်ဦးက အမှတ်ပြုလိုက်မိ၏။ တော်လှန်ရေးအလံတော်လို ရဲရင့်နီမောင်းသော နှုတ်ခမ်းစုံကို ငေးနေမိပြီးမှ . . .

'ဟင် မယဉ်နွယ်'

'ဟုတ် ဟုတ်ပါတယ်'

အို ဝင်ပါ လာပါ အထဲကို၊ ရွှေစင်က မမျှော်လင့်မိခဲ့လို့ အံ့အားသင့်နေမိလို့ပါ'

ဒီတော့မှ ရွှေစင်ဦးက သွက်လက်လာကာ မယဉ်နွယ်ကို အထဲသို့ ခေါ်သွားလေသည်။ သူမက ကုလားထိုင်ပေါ် မထိုင်မှုသေးဘဲ အသံဖမ်းစက်ကို တိုးတိုးကလေး ဖွင့်ထားလိုက်သည်။ မယဉ်နွယ်က ခမ်းနားသော အိမ်တွင်း ဆင်ယင်မှုများကို သတိပြုမိသည်။

'ရွှေစင်ဖြင့် မယဉ်နွယ် လာလည်တာ ဝမ်းသာလိုက်တာ မယုံသလိုဘဲ'

မယဉ်နွယ်က ဘာမှမပြောသေး၊ ရွှေစင်ဦးအားသာ ရွှေစင်ရုပ်ကလေး ကြည့်သလို ကြည့်နေသည်။ တေးသံက နောက်ခံအဖြစ် တိုးတိုးပေါ်ထွက်နေ၏။

'မယဉ်နွယ်က လာလည်တာပါပဲနော်. . .'

'မောင်လှမြင့် နေမကောင်းဖြစ်နေတယ် . . .'

**ရန်အောင်စာပေ (၂)**

သူမက ဆိုလိုရင်းနှင့် လာရင်းကို ပြောလိုက်သည်။

'ဘယ်သူကလည်း ပြောလို့ ကြားပြီးပါပြီ . . .'

ရွှေစင်ဦးက ပေါ့ပေါ့ပြန်ပြောလိုက်၍ မယဉ်နွယ်၏အသံက အလိုလိုမာ လာသည်။

'တော်တော် ဆိုးနေတယ် . . .'

'ဆရာဝန် မခေါ်ဘူးလား . . .'

'ဘယ်ဒေါက်တာမှ မကုနိုင်ပါဘူး . . .'

'ဟင် . . . အဲ့လိုဆို ဘိုးဘိုးအောင်မှ တတ်နိုင်တော့မှာပဲနော်'

မယဉ်နွယ်က စိတ်ပျက်မိသည်။ သို့သော် လာမိမှ ပြောရပေမည်။

'မရွှေစင်ဦး ရှင်သိပါတယ်၊ သူ့ကိုကုနိုင်တာ ရှင်တစ်ယောက်ပဲ ရှိတယ်'

'ဘုရားရေ ကျွန်မ ကျောင်းမှာတုန်းက ဆေးပညာကိုလည်း မသင်ခဲ့မိပါဘူး'

'ဒီမယ်၊ ညှော်သည် တစ်ယောက်ကို ဒီလို စော်ကားဖို့တော့ မကောင်းဘူး၊ ပွင့်ပွင့်လင်းလင်း ပြောရင် ခဏလေး ကိစ္စပြီးပြတ်သွားမယ် . . .'

'အင်း ဟုတ်တယ် ရွှေစင်လည်း သွားစရာရှိတယ်'

ရွှေစင်ဦးက ခုမှ အချိန်ဖြုန်းဖို့ မသင့်လျော်သည်ကို နားလည်လာသည်။ သူမ၏ သက်ထားမောင်က အခု ခဏလေးအတွင်း ရောက်လာနိုင်သည်။ မယဉ်နွယ်နှင့် ဗိုလ်မှူးကြည်လေး မဆုံမိစေချင်။

မယဉ်နွယ်ကလည်း သူမချစ်သော မောင်လေးအတွက်ဖြစ်၍ အင်မတန် သည်းညည်းခံနေရခြင်း ဖြစ်သည်။ မြန်မြန်ကိစ္စပြီးပြတ်ကာ မြန်မြန်ပြေးချင်ပြီ၊ မျက်နှာချင်းဆိုင်နေရသည်က ဝန်လေးလှသည်။

'အဲ့တော့ အနည်းဆုံး ရှင်လာကြည့်စေချင်တယ်'

'သူ့ကို . . .'

'ဟုတ်တယ် ရှင့်နာမည်ကိုပဲ တနေတာပဲ'

'ကျွန်မဟာ လက်ထပ်ပြီးနေပြီ ဆိုတာကို ရှင်သိပြီးပဲ၊ မေ့မနေဘူး

မဟုတ်လား'

'ဒါက လူမမာမေးတဲ့ အလုပ်တင်ပါ . . .'

'အရှည် အရှည်ရှိတယ်ရှင့် . . .'

'ရှင်လာရင် သူ အဖျားပျောက်သွားမှာပေါ့၊ ခုလောလောဆယ် အရေးကြီးနေတာက သူပျောက်ဖို့ပဲ၊ ပျောက်တော့မှ တစ်မျိုးစီစဉ်ပေါ့ . . .'

'မဖြစ်နိုင်ဘူး . . .'

ရွှေစင်ဦးက ခေါင်းခါလိုက်သည်။

'ရှင် ကျွန်မနဲ့ လိုက်ကြည့်ဖို့ရာ တောင်းပန်ပါတယ်ရှင်၊ ရှင့် ကိုလေးတစ်ယောက် အနေနဲ့ပေါ့ . . .'

'ကျွန်မ ခု မအားသေးဘူးရှင် . . . တော်ကြာနေ မောင်ရောက် လာရင် သွားရမယ် . . .'

'ခဏပဲရှင် . . . မျက်နှာပြရုံပဲ . . .'

'ရှင်ဟာ ရှင့်မောင်လေးကို ချစ်တယ်ဆိုရင် ပြန်ပါတော့၊ သူဟာ ခုနေ ရှင့်ကို မျှော်နေပါလိမ့်မယ်၊ ဒီမှာ ကျွန်မနဲ့ အကျိုးမဲ့ အချိန်တွေဖြုန်း မနေပါနဲ့ . . .'

မယဉ်နွယ်က စိတ်အား လျော့ပါးလာသည်။ နောက်ဆုံးအဖြစ် နှင့် . . .

'ကျွန်မကို သနားရင် လိုက်ကြည့်ပါရှင် . . .'

'အို ရှင့်ကိုလား၊ ကျွန်မ သနားပါတယ်၊ သူ့ကိုလည်းချစ်ပါတယ်၊ ကျွန်မ မအားလို့ပါ . . .'

'နောက်နေ့ ဆိုရင်ကော . . .'

'မေမြို့သွားရမယ် ထင်တယ်၊ မေမေတို့အိမ်က ဘော်ဘီလေး နေမကောင်းဘူးဆိုတာတောင် သွားကြည့်ချိန်မရဘူး . . .'

မယဉ်နွယ်က နားနှစ်ဘက်ကို ပိတ်ကာ အိမ်ထဲမှ ပြေးထွက်သွားမိ လေသည်။ နို့မဟုတ်ရင်လည်း ရွှေစင်ဦး၏ ပန်းရောင်ပါးကလေးကို နီရဲသွား အောင် အပြန်ပြန်အလှန်လှန် ရိုက်မိပေလိမ့်မည်။ ဘယ်မျှ ရိုင်းစိုင်း

စော်ကားပါသလဲ။ နှိုင်းယှဉ်ရက်သည်။ ဘော်ဘီနှင့်မောင်လှမြင့်၊ သူမက ရင်ထဲဝယ် ဆို့နစ်ကာ လမ်းမလယ်ကောင်ဝယ် မျက်ရည်ကျမိသည်။

အဆုံးမတော့ အပြာသာပဲ ရှိုက်ငင်ငိုကြွေး၍ နေတော့သည်သာ။

(၆)

'အပြာ မမ . . .'

မောင်လှမြင့်က ခေါ်လိုက်၍ မယဉ်နွယ်က လေးကန်စွာ အနားသို့ သွားရပ်မိ၏။

'ထိုင်ပါဦးတော့ . . .'

ပြုံး၍ သူ့နံဘေးဝယ် ထိုင်လိုက်သည်။

'မမ ဘယ်သွားတာလဲ . . .'

'ဈေး'

'ပြီးတော့ကော. . .'

'ဘာလို့လဲ . . .'

မယဉ်နွယ်က မလုံမလဲနှင့် ပြန်မေးလိုက်သည်။

'ဘာမှ မပြုပါဘူး သိချင်လို့ပါ . . .'

'ပြန်ခဲ့တာပဲ . . .'

'အင်း မမလည်း ကျွန်တော့်အတွက် ညာတတ်နေပြီနော်'

'ဟင် ဘာပြုတယ်၊ ညာတယ်'

'ဟုတ်တယ် မမ ရွှေစင်ဦးဆီ သွားတယ်ဆိုတာ ကျွန်တော် သိပါတယ်'

'ဘယ်က ဟုတ်ရမှာလဲ'

'လာသေးတယ် ညာတာ၊ မခင်လတ်က မမ မဂ်လာတံခါးက ဝင်သွားတာကို မြင်လိုက်တယ်တဲ့ . . .'

ဟုတ်ပေမည်။ ကလေးမက သူမသူငယ်ချင်းထံ အလည်သွားနေ သည့် အချက်ကို မယဉ်နွယ်က မေ့နေမိသည်။

'ဘာတွေ ပြောလဲ'

'ဘာမှ မဟုတ်ပါဘူး'

'ကျွန်တော့်ကို လိုက်ကြည့်ဖို့ခေါ်တာ မဟုတ်လား'

မယဉ်နွယ်က နံရံပေါ်ရှိ မောင်လှမြင့်၏ လုံးချင်းဝတ္ထုတစ်ပုဒ်မှ ဘောင်သွင်းထားသော မျက်နှာဖုံးကို ကြည့်နေသည်။

'မလိုက်ဘူးလို့ ပြောလိုက်တယ် မဟုတ်လား'

'မောင်လေးရယ် မမ ရှိပါတယ်ကွယ်'

'ဟုတ်ပါတယ် မမ ကျွန်တော်ကလည်း မမကို အားကိုးပါတယ်။ မမ ကျွန်တော့်ကို ဂရုစိုက်တာတွေကို ကျွန်တော် မေ့မသွားနိုင်ပါဘူး။ ကျေးဇူးတင် မဆုံးပါဘူး . . .'

'အိုကွယ် မမကတော့ မောင်လေးအတွက်ဆို ဘာမဆို လုပ်ပေးသွားမှာပဲ'

'အဲဒီ ဘာမဆို လုပ်ပေးမယ်ဆိုတာတော့ ကျွန်တော် မကြိုက်ဘူး၊ ခုလို ရွှေစင့်ဆီ သွားတာမျိုးကို ကျွန်တော် သဘောမတူဘူး၊ သူ့ကိုချစ်တဲ့ ကျွန်တော်တော့ အောက်ကျနောက်ကျ ရှိပါစေ၊ ချစ်မိတာကိုး၊ ဒါပေမဲ့ ကျွန်တော့်အတွက်နဲ့ မမတော့ အောက်ကျနောက်ကျ မရှိစေချင်ဘူး။ ဘာလို့ မမက သူ့ဆီကို မျက်နှာငယ်ငယ်နဲ့ သွားတောင်းပန်ရတာလဲ . . .'

မယဉ်နွယ်က သူမမောင်လေး စကားများအတွက် အားတက်သည်။

'ကျွန်တော် တောင်းပန်ပါတယ် မမ၊ ကျွန်တော် မိုက်ခဲ့မိတာ ကျွန်တော့်ကြောင့် မမဒုက္ခရောက်ရတာတွေကို၊ ကျွန်တော် နောက် မမ စိတ်ချမ်းသာအောင် အဖျားပျောက်အောင် ကြိုးစားပါ့မယ်၊ ဆန်ပြုတ် သောက်မယ် . . .'

'အို ကွယ် မောင်လေး'

သူမက ဝမ်းသာလှ၍ မျက်ရည်လည်လာရပြန်သည်။

'မမကလည်း အမြဲပြုံးပြုံးလေး နေနော် . . .'

**ရန်အောင်စာပေ (၂)**

မောင်လှမြင့်က သူမ၏လက်နှစ်ဘက်ကိုယူကာ သူ့ရင်ဘတ်ပေါ် ဝယ် တင်ထားလိုက်သည်။ မယဉ်နွယ်က ငုံ့ကာ သူမမောင်လေး၏ နဖူးကို လှိုက်လဲစွာ နမ်းလိုက်သည်။ ပြီးတော့ အသံလေး တုန်ရီစွာနှင့် . . .

'မောင်လေး လိမ္မာလာပြီနော် . . .'

မောင်လှမြင့်က ခေါင်းညိတ်လိုက်သောအခါ သူမက ပါးချင်း ကပ်ထားလိုက်မိလေသည်။

## မြရေယာဉ်စီး

(၁)

ဆင်းတင်ရည်မြိုင်၊ သင်းလှိုင်ကြော့ဦး၊ မြင်သူမူးမိမိသည်။

သူတို့နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။ မယဉ်နွယ်က သထားသည်။ ရေချိုးထား၍ အသားမှာ စင်ကြယ်ဝါဝင်းသည်။ အကြော လေးတွေက စိမ်းနေသည်။

'မမဟာက နည်းနည်းလေး'

'အံမယ် ဒါပဲကုန်အောင် သောက်ပါဦး၊ လောဘကြီးလိုက် တာ. . .'

မောင်လှမြင့်ကမူ ပန်းကန်လုံးထဲမှ စွပ်ပြုတ်ကို ကြွေဇွန်းနှင့် ခတ်သောက်ရင်း သူ့မမအား ရွှန်းရွှန်းစား ကြည့်နေသည်။

'ကျွန်တော် ရေချိုးချင်ပြီ'

'နက်ဖြန်ဆို ချိုးရမှာပေါ့ကွာ'

'အား နက်ဖြန် နက်ဖြန်နဲ့'

မောင်လှမြင့်က ပျောက်မယ့် ပျောက်ချင်တော့လည်း နေ့ချင်း ညချင်းပင်၊ ဆေးကိုပင် သောက်ရမည်ထက် ပို၍ နှစ်ဇွန်းခိုးသောက်သဖြင့် နှစ်ရက်မျှ ရင်တွေပူခဲ့သည်။ ဆန်ပြုတ်ဆိုလျှင် အလယ်တည်ပန်းကန်နှင့် သုံးပန်းကန်မျှ ကုန်အောင် သောက်ပစ်လေသည်။

ပျင်းရိ ခြောက်သွေ့နေသော အိမ်မှာ စိုပြည်စ ပြုလာသည်။

ညီမလေးနှစ်ယောက်မှာလည်း ပုံပြင်လေးများ နားထောင်လာရလေပြီ၊ မယဉ်နွယ်က ပိုမိုလှပလာသည်။ မောင်လှမြင့်က ညတိုင်း တော်တော်နှင့် မအိပ်သည်မှအပ ရွှေစင်ဆိုသောအသံကို ထိုအိမ်ဝယ် ကြားရခြင်းမရှိတော့။

'မမရေ ကျွန်တော် ကျောင်းမနေတော့ဘူး'

'ဟော လုပ်ပြန်ပြီ၊ မမိုက်တော့ဘူးဆို'

'အို အလွတ်ဖြေ ရပါတယ်။ ကျွန်တော်က မဂ္ဂဇင်းတစ်စောင် ထုတ်ချင်လို့'

'အဲလိုလား ကောင်းသားပဲ မမလည်းကူမှာပေါ့၊ မမ ဈေးမရောင်းတော့ဘူးလေ၊ ပုံနှိပ်တိုက်တစ်လုံး ဖွင့်မယ်'

'အဲ့ဒီကျရင် ကျွန်တော်က ပန်းချီဆွဲမယ်'

နားစွန်နားဖျား ကြားလိုက်သော မခင်လတ်က ဝင်ပြောလိုက်သည်။ မောင်လှမြင့်က လှပသော အနာဂတ်ကို ခြယ်မှုန်းနေသည်။ ယင်းသော်လည်း လှပသော အနာဂတ်ပေါ်ဝယ် ဆေးစက်များ စွန်းထင်းပျက်စီးသွားလေသည်။ အစကတော့ လှစရာလား ထင်မိသည်။ ဆေးစက်ကို တွေ့ရ၍ ခြယ်မှုန်းလိုက်လျှင် လှလာလားလို့၊ သို့သဖြင့်လည်း မက်မောစရာဟု မောင်လှမြင့်ကိုယ်တိုင် ကြည်သေး၏။ နောက်မှ သုံးမရတော့အောင် မှောက်ကျ စွန်းထင်းသွားခြင်း ဖြစ်လေသည်။

မောင်လှမြင့်အား တဖြည်းဖြည်း ကျန်းမာစ ပြုနေရာမှ ခုန်တက်မြင့်မား ကျန်းမာလာစေသည်မှာ မခင်လတ်ယူလာသော သတင်းစာကြောင့်ပင် ဖြစ်လေသည်။ မောင်လှမြင့်က သတင်းကို ဖတ်ပြီးသောအခါ အိပ်ယာမှ ဝုန်းခနဲ ထထိုင်လိုက်သည်။ မခင်လတ်ပင် လန့်သွားသည်။ သူမက မျက်လုံးကလယ်ကလယ်နှင့် သူလုပ်နေသည်တို့ကို ကြည့်နေမိသည်။

နေက ဝင်တော့မည်။

မောင်လှမြင့်က အင်္ကျီများထပ်ဝတ်ကာ အပြင်သို့ ကသုတ်ကရိုက်

ထွက်လာလေသည်။ မခင်လတ်က သူမ သယ်ယူလာသော သတင်းသည် ဤမျှ တန်ဖိုးကြီးမည်ဟု မထင်မှတ်ခဲ့၊ ခုတော့ သူက အံ့ဩမိသည်။

ဤသတင်းကိုဖတ်ရသော် သူမ၏ မမသည်လည်း မျက်ရည် တစ်စက် စို့လာသည်။

(၂)

နှောင်သည်း။

သူ့အသည်းက လွတ်မြောက်မှုကို မမြင်ပါ။ အနှောင်အဖွဲ့ အောက်ဝယ် ရှုန်းကန်ရင်း နစ်မြုပ်နေလေသည်။ သူ၏ အသည်းသည် နှောင်ထားခြင်းခံရသည်၊ ယခုမူပဲ သခင်မ၏ ရှေ့မှောက်ဝယ် ရောက်နေ လေပြီ။

ပိတောက်တစ်ခက်နှစ်ရွှေရည်လူး။

မောင်လှမြင့်က ပိတောက်ခက်ကလေးကို စားပွဲပေါ် ဝယ်စီ ရင်း. . .

'ဆိုပါဦး ပြဿနာက'

အဖြူစွက်နေသော မီးခိုးတတန်း အထက်တက်သွားသည် သူမက မီးခိုးကိုဖြတ်ကာ သူ့ကိုကြည့်နေသည်။ မှုန်ဝါးဝါးပဲ မြင်ရသည်။ ရွှေစင်ဦး ရာဇဝင်တွင်လည်း သူက မထင်မရှားဘဲ မဟုတ်ပါလား . . .

'မထူးဆန်းလှပါဘူး၊ သူက ရွှေစင်ကိုပစ်ပြီး အသစ်တွေနဲ့ ပျော်ပါး နေတော့ ရွှေစင်ကပြတ်စဲကြောင်း သတင်းစာက ကြော်ငြာလိုက်တာပါပဲ'

သူမက စီးကရက်ကို ပါးစပ်က မဖြုတ်ဘဲ ပြောလေသည်။

'ဒါကို သူက . . . '

'သဘောတူတာပေါ့၊ မကြာခင် သူကစီးကရက် သူဌေးသမီးတစ်ယောက်နဲ့ လက်ထပ်မယ်လေ'

'သူက ရွှေစင့်အပေါ် တော်တော်ဆိုးခဲ့လား'

'သိပ်တော့ မဆိုးဘူးထင်တယ်၊ အရက်သောက် မိန်းမလိုက်

မြင်းလောင်းတာတွေလောက်ပါပဲ'

သူမက အေးစက်စက် ပြောနေသည်။ လင်တစ်ယောက်ကို ကွဲလိုက်ရခြင်းသည် ငှက်ပျောသီးအခွံနွှာရသည်ထက် ဘယ်လိုမှ ထူးခြားဟန်မရှိပေ။

'ကောင်းပါတယ်၊ ရွှေစင်ဟာ စိတ်မချမ်းသာပဲ လင်ရှိနေရတာထက် တစ်ခုလပ်ဖြစ်ရတာက'

မောင်လှမြင့်က သတင်းစာထဲတွင် ရွှေစင်က ဗိုလ်ကြည်လေးအား လင်အအဖြစ်မှ စွန့်လွှတ်ကြောင်း တွေ့ရလျှင် တွေ့ရခြင်း ပြေးလာခြင်းဖြစ်လေသည်။ သူက သူမကို ဖျောင့်ဖျရသည်များ ရှိမလားဟု ထင်မှတ်ခဲ့သော်လည်း ယခုမူ သူမက ဘယ်လိုမှ စိတ်လှုပ်ရှားခြင်း ကြေကွဲနေခြင်း ရှိသည်ကို မတွေ့ရ။

'ကိုလေးမြင့် တစ်လောက နေမကောင်းဘူးဆို၊ ခု နာလန်ထလား. . . '

မောင်လှမြင့်က ရင်ထဲဝယ် နင့်သွားသည်။ သူ တစ်လကျော်ဖျားနေသည်ကို တစ်ခေါက်မှ လာမမေး။ မယဉ်နွယ် သွားခေါ်သည်ကိုပင် ခါးခါးသီးသီး ငြင်းခဲ့လေသည် မဟုတ်ပါလား။ သို့သော် သူက နာကြည်းစိတ်နာနိုင်ခြင်းမရှိ ဖွေမယူနိုင်ပါ။

'ပျောက်ခဲ့ပြီးပါပြီ'

'အပြာ ကုတာပေါ့နော် . . . '

'ဟုတ်တယ်'

သူက အသံမာမာ ပြောလိုက်မိပြီး ချက်ချင်း . . .

'ဒီလို မပြောပါနဲ့ ရွှေစင်ရယ်၊ သူဟာ ကိုယ့်ရဲ့ ရိုးသားသော မမပါ'

'ရိုးသားသော မမတဲ့၊ သူက ကိုလေးဆို ဘယ်လောက် ချစ်တယ်ဆိုတာ ကိုလေး သိပါတယ်'

'ဒါပေမဲ့ ကိုယ်ကတော့ ရွှေစင်တစ်ယောက်တည်းကိုပဲ ချစ်တယ်'

'အပြာကတော့ ကိုလေး တစ်ယောက်တည်းကိုပဲ ချစ်ရှာတယ်'

**ရန်အောင်စာပေ (၂)**

'ရွှေစင်က ဘာလို့များ ကိုယ့်ကို အပြာလို မချစ်နိုင်ရတာလဲ'

'ကျွန်မက ကိုလေးကို မချစ်ဘူးလို့တော့ မပြောခဲ့ဖူးပါလား. . .'

'ဘယ့်နှယ်'

မောင်လှမြင့်က သူမ၏စကားကို နားမလည်မိ။ သူမ၏ နှုတ်ခမ်းလေးကို အဖြေစောင့်စားရင်း ကြည့်နေသည်။ အရင်ကထက် လှလာသည်ဟု ထင်မိသည်။ ပါးကလေး မို့နေသည်၊ ပြီးတော့ နီသည်။

'ရွှေစင်က ခု လွတ်လွတ်လပ်လပ်ပဲ'

'ကိုယ် လိုချင်တာက . . .'

'အဲ့ဒါတော့ ဟုတ်တယ်၊ ကိုလေးကို လက်မထပ်နိုင်ဘူးလို့'

မောင်လှမြင့်က ဒီမေးခွန်းကို ထပ်မေးနိုင်ရန်အတွက် လာခဲ့ခြင်းပဲ ဖြစ်သည်။ မျှော်လင့်ချက်လည်း ထားခဲ့ပြန်သည်။ လာစဉ်လမ်းဝယ် ခြေထောက်မြေသို့ ထိသည်မထင်ခဲ့။

'ခုလည်း ဒါကိုထပ်မေးချင်တယ်၊ ရွှေစင်ဟာ လွတ်လွတ်လပ်လပ် ဖြစ်နေတယ်၊ ကိုယ်ကတော့ ရွှေစင့်ကို ဘယ်ဘဝရောက်ရောက် ချစ်နေမှာပဲ၊ ဆယ်လင်ပဲ ရပြီး ပြီး'

'အဲဒီလိုလူတွေ အများကြီးပါ . . .'

'ယုံပါတယ်၊ ဒါပေမဲ့ ကိုယ် လက်ထပ်ပါရစေ'

'ရွှေစင်ကတော့ အကောင်းဆုံးအကြံကို ပေးချင်တယ်၊ ကိုလေး အနေနဲ့ လက်ထပ်ဖို့ရာ အသင့်တော်ဆုံးက ရွှေစင်မဟုတ်ဘူး အပြာ။ သူက ကိုလေးကို ချစ်တယ်၊ လှတယ်၊ လိမ္မာတယ်

'တော်ပါ ရွှေစင်၊ အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောမနေပါနဲ့၊ ကိုယ်က ရွှေစင်ကလွဲလို့ ဘယ်သူ့ကိုမှ လက်မထပ်ချင်ဘူး'

'အဲဒါဆိုရင်တော့ အပြင်းအထန် ငြင်းရမယ် ကိုလေး၊ ရွှေစင် လက်ထပ်တာက လူကို မဟုတ်ဘူး၊ သူကိုက လက်ထပ်မှာတဲ့လား . . .'

သူမက သူ၏ကိုယ်ပိုင် သဘောတရားကို သဘောကျသည့် အလား ဟက်ဟက်ပက်ပက် ရယ်မောနေသည်။ ပြီးတော့ ငါးသုံးလုံးကို

ငါးဆယ်ဝင်ဘူးထဲမှ ထုတ်ယူကာ မီးခြစ်ဝိုင်းကလေးကို ဟန်ပါပါဖြင့် လက်တစ်ဖက်တည်းဖြင့် ခြစ်လိုက်၏။ မောင်လှမြင့်က ဤမျှ လွတ်နေသည်ကို သနားစိတ်ပျက်မိသည်။ ယင်းသော်လည်း မစွန့်လွှတ်နိုင် . . .

'ရွှေစင် ဒီလောက် အပေါစားဆန်တဲ့ အယူအဆတွေကို မမွေးပါနဲ့ . . .'

'အပေါစားဆန်တာ မဟုတ်ဘူး၊ ကိုလေးက လူမဆန်တာ၊ ဒီ အယူအဆတွေဟာ ခေတ်အမီဆုံး အယူအဆတွေပဲ'

ဟုတ်ပေမည်။ အရင်းရှင် လူမှုဆက်ဆံရေးစနစ်ဝယ် ခေတ်အမီဆုံး၊ အမြင့်ဆုံး သဘောတရား ဖြစ်လေသည်။

'ရွှေစင်က လူကိုလက်မထပ်ဘူး၊ ငွေနဲ့ ဂုဏ်ကိုသာ လက်ထပ်မှာ၊ ကိုလေး သိသွားအောင် ပြောရမယ်၊ ရွှေစင် မကြာခင် အတွင်းဝန် ဦးသိန်းဦးနဲ့ လက်ထပ်တော့မှာ၊ အဲတော့ ကိုလေး အပြာကိုသာ လက်ထပ်လိုက်ပါ၊ စိတ်ကူးမလွဲပါနဲ့'

မောင်လှမြင့်ကတော့ ကမ္ဘာကြီးသည် သူ့တစ်ယောက်တည်းကို ပစ်ထားခဲ့ကာ အဝေးသို့ပြန်သွားသည်ဟု ထင်လိုက်သည်၊ မျှော်လင့်ချက်က ပွဲချင်းပြီး သေဆုံးလေပြီ။ ရက်စက်နိုင်လွန်းတဲ့ မဖူရားရယ် . . .။

(၃)

'အဲ့ဒါ ကျွန်တော် မယဉ်နွယ်ကို ခင်လွန်းလို့ သနားလွန်းလို့ ပြောတာပါပဲ၊ တကယ်တော့ သူဟာ ကျွန်တော်တို့နဲ့အတူ လာနေပြီး အင်မတန်ရင်းနှီးတဲ့သူပါ၊ ခုတော့ မတတ်နိုင်ဘူး၊ စွန့်လွှတ်ထားလိုက်ရပြီ၊ အားလုံးကပဲ. . .'

'ဟင့်အင်း ကျွန်မတော့ မစွန့်လွှတ်နိုင်ဘူး . . .'

ယင်းမာသီးလေးက ကြွေကြွေ၍ ရွက်နုကစို့နေသည်၊ မုတ်သုံလေဦးဝယ် ပိတောက်နံ့က သင်းနေသည်၊ ညနေအစဝယ် အရှေ့ပိုင်းတိမ်များက ပန်းရောင်တွန့် လွင့်နေ၏။ ကိုသန်းဟိန်းက မယဉ်နွယ်နှင့်

မျက်နှာချင်း ဆိုင်ရင်း ဤလူမိုက်တစ်ယောက်၏ သည်းညည်းကိုခံနေနိုင်သော အမျိုးသမီးတစ်ဦးကို သနားသလို အံ့ဩသလို ကြည့်နေမိသည်။

သူတို့က မောင်လှမြင့်ကို သုံးမရတော့ဟု စွန့်လွှတ်လိုက်ကြပြီးလေပြီ။ အရင် ၎င်း၏လုပ်အား လုပ်ဆောင်ချက်တို့သည် အတိတ်ရာဇဝင်ဝယ်သာ ကျန်ရစ်ခဲ့ပြီး ရှေ့သို့ မတိုးတက်လာပါ။ ယခုမူ မောင်လှမြင့်သည် စိတ်ဝါဒနောက် တကောက်ကောက်ပါကာ ဖောက်ပြန်လျက် ရှိချေပြီ။

ရွှေစင်ဦး ဒုတိယအကြိမ် လက်ထပ်ပြီးသောအခါဝယ်မူ သူက ဘယ်သူ သင်ကြားပေးလိုက်၍လည်း မသိ၊ အရက်သောက်တတ်သော အကျင့်ကို ရလာလေသည်။ တစ်နေ့လုံးနှင့် မအိပ်ခင် တစ်ညလုံး မူးနေလေသည်။ တွေ့ကရာလူကို တွေ့ကရာနှင့်ကောက်ရိုက်ခဲ့၍ ဂတ်တဲထဲလည်း ခဏခဏ သွားရောက်ခဲ့ရလေသည်။ ကိုသန်းဟိန်းနှင့် သူမက မကြာခဏ သွား၍ အာမခံရရာ ဂတ်တဲတိုင်းနှင့်လည်း သိကျွမ်းခဲ့ရလေပြီ။ မောင်လှမြင့်က အဝတ်အစားမကပ်ဘဲနှင့် ဈေးချိုထဲနှင့် တက္ကသိုလ်မြက်ခင်းပေါ်ဝယ် လျှောက်ခဲ့၍လည်း အရိုက်ခံခဲ့ရကာ ဆေးရုံသို့လည်းရောက်ခဲ့ရလေပြီ။

ဤမျှ ဖောက်ပြန်မိုက်မဲနေသော လူတစ်ယောက်အား သူငယ်ချင်းများနှင့် ရဲဘော်များသည် ဝမ်းနည်းစွာနှင့် စွန့်လွှတ်လိုက်ရလေသည်။ သူတို့က တတ်နိုင်သမျှ ကြိုးစား၍တော့ ဆွေးနွေးပါသေးသည်၊ သို့သော်မရ၊ မမူးသည့်အချိန် အမိဖမ်း၍ ကိုသန်းဟိန်းနှင့် မယဉ်နွယ်က ပြောလျှင်သူက ပြုံး၍သာနားထောင်နေကာ ဘယ်လိုမှ မငြင်းဆန်ဘဲ နောက်မသောက်ပါဟု ကတိပေး၏။ သို့သော် ကတိများသည်လည်း ဒဿမဂဏန်းနောက်က သုညများသာ ဖြစ်ကာ ဘယ်လိုမှ တန်ဖိုးမရှိချေ။ သောက်မြဲသောက်လေသည်ပင်။

'ကျွန်တော်တို့မှာ တာဝန်ရှိလို့ ပြောနေတာပါ။ ကျွန်တော်တို့ အစကတော့ ပျက်စီး လေလွင့်နေတဲ့သူကို မယဉ်နွယ်က ထိန်းသိမ်းထားနိုင်တဲ့အတွက် ဝမ်းသာမိတယ်။ ကျေးဇူးတင်မိတယ်၊ သဟာလည်း

ပြန်ကောင်း လာပါလိမ့်မယ်လို့ ယူဆခဲ့တယ်။ ဒါပေမဲ့ သူဟာ တဖြည်းထက် တဖြည်း ပိုဆိုးလာခဲ့တယ်။ သူဟာ မယဉ်နွယ်ကို သိကတဲက ကောင်းကျိုး မပေးခဲ့တာ မဟုတ်လား၊ အမျိုးမျိုးနဲ့ဆိုးတာကို မယဉ်နွယ်က အနွံအတာခံ ခဲ့ရတယ်. . . '

'အို . . . အဲဒါတွက် ကျွန်မ ဝန်မလေးပါဘူး . . . '

'ဒါပေမဲ့ မယဉ်နွယ်၊ အခုဟာက လွန်လွန်းနေပြီ၊ သူဖျားနေတုန်း ကလည်း မယဉ်နွယ်ဟာ ဘယ်လောက် ပြုစုခဲ့ရသလဲ၊ အပင်ပန်းခံခဲ့ရ သလဲ၊ ကျွန်တော်တို့ကတော့ မယဉ်နွယ်ကို သနားလှပြီ၊ အားနာလှပြီ၊ ကျွန်တော်တို့ ရဲဘော်တစ်ယောက်အတွက်နဲ့ ဒါလောက် ဒုက္ခမရောက်စေ ချင်ဘူး၊ ပြီးတော့ ကျွန်တော်တို့ကလည်း သူ့ကို ရဲဘော်တစ်ယောက်အနေ နဲ့ အသိအမှတ်မပြုတော့ဘူး၊ သူ့လောက် လွတ်ပြီး အယူအဆ လွဲမှား ဖောက်ပြန်နေတဲ့ လူတစ်ယောက်ကို ကျွန်တော်တို့က မလေးစားနိုင်တော့ ဘူး၊ ရုပ်ဝတ္ထုကို မျက်ခြေပြတ်ပြီး အမျိုးသမီးတစ်ယောက်အတွက် ဒီလို ဖြစ်နေရတာဟာ တော်တော် ရှက်စရာကောင်းတာပဲ . . . '

'ဒါပေမဲ့ရှင် ကျွန်မကတော့ ကြိုးစားပြုပြင်မှာပဲ၊ သူဟာ တစ်နေ့ကျ သူ့အမှားတွေကို သိလာမှာပါ . . . '

'သူ့အမှားတွေကို မသိခင် မယဉ်နွယ် ဘယ်လောက် နစ်နာနေပလဲ၊ မယဉ်နွယ်က မိန်းမသားတစ်ယောက် မဟုတ်လား၊ နဂိုကမှ ပတ်ဝန်းကျင်က ကဲ့ရဲ့နေချင်ရတဲ့အထဲ အခုဆိုရင် ဘယ်လောက် ပြောနေမလဲ၊ ဘယ်လိုဝင့် မျိုးလဲ၊ အရက်သမား၊ ပြီးတော့ သွေးသားမတော်စပ်သူ တစ်ယောက်ကို. . . '

'အို ပြောချင်ရာ ပြောကြပါစေရှင်၊ ကျွန်မ မမှုပါဘူး . . . '

ကိုသန်းဟိန်းက ဘယ်လိုပဲကြိုးစား၍ ဆွေးနွေးသော်လည်း မယဉ်နွယ်က လက်မခံပေ။ သူမမောင်လေးကို ပစ်မထားနိုင်ဟု ဆိုလေ၏။

ဟုတ်သည်၊ မောင်လှမြင့်အား ရွှေစင် ပြီးတော့ သူငယ်ချင်းများ၊ နောက်ဆုံး ရဲဘော်တွေက စွန့်သွားသည်အထိ သူမက တွယ်တာလျက် ရှိလေ၏။ သူမအား ပတ်ဝန်းကျင်ကမူ ပစ်စလက်ခတ် ရစရာမရှိပင် မကြား

တကြားကော ကြားအောင်ကော ပြောကြလေသည်။ သို့သော် ဤသည်တို့ကို သူကမမှု။

သူမ အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်မိသည်မှာ သူမ၏ ညီမငယ်များအတွက်နှင့် အဒေါ်အတွက်ဖြစ်လေသည်။ သူမမောင်လေးက အရက်မူးကာ ဆူညံသောအခါ ညီမငယ်များက စိတ်ညစ်ကြလေသည်။ ကုပ်၍ ချောင်ဝယ်ပုနေကြရ၏။ ပုတီးစိပ်လိုသော အမယ်ကြီးလည်း အရက်နံ့ဖြင့် ခေါင်းမူးဝေနေလေသည်။

သို့သော် ဘာပဲဖြစ်ဖြစ် သူမက သူမချစ်သော မောင်လေးကိုတော့ ဖြစ်ချင်ရာဖြစ် လွှတ်မထားနိုင်ပေ။

မချစ်တော့သော ရွှေစင်ဦးအား ဤမျှသဲနေသည့်သူကို မိုက်မဲသည်ဆိုလျှင် ထိုတစ်စုံတစ်ယောက် မိုက်မဲစွာချစ်နေသော သူအားတွယ်တာနေသေးသော သူမအား ဘယ်လိုပြောမည်နည်း။

သူမကတော့ သနားခြင်း၌ အခြေခံလေသည်။ သူမက ကရုဏာဖြင့် ကြီးပြင်းလာရသူဖြစ်လေသည်။ မောင်လှမြင့်အား စတွေ့စကတည်းကပင် သနားကြင်နာမှုရှိလေသည်။ ထိန်းသိမ်းချုပ်ကိုင်သူမဲ့ ကိုးရိုးကားရားရှိနေသည်ကို သနားမိသည်။ ယုယ ပြုပြင်ပေးနေချင်သည်။ ပြီးတော့ သူ၏ ကလေးဆန်သော အပြုအမူများ၊ ပွင့်လင်းသော ပြောဆိုမှုများကို နှစ်သက်ခြင်းရှိလေသည်။ စာရေးဆရာတစ်ယောက် အနေနှင့်လည်း ကြည်ညိုသည်ရှိခဲ့၏။ သူမအား သစ္စာတရားအား ဆုပ်ကိုင်မိရန် ပို့ခဲ့သူမှာ သူပဲ မဟုတ်ပါလား၊ သူက ယခုမှ သစ္စာတရားတို့ပြင်ပသို့ ရောက်နေခြင်းဖြစ်၏။

မယဉ်နွယ်ကတော့ မောင်လှမြင့်ကို ပြုပြင်သွားနိုင်လိမ့်မည်ဟု အခိုင်အမာ ယုံကြည်ထား၏။ တစ်နေ့ကျလျှင် သူမ၏ ထိန်းချုပ်မှုကိုခံလိမ့်မည်ဟု တော်တော်ပဲ မျှော်လင့်ထား၏။ ယခု သူ့အမှားများကို သူက အတွေ့အကြုံအရ သိရပေမည်။ နောင်တမရသူရယ်ဟူ၍ မရှိတန်ရာ၊ ထိုအခါ ပြည်သူ့သားကောင်း တစ်ယောက်အဖြစ်နှင့် မြင်ရလိမ့်မည်ဟု သူမက စွဲမြဲထားသည်။

**ရန်အောင်စာပေ (၂)**

'အင်းလေ . . . မယဉ်နွယ်က မစွန့်လွှတ်နိုင်သေးဘူးဆိုရင်လည်း ဘယ်တတ်နိုင်မလဲ၊ ဒါပေမဲ့ သိပ်အလျှော့မပေးနဲ့ပေါ့၊ တစ်ခါတလေ တင်းပေး၊ ကျွန်တော်လည်း တတ်အားသလောက်တော့ ကြိုးစားကြည့်ပါဦးမယ်။ အရေးရှိရင် ကျွန်တော်တို့ ပြောပေါ့၊ ကဲ ကျွန်တော်ပြန်ဦးမယ်၊ မောင်လှမြင့်ကတော့ သန်းခေါင်လောက်မှ ရောက်မှာပါ၊ ရောက်ချင်မှလည်း ရောက်မယ်၊ ခုဆိုပဲ ဆေးရုံမှာလား၊ ဂတ်တဲမှာလား'

အစွန်းသို့ရောက်နေသော အလွန်အကျွံ ကရုဏာ၏ အကျိုးတရားမှာတော့. . .

(၄)

မေ့မူးရှိုက်ရှိုက်ငိုတရည်။

ည၊ သို့မဟုတ် တိတ်ဆိတ်ခြင်းဆိုသည်က လေးနက်ခြင်းပင် ဖြစ်လေသည်။ ညက ဘာမဆို လေးနက်စေသည်။ အထူးသဖြင့် ဝမ်းနည်းပူဆွေးခြင်းနှင့် ကြောက်ရွံ့နေခြင်းတို့ကို လေးနက်စေသည်။ အားပေးသည်။

ညက တိတ်ဆိတ်နေသည်။ လူတွေကလည်း သက်ရှိသတ္တဝါများ ဖြစ်၍ အိပ်နေကြသည်။ အင်မတန် ပါးစပ်အလုပ်ရှုပ်သော ခွေးများနှင့် ပုဏ္ဏားနွားများသာ ဆူညံ ရွေ့လျားနေကြသည်။ လူဆို၍တော့ ရုပ်ရှင်ကြည့်များလည်း အိပ်လောက်ပေပြီ။ ညငှက်များကတော့ အသက်ရှင်ရေး အလုပ်မို့ တာဝန် ထမ်းဆောင်နေပေသည်။

ဤလို ကာလမျိုးတိုင်အောင် မောင်လှမြင့်က ပြန်မလာသေးချေ။ မယဉ်နွယ်ကတော့ ပြေးလွှားနေသော လေအတွင်းဝယ် ထိုင်နေသည်။ ဝင်းဝမှ 'မေ့ပါနဲ့သက်ဝေရယ်' ပန်းပင်လေးတွေကို ဘေးစောင်းပြု၍ ထိုင်နေမိသည်။ ညီမငယ်များ မဆိုထားနှင့် စောစောက ၂၄ ပစ္စည်းကို ကျယ်လောင်စွာ ရွတ်နေသော ဒေါ်လေးသည်လည်း အိပ်မောကျ၍ ဟောက်နေလေပြီ။

မောင်လှမြင့်က ဒီအချိန်ဆိုလျှင် ကုလားတွေ ဆိုက်ကားသမားတွေနှင့် ရောကာ ချက်အရက်ကို မက်မန်းသီးနှင့် သောက်နေဆဲရှိမည်လား၊ သူ့လိုဘိုင်ကျသော လူတစ်ယောက်က ဟော်တယ်တွေပေါ် တော့ မရောက်ပါဘူး၊ သူက ဤမျှပိုက်ဆံကိုပင် စာမူရေး၍ ပို့မှရ၏။ မရေးချင်သော်လည်း အရက်ဖိုးငွေလိုတော့ ရေးရလေသည်။ သို့သော် သူ၏ စာပေများသည် သိသိသာသာ ညံ့လျက်ရှိသည်။ ယုံကြည်ချက် ရည်ရွယ်ချက်မဲ့သော စာပေက ဘယ်သို့မျှလည်း တန်ဖိုးမရှိပေ။

အရက်ဆိုင်မှာ မရှိတော့ရင်လည်း ကျဉ်းမြောင်းပုပ်စော်သော သံတိုင်းများအတွင်းက အုတ်သမံတလင်းပေါ်ဝယ် အိပ်ပျော်နေချေပြီလား။ အစိုးရ၏ အနိမ့်ကျဆုံးသော ညှော်သည်တစ်ယောက် ဖြစ်နေနိုင်ပေသည်။

သို့မဟုတ်ကလည်း ဆေးရုံအခန်းဝယ် ကုတင်ထက်၌ ရှိပေမည်။ မယဉ်နွယ်ကတော့ ဖွဲ့ကြီးစွာနှင့် စောင့်ဆိုင်းနေလေသည်။ အတွေးများသည်ကလည်း မောင်လှမြင့်နှင့် ရွှေစင်ဦး တစ်လှည့်စီ သို့မဟုတ် ရောနှော၍ ဖြစ်လေသည်။ သူမက လက်ကိုင်ပဝါ အပြာလေးကို ယာဘက်လက်ဝယ် ဆုပ်ကိုင် ထားကာ မကြာခဏ မျက်လုံးများကို ပွတ်သပ်လေသည်။

ညဆိုသည်က အိပ်ဖို့ ဖြစ်လေသည်။ ရွှေစင်ဦးသည် ဆိုလျှင်တော့ သူမ၏ အတွင်းဝန် ရင်ခွင်ထက်ဝယ် အိပ်ပျော်ကောင်းနေသည်။ သို့မဟုတ်ပါက ကလူကျီစယ် နေကြပေလိမ့်မည်။

မယဉ်နွယ် တစ်ယောက်ကသာ အမှောင်ထဲဝယ် တစ်ယောက်တည်း ထိုင်နေလေသည်။ သူမက လမ်းမီးတိုင်များအကူအညီဖြင့် လူတစ်ယောက် လျှောက်လာသည်ကို တွေ့ရမလားဟု မြင်နိုင်သည်အထိ ကြိုးစား၍ ကြည့်နေ၏။

မည်းမည်းအရိပ် လမ်းအကွေ့မှပေါ် လာသည်ကို သူမက တွေ့ရသည်။ သူမက လူလား နွားလား ကွဲပြားအောင် ကြည့်နေမိသေးသည်။ မီးတိုင်တစ်တိုင်ပို၍ နီးလာမှ ဒရီးဒယိုင် လျှောက်လာသော လူတစ်ယောက် အဖြစ် ကွဲပြားလာလေသည်။ သူမက တုံ့နှေး ကြန့်ကြာခြင်းမရှိဘဲ ထိုလူဆီ

ပြေးသွားလေသည်။ သူမ အနီးသို့ရောက်ခါနီးမှာပင် ထိုလူသည် မဟန်နိုင်တော့ဘဲ ရှေ့သို့ ထိုးလဲကျသွားလေသည်။

'မောင်လေး မောင်လေး . . .'

မယဉ်နွယ်အား စူးရှသောအရက်နံ့က အရင်ထူးလိုက်လေသည်။

'မ . . . မ'

'ထ . . . ထ'

သူမက ကြိုးစား၍ ထူလိုက်သည်။ သူ၏ဘယ်လက်ကို သူမပခုံးပေါ်တင်လိုက်ကာ သူမညာလက်ဖြင့် သူ့ခါးကိုဖက်ကာ ခေါ်လာလေသည်။ တစ်ခါတစ်ခါ မောင်လှမြင့် ယိမ်းယိုင်သွားရာသို့ သူမပါပါသွား၍ နှစ်ယောက်စလုံး လဲမသွားအောင် မနည်းထိန်းရလေသည်။ သို့သော် သူမက အမူးသမားကို တွဲရသည့် အတွေ့အကြုံနှင့် အလေ့အကျင့်တော့ အတော်ရလေပြီ။

အသင့်ဖွင့်ထားသော တံခါးမှဝင်ကာ သူမသည် ခုတင်ပေါ်ထိ ပို့ရလေသည်။ မောင်လှမြင့်သည် ခုတင်ပေါ် ဖင်ချမိလျှင် ချက်ချင်းကန့်လန့်ဖြတ် လဲအိပ်လိုက်သည်။

မယဉ်နွယ်က ,သူ့ခြေထောက်ဝယ် တစ်ဖက်တည်းသာပါသော ဖိနပ်ကို ချွတ်ပြီး မနိုင့်တနိုင်နှင့် တည့်ပေးလေသည်။ ခေါင်းအုံးပေါ်မ, တင်လိုက်သည်။

'မမ'

သူက လေးကန်စွာ ခေါ်လိုက်သည်။

'မမဟာ ကျွန်တော့်ကို သိပ်ချစ်တယ်နော်'

'အေးပါကွယ် အိပ်အိပ် သိပ်စကားမများနဲ့၊ ညီမလေးတွေ နိုးလာမယ်'

'မနိုးပါဘူး၊ ဒီကောင်မလေးတွေက ကာလနဂါးပါ'

သူမက ပြုံးလိုက်မိသည်။

'ကျွန်တော်ကလည်း မမကို သိပ်ချစ်တယ်'

**ရန်အောင်စာပေ (၂)**

သူက မယဉ်နွယ်ကို လက်နှစ်ဘက်ဖြင့် မိရာလှမ်းဖက်လိုက်ပြီး သူ့ကိုယ်ပေါ် ဆွဲချလိုက်သည်။ ပထမ သူမ၏လည်ပင်း၊ နောက်မှ နှုတ်ခမ်းကို ရှာဖွေတွေ့ရှိ သွားကာ ရှည်လျားစွာ နမ်းယူထားလိုက်လေသည်။

သူမက ရင်ထဲဝယ်ဖိုသွားသည်၊ အကြောတွေ စိမ့်သွားသည်၊ မောပမ်းနွမ်းနယ်သွားသည်၊ မရုန်းမိ၊ ပြန်၍ပင် ဖက်ထားရာ အသက်ပင် ကောင်းစွာမရှူနိုင်။ သူမ၏ရင်မှာ တဒုန်းဒုန်းနှင့် လျှင်မြန်စွာ သွေးတိုးနေသည်။ မောင်လှမြင့်၏လက်က သူမ၏တစ်ကိုယ်လုံးကို ပွတ်သပ်နေရာ သူမမှာ တွန့်တွန့်လွန့်လွန့်နှင့် ဖြစ်နေသည်။ သူမတစ်ကိုယ်လုံးမှာ ကျင်နေသည်၊ စကားမပြောနိုင်၊ အာခေါင်တွေ ခြောက်နေသည်၊ ရေငတ်သလိုပဲပင်၊ သတိရမလို မရသလိုနှင့် အတွေ့ကို ခံစားနေရသည်။

သူတို့နှစ်ယောက်က မြရေယာဉ်စီးဝယ် မျောပါလျက်ရှိချေပြီ၊ သို့သော် ဘယ်အကွေ့ဝယ် မြင့်မားလှသော ရေတံခွန်ထက်မှ အေးခနဲ ကျသွားမည်ကိုတော့ မခန့်မှန်းနိုင်ကြသေးပေ။

## ပွင့်ယာဉ် နီလာ

(၁)

ဂမုံးသဇင်လည်း ဖြူဖြူပွင့်လေပြီ . . .

မိုးက တစ်နှစ် ရင့်ယော်ခဲ့ပြန်တော့ပြီ၊ ယမန်မိုးကဖူးခဲ့သော ဂမုံးသဇင်သည် မိုးအသစ်ဝယ် ပုလဲညီညီပွင့်လေပြီ၊ အစီအစီ သီ၍ထားဘိ သကဲ့သို့ . . .

ကျိုက်သီရိရိအပြာ။

ကျက်သရေ အင်မတန် ပြည့်သော အပြာသည် သဇင်ဖြူဖြူလေးတွေကို ငေးကြည့်နေသည်၊ မသင်းတသင်း ညှင်းနေသည်။

'ဒါ မမအိမ်ရှေ့ ဆွဲထား၊ ဝါဦးကျရင်ပွင့်လိမ့်မယ်'

ခုတော့ ပွင့်ပကောလေ၊ ယမန်ဝါဆိုဦးက ပြင်ဦးလွင်ပြန် လက်ဆောင်အဖြစ်နှင့် သူမအား မောင်လှမြင့်က ပေးခဲ့သည်။ အဲဒီတုန်းက

ဖူးစို့၍ ယခုများတော့ ပွင့်လို့နေခဲ့ပြီလည်း ဖြစ်ပါသလေ၊ မောင်လှမြင့် တစ်ယောက်ကသာ ပွင့်နေပြီဖြစ်သော သဇင်နှင့် အဆက်အသွယ်ပြတ်၍ နေခဲ့သည်သာ . . .

လေတွင်လွင့်သဇင်နံ့က မောင်လှမြင့်ရှိရာကိုမှ ရောက်ပါလေမည်လား၊ မောင်လှမြင့် ရှိရာကိုလည်း မသိမှာမှန်း . . .

မောင်လှမြင့်တစ်ယောက် ရွှေမန်းနေပြည်ဝယ် မရှိတော့သည်ကို သိကြသော်လည်း ဘယ်ဝယ်ရှိသည်ကိုတော့ မသိကြ၊ ဘယ်ဝယ်သွားသည်လည်း မထင်ရှား၊ ကြာခဲ့ပြီကတော့ သုံးလမှပင်။

သာမန်လူအများကတော့ မောင်လှမြင့်တစ်ယောက် တောခိုသွားလေပြီဟု ပြောဆိုနေကြသည်။ ဘာတစ်ခုရှိရင်သောင်းကျန်းသူဟု ပြောလေ့ရှိသော အစိုးရ၏ စုံထောက်များသည်လည်း ပြာယာခတ်လျက်ရှိသည်။ မောင်လှမြင့်၏ ရဲဘော်များထံ ချဉ်းကပ်လျက် သူ့သတင်းကို စနည်းနာလျက်ရှိသည်။ စနည်းသည်ရှိသော်လည်း ရဖို့တော့ခဲယဉ်းသည်။

ရင်းနှီးသော ရဲဘော်များကိုယ်တိုင်ကလည်း မောင်လှမြင့် သွားလေရာ အရပ်ကိုမသိကြ၊ သို့သော် တောထဲသွားမည်မဟုတ်တော့ သူတို့က ယုံကြည်ထားကြ၏။ မောင်လှမြင့်လို စိတ်ဓာတ်ကျနေသော ရဲဘော်တစ်ယောက်က အချစ်အတွက် လေလွင့်မည်ပဲ ဖြစ်မည်ဟု သူတို့က ယုံကြည်ထားသည်။

ဘာပဲပြောပြော ထင်မြင်ချက်သာဖြစ်၏။ မောင်လှမြင့်၏ သတင်းကို သုံးလမျှကြာသည်အထိ အစအနမျှမကြားရ၊ မြစ်ထဲမှ အလောင်းတစ်လောင်း ပေါ်လာသည်ဟု ကြားရလျှင်လည်း သေလေပြီဟု ယူဆနိုင်သေး၏။ ယခုမူ အဲ့ဒီလို ထင်နိုင်ရန်လည်း ဘယ်တစ်ယောက်တလေမျှ ရေနစ်မသေ။

ဘယ်ကိုများ သွားလေသည်ထက် ဘာ့ကြောင့်များ သွားလေသည်ကိုပင် မသိကြ၊ နောက်တော့မှသာ မယဉ်နွယ်က မောင်လှမြင့် ဘာ့ကြောင့် အဝေးသို့ လွင့်သွားသည်ကို မျက်ရည်စက်လက်နှင့် ပြန်ပြောမှ

သူမအား သနားကြရ၏။

သူမကို သနားလာကြသလောက် သူ့ကို မုန်းထားလာကြသည်။ သို့သော် သူမက သူ့ကိုပဲ ချစ်နေရှာသည်။

မောင်လှမြင့်တစ်ယောက် ပျောက်သွားပြီကို ကြားကြားချင်း ကိုသန်းဟိန်းက မယဉ်နွယ်ထံ ရောက်လာ၏။ သူက မျှော်လင့်ခဲ့ပြီးသလို ပင် ဝင်းဝတွင်ငြိမ်နေသော ကလေးမနှစ်ယောက်၊ အိမ်ဝတွင် ပုတီးစိပ်ရင်း မောင်လှမြင့်အား ပြန်လွတ်ရန် သမာဒေဝနတ်များအား တိုင်တည်နေသော အဘွားကြီး၊ အခန်းထဲတွင် ကြေပေစေ အိပ်ရာခင်း၊ မှောက်ရင်းငိုနေသော မယဉ်နွယ်ကို အဆင်သင့် တွေ့နေရသည်။ ကိုသန်းဟိန်းက မောင်လှမြင့် အားသာ ကျိန်ဆဲမိလေသည်။

ပြန်လျော့ကျနေသော ဆံပင်က ကော့တက်နက်နေသည်။ မျက်ခုံးလေးကမို့၍ အဇန္တပန်းချီငွေ့နေသည်၊ သွားနှင့် တင်းတင်းကိုက်ထားခဲ့၍ အောက်နှုတ်ခမ်းမှာ နီနေသည်။ ပါးအချိုင့်ဝယ် မျက်ရည်အိုင်နေ သည်။ ညစ်ဖန်များသဖြင့် ပေါ်လွင်သော နှာတံဝယ် နှင်းဆီဖူးနေသည်။ ကိုသန်းဟိန်းကို တွေ့သောအခါ မယဉ်နွယ်က ကြိုးစား ပြုံးလိုက်ရှာသည်၊ ယင်းကလည်း အပြုံးက မဆုံး၊ တန့်၍နေသည်၊ လမ်းခုလတ်မှာဝယ် . . .

ကိုသန်းဟိန်းကမူ တစ်ပိုင်းတစ်စ အပြုံးနှင့် ညှိုးလျော့လျော့ သူမကို ကရုဏာ အလှမယ်အဖြစ် တွေ့မိသည်။

'မငိုပါနဲ့ မယဉ်နွယ်၊ မရနိုင်တဲ့ဟာအတွက် ဒီလောက်ဖြစ်နေရတဲ့ လူတစ်ယောက်အတွက်ကို . . .'

သူမက ကြေတွန့်နေသော အပြာစကို အထက်ဆင်စနား ရောက် နိုင်သမျှ ရောက်အောင် ဆွဲချနေသည်။

'ချစ်တဲ့လူကိုမချစ်ဘဲ၊ မချစ်တဲ့သူအတွက် ထွက်သွားတဲ့လူကို. . .'

'အို မောင်လေးဟာ ကျွန်မအတွက် ထွက်သွားတာပါ'

'ခင်ဗျာ မယဉ်နွယ်အတွက် . . .'

ကိုသန်းဟိန်းက ဘယ်လိုမှ နားလည်နိုင်ခြင်းမရှိ။

**ရန်အောင်စာပေ (၂)**

'ဟုတ်တယ်၊ ကျွန်မအတွက်၊ သူဟာကျွန်မကို မချစ်တောင် လေးစား ကြောက်ရွံ့မှုတော့ ရှိတယ်'

ကိုသန်းဟိန်းက သူ့အား ကလေးသူငယ် မဟုတ်ဘဲလျက် စကားထာဖွက် နေသည်ဟုထင်မိသည်။

'နေပါဦး မယဉ်နွယ် ကျွန်တော် အူကြောင်ကြောင် ဖြစ်နေတယ်၊ မယဉ်နွယ် ဘာတွေပြောနေတာလဲ၊ မယဉ်နွယ်တို့ ဆက်ဆံရေးမှာ ကျွန်တော်သိတာထက် လျှို့ဝှက်မှု ထိပ်တန်းတွေများ ရှိနေလား'

'ရှိပြီလား ကိုသန်းဟိန်း၊ အင်မတန် အရေးကြီးပြီး မမျှော်လင့်တဲ့ အဖြစ်အပျက်တစ်ခုဟာ ညတစ်ညမှာ ဖြစ်ခဲ့ရတယ်၊ ဒါကို ကျွန်မနဲ့ မောင်လေးပဲ သိတယ်။ အဲဒီအဖြစ်အပျက်ကြောင့် သူဟာ ခုလိုထွက်သွားတာပေါ့။ ဒါပေမဲ့ ဒီလို မဖြစ်သင့်ဘူးရှင်'

ကိုသန်းဟိန်းက ခေါင်းကို ခါလိုက်ပြီး . . .

'ကျွန်တော်နားလည်အောင် ပြောစမ်းပါ'

မယဉ်နွယ်က သူမ၏အိပ်ထဲမှ ကြေမွနေသော စာရွက်အပြာလေးကို . . .

'ဒါကို ဖတ်ကြည့်ပါဦး'

မမ . . .

ကျွန်တော်လောက် မိုက်တဲ့လူဟာ ရှိတော့မှာမဟုတ်ဘူး၊ ကျွန်တော်ကိုယ်တိုင် ခွင့်မလွှတ်နိုင်တာကို ကျူးလွန်မိခဲ့ပြီ၊ မိခင်တစ်ယောက်ကို ပြစ်မှားမိခဲ့ပြီ၊ မမကို ကျွန်တော် ဘယ်လိုမှ မျက်နှာချင်းမဆိုင်ရဲဝံ့တော့ဘူး၊ မမကို ခွင့်လွှတ်ပါလို့လည်း ခွင့်မတောင်းတော့ပါဘူး၊ ခွင့်လည်း မလွှတ်ပါနဲ့၊ ခွင့်လွှတ်နိုင်တဲ့ အပြစ်မျိုးလည်းမဟုတ်ပါ။ ဒါပေမဲ့ လူယုတ်မာရဲ့မျက်နှာကိုတော့ မမ မမြင်ရစေတော့ပါဘူး၊ ကျွန်တော် သွားပြီမို့ . . .

မိုက်တဲ့
လှမြင့်

'ဘယ် ဘယ်လို ဖြစ်ကြတာလဲ'

**ရန်အောင်စာပေ (၂)**

ကိုသန်းဟိန်းက အဖြေကို စိုးရွံ့စွာနှင့် မေးလိုက်သော်လည်း ကြားရသော အဖြေမှာ မသက်သာပါ။ နာကြည်းစရာ ကောင်းလှသည့် ညတစ်ည၏အမှား။

'မိုက်တဲ့ကောင်၊ ဒီကောင်ဟာ သူ့ရာဇဝင်ကိုသာ မဟုတ်ဘူး ရဲဘော်တွေရဲ့ ရာဇဝင်ကိုပါ ဖျက်တဲ့အကောင်'

'အို အဲဒီညက ကျွန်မအပြစ်လည်း ပါပါတယ်၊ အိုလေ ကျွန်မ အပြစ်ကြီးပါပဲ၊ သူက မူးနေတာမဟုတ်လား၊ သူ့ကိုယ်သူမှ မထိန်းနိုင် မဟုတ်လား၊ ကျွန်မ အသာလေး ရုန်းရင်တောင် လွတ်တာပဲ၊ အို' သူမက လက်ဆယ်ချောင်းဖြင့် မျက်နှာကိုမလုံမလဲ အုပ်ကာ ငိုလေသည်။ ကိုသန်း ဟိန်းက သူမကို သနားရုံသာ တတ်နိုင်သည်။ ချော့မော့ရုံပဲ ရှိတော့သည်။

'မငိုပါနဲ့တော့ မယဉ်နွယ်ရယ်'

မယဉ်နွယ်က မျက်ရည်စတွေကို သုတ်နေသည်။

'ကျွန်မ သူ့ကိုမုန်းပါဘူး၊ မမုန်းနိုင်ပါဘူး'

'ကျွန်တော်က ဘာလုပ်ပေးရမလဲ မယဉ်နွယ်'

'သူ့ကို ရှာပေးပါလားရှင်၊ အိုလေ ရှာလို့ရမှာမဟုတ်ပါဘူး။ ကျွန်မ က ခွင့်လွှတ်ကြောင်းနဲ့ ပြန်လာဖို့အကြောင်း သတင်းစာထဲက ကြော်ငြာ ပေးပါလား'

'မယဉ်နွယ် ဆန္ဒအတိုင်း ဖြစ်ပါ့စေမယ်'

'ကျွန်မ ယုံကြည်တယ်ရှင်၊ သူ့လို လူတစ်ယောက်ဟာ တစ်နေ့မှာ အမှန်ကို မြင်လာရမှာပဲ၊ သူမှားလေသမျှဟာ အမှန်နား များများနီးကပ်လာ တာပဲ၊ အိုရှင် ကျွန်မပြောရဲပါတယ်။ မောင်လေးဟာ တစ်နေ့ ကျွန်မဆီ ပြန်လာမှာပါပဲ၊ သူဟာ ကျွန်မကိုချစ်ပါတယ် . . '

'ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်လေ၊ သတင်းစာတွေ မှာလည်း နက်ဖြန် ကြော်ငြာပါနိုင်အောင် လုပ်ပါ့မယ်'

ထိုသည်၏နောက် . . .

မောင်လေး . . .

**ရန်အောင်စာပေ (၂)**

မမ ခွင့်လွှတ်သည် အမြန် ပြန်လာပါ၊ ပြန်လာခြင်းဖြင့်သာ အပြစ်ကို အာပတ်ဖြေနိုင်မည်။

အပြာ

နေ့စဉ်သတင်းစာများတွင် ဆက်ကာဆက်ကာ ပါလာတော့သည် ရှိသော်လည်း မောင်လှမြင့် တစ်ယောက်ကတော့ ပြန်ရောက်လာခြင်းမရှိပါ။ ကိုးလမျှကြာခဲ့သည်တိုင် သတင်းအစအနမျှ မကြားရ။

သို့တစေ မယဉ်နွယ်တစ်ယောက်ကတော့ စောင့်စားလျက်သာ ရှိသည်။ သူမကတော့ သူတစ်နေ့ဝယ် ပြန်လာလိမ့်မည်ဟု တထစ်ချ ယုံကြည်နေ၏။ သူတို့ဇာတ်လမ်းအဆုံးက မျက်ရည်မဟုတ်ဘဲ ရယ်မောခြင်းသာဖြစ်ရမည်ဟု စွဲစွဲမြဲမြဲ ယုံကြည်ထား၏။

တစ်နေ့သော တစ်နေ့ကို စောင့်စားရင်းနှင့် ဂမုံးသဇင်က ဖြူဖြူပွင့်လေပြီ၊ ဤသည်ကိုပင် သူမက မောင်လှမြင့် ပြန်လာမည့်ရက် ပို၍နီးကပ်လာခြင်းဟု ယုံကြည်နေ၏။

ဤကြီးမားသော ရည်ရွယ်ချက်ကြောင့်လည်း သူမက ပတ်ဝန်းကျင်ကို တောင့်ခံနိုင်ခြင်းဖြစ်၏။ သို့သော် သူမအတွက် အပြစ်ကင်းစင်သော ညီမငယ်များ မျက်နှာငယ်မည်ကိုတော့ မလိုလားပေ၊ ရှေ့တစ်လနှစ်လဆိုလျှင် သူမငယ်တို့ ခေါင်းမဖော်ရဲစရာ အကြောင်းက ပေါ်လာပေတော့မည်။

သဇင်ဖြူဖြူရနံ့က မောင်လှမြင့် ရှိရာ လွင့်ပါလေတော့မှပဲ . . .

(၂)

အေးက လမ်းမကို ခဏခဏ ကြည့်တတ်သည်။ ယောကျ်ားလေး တစ်ယောက်ကို မြင်ရပြီဆိုလျှင်လည်း ဒီပြင်မိန်းကလေးတွေလို မူဟန်လုပ်ပြီး တစ်ဖက်လှည့်မသွား၊ ကျကျနနကြီး ကြည့်ကာ ကဲ့ရဲ့တတ်သည်။ သူမထမီ နီရဲရဲလေးကို ဝတ်တတ်သည်။ အေးက ဝရန်တာပေါ်တွင်

တင်ပါးလွှဲ ထိုင်ကာ တိုင်ကိုမှီ၍ မယဉ်နွယ်အား စကားပြောလိုက်၊ လမ်းမကို ကြည့်လိုက်နှင့် . . .

'ဟေ့ကွာ မင်းဟာက မျှော်လိုက်ရတာ၊ လာသမျှအကုန် လင်ဖမ်းတော်ချင်နေတာပဲ'

မယဉ်နွယ်က အင်္ကျီပြာကလေးကို နီလာကျယ်သီးတစ်လုံးချင်း တပ်နေသည်။ တဘက်ဖြူဖြူကလေးကို လွှမ်းထားသည်။ အပြာပေါ်ဝယ် အဖြူတင်နေသည်။ တဘက်ဖြူပေါ်ဝယ် ကော့ပျံတက်နေသော ဆံနက်တို့က အပြာပေါ်ထိ ကျူးကျော်ကျနေသည်၊ သနပ်ခါးကွဲကွဲလေးကို ပါးဝယ်ပွတ်လိမ်းထားသည်။

'အမိအတွက်ပါရှင် ဟိုမှာ လာနေပြီ . . .'

'ဘယ်က ကုလားကြီးကို လက်ညှိုးထိုးပြပြန်ပြီလဲ'

'ထကြည့်ပါလားတော့၊ ကိုယ့်လူကို ကိုယ်သိချင်ရင်'

မယဉ်နွယ်က နောက်ဆုံးကျယ်သီးကို တပ်ရင်း ဝရန်တာနားလျှောက်လာရာ ငိုက်ငိုက်ငိုက်ငိုက်နှင့် လာနေသော လူတစ်ယောက်ကို မြင်မိလျှင် . . .

'ဟာကွာ မင်းသိပ်ဆိုးတယ်၊ သူတော့ မပြောပါနဲ့'

'ဟော ထိသွားပြီ'

'အေးကလည်းကွာ နောက်ရင် ကြည့်နောက်ရမယ်၊ သူဟာ အင်မတန် ရိုးပြီး အင်မတန် ကြည်ညိုစရာကောင်းတာ . . .'

'သနားလွန်းလို့ မှားခဲ့တာ မမှတ်သေးဘူး၊ အခု ကြည်ညိုလွန်လာပြန်ပြီ'

'တော်ကွာ . . . နီးလာပြီ၊ ကြားသွားလိမ့်မယ် . . .'

ကိုသန်းဟိန်းက ပြုံးရင်း အိမ်ထဲဝင်လာသည်။ အမျိုးသမီးနှစ်ဦးကလည်း တုံ့ပြန် ပြုံးလိုက်ကြသည်။

'မခင်အေး ရောက်နေတာ ကြာပလား'

'ကြာပြီ ကိုသန်းဟိန်း၊ ပြန်မယ့်ဟာကို နွယ်က အတင်းတား

ထားလို့ . . .'

'မတားရပါရှင် . . .'

'ဟုတ်တယ် ခုတော့ ပြောမယ်ပေါ့၊ ဧည့်သည် ရောက်လာတာကိုး၊ မနေပါဘူးရှင်၊ သွားပါ့မယ် . . .'

'ကွာပါရှင် . . ကွာပါ၊ ကိုယ့်ဟာကိုယ် ချိန်းထားတာရှိလို့ ပြန်ချင်တာ၊ သူများ စကားနာ ထိုးမသွားပါနဲ့ . . .'

'ဟုတ်သမို့တဲ့လား ရှင် . . .'

မခင်အေးက မယဉ်နွယ်၏စကားကို သရော်လိုက်ကာ ပြောရင်း ခပ်သွက်သွက်လေး ပြေးထွက်သွားသည်။ သူမ ဝင်းဝမှ ထွက်သွားသည်ထိ ကိုသန်းဟိန်းက ကြည့်နေပြီးမှ . . .

'မခင်အေးက တော်တော် ပျော်တတ်တယ် နော်. . .'

'ဟုတ်တယ် ကျွန်မဖြင့် သူနဲ့နေရရင် နည်းနည်း စိတ်သက်သာမိတယ်၊ အိုလေ ကိုသန်းဟိန်းတို့ ရီတို့အားလုံး ရဲဘော်တွေနဲ့ စကားပြောနေရတဲ့အခါ မေ့မေ့ပျောက်ပျောက် ရှိနေမိတယ်၊ ဒါကြောင့် ကျွန်မဖြင့် တစ်ယောက်တည်း မနေမိအောင် ကြိုးစားတယ်၊ ရဲဘော်တွေနဲ့ပဲ စကားပြောနေချင်တယ်။ ဒါကြောင့်ပဲပေါ့၊ ကိုသန်းဟိန်းကို ခဏခဏလာလည်ပါလို့ ပြောတာ၊ အေးတို့လည်း နေ့တိုင်းလိုလို လာကြပါတယ်'

ဟုတ်ပေသည်။ မယဉ်နွယ် တစ်ယောက်က အမည်နာမ မပြောနိုင်သော အရပ်ဝယ်ရောက်နေသည့် မောင်လှမြင့်အတွက် ငိုကြွေး၍ လာခဲ့ရသည်မှာ သုံးလမျှရှိခဲ့ပြီ၊ သည်အတွင်းဝယ် ကိုသန်းဟိန်း၊ မခင်အေး၊ မခင်ရီနှင့် ရဲဘော်များလာ၍ ချော့မော့ကြသဖြင့်သာ သူမမှာ အနည်းငယ် သက်သာရာ ရတော့သည်။

ရက်လ ကြာခြင်းကလည်း သူမအား သက်သာမှုကို ရပါစေသည်။ မယဉ်နွယ်က မောင်လှမြင့် တစ်နေ့ဝယ် သူမထံပြန်လာလိမ့်မည်ဟုလည်း စွဲစွဲမြဲမြဲ ယုံကြည်ထားရှိခြင်း ရှိ၍လည်း စိတ်ပင်ပန်းခြင်း မရှိလှသည်ဖြစ်၏။ စောင့်၍သာနေသည်။ ဒီအတွင်း စိတ်သက်သာမှုရစေရန်

တစ်ယောက်တည်း အနေလျှော့ကာ အများနှင့် ရောနေတတ်သည်။

အေးတစ်ယောက်နှင့် နေရလျှင် အေးက အရွှတ်အနောက် ပြော၍ မယဉ်နွယ်ကလည်း ရောယောင်ကာ ပြောဆိုရင်း စိတ်ချမ်းသာမှုကို ရှာမိ၏။ ရီတစ်ယောက်နှင့် ဆိုလျှင်လည်း အမျိုးသမီးရေးရာများ ဆွေးနွေးရ၍ သူမက နှစ်သက်သည်။ အထူးသဖြင့် သူမက ကိုသန်းဟိန်းနှင့် ဆွေးနွေးရလျှင် အင်မတန် ပျော်မိ၏။ သူမအဖို့ တိုးတက်မှုများရ၏။ လူ့သမိုင်းနှင့် အဆင့်ဆင့်တော်လှန်ရေး ရာဇဝင်ကို ကြားရ၏။ ငြိမ်းချမ်းရေးဆိုသည်ကို ဆွေးနွေးရ၏။ ဒါကြောင့်မို့ သူမက ကိုသန်းဟိန်း လာပါစေဆုတောင်းပြီး လာခဲ့လျှင် ဆွေးနွေးရန်သာ စိတ်စောနေသည်။

'နေဦးနော် ကိုသန်းဟိန်း၊ ကျွန်မ ကော်ဖီဖျော်လိုက်ဦးမယ်'

ကိုသန်းဟိန်းကလည်း မယဉ်နွယ်အိမ် လာလည်ရသည်ကို သာယာမှုရှိသည်။ ဘယ်သူမဆို လှတာကိုတော့ ကြည့်ချင်သည်။ သူက သူမအား လုပ်သားထုကြီးနှင့်အတူ မြတ်နိုးသည်။ သူမ၏ အိမ်ထောင်ထိန်းသိမ်းမှု စေ့စပ်ခြင်းတို့ကို လေးစားသည်။

'သောက်ဦး ကော်ဖီ၊ ကျွန်မ ကျကျဖျော်လာတယ်၊ ကြိုက်ရဲ့လား မောင်လေးတော့ ဒီလိုမှ ကြိုက်တာ . . .'

သူမက ပြုံးနေရင်းမှ နည်းနည်းညိုးသွားရင်း ပြောလိုက်သည်။ ကိုသန်းဟိန်းက ကော်ဖီပူပူကို ပန်းကန်ပြားထဲမထည့်ဘဲ ပန်းကန်လုံးလိုက် မှုတ်ရင်း သောက်ရာမှ . . .

'မယဉ်နွယ်ကတော့ မောင်လှမြင့်ကို ဘယ်တော့မှများ မေ့ပါ့မလဲ'

'ရှင် . . . ဘယ်တော့မှ မမေ့ဘူး . . .'

'ဒါကတော့ ပြောကြတာပါပဲ၊ ဒါပေမဲ့ ကြာရင် . . .'

'အို ဒီမယ် ကိုသန်းဟိန်း၊ မမေ့နိုင်မဲ့အကြောင်း အမြဲတမ်းသစ်နေမယ့်အရာ သက်သေခံပစ္စည်းက ရှိနေတယ်လေ . . .'

ကိုသန်းဟိန်းက ကော်ဖီကိုသောက်အပြီး နှာသီးဖျားဝယ် စီးလာသော ချွေးပေါက်များကို လက်ကိုင်ပဝါနှင့် သုတ်နေပြီးမှ . . .

'ဘာကို ဆိုလိုတာလဲ . . .'

'သူ့ရဲ့ သားလေးလား၊ သမီးလေးလားကိုပေါ့ . . .'

'ဘာ . . .'

ကိုသန်းဟိန်းက မျက်လုံးပြူးသွားသည်။ ပြီးမှ

'မယဉ်နွယ်မှာ'

'ဟုတ်တယ် . . . ကိုသန်းဟိန်း၊ ကျွန်မမှာ ကိုယ်ဝန်ရှိနေတယ်။ မကြာခင်ဘဲ လူတွေသိကုန်တော့မှာမို့ ကိုသန်းဟိန်းကို ကြိုတင်ပြောတာပဲ. . .'

'ဒါဖြင့် မယဉ်နွယ် ဘာလုပ်မလဲ . . .'

ကိုသန်းဟိန်းက စိုးရိမ်စွာ မေးလိုက်သည်။

'ဘာကို မေးတာလဲ . . .'

'မယဉ်နွယ် . . . ဒီကိုယ်ဝန်ကို ဘယ့်နှယ်လုပ်မလဲ မေးတာ. . .'

'အို ကောင်းကောင်း ထိန်းမှာပေါ့ . . .'

အမျိုးသမီးက ခပ်ပြုံးပြုံးပြောလိုက်မှ ကိုသန်းဟိန်းမှာ စိတ်အေးသွားသည်။

'ကျွန်တော် စိတ်ပူသွားတယ်။ မယဉ်နွယ် ဖျက်များ ပစ်လိုက်ပြီလားလို့'

'ကျွန်မ ဒီလိုမဟုတ်ပါဘူးရှင်၊ ကိုယ့်ရင်သွေးကို ဘယ်လုပ်ရက်ပါ့မလဲ'

'ကျွန်တော်ကတော့ မယဉ်နွယ်ကို ချီးကျူး မကုန်နိုင်အောင်ပါပဲ၊ ပတ်ဝန်းကျင်ကို ကြံ့ကြံ့ခံရဲတဲ့ အမျိုးသမီးတစ်ယောက်ကို . . .'

သို့သော် မယဉ်နွယ်က အလူးအလဲပင် ပတ်ဝန်းကျင်ကို ခံခဲ့ရ၏။ ပတ်ဝန်းကျင်ဆိုသည်က အင်မတန် ခက်သည်။ ဤလို အရင်းရှင်စနစ်လူ့အဖွဲ့အစည်းတွင် တာဝန်မဲ့ဝေဖန်မှု၊ ပေါက်လွှတ်ပဲစား အတင်းပြောမှုများ အင်မတန် များ၏။ မယဉ်နွယ်က အင်မတန် လိမ္မာရေးခြားရှိကာ အရပ်ကချစ်သော အမျိုးသမီးဖြစ်၍ ခံသည်သာရှိသည်။ ပြီးတော့ သူမက

လော်လီခြင်းလည်း မဟုတ်ပေ။

မောင်လှမြင့် ဝင်ထွက်နေစဉ်က တီးတိုးပြောခဲ့သော်လည်း ကဲ့ရဲ့ခြင်းမဟုတ်ကြ၊ ယူကြတော့မယ် ထင်ပါရဲ့ဟု သတင်းကူးလူးခြင်းသာ ဖြစ်ခဲ့သည်။ သို့သော် မောင်လှမြင့် လွင့်ပါးသွားပြီး သူမ၏ သန္ဓေက ရင့်ကျက်လာသောအခါမှ ပတ်ဝန်းကျင်က ကရုဏာ ဒေါသောဖြင့် ပြောကြသည်။ သို့သော် ကလေးနှစ်ယောက်နှင့် အဘွားကြီးမျက်နှာ ထောက်၍ ပစ်ပစ်ခါခါတော့ မဟုတ်ပါ။ သူမအားလည်း သနားကြင်နာကြပါ၏။

ထိုနောက်ပိုင်း အရပ်ထဲဝယ် ပြောကြပြန်သည်မှာ ကိုသန်းဟိန်း ၏ သွားလာ ဝင်ထွက်မှုကိုပင် ဖြစ်လေသည်။ ကိုသန်းဟိန်းကလည်း တဖြည်းဖြည်းချင်း မောင်လှမြင့်၏နေရာကို ဆက်ခံလာမှုတို့ရှိသည်။ အိမ်ကို နေ့စဉ်လိုရောက်၍ စားသောက်သည်ရှိ၏။ တချို့ ညများတွင် အိပ်သည်လည်း ရှိ၏။ ဒါကိုပင် ပတ်ဝန်းကျင် ရိုးသားစွာ မမြင်ကြပါ။ သို့သော် သူတို့၏ဝေဖန်ချက်ဝယ် သဘောတူမှုတော့ပါ၏။ သူတို့က ကိုသန်းဟိန်းအား ကြည်ညိုမှုရှိပြီး အတိဒုက္ခရောက်နေသော မယဉ်နွယ်နှင့် ရသွားစေချင်၏။

ထိုသည်သော အရပ်သတင်းကို ကိုသန်းဟိန်းက ကြားရသော အခါ မယဉ်နွယ်အား ဖွင့်ဆွေးနွေး၏။

'ကျနော် အသွားအလာ ဆင်ခြင်ဦးမှပဲ၊ မယဉ်နွယ်တို့ကို ထိခိုက် သလို ရှိနေပြန်ပြီ . . .'

'အို . . . ဘာပြုလဲ၊ ဒီလိုပဲ ပတ်ဝန်းကျင်ဆိုတာ ပြောတတ်တာပဲ၊ အရေးကြီးတာက ကျွန်မတို့ချင်း ရိုးသားသန့်ရှင်းရင် ပြီးတာပဲ၊ ကိုသန်းဟိန်း ကလည်း မောင်လှမြင့်ကို ချစ်တယ်၊ ကျွန်မကလည်း မောင်လေးကို ချစ်တယ်၊ ဒါကို နားလည်ထားရင် ပြီးတာပဲ . . .'

ဟုတ်မည်၊ မယဉ်နွယ်ကတော့ မောင်လှမြင့်အားသာ ယုံကြည် စိတ်ချကာ တစ်နေ့ပြန်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ထား၏။ ကိုသန်း ဟိန်းကတော့ ထိုကိစ္စနှင့်ပတ်သက်၍ ဘာမှ ဆက်မပြောတော့။

## ရန်အောင်စာပေ (၂)

ကိုသန်းဟိန်းနှင့် ကလေးနှစ်ယောက်သည်လည်း အလွမ်းသင့်လျက်ရှိသည်။ ကိုသန်းဟိန်းက အလုပ်သမားတွေကြားထဲ ဝင်နေသော်လည်း အံ့ဩဖွယ်ရာ ကောင်းအောင် ဂီတဘက်၌ တော်လေသည်။

သူက တယောကို ကောင်းကောင်းထိုးတတ်သည်။ သီချင်းကြီးတွေကို ပိုင်နိုင်သည်။ တစ်ခါတစ်ရံ မယ်ဒလင်ကိုတီးသည်၊ ထိုအခါ တက်ကြွသော အလုပ်သမားအောင်ပွဲ သီချင်းများကို ဆိုလေ့ရှိသည်၊ 'လယ်ဝေးသူပုန်' သီချင်းကို ညီမငယ်တို့ အင်မတန် နှစ်သက်၏။ ညများဆိုလျှင် မယဉ်နွယ်နှင့် ညီမငယ်နှစ်ယောက်သည် သူ၏ဂီတသံဝယ် မေ့မူး၍သာ နေတတ်သည်။ တက်ကြွ၍သာ နေလေ့ရှိသည်။

(၃)

ထိုနေ့ညက မိုးမှာ သည်းထန်စွာ ရွာသွန်းသည်၊ အားလုံး ညီအစ်မကဝိုင်းတား၍ ကိုသန်းဟိန်း မပြန်တော့။ မောင်လှမြင့် ခုတင်ပေါ်တွင် အိပ်ရန် ဆုံးဖြတ်လိုက်၏။

မိုးရွာရွံ့နွံထဲတွင် ပြည်သူ့လွတ်မြောက်ရေးအတွက် ချီတက်တိုက်ခိုက်ခြင်း အကြောင်းကို ဖွဲ့နွဲ့ထားသော ပြည်သူ့တပ်မတော် စစ်ချီသီချင်းတစ်ပုဒ်ကို စောစောက ကိုသန်းဟိန်း မယ်ဒလင်နှင့် ဆိုတီးခဲ့၏။

'ကိုကြီး မေသန်းကြီးရင် ပြည်သူ့တပ်မတော် ဝင်ချင်တယ် . . . '

'အေး ဝင်ပေါ့ကွာ၊ ခုတော့ စာကျက်ဦး သွား . . . '

အမှန်တရားဆိုသည်က လူတိုင်းမြတ်နိုးမှုရှိပြီး၊ မသိသေးလျှင်သာ သိလျှင် အမှန်တရားဘက်မှ ရှိကြမည်ချည်းသာ။

မယဉ်နွယ်က မောင်လှမြင့်ထံမှ သဘောတရားရေး တချို့ရပြီး သူမကိုယ်တိုင် တိုးတက်သော စာပေများကို ဆက်လက် လေ့လာခဲ့ပေသည်။ ဆိုဗီယက်နှင့် တရုတ်ပြည်၏ အောင်မြင်မှုများ၊ မာ့(က်စ်) လီနင်ဝါဒများက သူမအား သစ္စာတရားကို ထင်မြင်စေသည်။ ဒီနောက်ပိုင်းတွင် သူမက လက်တွေ့တိုက်ပွဲများလည်း ရှိခဲ့သည်။ ပြည်သူ့လုပ်သား လယ်

သမားတို့ ဘယ်မျှ အညှဉ်းဆဲခံ အဖိနှိပ်ခံနေရသည်တို့ကို သူမက သိလာရသည်၊ သူမက ကြီးငါးကြီး စာချုပ်ချုပ်ရေး လက်မှတ်များကို ရောင်းရင်းလူသားများ အဘယ်မျှ ငြိမ်းချမ်းရေးကို လိုလားနေကြောင်းလည်း ဒိဋ္ဌိတွေ့သိခဲ့ရ၏။ ထိုသို့ သိလျှင်ပင် စစ်ဝါဒီများ၊ ဖိနှိပ်သူများကို အလိုလို မြင်လာသည်။ ဆန့်ကျင်လာသည်၊ တိုက်ခိုက်သည်။

သူမက ငြိမ်းချမ်းရေး သူရဲကောင်းမလေး ဖြစ်လာသည်။ သူမက ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ရံပုံငွေကောက်ခြင်း၊ လက်မှတ်ကောက်ခြင်းတို့ သာမက ညတရားပွဲများတွင်ပင် စင်မြင့်ပေါ်မှ လှိုက်လှဲစွာ ဟောပြောနေသည်ကို တွေ့ရသည်။

ကိုသန်းဟိန်းနှင့် တွဲဖက်၍လည်း အလုပ်သမားများကို ခေါင်းဆောင်လေသည်၊ အမျိုးသမီးအလုပ်သမများ၏ ခေါင်းဆောင်မ ဖြစ်လေသည်။ သူမက နေ့စဉ်နဲ့အမျှ ဆေးလိပ်ခုံများသို့ လှည့်လည်ကာ ဆွေးနွေးခြင်းများ၊ ပြဿနာကို ဖြေရှင်းပေးခြင်းများ ပြုလေသည်၊ တိုက်ပွဲများကို ရှေ့မှ မားမားမတ်မတ် ခေါင်းဆောင်လေသည်။

ရဲဘော်မယဉ်နွယ်က ငြိမ်းချမ်းရေးနှင့် ပြည်သူ့ဒီမိုကရေစီရေး အတွက် တိုက်ပွဲဝင်ရင်း မောင်လှမြင့်အား စောင့်စားနေသည်၊ မောင်လှမြင့် ကတော့ ဘယ်ဝယ်များ ရောက်နေပြီလဲ၊ တချို့က ရန်ကုန်မှာ တွေ့ခဲ့သည် ဆို၍ စုံစမ်းလည်းမရ၊ ကိုသန်းဟိန်းကလည်း လွတ်မြောက်သည့် နယ်မြေဝယ် မရှိကြောင်း ပြောလေသည်၊ ရွှေစင်ဦးနှင့် တစ်ခါတွေ့၍ မေးကြည့်တော့ လည်း တစ်ခါမျှမတွေ့ဟု ဆိုလေပါသည်။

(၄)

မယဉ်နွယ်၏ မျှော်လင့်ချက်ကို စောစောပိုင်းက ရဲဘော်တွေ မလေးစားခဲ့သော်လည်း နောက်ပိုင်း လက်ခံရမလို ရှိနေသည်။ မယဉ်နွယ် မျှော်လင့်နေသလို မောင်လှမြင့်တစ်ယောက် ပြန်လာလိမ့်မည်ဟု အတူ ထင်မှတ်လာကြသည်။ သို့လိုလည်း ဖန်တီးလာပေသည်။

**ရန်အောင်စာပေ (၂)**

မောင်လှမြင့်တစ်ယောက် ပျောက်ကွယ်သွားသည်က မောင်မြင့်နောင်ဟူသော ကလောင် အမည်သည်လည်း စာပေလောကမှ ပျောက်ကွယ်၍ သွားခဲ့လေသည်။ သူ၏စာပေများကို မတွေ့ရတော့၊ ယခုမှ ပြန်းခနဲ ထင်းခနဲ စာအုပ်ဆိုင်များပေါ်တွင် တွေ့နေရသည်။

မိုးစက်တွေက မှန်ကာ ပြတင်းပေါက်ကို ရိုက်ပက်စီးကျနေသည်။ ချမ်းသလိုစိမ့်သည်၊ မခင်ရီက မိုးအအေးကို ဝတ္ထုဖတ်ခြင်းနှင့် ကာကွယ်သည်။ သူမက အေးလာသော်လည်း ကုတ်အင်္ကျီကို ယူမဝတ်၊ ဝတ္ထုထဲတွင် စိတ်ဝင်စားနေသည်။ စ၍ဖတ်ကတည်းက ပြီးမှချတော့သည်။ ပြီးတော့ မှန်ပြတင်းကို ဖွင့်လိုက်ရာ မိုးမှုန်ကလေးတွေက သူမ၏မျက်နှာကို ရိုက်ပတ်လိုက်သည်။ သူမက ဆိုဖာထက်သို့ပြန်လာကာ ဝတ္ထုကို ပြန်စဉ်းစားနေသည်။

ပွင့်ဦးနီလာဆိုပဲ။

ဝတ္ထုနာမည်ကိုက အားရစရာ ကောင်းသည်။ မောင်မြင့်နောင်က အရေးအသားတော့ ညက်ညောသည်၊ ချစ်စရာကောင်းသည်၊ အခန်း အခွဲ အဆက်ကလည်း စိတ်ဝင်စားစရာ ကောင်းသည်။ သို့သော် ဤဝတ္ထုသည် အခြား သူရေးခဲ့သမျှ လုံးချင်းတွေထက် အသက်ဝင်သည်၊ လှုပ်ရှားမှုရှိသည်၊ ထို့ကြောင့်လည်း 'ပွင့်ဦးနီလာ' သည် ထွက်ပြီးတစ်ပတ်အတွင်း ကုန်သွားခြင်းဖြစ်လေသည်။

တကယ်တော့ ဤဝတ္ထုက အတ္ထုပ္ပတ္တိတစ်ခုကို အနုပညာဖြင့် မွမ်းမံထားခြင်း ဖြစ်လေသည်။ သူ့ဘဝကို ပြန်လည်တင်ပြထားခြင်း ဖြစ်၏။ သူ၏အမှားများကို ဝေဖန်ထားခြင်းဖြစ်၏။ အထူးသဖြင့် အချစ်နှင့် အိမ်ထောင်ရေးကို ခွဲခြား၍ တင်ပြထားသည်။

မောင်လှမြင့်က သူ့အား ရွှေစင်ဦး ငေါ့၍မေးသော 'ဘာကိုများ ချစ်တာလဲ' ဆိုသည်ကို ထိုစဉ်က မဖြေနိုင်ခဲ့၊ မသိခဲ့၊ ယင်းကြောင့်လည်း သူက သူမအား မိုက်မဲစွာ တသသချစ်နေခြင်း ဖြစ်လေသည်။ အကျိုးအကြောင်းဆက်စပ်မှု လုံးဝမရှိဘဲ ချစ်နေခဲ့သည်တော့မဟုတ်၊ သူမ၏

အလှ၊ သူမ၏ ပြီတီတီဆက်ဆံမှုတို့ကြောင့် ဖြစ်လေသည်။ သို့သော် အချစ်နှင့် အိမ်ထောင်ရေးက ကွဲပြားရပေမည်။ အလှဆိုသည်က ချစ်စရာကောင်းပါသည်။ ကန္တဲ့ကရ ဆက်ဆံရေးက ဆွဲဆောင်မှုရှိပါသည်။ သို့သော် ဒီနှစ်ချက်မျှသာဖြင့် အိမ်ထောင်ရေး အချစ်ရေးကို မတည်ဆောက်နိုင်ပါပေ၊ သူက ထိုအချက်များကို သူ၏ဝတ္ထုတွင် အသေးစိတ် တင်ပြဆွေးနွေးထားသည်။ သူ၏ မိုက်မဲချက်တို့ကို ဝန်ချထားသည်။ စိတ္တဇဆန်သော အချစ်ကို လက်မခံကြောင်း ဖော်ထုတ်ထား၏။

ထိုသို့ အမှားအမှန်ကို ရှာဖွေတတ်ခြင်းကြောင့် ပြည်သူ့ဘက်တော်သား ဆိုသည့်သူများက ချစ်စရာကောင်းခြင်း ဖြစ်လေသည်။ သူတို့က အမှားကို ဝန်ခံတတ်ရုံမက အမှန်ကိုလည်းရအောင် ရှာဖွေညွှန်ပြနိုင်သည်။

'ပွင့်ဦးနီလာ' ဆိုသည်က အပြာအား တင်စားထားသော နာမည်ပင်ဖြစ်လေသည်။ သူ့ဝတ္ထုထဲတွင် အပြာအား ချစ်စရာကောင်းသော အလှရှင်အဖြစ် ဖော်ထားသည်သာမက ချစ်စရာကောင်းသော အိမ်ရှင်မအဖြစ်လည်း ဖော်ပြထားလေသည်။ သူ၏ ပင်ကိုစိတ်ထား၊ အိမ်ထောင်ထိန်းကျွမ်းကျင်မှု၊ သူ့အား ယုယမှုတို့ကို ကိုးကားထားလေသည်။

**ရဲဘော်များအားလုံးက သူ၏ဝတ္ထုကို ဖတ်ပြီးသောအခါ** မောင်လှမြင့် တစ်ယောက်ဖြင့် မန္တလေးပြန်လာမှာပဲဟု ယုံကြည်ထား၏။ ထို့ပြင် သူမနှင့် သာယာသော အိမ်ထောင်ရေးတစ်ခုကို တည်ဆောက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြ၏။ အကြောင်းမူ မောင်လှမြင့်က အိမ်ထောင်ရေးဆိုသည်ကိုလည်း သူ့ဝတ္ထုတွင် တင်ပြ ဆွေးနွေးထားလေသည်။

သူက နိဂုံးချုပ်ထားသည်၊ အိမ်ထောင်ရေးဆိုသည်မှာ ဆန့်ကျင်ဘက်နှစ်ဦး ပိုမို ကောင်းမွန်သော ဘဝသို့ လက်တွဲချီတက်သွားခြင်းဟု။ အိမ်ထောင်ရေးဆိုသည်က အချစ်ဝယ် အခြေခံသည်ဆိုပါက အချစ်တွင် အခြေခံသည့်အချက်ကို ရှာရပေမည်။ အရင်းရှင် လူနေမှုစနစ်ဝယ်တော့ စီးပွားရေးစနစ် နိမ့်ကျမှုကြောင့် မှီခိုမှုများရှိလေသည်။ ငွေ၊ ဂုဏ် စသည်

တို့ကို အဓိကထားပြီးမှ ချစ်ကာ အိမ်ထောင်ပြုကြလေသည်။ ဆိုရှယ်လစ်နိုင်ငံဝယ်တော့ လူတိုင်း အလုပ်လုပ်ကာ လူတိုင်း ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်သော အဆင့်ရှိ၍ မှီခိုအားထားရန်အတွက်ဖြင့် အိမ်ထောင်ပြုစရာ မလိုပေ။ လူသားတို့၏ ရှိအပ်သော ကြင်နာမှုဖြင့် တစ်ယောက်ကို တစ်ယောက်အပြန်အလှန် ကြင်နာကာ အိမ်ထောင်တစ်ခုကို တည်ဆောက်သွားဖို့ ဖြစ်သည်။ နှစ်ယောက်စလုံး တစ်ယောက်ကို တစ်ယောက် လိုလားမြတ်နိုးမှု မရှိဘဲတော့ အိမ်ထောင်တစ်ခု တည်ဆောက်၍ မရနိုင်ပေ။

မယဉ်နွယ်ကတော့ အင်မတန်မှ ဝမ်းသာလျက်ရှိသည်၊ သူမ၏ ယုယမှုကို ချစ်သည်ဟုဝန်ခံထားသည်ကို ဖတ်ရသောအခါ ပြုံးရင်း မျက်ရည်များ ကျလာလေသည်။

'ပွင့်ဦးနီလာ'ကို ခေတ်ပြောင်းစာပေတိုက်မှ ထုတ်ဝေလေ သည်။ သူမက ရန်ကုန်သို့လှမ်း၍ စာရေးဆရာအကြောင်း စုံစမ်းသောအခါ ကျိုင်းတုံကိုယ်စားလှယ်မှတစ်ဆင့် ဆက်သွယ်ရကြောင်း ဖြေကြားလိုက်၏။ ကျိုင်းတုံကိုယ်စားလှယ်ကလည်း စာမူကို ရှမ်းအဘိုးကြီးတစ်ယောက် လာပို့ပြီး စာမူခကိုလည်း ထိုရှမ်းအဘိုးကြီးပင် လာယူသွားပြီကို အကြောင်း ပြန်ကြားလေ၏။

သို့သော် မယဉ်နွယ်ကမူ သူမမောင်လေး ပြန်လာမည့်နေရက်သည် နီးကပ်လှပြီဟုပင် ယုံကြည်ထား၏။ 'ပွင့်ဦးနီလာ' ထွက်လာခြင်းထက် သူမ၏ ယုံကြည်ချက်ကို ပိုမို ခိုင်လာစေသော အကြောင်းတစ်ခုကို သူမကိုယ်တိုင် ဖန်တီးလိုက်ပြန်၏။

သူမက သမီးလေးတစ်ယောက်ကို မွေးဖွားခဲ့၏။ ထိုသတင်းကို သူမက သတင်းစာများတွင် ထည့်လိုက်၏။ ကိုသန်းဟိန်းနှင့်ပင် တိုင်ပင်၍ ရေးသားလေသည်။

ငြိမ်းချမ်းရေး သူရဲကောင်းတစ်ဦး တိုးခြင်း

ဇူလိုင်လ (၃) ရက်နေ့က မန္တလေးမြို့ နေရှင်နယ်သားဖွားရုံတွင် စာရေးဆရာ မောင်မြင့်နောင် ခေါ် ရဲဘော်လှမြင့်၏ဇနီး ရဲဘော်မ ယဉ်နွယ်

သည် ငြိမ်းချမ်းရေး သမီးပျိုတစ်ဦးကို မွေးဖွားရာ မိခင်ရော ကလေးပါ ကျန်းမာပါကြောင်း။

မယဉ်နွယ်က သူမ၏သမီးလေးကို ပိုက်ချီရင်း သမီးလေးဖခင်ကို စောင့်မျှော်လျက် ရှိရှာလေသည်။

(၅)

မိုးအုံ့သမို့ ကောင်းကင်က ခပ်ယဉ်ယဉ်လေး ပြာနေသည်။

အဲဒီနေ့မှာတော့ အိမ်တော်ရာ ၁၄-ခန်းဇရပ်ကြီးတွင် လူထုကြီး ဝက်ဝက်ကွဲ လျှံနေ၏။ ငြိမ်းချမ်းရေးကို မြတ်နိုးသူ၊ စစ်ကိုဆန့်ကျင်သူ အပေါင်းတို့ အိုးစည် ဒိုးပတ်တို့ဖြင့် ချိမ့်ချိမ့်သဲသဲ ချီတက်လာနေကြ၏။ ကြွေးကြော်သံတို့ ပဲ့တင်ထပ်နေ၏။ လူတန်းစားပေါင်းစုံ၊ လူမျိုးပေါင်းစုံ သည် ငြိမ်းချမ်းရေး အလံတော်အောက်ဝယ် စုံစည်းမိကြလေပြီ၊ ယုံကြည် ကိုးကွယ်ရာ ဘာသာသားတိုင်း၏ အနှစ်သာရဖြစ်သော ငြိမ်းချမ်းရေးကို တော့ မြတ်နိုးကြပေသည်။

မိုးအပြာဝယ် ငွေချိုးဖြူက ပျံလာနေသည်။

စပါးရွှေဝါနှံကို ကိုက်ပျံချီလာနေပြန်ပြီ။

ထိုကမ္ဘာ့ငြိမ်းချမ်းရေး အစည်းအဝေးကြီးတွင် မယဉ်နွယ်အနေ နှင့် အဆိုတစ်ခုတင်ရန်ရှိ၏။ အဆိုမှာ ငြိမ်းချမ်းရေးရဲဘော်များအား ဖမ်းဆီး ချုပ်နှောင်ထားရာမှ အမြန်ဆုံးလွှတ်ပစ်ရန် ဖြစ်လေသည်။

မယဉ်နွယ်မတော့ ဒါလောက် မွန်မြတ်သော အခွင့်အရေး တစ်ရပ်ကို ရရှိ၍ ဝမ်းသာမဆုံး ရှိလေသည်။ မနက်မို့ အစောကြီးထကာ ရေချိုး၏။ ပြင်လားဆင်လား လုပ်၏။ ငြိမ်းချမ်းရေးတေးသံကို တအေး အေး သီကျူးနေရာ စကြဝဠာတစ်တိုင်းကို ထုတ်ချင်းခတ်သွားပေလိမ့် မည်။ ကိုသန်းဟိန်းသည်လည်း အတူတကွ သွားကြရန် စောစောကတဲက ရောက်နှင့်လေ၏။ ညီမငယ်နှစ်ယောက်သည်လည်း ဘာမို့ ကျန်ရစ်ခဲ့မည် လဲ၊ အတူတူ လိုက်ခဲ့ကြမည်ကြောင့်ပင် တပြင်ပြင် တဆင်ဆင် ရှိနေကြသည်။

သမီးငယ်လေးကိုလည်း အဘွားကြီးက ကန့်ကွက်သည့်တိုင် အမေနှင့် ဒေါ်လေးများက ငြိမ်းချမ်းရေးတရားပွဲသို့ ခေါ်ဆောင်သွားပေမည်၊ ငြိမ်းချမ်းရေးမှာ သန္ဓေတည်၍ ငြိမ်းချမ်းရေးမှာ ကြီးထွားရပေမည်။

ဘာလို့များ မရိုးနိုင်ကြတာလဲလို့ ကိုသန်းဟိန်းက ဒေါပွမိသည်။ အလှဆိုသည်က တသမတ်တည်း မရှိ၊ မွမ်းမံ ခံစားသလို ကြည်နူးရ၏။ မပြစ်မှား မဖောက်ပြန်သော်လည်း လှသည်ကိုတော့ ငေးမောကြည့်ရပေမည်။ မယဉ်နွယ်က ကလေးငယ်ကို မွေးဖွားပြီးသည်နောက်မှ ပို၍လှလာ၏။ အသားအရည်တို့မှာ တင်းကျစ်ချောမွတ်လာသည်။ လှပသလောက်ကို စာဖွဲ့နေရရင်တော့ ဒီလိုနဲ့ပဲ သေရပေတော့မည်။ မယဉ်နွယ်က လှတယ်လို့ ရိုးရိုးလောက်ပဲ ပြောရုံနဲ့ တော်ကြစတမ်းရှိပါစို့ . . .

'ချိုးဖြူလေးရယ် ဟော့ ငွေချိုးဖြူလေး . . .'

ဒါကတော့ ကလေးငယ်၏ ဒေါ်လေးနှစ်ယောက်က ပေးသော နာမည်ဖြစ်၏။ ဘွားလေးကတော့ 'သံလွင်' ရယ်လို့လည်း ခေါ်သေးသည်။ ဒီလိုဆိုတော့ သူတို့ချစ်ကြလွန်းသည်ကို သိလောက်သည်၊ အဘွားကလည်း စိပ်ပုတီးကို နံရံ၌ ချိပ်၍ထားသည်။ မခင်လတ်၏စုတ်မှာ ခြောက်နေပြီ၊ မေသန်းက တံဆိပ်ခေါင်းကို မတပ်မက်တော့၊ သူတို့တစ်တွေ မှာ တဖူးဖူးနဲ့ ကလေးနှင့်သာ အချိန်ကုန်နေကြရလေသည်။

သမီးလေးမလည်း မွေးကတဲက အပြာပဲ ဝတ်ဖူးရှာသေး၏။ သူ့မေမေက ဒီအရောင်ပဲ ချုပ်ပေး၏။ မခင်အေးတို့ မခင်ရီတို့ကလည်း နိုင်လွန်ပြာစလေးတွေကို လက်ဆောင်ပေး၏။ မေသန်းက ကလေး၏ ရင်ဘတ်တွင် ငြိမ်းချမ်းရေး ချိုးဖြူတံဆိပ်လေးကို ချိပ်ပေးရာမှ သူ့အမေကို လှမ်းပေးလိုက်၏။ မယဉ်နွယ်က ရင်သွေးအား အာသာမပြေနိုင် သန့်စင်စွာ မွေးနေ၏။

'မြင့်မြင့်နွယ် ဆိုသတဲ့နော် . . .'

သူ့အမေက ချစ်လွန်းသည်ကို တွေ့ရတော့ ကိုသန်းဟိန်းက သက်ပြင်းပဲ ချနိုင်သည်။ ဒါ့အပြင် သူ မပြောနဲ့ ဘယ်သူမှလည်းမတတ်နိုင်၊

သူ့အဖေ ပြန်လာဖို့ပဲလိုသည်။

ယင်းစဉ် . . .

'မယဉ်နွယ်တို့အိမ် ဆိုတာ ဒါလားဟေ့ . . .'

ရှမ်းအဘိုးကြီးတစ်ယောက် ဝင်လာသည်။

(၆)

အကြောင်းဆုံ သိရတော့လည်း ခွင့်လွှတ်ရမလို ရှိ၏။ မောင်လှမြင့်တစ်ယောက် သတင်းစာတွေနှင့် ကင်းဝေးရာသို့ ရောက်နေ၏၊ ဒါကြောင့်လည်း မယဉ်နွယ်၏ ခွင့်လွှတ်ကြောင်း ပြန်လာရန်ကြေညာချက်ကို မဖတ်ရှိရခြင်းဖြစ်သည်။ တကယ်တော့ သူက လုံးဝ အဆက်ပြတ်ရာသို့ ရောက်ရှိနေရခြင်း ဖြစ်လေ၏။

ဤသို့ အဆက်ပြတ်နေရခြင်းက မောင်လှမြင့်အတွက် ကောင်းမွန်ရာသို့ ရောက်နေရခြင်းပဲဖြစ်၏။ သရုပ်ဖော်စာပေကို ဖွံ့ဖြိုးစေလိုသော မောင်လှမြင့်အတွက် တိုင်းရင်းသား လူမျိုးများကြား ရောက်နေရခြင်းက တက္ကသိုလ်သို့ ရောက်နေရခြင်းမျိုးပင်။ အမျိုးသားစာပေကို ကြီးထွားစေလိုသော ဆန္ဒအား ယခု သူရောက်နေရာက အထောက်အပံ့ပြုလေသည်။

သူက ရှမ်းပြည်နယ်၏ သာယာသော ရှုခင်းများတွင် နစ်မောရင်း ကလောမြို့တွင် သွားရောက် ဇိမ်ခံနေသည်မဟုတ်။ တောကြို တောင်ကြားတွင် သွားရောက်ကာ လက်တွေ့ ဆည်းပူးနေခြင်းဖြစ်၏။ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုကို လေ့လာနေရခြင်း ဖြစ်၏။

မောင်လှမြင့်က ဗကသညီလာခံ တက်ရောက်ခဲ့စဉ်က ရှမ်းပြည်နယ်မှ ကျောင်းသားများနှင့် ရင်းနှီးခဲ့၏။ ခုတော့ သူတို့နှင့်အတူ ဗမာများ၊ လူယဉ်ကျေးဆိုသူများ မရောက်မပေါက်ဖူးသေးသော နယ်မြေများကို တစ်နှစ်ကျော် လည်ပတ်ခဲ့၏။ အမျိုးမျိုးသော သဘာဝ အနှောင့်အယှက်များအပြင် ကျူးကျော်စော်ကားနေသော တရုတ်ဖြူတပ်များ၏ ရန်ကိုလည်း မကြာခဏ ကြုံတွေ့ရလေသည်။

သူက ဒါတွေကို 'ပြည်နယ်သူ' ဟူသောဝတ္ထုမှာ အသေးစိတ် တင်ပြပေမည်။ သူ့သူငယ်ချင်းများကို ဤသို့အမြဲ ဆွေးနွေးခဲ့လေသည်။

ဒါပေမဲ့ 'ပွင့်ဦးနီလာ'ကို အရင်ရေးခဲ့၏။

(၇)

'မောင်လှမြင့်နဲ့ ငါ့သားနဲ့က သိပ်ချစ်ကြတာ၊ ဒီတော့ ငါကလည်း သူ့ကို ချစ်တာပေါ့၊ သူတို့သွားချင်တဲ့ဆီကို ငါပဲလိုက်ပို့တယ်။ ဒါပေမဲ့ မောင်လှမြင့်မှာ မိန်းမရှိမှန်း မသိဘူး၊ သူကလည်းမပြောဘူး . . .'

ကိုသန်းဟိန်းတို့က မယဉ်နွယ်အား ဝိုင်းကြည့်နေ၏။ မယဉ်နွယ် ကတော့ တောင်ပေါ် ပြည်နယ်သားကြီးအားသာ ကြည့်နေ၏။ ဘာမှလည်း မမေး၊ မေးရမည်ကို မေးမထွက် ရှိနေဟန်တူ၏။ နှုတ်ခမ်းလေးတွေကသာ လှုပ်ငးထနေသည်။

'အဲ့ဒါ သူ့ကလေးပဲလား . . .'

မယဉ်နွယ်က ခေါင်းညိတ်လိုက်၏။ သူမ အသက်ရှူသည်က မမှန်ပေ၊ အားလုံးလည်းတိတ်နေပြီး ဘယ်သူကမှ မောင်လှမြင့် အကြောင်း ကို ခု ဘယ်မှာလဲဟု မမေးကြ၊ မေးရမည်ကို နှုတ်လေးနေကြသည်။ သို့သော် သိချင်လိုက်ကြသည်ကလည်း အားလုံး အလွန်အကျွံပဲ။

အဘိုးကြီး၏ သွားတွေက မည်းနေ၏။ သူက ကွမ်းသွေး ထထွေးပြီး ပြန်လာတော့ အိတ်ထဲမှ အထုပ်ကလေးတစ်ခုကို ထုတ်လိုက် ၏။ လက်ကိုင်ပဝါညစ်ညစ်ဖြင့် တစ်ခုခုကို ထုပ်ထားသည်။ အဘိုးကြီးက လက်တုန်ရီစွာနှင့် လေးကန်မတွင်ကျယ်စွာ ဖြည်နေ၏။ မေသန်းက ရှေ့တိုးကြည့်၏။

သေးကစို၍ ကလေးက ငိုနေသည်။

နီလာလည်ရစ်။

ပြာသော နီလာပွင့်နေသော ရွှေဝါလည်ရစ်ကလေးဖြစ်၏။ ပုံသဏ္ဌာန်က စပါးနှံ နှစ်ခက်ယှက်ထားသလိုဖြစ်၏။ ငွေချိုးဖြူဖြူက

တွဲလဲခိုနေသည်။ အဘိုးကြီးက ကလေးလည်ပင်းတွင် ပတ်ပေးလိုက်သည်။

'သူ့သမီးဖို့ပဲ'

မြင့်မြင့်နွယ်က အငိုရပ်သွားသည်။ ရွှေ၏ အေးမြသော အတွေ့ကြောင့်ပဲ ဖြစ်၏။ ပြီးတော့ ကလေးက ပြုံး၏၊ လူကြီးတွေကတော့ မပြုံးရဲသေး၊ အမှန်လည်း မသိရသေးသည်ကို . . .

'သူ ခုဘယ်မှာလဲ . . .'

ကိုသန်းဟိန်းက မေး၏။ သူပဲမေး၏။

'ငါ မြို့ကိုသွားပြီး စာအုပ်ဆိုင်က သူ့ပိုက်ဆံယူရင်း သတင်းစာတွေဝယ်လာတယ်၊ အဲ့ဒီမှာ ဒီကလေးမွေးကြောင်း ပါတာကိုး၊ သူက တို့ကို အကြောင်းစုံပြောပြတယ်၊ သူက ငါ့ကိုပဲ အဲဒီကရတဲ့ ပိုက်ဆံထဲကနေ ဒီလည်ဆွဲလေးကို လုပ်ခိုင်းတယ်။ ကျန်တဲ့ပိုက်ဆံတော့ သူ ညီလာခံအတွက် သုံးလိုက်တယ်။ သူ မန္တလေးကို ချက်ချင်း ပြန်လာမလို့ပဲ၊ ဒါပေမဲ့ ကျေးလက်ငြိမ်းချမ်းရေး ညီလာခံရှိနေလို့ သူဟာ ငါ့သားများနဲ့ လုပ်နေရတယ် . . .

'ဒါဖြင့် ကိုလေး ဘယ်တော့ပြန်လာမလဲ၊ ညီလာခံက ဘယ်တော့ပြီးမလဲ'

မခင်လတ်က သူမ၏ မမအတွက် မေးပေးသည်လည်း ဆိုနိုင်၏။ သူမကိုယ်တိုင်လည်း သူမကိုလေး ဘယ်တော့ပြန်လာမည်ကို သိလိုလှ၏။

'ဒီလည်ဆွဲကလေးပြီးတဲ့နေ့မှာပဲ ညီလာခံပြီးတယ်၊ အဲဒီ ညီလာခံလည်းပြီးရော၊ ခေါင်းဆောင်တွေ အကုန်လုံးကိုဖမ်းတော့ ငါ့သားရော မောင်လှမြင့်ရော ရှေ့ဆုံးက ပါသွားတော့တာပါပဲ'

မယဉ်နွယ်က အော်ဟစ်၍မငိုပါ။ သို့သော် တွေနေသည်။ မျက်လုံးအရောင်က တဖြည်းဖြည်း ဖျော့လာသည်။ ပြီးတော့ စိုစွတ်လာ၏။ မျက်ရည်တို့က ဝိုင်း၍ဝိုင်း၍ လည်လာသည်။ နောက်ဆုံးမှာတော့

မျက်ရည်တို့က ညင်သာစွာ စီးကျလာသည်။

ထိုစဉ်တွင် အိမ်ရှေ့တွင် ဂျစ်ကားတစ်စင်း လာဆိုက်၏။ ငြိမ်းချမ်းရေးအလံက တလူလူလွင့်နေ၏။ တရားပွဲသို့သွားရန် မယဉ်နွယ်တို့အား လာခေါ်ခြင်းဖြစ်၏။

မယဉ်နွယ်က မျက်မှောင်လေးကျုံ့၍ အံကို တင်းတင်းကြိတ်လိုက်၏။ စီးကျသောမျက်ရည်တို့ကို သုတ်ပစ်လိုက်၏။ ပြီးတော့ ကိုသန်းဟိန်းအား တစ်ချက်ကြည့်လိုက်ပြီး သမီးငယ်ကိုပိုက်ရင်း ဂျစ်ကားဆီသို့ လျှောက်သွား၏။ နောက်မှ မတွန့်သောခြေလှမ်းဖြင့် ဖြစ်၏။

အဲ့ဒီမှာက ဖမ်းထားသော ငြိမ်းချမ်းရေးရဲဘော်များကို လွှတ်ရန် သူမက အဆိုတင်ရမည်ဖြစ်၏။ အဆိုတင်ရုံသာမကသေး ထိုရဲဘော်များ မလွှတ်မချင်း တိုက်ပွဲဆင်ရမည်ဖြစ်၏။ လူထု၏ဆန္ဒကို ပြရမည်။ တစ်ခဲနက်သောလူထု၏ ငြိမ်းချမ်းရေးဆန္ဒဖြင့် ထိုရဲဘော်များ လွှတ်ရမည်။

မယဉ်နွယ်၏ ခြေလှမ်းတို့က ပိုသွက်လာသည်။

အပြာ လာပါပေါ့ ငွေချိုးဖြူရယ် . . .

# အဝါ

## အရေးကြီးသော ဇာတ်ရုံများ

(က)

ခင်မိုးသီ အိမ်ထဲဝင်သွားသောအခါတွင် ခွေးကြီးတစ်ကောင် ပြေးထွက်လာ၏။ ဤအိမ်သို့ မကြာခဏ ရောက်ဖူးသော်လည်း ဤခွေးကြီးကိုကား ယခုတစ်ကြိမ်သာ တွေ့ဖူးပါသည်။ ခွေးကြီးသည် အမြင်အားဖြင့် ကြောက်လန့်ဖွယ်ရာရှိသော်လည်း သူမအား မည်သို့မျှရန်မမူပါ။ သို့သော် အဖြူပြောက်များပါရှိသော အမြီးကိုကား ဣန္ဒြေရရ ထောင်ထားပါသည်။ တစ်ချက်ကလေးမျှ မနံ့ပါ။ အမြီးတွင် အဖြူပြောက်များပါသည်မှလွဲ၍ တစ်ကိုယ်လုံးသည် အုန်းခွံရောင် ဖြစ်ပါသည်။ နားရွက်ကြီးများမှာ ရှည်၍ ဖားလျားကျနေသည်။ နှုတ်ခမ်းမှာ ဝိုင်း၍ချွန်းပါသည်။

ခင်မိုးသီက အတော်ကြာအောင် ခွေးအား စိုက်ကြည့်နေ၏။ သူမသည် အလွယ်တကူ ကြောက်လန့်တတ်ခြင်း မရှိသော်လည်း ဤခွေးကြီးနှင့်မူ သိပ်မရဲပါ။ သို့သော်လည်း ခွေးကြီးသည် သူမအား လုံးဝ ဂရုမစိုက်

သလို အိမ်ထဲသို့ ပြန်ဝင်သွားလေသည်။ ခင်မိုးသီက ခွေးကြီး၏နောက်ပိုင်းကို ကြည့်ပြီး မြင်ဖူးသည်ဟု အောက်မေ့နေပါသည်။

ပြီးတော့မှ သဘောကျစွာ ပြုံးနေသည်။

အကြောင်းမှာ သူမ ရောက်နေရာသည် ထုထယ်ကြီးမားသည့် ရဲတိုက်ကြီးတစ်ခု မဟုတ်သော်လည်း နှစ်ပေါင်း ငါးဆယ်ကျော်နေပြီဖြစ်သော အိမ်အိုကြီးတစ်ဆောင်ဖြစ်ပါ၏။ နှစ်ခါလည်သား၏ လက်တစ်ဖက်စာမျှရှိသော ကျွန်းလုံးတိုင်ကြီးများသည် အပေါ်လွှာတွင် ပိုးပေါက်များရှိနေပြီဖြစ်သော်လည်း နောက်ထပ် အနှစ် သုံးလေးဆယ်တိုင်အောင် ကျားကန်ပေးစရာ မလိုသေးပေ။ သူမသည် မောင်မြင့်နောင်နှင့် အင်မတန်ရင်းနှီးနေပြီ ဖြစ်သော်လည်း အိမ်အပေါ်ထပ်သို့ကား တစ်ကြိမ်မျှ မတက်ဘူးပါ။ အိမ်ရှင်များကိုယ်တိုင်ပင် တစ်နှစ်နေ၍ တစ်ကြိမ် အိမ်ပေါ်တက်ကြဟန်မတူပါ။ သို့သော်လည်း အောက်မှနေ၍ ကြည့်လျှင်ကား ကြမ်းများသည် ဖိတ်ဖိတ်နီလျက် ရှိ၏။ ယက်မကြီးများသည် စစ်ကိုင်းတံတားပမာ ခိုင်ခန့်လှ၏။

'အမေ . . .'

ခင်မိုးသီက လှမ်းခေါ်လိုက်သည်။ ခါတိုင်းဆိုလျှင် သူမသည် အသံမပြုဘဲ အိမ်ထဲသို့ တန်းဝင်သွားတတ်သည်။ သုံးယောက်တည်းသာရှိသော အိမ်ရှင်များကို သူမက သိကျွမ်းရင်းနှီးပါသည်။ သို့သော်လည်း ယနေ့မူ တိရစ္ဆာန်ဧည့်သည်တစ်ဦး ရောက်ရှိနေ၍ အသံပြုလိုက်ခြင်းဖြစ်၏။ ဒေါ်နှင်းမယ်အား မောင်မြင့်နောင် ခေါ်သလိုပင် သူမကလည်း အမေဟု ခေါ်လိုက်သည်။

အထဲမှ အသံမကြားပါ၊ အိမ်မြှောင်ကျွတ်ထိုးသံသာ ကြားရသည်။ ခင်မိုးသီက ပြန်တော့မည်ဟု စိတ်ကူးလိုက်၏။ အကြောင်းမှာ အိမ်ထဲသို့ ဝင်မသွားရဲသလို ဖြစ်နေသောကြောင့်တည်း။ သို့ရာတွင် ခဏအကြာတွင် သူမသည် ခေါင်းမှ နှင်းဆီပန်းကို လက်တွင်ဖြုတ်ကိုင်၍ အိမ်ထဲသို့ ဝင်သွားသည်။ မောင်မြင့်နောင်၏ အခန်းထဲသို့ အပေါက်ဝမှ လှမ်းကြည့်လိုက်

သည်။ အိပ်ရာပေါ် စာအုပ်သုံးလေးအုပ် ပြန့်ကြဲနေသည်သာ တွေ့ရ၏။

ဒေါ်နှင်းမယ်၏အခန်းကို ကြည့်ပြန်၏။ မည်သူမျှမရှိ၊ အားလုံး သေသေသပ်သပ် ဖြစ်၏။ မောင်မြင့်နောင်က ပြီးကပစ် နေတတ်သလောက် သူ့အမေက စည်းစနစ် ကြီးလေသည်။ ခင်မိုးသီက မီးဖိုဘက် လှည့်သွားမည်ပြုလိုက်ပြီးမှ အခန်းထဲတွင် တစ်စုံတစ်ခုကို မြင်မိ၍ လှည့်ဝင်သွား၏။ ခုတင်အနီးရှိ စားပွဲပေါ်တွင် လှပသော ဆေးလိပ်ပြာခွက်ကလေး ရှိ၏။ ပြာခွက်ထဲတွင် 'နဂါး' ဆေးလိပ်တိုတစ်ခုရှိ၏။ ဒေါ်နှင်းမယ်က 'နဂါး' မှ သောက်၏။ 'နဂါး'၏ဘေးတွင် စီးကရက်တိုတစ်ခု ရှိ၏။ မည်သူ သောက်သနည်း။ မောင်မြင့်နောင်သည် ဆေးလိပ်မသောက်ပါပေ။ ခင်မိုးသီက ဆေးလိပ်ကို ငုံ့ကြည့်လိုက်ရာ 'ငါးသုံးလုံး' မှန်း သိလိုက်တော့၏။

ချက်ချင်းပင် သူမက သဘောပေါက်သွားသည်။ ခွေးနှင့်ဆေးလိပ်တိုကို ဆက်စပ်မိသွားသည်။ ဥပစာ(က) ပိုင်းတွင် နှစ်နှစ်ဆက် ကျခဲ့သော ပြုံးသဇင်သည် ပွဲလမ်းသဘင်များ ရှိသောအခါတွင် ရွှေစီးကရက်ဘူးကလေးနှင့် ငါးသုံးလုံးစီးကရက်ကို သောက်တတ်၏။ ရွှေမန်းဆောင် ညစာစားပွဲတွင် သူမနှင့်အတူ အုန်းခွံရောင် ခွေးကြီးတစ်ကောင်ပါလာ သည်။ အာလူး အတော်များများကို သတိထားမိလိုက်သည်။

ခင်မိုးသီက မျက်မှောင်ကျုံ့၍ စဉ်းစား၏။

မောင်မြင့်နောင်နှင့် ပြုံးသဇင်သည် ကျောင်းတွင် ခေါ်ခေါ် ပြောပြော မရှိလှပါ၊ မပြောနိုင်ဘူးလေ . . .

သူမက ပြန်မည်အပြုတွင် နောက်မှခြေသံကြား၍ လှည့်ကြည့်လိုက်၏။ အိမ်ဖော်အဖြစ် ခေါ်ထားသော ကောင်မလေးကလေး ဖြစ်၏။ ဂျမ်းတုတ်သည် ခင်မိုးသီအား မြင်သောအခါ ပြုံးစိစိကြီး လုပ်နေ၏။

'နင့် အစ်ကိုလေးကော . . .'

ခင်မိုးသီက မေးလိုက်၏။ ဂျမ်းတုတ်က ပြုံးစိစိ။

'အိမ်ကို ဘယ်သူလာသလဲ . . .'

ပြုံးစိစိ။

'ဟိုခွေးကြီးက ဘယ်က ခွေးကြီးလဲ . . .'

ပြုံးစိစိ

'ဒီကောင်မကလေး မေးတာ မကြားဘူးလား၊ ဘာပြုံးစိစိ လုပ်နေတာလဲ'

ခင်မိုးသီက စိတ်မရှည်တော့၍ အော်လိုက်၏။ ဂျမ်းတုတ်သည် တစ်ခါတည်း တည်တည်ကြီး ဖြစ်သွား၏။ ပြီးတော့မှ ငိုမဲ့မဲ့နှင့် နောက်ဖေးသို့ လှည့်ထွက်သွားသည်။ ခင်မိုးသီက တစ်ယောက်တည်း အူကြောင်ကြောင်နှင့် ကျန်ရစ်ခဲ့၏။

ခွေးကြီး၏ အစအနကိုလည်း မမြင်ရတော့၊ သူမက စိတ်ရှုပ်စွာနှင့် အိမ်ရှေ့သို့ ထွက်လာခဲ့တော့၏။ ဝင်းဝသို့ သူမ ရောက်သောအခါတွင် အိမ်ထဲမှ ခွေးဟောင်သံတစ်ချက် ကြားရ၏။

'အိမ်ပေါ်ကများ ဖြစ်မလား' ခင်မိုးသီက တွေးလိုက်၏။

သို့ရာတွင် နောက်ကြောင်း မပြန်တော့။

ခင်မိုးသီမှာ မန္တလေးတက္ကသိုလ်ဝယ် လှပ၍ စာတော်သော ကျောင်းသူများအနက် တစ်ယောက်အပါအဝင် ဖြစ်လေသည်။

သို့သော်လည်း သူမသည် အလှအပ မက်မောသူတစ်ယောက် မဟုတ်ပါပေ။ သို့ရာတွင် အရုပ်ဆိုးမှာကိုတော့လည်း စိုးရိမ်တတ်ပါသည်။

သူမ၏မျက်လုံးတွင် ညို၍နီနေသည်။ သူမနှင့်တွေ့လျှင် မျက်လုံးကိုသာ အရင်သတိထားမိ၏။ ပြီးတော့မှ ပြုံးလိုက်သောအခါတွင် ပေါ်လာသော ပါးချိုင့်လေးကို ဖြစ်ပါ၏။ သူမ၏မျက်နှာတွင် ဝက်ခြံများ၊ အဖုငယ်များမရှိဘဲ ချောမောပြေပြစ်လှသော်လည်း အသားကလေးက ဝါဝင်း၍ မနေပါ၊ အညာသူပီပီ ခပ်ညိုညိုပင် ဖြစ်ပါသည်။ တကယ့်တကယ်ကျတော့လည်း မဲ၍မွဲခြောက်နေသည်ကသာ အကြည့်ရဆိုးပြီး ညို၍ စိုနေသည်က ဝင်း၍ ထင်းနေသည်ထက် ဆွဲဆောင်မှုရှိပါသည်။ အလှ၏သဘောသည် လင်းလင်းထင်းထင်းထက် မှိုင်းမှိုင်းညိုညိုလေးက ခံစားသူကို တစ်ဆင့်ထက်တစ်ဆင့် စိတ်တက်ကြွစေပါသည်။

**ရန်အောင်စာပေ (၂)**

သို့သော်လည်း သူမ၏နှုတ်ခမ်းသည် အနည်းငယ် ရှည်လျား၍ နေ၏။ မလိုလားသူများကတော့ နှုတ်ခမ်းပြဲသည်ဟု ဆို၏။ ခင်မိုးသီက နှုတ်ခမ်းနီဆိုးသောအခါတွင် နှုတ်ခမ်းသားအကုန်မဆိုးပါ။ အထက်နှုတ်ခမ်း၏ ဘေးစွန်းများကို မသိမသာချန်၍ လိုသည့်ပုံစံကိုလောင်း၍ ဆိုးပါသည်။ ပြီးတော့ ပြုံးလိုက်သောအခါတွင် နှုတ်ခမ်းကို မသိမသာလေး စူထားပါသည်။ သို့ဖြင့် နှုတ်ခမ်း အတွန့်အရေးလေးများ စိပ်၍ များပြားလာပြီး ဖိတ်ခေါ်မှုအား ပို၍ကောင်းသွားပါသည်။

ဤသို့ အရုပ်ဆိုးမှာစိုး၍ နှုတ်ခမ်းကို ဂရုစိုက်လှသော်လည်း မေတ္တာနည်းစေ၍ တဏှာကဲစေသော ရင်သားများအတွက်မူ သူမသည် အနှောင့်အယှက် ဖြစ်လှ၏။ သူမ၏ ရင်သားများသည် ဖုံးဖိသိုဝှက်၍ မရ လောက်အောင် ကြီးမားလုံးချွန်လှသည်။ ခင်မိုးသီက အဘယ်မျှ နေ့ကွေးစွာ လမ်းလျှောက်စေကာမူ ရင်သားတို့က ခြေလှမ်းတိုင်းတွင် တုန်လျက်ရှိ၏။ မည်မျှလောက်ကြပ်၍ ပုံမပါသော အောက်ခံကို ဝတ်လင့်ကစား ရင်သည်မို့၍ ချွန်နေသည်၊ တွေ့သမျှလူတိုင်း၏ မျက်လုံးသည် သူမ၏ရင်တွင် ရောက်နေသည်အား ခင်မိုးသီ အနေခက်လှ၏။

‘ကိုယ် ဒါလောက် မလှချင်ဘူးကွာ၊ သူများတွေလောက်ပဲ လှချင်တယ်၊ ခုတော့ ကျောင်းမှာ ကိုယ်တစ်ယောက်တည်းလို ဖြစ်နေပြီ၊ သိပ်အနေကျပ်တာပဲ’

သူမက ရင်းနှီးသော သူငယ်ချင်းများအား ဤသို့ မကြာခဏ ပြောလေ့ရှိ၏။ သို့သော်လည်း အဖော်အပေါင်းများက သူမ၏စကားကို မယုံပေ၊ ကြွားဝါသည်ဟုထင်ကြ၏။ အကြောင်းမှာ သူတို့သည် သူမ၏ ရင်သားများအား မနာလိုနေကြပြီး တပ်မက် လိုလားနေကြသောကြောင့်တည်း။

မောင်မြင့်နောင် တစ်ယောက်သာလျှင် ခင်မိုးသီ၏စကားကို ယုံကြည်လေသည်။

အကြောင်းမူ သူသည် ခင်မိုးသီထက်ပင် အလှအပကို မခုံမင်သူ

ဖြစ်၏။ ကိုယ်တိုင်လည်း အလှမပြုပြင်၊ အလှပြုပြင်သူများအားလည်း သူမမြင်ပါ။ သူမြင်သည်မှာ မြန်မာအက္ခရာနှင့် အင်္ဂလိပ် အက္ခရာများသာ ဖြစ်ချေ၏။ သူက ကျောင်းစာရော အပြင်စာရော သဲသဲမဲမဲဖတ်သူ ဖြစ်သည်။ သူက ဝတ္ထုများကိုလည်း စွဲလန်း၏။ ကျမ်းဂန်များကိုလည်း မခွဲတမ်းဖြစ်၏။ ရာဇဝင်၊ ဘောဂဗေဒ၊ သိပ္ပံ၊ နိုင်ငံရေး စသည်တို့ကို ရတတ်သမျှ ရှာဖွေဖတ်ရှု၏။

သူမြတ်နိုးလှသော စာအုပ်များပင် လှလှပပ မရှိကြချေ၊ ကုတ်အင်္ကျီ အိတ်ထဲသို့ ခေါက်၍ ထည့်သွားတတ်သဖြင့် ကျေနေ၏။ ဖတ်လက်စ ခဏခဏချထားရသဖြင့် စာအုပ်ထောင့်များ ကျိုးနေကြ၏။ စက္ကူစများ၊ သစ်ကိုင်းခြောက်များ ညှပ်ထားတတ်၏။ တစ်ခါတစ်ရံ ပဲစေ့၊ မှူးစေ့ ကျပ်တန်တို့ဖြင့်လည်း စာမျက်နှာ မှတ်သားထားတတ်၏။

သူ့စာအုပ်များအားလုံးသည် ညစ်ပတ်လျက်ရှိ၏။ ရှုပ်ယှက်ခတ်အောင်ပင် မျဉ်းနီမျဉ်းနက် ခဲတံတို့ဖြင့် တားထား၏။ တစ်ခါတစ်ရံတွင် ခဲတံ၊ ဖောင်တိန် အလွယ်တကူမရှိ၍ လက်သည်းဖြင့်လည်း အကြောင်းနက်နက်ထင်အောင် သားထား၏။ ကွင်းပိတ်ကွင်းဖွင့်များလည်း ပြည့်နှက်နေ၏။ ထိုင်ရင်း အိပ်ရင်း လမ်းလျှောက်ရင်း မှတ်သားသော မျဉ်းများသည် မဖြောင့်ဘဲ မြွေလိန်တွန့်နေ၏။

အချို့နေရာတွင် မေးခွန်းအမှတ်များ ပြထား၏။ အချို့ အချက်များကို သဘောတူသည် မတူသည် စသည်ဖြင့်ရေးထား၏။ စာအုပ်၏ လွတ်သောနေရာများတွင် မှတ်စုများ ပြည့်နေတတ်သည်။

မောင်မြင့်နောင်သည် ခင်မိုးသီကို သူမလှ၍ ပေါင်းနေသည် မဟုတ်၊ သူမသည် စာတတ်၍ စာအုပ်များများရှိသောကြောင့် ဖြစ်၏။ ပြီးတော့ သူ့ဒဏ်ကို မညည်းမညူ ခံ၏။ ပြီးတော့ သဘောကောင်း၏။ ပွင့်လင်း၏၊ ရိုးသား၏၊ ပြီးတော့ အပြောအဆို အနေအထိုင်က မကလက်။ ပြီးတော့ . . .

မောင်မြင့်နောင် တဆိတ်ဆက်မတွေးတတ်၊ ခင်မိုးသီသည် သူ့လိုပဲ

စာဖတ်သည်။ ဒါပဲ အခြားအကြောင်းတွေက အခြားအခြား အများပဲဖြစ်၏။

သို့သော် ခင်မိုးသီကမူ သူ့အား မယုံရဲယုံရဲ ဖြစ်၏။ ခုအထိတော့ သူက သူမအပေါ်တွင် သစ္စာရှိ၏။ မရိုးသားသော အရိပ်အရောင်မပြ၊ အိမ်ကလူကြီးများကပင် မောင်မြင့်နောင်အား အချိန်မရွေး နေရာမရွေးသို့ ဝင်ထွက်ခွင့်ပေးထား၏။

သို့သော်လည်း ယခုအခါတွင် ခင်မိုးသီစိတ်ထဲ၌ မောင်မြင့်နောင်နှင့် ပတ်သက်၍ ပြဿနာဖြစ်လျက် ရှိလေသည်။ ငါးသုံးလုံးစီးကရက်၊ အင်းခွေးကြီး၊ ပြုံးသဇင်။

(၈)

ခင်မိုးသီသည် မနက်ဖြန်ဆိုလျှင် ရန်ကုန်သွားရတော့မည်။

စစ်ကြီးပြီး၍ ဘီတီအင်ကျောင်းသို့ ရောက်သည်မှစ၍ တက္ကသိုလ်ရောက်သည်ထိ မခွဲမခွာ ၇-နှစ်လုံးလုံး မောင်နှမပမာ နေထိုင်ခဲ့ဖူးသူတစ်ယောက်နှင့် ခွဲခွာရပေတော့မည်၊ အင်္ဂလိပ်စာ ဂုဏ်ထူးတန်းတက်ရန် သူမ၏ ရန်ကုန်တက္ကသိုလ်သို့ သွားတော့မည့်အကြောင်း ဖွင့်ပြောလိုက်သောအခါ မောင်မြင့်နောင်သည် မျက်နှာ ညှိုးငယ်သွားပြီး မျက်ရည်စမ်းလာ၏။

သို့သော်လည်း ယခုမူ သူက ဘယ်ကိုရောက်နေသနည်း၊ မိမိ၏ အစ်မအရင်းပမာ ဖြစ်ပါသည်ဆိုသော ခင်မိုးသီကိုယ်တိုင် အိမ်လာရှာသည့်တိုင် မတွေ့ရဘဲ အင်းခွေးကြီးကသာ သူမအား ထွက်၍တွေ့ခဲ့သည် မဟုတ်ပါလော။ မနေ့ကလည်း သူ အိမ်မလာ၊ တစ်နေ့ကလည်း ခင်မိုးသီ နေကုန်အောင် စောင့်နေသည်။ အချည်းနှီး။

မည်သို့ပင်ဖြစ်စေ အင်္ဂလိပ်စာဂုဏ်ထူးတန်းကို အောင်မြင်ပြီးသောအခါတွင် မိဘများအား လုပ်ကျွေးသမှု ပြုမည်ဟု စိတ်ကူးရှိထားသော ခင်မိုးသီသည် နံနက်မိုးလင်းလျှင် ရထားသို့ ဆင်းရချေတော့မည်။

မောင်မြင့်နောင်ကမူ ကြီးလျှင် စာရေးဆရာ လုပ်မည်ဟုဆိုသော်

သည်း တက္ကသိုလ်၌မူ သိပ္ပံပညာကိုသာ လေ့လာလျက်ရှိ၏။ သို့ရာတွင် ခင်မိုးသီ ရန်ကုန်တက္ကသိုလ်သို့ သွားမည်ဆိုသောအခါတွင် သူလည်း အင်မတန် လိုက်ချင်နေ၏။ သူမအား မခွဲခွာချင်၍လည်း ဖြစ်လေမည်။ ရန်ကုန် စာပေလောကကို ကိုယ်ထိလက်ရောက် ဝင်ချင်၍လည်း ဖြစ်ပေမည်။

သို့ရာတွင် . . . မောင်မြင့်နောင်သည် မုဆိုးမ၏သား တစ်ယောက်ဖြစ်၏။ မိခင်ကြီးက ငါးခြောက်ငါးခြမ်းရောင်း၍ ကျောင်းထားသဖြင့် သူက ဥပစာတန်း အောင်မြင်လာရသူဖြစ်၏။ မိခင်ကြီးက ငွေကြေးတတ်နိုင်သည့်တိုင် တစ်ယောက်တည်းသောသားအား ခွဲချင်ဟန်မရှိပေ။ ထို့ကြောင့် ခင်မိုးသီက သူ့အား ရန်ကုန်သို့ အတင်းအကြပ် မခေါ်ခြင်းဖြစ်၏။ သူမ ခေါ်လျှင် ရမည်ဟုတော့ ယုံကြည်ထား၏။

ယခုတော့မူ ထိုယုံကြည်ချက်သည် အတော်ကလေး လျော့ပါးသွားလေပြီ။ အင်းခွေးကြီး၏ ဟိန်းသံသည် မန္တလေးတစ်မြို့လုံးအား ပွဲတင်ထပ်လျက် ရှိပါ၏။

ခင်မိုးသီ အိမ်ပြန်ရောက်သော အချိန်သည် နေဝင်ရီတရော ဖြစ်ပါ၏။ သူမသည် စိတ်ပန်းလူပန်း ဖြစ်နေ၏။ တစ်ကိုယ်လုံးအိုက်၍ ချွေးများပြန်နေ၏။ ရာသီဥတုအားဖြင့်လည်း နယုန်လသည် ပူအိုက်လှ၏။ လွန်ဆွဲ၍ ငါးရံ့မင်းပရိတ် ရွတ်ကြသည့်တိုင် မန္တလေးသည် ခြောက်၍နေ၏။ မိုးသံဝေးနေ၏။

ခင်မိုးသီ၏ ဖခင်ကြီးသည် ပန်းပင်များကို ရေလောင်းလျက်ရှိ၏။ စံပယ်နှင့် နှင်းဆီများသည် မည်မျှပင် ရေဖျန်းပေးစေကာ အနောက်တောင်မှလာမည့် မိုးကိုသာ ငံ့လင့်နေ၏။

သူမသည် ရေမိုးချိုးပြီးမှ ညစာစားမည်ဟု အောက်မေ့လိုက်၏။ ခင်မိုးသီသည် မည်သူ့အားမျှ စကားမပြောဘဲ သူမအခန်းထဲ ဝင်သွား၏။ သူမ၏အိမ်ခန်းသည် မှောင်ရီဝိုးဝါး ဖြစ်နေ၏။ သူမက မှန်တင်ခုံသို့သွား၍ ထိုင်ချလိုက်၏။ တအောင့်ကလေးနေမှ ကျောက်စိမ်းကြယ်သီးများကို

တစ်လုံးချင်း ဖြုတ်နေ၏။ ငါးလုံး စေ့သွားသောအခါ နိုင်လွန်အကျီလေးကို ရင်ကော့၍ ချွတ်လိုက်ပြီး ခုတင်ပေါ် ပစ်တင်လိုက်၏။ ပြီးတော့ မှောင်တရီ တွင် အောက်ခံအကျီ ဘေးသီးများကို စမ်း၍ ဖြုတ်နေပြန်၏။ ညနေက ရေမွှေးဆွတ်သွားသော်လည်း ယခုအခါ ချွေးနံ့သည် မသိမသာ ပါလာ လျက်ရှိ၏။ နောက်ဆုံးကျယ်သီး ပြုတ်သွားသောအခါတွင် တစ်စုံတစ်ရာက တွန်းကန်လိုက်သည့်အလား အကျီသည် အားကုန်နှင့် ပွင့်သွားသည်၊ သူမ သည် အသက်ရှူချောင်၍သွား၏။ တင်းတင်းကြပ်ကြပ် မဟုတ်ဘဲ လွတ် လွတ်လပ်လပ် နေရသည်မှာ အသက်ရှူ၍ ကောင်းလှ၏။ သို့သော်လည်း နေစ မရှိ၍ မှောင်ထဲတွင် တစ်ယောက်တည်း ဖြစ်ငြားလည်း စိတ်မရဲချေ။

ထမီစကို ရင်လျားရန် ဖြုတ်လိုက်၏။ သို့သော် ထမီကို ခါးပေါ် တွင် ဘယ်လက်ဖြင့်ကိုင်ထားပြီး ရင်မလျားသေးဘဲ ခုတင်ခေါင်းရင်းဘက် သို့ လျှောက်သွားကာ တွဲလျောင်းကျနေသော မီးခလုတ်ကို နှိပ်လိုက်၏။

ရုတ်ခနဲ လင်းလာသည်၊ ဖြုတ်ခနဲ လန့်သွားသည်။

သူမ၏ ခုတင်ပေါ်တွင် လူတစ်ယောက် အိပ်လျက်ရှိ၏။ သူမက ပျာယီးပျာရာ ထမီကို ရင်လျားလိုက်သည်။

သို့သော် ခုတင်ပေါ်မှလူသည် သူမ၏ရွှေဂွမ်းစိုင်၊ ငွေဂွမ်းစိုင်တို့ကို မြင်တွေ့ မသွားပါချေ။ သူသည် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်လျက်ရှိ၏။ သူသည် စောစောက သူမသွား၍ရှာဖွေခဲ့သော မောင်မြင့်နောင်ပင် ဖြစ်ပါ သည်။

(ဃ)

ခင်မိုးသီ ရေချိုးပြီးလေပြီ။ သနပ်ခါးကို ကိုယ်တိုင်သွေး၍ လိမ်းပြီး လေပြီ။ မောင်မြင့်နောင်ကား ယခုထက်ထိပင် မနိုးသေးချေ။ သူ့လက် မောင်းတွင် ခြင်များ သီ၍ကိုက်နေသော်လည်း သူက မလှုပ်လွန့်ပါချေ။ အဘယ်မျှပင် ပင်ပန်းနွမ်းနယ်လာပြီး အိပ်မောကျ နေလိုက်ပါသနည်း။

ခင်မိုးသီက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ကာ ခြင်များကို

ရမ်းခါပြီး ဇာခြင်ထောင်ကို ချလိုက်သည်။ ထို့နောက် ထမင်းစားရန် မီးဖိုဘက်သို့ သွားလေသည်။

ထမင်းဝိုင်းတွင် သူမ၏မိခင်နှင့် ဖခင်က ရောက်နှင့်လျက်ရှိသည်။ ခင်မိုးသီက အုပ်ဆောင်းတွင်းမှ သရက်သီးမှည့်မှည့်ကို တစ်ချက်ကြည့်လိုက်ပြီး သူမ၏ ကုလားထိုင်တွင် ဝင်ထိုင်၏။

'မနက်ကျရင် သမီးဖို့ ထမင်းချိုင့် ထည့်ပေးလိုက်မယ်၊ မေမေ ငါးကြော်ထားပြီးပြီ . . .'

'နေပစေ မေမေ၊ လမ်းကျမှ ဝယ်စားမယ်၊ ငါးပိကြော်ပုလင်းသာ ထည့်ပေးလိုက် . . .'

ခင်မိုးသီက မိခင်အား ကျေးဇူးတင်စွာနှင့် ပြောလိုက်၏။

'ထမင်းချိုင့် မယူလည်း. . . ငါးကြော်ကိုတော့ ထည့်ပေးလိုက် ပေါ့ကွာ. . .'

ဖခင်က အဆုံးအဖြတ် ပေးလိုက်သည်။ ခင်မိုးသီက မိဘနှစ်ပါးကို လုပ်ကျွေးသမှုပြုရန်သာ စိတ်စောနေသည်။ မိခင်ကြီးသည် သမီး ကျောင်းသွားမည်ဖြစ်၍ အစစအရာရာ အဆင်သင့်ဖြစ်အောင် စီမံပေးလျက်ရှိ၏။ ခင်မကန်ကျောင်း ဆရာတော်ပေးထားသော တေဆေးပုလင်းကိုပင် မမေ့မလျော့ ထည့်ပေးလိုက်၏။

ခင်မိုးသီက ထမင်းစားပြီးသောအခါ သရက်သီး တစ်စိတ်ကို ယူ၍ စားရင်း မေး၏။

'မောင်လေး ဘယ်အချိန်က ရောက်နေတာလဲ မေမေ . . .'

'ဟေ . . . မောင်မြင့်နောင် ရောက်နေသလား၊ မေမေဖြင့် သိတောင် မသိဘူး သမီး . . .'

'ဖေဖေကော မမြင်လိုက်ဘူးလား . . .'

'ငါလည်း မမြင်လိုက်ပေါင်ကွာ . . .'

'ရောက်နေလို့ သမီးအိပ်ရာထဲမှာ သိုးတောင်နေပြီ . . .'

ခင်မိုးသီက ဒေါကလေးဖြင့် ပြောလိုက်၏။ တကယ်တော့မူ

သမီးအပျိုလေး အိပ်ရာပေါ်သို့ သူစိမ်းယောကျ်ားလေး တစ်ဦးရောက်နေသည်ကို မသိရကောင်းလားဟု မိဘနှစ်ပါးကို အပြစ်တင်၍လည်း မဖြစ်ပါ။ အကြောင်းမှု အခါတိုင်းလည်း မောင်မြင့်နောင်သည် ခင်မိုးသီ၏ အခန်းထဲသို့ တံခါးမရှိ ဓားမရှိ ဝင်နေသောကြောင့် ဖြစ်ပါ၏။ အားလုံးက သူ့အား အိမ်သားတစ်ယောက်ပမာ သဘောထားနေကြ၏။

မိဘများက မောင်မြင့်နောင်အား မဖောက်မပြားတတ်သော လူရိုးကလေးတစ်ယောက်ဟု ထင်မှတ်၍များ လွှတ်ထားလေသလား၊ သို့တည်းမဟုတ် သမီးလေးနှင့် ဖြစ်သွားခဲ့လျှင်လည်း ငြင်းစရာမရှိဟု သဘောပိုက်၍များလား ဆိုသည်ကိုတော့ ခင်မိုးသီကိုယ်တိုင်ပင် စဉ်းစား၍မရပါ။ ငယ်ရာမှ ကြီးလာကြသော မိဘများသည် သူစိမ်းနှစ်ယောက် မောင်နှမပမာ ချစ်သည်ဆိုခြင်းကိုတော့ ဖွင့်မပြောသည့်တိုင် မျက်စိမှိတ်၍ ယုံကြည်ကြဟန်တော့ မရ၊ ထိုကြောင့်ပင် မိခင်ကြီးသည် သမီးအား တစ်ခါတစ်ခါတွင် ဆုံးမတတ်၏။ ထိုသည်မှာလည်း အထွေအထူးတော့ မဟုတ်၊ လက်မထပ်သေးမချင်း မည်သည့် ယောကျ်ားလေးကိုမျှ ကိုယ်ကိုပုံမအပ်ရန် ဖြစ်၏။ အခြားတော့ ဘာမျှမပြော၊ ဘယ်သူနှင့် မပေါင်းနှင့်မခေါ်နှင့်ဟု မပညတ်ပါ။ ဘယ်သူ့သား သမီးနှင့်မျှ မစေ့စပ် မကြောင်းလမ်းပါ။

သို့သော်လည်း သူတို့သည် မောင်မြင့်နောင်ကို အခြား ယောကျ်ားလေးများထက်တော့ ပို၍ အထင်ကြီး၏။ ဟော့ဟော့ရမ်းရမ်း လုပ်မည့်သူငယ်မဟုတ်ဟု ခန့်မှန်းမိကြ၏။ သူတို့ကိုယ်တိုင်လည်း တူသားပမာ ခင်မင်တွယ်တာနေပြီ ဖြစ်ကြ၏။

'ဒါဖြင့် ဘာလို့ မနှိုးသလဲ၊ တစ်ခါတည်း ထမင်းစားရအောင်. . .'

မိခင်က ပြော၏။

'နေပါစေ မေမေ . . . သူနိုးတော့ ဆာလို့ရှိရင် သူဘာသူ ခူးခပ်စားလိမ့်မ ပေါ့ . . .'

ဤသို့ ပြောသော်လည်း မောင်မြင့်နောင်ကိုယ်တိုင် ခူးခပ်စားရသည် မရှိပါ။ သူမကိုယ်တိုင် ဂရုတစိုက် ကျွေးမွေးသည်သာ ဖြစ်ပါ၏။

ခင်မိုးသီက ထမင်းစားပြီးသောအခါ အိပ်ခန်းသို့ ပြန်ခဲ့၏။ မောင်မြင့်နောင်အား နှိုးမည်ဟု စိတ်ကူးလာ၏။ ထမင်းကျွေးရန် မဟုတ်၊ စီးကရက်တို့နှင့် ခွေးအကြောင်းကိုမေးရန် ဖြစ်၏။

သူမ၏စိတ်ထဲတွင် မောင်မြင့်နောင် တခြားမိန်းမလေးနှင့် ချစ်သွားမည်ကိုတော့ နှမြောနေ၏။ သို့သော် သူမသည် မောင်မြင့်နောင်အား မောင်ကလေးတစ်ယောက် အဖြစ်မှ ပို၍ မချစ်ပါ။

သူမ အခန်းထဲ ရောက်သွားသောအခါတွင် မောင်မြင့်နောင် နိုးနှင့်နေပေပြီ၊ သို့သော် မထသေးချေ၊ ခင်မိုးသီ ဝင်လာသည်ကို မြင်သောအခါ သူက မျက်စိကို ပြန်မှိတ်ထားလိုက်သည်။

'မျက်လုံးကို ပြန်ဖွင့်လိုက်ပါ . . .'

ခင်မိုးသီက အမိန့်ပေးလိုက်၏။ အကြောင်းမှာ မောင်မြင့်နောင်သည် အိပ်မည်ဆိုလျှင် ငါးမိနစ်အတွင်း၌ အိပ်ပျော်အောင် အိပ်နိုင်သူဖြစ်၏။ ထိုသို့ အိပ်ပျော်ရန် သူက သုံးနှစ်မျှ စနစ်တကျ ကျင့်ထားခြင်းဖြစ်၏။ မျက်စေ့ကိုမှိတ်၍ တစ်ကနေ တစ်ထောင်အထိ ရေတွက်မိသောအခါတွင် သူက အိပ်ပျော်ခြင်းသို့ ရောက်လေတော့၏။

'သိပ် အိပ်ချင်နေတယ် . . .'

သူက ခေါင်းကို ခြင်ထောင်အပြင်ဘက်သို့ ထုတ်လိုက်ပြီးပြော၏။ ခင်မိုးသီက ကုလားထိုင်တွင် ထိုင်လိုက်သည်။

'ဘယ်အချိန် ရောက်နေသလဲ . . .'

'လေးနာရီလောက်က . . .'

'ဟုတ်ကဲ့လား . . .'

'ဟုတ်ပါတယ် . . . ဘာလို့လဲ . . .'

'ဘာမှ မပြုပါဘူး၊ ငါးနာရီလောက်က မင်းအိမ်မှာ ရှိသလားလို့. . .'

'ကျွန်တော် မနက်ထမင်း စားပြီးကတဲက အိမ်က ထွက်လာတာ. . .'

'ဒါဖြင့် နေ့လယ်ဘက် ဘယ်သွားနေလဲ . . .'

'မာတ်ရှင် ကြည့်နေတယ် . . .'

ခင်မိုးသီက မောင်မြင့်နောင်မျက်နှာကို ကြည့်၏။ အမူအရာ မပျက်ချေ။ လိမ်ညာသည့်အမူအရာ မတွေ့ရ၊ သို့သော် သူသည် စိတ်ကို ထိန်းချုပ်နိုင်သူ ဖြစ်၏။ အင်မတန် မှင်ကောင်း၏။

'ဘာလို့ အိပ်ချင်သလဲ . . .'

'စိတ်ညစ်လို့'

ခင်မိုးသီက တောင်တစ်ပေါက် မြောက်တစ်ပေါက်နှင့် မေးရန် စိတ်ကူးလိုက်၏။

'မင်း အခု ဆေးလိပ်သောက်နေသလား . . .'

'ဟင့်အင်း၊ နေပါဦး၊ ကျွန်တော့်ကို ဘာတွေမေးနေတာလဲ'

'ကိုယ် စောစောက မင်းတို့အိမ် ရောက်ခဲ့တယ် . . .'

မောင်မြင့်နောင်က ထထိုင်လိုက်၏။

'အမေ ပြန်ရောက်ပလား . . .'

'အမေ ငါးနာရီထိုးမှ ဈေးသိမ်းတာပဲ၊ ငါးနာရီခွဲ ပြန်ရောက်တော့ မပေါ့'

'ဂျမ်းတုတ်က ဘာပြောသလဲ . . .'

'ဘာမှ မပြောဘူး . . .'

မောင်မြင့်နောင်က ထ၍ ပုဆိုးကိုပြင်ဝတ်၏။ ပြီးတော့ ခြင်ထောင်တင်၍ ခုတင်ပေါ် ပြန်ထိုင်လိုက်သည်။

'ဒါပေမဲ့ ကိုယ် မင်းတို့အိမ်မှာ ညော့်သည်တစ်ယောက်နဲ့ တွေ့ခဲ့တယ် . . .'

'ဘယ်သူလဲ . . .'

'ခွေးကြီးတစ်ကောင်'

'အင်းပေါ့ ကျွန်တော့် ညော့်သည်ဆို ခွေးပဲရှိတာပဲ၊ မမ မပါပေါ့. . .'

သူက ရယ်၍ပြောသည်။ ခင်မိုးသီက ဣန္ဒြေနှင့် ဆက်ပြော၏။

ပြီးတော့ စီးကရက်တစ်ခုလည်း တွေ့တယ် . . .'

'ဘာစီးကရက်ကိုလဲ'

'ပြုံးသဇင် သောက်တဲ့ စီးကရက်ကိုပေါ့ . . .'

မောင်မြင့်နောင် မျက်နှာပျက်သွားသည်၊ သူက မှန်တင်ခုံပေါ်မှ သူ့ဦးထုပ်ကိုယူ၍ ထွက်သွားမည်ပြု၏။ ခင်မိုးသီက ချက်ချင်း စိတ်မကောင်းဖြစ်သွား၏။ မိမိနှင့်မဆိုင်သော သူတစ်ပါး၏လျှို့ဝှက်ချက်ကို မေးနေခြင်းမှာ မိမိ၏အလွန်သာ ဖြစ်ချေသည်။

'ဘယ်လဲ . . .'

'ပြန်မယ် . . .'

'နေဦး ကိုယ် မေးတာတွေ စိတ်ဆိုးလို့လား . . .'

'စိတ်မဆိုးပါဘူး စိတ်ရှုပ်လို့ပါ . . .'

'ဘာတွေ စိတ်ရှုပ်တယ်ဆိုတာ မမကို ပြောပြပေါ့၊ မမ ကူညီမှာပေါ့၊ စောစောက စိတ်ညစ်တယ်ဆို ဘာများလဲ ပြောစမ်းပါအုံး . . .'

'ဟုတ်တယ်၊ စိတ်လည်းညစ်တယ်၊ စိတ်လည်းရှုပ်တယ်၊ ဒါပေမဲ့ ဘာမှ မမကို ပြောမပြနိုင်ဘူး၊ ကျွန်တော်ကိုယ်တိုင်လည်း ဘာမှ တိတိကျကျ မသိဘူး . . .'

ခင်မိုးသီက အံ့ဩမိသည်၊ သို့သော် ထိုပြဿနာကို ခဏရပ်ထားမယ်ဟု ပိုင်းဖြတ်လိုက်၏။

'မင်း ထမင်းစားပြီးပလား'

'မစားချင်ဘူး . . .'

'လုပ်ပြီ၊ မင်းဟာ မမ သွားခါနီး သက်သက်လာပြီး အနှောင့်အယှက် ပေးတာပေါ့ . . .'

'အနှောင့်အယှက် မပေးပါဘူး . . .'

'ဒါဖြင့် လာနှုတ်ဆက်တာပေါ့ . . .'

'နှုတ်ဆက်ဖို့ မလိုပါဘူး၊ မနက်ဖြန် ကျွန်တော်လည်း မမနဲ့အတူ လိုက်မှာပါ'

**ရန်အောင်စာပေ (၂)**

'ဘာ လိုက်မယ်၊ ဟုတ်လား၊ တိတ်တိတ်လား မလုပ်ပါနဲ့ကွာ၊ အမေက ကိုယ့်ကို ပြောနေပါ့မယ် . . .'

'အမေက သဘောတူ လွှတ်တာပါ'

'အမေက သဘောတူတယ် ဟုတ်လား'

သူမက ဝမ်းသာစွာ မေးမိ၏။

'ဟုတ်တယ်၊ သဘောတူရုံတင် မကဘူး၊ ငွေငါးရာလည်း ပေးတယ် . . .'

ခင်မိုးသီက ထလိုက်ပြီး သူ့ထံ လျှောက်လာကာ . . .

'ဒါနဲ့များ စိတ်ရှုပ်စိတ်ညစ် နေရသေးသလားကွာ၊ ဘာလဲ မန္တလေးမှာ လွမ်းရမယ့်လူ ရှိနေပလား'

'တော်ပါ မမရာ၊ အပိုတွေ ပြောမနေပါနဲ့၊ မမ မသိပါဘူး'

မောင်မြင့်နောင်က ညိုးငယ်စွာ ပြော၍ ခင်မိုးသီက သူမနဲ့အတူ ခုတင်ပေါ်တွင် ထိုင်လိုက်ရင်း . . .

'ဘာများလဲ မောင်လေးရာ မမကို ပြောစမ်းပါ'

'အမေဟာ ကျွန်တော့်ကို မျက်စိအောက်က အပျောက်မခံနိုင်ရာက လွှတ်တယ်'

'မင်းက သိပ်သွားချင်နေတာကိုး'

'ပြီးတော့ ငွေငါးရာပေးတယ်'

'ဒါမှလည်း မင်း ရန်ကုန်တက္ကသိုလ်မှာ နေနိုင်တော့မပေါ့'

'မဟုတ်ဘူး၊ မမ မသိဘူး၊ သူ့မှာ ဒါလောက် ပိုက်ဆံမရှိဘူး၊ တစ်နေရာရာက ချေးငှားပေးတာ ဖြစ်ရမယ် . . .'

'အိုကွာ . . . ချေးပေးတာဆိုရင်လည်း မင်း အလုပ်ရတော့ ပြန်ဆပ်ပေါ့'

'ခက်တယ် မမ၊ ချေးပေးတာမဟုတ်ဘဲ သမီးရှင် တစ်ယောက်က ထုတ်ပေးတာဆိုရင် ဘယ့်နဲ့လုပ်မလဲ'

ခင်မိုးသီ ငိုင်သွား၏။ ဘာမျှ မပြောတတ်တော့ . . .

**ရန်အောင်စာပေ (၂)**

'ကဲ မမသီ၊ ကျွန်တော် အခု ထမင်းစားမယ်၊ မနက်ကျရင် မမနဲ့ အတူ ရန်ကုန်လိုက်မယ်၊ ပြီးရောပေါ့ . . . '

မခင်မိုးသီက ပြုံးလိုက်သည်၊ တကယ်တော့ ငိုချင်ခြင်းသာ ဖြစ်ပါသည်။

## ရွှေနှင့်ယိုးမှား ပန်းစကား

(က)

သန်းသန်းအေးနှင့် သန်းသန်းဌေးသည် 'ဂင်္ဂါဝါဠု' ကုမ္ပဏီပိုင်ရှင် ဦးဘသန်း၏ သမီးများဖြစ်ကြ၏။ သန်းသန်းဌေးသည် မယ်ဒဂုံ တတိယ ဖြစ်၏။ ယခုနှစ်တွင် မယ်တက္ကသိုလ်ဖြစ်ရန် စိတ်စော စိတ်မောနေ၏။ တကယ်တော့ သူမသည် တက္ကသိုလ်သို့ မယ်တစ်ယောက်ဖြစ်ရန်သာ သွားခြင်းပါ။ အစ်မဖြစ်သူ သန်းသန်းအေးကတော့ ထိုသို့ မဟုတ်ပါပေ။ ညီမလိုပင် လှပသော်လည်း မိမိ၏အလှကို သူများတစ်တွေက တိတ်တဆိတ် ခိုးကြည့်စေချင်သူဖြစ်၏။ မိမိက လှစ်မပြလိုပေ။ အလှကို သဲလွန်စပေး၍ ခံစားသူများက ခြေရာကောက်စေခြင်းမျိုးပါ။ အရပ်စကားနှင့် ပြောရလျှင် သူမသည် မခို့တရို့ နိုင်ပြီး သန်းသန်းအေးက ဘန်းပြလွန်းပေသည်။

မည်သို့ပင်ဖြစ်စေကာမူ ညီမနှစ်ယောက်နှင့် ရင်ရင်နွဲ့တို့ သုံးယောက်သား အတူတွဲလျှောက်သွားလျှင် 'ကောင်မလေးချောချော' များဟု အားလုံးက အသိအမှတ်ပြု၏။ အဲ့ သူမတို့အထဲတွင် စန်းစန်းခင် တစ်ယောက် ပါသွားလျှင်တော့ အမည်နာမ မရှိသော အလေ့ကျပန်းတစ်ပွင့် သာ ဖြစ်ပါချေ၏။ တကယ်တော့မူ စန်းစန်းခင်သည် ဤမျှ အရုပ်မဆိုးပေ။ အလှအပ သုံးယောက်နှင့် တွဲနေခြင်းကြောင့်လည်းကောင်း၊ အမွှမ်းအမံ တဲ၍လည်းကောင်း၊ အကြည့်ရဆိုးနေခြင်း ဖြစ်ပေ၏။ သို့ရာတွင် လေးယောက်သားတွင် သူမသည်သာ မဥ္ဇူသကနတ်ပန်းဟု မှတ်ထင်နေပေသည်။

အကြောင်းမူ သူမသည် ဝန်ကြီးသမီး။

ရန်အောင်စာပေ (၂)

ကလေးမများသည် ကြွက်ကြွက်စီ နေကြ၏။ သူမတို့သည် ယခုနှစ်တွင်မှ တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသူများဖြစ်၏။ မယ်သစ်လွင်လောင်းများ ဖြစ်ကြ၏။ မနက်ဖြန်တွင် ကျောင်းဝင်ခွင့်လျှောက်လွှာ သွားတင်ကြရန်အတွက် တာစူနေကြခြင်းဖြစ်၏။ သန်းသန်းအေး၊ သန်းသန်းဌေးနှင့် စန်းစန်းခင်တို့သည် အလွယ်ကူဆုံးဆိုသော ဘာသာရပ်များကို ရွေးချယ်ကြ၏။ စိတ်ကြိုက်မြန်မာစာ ရာဇဝင်နှင့် တက္ကဗေဒဖြစ်၏။

'အိုဘီကလည်း အတော်ကျက်ရတယ်လို့ ပြောတယ်ကွ. . .'

စာကျက်ရမှာပျင်းသော သန်းသန်းဌေးက ဆို၏။

'အိုကွာ နည်းနည်းပါးပါးတော့ ကျက်ရမှာပေါ့၊ ဘာမှ မသင်မကျက်ဘဲနဲ့တော့ ဘယ် ဘီအေဖြစ်မလဲ . . .'

အစ်မက ပြောလိုက်သည်။

'ပါဠိက ပိုသက်သာတယ် ပြောတယ်'

'ရမယ် မင့်လို မဂ်လသုတ်မှ မသင်ဖူးတဲ့လူက ပါဠိကို အားကြီးလိုက်နိုင်ပါလိမ့်မယ်'

တကယ်တော့ ဤကလေးမများတွင် ဝါသနာပါသော ဘာသာရပ်မရှိပါပေ။ မည်သည့် အတတ်ပညာကို သင်ကြား၍ တိုင်းပြည်ကို မည်သို့ ရှေ့တန်းသို့ရောက်အောင် ဖန်တီးမည်ဟု စိတ်ကူးမရှိကြပါပေ၊ ယနေ့ မြန်မာပြည်တွင် သိပ္ပံပညာထွန်းကားရေး၊ အထူးလိုအပ်နေကြောင်းကို သူတို့ လုံးဝ ထည့်မစဉ်းစား၊ သူတို့၏ အများဆုံးမျှော်မှန်းမှုမှာ ဘီအေကို သက်သက်သာသာ အောင်ရန်ပင် ဖြစ်လေသည်။ ဤသည်မှာလည်း လေးငါးနှစ်အတွင်း မော့ကြွားရင်းနှင့် ဝန်လေး ဝန်လတ်ကတော် မဖြစ်ပါလော . . .

ရင်ရင်နွဲ့ တစ်ယောက်သည်သာလျှင် ဖခင်ကြီး၏ အထပ်ထပ်ကြပ်မတ်မှုကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကို သင်္ချာနှင့် အင်္ဂလိပ်စာနှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီး တက္ကသိုလ်တွင် သင်္ချာနှင့် ဘောဂဗေဒကို ယူရန် ရည်မှန်းထား၏။

**ရန်အောင်စာပေ (၂)**

စန်းစန်းခင်ကမူ ဖျက်သေး၏။

'အန္တဲ့က ကိုယ်တို့ထက် စာတော်ပါတယ်၊ ဒါပေမဲ့ ဘာပြုလို့ ခက်တဲ့ ဘာသာတွေ ယူမလဲ၊ ကိုယ်တို့လိုပဲယူရင် အောင်ဖို့ ကျိန်းမသေဘူးလား၊ ကိုယ်တို့ကမှ အလူးအလဲ ဖြစ်နေဦးမယ်၊ မင်းက အိပ်နေတောင် အောင်နိုင်တယ်၊ ပြီးတော့ ဘီ-အေ- အောင်ဖို့သာ အရေးကြီးတာမဟုတ်လား၊ အရပ်ထဲကလူတွေက အီကိုနဲ့ အောင်တယ်၊ အိုဘီနဲ့ အောင်တယ်ရယ်လို့ နားမလည်ပါဘူး၊ အီကိုယူပြီး စာမေးပွဲကျရင်သာ ကဲ့ရဲ့ကြမှာပဲ၊ အဲ့ဒီတော့ အလွယ်ဆုံး ဘာသာသာယူပြီး ဘီအေ-အောင်ဖို့ပဲ မဟုတ်လား . . .'

သို့သော်လည်း သူမသည် အင်္ဂလိပ်စာ ထမင်းစားရေသောက်မှ လယ်လယ်ဝယ်ဝယ် မပြောတတ်၍ သံရုံးဧည့်ခံပွဲများတွင် မျက်ရည်ကျခဲ့ရဖူးပေါင်း များပြီကိုတော့ မေ့ထားလေသည်။

သို့ရာတွင် သူမတို့တစ်တွေသည် ပညာသင်ကြားရေး အကြောင်းကို သိပ်အကြာကြီး ပြောမနေကြပါပေ၊ မနက်ဖြန် ဝတ်မည့် အထည်အဆင်းများကို ရွေးနေ၏။ တက္ကသိုလ်မှ အပြန်တွင် ရုပ်ရှင်ကြည့်ကြဖို့ ရုံရွေးနေကြ၏။

ကလေးမများသည် ကြွက်ကြွက်စီနေကြ၏။ သို့ရာတွင် ဧည့်ခန်းနှင့် တစ်ဆက်တည်းရှိသော စာကြည့်ခန်းထဲ၌ကား မောင်မြင့်နောင်သည် စာအုပ်များကို မွှေနှောက်နေလေ၏။ ရင်ရင်နွဲ့ ဖခင်ကြီးသည် သာမန်အရာရှိတစ်ယောက်မျိုးမဟုတ်၊ အောက်လက်ငယ်သားများ အပေါ်တွင် အသားယူ၍ အထက်လူကြီးများထံတွင် မျက်နှာလုပ်တတ်သူမျိုး မဟုတ်၊ ကလပ်တက်၍ အချိန်ဖြုန်းနေသူမျိုး မဟုတ်၊ အချိန်အားရှိသရွေ့ စာပေလေ့လာနေတတ်သူဖြစ်၏။ ဘီဒိုသုံးလုံးအပြည့် အင်္ဂလိပ် မြန်မာစာအုပ်များ ရှိလေသည်။ ဇိနတ္ထပကာသနီမှ အရင်းကျမ်းအထိ ရှိလေသည်။ မောင်မြင့်နောင် မျက်စိကျနေသည်ကတော့ ဒိုတိုယက်စကီ၏ စာအုပ်များပင် ဖြစ်လေသည်။ 'မရဏအိမ်တော်မှ မှတ်စုများ' ဟူသောစာအုပ်ကို သူက လှန်လှောကြည့်နေမိ၍ ကလေးမများ ဘာတွေ ပြောနေသည်ကိုလည်း မကြား

မိ၊ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် အော်ဆင်းသွားကြသည်ကိုလည်း သတိမထား လိုက်မိပါပေ။

စန်းစန်းခင်က မာစီးဒီးကားထဲသို့ ဝင်လိုက်၏။ သန်းသန်းအေးတို့ ညီအစ်မက ဘေးတွင်ယှဉ်၍ ရပ်ထားသော 'အမြီးကော့'ထဲသို့ ဝင်လိုက်၏။

ရင်ရင်နွဲ့က ကားနှစ်စင်းကြားတွင် ရပ်နေသည်။ အနီနှင့် အနက် ကြားမှ အဝါမကလေး ဖြစ်၏။

'ဟော့ အနွဲ့က ကိုယ်တို့ထက် ဂရုစိုက်ရမယ့် လူတစ်ယောက် ရှိ နေပြီကွ . . .'

'အိုကွာ အစန်းကလည်း၊ သူတို့ဟာနဲ့သူတို့ တွဲပြီးသားပါ'

'ကိုယ်ကတော့ မင့်အစ်ကိုကော၊ ဟိုအညာသားကိုကော သဘော မကျပါဘူး'

သန်းသန်းဌေးက ပြောလိုက်သည်။

'မင့်အစ်မက လှတော့ အတော်လှတယ်ကွာ၊ ဒါပေမဲ့ ဣန္ဒြေကြီး တစ်ခွဲသားနဲ့ အစ်မကြီးဆန်လှတယ်၊ နာမည်ကလေးပဲ ချစ်စရာကောင်း တယ်၊ ခင်မိုးသီတဲ့ . . .'

'ကဲပါ ပြန်ကြပါတော့၊ သူများ အတင်းတွေ ပြောမနေကြ ပါနဲ့. . .'

'ပြောရဦးမယ် ဆရာ၊ မင့်အစ်မလူကတော့ ကြည့်ရတာ ကွန်မြူ နစ် ဂိုက်ပဲ၊ တိုးတက်ကြီး ဖြစ်နေဦးမယ်နော် . . .'

'အိုကွာ . . သူ့ဘာသာသူဖြစ်ဖြစ် မင်းတို့ အနေသာကြီးပါ။ ကနေ့ နက်ဖြန်ပဲ ကျောင်းဆောင် ပြောင်းကြတော့မှာပါ'

ရင်ရင်နွဲ့က စိတ်ရှုပ်စွာ ပြောလိုက်၏။

ကားနှစ်စင်းသည် တစ်စင်းပြီးတစ်စင်း ထွက်သွားကြတော့၏။

ရင်ရင်နွဲ့သည် တကယ့်ကို စိတ်ရှုပ်နေလေ၏။

(ခ)

ဦးထွန်းဝင်းသည် အရာရှိမျိုးရိုးမှ ဆင်းသက်သူ မဟုတ်ပါပေ၊ သူ၏ အဖေသည် ပွဲစားကြီးတစ်ယောက်သာ ဖြစ်ပါ၏။ အမေသည် မြေပိုင်ရှင်တစ်ဦး၏ သမီးဖြစ်ပါ၏။ အဖေနှင့် အမေသည် ရုံးပြင်ကနားသို့ ကိစ္စရှိ၍ ဆက်ဆံကြရတိုင်း စိတ်ညစ်ကြ၏။ အမှုထမ်း အရာထမ်းများကို မုန်းတီးကြ၏။ ထိုကြောင့် ၎င်းတို့သည် သားဖြစ်သူအား အရာရှိအရာခံ မဖြစ်စေလိုပေ၊ သို့ရာတွင် ပွဲစားကြီးသည် အင်္ဂလိပ်စာမတတ်၍ အနိမ့်ခံခဲ့ရသည်များရှိ၍ သားအား တက္ကသိုလ်သို့ ပို့ခဲ့ခြင်းဖြစ်၏။

တက္ကသိုလ်ကျောင်းသား မောင်ထွန်းဝင်းသည် မိဘများ၏ဆန္ဒအတိုင်း အင်္ဂလိပ်စာကို ကြိုးစား၍ သင်ကြားပါ၏။ သို့သော်လည်း တစ်ခုခက်သည်က အရေးပိုင်၏သမီးကိုမှ သွား၍ ချစ်ကြိုက်နေမိခြင်း ဖြစ်ပါသည်။ ဒေါ်ခင်မြမြသည် မြန်မာမျိုးမတ်မျိုးနွယ် ဖြစ်သော်လည်း သူမ၏ ဖခင်ကမူ အင်္ဂလိပ်ကို အထင်ကြီးသော ဗျူရိုကရက်ကြီးတစ်ယောက် ဖြစ်ပါ၏။ ထို့ကြောင့် မောင်ထွန်းဝင်းသည် ယောက္ခမလောင်းကို မခံချင်၍ မိဘ၏အလိုကို ငြင်းပယ်ကာ အိုင်စီအက်တစ်ယောက် ဖြစ်လာရခြင်းသာ တကား။

သို့ရာတွင် မိဘများ မုန်းတီးသော အရာရှိဆိုးမျိုး မဖြစ်စေဘဲ၊ မျိုးချစ်စိတ်ရှိသော မဟုတ်မခံသော အရာရှိတစ်ယောက် ဖြစ်လာလေ၏။ ထို့ကြောင့်လည်း ရာထူးတက်သင့်သည့်အချိန်တွင် မတက်ခဲ့ပါ။ မြို့ကြီးများပင် မနေရဘဲ မြို့သိမ်မြို့ငယ်များသို့ လှည့်လည်ပြောင်းရွှေ့ နေရခြင်းဖြစ်ပါ၏။ သို့စေကာမူ ဦးထွန်းဝင်းအဖို့မူ ထိုသို့ နယ်စွန်နယ်ဖျားသို့ ရောက်နေရခြင်းသည် အမြတ်ပင် ဖြစ်ပါ၏။ အကြောင်းမူ သူ့အဖို့ စာပေလေ့လာဖတ်ရှုချိန်များ ရရှိသောကြောင့်ပင် ဖြစ်ပါသည်။

ဦးထွန်းဝင်းသည် မကြာခဏ ဆိုသလိုပင် မိဘစကားကို မလိုက်နာမိခဲ့သည့်အတွက် မှားယွင်းသည်ဟု ညည်းညူလေ့ရှိပါသည်။ အရာရှိဘဝကို အတော်ကြီး ရွံမုန်းနေပုံများ ပြပါသည်။ တစ်နှစ် နှစ်နှစ်

အတွင်း အငြိမ်းစား ယူတော့မည်ဟု ပြောဆိုပါသည်။ သို့ရာတွင် သူသည် တံစိုးလက်ဆောင်များ ရခဲ့သူမဟုတ်၍ ယခုအခါ စုပြီးဆောင်းပြီးများ မည်မည်ရရ မရှိဘဲ သမီးကလေးအား တက္ကသိုလ်သို့ ပို့ရမည့်အရေး ရှိနေ၍ အလုပ်မှထွက်ရန် ဤမျှအထိ နှောင့်နှေးခြင်း ဖြစ်လေ၏။

သမီးဖြစ်သူ ရင်ရင်နွဲ့သည် ယခုထိတော့မူ သူ ပုံသွင်းအတိုင်း ဖြစ်၏။ သူမသည် စာကို ဂရုစိုက်၍လေ့လာ၏။ ဖခင်ကြီး အဖတ်ခိုင်းသော အင်္ဂလိပ်မြန်မာ ဂန္ထဝင်စာများအား လိုလိုလားလား ဖတ်ရှု၏၊ သူမသည် လူတော်တစ်ယောက် ဖြစ်လာရန်ဆန္ဒမျိုး ရှိပုံမရပါပေ၊ သူများသားသမီးလို မည်သည့်ကားကိုမျှ စီးချင်သည်ဟု မပူဆာပါပေ၊ ကားအသစ်လဲပါဟု တစ်ကြိမ်မျှ မပြောဘူးပါပေ၊ အော်စတင် ကားဟောင်းလေးကိုသာ မညည်းမညူ စီးလျက်ရှိရှာ၏။ အဝတ်အစားများကိုလည်း မိခင်ကြီး ဝယ်ပေးသမျှသာ ဝတ်သည်များပါ၏။

ဦးထွန်းဝင်းသည် သမီးကလေးအား အရိပ်တကြည့်ကြည့် ရှိနေ၏။ သမီးအနေနှင့် သန်းသန်းအေးတို့ ညီအစ်မနှင့် ပေါင်းနေသည်ကိုလည်း သဘောမကျပေ၊ သူတို့ ချမ်းသာလွန်းသည်။ စန်းစန်းခင်နှင့် ပေါင်းနေသည်ကိုလည်း စိုးရိမ်မိ၏။ ဝန်ကြီးသမီးဖြစ်၏။ သမီးအနေနှင့် ဂုဏ်နှင့်ငွေကို သိပ်တပ်မက်သွားမည်ကို စိုးရိမ်၏။ ပြီးတော့ ဦးခင်မောင်ကြီး၏ သားကိုလည်း မျက်နှာကြော မတည့်ချင်လှပေ။

(ဂ)

အမြီးကော့နီနှင့် မာစီဒီးနက်တို့ ကျောက်စရစ် လမ်းကလေးအတိုင်း ကွေ့ထွက်သွားကြသောအခါ ရင်ရင်နွဲ့သည် လက်ပြ၍ ကျန်ရစ်ခဲ့လေ၏။

ယိုးဒယားနှင်းဆီပန်းတစ်ပွင့်ကို ချိုးယူလိုက်ပြီး အိမ်ပေါ်သို့ ခပ်ဖြည်းဖြည်း တက်သွားလေသည်။ သူမ၏ရင်ထဲတွင် တစ်မျိုးကြီးဖြစ်လျက်ရှိ၏။ မနေ့ကမူ သူမသည် အပျော်ကြီးပျော်လျက် ရှိ၏။

သူမက ဆယ်တန်းအောင်ခဲ့ပေပြီ၊ တက္ကသိုလ်သို့ သွားရပေတော့မည်၊ ထိုအထဲတွင် မန္တလေးမှ ချစ်မမတစ်ယောက်ကလည်း ရောက်ရှိလာလေသည်။ ရင်ရင်နွဲ့သည် ခင်မိုးသီရောက်လာမည် ဆိုသည့်အတွက် ဝမ်းအသာကြီး သာနေ၏။ တက္ကသိုလ်တွင် မိမိ အားကိုးအားထား ပြုရမည့် အစ်မတစ်ယောက် ရှိနေခြင်းသည် တစ်အားပင် မဟုတ်ပါလား။

သို့ရာတွင် မမသီနှင့်အတူ ပါလာသော လူတစ်ယောက်အတွက်မူ စိတ်စနိုး စနောင့်ကြီး ဖြစ်နေရ၏။

ရင်ရင်နွဲ့ အိမ်ရှေ့ခန်းသို့ ရောက်သောအခါတွင် အလိုလို စာကြည့်ခန်းဘက်သို့ ကြည့်မိ၏။ မောင်မြင့်နောင်သည် ဆံပင် ဖိုးရိုးဖားရားနှင့် 'သီအိုဒိုးဒရိုက်ဇာ'၏ ဝတ္ထုတိုများကို လှန်လှောနေ၏။

'ဟုတ်ပါတယ်၊ သန်းသန်းဌေးပြောသလို ကွန်မြူနစ် ဂိုက်ကြီးပါပဲ. . .'

သို့ရာတွင် သူမသည် ကွန်မြူနစ် ဆို၍ သခင်သန်းထွန်းနှင့် သခင်စိုးတို့၏ ရုပ်ပုံများကိုသာ မြင်ဖူးလေသည်။ မောင်မြင့်နောင်ကား ထိုခေါင်းဆောင်ကြီးများနှင့် အလျှင်းမတူပါပေ . . .

ရင်ရင်နွဲ့သည် ခန်းစည်းအပြာနုကလေးကို ဖယ်၍ မိမိအခန်းထဲသို့ ဝင်ခဲ့လေသည်။ ခင်မိုးသီက မှန်တင်ခုံတွင် ခေါင်းဖြီးလျက် ရှိလေသည်။

'ဟင် မမသီ နေမကောင်းဘူး ဆိုပြီး ရေချိုးတယ်လား . . .'

'အို နေမကောင်းတာက ခရီးပန်းပြီး နုံးနေတာပဲ၊ ခု ရေချိုးလိုက်တော့ ပျောက်သွားပြီပေါ့။ အနွဲ့ သူငယ်ချင်းတွေ ပြန်သွားကြပလား . . .'

'အင်း သူတို့ကတော့ မမသီကို ဝေဖန်သွားကြတယ်'

ရင်ရင်နွဲ့က ခုတင်ပေါ်တွင် လှဲနေရင်းက ပြောလိုက်၏။ ခင်မိုးသီက အင်္ကလိပ်စစ်တုရင်မှ ရှင်ဘုရင်နှင့်တူသော နှုတ်ခမ်းနီဘူးလေးကို ကောက်ယူလိုက်ပြီး မှန်ရှေ့တွင် နှုတ်ခမ်းနီကို ဆိုးလိုက်ရင်း . . .

'ပြောပါဦး၊ ဘာတွေ ဝေဖန်ကြသလဲ'

ကလေးမက ချက်ချင်းမပြောသေး၊ ခင်မိုးသီ နှုတ်ခမ်းဆိုးနေ

သည်ကို အသေအချာ ကြည့်နေ၏။ **ပြီးတော့မှ ခေါင်းအုံးပေါ်မှ ပုရွက်** ဆိတ် အနက်ကလေး တစ်ကောင်ကို လက်နှင့် တောက်ပစ်လိုက်ရင်း ပြော၏။

'မမသီက မာနကြီးတယ်တဲ့ . . .'

'ဟုတ်လား၊ ကိုယ်က မအီမသာကြီးမို့ ပါကွာ . . .'

'ပြီးတော့ မမလူက ကွန်မြူနစ်တဲ့ . . .'

'ဘုရားရေ သူတို့က ဘယ့်နှယ့်လုပ်ပြီး ပြောနိုင်ရတာလဲ . . .'

'ဒါတော့ မသိဘူး၊ ဒါပေမဲ့ သူက အန္တဲ့တို့ကို နည်းနည်းလေးမှ ဂရုမစိုက်ဘူး၊ စာအုပ်တွေကိုပဲ မွှေနှောက်နေတာပဲ. .'

ခင်မိုးသီက ညီမငယ်အား ပြုံးပြုံးလေး ကြည့်လိုက်ပြီး . . .

'သူက ညီမသူငယ်ချင်းတွေထက် စာအုပ်တွေကို ပိုပြီးစိတ်ဝင်စား လို့နေမှာပေါ့ . . .'

'မဟုတ်ပေါင် သူ့မှာ စိတ်ဝင်စားရမယ့်သူ ရှိပြီးနေလို့ပါ . . .'

'အလို . . . အတတ်ကို သိနေကြတာပါလား။ အင်္ဂဝိဇ္ဇာလား၊ အာတပ္ပနလား . . .'

ရင်ရင်နွဲ့သည် ခုတင်မှထ၍ ချစ်မမအား နောက်ကျောမှ ရစ်သိုင်းဖက်လိုက်ပြီး . . .'

'မမသီတို့ဟာက ရှင်းနေတာပဲ . . .'

ခင်မိုးသီက ညီမငယ်နဖူးကို အသာအယာ ထုလိုက်၏။ ပြီးတော့ နားရွက်ကိုဆွဲ၍ ခုတင်ပေါ်သို့ ပြန်ခေါ်သွား၏။ ပြီးတော့ ဘေးချင်းယှဉ် ထိုင်လိုက်ကြသည်။

'ညီမတို့လည်း ပညာတတ်တွေပဲ။ ယောကျ်ားလေးတွေနဲ့ သွား လာနေတာပဲ၊ ခုလို အတူသွားအတူလာရုံနှင့် သမီးရည်းစား ဖြစ်ကြရော တဲ့လား . . .'

'ဒါပေမဲ့ အန္တဲ့ကြည့်နေတယ်၊ မမသီတို့ဆက်ဆံရေးက သိပ်ရင်းနှီး နေတယ်၊ သမီးရည်းစားတောင် မကချင်ဘူး . . .'

**ရန်အောင်စာပေ (၂)**

ဘုရားရေ မလုပ်ပါနဲ့အမိ၊ လာ ကိုယ်ပြောပြမယ်၊ ကိုယ်တို့ နှစ်ယောက် ဆက်ဆံရေးရယ်၊ ပြီးတော့ ညီမတို့သိချင်နေတဲ့ မောင်လေး အကြောင်းရယ်ပေါ့ . .'

'အမယ် အနွဲ့တို့က မမ မောင်လေးအကြောင်း မသိချင်ပေါင် ရှင်. . .'

ခင်မိုးသီက အားရပါးရ ရယ်လိုက်သည်။

'တော်ကြာနေတော့သာ မမမောင်လေး မဟုတ်ဘဲ ညီမလေးရဲ့ အစ်ကိုကြီး ဖြစ်မနေပါစေနဲ့နော်'

'ဝေးပါသေးရဲ့ သူ့လို ကွန်မြူနစ်ကြီးကို . . .'

'နေပါဦး ဘာလို့ သူ့ကို ကွန်မြူနစ်လို့ ပြောနေရတာလဲ . . .'

ရင်ရင်နွဲ့က မဲ့လိုက်ပြီး . . .

'သူ့ရုပ်ကိုက ကွန်မြူနစ်နဲ့ တူလို့ပေါ့ . . .'

'လာပြန်ပြီ ကွန်မြူနစ်ရုပ်ဆိုတာက ဘယ်လိုနေလို့လဲ . . .'

'သိဘူးလေ . . .'

နှစ်ယောက်သားဖက်၍ ရယ်ကြရာ ရင်ကလေးများ တလိမ့်လိမ့် ဖြစ်နေ၏။ ထို့နောက် ခင်မိုးသီက မောင်မြင့်နောင်သည် ရိုးသား၍ စာပေ ကိုသာ စိတ်ဝင်စားကြောင်း စာရေးဆရာဖြစ်ရန် ကြိုးစားနေကြောင်းတို့ကို ပြောပြ၏။

'အော် သူက စာရေးဆရာတဲ့လား၊ ဒါကြောင့်မို့ ကွန်မြူနစ်နဲ့ တူတာကိုး'

'အိုကွာ နားထောင်စမ်းပါ'

ခင်မိုးသီက ဆက်လက်၍ သူမတို့နှစ်ယောက်သည် မောင်နှမပမာ အစဉ်အစိုက် ဆက်ဆံလာကြောင်းကို ပြောပြ၏။

'တကယ်ပဲလား မမသီ . . .'

'စောင့်ကြည့်ပေါ့ ညီမ . . .'

'ဒါပေမဲ့ အနွဲ့တော့ မမမောင်လေးကို မုန်းပါတယ် . . .'

'ကွန်မြူနစ်မို့လား . . .'

တသိမ့်သိမ့် တလိမ့်လိမ့် ရှိနေကြပါသည်။ ထိုစဉ်တွင် ရင်ရင်နွဲ့၏ မိခင်ကြီး က ထမင်းစားလာ၍ ခေါ်လေ၏။

(ဃ)

ဒေါ်ခင်မြမြ၏ ပထမအမည်မှာ တင်တင်မြဟူ၍ ဖြစ်လေသည်။ သို့သော်လည်း ငယ်စဉ်က မကြာခဏဆိုသလို နာမကျန်းရှိ၍ ဗေဒင်မေး ကြည့်ရာ နာမည်စီးနေသည်ဆိုပြီး ခင်မြမြသို့ ပြောင်းလိုက်ခြင်းဖြစ်ပါသည်။ သူ၏မိခင်သည် ပင်းဒယဝန်ထောက်၏ သမီးဖြစ်လေသည်။ မှူးမတ်မျိုး ဆိုလျှင် 'ခင်' ပါသော အမည်မှည့်ရ၍ 'တင်' ပါသောအမည်ကို မင်းမျိုးမှ သာလျှင် မှည့်ရသည်ဟု ဗေဒင်ဆရာက ဆိုပါသည်။ ထိုသည်၏နောက်ပိုင်း တွင် ဒေါ်ခင်မြမြသည် ကျန်းမာပြည့်ဖြိုး လာလေတော့၏။ သို့ရာတွင် ဒေါက်တာ မောင်မောင်ကျော်အား ဆေးဖိုးဝါးခ တစ်ထောင်ကျော် ရှင်းပေး လိုက်ရသည်ကိုတော့ ထည့်မပြောကြပါပေ။

ယခုမူ ဒေါ်ခင်မြမြသည် အသက် လေးဆယ်ကျော်နေပြီ ဖြစ် သည့်တိုင် သမီး၏အလှသည် မိခင်မှ ဆင်းသက်ကြောင်းကို ကြွားဝါနိုင် လျက် ရှိပါသေးသည်။ အဆင်အပြင်မှာ မန်းဆန်၍ အသွင်အပြင်မှာ နန်းဆန်လှသည်။

ထို့ကြောင့် ဖခင်ဖြစ်သူ အရေးပိုင်မင်းသည် နယ်ချဲ့သမား အထင် ကြီးသည့် ဗြူရိုကရက်ကြီး ဖြစ်လင့်ကစား သမီးဖြစ်သူကတော့ မောက် မောက်မာမာ မရှိ၊ အစဉ် နူးညံ့သော စိတ်ထားရှိ၏။ ခင်ပွန်းသည်လိုပင် ဘုရားတရားကို ရိုသေကိုင်းရှိုင်းလှ၏။ အခြား မင်းကတော်များလို ပိုကာ ဆွဲ၍ အချိန်ဖြုန်းမနေဘဲ အိမ်တွင်းလုပ်ငန်းများကိုသာ စိတ်ဝင်စားစွာ လုပ်ဆောင်နေတတ်သည်။

ရင်ရင်နွဲ့ပင်လျှင် မိခင်ဖြစ်သူ၏ သင်ပြမှုကြောင့် အချက်အပြုတ် အချုပ်အလုပ်များကို အတော်အသင့် ကျွမ်းကျင်နေပေပြီ၊ သို့ရာတွင် ရင်ရင်

နွဲ့သည် ယခုထက်တိုင်အောင်ပင် သူမအဖေကြိုက်တတ်သော ကုလားချဉ်ဟင်းကိုတော့ အစပ်တဲ့အောင် မချက်တတ်သေးပါပေ။

'ဟိုသူငယ် ဖြည်းဖြည်းမြိန်မြိန်စားဟေ့၊ ဘာမှ အားမနာနဲ့၊ သီသီက စားမှပေါ့၊ ညီးက လုပ်လီလှုပ်လဲ့လုပ်နေတော့ ဟိုသူငယ်က ဘယ် စားရဲတော့မလဲ . . .'

'စားပါတယ် ဒေါ်ဒေါ်၊ ကျွန်တော်က ကုလားဟင်းကို သိပ်ကြိုက်တာ၊ ဒန့်သလွန်သီးနဲ့ ရုံးပတီသီးတွေတော့ ကျွန်တော်ချည်း ဆယ်စားတာပဲ . . .'

မောင်မြင့်နောင်က ပြန်ပြောလိုက်ပါသည်။

'မင်းဦးကလည်း ကုလားဟင်းတော့ အသည်းစွဲပဲ၊ သူ့သမီးကတော့ ကုလားဟင်းချက်လိုက်ရင် ချဉ်စူးစူးကြီး'

ရင်ရင်နွဲ့က မောင်မြင့်နောင်အား လှမ်းကြည့်လိုက်ပြီး၊ မဲ့လိုက်၏။

'ဒါနဲ့ သီသီက ဘာလို့ ကျောင်းဆောင်ကနေ တက်မလဲ၊ တို့အိမ်ကနေပဲ သမီးနဲ့အတူ တက်ကြပေါ့ . . .'

ဦးထွန်းဝင်းက ခုမှ ပထမဆုံးအကြိမ် စကားပြောလိုက်သည်။

'လွတ်လွတ်လပ်လပ် နေတုန်း ကျောင်းဆောင်မှာ နေချင်လို့ပါဦးလေး'

ခင်မိုးသီက အမှန်ကို အရှင်းဆုံး ပြောပြလိုက်၏။

'အေး ဒီလိုဆိုရင်တော့ တို့မတားဘူး၊ ငါ့တူမက ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်တဲ့လူလည်းဖြစ်တယ်။ ဒီသူငယ်ကကော ကျောင်းဆောင်မှာနေမှာပဲလား၊ ရန်ကုန်မှာ ဆွေမျိုးမရှိဘူးလား . . .'

မောင်မြင့်နောင်သည် ရခိုင်ငါးပိထောင်း၏ ဒဏ်ကြောင့် နဖူးတွင် ချွေးများစို့နေသည်။

'ဟုတ်ကဲ့၊ ရန်ကုန်မှာ အသိအကျွမ်းဆိုလို့ ဦးတို့တစ်အိမ်ပဲ ရှိပါသေးတယ် . . .'

ဦးထွန်းဝင်းက အံ့ဩသွားပုံရသည်၊ ဒေါ်ခင်မြမြက စပ်စုလိုက်

၏။

'သူငယ့်မိဘတွေက ဘာလုပ်လဲ . . .'

ခင်မိုးသီက အားနာသလို လှမ်းကြည့်၏။ သို့သော်လည်း မောင်မြင့်နောင်ကမူ အမှန်ကို ဝင့်ကြွားစွာ ပြန်ပြော၏။

'ကျွန်တော့်အဖေက ဂျပန်တော်လှန်ရေးတုန်းက ဆုံးခဲ့ပါတယ်၊ ကျွန်တော့်အမေဟာ ဈေးချိုထဲမှ ငါးခြောက်ငါးခြမ်း ရောင်းပြီး ကျွန်တော့်ကို ကျောင်းထားခဲ့ပါတယ် . . .'

ရင်ရင်နွဲ့က စိတ်ဝင်စားစွာ နားထောင်နေ၏။

'ဟုတ်လား ဒါဖြင့် စာကို ကြိုးစားပေ့ါကွာ၊ များသောအားဖြင့်တော့ ပိုက်ဆံရှိသားသမီးတွေဟာ သုံးလိုက် ဖြုန်းလိုက်နဲ့ အပျော်အပါး လိုက်နေကြပြီး ချို့တဲ့တဲ့သူတွေကတော့ စာကို ပိုကြိုးစားတတ်ကြတယ် . . .'

ဦးထွန်းဝင်းက အားပေးစကား ပြောလိုက်၏။ သို့ရာတွင် မောင်မြင့်နောင်က သံယောင်လိုက်၍ မထောက်ခံပါပေ။

'ဟုတ်တော့ ဟုတ်ပါတယ်ဦး၊ ဒါပေမဲ့ ချို့တဲ့တဲ့ ကျောင်းသားတွေဟာ ကျောင်းလခ မပေးနိုင်၊ ကျောင်းစာအုပ် မဝယ်နိုင်တဲ့အထိ ကသီလင်တနိုင်လာတော့လည်း ဘယ်လိုပဲ ကြိုးစားချင်ပေမဲ့ ထမင်းတစ်လုပ်အတွက် ဝမ်းရေးထွက်ကျောင်း ကြရတော့တာပါပဲ . . .'

'ဒါကြောင့်မို့လည်း အစိုးရက အခမဲ့ပညာရေးစနစ် လုပ်ပေးထားတယ် မဟုတ်လား . . .'

'ဟုတ်ကဲ့ ကျောင်းလခက ဘတ်စ်ကားခပဲ ရှိပါတယ်။ ကျောင်းသုံးစာအုပ်ဖိုးက များတာပေါ့၊ ခက်တာက ကျွန်တော်တို့က အဟာရသိဒ္ဓိလည်း မပြီးပါဘူး။ ပြီးတော့ ကျွန်တော်တို့မိဘတွေဟာ ကျွန်တော်တို့ ဆယ်တန်းလောက် ရောက်တဲ့အချိန်မှာ အိုမင်းမစွမ်း ဖြစ်ကုန်ကြပါပြီ။ သားသမီးရဲ့ အထောက်အကူကို လိုလာကြပြီ၊ ဒီလို ဖြစ်ရတာက သူတို့ အသက်ကြီးလို့ လွန်းလို့ မဟုတ်ဘဲ တစ်ဝမ်းတစ်ခါးအတွက် ဝန်နဲ့အား မမျှအောင် ရုန်းကန်ခဲ့ကြလို့ပဲ . . .'

'ကြားရတာ စိတ်မကောင်းပါဘူးကွယ်၊ ဘဝအကျိုးပေးမကောင်းတော့ ဒီလိုပဲပေါ့၊ ဒါကြောင့် အခွင့်ရတုန်း လှူကြတန်းကြလို့ ပြောတာ. . .'

ဒေါ်ခင်မြမြက ပြောလိုက်သည်။

'မင်းမသိပါဘူး မမြရာ၊ ကျောင်းသုံးစာအုပ်တွေ ဈေးပေါအောင်လုပ်တာ ဆန်ဈေးဆီဈေးတွေ ကျအောင်လုပ်တာ ဘဝအကျိုးပေး မဟုတ်ပါဘူး၊ တို့လုပ်နိုင်တဲ့ လုပ်ငန်းပါ၊ အစိုးရလုပ်ငန်းပါ'

ထို့နောက် မည်သူမျှ စကားဆက်မပြောကြတော့၊ ထမင်းကိုလက်စသပ် စားလျက်ရှိကြ၏။ ရင်ရင်နွဲ့သည် မောင်မြင့်နောင်အား အလကား သက်သက် မျက်မှန်းကျိုးနေသည်များသည် လျော့ပါးသွားကုန်တော့၏။

'ဒါပေမဲ့ သူပြောတဲ့ စကားတွေက ကွန်မြူနစ်စကားတွေလား မသိဘူး။ ဖေဖေကတော့ လက်ခံသဘောတူပုံပဲ . . .'

သူမက တွေးတော စိတ်ဝင်စားလျက်ရှိ၏။ မကြာခင်မှာပင် ၎င်းတို့အားလုံးသည် ထမင်းစားပြီးကြပြီ ဖြစ်၍ အိမ်ရှေ့ခန်းသို့ အသီးသီး ရောက်ကုန်ကြတော့၏။ ထိုတွင် မောင်မြင့်နောင်က စကားစလေသည်။

'ဒေါ်ဒေါ် ရေနွေးကြမ်းက တယ်ကောင်းပါလား၊ တရုတ်လက်ဖက်ခြောက်လား . . .'

'မဟုတ်ဘူးကွဲ့၊ တို့ရှမ်းပြည်နယ်က လက်ဖက်ခြောက်ကို စံပယ်ပန်းအုပ်ထားတာ၊ အမြီးကိုလည်း စားပါဦးကွဲ့၊ ကချင်ပြည်နယ်က ရတဲ့ ဆတ်သားခြောက်ကွဲ့၊ ဒေါ်ဒေါ်တို့အိမ်မှာ အားနာစရာ မရှိပါဘူး၊ နောက်လည်း ကျောင်းမှာ ထမင်းစားမကောင်းရင် အိမ်လာစားပေါ့ကွယ်၊ သီသီနဲ့ လာကြပေါ့။ ဒီမှာ မင့်နှမလည်းရှိသားပဲ'

ဦးထွန်းဝင်းသည် ဖတ်နေသော နေးရှင်းသတင်းစာကို ချထားလိုက်ပြီး

'မောင်မြင့်နောင် ဘယ်ဘာသာ ယူသလဲ . . .'

'ကျွန်တော် ပြူဝါးဆိုင်းယင့်စ် ယူပါတယ် . . .'

**ရန်အောင်စာပေ (၂)**

'ကောင်းတယ် အခုခေတ်က သိပ္ပံပညာခေတ်ကွ'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ အထွေထွေ ဗဟုသုတ အဖြစ်နဲ့ သင်တာပဲ၊ ဘာလို့လဲဆိုတော့ ကျွန်တော်က စာပေဘက်ကို ပိုပြီး စိတ်သန်ပါတယ်။ ဒါပေမဲ့ စာပေတို့အဘိဓမ္မာတို့က ကိုယ်တိုင်ဖတ်ယူလို့ ရတယ်မဟုတ်လား၊ သိပ္ပံကတော့ လက်တွေ့ အနည်းအကျဉ်းတတ်ထား ရင် နောက် ဆက်လေ့လာဖို့ အခြေခံရမယ် ထင်လို့ပါ'

ဦးထွန်းဝင်းက မောင်မြင့်နောင်အား ဒုတိယအကြိမ် အံ့သြစွာ ကြည့်၏။ ပြီးတော့မှ . . .

'သီသီက တို့အိမ်ကို ညှော်ကောင်းတစ်ယောက် ခေါ်လာတာပဲ၊ ဆိုပါဦး မောင်မြင့်နောင်က ကြီးရင် ဘာလုပ်မယ် စိတ်ကူးထားလို့လဲ . . .'

'ဖြစ်နိုင်ရင်တော့ စာရေးဆရာ လုပ်ဖို့ပါပဲ'

ဤတစ်ကြိမ်တွင်တော့ သူက မရဲတရဲ ပြန်ပြောလိုက်၏။

'စာရေးဆရာတွေက ဆင်းရဲတယ်ဆို'

ဒေါ်ခင်မြမြက ဝင်ပြောလိုက်၏။

'ဟုတ်ကဲ့၊ အများကောင်းကျိုးကို လုပ်ချင်ရင်တော့ ကိုယ်ကျိုးကို ထိုက်သလောက်တော့ အနစ်နာခံရမှာပေါ့။ ပြီးတော့ စာရေးဆရာတွေ အနေနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ဆုံးရှုံးနေလို့ မပြည့်မစုံ ဖြစ်နေရ တာလည်း ရှိပါတယ်'

'ပြီးတော့ အရက်သမားတွေချည့်ပဲဆို . . .'

'အရက်သောက်တာ ကတော့ အလုပ်နဲ့ မပတ်သက်ပါဘူး။ အရာရှိ ဖြစ်ဖြစ်၊ ကုန်သည်ဖြစ်ဖြစ်၊ သောက်တဲ့လူက သောက်တာပါပဲ၊ စာရေးဆရာ တွေဟာလည်း ရိုးရိုးလူတွေပဲဖြစ်လို့ သောက်တဲ့လူလည်း သောက်ကြမှာ ပေါ့၊ မသောက်တဲ့လူတွေလည်း အများကြီးရှိပါတယ် . . .'

'အရက်က လူတိုင်းသောက်တာပဲကွ၊ တို့က ကလပ်မှာသောက်ပြီး ဂေါ်ရင်ဂျီတွေက ပလက်ဖောင်းပေါ်မှာ သောက်တယ်။ မူးရင်ကားနဲ့ လိုက် ပို့ကြတယ်။ သူတို့မူးရင် လမ်းပေါ်မှာပဲနေတယ်၊ လူတွေက တံတွေးထွေးကြ

တယ်'

ဦးထွန်းဝင်းက ပြောလိုက်သည်။

'ဟုတ်ပါတယ်၊ ရှင်ကတော့ အရက်သောက်တဲ့ ဗုဒ္ဓဘာသာတဲ့. . .'

'အဲဒါကြောင့် မင်းတို့ ခက်တာပဲ . . .'

'အို ဖေဖေတို့ကလည်း ညှော်သည်ရှေ့မှာ . . .'

ရင်ရင်နွဲ့က ဝင်ဟန့်လိုက်သည်။ မောင်မြင့်နောင် ပါဝင်သော စကားဝိုင်းတွင် သူမ ပထမဆုံး ဝင်ရောက် ပြောဆိုခြင်းဖြစ်၏။ ဒေါ်ခင်မြမြက နောက်ဖေး ထသွားသည်။ မောင်မြင့်နောင်က ဦးထွန်းဝင်း၏ ကိုယ်ပိုင်စာကြည့်တိုက်အကြောင်း ပြောသည်။ ထို့နောက် မြန်မာစာပေနှင့် နိုင်ငံခြားစာပေအကြောင်း အမျှင်မပြတ် ဆွေးနွေးကြလေတော့သည်။ ရေနွေးအိုးသုံးအိုးကုန်သည်ထိ ဆွေးနွေးကြလေသည်။ အထူးသဖြင့် ၎င်းတို့သည် ရုရှားစာရေးဆရာကြီး ဒိုတိုယက်စကီး၏ စာပေများကို ဆွေးနွေးကြလေ၏။ သို့ရာတွင် မောင်မြင့်နောင်သည် ဦးထွန်းဝင်းအနေနှင့် အံ့ဩယူရလောက်အောင်ပင် အမေရိကန်စာပေကို လေ့လာဖူးလေသည်။ အပွတန်ဆင့်ကလဲရား၏ 'ကျွန်ုပ်တို့အရင်းရှင်စာပေ' ဟူသော ဆောင်းပါးကို ပိုင်ပိုင်နိုင်နိုင်ကြီး ဝေဖန်သွားလေသည်။ ဤသို့ ဝေဖန်ရာတွင် ကားလ်မတ်စ်နှင့် အိန်ဂျယ်တို့၏ စာပေအမြင်များ၊ လီနင်၏ 'ပါတီစာပေနှင့် ပါတီအဖွဲ့အစည်း' ဆောင်းပါး၊ လီနင်၏ တော်လ်စတွိုင်းဆောင်းပါးများကို လိုလား၏။ မော်စီတုံး၏ ယီနန်မိန့်ခွန်း၊ ချူအင်လိုင်း၏ ပညာတတ်အလွှာ အစီရင်ခံစာ၊ မော်ထွန်း၊ ကူမိုးဂျိုးနှင့် ချောယင်တို့၏ အယူအဆများကို ရည်ညွှန်းသွား၏။ ဟောင်းဝတ်ဖတ်စ်၏ အမြင်လည်း တင်ပြသွား၏။

ခင်မိုးသီနှင့် ရင်ရင်နွဲ့ပင်လျှင် ညဆယ်နာရီ ထိုးသောအခါတွင် တပ်ခေါက်သွားကြလေသည်။

မိုးချုပ်သည်ထက် ချုပ်သွားသောအခါတွင်ကား ဒီမိုကရေစီဆိုရှယ်လစ်ဝါဒ၏ အချောင်သမားဆန်မှုများကို မောင်မြင့်နောင်က ဆွေးနွေးလျက်ရှိတော့၏။ ဦးထွန်းဝင်းသည် ဆေးတံတစ်အိုးပြီး တစ်အိုး

ညှိသောက်နေ၏။ ပဋိစ္စသမုပ္ပါဒ်အခန်းကျမှ ဦးထွန်းဝင်းက တစ်လှည့်ပြော လေသည်။

(၁)

ရင်ရင်နွဲ့တို့ အိမ်သားများသည် နေမြင့်မွန်းတည့် အိပ်တတ်ကြသူများ မဟုတ်ငြားလည်း ရွှေမန်းသူ ရွှေမန်းသားများဖြစ်ကြသော ခင်မိုးသီနှင့် မောင်မြင့်နောင်တို့က စော၍ နိုးကြလေသည်။

မောင်မြင့်နောင်သည် 'ဟဲမင်းဝေး' ၏ 'မြစ်ကိုဖြတ်၍တောကိုဝင်' စာအုပ်ကိုဖတ်ရန် ဥယျာဉ်ထဲသို့ဆင်းခဲ့ပါသည်။ နှင်းဆီပွင့်ဖတ်လွှာများသည် အဖျားတွင် အနီကား၍ အရင်းတွင် ပန်းရောင်စုလျက် ရှိပါသည်။ နုဖတ်သော ရွက်စိမ်းလေးများအား ပိုးတောက်ထားသည်မှာ နှမြောစရာကောင်းလှသည်။ ခင်မိုးသီက ကတ်ကြေးတစ်လက်ဖြင့် အပွင့်ရွေးလျက် ရှိ၏။

'မမလည်း နိုးနေပြီကိုး . . .'

'အေး မောင်လေးတို့ ညက ဘယ်အချိန်မှ အိပ်ကြသလဲ . . .'

'တစ်ချက် . . .'

'လွန်လှချည့်လား'

'သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါ့ မမရာ . . .'

'ကောင်းပါပြီရှင်၊ လိုချင်တာရှိလို့ ဖျာလိုလိပ်ပြီး ထိပ်ပေါ်တင်တာတော့ မဖြစ်ပါစေနဲ့ . . .'

'ဟာ မမကလည်း . . .'

မောင်မြင့်နောင်က မာလကာပင်ကို မော့ကြည့်ရင်း ပြောလိုက်သည်၊ မာလကာသီးများက ဝင်းနေသည်။

'ဟုတ်သားပဲ၊ သူ့မှာ ရှိပြီးသားပဲ . . .'

'ဘာ ရှိပြီးသားလဲ . . .'

မောင်မြင့်နောင်က မာလကာသီး တစ်လုံးကို ခုန်၍ ခူးလိုက်ရင်း ပြန်မေး၏။

'ငါးသုံးလုံးစီးကရက်နဲ့ အင်းခွေးကြီးလေ . . .'

သူက မာလကာသီးကို မစားသေးဘဲ . . .

'ကျွန်တော့်ကိုချစ်လို့ စကားနာထိုးရင်တော့ ဒီနည်းနဲ့ မစပါနဲ့၊ ဘာပြုလို့လဲဆိုတော့ ဒါဟာ ကျွန်တော့်ဘဝကို ခြေမှုန်းသလို ဖြစ်နေတာပဲ. . .'

ခင်မိုးသီက နှင်းဆီရုံတွင်ငြိနေသော ပိုးသားထမီကို ကုန်း၍ ဖြုတ်လိုက်၏။

'ကနေ့ ကိုယ်တို့ လျှောက်လွှာသွားတင်ကြမယ်. . . မောင်လေး လိုက်မလား . . .'

'ဟင့်အင်း ကျွန်တော် နက်ဖြန်မှတင်မယ်၊ ကနေ့ မဂ္ဂဇင်းတိုက်တွေ လျှောက်သွားဦးမယ် . . .'

စကားစ ပြတ်သွားကြပြန်၏။ မောင်မြင့်နောင်က မာလကာသီးကို စားကြည့်ရာ အူနီဖြစ်သည်ကိုတွေ့ရ၏။ ခင်မိုးသီ၏ လက်ထဲတွင် နှင်းဆီခုနစ်ပွင့် ရှိနေပြီ။

'မ . . . ရေ'

နှင်းဆီပန်းခူးနေသူက လှမ်းကြည့်၏။ နှင်းဆီရောင်ပြန်ဟပ်၍ ပါးကလေးများ ရဲနေသည်။

'ညက ကျွန်တော်ပြောတာတွေ အဘိုးကြီး စိတ်များ ဆိုးသွားသလား မသိဘူး . . .'

'အဘိုးကြီးတော့ မပြောတတ်ဘူး၊ အမယ်ကြီးကတော့ မင်းကို သနားနေပြီ၊ သမီးလေးကလည်း ကရုဏာသက်လို့ပေါ့'

ဒီတစ်ခါတော့ မောင်မြင့်နောင်က ပခုံးတွန့်လိုက်၏။

'ဒါနဲ့ ရင်ရင်နွဲ့ဟာ ဟိုရွှေဆိုင်တန်း ကိုလှသိန်းတို့ ဆိုင်ဘေးက ကောင်မလေးနဲ့ မတူဘူးလား . . .'

'အင်း တူတယ်၊ ဒါပေမဲ့ အနွဲ့က အရပ်ပိုရှည်တယ် ပိုလည်း လှတယ် . . .'

'ရင်ရင်နွဲ့ နားနောက်မှာ အသားပိုလေး ရှိတယ်နဲ့တူတယ်'

'အမယ် တယ်လည်းမျက်စိရှင်ပါလား၊ ဟုတ်တယ် အဲဒီအပြစ်က လွဲရင်တော့ အကုန်လုံး အလှပဲ . . .'

'ကိုယ့် ညီမကိုယ် ချီးကျူးပေးမှပေါ့ . . .'

မောင်မြင့်နောင်က သရက်ရွက်နုနုကလေးများကို နမ်းကြည့်သည်။ တို့စားရရင် ကောင်းမည်ဟု စိတ်ထဲတွင် အောက်မေ့လိုက်၏။

'ဟော ဟိုမှာ အနွဲ့လာနေပြီ . . .'

ရင်ရင်နွဲ့က အဝေးကြီးကတဲက ပြုံးလာ၏။ ပြုံးသဇင်ထက် အများကြီးလှသည်ဟု ခင်မိုးသီက အကဲဖြတ်နေသည်။

'မမသီတို့ကို လာခေါ်တာ ကော်ဖီ သောက်ကြရအောင်'

ရင်ရင်နွဲ့က မောင်မြင့်နောင်ကို ရည်စူး၍ ဗဟုဝုစ်စကားကို ဆိုလိုက်သည်။

'လာမယ်လေ၊ မမသီ ပြတင်းပေါက်ကနေ လှမ်းမြင်လို့ ဘုရားတင်ရအောင် ဆင်းခူးတာ၊ မောင်မြင့်နောင်နဲ့ တွေ့လို့ ညက ဦးနဲ့ ဘာတွေ ပြောနေသလဲလို့ မေးနေတာ'

'ဟုတ်လား၊ ဖေဖေကတော့ မိုးလင်းရုံတင်မကဘူး တစ်ဝါတွင်းလုံးတောင် မထတမ်း ဆွေးနွေးမယ့်လူတွေပါ . . .'

ခင်မိုးသီက မဲ့လိုက်သည်။

ရင်ရင်နွဲ့နှင့် မောင်မြင့်နောင်က စတင် အကျွမ်းဝင်ခြင်းပါ။

(၈)

ထိုနေ့ညတွင် မိုးသည်းထန်စွာ ရွာသွန်း၏။ မောင်မြင့်နောင်တွင် ထီးပါမသွားချေ။ ပထမတွင် သူသည် စမတ်အင်မူကာဒင် စာအုပ်ဆိုင်ထဲ၌ အချိန်ဖြုန်းနေ၏။ နောက် မိုးအနည်းငယ် စဲသွား၍ ဘတ်စ်ကားပေါ် အပြေးအလွှားတက်၏။ ကားပေါ်ရောက်တော့ မိုးကတိတ်မလို ဖြစ်နေသေး၏။ သို့ရာတွင် ဗဟန်း သုံးလမ်းမှတ်တိုင်သို့ ရောက်သောအခါတွင်ကား

မိုးက ကြောင်နှင့်ကြွက် ရန်ဖြစ်သည့်ပမာ ရွာချပြန်၏။ မည်သို့မျှ မတတ်နိုင်၊ မောင်မြင့်နောင်သည် ရေခဲဆိုင်မှတ်တိုင်၌ ဆင်းရသည်။ ကုက္ကိုပင်ကြီးအောက်၌ ခိုကြည့်သေးသည်။ သို့ရာတွင် အကြောင်းမထူး၍ မိုးရေထဲတွင် လမ်းလျှောက်၍ တည်းခိုအိမ်သို့ ပြန်ရပါတော့သည်။

ရင်ရင်နွဲ့တို့အိမ်မှာ ကားဂိတ်မှ သိပ်မဝေးလှသော်လည်း မိုးစိမ့်စိမ့်အေးနေသည်မှာ ကြာပြီဖြစ်၍ မောင်မြင့်နောင်သည် မေးချင်းရိုက်လျက် ရှိပေပြီ။ အချိန်မှာ ခုနစ်နာရီခန့်ရှိပေပြီ။ သူက နာရီကိုကြည့်သော်လည်း သဲသဲကွဲကွဲ မမြင်ရပါချေ။

မောင်မြင့်နောင်သည် သံတံခါးရှေ့တွင် မတ်တတ်ရပ်လျက် အတွင်းသို့ ကြည့်၏။ မည်သူအားမျှ မတွေ့ရ၊ သို့သော် မီးချောင်းများက ထိန်လင်းလျက်ရှိသည်။ မိုးအေးအေးနှင့် ကွေးနေကြပြီထင်၏။ အမှန်ကတော့ သူ့အမှားပင်၊ ဤလို သံတံခါးရှိသော အိမ်များတွင် တည်းခိုခဲ့လျှင် စောစော ပြန်သင့်ပေသည်။ ခုတော့ အားနာစရာ ကောင်းနေပေပြီ။

သူက လျှပ်စစ်ခေါင်းလောင်းကို သုံးကြိမ်မျှ နှိပ်ပြီးသည့်တိုင် အတွင်းမှ ခြေသံ မကြားရသေးပေ။ မောင်မြင့်နောင်သည် မျက်နှာမှ မိုးပေါက်များကို သုတ်ပစ်ရင်း ခေါင်းလောင်းကို နောက်တစ်ကြိမ် ခပ်ကြမ်းကြမ်း နှိပ်လိုက်ပြန်၏။ ပြီးတော့ သူက စိတ်မရှည်စွာ စောင့်နေသည်။ သို့ရာတွင် ဤတစ်ကြိမ်တွင်မူ အတွင်းမှ ကြားသွားပြီဖြစ်ဟန်ရှိ၏။ လှေကားမှ ဆင်းလာသံကို မိုးသံများကြားမှ သဲ့သဲ့ကြားရ၏။ ခုလိုကျတော့လည်း မောင်မြင့်နောင်က အားနာသွား၏။ သူ့အတွက် ဒုက္ခများသည်ကို စိတ်မကောင်းဖြစ်မိ၏။ ဘုရားရေ တံခါးလာဖွင့်ပေးသူကလည်း . . .

ရင်ရင်နွဲ့။

'ဟင် ကိုမြင့်နောင် မိုးတွေရွဲလို့ပါလား . . .'

သူမက တံခါးသော့ကို လျင်မြန်စွာ ဖွင့်လေ၏။ သော့ပွင့်သောအခါ မောင်မြင့်နောင်က တံခါးကိုတွန်း၍ အတွင်းသို့ဝင်လိုက်၏။ ရင်ရင်နွဲ့ သော့ပြန်ခတ်နေစဉ်တွင် သူက ဘေးမှရပ်စောင့်နေ၏။

**ရန်အောင်စာပေ (၂)**

'သွားလေ ကိုမြင့်နောင် အဝတ်လဲချေလေ . . .'

မောင်မြင့်နောင်က မလှုပ်မယှက် ရပ်နေ၏။

'သွားလေ အအေးမိကုန်တော့မှာပဲ . . .'

သို့ရာတွင် သူက မသွား၊ သူမအားသာ ညှိုးငယ်စွာ ကြည့်နေ၏။ ရင်ရင်နွဲ့ကလည်း မလုံမလဲဖြစ်ကာ သူမကိုယ်ကို ငုံ့ကြည့်၏။

'ရှင် . . . ရှင် ဘာဖြစ်နေတာလဲ . . .'

ဒီတော့မှ မောင်မြင့်နောင်က သူ့ခြေထောက်ကို ငုံ့ကြည့်၏။ ရင်ရင်နွဲ့က လိုက်ကြည့်၏။ သူ့ခြေထောက် တစ်ခုလုံးသည် ရွှံ့များဖြင့် ပေကျံလျက်ရှိ၏။ ဤအတိုင်းသာ အပေါ်ထပ်သို့တက်သွားလျှင် ဝါဂွမ်း ဆိုင်ပေါ်တွင် အိုးမည်းခြေရာများ ထင်ကုန်ပေတော့မည်။

'ပြောရောပေါ့ ကိုမြင့်နောင်ရယ် ခဏနေဦး၊ ကျွန်မ ရေသွားခပ်ခဲ့မယ်'

သူမက သွက်လက်ပေါ့ပါးစွာ တိုက်ထဲသို့ ဝင်သွား၏။ မောင်မြင့်နောင်က လက်ထဲမှစာအုပ်များကို ပန်းအိုးတင်သည့် စင်မြင့်အောက်ဆင့်တွင် လှမ်းတင်ထားလိုက်၏။ ရင်ရင်နွဲ့သည် ကြေးဖလားနှင့် ရေအပြည့် ခပ်လာသည်။

'ကိုမြင့်နောင် သေတ္တာသော့ခတ်ထားလား . . .'

'မခတ်ပါဘူး . . .'

'ဒါဖြင့် ကျွန်မ အဝတ်တွေသွားယူခဲ့မယ် . . .'

မောင်မြင့်နောင်က အားနာသော်လည်း မငြင်းနိုင်ပါပေ၊ အကြောင်းမူ သူ့အဝတ်များအားလုံးသည် ရွှဲရွှဲစိုနေပြီ၊ ဤအတိုင်းသာ သွားပါက တစ်အိမ်လုံး ရေစက်ရေပေါက်များ ဖြစ်ကုန်ချေပေမည်။ သူသည် ခြေထောက်ဆေးပြီးသောအခါတွင် အပေါ်အင်္ကျီကို ချွတ်လိုက်၏။ ထိုစဉ်တွင် ရင်ရင်နွဲ့ ပြန်ရောက်လာသည်။ ပုဆိုးတစ်ထည် စွပ်ကျယ် တစ်ထည်နှင့် မျက်နှာသုတ်ပဝါ ပါလာလေ၏။

'အဝတ်လဲပြီးရင် ဧည့်ခန်းမှာ ထိုင်နေဦး၊ ကော်ဖီဖျော်ခဲ့မယ်၊ ရေစို

တွေကို အဲ့ဒီနားမှာ ထားလိုက်၊ တော်ကြာနေ ကြည်ကြည် ပြန်လာတော့ လျှော်လိမ့်မယ် . . .'

'မမသီကော . . .'

'မမသီနဲ့ ကြည်ကြည် လမ်းထိပ်ကို ဘူးသီးကြော် သွားဝယ်ကြတယ်၊ ခုပဲ လာကြလိမ့်မယ်၊ မိုးခိုနေကြတယ်နဲ့တူတယ် . . .'

ရင်ရင်နွဲ့ လှည့်ဝင်သွား၏၊ သူက အဝတ်များလဲပြီးနောက် မျက်နှာသုတ်ပဝါကို ခြုံကာ သူမ ပြောသွားသည့်အတိုင်း ဧည့်ခန်းတွင် ထိုင်စောင့်နေမိ၏။ ချက်ချင်းပင် ရင်ရင်နွဲ့ ပြန်လာသည်။

'ရော့ ကော်ဖီမသောက်ခင် ဟောဒီဆေးပြားသောက်လိုက်၊ အေပီစီလေ၊ ကိုမြင့်နောင် သောက်ဖူးလား၊ အအေးမိတာတော့ သိပ်ကောင်းတယ် . . .'

မောင်မြင့်နောင်က ဆေးလုံးကို လှမ်းယူလိုက်သည်၊ ကော်ဖီငွေ့က ပူနွေးလှသည်။ သူမ၏အပြုံးက ပို၍ အနွေးငွေ့ပေးပါလေသည်။ ရင်ရင်နွဲ့က မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ချဉ်စုတ်စုတ်ဖြစ်၏။ ပြီးတော့ ကော်ဖီပူပူကို တစ်ကျိုက်ပြီးတစ်ကျိုက် သောက်ချနေသည်။ တကက်တက်စင်ပြောင်မှ ပန်းကန်ကို ပြန်ချလိုက်သည်။

'ဦးတို့ ဒေါ်ဒေါ်တို့ကော. . .'

'ဘုရားကိုးဆူ သွားကြတယ် . . .'

အပြင်တွင် မိုးသည် တစ်ယောက်တည်း ဆူညံစွာ ရန်ဖြစ်လျက်ရှိ၏။ ထိုသို့ဆိုခဲ့လျှင် မမသီတို့ကလည်း မိုးတိတ်မှ လာကြပေတော့မည်။ ဘုရားကိုးဆူသွားသူများကလည်း တော်တော်နှင့် လာကြဦးမည်မဟုတ်ပေ၊ အပျိုလူပျို နှစ်ဦးတည်းသာ တိုက်တစ်လုံးထဲတွင် ရှိနေကြပေသည်။ ရင်ရင်နွဲ့ စိတ်ထဲတွင်တော့ ဘယ်လိုရှိမည် မသိ၊ မောင်မြင့်နောင်ကတော့ စိတ်လှုပ်ရှားလျက်ရှိ၏။ အစိုးရိမ်ဆုံးကတော့ သူမအနေနှင့် သူ့အပေါ် မယုံသင်္ကာရှိသွားမည် စိုးခြင်းပါပင်၊ ထို့ကြောင့် အကြည့်မှား အပြောမှားမည်ကို အင်မတန် စိုးရိမ်လျက်ရှိ၏။

**ရန်အောင်စာပေ (၂)**

'လျှောက်လွှာ တင်ခဲ့ကြပလား'

'ဟုတ်ကဲ့ . . .'

'ဘာယူလဲ . . .'

'မက်စ်၊ အီကို၊ လောဂျစ် . . .'

'အင်္ဂလိပ်စာ ဂုဏ်ထူးနဲ့ အောင်တယ်ဟုတ်လား . . .'

ရင်ရင်နွဲ့က ခေါင်းညိတ်သည်။

'ဒါပေမဲ့ ယူနီဗာစီတီကျရင်တော့ မမသီနဲ့ ကိုမြင့်နောင်ပဲ အားကိုးရမှာပဲ'

'ကျွန်တော်တို့လည်း တော်လှတယ်မဟုတ်ပါဘူး။ စာဖတ်တာပါပဲ. . .'

'ဖေဖေကလည်း ကျွန်မကို တစ်အုပ်ပြီးတစ်အုပ် ဖတ်ခိုင်းတာပဲ၊ တော်လ်စတွိုင်းရဲ့ 'စစ်နဲ့ငြိမ်းချမ်းရေး'ကို ကျွန်မဖတ်တာ တစ်လတိတိ ကြာတယ်'

မောင်မြင့်နောင်က သမင်လည်ပြန်ကြည့်၍ မိုးတိတ်မတိတ် ကြည့်လိုက်၏။ နည်းနည်းတော့ အရှိန်လျော့သွားပေပြီ၊ ရင်ရင်နွဲ့က အဝါအင်္ကျီလေးကို အဝါထမီပေါ်သို့ ဆွဲချနေ၏။

ရွှေနှင့်ယိုးမှား ပန်းစကားပေများလား . . .

'အော် ဒါနဲ့ ကိုမြင့်နောင် မနက်ဖြန်ညကြရင် ကျွန်မတို့နဲ့ ထမင်းစားလိုက်မလား၊ မမသီတော့ လိုက်လိမ့်မယ် . . .'

'ဘယ်ကိုလဲ . . .'

'စန်းစန်းခင်တို့ အိမ်ကိုပေါ့၊ သူ့အဖေက ဝန်ကြီး . . .'

'ကျေးဇူးတင်ပါတယ်၊ ထမင်းကျွေးပြီး ဒီအက်စ်အိုလုပ်ခိုင်းမှာ မဟုတ်လား'

ရင်ရင်နွဲ့က ဘာပြန် ပြောရမှန်းမသိ ဖြစ်သွားသည်။

'ဆောရီး ကျွန်တော်ပြောတာ လွန်သွားတယ်နဲ့ တူတယ်'

'မလွန်ပါဘူး၊ ဖြုန်းခနဲဆိုတော့ ကျွန်မ အံ့အားသင့်သွားတာပါ။

ဒါနဲ့ မေးရဦးမယ်၊ ကိုမြင့်နောင် တိုးတက်လား . . .'

'ဘာလဲ . . . တိုးတက်ဆိုရင် တိုက်ပေါ်က ညတွင်းချင်း မောင်း ချမလို့လား'

မောင်မြင့်နောင်က ရယ်မော၍ မေးလိုက်သည်။

'မောင်းမချပါဘူး ရှင် . . .'

ရင်ရင်နွဲ့က တိုးတိုးလေး ပြန်ပြောလိုက်သည်။

'မောင်းမချတာတွေ အသာထား၊ ကိုယ်တို့ တံခါးဖွင့်ပေးပါ ဦး. . .'

မောင်မြင့်နောင်က လန့်သွားသည်၊ နောက်လှည့်ကြည့်လိုက် သည်၊ ရင်ရင်နွဲ့က မတ်တတ်ထရပ်လိုက်သည်။ တံခါးဝတွင် မမသီနှင့် ကြည်ကြည်တို့ စပ်ဖြဲဖြဲ ပြုံးဖြီးဖြီးနှင့် ရပ်နေကြလေသည်။

'အို မမသီကလည်း လန့်လိုက်တာ၊ အသံမပေး ဘာမပေးနဲ့'

ရင်ရင်နွဲ့က ဆောင့်ဆောင့်လေး ပြောလိုက်သည်။

'အလိုတော် ဘယ့်နှယ် ရန်တွေ့နေတာလဲ၊ ကိုယ်တို့ဘဲလ်ကို နှစ်ခါတောင် နှိပ်ပါတယ်၊ သူတို့ဘာသူတို့ မကြားချင်လို့ မကြားကြတဲ့ ဥစ္စာ ပဲ. . .'

ထိုအချိန်တွင် အပြင်မှကားတစ်စင်း ဝင်လာပါသည်။ ဘုရားကိုး ဆူ သွားသူများ ပြန်လာကြလေပြီ။

## မိုးသားနှင့် သမုဒ္ဒရာ

(က)

မောင်မြင့်နောင်သည် စာရင်းသွင်း လျှောက်လွှာကို တင်သွင်းခဲ့ပြီး နောက် ပင်းယဆောင်ဘက်သို့ လျှောက်ခဲ့ပါသည်။

မိုးကလေးက တဖွဲဖွဲ၊ နေကလေးက မပွင့်တပွင့်တွင် သူသည် စိတ်တထင့်ထင့်နှင့် အဓိပတိလမ်းအတိုင်း ဖြည်းညင်းစွာ လျှောက်သွား လျက်ရှိပါသည်။ ကျောင်းသားကျောင်းသူများကို သယ်ယူပို့ဆောင်လျက်ရှိ

သော ကိုယ်ပိုင်ကားကလေးများသည် အသွားအပြန် ရှုပ်နေကြ၏။ သို့ရာတွင် ကိုယ်ပိုင်ကားနှင့် မလာနိုင်သော ကျောင်းသားကျောင်းသူများကမူ ကျောင်းအချိန်မီစေရန် သုတ်သီးသုတ်ပြာ လျှောက်လျက်ရှိကြပါသည်။

သူ့အနေနှင့်မူ ဤမဟာတက္ကသိုလ်ကြီးတွင် ဆက်လက် ပညာသင်ကြားရန် အတော်ပင် ခဲယဉ်းလျက်ရှိချေပြီ၊ အခြေအနေများက ကောင်းမလိုလိုနှင့် ဆိုးနေသည်ဟု ထင်ရပါသည်။ သူက ကိုအောင်ကျော်ကို အလွယ်တကူ တွေ့မှတွေ့ပါ့မလားဟု စိတ်ပူလျက် ရှိပါသည်။

ကိုအောင်ကျော်သည် မြင်းခြံခရိုင်မှ လယ်သမားသားတစ်ယောက်ဖြစ်ပြီး မန္တလေးတက္ကသိုလ် ဥပစာတန်းတွင် တစ်နှစ် နေသွားဖူးပါသည်။ ထိုစဉ်က သူတို့နှစ်ယောက်သည် မတကာသ အမှုဆောင်များ ဖြစ်ကြပြီး အတော်အတန် ရင်းနှီးကြပါသည်။

မောင်မြင့်နောင်သည် ပင်းယဆောင်ရှေ့ကျမှ အိတ်ထဲမှစာကို သတိရ၍ စာတိုက်ပုံးနီနီထဲသို့ ထည့်လိုက်ပါသည်။ ပြီးတော့ သော့ခလောက်ကို ဆွဲကြည့်လိုက်ရာ ပွင့်ထွက်လာ၍ မိမိစာကို ပြန်ယူခဲ့ရပါသည်။ စာတိုက်ပုံးသည် သံချေးစားလျက် ရှိပြီဖြစ်ကြောင်းကို ယခုမှ သတိထားမိလေသည်။ မိမိ၏အဖြစ်ကို မြင်သွားကြသော ကျောင်းသူနှစ်ယောက်သည် ပြုံးရယ်သွားကြ၏။

မောင်မြင့်နောင်သည် အခန်းနံပါတ် (၂၂) ကို အောက်ထပ်မှာပင် ရှာဖွေတွေ့ရှိလေသည်။ အခန်းတံခါးပေါ်တွင် အောင်ကျော် (ခြင်းခြံ)၊ သန်းတင် (ပျဉ်းမနား) ဟု ရေးထားလေသည်။ အခန်းကတော့ မှန်နေပေပြီ၊ သို့သော် ရေနံသုတ်ထားသော တံခါးနက်ပေါ်တွင် သံကြိုးဆိုင်းထားသော သော့ခလောက်ဖြူလေး နှစ်လုံးက ထင်းနေသည်။ ဤသည်၏သဘောမှာ ၎င်းတို့သည် စာသင်ခန်းများသို့ သွားနေကြပြီး မည်သည့်အချိန်တွင်မှ ပြန်လာမည်ကို မပြောနိုင်ပေ၊ သူက ရပ်စောင့်နေ၍ မဖြစ်နိုင်ပါပေ၊ ထို့ကြောင့် သူက သမဂ္ဂသို့သွားကာ ရဲဘော်များ ရှာဖွေဦးမည်။ နေ့လယ်ပိုင်းမှ တစ်ခေါက်ပြန်လာဦးမည်ဟု အောက်မေ့လိုက်ပြီး လှည့်ထွက်သွားပါသည်။

သူက ဆီးအောင့်နေပြီဖြစ်၍ နီးကပ်လျက်ရှိသော အိမ်သာခန်းထဲသို့ ဝင်သွား၏။ ပြန်ထွက်လာသောအခါတွင် လျှောက်လာနေသော ကိုအောင်ကျော်ကို တွေ့ရသည်။

'ဟေ ကိုမြင့်နောင် ဘယ်တုန်းက ရောက်နေသလဲ . . .'

သူက ဝမ်းသာစွာ အော်ဟစ်နှုတ်ဆက်ရင်း ခပ်သုတ်သုတ် လျှောက်လာပါသည်။

'မောင်ရင့် မတွေ့တာနဲ့ ကိုယ် ယူနီယံသွားတော့မလို့ . . .'

'ကိုဘကောင်းတို့ မရှိဘူး၊ မြို့ထဲသွားကြတယ် . . .'

ကိုအောင်ကျော်က တံခါးသော့ကို ဖွင့်ရင်းပြောလေ၏။

'မောင်ရင်တို့ အဆောင်ရှေ့က စာတိုက်ပုံးက ပျက်လို့ပါလား၊ မောင်ရင်တို့ အခန်းကလည်း အိမ်သာစော်နံလှချည့်လား . . .'

'ဒီအခန်းရအောင်တောင် မနည်းလုပ်ထားရတယ် . . .'

'ဟုတ်ပါတယ်၊ ကိုယ်လည်း အခန်း သွားလျှောက်တာ မရဘူးတဲ့. . .'

'ဘာ မောင်ရင် ဒီနှစ် ဒီမှာတက်မလို့လား'

ကိုအောင်ကျော်က ဗလာစာအုပ်နှစ်အုပ်နှင့် စာအုပ်ပါးပါး တစ်အုပ်ကို စားပွဲပေါ်ပစ်တင်လိုက်၏။ မောင်မြင့်နောင်က စားပွဲဘေးမှ ခုတင်ပေါ်တွင် ပစ်လှဲလိုက်သည်။ ကိုအောင်ကျော်၏ စားပွဲနှင့် ခုတင်သည် ရှုပ်ယှက်ခတ်လျက်ရှိ၏။ ခြင်ထောင်ကို မသပ်မယပ် တင်ထား၏။ မျက်နှာသုတ်ပဝါ တစ်ထည်နှင့် ပုဆိုးတစ်ထည်ကိုလည်း ခြင်ထောင်ပေါ် တင်ထား၏။ ထိုနှစ်ထည်ကြားမှ မီးခလုတ်ကြိုးဝါလေးသည် တွဲလဲကျလျက်ရှိပါသည်။ စားပွဲပေါ်တွင် စာအုပ်များသည် အမြီးပြန်ခေါင်းပြန် ရွဲ့ရွဲ့စောင်းစောင်း ထပ်လျက်ရှိ၏။ တစ်ဖက်ထောင့်တွင်ကား ကိုသန်းတင် (ပျဉ်းမနား) ဆိုသူ၏ စားပွဲနှင့် ခုတင် ရှိလေသည်။ ၎င်းတို့သည်ကား ကိုအောင်ကျော်၏ ပစ္စည်းများနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဖြူဖြူစင်စင် သပ်သပ်ယပ်ယပ်များ ဖြစ်ကြ၏။

**ရန်အောင်စာပေ (၂)**

'မောင်ရင်တို့ နှစ်ယောက်ကတော့ ဆန့်ကျင်ဘက်ပဲ . . .'

'အနေအထိုင်တင် ဆန့်ကျင်တာမဟုတ်ဘူး၊ အယူအဆလည်း ဆန့်ကျင်ဘက်ပဲ၊ သူက ဒီအက်စ်အိုလေ . . .'

'ဟန်ကျတာပေါ့၊ တိုးတက်နဲ့ ဒီအက်စ်အို တစ်ခန်းထဲနေရတာ'

'ဒါပေမဲ့ ဒီမောင်က လူကောင်းပါ။ ရှုပ်ရှုပ်ယှက်ယှက်သမား မဟုတ်ဘူး။ သူ့ဘာသူနေ ကိုယ့်ဟာကိုနေပဲ၊ ရုပ်ရှင်အကြောင်း၊ ထမင်းဟင်း အကြောင်းက လွဲလို့ ဘာမှမပြောကြဘူး . . .'

ကိုအောင်ကျော်က ကုလားထိုင်တွင် ထိုင်လိုက်ပြီး ငါးကြီးဆီ တစ်ဇွန်း သောက်လျက်ရှိ၏။ သူက အားရှိမည့် အစားအသောက်များကို သာ ရွေး၍ စားတတ်၏။ သို့သော်လည်း သူသည် မောင်မြင့်နောင်ထက်ပင် ပိန်ချေသည်။

'မောင်ရင့် ခုတင် နှစ်ယောက်အိပ်လို့ မရဘူးလား . . .'

'ရပါတယ်၊ ဒီလိုပဲ နေကြတာပဲ၊ မောင်ရင်က တကယ် ပြောင်းလာ တာလား . . .'

မောင်မြင့်နောင်က ခေါင်းညိတ်လိုက်သည်။

'ကိုယ်က မန္တလေးကတော့ ထွက်ခဲ့ပြီ၊ ဒီမှာပဲ ကျောင်းနေဖြစ် မလား၊ မဂ္ဂဇင်းတိုက် တစ်တိုက်မှာ လုပ်ဖြစ်မလားတော့ မသိဘူး'

'မောင်ရင်က ဒီအချိန်မှလာလို့ ဘယ် အခန်းရမလဲ၊ ကိုလှဝင်းတို့နဲ့ ဆွေးနွေးကြည့်ပါလား၊ ယူနီယံမှာ နေလို့ရမယ်နဲ့တူတယ်'

မောင်မြင့်နောင်က ဘာမှ ပြန်မပြော . . .

'ထမင်းစားပြီးပလား . . .'

မောင်မြင့်နောင်က ခေါင်းခါသည်။

'လာ သွားရအောင်၊ ကိုယ် ကလပ်စ်နှစ်ချိန် ကျန်သေးတယ်၊ ဒီလို လုပ်လေ မောင်ရင့်ကို သော့တစ်ချောင်းပေးထားမယ်၊ ကနေ့ည ဒီမှာအိပ် ပါလား၊ ညကျမှ ရဲဘော်တွေနဲ့တွေ့ပြီး အစီအစဉ် လုပ်ကြတာပေါ့ . . .'

ကိုအောင်ကျော်က ငပိကြော်ပုလင်းနှင့် သရက်သီး ဆီစိမ်ပုလင်း

ကို ယူ၍ ရှေ့မှထွက်သွားရာ မောင်မြင့်နောင်သည် နောက်မှ လိုက်ပါသွား လေသည်။

'မောင်ရင် ဘယ်မှာတည်းသလဲ . . .'

ထမင်းစားခန်းသို့ ရောက်သောအခါ ကိုအောင်ကျော်က မေး လိုက်သည်။ သို့သော် မောင်မြင့်နောင် ပြန်မဖြေရခင်တွင် လူတစ်ယောက် အနားသို့ ရောက်ရှိလာ၏။

'ဒီမယ် ကိုသိန်းမောင်၊ ကျွန်တော်တို့ကို ပန်းကန်ပြားတစ်ချပ် ပေးပါဦး၊ ပြီးတော့ ကြက်ဥနှစ်လုံး ကြော်ပေးပါ . . .'

ကိုအောင်ကျော်က ပြောလိုက်သည်၊ ကျောင်းဆောင်တွင် နေထိုင်သူများသည် လေးယောက်လျှင် တစ်စားပွဲ ဝိုင်းပါသည်၊ ဟင်းကို သာ သတ်မှတ်ထားသည့်အတိုင်း ရယူရပြီး ထမင်းကိုတော့ လိုသလောက် ရပါသည်။ ထို့ကြောင့် သူငယ်ချင်းများအား ထမင်းကျွေးနိုင်ပြီး ဟင်းလို နေလျှင် ကြက်ဥ ဘဲဥများကို ပိုက်ဆံပေး၍ ကြော်ခိုင်းနိုင်ပါသည်။ အပြင် ဆိုင်များသို့လည်း ဟင်းအဝယ်ခိုင်းလျှင် ဝယ်ပေးပါသည်။

'မောင်ရင် ခင်မိုးသီကို သိတယ်မဟုတ်လား'

'မောင်ရင့် ချစ်မမလား၊ သိတာပေါ့၊ ဘာပြုလို့လဲ . . .'

'သူလည်း ရန်ကုန်ကိုပြောင်းလာပြီ၊ သူ့ဦးလေးအိမ်မှာ တည်းကြ တယ် . . .'

'လက်စသတ်တော့ မောင်ရင်က ခင်မိုးသီနဲ့ လာတာကိုး'

ကိုအောင်ကျော်က ပြော၍ ရယ်ပါသည်။

'တော်စမ်းပါကွာ . . .'

'ဘာ တော်စမ်းပါလဲ၊ ဒါဖြင့် ကိုယ်နဲ့ သူ့ကို မိတ်ဆက်ပေးလေ'

'ဒီမယ် မိတ်ဆက်ပေးရုံတင်မကဘူး၊ အောင်သွယ်ပေးဦးဆိုလည်း သွယ်ပေးမယ် . . .'

'ကြိုက်ပြီ . . .'

ထို့နောက် သူငယ်ချင်းနှစ်ယောက်သည် စကား သိပ်မပြောကြ

တော့ဘဲ ထမင်းကို တက်ကျလက်ကျညီညီ စားသောက်ကြပါတော့သည်။

'ထိုနေ့ကချက်သော ဆိတ်သားနှင့် ပဲဟင်းသည် အတော်ကောင်းလေသည်။

'ကိုယ် ယူနီယံ သွားဦးမယ်၊ ကိုဘကောင်းတို့မရှိလည်း ကိုညဏ်လင်းတို့တော့ ရှိမယ်နဲ့တူတယ် . . .'

(ခ)

လက်ခုပ်တစ်ဖောင်ကျော်ရှိသော ရွက်လှပန်းပင်များ ဝန်းရံသည့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအဆောက်အဦသည် အဓိပတိလမ်းထိပ်တွင် တက်ကြွစွာ ရပ်တည်လျက်ရှိ၏။ တိုက်ပွဲများကို မွေးထုတ်ပေးသော အပျိုစစ် မိခင်တစ်ပါးဖြစ်သည်။

မောင်မြင့်နောင်သည် မိခင်ကြီးထံပေးရန် ရေးထားသောစာကို တစ်ဖန် အိတ်ထဲမှ ထုတ်လိုက်ပြန်ပြီး တ-က-သ ရှေ့ရှိ စာတိုက်ပုံးထဲသို့ ထည့်လိုက်ပြန်၏။ ဤတစ်ကြိမ်တွင်ကား သော့ပွင့်ထွက်မလာပေ၊ သို့သော်လည်း စာတိုက်ပုံးတစ်ခုလုံး သူ့လက်ထဲသို့ပါလာလေသည်။ သို့ဖြင့် မောင်မြင့်နောင်သည် ပါးစပ်မှ တစ်စုံတရာ ရေရွတ်ညည်းတွားရင်း ခွဲတောင်းခန်းရှိ စာတိုက်ပုံးကလေးကို အုတ်နံရံတွင် ခဲခဲယဉ်းယဉ်း ပြန်ချိတ်ထားလိုက်ရပါသည်။

ထို့နောက် သူသည် လှေကားကို တစ်ထစ်ကျော်နင်း၍ အပေါ်ထပ်သို့ တက်သွားပါတော့သည်။ စည်းဝေးခန်းမဆောင်ထဲတွင် ကျောင်းသားသုံးလေးယောက် ဝိုင်းဖွဲ့စကားပြောနေသည်ကို တွေ့ရ၏။ သူက ဆက်လက်၍ လျှောက်သွားပြီး ရုံးခန်းထဲသို့ ခေါင်းပြူကြည့်လိုက်၏။ တိုက်ပုံအင်္ကျီအနက်နှင့် ရွှေကိုင်းမျက်မှန် တပ်ထားသော လူရွယ်တစ်ယောက်သည် လက်နှိပ်စက်ရိုက်နေ၏။ ထိုသူဘေးတွင်ကား ကျောင်းသူတစ်ယောက်သည် လက်နှိပ်စက်တင်ထားသော စားပွဲကို ပြည့်ဖြိုးသောတင်ဖြင့် ဖိမှီကာ ပြုံးပြုံးရယ် စကားပြောနေ၏။

မောင်မြင့်နောင်က ခေါင်းပြန် ရုတ်လိုက်သည်။ မန္တလေးတက္ကသိုလ်ဘွင် သမဂ္ဂလုပ်ငန်း၌ ပါဝင်ဆောင်ရွက်လာသော ကျောင်းသူများကတော့ အရုပ်ဆိုးလှပြီး ရန်ကုန်တွင်မူ မယ်တက္ကသိုလ်များကိုယ်တိုင် လှပ်ရှားနေကြသလောဟု သူက အံ့ဩ တွေးတောနေမိပါသည်။

မောင်မြင့်နောင်သည် ဝရန်တာတွင် ရပ်၍ ဟိုဟိုဒီဒီ ကြည့်နေ၏။ သူသည် ၁၉၅၁ နှစ် ဗကသများ ညီလာခံတက်ရောက်ရန် တစ်ကြိမ်၊ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ကရက် (မြန်မာနိုင်ငံ)၏ ပြည်လုံးကျွတ် ညီလာခံသို့ တက်ရောက်ရန် မနှစ်က တစ်ကြိမ်၊ စုစုပေါင်းနှစ်ကြိမ် ရန်ကုန်သို့ ရောက်ဖူးခဲ့ပါသည်။ ထို့ကြောင့် သူသည် ဤအဆောက်အဦပေါ်သို့ လေးငါးခေါက် ရောက်ဖူးခဲ့ပါသည်။

လမ်းတစ်ဖက်မှတက္ကသိုလ်ဆေးရုံသည် မြေတွင် ပြားပြားဝပ်နေပြီး တက္ကသိုလ်ရိပ်သာလမ်းပေါ်တွင် ကားများသည် ဟွန်းသံမစဲ အသွားအလာ ထူထဲရှိပါသည်။ သမဂ္ဂအဆောက်အဦနှင့် ညီလုနီးပါးထိ မြင့်နေသော ဒန့်သလွန်ပင်မှ တွဲလဲဆွဲနေသော ဒန့်သလွန်သီးများကို ကြည့်ရင်း သူက မမသီနှင့် ရင်ရင်နွဲ့တို့အား သွား၍ သတိရလိုက်သေးသည်။

သူက ရှေ့တည့်တည့်သို့ ကြည့်လိုက်သောအခါ ဟောင်းမြင်းသော အုတ်တိုက်ကလေးကို တွေ့ရ၏။ တက္ကသိုလ် အားကစားရုံပဲလားဟု သူက မသဲမကွဲထင်မိ၏။ ပန်းပု ကားသုံးကား ရှိလေသည်။ ဘေးနှစ်ဘက်တွင် ခြင်းခတ်နေသော ယောကျာ်းကြီးသုံးယောက်၏ ပုံများဖြစ်ပြီး အလယ်တွင်ကား မြန်မာဆန်ဆန် က,နေသော မိန်းမပျိုလေး သုံးဦးဖြစ်၏။ အဝါတစ်ရစ် အနီထမီနဲ့ ကောင်မလေးက ရင့်ရင်နွဲ့၊ အနီတစ်ရစ် အဝါတစ်ရစ်နဲ့ ကောင်မလေးက မမသီ၊ အဝါတစ်ရစ် အပြာတစ်ရစ်နဲ့ အလယ်ကောင်က ကောင်မလေးကတော့ ခုနက ကောင်မလေးပဲ၊ ထားလိုက်ပါတော့လေ။ သူက ထမီပြာလေး ဝတ်ထားလေသလားပဲ။

မောင်မြင့်နောင်က အတွေးကိုဖြတ်၍ လှည့်ထွက်လာသည်။ အောက်ထပ်ရှိ လက်ဖက်ရည်ဆိုင်တွင် ဆင်းကြည့်ရန်ဖြစ်ပါသည်။ သူ

ထင်သည့်အတိုင်းပင် စားပွဲတစ်ဝိုင်း၌ ကိုဉာဏ်လင်းနှင့် အခြား ကျောင်းသား နှစ်ဦး ထိုင်နေသည်ကို တွေ့ရ၏။ တစ်ယောက်ကိုကား သူသိပါသည်။ ဇလွန်မှ ကိုဇော်ဝင်း ဖြစ်လေသည်။ ကိုဇော်ဝင်းသည် မောင်မြင့်နောင်အား အရင်ဆုံးမြင်၍ လက်မှ ဆေးပြင်းလိပ်ကို ဝှေ့ရမ်းရင်း . . .

'လာဗျို့၊ ခင်ဗျား ဘယ်တုန်းက ရောက်သလဲ . . .'

'တစ်နေ့ကပဲ . . .'

'ဟာ ကိုမြင့်နောင်ပါလား၊ ခင်ဗျား ဘယ့်နှယ်ရောက်လာသလဲ၊ စာမပေး ဘာမပေးပါလား . . .'

ခုမှ ကိုဉာဏ်လင်းက ပြောလိုက်သည်။ ကိုဉာဏ်လင်းသည် မုံရွာသားတစ်ဦးဖြစ်ပြီး ဗသက စည်းရုံးရေးကိစ္စများဖြင့်လည်းကောင်း၊ မုံရွာ ပြန်ရင်လည်းကောင်း၊ မန္တလေးသို့ တစ်နှစ်လျှင် တစ်ခေါက်နှစ်ခေါက် ရောက်လာတတ်၍ မောင်မြင့်နောင်နှင့် အတော် သိကျွမ်းလျက်ရှိပါ၏။ မောင်မြင့်နောင် အိမ်မှာ တစ်ခါနှစ်ခါ တည်းခိုဖူးပါသည်။ သို့ရာတွင် မောင်မြင့်နောင်သည် ကိုဉာဏ်လင်း၏ အယူအဆများကို သဘောမကျပေ၊ သို့သော်လည်း ထိုရဲဘော်သည် အင်မတန် အလုပ်လုပ်သူဖြစ်၍ ရဲဘော်များက အားကိုးအားထား ပြုရလေသည်။ မောင်မြင့်နောင်က တစ်ခါတွင် သူ့အား သဘောတရားရေး ခေါင်းပါးသည်ဟု ဝေဖန်မိ၍ စိတ်ဆိုးခြင်း ခံရသည်။

'ကော်ဖီလား . . . လက်ဖက်ရည်လား'

ကိုဇော်ဝင်းက မေးသည်။

'ကော်ဖီ ကျကျပေါ့ပေါ့ . . .'

မောင်မြင့်နောင်က ထိုင်လိုက်ရင်း ပြန်ဖြေ၏။ ပြီးတော့ ကျန် တစ်ဦးအား ဖြတ်ခနဲကြည့်လိုက်၏။ ထိုသူကား လိမ်ဖည်ဖည် ညောင်နာနာ လေးဖြစ်၏။

'ဒါက မတသက က ကိုမြင့်နောင်၊ ဒါကတော့ မင်းလှညွန့်ဖူးပေါ့၊ ကဗျာရေးတယ်လေ၊ ခင်ဗျားတို့နှစ်ယောက် အဖော်ရတာပေါ့၊ ကိုမြင့်နောင်

က ဝတ္ထုရေးတယ် . . .'

ကိုညဏ်လင်းက မိတ်ဆက်ပေးလိုက်သည်။ ထို့နောက် သူတို့သည် မန္တလေးမှ အခြေအနေများကို မေးမြန်းကြ၏။

'ဟောဟို ထောင့်မှာ ထိုင်နေတဲ့ တိုက်ပုံအင်္ကျီအနက်နဲ့ လူက မျိုးမြင့်တဲ့၊ ဒီအက်စ်အို အာဏာပိုင်တစ်ယောက်ပေါ့၊ ဆေးသိပ္ပံကတော့ သူတို့စည်းရုံးရေးပဲ၊ သူက အမ်ဘီဘီအက်စ် ဖိုင်နယ်ပတ်အေ . . .'

မောင်မြင့်နောင်က အမှတ်တမဲ့ လှည့်ကြည့်လိုက်ရာ စောစောက ရုံးခန်းထဲတွင် လက်နှိပ်စက် ရိုက်နေသူဖြစ်ကြောင်းကို တွေ့ရ၏။ ထိုသို့ဆိုလျှင် စောစောက သူငယ်မသည်လည်း ဒီအက်စ်အိုမလေးဖြစ်ရမည်ဟု သူက နှမြောစွာ တွေးဆလိုက်၏။

'သူတို့က ဒီရောက်နေကြတာကိုး၊ ရွှေစင်ဖြင့် ရှာလိုက်ရတာ'

မောင်မြင့်နောင်၏ နောက်ဘက်မှ သာယာသော စမ်းရေစီးကျသံလေး ပေါ်ထွက်လာခြင်း ဖြစ်၏။ မောင်မြင့်နောင် လှည့်မကြည့်ရခင်မှာပင် သူမသည် ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်ထိုင်ပြီးဖြစ်နေ၏။ ယခုပင် သူတွေးတောနေမိသော မျိုးမြင့်နှင့် ပွတ်သီးပွတ်သပ် ပြုနေခဲ့သော ဒီအက်စ်အိုမကလေးပင် တကား။

'ဒါက မန္တလေးက ကိုမြင့်နောင် . . .'

ကိုဇော်ဝင်းက မိတ်ဆက်ပေးနေသည်၊ မောင်မြင့်နောင်သည် သူမအား မြင်မြင်ချင်းပင် မမသီတို့၊ ရင်ရင်နွဲ့တို့ထက် ပိုမိုလှပသည်ဟု အကဲဖြတ်လိုက်ပြီး ဖြစ်ပါသည်။

'သူကတော့ ရွှေစင်ဦးတဲ့၊ တပ်ဦးအမှုဆောင်ပဲပေါ့၊ ကိုယ်တို့ရဲ့ ဒေါင်ဒေါင်မြည် ရဲဘော်မကြီးပေါ့ . . .'

သူတို့က ရယ်မောလိုက်ကြသည်၊ ရွှေစင်ဦး၏ ရယ်မောသံက ရေတံခွန်သံလေး ဖြစ်ပါ၏။ ပြီးတော့ မောင်မြင့်နောင်အား ရဲရဲတင်းတင်း ကြည့်ကာ ပြုံးလိုက်၏။

မောင်မြင့်နောင်သည် တုန်လှုပ် ချောက်ချားလျက် ရှိလေတော့၏။

**ရန်အောင်စာပေ (၂)**

(ဂ)

ရန်ကုန်တက္ကသိုလ်သည် ကျေးလက် တောရွာကလေးတစ်ခု မဟုတ်ပါပေ။ သို့ရာတွင် ဒိုးပတ်သံက ပြန့်လွင့်လျက် ရှိလေသည်။ အကြောင်းမူ တက္ကသိုလ်တွင် တောကြိုအုံကြားမှ လယ်သမား သားသမီးများလည်း ရှိကြလေသောကြောင့်တည်း။ မောင်မြင့်နောင် သထုံကျောင်းဆောင်ပေါ်မှ ဆင်းလာသောအခါတွင် ဆယ်နာရီ သံချောင်းခေါက်သံ ကြားရလေသည်။ အင်းလျားလေက လန်းဆန်း၏။ ကံ့ကော်နှင့် မရမ်းပင်တို့က အေးမြ၏။ ဒိုးပတ်သံကား တက်ကြွစေတော့သည်။

မောင်မြင့်နောင်သည် ပင်းယဆောင်ဘက်သို့ တစ်ယောက်တည်း လျှောက်လာလေသည်။ အချို့ အခန်းများသည် မီးပိတ်၍ အိပ်ကုန်ကြလေပြီ။ အချို့သည် စာကြည့်လျက်ရှိကြသည်။ အချို့သည် သုံးလေးယောက် စုလျက် စကားပြောနေကြသည်။ မြက်ခင်းပေါ်တွင် မယ်ဒလင်တီးနေသူများလည်းရှိ၏။ ရေဒီယိုရှိသော ကျောင်းသားများသည် တရုတ်သံ၊ ကုလားသံ၊ အင်္ဂလိပ်သံ စသည်တို့ကို ကြိုက်ရာ ဖမ်းယူ နားထောင်နေကြ၏။

တစ်ခါတစ်ခါတွင် အသံကြောင်နှင့် အော်ဟစ်ဆိုလိုက်သော ဗရုတ်သုကဲ့ သီချင်းသံများကို ကြားရသည်။ အမျိုးသမီး ကျောင်းဆောင်များဝယ်ကား မည်သို့ ရှိချေမည်နည်းဟု သူ မခန့်မှန်းတတ်ပါပေ။

မောင်မြင့်နောင်သည် မိမိပြန်အလာကို မျှော်နေမည့် မမသီအား သတိရရင်းနှင့် ပင်းယဆောင်ထဲသို့ ဝင်လာပါသည်။ ကနေ့ညအဖို့မူ သည်မှာပင် အိပ်ရချေတော့မည်။ နောက်ညများတွင်လည်း ဤတက္ကသိုလ်နယ်မြေ၌သာ လှည့်လည် ကျက်စားရပေတော့မည်။

အကြောင်းမူ စောစောက ရဲဘော်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် သူသည် တာဝန်အမြောက်အမြား ရရှိလာလေသောကြောင့် ဖြစ်ပေသည်။ အနာဂတ် မြန်မာပြည်သာယာဖွံ့ဖြိုးရေးအတွက် ပညာအဆင့်အတန်း မြင့်မားစေရန် သူက ကျရောက်လာသော တာဝန်များကို မညည်းမညူ ထမ်းဆောင်ရပေမည်။ ယနေ့ အခြေအနေသည် သတိမလစ်ဘဲ တိုက်ပွဲ

စိပ်စိပ်ဝင်ရမည့် ကာလဖြစ်လေသည်။

ပင်းယဆောင်၏ အခန်းများသည် ဗလာ ကျင်းလျက်ရှိကြလေ၏။ အကြောင်းမူ ကျောင်းသားများအားလုံးသည် အစည်းအဝေး တက်နေကြသောကြောင့်တည်း။ ကိုအောင်ကျော်သည် သဟာယနှင့် စာဖတ်သင်း နှစ်ပတ်လည် ညီလာခံရှိ၍ မောင်မြင့်နောင်နှင့်အတူ ရဲဘော်များထံ လိုက်မလာနိုင်ပါပေ။ သူနှင့် အဆောင်ရဲဘော်များသည် ပွဲကြီးပွဲကောင်း ဆင်နွဲကြရပေမည်။

မောင်မြင့်နောင်သည် ကိုအောင်ကျော်၏ စားပွဲပေါ်တွင် တွေ့ရှိသော ဂျက်စတင်နာနှင့် ပုံနှိပ်ထားသော မြစေတီကျောက်စာမူကို ဖတ်ရင်း ရဲဘော်များ အောင်ပွဲခံမည့်အရေးကို စောင့်ဆိုင်းလျက် ရှိပါသည်။

၁၁-နာရီခွဲမှ အစည်းအဝေး ပြီးဆုံးလေသည်။ ဤမျှအထိ ကြာမြင့်ရသည်မှာ အကြိတ်အနယ် မဲခွဲနေကြရသောကြောင့် ဖြစ်လေသည်။ အခြားအဆောင်များမှ ရဲဘော်များသည် သတင်းလာ၍ ယူကြလေသည်။ နေရာအားလုံးကိုပင် ကိုအောင်ကျော်တို့ဘက်မှ အနိုင်ရရှိလေသည်။ ကျောင်းဆောင်တစ်ခုလုံးသည် ဆူညံလျက်ရှိပြီး ဒိုးပတ်သံက ပိုမိုကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

၁၂-နာရီထိုးပြီးမှပင် လူစုကွဲ၍ အနယ်ထိုင်သွားလေသည်။ ထိုအခါကျမှပင် ကိုအောင်ကျော်က မောင်မြင့်နောင်အား သတင်းမေးလေသည်။

'သတင်းကတော့ အဆန်းပဲ၊ နေ့ကျောင်းသူကျောင်းသားအသင်းမှာ တာဝန်ယူရမယ်တဲ့၊ မန္တလေးအသင်းမှာ လုပ်ရမယ်တဲ့၊ မြန်မာစာပေအသင်းမှာလည်းပါရမယ်တဲ့။

'နေဖို့ကတော့ . . .'

'သမဂ္ဂမှာ နေစရာမရှိတော့ဘူးတဲ့၊ အဲဒီတော့ မောင်ရင့်ဆီမှာပဲ နေရလိမ့်မယ်။ မနက်ဖြန် ကိုယ်ပြောင်းလာခဲ့မယ် . . .'

'ကောင်းပါတယ်'

## ရန်အောင်စာပေ (၂)

ထို့နောက်တွင် မောင်မြင့်နောင်သည် သူသိချင်သော ရွှေစင်ဦး အကြောင်း ကိုအောင်ကျော်အား မေးမြန်းလေတော့၏။

'မောင်ရင် တွေ့လာပြီပေါ့ . . .'

'တွေ့တာမှ ခပ်ဆန်းဆန်း တွေ့တာ . . .'

မောင်မြင့်နောင်သည် နေ့လယ်က အဖြစ်အပျက်ကို ရှင်းပြလိုက်၏။

'ကိုယ်လည်း အစတော့ ဒီအက်စ်အို မှတ်နေတာပေါ့ . . .'

'ဒီအက်စ်အိုမဟုတ်ဘဲ ကိုယ်တို့ ရဲဘော်မတစ်ယောက် ဖြစ်နေ တော့ မကောင်းဘူးလား'

'ဒါပေမဲ့ သူ ကိုမျိုးမြင့်နဲ့ ဆက်ဆံတာက တစ်မျိုးပဲ . . .'

ကိုအောင်ကျော်က တစ်ချက် သမ်းလိုက်ရင်း . . .

'ဒါက ဘာဆိုင်လို့လဲ၊ သူ့ကိုယ်ရေးကိုယ်တာပဲ'

'ကိုယ်ရေးကိုယ်တာကြောင့် အများအပေါ် သစ္စာဖောက်ခဲ့တာ တွေ ရှိတယ်မဟုတ်လား . . .'

'ခုအထိတော့ ရွှေစင်ဟာ ကေဒါကောင်း တစ်ယောက်ပဲ၊ ကျောင်းသူတွေထဲမှာ လုပ်အားအပေးနိုင်ဆုံးပဲ၊ ပြီးတော့ သူက အပေါင်း အသင်းဆံ့တယ်၊ ရဲဘော်တွေရော သာမန်ကျောင်းသားတွေရော၊ ဒီအက်စ် အိုတို့၊ သန့်ရှင်းတို့နဲ့ရော အပေါင်းအသင်းဆံ့တယ်၊ သူက လှလည်း လှတယ် မဟုတ်လား . . .'

ကိုအောင်ကျော်က နောက်ဆုံးစကားကို ရယ်မော၍ ပြောလိုက်ပါ သည်။ မောင်မြင့်နောင်ကလည်း ထောက်ခံ၏။ သံလိုက်ဓာတ် အပြည့်အဝ နှင့် လှပခြင်းဖြစ်ပါ၏။

'သူ့ အစ်ကိုက တောထဲမှာ မဟုတ်လား . . .'

'အင်း ရကသဉက္ကဋ္ဌ တစ်ယောက်ပဲပေါ့ . . .'

ကိုအောင်ကျော်က အိပ်ရန် ပြင်ဆင်လေသည်။ ခေါင်းအုံးနှစ်လုံး ကို တစ်လုံးစီ ခွဲလိုက်၏။ သို့ရာတွင် မောင်မြင့်နောင်က ဘဝင်မကျသေး ပေ။ ရွှေစင်ဦးအကြောင်းကို သူက ပြောချင်သေးသည်။

'သူက လုံချည်အပြာ အမြဲဝတ်သလား . . .'

'ဘာလို့လဲ ဘယ်သိမလဲ၊ ကိုယ်က သူ့ထမီကို လိုက်ကြည့်နေဘာမှ မဟုတ်ဘဲ . . .'

မောင်မြင့်နောင်က ခေါင်းကို ရမ်းလိုက်သည်။

'ကနေ့ သူထမီပြာလေး ဝတ်ထားတယ်၊ ကိုယ်က 'အပြာ' ဆိုတဲ့လုံးချင်းဝတ္ထုတစ်ပုဒ် ရေးနေတယ်လို့ပြောတော့ သူက သူလည်း အပြာကိုသိပ်မြတ်နိုးတယ်လို့ ပြောတယ်၊ ကိုယ့်ဝတ္ထုကလည်း အပြာကိုမြတ်နိုးတဲ့ရဲဘော်မတစ်ယောက်အကြောင်း ဖြစ်လေတော့ သူ့အကြောင်းဆိုပြီး ပြဿနာဖြစ်နေမှာစိုးလို့ပါ . . .'

'ကဲ အိပ်ကြစို့၊ အရေးထဲမှာ မောင်ရင်က မိုးပြိုမှာ ကြောက်နေရသေးတယ်'

ကိုအောင်ကျော်က မီးပိတ်လိုက်ပါသည်။ မှောင်အတ ကျသွားတော့မှ ရွှေစင်ဦး၏ ပြုံးရွှင်သော မျက်နှာသည် မောင်မြင့်နောင်၏ ရှေ့တွင် ထင်ထင်ရှားရှား ပေါ်လာလေတော့သည်။

အပြာချင်းတူစေကာမူ မိုးသားနှင့် သမုဒ္ဒရာ ဖြစ်လေကြောင်းကိုတော့ ထိုစဉ်က မောင်မြင့်နောင်သည် ကြိုတင်မခွဲခြားနိုင်ခဲ့ပါပေ။ ထို့ကြောင့် သူသည် နက်ရှိုင်းသော သမုဒ္ဒရာထဲတွင် မြုပ်လုနီးပါး ဖြစ်သွားရသည် မဟုတ်ပါလား။

မဏိမေခလာသည်သာ အချိန်မီ မကယ်ခဲ့လျှင် သူသည် အချောင်သမား တစ်ယောက်နှင့် ဇာတ်သိမ်းရလေမည်လော . . .

သို့ရာတွင် မဏိမေခလာ မည်သူဖြစ်မှန်းကိုလည်း မောင်မြင့်နောင် ကြိုတင် မသိခဲ့ပါပေ။

သူသိသည်ကတော့ ရွှေစင်ဦး၏အပြုံးကိုသာပင် ဖြစ်ပါ၏။

**ရန်အောင်စာပေ (၂)**

## ဘောဂဗေဒ ၂၁

(က)

ALEXANDER R MAC MATHON ၏

FAR CATHY AND FATHER INDIA

ဆိုသော စာအုပ်တွင် ရှမ်းပြည်နယ်အကြောင်း ရေးသားချက်များ ပါရှိ၍ မောင်မြင့်နောင်သည် အချိန်လု၍ ဖတ်နေရ၏။ သို့ရာတွင် ၇-ရက်လုံးလုံး ဖတ်သည့်တိုင် ၇-မျက်နှာပြည့်အောင် မပြီးချင်ပါပေ။ ကိုအောင်ကျော်သည် မက်မတွန်၏ စာအုပ်ကို ပါမောက္ခတစ်ဦးထံမှ ငှားလာပြီး ယခုအပတ်ထဲတွင် ပြန်ပေးရမည်ဆို၍ သူကဤမျှ ကသိကအောက်ခံ၍ ဖတ်နေခြင်းဖြစ်ပါသည်။ အကြောင်းမှာ သူသည် ကိုအောင်ကျော်အခန်းသို့ ပြောင်းလာသည့်နေ့မှစ၍ ယခုထိ ထိုအခန်းတွင် တစ်ညမှ မအိပ်ရသေးပါပေ . . .

သို့ဖြင့် မောင်မြင့်နောင်သည် ရင်ရင်နွဲ့တို့အိမ်မှ ပြောင်းလာခဲ့သည်မှာ တစ်ပတ်တိတိ ကြာသွားပြီဖြစ်သည့်တိုင် တစ်ခေါက်မှ အလည်မရောက်ရှိပါ။ သူ့ကိုလည်း မတွေ့ရှိပါ . . .။

ခင်မိုးသီကတော့ ရင်ရင်နွဲ့တို့အိမ်မှာပင် နေလေသည်။ သူမတို့နှစ်ယောက်သည် သူ့အတွက် စိတ်ကောင်းကြဟန်မတူပါပေ၊ ကျောင်းသားတစ်ယောက်သာ နေရန်ဖြစ်သောအခန်းထဲ၌ အာဏာပိုင်တို့က ကျောင်းသားနှစ်ယောက်ထားရှိပြီး၊ ကျောင်းသားများက သုံးလေးယောက် နေထိုင်လျက်ရှိလေသည်။ ဒါကိုပင် ကျောင်းသားများ စည်းကမ်းမဲ့သည်ဟု ပြောကြလေသလား၊ ဤသို့မျှ မနေခဲ့လျှင်လည်း နယ်မှကျောင်းသားများသည် အိပ်ယာလိပ်များကိုထမ်းကာ တောကြိုအုံကြားသို့ ပြန်သွားကြရန်သာ ရှိတော့သည်။

တစ်ခါသာလျှင် ရင်ရင်နွဲ့သည် အဖော်မိန်းကလေးများနှင့် ဂျပ်ဆင်ကောလိပ်ဘက်သို့ ဖြတ်ပြေးသည်ကို သူ မြင်လိုက်ရပါသည်။ မဟာသိပ္ပံဌာနမှ မဟာဝိဇ္ဇာဌာနဘက်သို့ သင်တန်းပြောင်းတက်ရသော မယ်သစ်လွင် မောင်သစ်လွင်များသည် အပြေးလည်း သန်ရမည်၊ အခုန်

အလွှားလည်း တတ်ရပါပေမည်။ ထို့ကြောင့် မောင်မြင့်နောင်က မြက်ခင်းပြင်ကို ဖြတ်၍ပြေးနေသော ရင်ရင်နွဲ့အား လှမ်းအော်မခေါ်လိုက်ပါ . . .

မမသီကိုမူ တစ်ကြိမ်မျှ မတွေ့ မမြင်မိပါ။ နေ့ကျောင်းသူများ အခန်းရှေ့သို့ ဖြတ်သွားတိုင်း သတိထားကြည့်မိ၏။ သို့ရာတွင် အရိပ်အရောင်မျှ မပြပါပေ။ သို့သော်လည်း သူမ၏သတင်းကိုတော့ နေ့တိုင်းကြားသိနေရပါသည်။

အကြောင်းမှာ ကိုအောင်ကျော်နှင့် ခင်မိုးသီသည် ဘာသာတူ အတန်းတူ ဖြစ်လေသောကြောင့်တည်း။ သူတို့နှစ်ယောက်သည် မန္တလေးတုန်းက မြင်ဖူးကြသည်ဖြစ်၍ ယခုအခါတွင်မူ မောင်မြင့်နောင်အား အကြောင်းပြု၍ အလွမ်းသင့် နေကြပေပြီ။

မောင်မြင့်နောင်သည် မက်မတွန်၏ စာအုပ်ကို တစ်ပိုဒ်ဖတ်ပြီး နောက် ပြန်ချထားလိုက်ရပြန်ပါသည်။ အကြောင်းမှာ ကိုအောင်ကျော် ပြန်လာလေပြီ . . .

'သီသီက မောင်ရင့်ကို သေခန်းဖြတ်လိုက်ပြီတဲ့ . . .'

'သေခန်းဖြတ်တာက အရေးမကြီးပါဘူး၊ မောင်ရင်က ခု သူ့ကို သီသီလို့ တောင်ခေါ်နေပလား၊ ပြောစမ်းပါဦး သူကကော မောင်ရင့်ကို ဘယ်လို ခေါ်သတဲ့လဲ'

ကိုအောင်ကျော်က သဘောကျစွာ ပြုံးလိုက်ပြီး . . .

'ကိုကြီးကျော်တဲ့ . . .'

နှစ်ယောက်သား ရယ်လိုက်ကြပါသည်။ ကိုကြီးကျော် အရက်မမူးဘဲ အသည်းမူးခဲ့လျှင်တော့ မမသီ ရင်ဖိုပေဦးမည်။

မောင်မြင့်နောင်သည် အညွှန်းစာရွက်ကို ကြည့်၍ ကူးလိုက်သည်။

LA BIRMANIE ET LES ETATS SHANS.

BY ISABELLE MASSIEU

AS-HI 33478/A (46)

**ရန်အောင်စာပေ (၂)**

ပြီးတော့ ကောင်တာတွင် ရှုတည်တည်ရပ်နေသော သူငယ်မလေးအား ပေးလိုက်၏။ သူမက စာရွက်ကို ဘယ်လက်ဖြင့် ကိုင်ကြည့်ပြီး ညာလက်တွင် ခဲတံအနီကလေးကို ကိုင်ထားလေသည်။

'ရှင်က ပြင်သစ် ယူသလား . . .'

'ဟုတ်တယ် . . .'

သူက စိတ်မရှည်လှသည့် ပုံစံဖြင့် ခတ်ပြတ်ပြတ် ပြောလိုက်သည်။ သူငယ်မသည် ဆောင့်ဆောင့်အောင့်အောင့်နှင့် ထွက်သွားလေသည်။ အမှန်အားဖြင့်တော့မူ သူသည် ပြင်သစ်ဘာသာကို တစ်လုံးနှစ်လုံးထက် ပိုနားမလည်ပါပေ။ မြန်မာပြည်အကြောင်း ပြင်သစ်ဘာသာဖြင့် ရေးထားသောစာအုပ်များတွေ့လျှင် ယူခဲ့စမ်းပါဟု စာရေးဆရာ မိုးမြေက မှာထားသောကြောင့် ဖြစ်လေသည်။

'မရှိဘူးရှင့် . . .'

ဆယ်မိနစ်လောက်အကြာတွင် အနီသူငယ်မသည် ခေါင်းလေးရမ်းခါရင်း ပြန်ရောက်လာလေသည်။

'ဘယ်တော့မှလည်း ရှိတော့မှာ မဟုတ်ဘူးပေါ့'

သူမသည် စိတ်ကောင်းဝင်ကာ ပြုံးနေသည်။

'ကျွန်တော် စာအုပ်ငါးအုပ် လာရှာတာ တစ်အုပ်ပဲ ရဖူးသေးတယ် . . .'

'ဟုတ်လား . . .'

'အဲဒီ ရတဲ့စာအုပ်ကလည်း ဘာလဲသိလား၊ လူထုအောင်သံလေ'

သူငယ်မက ပါးစုံ့လေးလှုပ်အောင် ရယ်ပါသည်။

'ကျွန်မ ဒီကိုရောက်ကတဲက စာရင်းသာရှိပြီး စာအုပ်မရှိတာတွေ အများကြီးပဲ၊ ဘယ်ခေတ်က ဘယ်သူတွေ ထုတ်သွားကြတယ်တော့ မပြောတတ်ဘူး . . .'

ယခုတစ်ကြိမ်တွင်တော့ မောင်မြင့်နောင်က ခေါင်းကို ရမ်းလိုက်သည်။ ပြီးတော့ နှုတ်ဆက်ပြုံးကိုဖော်ပြကာ လှည့်ထွက်ခဲ့ပါတော့၏။

**ရန်အောင်စာပေ (၂)**

သူသည် ဆာဂျိမ်းဆကော့၏ 'မြန်မာပြည်လက်စွဲ' စာအုပ်ကို ရှာခဲ့၏။ မရ။ ၎င်းပြင် ထိုပုဂ္ဂိုလ်ကြီးပင် 'ရွှေရိုး' ဟူသော ကလောင်အမည်ဖြင့် ရေးသော စာအုပ်ကိုလည်း ရှာ၏။ မတွေ့။

သို့ရာတွင် သူ့အနေနှင့် ရန်ကုန်တက္ကသိုလ်တွင် အတပ်မက်ဆုံး အရာမှာ ဤတက္ကသိုလ်ပိဋကတ်တိုက်သာ ဖြစ်ပါ၏။ စုံလင်ကြွယ်ဝသော စာအုပ်ပေါင်း အမြောက်အမြား ရှိပါ၏။ ထို့ကြောင့်လည်း သူသည် အချိန်ရတိုင်း ဤနေရာသို့လာ၍ တစ်ရွက်ပြီးပြီး၊ တစ်ပိုဒ်ပြီးပြီး ဖတ်လေ့ ရှိ၏။

၎င်းပြင် မန္တလေးတုန်းက အခန်းနှစ်ထိ ရေးသားပြီးနေပြီဖြစ်သော 'အပြာ' ကိုလည်း ရန်ကုန်ရောက်မှ တစ်လုံးမျှ ဆက်မရေးရသေးချေ။ နောက်ဆိုလျှင် ဤစာကြည့်တိုက်ထဲ လာရေးမှပဲဟု သူက အောက်မေ့လိုက်သည်။

အပြင်တွင် နေပွင့်နေသည်။ မနက်ပိုင်းက မိုးသည် သည်းကြီး မည်းကြီး ရွာထားပြီး၍ ကနေ့အဖို့တော့ ဤမျှနှင့် တင်းတိမ်သွားပုံ ရပေသည်။ မိုးပုလဲသီးများကို နေဝါရောင်ထိုးနေသည်က ပယင်းပုတီးစေ့များနှင့် တူနေစေတော့သည်။

စာကြည့်တိုက်ဝတွင် ရပ်လျက် ဘယ်သွားရမည်နည်းဟု မောင်မြင့်နောင်က စဉ်းစားနေ၏။ ယနေ့ ရဲဘော်များနှင့် တကသဥက္ကဋ္ဌတို့ တွေ့ရန်ချိန်းထားသည်။ ထို့ကြောင့် သူသည် သမဂ္ဂဘက် မသွားသေးဘဲ ဘွဲ့နှင်းသဘင် အဆောက်အဦသို့ သွားကာ ဥပစာတန်းအောင်လက်မှတ် သွားယူမည်ဟု အောက်မေ့လိုက်။ ဤလက်မှတ်သည် တစ်လလျှင် ၁၈၅ ကျပ်တန်လေသည်။ အကြောင်းမူ ဥပစာတန်းအောင်လျှင် အထက်တန်းစာရေးသာ ဖြစ်နိုင်၏။ ဒီအက်စ်အို တစ်ယောက်သာ ဖြစ်ခဲ့လျှင်တော့ ဘုတ်အဖွဲ့များတွင် လခ လေးငါးရာ ရနိုင်လေသည်။ ထို့ကြောင့်လည်း တချို့ ကျောင်းသားများသည် ဒီအက်စ်အို ဖြစ်ကုန်ကြခြင်းဖြစ်၏။ မောင်မြင့်နောင်က ထိုသူများအား အပြစ်မတင်လိုပေ။

**ရန်အောင်စာပေ (၂)**

မောင်မြင့်နောင်သည် နောက်ဆုံးလှေခါးထစ် အရောက်တွင် ရပ်လိုက်၏။ ကံ့ကော်ပင်လေးအလွန် ကသစ်ပင်လေး မရောက်ခင်ကြားထဲရှိ ဆယ့်နှစ်ရာသီရုံကလေးအောက်တွင် ရင်ရင်နွဲ့သည် ရပ်လျက်ရှိ၏။ သူမသည် ဘယ်ဘက်လက်ဖြင့် စာအုပ်သုံးလေးအုပ်နှင့် ကွန်ပါဘူးကို ရင်ဝယ်ပိုက်ထားပြီး ညာလက်ကို အထက်သို့ ဆန့်တန်းလိုက်၏။ သွယ်လျသော လက်ဖျားသည် အပွင့်ဝါဝါလေးနှင့် ထိလုထိခင် ဖြစ်သွား၏။ သူမသည် ဒေါက်မြင့်ဖိနပ်ပေါ်တွင် ခြေဖျားထောက်လိုက်သည်။

အပွင့်ဝါဝါလေး သူမလက်ထဲတွင် ပါလာသည်နှင့်အမျှ ရွက်စိမ်းမျှင်များရှိသော အကိုင်းသည် အထက်သို့ကန်တက်သွားပြီး မိုးပုလဲသီးများကို ရွာချလိုက်ရာ သူမ၏ကိုယ်သည် ရေကြည်ပေါက်များဖြင့် စွတ်စိုသွားလေတော့၏။

ရင်ရင်နွဲ့သည် ပွင့်အဝါကို ခေါင်းတွင် မပန်ဆင်သေးဘဲ ပွင့်အညှာကို နှုတ်ခမ်းတွန့်နီနီဖြင့် ငုံ၍ စုပ်ယူလိုက်၏။

'ဘယ့်နှယ်လဲ ချိုရဲ့လား . . .'

ရင်ရင်နွဲ့သည် သိမ့်ခနဲ တုန်သွားပြီး လက်မှ ပန်းကလေးပင် လွတ်ကျသွား၏။

'အော် . . . ကိုမြင့်နောင် . . .'

'ရှက်သွားပြီလား၊ ပျားပိတုန်းမကလေး၊ ကိုယ်တို့ငယ်ငယ်တုံးကလည်း ဝတ်ရည်စုပ်တာပဲ . . .'

'တော်စမ်းပါ။ ကိုမြင့်နောင်တို့များ ခုမှပဲ တွေ့ရတော့တယ် . . .'

'ဒါဖြင့် ကိုယ်သွားတော့မယ်၊ ညနေကျရင် 'သီရိ'က စောင့်နေ စန်းစန်းခင် တို့ကိုလည်း ပြောထားလိုက်မယ် . . .'

မောင်မြင့်နောင်က ပြောလိုက်ခြင်း မဟုတ်ပါ။ ရင်ရင်နွဲ့အား မလှမ်းမကမ်းမှ ရပ်စောင့်နေသော ကိုမျိုးမြင့်က ပြောလိုက်ခြင်းဖြစ်၏၊ ကိုမျိုးမြင့်က မောင်မြင့်နောင်အား ပြုံးဖြဲဖြဲ လုပ်ပြ၏။ မောင်မြင့်နောင်တာ ရှုတည်တည်နှင့် မျက်နှာလွှဲလိုက်သည်။

'အင်းလေ သွားတော့ပေါ့၊ အနွဲ့ အီကိုတက်ပြီးရင် လာခဲ့မယ်. . .'

သူ့အနေနှင့် ဘယ်လို အကျိုးပေးနည်း မသိ၊ သူ သိကျွမ်းရသော မိန်းကလေးများသည် ဤသတ္တဝါနှင့် ပတ်သက်နေကြလေသည်။ ကိုမျိုးမြင့်ကို ဒီအက်စ်အိုမှန်းမသိခင် မြင်မြင်ချင်းကတဲကပင် မျက်နှာကြောမတည့်ခဲ့သော မောင်မြင့်နောင်သည် အတော်ပင် စိတ်အနှောင့်အယှက်ဖြစ်နေ၏။ ရွှေစင်ဦးကလည်း တိုးတက်ကျောင်းသူမလေးတစ်ဦး ဖြစ်လျက်နှင့် ကိုမျိုးမြင့်နှင့် အရောတဝင် နေသည်ကို သူက သဘောမကျလှပေ၊ တစ်နေ့ကျလျှင် ရွှေစင်အားပြောမည်ဟု အောက်မေ့ထား၏။ ခုလည်း ရင်ရင်နွဲ့အား သူပြောပုံများသည် အတော်ကြီး ပိုင်စိုးပိုင်နင်း နိုင်လှ၏။

'မေးနေတာပြောပါဦး ဘာလို့ အနွဲ့တို့အိမ်မလာသလဲ၊ မမသီတော့ ကြိမ်းနေပြီ၊ ဖေဖေတို့ကလည်း မေးနေတယ် . . .'

ရင်ရင်နွဲ့ကတော့ သူ ဘာဖြစ်နေမှန်း မသိ၊ အိမ်မလာတာကိုဘဲ ပြောနေ၏။

'မလာဖြစ်တာတော့ မအားလို့ဘဲ . . .'

သူက လေသံတိုးတိုးနှင့် ခပ်လေးလေး ပြောလိုက်သည်။

'ဘယ်အားမလည်း၊ ကွန်မြူနစ်စည်းရုံးရေးတွေ လုပ်နေရတာကိုး. . .'

'ဘာ ဘာပြောတယ်၊ ဩ လက်စသပ်တော့ ခင်ဗျားက ဒီအက်စ်အိုကိုး၊ ဆိုရှယ်လစ် ဘက်တော်သူကြီးကိုး၊ ဒါ ခင်ဗျားတို့ ခေါင်းဆောင်ကြီး တီယူစီဘီဌာနကြီးမှူး ကိုမျိုးမြင့် သင်ထားတဲ့ စကားတွေပေါ့၊ ဟုတ်လား. . .'

မောင်မြင့်နောင်က စောစောကပြောသည့် လေသံထက် သုံးဆလောက်ကျယ်ပြီး မြန်မြန်ကြီး ပြောချလိုက်၏။ ရင်ရင်နွဲ့သည် မောင်မြင့်နောင်၏ ပြောင်းလဲမှုအတွက် အတော်ပင် အံ့အားသင့်သွား၏။

'ဒေါသကြီးလှချည့်လား တိုးတက်ကြီးရဲ့၊ ဒါကြောင့်မို့ ကွန်မြူနစ်

တွေဟာ ကြောက်စရာကောင်းတာလို့ ပြောတာပဲနော် . . .'

သူမက ဆက်၍ ခနဲ့လိုက်၏။

သီရိဆောင်ဘက်မှ လာသော ကျောင်းသူသုံးယောက်သည် စာသင်ခန်းများဘက်သို့ သွားရင်းနှင့် မောင်မြင့်နောင်၏ ဒေါသကြီးနေမှုအား နှစ်ခါသုံးခါပြန် စောင်းကြည့်သွားကြ၏။

'ကဲပါရှင်၊ ကြောက်စရာ မကောင်းပါဘူးတဲ့ . . .'

ရင်ရင်နွဲ့က ခေါင်းကလေးကို ငဲ့ငဲ့စောင်း၍ မဲ့မဲ့ရွဲ့ရွဲ့ ပြောလိုက်သည်။ ဒီတော့မှ မောင်မြင့်နောင်သည် ရင်ရင်နွဲ့က သူ့အား ပျက်ချော်နေမှန်းသိတော့၏။

'ကြောက်စရာ မကောင်းပေမဲ့ မုန်းစရာတော့ တော်တော် ကောင်းတယ်၊ သူတို့လူတွေကို ကြည့်လိုက်ရရင် ဘာမှန်းလဲမသိဘူး၊ ကွန်မြူနစ်နဲ့ တူတာတော့ အမှန်ပဲ . . .'

'လာပြန်ပြီ ကွန်မြူနစ်၊ ဘာမှန်းလဲမသိဘူး၊ ဒီကွန်မြူနစ်ပဲ ခလုတ်တိုက် နေကြတာပဲ၊ အလကားနေရင်း သွေးလန့်နေကြတာပဲ . . .'

'ကဲပါ. . . ဒါတွေထားပါ။ တနင်္ဂနွေနေ့ကျရင် အနွဲ့တို့အိမ် လာမယ်မဟုတ်လား . . .'

သူက ဒီအက်စ်အိုမကလေး၏ မျက်နှာကိုကြည့်လိုက်၏။ မျှော်လင့်မှုနှင့် မေးနေသည်ဖြစ်၏။

'ခု တနင်္ဂနွေမှာတော့ မအားသေးဘူး၊ လာခဲ့မယ်လေ၊ တစ်နေ့နေ့မှာပေါ့၊ ဦးတို့ ဒေါ်ဒေါ်တို့ကို ပြောလိုက်ပေါ့ . . .'

'ဒြ တနင်္ဂနွေနေ့ကျရင် ရွှေစင်ဦးနဲ့ ဘိုင်စကုတ် သွားကြည့်ရဦးမယ်ပေါ့'

မောင်မြင့်နောင်က ဖျတ်ခနဲ ရင်ရင်နွဲ့မျက်နှာကို ကြည့်လိုက်၏။ ဤအချိန်တွင်တော့ သူမ၏မျက်နှာသည် အတည်ပေါက်ကြီး ဖြစ်နေ၏။ သူက ဘာပြန်ပြောရမှန်းမသိ၊ သူနှင့် ရွှေစင်ဦးအကြောင်း ဘာများ သိထား၍နည်း။

'ဟင်း တစ်ခွန်းပြော တစ်ခါထိပဲ မဟုတ်လား၊ ပြောပါဦး'

မောင်မြင့်နောင်က ဤတစ်ချီတွင်တော့ ဒေါသမကြီးပါ။ စိတ်မဆိုးပါ။ ရင်ရင်နွဲ့ကို အကဲခတ်နေသည်။ အနက်အဓိပ္ပာယ် ကောက်နေသည်၊ သူ့အား သဘောတရားရေးတိုက်ပွဲ ဆင်နွှဲနေသည်လော၊ အသည်းတိုက်ပွဲ ဆင်နွှဲနေသည်လော။

'နေပါဦး၊ အမိက ဘယ့်နှယ်ကြောင့် အတတ်ပြောနေတာလဲ၊ ကျုပ်နဲ့ ရွှေစင်ဦး ဘိုင်စကုတ် ကြည့်မယ်လို့ . . .'

'မသိဘူးလေ၊ ဟိုတနင်္ဂနွေနေ့က ကြည့်လို့ ဒီတနင်္ဂနွေလည်း ကြည့်မလားလို့'

'ဘယ်သူပြောလဲ၊ ဟိုတနင်္ဂနွေက ကြည့်တယ်လို့ . . .'

'ဘယ်သူပြောတာလဲ၊ ဟင်း ဟောဒီမျက်စိနဲ့ သေသေချာချာ မြင်လိုက်တာရှင့်၊ ဂလုပ်ရုံမှာပေါ့။ ကျွန်မက လှမ်းခေါ်ပါသေးတယ်၊ ဒါပေမဲ့ ဘယ်ကြားမလဲ၊ ရှေ့မှာ ရဲဘော်မကြီးက ပါနေတာကိုး . . .'

'အဲဒီနေ့က ဘိုင်စကုတ်ကြည့်မလို့ မဟုတ်ပါဘူး၊ ဟို . . .'

'တော်ပါ။ တီရစ္ဆာန်ရုံသွားမလို့ဟာ မိုးရွာလို့ ဘိုင်စကုတ် ဝင်ကြည့်ကြတာပေါ့ . . .'

ရင်ရင်နွဲ့က ပါးစပ်ထဲတွေ့သည်ကို ပြောလိုက်သော်လည်း အဖြစ်အပျက်က အမှန်ဖြစ်နေ၏။ မောင်မြင့်နောင်က အားနာပြီး စိတ်မကောင်းဖြစ်သွားသည်။ သို့ သော် ဝမ်းနည်းနောင်တရမိခြင်း လုံးဝ မဖြစ်ပါပေ။ ထိုတနင်္ဂနွေနေ့အဖို့ ပျော်ရွှင်ရေး ရာဇဝင်အစဖြစ်သည်ဟု အောက်မေ့ထားပါသည်။

'ပြီးတော့ ရွှေစင်ဦးအကြောင်းကို အပြာဆိုပြီး ဝတ္ထုရေးနေသေးတယ်ဆို'

သူမက ဆယ့်နှစ်ရာသီကိုင်းကို ဆွဲလှုပ်လိုက်ပြီး ပြောလိုက်၏။ မောင်မြင့်နောင် ကိုယ်ပေါ်တွင်လည်း မိုးပုလဲများ သီးသွားသည်။

'ဟာ ဒါတော့ မဟုတ်ဘူး၊ ဘယ်သူပြောလဲ . . .'

'ဘယ်သူပြောတယ် ထင်သလဲ . . .'

သူမက ကွန်ပါဘူးကို လက်ကလေးနှင့် ထောက်ရင်း ပြောနေ၏။ ကွန်ပါဘူးသည် တက္ကသိုလ်အတွက် အထူးတလည် ဝယ်ထားခြင်းမဟုတ်ဘဲ ဆယ်တန်းတုန်းက ကိုင်ခဲ့သော ဘူးဟောင်းပင် ဖြစ်ပါ၏။ သံချေးများပင် တစ်စက်နှစ်စက် တင်နေသည်။ အစင်းအထင်းများ ရှိ၏။

'သူပဲ ပြောမှာပေါ့ . . .'

'သူဆိုတာ ဘယ်သူလဲ . . .'

'ရွှေစင်ဦး . . .'

'ဒါတော့ သိသားပဲ၊ ဒါဖြင့် စိတ်တူ သဘောတူပေါ့ . . .'

မောင်မြင့်နောင်က နာရီကို ကြည့်လိုက်၏။ ဆယ့်နှစ်နာရီခွဲနေပြီ။ သည်တော့မှ ရင်ရင်နွဲ့က သတိရပြီး . . .

'ဆယ့်နှစ်နာရီခွဲပြီ ဟုတ်လား၊ အနွဲ့ ကလပ်စ်ရှိတယ်၊ သူနဲ့ ရန်ဖြစ်နေလို့ မဖြစ်သေးဘူး၊ သွားမယ်၊ သူများအတွင်းရေးတွေ ပြောမိတာ စိတ်မဆိုးနဲ့နော် . .'

ပြောပြောဆိုဆို သူမက ထွက်သွားလေသည်။

'နေဦးလေ၊ ကိုယ်လည်း လိုက်မှာပေါ့ . . .'

မောင်မြင့်နောင်သည် ခပ်သုတ်သုတ် လျှောက်၍ လိုက်သွားသည်။

'အီကိုကတော့ နေရာရပါတယ်၊ ဘာလို့လဲဆိုတော့ ကြားမှာ အချိန်ခြားနေတာကိုး၊ စောစော သွားစောင့်နေလို့ရတယ်၊ ကျန်တဲ့အတန်းတွေ တက်ရတာကတော့ အပြေးအလွှားပဲ၊ တစ်ခါတစ်ခါ အတန်းပြောင်းရရင် သေချင်စော်ကို နံသွားတာပဲ၊ အဆိုးဆုံးကတော့ မက်စ်အပြီး လောဂျစ်အပြောင်းပဲ . . .'

ရင်ရင်နွဲ့က စကားလွှဲ၍ပြော၏။ မောင်မြင့်နောင် ဖြတ်မပြောနိုင်အောင် ရှည်လျားစွာ ပြော၏။ သူကလည်း ရန်မဖြစ်ချင်တော့ပါ။

'ကိုယ် မြင်လိုက်တယ်၊ အနွဲ့ မြက်ခင်းထဲ ဖြတ်ပြေးနေတာ'

သူတို့သည် အထက်ထပ်သို့ လှေခါးမှ တက်နေကြသည်။ အတန်းပြောင်းချိန်နီး၍ ကျောင်းသူကျောင်းသားများ အသွားအလာ ရှုပ်နေလေပြီ။

'ဟုတ်တယ်၊ အဲ့ဒီ မြင်ခင်းကို တစ်ခါဖြတ်ပြီးရင် ထမိမှာ မြက်သီး တစ်ပိဿာလောက် ကပ်နေတော့တာပဲ . . .'

ဘောဂဗေဒ အခန်း(၂၁)ရှေ့ ရောက်သောအခါတွင် ဆယ့်နှစ် နာရီ လေးဆယ်ငါးမိနစ် ရှိနေပေပြီ။

အတန်းထဲတွင် လူအတော် ရောက်နှင့်နေပေပြီ။ ကျောင်းသူ အချို့က ရင်ရင်နွဲ့အား လှမ်း၍ ပြုံးလိုက်ကြ၏။

'ကိုယ် သွားမယ်'

ရင်ရင်နွဲ့က ခေါင်းညိတ်လိုက်သည်။

'၁၂ နာရီနဲ့ တစ်ချက်ကြားမှာ အနွဲ့ ဒီအခန်းမှာ ရှိတတ်တယ်'

ကိုမြင့်နောင်က ဘာမှ ပြန်မပြောတော့ဘဲ ထွက်ခဲ့ပါသည်။ မိမိတို့ နှင့် ရုပ်ရှင်ရုံတွင် တွေ့သည်ဆိုတုန်းက မမသီကော ပါသေးသလား၊ မပါ လည်း သူမက ပြန်ပြောပြချေမည်။ မမသီနှင့်တွေ့လျှင် ဘာတွေပြောချေ ဦးမည်နည်း။

အောက်ထပ်သို့ ရောက်သောအခါ သူသည် ဘွဲ့နှင်းသဘင် သွား ရန် စိတ်မကူးတော့ဘဲ သမဂ္ဂဘက် ခြေဦးလှည့်လိုက်၏။

'ကိုမြင့်နောင် . . .'

ခေါ်သံကြား၍ လှည့်ကြည့်လိုက်သည်။ ရွှေစင်ဦးသည် ပြုံးပြုံး ရွှင်ရွှင်နှင့် လျှောက်လာနေချေ၏။

(ဂ)

ရွှေစင်ဦး၏ အပြုံးသည် ပင်ကိုပြုံးတော့မဟုတ်၊ ရှုချင်ဖွယ်ဖြစ် အောင် လေ့ကျင့်ထားသည့် အပြုံးမျိုး ဖြစ်လေ၏။ သို့ရာတွင် သူမ၏အပြုံး နှင့် သူမ၏မျက်နှာသည် လိုက်ဖက်လျက်ရှိ၏။ မပြုံးမရယ် ခပ်တည်တည်

နေသော အခါများတွင်မူ ရွှေစင်ဦးသည် ရင်ရင်နွဲ့လောက် မလှပါပေ။

အပြောအဆိုနှင့် အသံ အဖြတ်အတောက်တွင်မူ ရွှေစင်အား ထိုခေတ် ကျောင်းသူများ တစ်ယောက်မျှမမီပါပေ။ ထို့ပြင် ရွှေစင်၏ ပေါ်လွင်လှသော အလှအပ ပစ္စည်းတစ်ခုမှာ ဘယ်ညာ လှုးလိမ့်နေသော တင်သားစုံပင် ဖြစ်ပါသည်။

မောင်မြင့်နောင်သည် တစ်ခါတစ်ခါ တွေး၍ လန့်နေမိသည်။ သူ့တွင် ခင်မင်ရင်းနှီးသော မိန်းကလေးအသိ သုံးယောက်ရှိလေရာတွင် ၎င်းတို့သည် လှပချောမောသူများ ဖြစ်နေကြသောကြောင့်တည်း။ တစ်နေ့ နေ့တွင် တစ်ယောက်ယောက်က၊ သို့မဟုတ် အားလုံးက သူ့အား ဒုက္ခပေး လေမည်လား၊ သို့သော်လည်း သူသည် ယခုထက်တိုင်အောင်တော့ မည်သူအားမျှ အရှူးအမူး စွဲလန်းနှစ်သက်နေခြင်း မရှိပါပေ။

သူသည် မြင်မြင်ချင်း ချစ်ကြိုက်တတ်သူမဟုတ်၊ ရင်းရင်းနှီးနှီး နေထိုင်တိုင်း စိတ်ဖောက်ပြားတတ်သူမဟုတ်၊ လှရုပ်ရှုနှင့် စုံဘက်ပေါင်းသင်း ရန် မရည်ရွယ်၊ ၎င်းပြင် သူ့တွင် ရည်မှန်းချက်နှင့် ယုံကြည်ချက်ရှိလေသည် မဟုတ်ပါလား။

ခင်မိုးသီ တစ်ယောက်ကတော့ မောင်မြင့်နောင်နှင့် ယခင်က ထက်ပို၍ ရင်းနှီးစရာ အကြောင်းများကို ဖန်တီးလျက်ရှိလေသည်။

သို့ရာတွင် ဤကိစ္စ၌ သူ့ပယောဂ ကင်းလေသည်။ တစ်နေ့တွင် သူမသည် ငယ်သူငယ်ချင်းဟောင်းတစ်ဦးသာမက သူငယ်ချင်းတစ်ဦး၏ ဇနီးလည်း ဖြစ်လေပေဦးမည်။ ဤကား ကိုအောင်ကျော်၏ အပြော ဖြစ်ပေ သည်။ မမသီနှင့်တွေ့မှပင် အတည်ပြုချက် ရယူရပေမည်။ သို့မဟုတ် သူမသည် ကိုအောင်ကျော်အား ရှူးလှပါချေသည်ဟု အော်ဟစ်ရယ်မော ကောင်းလည်း ရယ်မောပေလိမ့်မည်။

ရင်ရင်နွဲ့နှင့် ရွှေစင်ဦးကိုတော့ သူက အကဲမခတ်တတ်ပါပေ။ သူတို့အကြောင်းလည်း သိပ်မသိသေးပါပေ၊ မိမိအနေနှင့်ကား ရင်းနှီးသော မိန်းကလေးမိတ်ဆွေများအဖြစ် ဆက်ဆံနေဆဲဖြစ်၏။ ၎င်းတို့အနေနှင့်

ကား ဘယ်လို သဘောထားကြသည် မသိ၊ တစ်ခုတော့ သေချာသည်၊ မိမိသည် မိန်းကလေးများ သဘောကျနှစ်သက်စေမည့် ရုပ်ရည်မျိုးမရှိပါ။ ဘဒင်္ဂအမြင်တွင် အထင်သေးစေမည့် ပစ္စည်းမဲ့ရုပ်ရည်သာ ရှိပါသည်။

သို့ရာတွင် ရဲဘော်များကတော့ သူနှင့် ရွှေစင်ဦးတို့ ဆက်ဆံရေးကို သတိထားမိကြ၏။ သူတို့နှစ်ယောက်သည် တတွဲတွဲနှင့် မခွဲဘဲရှိကြ၏။ တကယ်တော့လည်း သူတို့နှစ်ယောက်သည် အခြားရဲဘော်များထက် ခင်မင်မှုမြန်ဆန်ကြ၏။ မောင်မြင့်နောင်သည် 'အပြာ'ဆိုသော လုံးချင်းဝတ္ထုကို ရေးသားနေကြောင်း ရဲဘော်တိုင်း သိကြ၏။ မဂ္ဂဇင်းတစ်စောင်တွင် လစဉ် ကြော်ငြာပါလျက်ရှိ၏။ ရွှေစင်ဦးသည် နေ့စဉ်နေ့တိုင်း အပြာရောင် အဆင်အထည်များကို ရွေး၍ဝတ်နေ၏။ အဆိုးဆုံးကတော့ 'အပြာ'သည် သူမအကြောင်း ဖြစ်ပါသည်ဟု သူမကိုယ်တိုင်က ပြောပြနေခြင်း ဖြစ်ပါ၏။ ရင်ရင်နွဲ့အားပင် ပြောခဲ့ချေပြီ မဟုတ်ပါလား၊ ရည်စူး၍လော၊ အမှတ်တမဲ့လော ဆိုသည်ကတော့ မပြောနိုင်ပါပေ။

ရွှေစင်ဦးနှင့် ရင်ရင်နွဲ့ သိကြခြင်းမှာတော့ မဆန်းပါပေ။ အကြောင်းမှာ ရွှေစင်ဦးသည် အသိအကျွမ်း များလှသူဖြစ်သည်။ ပေါင်းသင်းဆက်ဆံရေး ဝင်ဆန့်လှသည်။ ကျောင်းသားကျောင်းသူ အသစ်အဟောင်းမရွေး သိကျွမ်း၏။ တိုးတက်၊ ဒီအက်စ်အို၊ သန့်ရှင်းတို့နှင့်လည်း သိကျွမ်း၏၊ ဆရာဆရာမများနှင့်လည်း သိကျွမ်း၏။ ရန်ကုန်တက္ကသိုလ်၏ သဟာရမယ်ဟု ခေါ်ရမည်လောက်ပင် ဖြစ်၏။

ထို့ကြောင့်လည်း သူမနှင့် ကိုမျိုးမြင့် သိကျွမ်း ခင်မင်နေသည်ကို မောင်မြင့်နောင်က ခွင့်လွှတ်ရမလို ရှိနေ၏။ အကြောင်းမှာ သူမသည် လူတိုင်းမရွေးနှင့် ရင်းနှီးရုံသာမက ကိုမျိုးမြင့်နှင့်ကျတော့ ငယ်သူငယ်ချင်းများလည်းဖြစ်ကြပြီး မိဘချင်းလည်း ရင်းနှီးကြ၏။ သို့ရာတွင် မောင်မြင့်နောင်သည် ကိုမျိုးမြင့်နှင့် ရွှေစင်ဦး ရင်းနှီးနေသည်ကိုလည်း သဘောမကျ၊ ဤသတ္တဝါနှင့် ရင်ရင်နွဲ့ ဆက်ဆံနေသည်ကိုလည်း မကျေနပ်ပါပေ။ သို့ရာတွင် သူက ဖွင့်၍တော့ မပြောပါပေ၊ သူကိုယ်တိုင်ကလည်း ဒီအက်စ်အို

ဘစ်ယောက်ဖြစ်သော ရင်ရင်နွဲ့နှင့် အကျွမ်းတဝင် ဆက်ဆံနေမိပြီ မဟုတ်ပါလား . . .

တစ်နေ့တွင် ရင်ရင်နွဲ့သည် သူ့အား ဒုက္ခပေးလေမည်လား။

သူနှင့် ရွှေစင်ဦး၏ ဆက်ဆံရေးတွင် ရင်ရင်နွဲ့သည် ကြားဝင်မှောင့်ရှောင့်လေမည်လား၊ ဘာပဲဖြစ်ဖြစ် သူသည် ရွှေစင်အားတော့ ဦးစားပေးရပေလိမ့်မည်။ သူမသည် ရဲဘော်တစ်ယောက်ဖြစ်၍ ကျန်တစ်ယောက်ကမူ လုပ်ငန်းအရဆိုလျှင် ရန်သူ တစ်ယောက်ပင် ဖြစ်ချေသည် မဟုတ်ပါလား . . .

သို့ရာတွင် ရင်ရင်နွဲ့အား ဘောဂဗေဒ အခန်း ၂၁ သို့ လိုက်ပို့ပေးလိုက်သည့်နေ့မှပင် သူနှင့် ရွှေစင်ဦးအား ပိုမိုရင်းနှီးစေရာအကြောင်းများက ဖန်တီးလာလေသည်။ ထိုသည်ကား တခြား မဟုတ်ပါပေ၊ ရွှေစင်ဦးသည် သူ့ထံသို့ ပြုံးပြုံးလေး လျှောက်လာပြီးနောက် သူမတို့အိမ်သို့ အလည်အပတ် လိုက်ခဲ့ရန် ဖိတ်မန္တကပြုလေသည်။ အိမ်သို့ရောက်တော့လည်း ညစာစားပြီးမှ ပြန်ရမည်ဟု အတင်းဆွဲထား၏။ ညစာစားပြီးသောအခါတွင်ကား သူ မပြန်နိုင်ပါတော့ချေ။ မိုးကြီး သည်းထန်စွာ ရွာ၍ တောခိုသွားသော သူမအစ်ကို၏ အခန်းတွင် အိပ်ရပါတော့သည်။ ထိုအချိန်တွင် သူမအစ်ကိုကတော့ ရွံ့ရွံ့စိုနေချေမည်လား မပြောတတ် . . .

(ဃ)

ဤနေရာတွင် အခြားအရေးကြီးသော ဇာတ်ဆောင်တစ်ဦးနှင့် စာဖတ်သူများအား မိတ်ဆက်ပေးရဦးမည်။ အကြောင်းမူ ၎င်းသည် မောင်မြင့်နောင်၏ဘဝကို အဆုံးအဖြတ်ပေးမည့်သူတစ်ဦး ဖြစ်လေသော ကြောင့်တည်း . . .

ထိုသူကား အမျိုးသမီးတစ်ယောက် ဖြစ်လေသည်။ သူမကား ရွှေစင်ဦး၏ ညီမဖြစ်လေသည်။

ငွေစင်ဦးသည် ရွှေစင်ဦး၏ ညီမဖြစ်သော်လည်း နေပုံထိုင်ပုံမှာ

အစ်မကြီးသဖွယ် ဖြစ်လေသည်။ အစ်မဖြစ်သူအား ဩဇာပေး၏၊ ကန့်ကွက်၏။ ဆုံးမ၏။ ရွှေစင်ဦးကလည်း ညီမအား သည်းခံ အရေးပေးပုံရလေသည်။ အမှန်ပြောရလျှင် ငွေစင်ဦးသည် ထိုအိမ်တွင် ဗိုလ်ပဲဖြစ်လေသည်။

ငွေစင်ဦးသည် မျက်နှာတည်၏။ စကားနည်း၏။ လမ်းသွားလမ်းလာ မရှုပ်၊ အိမ်မှကျောင်း ကျောင်းမှအိမ်သာ သွားလာ၏။ သို့ရာတွင် သူမသည် အသက် ၁၇ နှစ်သာရှိသေး၏။ တက္ကသိုလ်ဝင်တန်းသာ ရှိသေး၏။

မည်သို့ပင်ဖြစ်စေကာမူ မိဘနှစ်ပါးသည် ညီအစ်မနှစ်ယောက်ရှိသည့်အနက် အစ်မဖြစ်သူကို ပို၍ အရေးပေးလေသည်။ အစ်မဖြစ်သူက လှချင်ပချင်၍ နားပူနားဆာ လုပ်တတ်၏။ ညီမကမူ ဝယ်ပေးသည်ကိုသာ ဝတ်၏။ ထို့ကြောင့် အဝတ်အစားမှာလည်း ကဗျာမဆန်ပါပေ။ ကိုးရိုးကားရား နိုင်ပေသည်။

သို့ရာတွင် ငွေစင်ဦးသည် ဧည့်သည်များကိုကား လိုက်လျောစွာ ဆက်ဆံတတ်ပါသည်။ ဖခင်ကြီးသည် တိုက်နယ် ဖ-ဆ-ပ-လ ဥက္ကဋ္ဌ တစ်ဦးလည်းဖြစ်၏။ သွင်းကုန် လိုင်စင်သမားတစ်ဦးလည်း ဖြစ်၏။ ထို့ကြောင့် အိမ်သို့ လာတတ်ကြသော နိုင်ငံရေးသမားများ၊ ကုန်သည်များ၊ ကျောင်းသားများကို ပြေပြေပြစ်ပြစ် ဆက်ဆံပါသည်။

သို့သော်လည်း မောင်မြင့်နောင်ကိုမူကား ခြွင်းချက်ဖြစ်လေ၏။ ရွှေစင်ဦးက မိတ်ဆက်ပေးသောအခါတွင် သူမသည် မောင်မြင့်နောင်အား စူးစူးဝါးဝါး စိုက်ကြည့်လိုက်၏။ မောင်မြင့်နောင်သည် ကြောက်သလိုလန့်သလို ဖြစ်သွား၏။ နောက်ပိုင်းတွင် သူမသည် မောင်မြင့်နောင်အား စကားသိပ်မပြောပေ၊ သို့ရာတွင် မျက်မှောင်ကြီးကုပ်၍ ကြည့်တတ်၏။ တစ်ချက်ကလေးမှ မပြုံးပါ။ ပြီးတော့ သူတို့နှစ်ယောက် စကားပြောနေရာနှင့် မနီးမဝေးတွင် စာဖတ်နေတတ်၏။ တကယ်ပင် စာဖတ်နေသလော။ သို့မဟုတ် သူတို့ပြောစကားများကို နားထောင်လေသလားဆိုသည်ကိုတော့

မောင်မြင့်နောင်သည် မစဉ်းစားတတ်ပါပေ၊ ရွှေစင်ဦးအား ညီမအကြောင်း မေးကြည့်တော့ . . .

'အို . . . ညီမလေးဟာ သဘောကောင်းပါတယ်။ ရွှေစင့်ကို သိပ်ချစ်တယ်၊ ရွှေစင့်မိတ်ဆွေတွေကိုလည်း ဧည့်ဝတ်မပျက်တတ်ပါဘူး၊ ကိုမြင့်ကိုလည်း သဘောမကျတဲ့ အမူအရာ ဘာပြလို့လဲ . . .'

ဟုတ်ပါသည်။ သဘောမကျသည့် အမူအရာတော့ မပြပါ။ သို့ရာတွင် စူးစမ်း စပ်စုသည့်သဘောက အနေရ ကျပ်လှပါသည်။

သို့ရာတွင် တစ်နေ့တွင်မူ သူမသည် မောင်မြင့်နောင်၏ အသည်းအား ဒိုးပျံနှင့် ပစ်ခွဲလိုက်လေသည်။

မောင်မြင့်နောင်သည် စမ်းချောင်းထဲသို့ စာရေးဆရာတစ်ဦးနှင့် တွေ့ရန် လာရောက်ရင်းနှင့် ရွှေစင်ဦးတို့အိမ်သို့ ဝင်လာလေသည်။ ငွေစင်နှင့် ဝင်းဝတွင် ပက်ပင်းတိုးနေသည်။

ပထမတော့ မောင်မြင့်နောင်သည် သူမအား ရွှေစင်ဟုပင် ထင်လိုက်သည်။ အကြောင်းမှာ သူမသည် ဖီးလိမ်း ခြယ်သထားသောကြောင့် ဖြစ်လေသည်။ သို့ရာတွင် သူမလက်ထဲတွင် ဟယ်လီကော့ပတာလေးတစ်စင်း ကိုင်ထားလေသည်။ သူမသည် လူကြီးနှင့် တူသည့်အခါတူ၏။ ကလေးနှင့် တူသည့်အခါတူ၏။ အပျိုလေးနှင့်မူ ဘယ်တော့မှ မတူချေ။ သို့ရာတွင် ယခုတစ်လောတွင်တော့ အပျို လုပ်လာလေသည်။

'မမ မရှိဘူး . . .'

ဆီး၍ ပြောလိုက်သည်။

'အော် . . . ဘယ်သွားလဲ . . .'

'ကိုမျိုးမြင့်ကားနဲ့ လိုက်သွားတယ် . . .'

ဤသို့ပြောပြီး သူ့မျက်နှာအား စေ့စေ့ကြည့်နေ၏။

မောင်မြင့်နောင်က စိတ်အနှောင့်အယှက်ဖြစ်နေ၏။ ထို့ကြောင့် ပြန်ရန် ဆုံးဖြတ်လိုက်၏။

'ကိုယ်ပြန်မယ်'

'နေပါဦး . . .'

ငွေစင်သည် တစ်စုံတစ်ရာကို ပြောရန် ချိန်ဆနေမှန်း သူသိ၏။ ထို့ကြောင့် သေဒဏ်ကိုစောင့်သည့်ပမာ သူက စောင့်စားနေရသည်။

'ရှင် မမကို ချစ်နေသလား . . .'

ထို့နောက် မောင်မြင့်နောင် ဘာမျှ ပြန်မပြောနိုင်ခင်မှာပင် သူမသည် အိမ်ထဲသို့ ဝင်သွားလေတော့၏။

မောင်မြင့်နောင်သည် ထိုနေ့မှစ၍ ထိုအိမ်သို့ မသွားတော့ဟု ဆုံးဖြတ်လိုက်၏။

## မမေ့စေချင်သည်သာ

## (က)

မိုးသည် ရေတံခွန်ကြီးတစ်ခုပမာ ရွာတန်းချနေ၏။ အားလုံးသော ပြတင်းပေါက်များကို ပိတ်ထားရ၏။ မှန်ပြတင်းကွက်များသည် ထုတ်ချင်းခတ် မမြင်ရတော့၊ မိုးတအုံးအုံး တဝုံးဝုံးကြောင့် ရေဒီယိုဂရမ်မှ သီချင်းသံသည် မြုပ်နေ၏။

ရင်ရင်နွဲ့သည် 'မေ့တွက်တာ'အင်္ကျီကို ထပ်၍ ဝတ်လိုက်၏။

အောက်မှ တယ်လီဖုန်းသံကြားရ၍ အပြေးကလေး ဆင်းသွားသည်။ စားပွဲပေါ်မှ ပန်းသီးကလေးတစ်လုံးကို ဘယ်ဘက်ဖြင့် ယူလိုက်ပြီး ညာဘက်ဖြင့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

'ဘယ်သူပါလဲရှင် . . အော် ဦးလေးလား၊ ဖေဖေတို့ မရှိကြဘူး၊ ကမ္ဘာ့ဥာန်း သွားထိုင်ကြတယ်၊ ဟုတ်ကဲ့ ညနေမှလာပေါ့ . . . ဟုတ်ကဲ့. . .'

ပါလီမန်အတွင်းဝန် သခင်ဟန်ထွန်း ဖြစ်လေသည်။ ရင်ရင်နွဲ့သည် တယ်လီဖုန်းကိုချ၍ နီမြန်းသောပန်းသီးအား တစ်ကိုက် ကိုက်လိုက်သည်၊ စာအုပ်ဘီဒိုများကို မြင်သောအခါ ခြေလှမ်းတုံ့သွားပြီး တစ်စုံတစ်ခုကို စဉ်းစားမိဟန် ရှိလေသည်။ နှုတ်ခမ်းကလေး စူ၍ မဲ့လိုက်သည်။ ပြီးတော့ ပြုံးသည်၊ ထိုအချိန်တွင် အိမ်ရှေ့တံခါးမှ လျှပ်စစ်ခေါင်းလောင်းသံ

ပေါ်ထွက်လာလေသည်။

'ဒါလောက် မိုးကြီးလေကြီးထဲမှာ ဘယ်ဧည့်သည်ကများ လာရပြန်သလဲ'

ရင်ရင်နွဲ့သည် ပန်းသီးကို နောက်တစ်ကိုက် ကိုက်လိုက်ပြီး တံခါးရှိရာသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားလေသည်။ ဧည့်သည်သည် တံခါးကိုကိုင်၍ ရပ်နေသည်။ ပထမတော့ မည်သူမည်ဝါမှန်း သူက မခွဲခြားနိုင်ပါ။ မိုးစက် မိုးပေါက်များသည် သံတံခါးခြေရင်းအထိ ပက်နေပြီး ရေမှုန်ရေမွှားများသည် သံတံခါးအတွင်းသို့ပင် လွင့်ဝင်လျက်ရှိပါသည်။

မည်သူမည်ဝါမှန်း သိသည်နှင့် တစ်ပြိုင်နက် သူမ၏ခြေလှမ်းသည် မပြေးရုံတမည် ဖြစ်သွားသည်၊ မောင်မြင့်နောင်သည် အင်္ကျီလက်တိုလေးနှင့် တုန်ရီစွာ ရပ်လျက်ရှိပါသည်။

'ဟင် ကိုမြင့်နောင်၊ တစ်ကိုယ်လုံးရွဲကုန်ပြီ၊ နေဦး၊ အနွဲ့ တံခါးဖွင့်ပေးမယ်'

သော့ပွင့်သွားသောအခါ သူက တံခါးကို တစ်တောင်ကျော်ကျော် ကျယ်အောင် တွန်းလိုက်ပါသည်။ သို့သော်လည်း အိမ်ထဲသို့ကား မဝင်ပါချေ။ ဤတစ်ကြိမ်တွင်တော့ ရင်ရင်နွဲ့သည် သူမ ဘာလုပ်ပေးရမည်ကို သိပါသည်။

'ဒီမှာ နေဦး၊ သူ့အဝတ်လဲဖို့ မမသီရဲ့ ဘော်လီနဲ့ နိုင်လွန်ကို သွားယူလိုက်ဦးမယ်'

ရင်ရင်နွဲ့သည် တခစ်ခစ် ရယ်မောရင်း ပြေးဝင်သွားလေ၏၊ မောင်မြင့်နောင်သည် တစ်ယောက်တည်း ပြုံး၍ ကျန်ရစ်ခဲ့လေ၏။ ဧည့်ခန်းထဲမှ တိုင်ကပ်နာရီကြီးသည် ဆယ့်တစ်နာရီ ထိုးလေပြီ။

သူမ ယူလာသည်မှာ လုံးပတ် ၃၄ လက်မရှိသော အဝတ်စလေး မဟုတ်ပါ၊ ကြယ်သီး ငါးလုံးပါသော နိုင်လွန်စ မဟုတ်ပါ၊ ဦးထွန်းဝင်း၏ ဆိတ်ခွန်လုံချည်တစ်ထည်သာ ဖြစ်၏။ အပြာရောင် ရှပ်အင်္ကျီတစ်ထည်သာ ဖြစ်ပါ၏။

'အင်္ကျီကတော့ တော်ချင်မှ တော်မယ်၊ ဒါပေမဲ့ အရောင်ကတော့ သူကြိုက်တဲ့အရောင်လေး အပြာလေ . . .'

'အနွဲ့က အပြာကို မုန်းတယ်ပေါ့ . . .'

'မမုန်းပါဘူးရှင်၊ ဘာဆိုင်လို့ မုန်းရမှာလဲ၊ ဘယ်သူ ကြိုက်ကြိုက် မကြိုက်ကြိုက်ပေါ့ . . .'

သူမ၏အပြောကို မောင်မြင့်နောင်က သဘောကျစွာ ရယ်လိုက်၏။ သို့ရာတွင် သူပြန်ပြောမည်ရှိစဉ် သူမက ထွက်သွားလေသည်။ မောင်မြင့်နောင်သည် ဦးထွန်းဝင်း၏အင်္ကျီကို ဝတ်ကြည့်လိုက်ရာ အတော်ကြီး ကျယ်နေသည်ကို တွေ့ရ၏။ အင်္ကျီလက်ကြယ်သီးလည်း မပါပါပေ။ သူကလက်ကို တစ်ခေါက်နှစ်ခေါက် ပင့်တင်လိုက်သည်။ ရင်ဘတ်ကြယ်သီးလည်း မပါပေ။ သူက တစ်စပေါ် တစ်စထပ်လိုက်ပြီး လက်နှင့်ဖိကိုင်ကာ မီးဖိုဘက်သို့ ဝင်လိုက်သွား၏။

'မမသီတို့ ဘယ်သွားလဲ . . .'

ခုမှပင် သူမအားမေးရတော့၏။ ဤတစ်ကြိမ်တွင်တော့ အကြော်သွား မဝယ်နိုင်တော့ပါပေ။

'ညှော်ခန်းမှာနေလေ၊ ကော်ဖီဖျော်လာမှာပေါ့ . . .'

သူမက အမိန့်ပေးသလို ပြောလိုက်၏။ ရင်ရင်နွဲ့သည် ရေခဲသေတ္တာထဲမှ ပေါင်မုန့်တစ်လုံးကို ယူ၍ ကင်ရန်ပြင်ဆင်နေ၏။

'ကော်ဖီနဲ့တင် ဘယ်ကမလဲ၊ ခုထိ မနက်စာ မစားရသေးဘူး၊ အိမ်ရှင်တွေက စေတနာရှိတယ်ဆိုရင်တော့ ညှော်သည်က စားရအောင် လာတာပဲ . . .'

မောင်မြင့်နောင်သည် ထမင်းစားပွဲရှိ သူမနှင့် အနီးဆုံး ကုလားထိုင်၌ ဝင်ထိုင်လိုက်၏။

'စေတနာ မရှိပေါင်၊ တိုးတက် တစ်ယောက်ကို ဒီအက်စ်အိုက ဘာလို့ စေတနာရှိရမှာလဲ'

'စေတနာမရှိလည်း မဲဆွယ်တဲ့သဘောနဲ့ ကျွေးပေါ့ဗျာ . . .'

'သူတို့တိုးတက်တွေ ပြောလိုက်ရင် မုန်းစရာကြီးပဲ၊ ရော့ ဟောဒီ ကော်ဖီ အရင်သောက်နှင့် ပေါင်မုန့်မစားနဲ့တော့ ဟုတ်လား၊ ဘာဟင်းမှ မရှိဘူး၊ ကြက်ဥ ကြော်ပေးမယ် စားမလား . . .'

ကော်ဖီပန်းကန်ကို လာချပေးရင်း သူမက မေးလိုက်သည်။ ရင်ရင်နွဲ့သည် နံ့သာရောင် နိုင်လွန်လေးကို ကြယ်သီးလည်းမတပ်၊ ချိပ်လည်းမထိုးဘဲ ကြယ်သီးကွင်းများကို လိမ်ထားရာ အပေါ်က ကွင်း တစ်ကွင်းသည် ပြုတ်နေ၏။

'ချိတ်တစ်ချောင်းရှိရင် ပေးပါ. . .'

မောင်မြင့်နောင်က သူ့ရင်ဘတ်အား ငုံကြည့်ရင်း မေးလိုက်၏။ ရင်ရင်နွဲ့သည် လန်ကျနေသော အင်္ကျီကို ပြန်တင်လိုက်သည်။ မျက်နှာ တွင် နှင်းဆီပွင့်သွား၏။

'နေဦးလေ၊ ဖေဖေ့ကြယ်သီး ယူပေးမယ်'

သူမအသံသည် အနည်းငယ် တုန်သွား၏။ သူမက အိမ်ရှေ့သို့ ထွက်သွားပြန်ရာ သူက ကော်ဖီသောက်၍ ကျန်ရစ်ခဲ့၏။ ကော်ဖီစစ်ဖန်ချိုင့် ဖြင့် ဖျော်သည်ဖြစ်၍ အမှုန်တစ်မှုန်မှမပါပေ။ တစ်အိမ်လုံး ဘယ်သွားနေ သနည်း၊ တစ်ယောက်မျှမမြင်ပေ။ သူက အံ့ဩနေသည်။ သူမက သံမဏိ ကြွယ်သီးလေးလုံး လာပေးသည်။ သူမကိုယ်တိုင်လည်း အင်္ကျီလဲလာ သည်။ ယခုအခါတော့ အစိမ်းနုမှ နယ်ကျူးလာသော အဝါရင့်ဖြစ်ပါ၏။ ကြယ်သီးနီနီလေးများသည် မောင်မြင့်နောင်အား နှုတ်ဆက်နေကြ၏။

'ပြောပါဦး . . . မမသီ ဘယ်သွားလဲ၊ ဦးတို့ ဒေါ်ဒေါ်တို့ကော တစ်အိမ်လုံး တစ်ယောက်မှ မမြင်ပါလား'

'ဖေဖေနဲ့ မေမေက ကမ္ဘဌာန်း သွားထိုင်ကြတယ်။ ကြည်ကြည်က တောပြန်သွားတာ တစ်ပတ်လောက်ရှိပြီ . . .'

ရင်ရင်နွဲ့က ဆက်မပြောသေးဘဲ ကော်ဖီပန်းကန်ကို ယူသွားသည်။

'ပြောပါဦး မမသီကော၊ ယောကျ်ားနောက် လိုက်သွားပလား. . .'

သူမက ချာကနဲ လှည့်ကြည့်လိုက်သည်။

'အင်း . . . သူ သိသလား . . .'

'ဘာ ဘာကိုသိရမှာလဲ၊ ပြောစမ်းပါဦး၊ ဘာတွေ ဖြစ်ကုန်လို့လဲ'

မောင်မြင့်နောင်က အလောသုံးဆယ် မေးလိုက်သည်။

'ကိုအောင်ကျော်နဲ့ ဘိုင်စကုတ်သွားကြည့်ကြတယ်။ အဲ့ဒါကို ကိုမြင့်နောင် မသိဘူးလား'

'မသိဘူး၊ ကိုအောင်ကျော်နဲ့ မတွေ့တာ နှစ်ရက်ရှိပြီ၊ လက်စသတ်တော့ သူတို့က ဒီလိုကိုး . . .'

ခုမှပင် ရင်ရင်နွဲ့က စိတ်တည်ငြိမ်သွားသည်။ အိမ်မှာ ဘယ်သူမှ မရှိမှန်းသိ၍ သူတမင်လာသည် ထင်၍ သူမက လန့်သွားဟန် ရှိသည်။

'ဒါဖြင့် အနွဲ့တစ်ယောက်တည်းပေါ့'

'ဟုတ်တယ်'

သူမအသံက ပြတ်လေသည်။ သူက အကျီကိုချွတ်ရန် ကြယ်သီးကို ပြန်ဖြုတ်နေသည်။ ထိုင်ရာမှ ထလိုက်သည်။ ရင်ရင်နွဲ့က သူ့အား မျက်လုံးပြူးကျယ်စွာနှင့် ကြည့်လျက်ရှိသည်။

'အဲ့ . . . အဲ့ဒါ ဘာလုပ်မလို့လဲ . . .'

'ပြန်မယ်လေ'

'ပြန်တော့မယ် ဟုတ်လား၊ ထမင်းစားမယ်ဆို . . .'

မောင်မြင့်နောင်က ခေါင်းကို တွင်တွင် ရမ်းခါလိုက်သည်။

'ဒီမှာ မရင်ရင်နွဲ့၊ ကျုပ်တို့ တိုးတက်တွေဟာ ကျောင်းသူတွေအပေါ်မှာ အင်မတန်သစ္စာရှိတယ်၊ ဘယ်တော့မှ ဖောက်လွှဲဖောက်ပြန် မလုပ်ဘူး၊ ခင်ဗျားတို့ ဒီအက်စ်အို ခေါင်းဆောင်တွေလို ဘိုင်စကုတ်ပြ၊ ပျော်ပွဲစားထွက်၊ ဟိုဝန်ကြီးဆီခေါ်၊ ဒီဝန်ကလေးနဲ့တွေ့ပြီး ဖျက်ဆီးနေတာ မဟုတ်ဘူး၊ အဲ့ ချစ်နေရင်လည်း ချစ်တယ်လို့ ရှင်းရှင်းပဲ ဖွင့်ပြောတာပဲ၊ လက်ခံရင် လက်ထပ်မယ်၊ လက်မခံရင် ကိုယ့်ကိုယ်ကို ထိန်းမယ်၊ ဒါပေမဲ့ ဗလက္ကာရမှုမျိုးတော့ ဘယ်တော့မှမလုပ်ဘူး၊ ကုန်ကုန်ပြောမယ်၊ နည်းနည်းလေးမှ စိတ်အနှောင့်အယှက်မပေးဘူး၊ ဒါပေမဲ့ တစ်ဖက်ကလည်း ကိုယ့်

အပေါ် ယုံကြည်စိတ်ချမှ ဆက်ဆံလို့ကောင်းတယ်'

'အို . . . အန္တဲ့က ကိုမြင့်နောင်ကို မယုံကြည်ဘူး ပြောနေလို့လား. . .'

'မပြောပေမဲ့ ကိုယ်က အန္တဲ့တစ်ယောက်တည်း ရှိမှန်းသိလို့ လာသလို ထင်နေတာကိုး . . .'

သူမက မျက်နှာငယ်လေးဖြင့် သူ့အားကြည့်၏။ ပြီးတော့ လေသံ တိုးတိုးလေးဖြင့် ပြော၏။

'ဒီမယ် ကိုမြင့်နောင် . . . အန္တဲ့ဟာ မိန်းကလေးတစ်ယောက်ပါ၊ ကိုယ့်ကိုယ်ကို ထိန်းသိမ်းရမယ်၊ ယောကျ်ားတိုင်းကို အရမ်း မယုံနိုင်ဘူးရှင့်၊ ဒီလူဟာ သစ္စာရှိတယ် မရှိဘူးဆိုတာတော့ အရင် စူးစမ်းရလိမ့်မယ်၊ သတိထားရလိမ့်မယ်၊ ယောကျ်ားတိုင်းဟာ ကိုမြင့်နောင်လိုပါပဲလို့ သူ တာဝန်ခံနိုင်မလား၊ ဘယ်သူမှ မပြောနိုင်ဘူးရှင့်၊ ခု ကိုမြင့်နောင်ဟာ ရိုးသားမှန်း သစ္စာရှိမှန်း သိရပြီ။ နွဲ့ ယုံယုံကြည်ကြည်နဲ့ အစ်ကိုကြီး တစ်ယောက်လို ဆက်ဆံသွားရုံပေါ့'

'ဒါပေမဲ့ အမိ၊ ကျုပ်ကတော့ အမြဲတမ်း ညီမလေးတစ်ယောက်လို ဆက်ဆံသွားချင်မှ သွားမှာနော် . . .'

'ရှင် . . .'

'မဟုတ်ဘူးလေ၊ ကိုယ့်မှာ အသည်းနှလုံးရှိတယ် မဟုတ်လား၊ ကိုယ် တာဝန်ခံနိုင်တာက ကိုယ့်မှာ ဦးနှောက်ရှိတယ် ဆိုတာကိုပဲ'

သူမက ဘာမျှပြန်မပြောတော့၊ ရေနံဆီမီးဖိုကို ဖွင့်လိုက်သည်။ မီးတောက်နုနုလေးများ တက်လာသည်။ အပြာနုရောင်လေး ဖြစ်ပါသည်။

'ကြက်ဥကို ကြော်ရမလား၊ ပြုတ်ရမလား . . .'

'ကြော်ကော ကြော်တတ်လို့လား. . .'

'အန္တဲ့ ထမင်းဟင်း ကောင်းကောင်း ချက်တတ်ပါတယ် . . .'

ဤလို ပြောလိုက်ပြီးမှ သူမ၏စကားသည် အဓိပ္ပာယ် တစ်မျိုးကောက်၍ ရမှန်းသိသွားကာ ရှက်သွေး ဖြန်းသွားပြန်၏။

**ရန်အောင်စာပေ (၂)**

ခင်မိုးသီနှင့် ကိုအောင်ကျော်ကတော့ ယခုအချိန်တွင် ရုံထဲ၌ ပူးကပ်၍ ထိုင်နေကြပေမည်။ မောင်မြင့်နောင်သည် ရင်ရင်နွဲ့အား ငေးမော၍ ကြည့်နေမိပါတော့သည်။ ပြီးတော့မှ အပြင်တွင် ထားပစ်ခဲ့သော အဝတ်စိုများကို သတိရ၍ နေရာမှ ထလိုက်သည်။

'အဝတ်တွေ သွားလှန်းလိုက်ဦးမယ် . . .'

သူမက ခေါင်းညိတ်လိုက်သည်၊ သူက အဝတ်များကို လှန်းပြီးသောအခါတွင် မီးဖိုထဲသို့ ပြန်မလာတော့ချေ။ စာကြည့်ခန်းထဲသို့သွား၍ 'မှန်နန်း' ကို ဖတ်နေလေတော့သည်။

× × ×

(ခ)

ထိုနေ့က ပွဲစည်ချင်၍လားတော့မသိ၊ မျှစ်ချဉ်ရေ၊ ကြက်ဥ မကျက်တကျက်ကြော်၊ ငံပြာရည်ချက်နှင့် ကြောင်လျှာသီး မီးဖုတ်ကိုမြုပ်၍ မောင်မြင့်နောင် စားပိုးနင့်မတတ် ရှိနေစဉ် ဧည့်သည်တစ်ယောက် ရောက်ရှိလာလေသည်။ သူ့အဖို့မူ မဟာရန်သူကြီး ရောက်လာခြင်းပင် ဖြစ်လေသည်။ အကြောင်းမူ ကိုမျိုးမြင့်သည် မြင်မြင်ချင်းပင် စကားစစ်ထိုးလေသောကြောင့်တည်း။

'အော် ကိုမြင့်နောင်ပါလား၊ ရွှေစင်ဦးကော မပါဘူးလား . . .'

'မပါဘူးဗျ၊ ဗဟိုကော်မတီတစ်ဦးလာလို့ ဆွေးနွေးပွဲ ထိုင်နေကြတယ် . . .'

'ဟုတ်လား၊ ခင်ဗျားကော မဆွေးနွေးဘူးလား . . .'

'ကျွန်တော်က ရင်ရင်နွဲ့ကို ခင်ဗျားတို့အထဲက ဖဲ့ထုတ်ဖို့ တာဝန်ယူထားတယ်၊ ဒါကြောင့် ခုလာပြီး သိမ်းသွင်းနေတာပေါ့ . . .'

'ဟော ကြားလား၊ သတိထားနေနော်၊ ကိုယ်က ညီမလေးအတွက် စိုးရိမ်လို့ပြောတာ၊ သူတို့က သေနင်္ဂဗျူဟာတို့ နည်းပရိယာယ်တို့ အင်မတန်ကြွယ်ဝတဲ့လူတွေ . . .'

ကိုမျိုးမြင့်သည် ရင်ရင်နွဲ့အား မချိမချဉ် ကြည့်ကာ ပြောနေ

သည်။

'စိုးရိမ်စရာ မလိုပါဘူးရှင်၊ ကိုမြင့်နောင်တို့ဟာလည်း အစ်ကိုကြီးတို့လိုပဲ ကျောင်းသားအကျိုးကို သည်ပိုးနေတဲ့လူတွေပဲ၊ ဒါပေမဲ့ ခု ညီမလေးသိသလောက် ပြောရရင်တော့ တိုးတက်တွေဟာ ဆင်းရဲတယ်၊ စာတော်တယ်၊ ကိုယ်ကျင့်တရား ကောင်းတယ်။

'အော် အတော်တောင် သဘောပေါက်နေပြီပဲ . . .'

'သဘောပေါက်တာပေါ့ရှင်၊ ကျွန်မဟာ စဉ်းစားဆင်ခြင်နိုင်တဲ့ တက္ကသိုလ်ကျောင်းသူတစ်ယောက်ပါ။ အကိုကြီးတို့ ဒီအက်စ်အိုတွေကတော့ အရာရှိ အရာခံ သားသမီးတွေ ဖြစ်တယ်။ ကားတစ်စီးစီနဲ့ ရေလိုသုံးပြီး စည်းရုံးနေတယ်။ နယ်ကကျောင်းသားတွေကို ဟော်တယ်ပို့၊ နိုင်ငံခြား ပညာတော်သင်ပို့၊ ဟိုကျမှ စာမလိုက်နိုင်လို့ ပြန်လာ၊ ရာထူးရာခံတွေပေး၊ ပြီးတော့ ဘာမှ မလုပ်တတ်မကိုင်တတ်ကြ မဟုတ်လား၊ ဖေဖေတောင် စိတ်ပျက်နေပြီ၊ သူ့ဆီကိုရောက်လာတဲ့ အစ်ကိုကြီးတို့ ဒီအက်စ်အိုတွေဟာ စာတစ်စောင်တောင် ဖြစ်အောင်မရေးနိုင်ဘူးတဲ့'

ကိုမြင့်နောင်ပင် အံ့သြနေသည်။ ရင်ရင်နွဲ့သည် သူ့အားပင် ဤအကြောင်းများကို ပြောမပြေသေးချေ။ ကိုမျိုးမြင့်ကား မျက်နှာတစ်ခုလုံး နီရဲနေပေပြီ။

'လက်စသတ်တော့ ရဲဘော် ရင်ရင်နွဲ့က ကွန်မြူနစ်ရင့်မကြီး ဖြစ်နေပြီကိုး'

'အစ်ကိုကြီးတို့ ဒါပဲပြောတတ်တယ်၊ တဆိတ်ရှိ ကွန်မြူနစ်လို့ စွပ်စွဲလိုက်တာပဲ၊ ဒါပေမဲ့ အစ်ကိုကြီးတို့ သိဖို့ကောင်းပြီ'

ကိုမျိုးမြင့်သည် မောင်မြင့်နောင်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်သည်။ သို့ဖြင့် သူတို့သည် မီးဖိုချောင်ထဲမှာပင် ဆွေးနွေးကြတော့မည့် ပုံမျိုး ဖြစ်လေသည်။

'ထိုင်ပါဦး၊ ညီမလေး'

ရင်ရင်နွဲ့က သူတို့နှစ်ယောက်ကြားတွင် ထိုင်လိုက်သည်။ ကိုမျိုး

မြင့်က တိုက်ပုံအင်္ကျီအနက်ကို ချွတ်၍ ကုလားထိုင်နောက်မှီတွင် ချိတ်ထားလိုက်သည်။

'ဟောဒီ ကိုမြင့်နောင်ဟာ တိုးတက်တစ်ယောက် ဟုတ်သလား'

'ဟုတ်တယ်လေ . . .'

'ဒါဖြင့် သူ့ကိုပဲ မေးကြည့်စမ်းပါဦး၊ သူဟာ ဗုဒ္ဓဘာသာကို ယုံကြည်ရဲ့လားလို့'

ရင်ရင်နွဲ့က ခေါင်းခါလိုက်သည်။

'ဒါကို မေ့သွားလို့ ဘယ်ဖြစ်မလဲရှင့်၊ အခြေခံဥပဒေက ပေးထားတဲ့ အခွင့်အရေးအရ သူ့မှာ လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့် ရှိတယ်ရှင့်၊ သူဟာ ဗုဒ္ဓဘာသာ ဖြစ်ချင်ဖြစ်မယ်၊ ခရစ်ယာန် ဖြစ်ချင်ဖြစ်မယ်၊ ဘာသာမရှိ ဖြစ်ချင်ဖြစ်မယ်ပေါ့၊ နေဦး အစ်ကိုကြီး၊ ညီမပြောမယ်၊ ဒါပေမဲ့ ကိုမြင့်နောင်ဟာ ဗုဒ္ဓဘာသာကိုအများကြီး လေ့လာထားတယ် ဆိုတာကိုတော့ ဖေဖေကတောင် ချီးကျူးယူရတယ် . . .'

'ဒါပေမဲ့ ဇောက်ထိုးတို့ကိစ္စက အထင်ကရမဟုတ်လား . . .'

'ဒီမယ် အစ်ကိုကြီး တစ်ယောက်ချင်းကို မပြောနဲ့၊ တစ်ဖွဲ့လုံးကို ပြော'

'အော်. . . အော် သစ်ပင်ကို မကြည့်နဲ့၊ သစ်တောကိုကြည့်ဆိုတဲ့ ကွန်မြူနစ် ဩဝါဒအရပေါ့ ဟုတ်လား . . .'

'ဒါတော့ ညီမ မသိဘူး၊ ဘယ်အဖွဲ့မဆို စုန်းပြူးဆိုတာတော့ ရှိတာပဲ၊ ဒါကို လိုက်ပြောနေလို့ ဘယ်ဖြစ်မလဲ'

'တစ်ဖွဲ့လုံး စုန်းပြူးနေရင်ကော'

'တစ်ဖွဲ့လုံး စုန်းပြူးနေရင် အစ်ကိုကြီးတို့ ဘာမှ ပူနေစရာမလိုတော့ဘူး၊ သူ့အရှိန်နဲ့သူ သွားလိမ့်မယ်၊ စုန်းပြူးတွေရဲ့ရှေ့မှာ ချောက်ပဲ ရှိတယ်။ ဒါပေမဲ့ စုန်းပြူးများတာက အစ်ကိုကြီးတို့အဖွဲ့နော၊ သန်းသန်းအေးတောင် အစ်ကိုကြီးတို့နဲ့ သုံးလလောက်ပေါင်းရသေးတယ်၊ ဆေးတိုက်သွားရပြီမဟုတ်လား၊ ပြီးတော့ အစ်ကိုကြီးလည်းသိသားပဲ၊ အနွဲ့က

ကိုယ်တွေ့ပါ'

'အစ်ကိုကြီး သန်းသန်းနဲ့ မတွဲပါဘူး . . .'

'အစ်ကိုကြီး လွတ်တယ်ပဲထားပါ။ တိုးတက်တွေကို ကျောင်းသားထုအများစုက ထောက်ခံနေတာတော့ ဘယ်သူမှ မငြင်းနိုင်ဘူးရှင့်၊ အဲ့ဒါဘာကြောင့်လဲဆိုတာ သေသေချာချာ စဉ်းစားဖို့လိုတယ်။

'သွားပြီ၊ ညီမလေးတော့ မရတော့ဘူး . . .'

ကိုမျိုးမြင့်သည် ပြန်ရန် တိုက်ပုံအင်္ကျီကို ဝတ်နေသည်။

'ဒါတော့ စိတ်ချ၊ ညီမလေးကို ခေါ်ထုတ်သွားလို့တော့ ဘယ်တော့မှ မရဘူးမှတ်ထား . . .'

'ကျွန်တော် ခင်ဗျားတို့ ကွန်မြူနစ်တွေကို ချီးကျူးပါတယ်ဗျာ. . .'

ကိုမျိုးမြင့်သည် စကားတစ်ခွန်းမျှ ဝင်မပြောသော မောင်မြင့်နောင်အား ခလုတ်တိုက်၍ ပြန်သွားလေတော့သည်။ ကိုမျိုးမြင့်၏ ကားသည် ဆူညံကြမ်းတမ်းစွာ မောင်းထွက်သွား၏။ ရင်ရင်နွဲ့သည် တံခါးသော့ကို ခတ်လိုက်သည်။

'ကဲ ပြောစမ်းပါဦး၊ အန္တွဲ့ ဘယ်အချိန်ကများ ဒီလို တိုးတက်နေရတာလဲ'

'အင် အန္တွဲ့ မတိုးတက်ပါဘူး၊ ဒါပေမဲ့ ဒီအက်စ်အိုတော့ မဟုတ်တော့ဘူးရှင့်'

'ထားပါတော့၊ ခရီးတစ်ဝက်ပဲ ရောက်သေးတယ်လို့ . . .'

'နောက်ခရီးတစ်ဝက်ကို မသွားတော့ဘူးရှင့်၊ အေးအေးပဲ ထိုင်နေတော့မယ်'

'ရန်သူတစ်ယောက်ကို ကြားထိုင်စေနိုင်တယ်ဆိုရင်ပဲ ကိုယ်တို့အဖို့တော့ အောင်ပွဲပဲ . . .'

'ဒီအောင်ပွဲမှာ သူ့ကြိုးပမ်းချက်လည်း မပါဘဲနဲ့၊ အချောင်ဝင်အသားယူနေတယ်'

'မယူပါဘူးဗျာ၊ ပြောစမ်းပါဦး၊ ဘယ်သူစည်းရုံးလို့ အမြင်မှန်ရလာ

တာလဲ'

'ကိုမြင့်နောင်က အနွဲ့တို့ကို ရန်သူလိုသဘောထားပြီး ရဲဘော်မကြီးတစ်ယောက်နဲ့ . . .'

'တော်ပြီ မရွှေချော မပြောချင်နေတော့၊ ရွှေစင်ဦးနဲ့ ကိုယ်နဲ့က လုပ်ငန်းတူလို့ တွဲနေရတယ် . . .'

'ဟုတ်ပါတယ်၊ ဘယ်သူကကော ဘာပြောလို့လဲ၊ ကိုမြင့်နောင်နဲ့ ရွှေစင်ဦးဟာ ယုံကြည်ချက်ချင်းလည်း တူတယ်။ လုပ်ငန်းချင်းလည်း တူတယ်၊ အို အစစအရာရာ သဘောချင်း တူညီကြတယ်ရှင် . . .'

မောင်မြင့်နောင်က နားနှစ်ဘက်ကို ပိတ်ထားလိုက်သည်။

'နားမထောင်ချင် နေပေါ့ရှင်'

ရင်ရင်နွဲ့သည် နောက်ဖေးသို့ထွက်သွားလေသည်။ မောင်မြင့်နောင်သည် ချော့မော့ရန် လိုက်သွားသောအခါတွင် သူမသည် သူ့အဝတ်စိုများကို လျှပ်စစ်မီးပူဖြင့် တိုက်နေသည်ကို တွေ့ရ၍ စိတ်မကောင်းရှိသွားသည်။

'ကိုယ့်ကို စိတ်ဆိုးသွားသလား . . .'

'မဆိုးပါဘူး၊ ဒါပေမဲ့ ကိုမြင့်နောင်ဟာ အနွဲ့တို့ ခင်သလောက်တော့ ပြန်မခင်ဘူး . . .'

'ခင်ပါတယ်၊ ကိုယ် နောက်ကိုဆိုရင် အနွဲ့တို့ဆီကို တစ်ပတ်တစ်ခါတော့ အနည်းဆုံးလာပါ့မယ်၊ ခုလို အနွဲ့ဟာ အယူအဆတွေ ပြောင်းသွားတော့ ကိုယ် သိပ်ဝမ်းသာတယ် . . .'

'အဲဒါ ရှင်တို့ ကိုအောင်ကျော်ကို ကျေးဇူးတင်ကြပေါ့ရှင် . . .'

မောင်မြင့်နောင်က အံ့အားသင့်သွားသည်။ ကိုအောင်ကျော်သည် ဤအကြောင်းများကို သူ့အားတစ်ခွန်းမျှမဟပါပေ။ မိမိက ရွှေစင်ဦးနှင့် တွဲနေစဉ်အတွင်း သူသည် ခင်မိုးသီ၏ အသည်းကိုလည်း လန်းဆန်းစိုပြည်စေခဲ့ပြီ၊ ရင်ရင်နွဲ့၏ဦးနှောက်အားလည်း အညစ်အကြေးများ ကင်းစင်သွားစေ၏။

**ရန်အောင်စာပေ (၂)**

မီးပူတိုက်ပြီးသောအခါတွင် မောင်မြင့်နောင်သည် အဝတ်အစားများကို ပြန်လဲလိုက်၏။ ရင်ရင်နွဲ့ ရေချိုးနေ၍ သူသည် နာရီဝက်ခန့်မှန်နန်းကို ဆက်၍ ဖတ်နေရသေးသည်။

ရင်ရင်နွဲ့ ဧည့်ခန်းသို့ ပြန်ရောက်လာသောအခါတွင် သူ့ဦးနှောက်သည် ပြန်ကြည်လင် သွားလေသည်။

'အနွဲ့ကိုတော့ အဝါလို့ အသိအမှတ် ပြုပေါ့ရှင်၊ အပြာတော့ မဟုတ်ဘူး'

'ကိုယ့်အပြာက လူတစ်ယောက်အကြောင်း ရေးထားတာ မဟုတ်ပါဘူး၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ရေးတာပါ . . .'

ထို့နောက် မောင်မြင့်နောင်က သူ့ဝတ္ထုအကြောင်း ပြောပြသည်။ စာပေအကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးအကြောင်း ပြောပြလေသည်။ ရင်ရင်နွဲ့ကမူ ခင်မိုးသီနှင့် ကိုအောင်ကျော်တို့အကြောင်း၊ ဒီအက်စ်အိုများသည် ကျောင်းသူကျောင်းသားများအား လစ်လျှင် လစ်သလို အချောင်နှိုက်ကျပုံများအား ပြောပြ၏။ နိုင်ငံရေးသမားများ ဝင်စွက်၍ သူမ ဖခင်ကြီး စိတ်ပျက်နေသည့် အကြောင်းလည်း ပါလေသည်။

သူတို့နှစ်ယောက်သည် တစ်ခါတစ်ရံတွင် ချဉ်သီးနှင့်ဆား တစ်ချိန်တစ်ခါတွင် ကျီးနှင့်ခင်ပုပ် ဖြစ်နေကြသည်။ သို့သော် သူတို့နှစ်ယောက်စလုံးသည် ကြည်နူးနေကြကြောင်းကား ထင်ရှား၏။ အချိန်တွေကုန်ဆုံးနေသည်ကိုပင် သတိမထားမိဘဲ စကားကောင်းနေကြ၏။ ခင်မိုးသီတို့ပြန်လာမှပင် ညနေ သုံးနာရီခွဲပြီ ဖြစ်ကြောင်းကို သိကြလေတော့သည်။

(ဂ)

မောင်မြင့်နောင်နှင့် ရင်ရင်နွဲ့တို့၏ ပြိုင်တူ ရယ်မောသံသည် ရုတ်တရက် ဆိုသလို ရပ်သွားလေသည်။

'ကိုယ်တို့ကို တံခါးဖွင့်ပေးကြပါဦးရှင် . . .'

ခင်မိုးသီ၏အသံသည် ကြည်လင်သာယာလှသော်လည်း သူတို့

နှစ်ယောက်ကမူ မိုးထစ်ချုန်းသံပမာ လန့်သွားပါသည်။ ရင်ရင်နွဲ့က သူ့ပခုံးကို ကျော်၍ ကြည့်လိုက်သည်။ မောင်မြင့်နောင်က ကိုယ်တစ်ပိုင်း လှည့်၍ ကြည့်လိုက်သည်။ ခင်မိုးသီသည် ရင်ရင်နွဲ့အား မျက်လုံးမှိတ်ပြပြီး ပြုံးစူနေသည်။ သူမ၏နောက်တွင်ကား အကြော်များကိုကိုင်ထားသော ကြည်ကြည်မဟုတ်ဘဲ ပလပ်စတစ်အုပ်ထားသော ခင်မိုးသီ၏ ပိုးထီးကလေးနှင့် ဖဲထီးနက်ကိုကိုင်ထားသော ကိုအောင်ကျော်သာ ဖြစ်လေသည်။

'တစ်ခါတည်း မျက်နှာကြီးတွေကိုက ပြုံးဖြီးဖြီးနဲ့ မုန်းဖို့ကောင်းတယ် . . .'

ရင်ရင်နွဲ့သည် ငြူစူရင်း တံခါးဖွင့်ပေးရန် ထသွားလေသည်။

'ကိုယ်တို့က ပြုံးရုံပြုံးတာပါ။ သူတို့လို တဟားဟား တခစ်ခစ် မရယ်ကြပါဘူး'

'ဟင်းနော် မမသီ၊ သူများက ဘာမှ မပြောဘူး၊ သူကချည်း ကိုယ်တပ်ကိုယ် ပြန်နင်းနေတယ် . . .'

ခင်မိုးသီက လျှာထုတ်ပြလိုက်သည်။

'ဘယ့်နှယ်လဲ ဒေါ်ခင်မိုးသီ၊ အချစ်ဆိုတာ ရသာခြောက်ပါး အပြင်ကမို့လား ဆို၊ ခုတော့ သတ္တမအရသာကို ခံတွင်းတွေ့နေပြီလား. . .'

မောင်မြင့်နောင်က မေးလိုက်သည်။

'ဒါပေမဲ့ ကိုယ်တို့က အံ့ပုံးတွေတော့ မဟုတ်ဘူး'

ရင်ရင်နွဲ့က မျက်စောင်း ခဲလိုက်သည်။

'ကဲ ရဲဘော်ကြီး အဲဒီ ထီးတွေကို ချထားပါဦး . . .'

မောင်မြင့်နောင်က ကိုအောင်ကျော်ဘက်သို့ လှည့်၍ ခတ်ပြန်သည်။ ခင်မိုးသီက ထီးကို လှမ်းယူလိုက်ရင်း . . .

'ထိုင်ဦး မောင်။ သီ အဝတ်လဲလိုက်ဦးမယ် . . .'

'အောင်မယ်လေး၊ နားခါးလိုက်တာဗျာ၊ မောင် . . . တဲ့'

မောင်မြင့်နောင်က အော်ပြောလိုက်ပြီး ဟားတိုက် ရယ်နေတော့

၏။

'နေပါဦး . . . မောင်ရင်က ဘယ်က ဘယ်လို ဒီကိုရောက်လာတာလဲ'

ကိုအောင်ကျော်က မေးလိုက်သည်။

'ကျုပ်တို့ကတော့ ရန်ဖြစ်ရအောင်လာတာပဲ . . .'

'ကဲပါ ဒါတွေ တော်ကြပါတော့၊ အနွဲ့ ငိုချင်လာပြီ . . .'

အနွဲ့အား ကြည့်ပြီး ကိုအောင်ကျော်က . . .

'အလို အနွဲ့ သိပ်လှနေပါလား၊ ဒီလို ဖီးလိမ်းထားတာ ကိုယ်တစ်ခါမှ မတွေ့ဖူးပါဘူး . . .'

'သိပ်မစနဲ့ မောင်၊ ကောင်မလေးငိုတော့မယ်'

ရင်ရင်နွဲ့သည် တကယ်ပင် မျက်နှာလေးကို လက်ဆယ်ချောင်းအုပ်ကာ အိမ်ပေါ်သို့ တက်ပြေးလေတော့၏။ ခင်မိုးသီက သူတို့နှစ်ယောက်အား လက်သီးဆုပ်ပြကာ နောက်မှ လိုက်ပါသွားလေသည်။

'ဘယ့်နှယ်လဲ၊ မောင်ရင်တို့ ဘယ်တော့ လက်ထပ်ကြမှာလဲ'

'ဘယ်တော့ ရမလဲကွ၊ ဒီဂရီ ရပြီးမှပေါ့ . . .'

တစ်နေ့တွင် သူ့အတွက် ခင်မိုးသီသည် မျက်ရည်ကျရဦးမည်ကိုတော့ သူတို့နှစ်ယောက်စလုံး ကြိုတင် မသိရှိခဲ့ကြပါပေ။

'ဒါနဲ့ မောင်ရင်၊ အနွဲ့ကို ချွတ်ထားတယ် မဟုတ်လား . . .'

'ကိုယ်ချွတ်တာ မဟုတ်ဘူး၊ သူ့ဘာသူ ကျွတ်တာပါ . . .'

'ဆိုစမ်းပါဦး ဘယ်လိုလဲ . . .'

မောင်မြင့်နောင်သည် ကိုအောင်ကျော်အနီးရှိ ကုလားထိုင်သို့ ပြောင်းရွှေ့ထိုင်လိုက်ကာ မေးလိုက်လေ၏။ ကိုအောင်ကျော်သည် အိမ်ပေါ်သို့ လှမ်းကြည့်လိုက်၏။

'မကြားပါဘူး . . .'

မောင်မြင့်နောင်က အထက်ထပ်မှ မကြားနိုင်ကြောင်းတာ ဝန်ခံလိုက်၏။

'ဒီလိုကွ၊ တစ်ညတော့ စန်းစန်းခင်တို့ အတင်းခေါ်တာနဲ့ ပါလီမန် အတွင်းဝန် တစ်ယောက်ရဲ့အိမ်ကို ညစာစားဖို့ လိုက်သွားတယ် . . .'

'ကိုယ့်ကိုတော့ ဒါတွေ မပြောပါလား၊ အင်း ဆိုပါဦး'

'ကိုယ်လည်း ဘယ်ပြောမလဲ၊ သီသီက ပြောလို့သိရတာ၊ အဲ့ဒါ ဟိုကျတော့ ကျောင်းသား ဆယ်လေးငါးယောက်နဲ့ ဒီအက်စ်အို ခေါင်းဆောင် လေးငါးယောက်ရယ်၊ နိုင်ငံရေးသမား လေးငါးယောက်ရယ်၊ တွေ့ရတယ်တဲ့၊ သီသီလည်း ပါသွားတာပေါ့၊ အစားအသောက်ကတော့ ဟော်တယ်က မှာတာတွေပေါ့၊ စားနေကျ ကြောင်ဖားတွေရဲ့ ထုံးစံအတိုင်း ပေါ့ကွာ၊ ပင်မှည့်ထဲကို ရမ် ထည့်တိုက်ပြီး သောင်းကျန်းကြတော့တာပေါ့ လေ၊ နောက်ဆုံးတော့ အတွင်းဝန်ကိုယ်တိုင် အနွဲ့နားလာထိုင်ပြီး ပွတ်သီး ပွတ်သပ်လုပ်လို့ အနွဲ့လည်း တစ်ခါတည်း ပါးတစ်ချက်ရိုက်ပြီး ပြန်လာ တော့တာပဲ . . .'

'အဲတုန်းက မျိုးမြင့်ပါသတဲ့လား . . .'

'မပါဘူး၊ သူက နောက်တစ်နေ့တော့ လာတောင်းပန်သေးတယ်၊ ဒါပေမဲ့ အိမ်က လူကြီးတွေကကို မကျေနပ်နိုင်ဘူးပေါ့ကွာ၊ အဲဒါ ဂတ်တိုင် မယ် လုပ်တာတောင် ဦးတို့ဌာနက ဝန်ကြီးက ဝင်တောင်းပန်လို့ ပြီးသွား တာ. . .'

'ဒါလောက်တောင် ဖြစ်လိုက်ကြတာကိုး၊ ဒါနဲ့များတောင် မျိုးမြင့်က အရှက်မရှိဘဲ မျက်နှာပြောင်တိုက်ပြီး ညီမလေးကို စိုးရိမ်သလေး ဘာလေး လာပြောရသေးတယ် . . .'

'ဘယ်တုန်းကလဲ . . .'

'စောစောကပေါ့ . . .'

'အနွဲ့က ဘာပြန် ပြောလိုက်သလဲ . . .'

'နှင်လွှတ်လိုက်တာပေါ့၊ ဒါပေမဲ့ ဒီကိစ္စတော့ ထည့်မပြောဘူး ထင်တယ် . . .'

'ရှက်လို့နေမှာပေါ့၊ ပြီးတော့ မျိုးမြင့်ကလည်း ဒီကိစ္စမျိုးတွေ

ကျတော့ ကင်းတယ်၊ ဒီတော့ သူတို့အထဲမှာ အဲ့ဒီလူ လေးငါးယောက်သာ စုန်းပြူးရှိတယ်လို့ လှိမ့်နိုင်တာပေါ့ . . .'

မောင်မြင့်နောင်သည် သဘောပေါက်လာပြီး ခေါင်းကို တဆတ်ဆတ် ညိတ်နေ၏။ ထိုအချိန်တွင် လှေကားမှ ဆင်းလာသံများကိုကြားရ၏။

'မောင်ရင့်ကို တစ်ခုတော့ပြောမယ်နော်၊ မမသီမှာ စေ့စပ်ထားတဲ့ လူ ရှိတယ်'

'ဘာ ကတုံးကတိုက် လုပ်နေတာလဲ . . .'

ခင်မိုးသီက လှမ်းအော်လိုက်သည်၊ ရင်ရင်နွဲ့မှာ အဝတ်အစားများ လဲလာပြီး မျက်နှာကလေးမှာ ရှက်သလို ရွံ့သလို ရှိနေ၏။ လက်သည်း နီနီကို ပုလဲဖြူဖြူများကြားတွင် ညှပ်ထားလေသည်။

'မမသီတို့ ဘာကားကြည့်လဲ . . .'

မောင်မြင့်နောင်က အနွဲ့အား သက်ညှာသောအားဖြင့် ထွေငေါ့ သော စကားများမှ ရုပ်ရှင်ဘက်သို့ လွှဲပြောင်းပေးလိုက်သည်။ သူတို့ လေးယောက် ရယ်ရယ်မောမောနှင့် ရုပ်ရှင်အကြောင်း မိနစ်နှစ်ဆယ် လောက် ပြောမိကြသောအခါတွင် ဦးထွန်းဝင်းနှင့် ဒေါ်ခင်မြမြတို့ ပြန် ရောက်လာကြလေသည်။

မောင်မြင့်နောင်တို့သည် ခဏတစ်ဖြုတ် စကားပြောပြီး ပြန်မည် ပြုသော်လည်း အားလုံးညစာစားပြီး အေးအေးဆေးဆေး ပြန်ရန် ဆွဲထား ကြလေသည်။

ဒေါ်ခင်မြမြနှင့် အမျိုးသမီး နှစ်ယောက်သည် လေးနာရီခွဲပြီးမှ မီးဖိုချောင်ထဲသို့ ဝင်ကြသော်လည်း ခြောက်နာရီ ထိုးသောအခါတွင်ကား ထမင်းစားရန် အသင့်ဖြစ်ပါတော့သည်။ ရေခဲသေတ္တာထဲမှ ဟင်းသီးဟင်း ရွက်များသည် လန်းလန်းဆန်းဆန်းပင် ရှိကြလေသည်။ ဝက်အူချောင်းများ ကားမှုနေလေသည်။

အမျိုးသမီးများ ထမင်းချက်ရန် ဝင်သွားကတည်းကစ၍ ဦးထွန်း ဝင်းသည် လူငယ်လေးနှစ်ဦးအား ကမ္ဘဋ္ဌာန်းအကြောင်း ဟောကြားလေရာ

ထမင်းစားခေါ်မှပင် စကားစပြတ်လေတော့သည်။ ထမင်းဝိုင်းပြီးသောအခါတွင် ဧည့်ခန်းတွင်း၌ စကားဝိုင်း မြိုင်ပြန်လေတော့သည်။ ယခုတစ်ကြိမ်တွင်မူ ပညာသင်ကြားရေး အကြောင်းများ ဖြစ်လေသည်။

'မောင်မြင့်နောင်၊ မင့်နှမတော့ စာသင်ပေးဦးမှပဲ . . .'

ဒေါ်ခင်မြမြက ဆေးပေါလိပ်ကြီးကို မော့်ရင်း ပြောလေ၏။

'မမသီက သင်မပေးဘူးလား'

'မက်စ်ဆို ကိုယ်က သင်နိုင်မတဲ့လား'

ရင်ရင်နွဲ့က မောင်မြင့်နောင်အား တစ်ချက်ခိုးကြည့်၏။ သို့သော်လည်း ထိုအကြည့်ကို ဦးထွန်းဝင်းမှတစ်ပါး အားလုံးက မိလိုက်လေသည်။ သူမအားသာ သင်္ချာပေးရမည်ဆိုလျှင် သူညထဲက သူညနှုတ်လျှင် တစ်စုံတစ်ခု ကျန်နိုင်ကြောင်းကို ခုနစ်ရက် ခုနစ်လီ ရှင်းပြရပါစေ၊ သူက ငြင်းဆန်မည် မဟုတ်ပါပေ . . .'

'ဂျော်မက်ထရီ နှစ်ခုနဲ့ ထရီဂိုနိုမက်ထရီကိုတော့ လိုက်နိုင်ပါတယ်။ အယ်လ်ဂျီဘရာဝမ်းနဲ့ တူးကတော့ ကုလားဆရာတွေ သင်တာမို့လို့ ဘာမှန်းကိုမသိဘူး၊ အန္တဲ့တော့ ယေနဲ့ယိတ်ပဲ ကြားတာပဲ . . .'

'ဦးဘတုတ် ဘာသင်သလဲ . . .'

'ဆောလစ် အသင်အပြကောင်းပါတယ်။ ဒါပေမဲ့ သူက အမေရိကသွားတော့မယ် . . .'

'ကိစ္စမရှိဘူးလေ။ ခုတော့ ကိုယ်လည်းမအားဘူး၊ အောက်တိုဘာကျောင်းတစ်လပိတ်တော့ အယ်လ်ဂျီဘရာကို ကိုယ် သင်ပေးမယ် . . .'

'စိတ်ညစ်ပါတယ်၊ အန္တဲ့တော့ လောဂျစ်လည်း ကျူရှင်ယူမှပဲ'

'ဘာလို့လဲ . . .'

'အို ဘာမှ မကြားရဘဲ၊ တစ်ခါတစ်လေ ထိုင်စရာမရလို့ အပေါက်ဝကနေ မတ်တတ်ရပ်ပြီး နားထောင်ရတယ်၊ ဘယ့်နှယ်လုပ်ပြီး နုတ်ထုတ်တော့မလဲ . . .'

'ဒါကြောင့်မို့ ပြောတယ်မဟုတ်လား၊ စာသင်ခန်းတွေ တိုးချဲ့ရေး၊

ဆရာတွေခန့်ထားရေးအတွက် တိုက်ပွဲဝင်နေတဲ့ တိုးတက်ကို ထောက်ခံပါလို့'

ကိုအောင်ကျော်က ပြောလိုက်ရာ အားလုံး ရယ်လိုက်ကြပါသည်။

'တက္ကသိုလ်ရောက်မှ ကျူရှင်ယူရတယ်၊ မှတ်စုတွေ ဝယ်ဖတ်ရတယ် ဆိုတာတော့ ဟန်မကျဘူး . . .'

မောင်မြင့်နောင်က ပြောလိုက်သည်။

'ဦးလည်း အဲ့ဒါ ပြောတာပေါ့ကွ၊ မှတ်စုတွေကျက်ပြီး ဘီအေအောင်ကတဲက ဒီ ဘီအေဟာ ဘယ် အသုံးကျတော့မလဲ . . .'

'အမှန်တော့ ဦး၊ ခုဟာက ပြောင်းပြန် ဖြစ်နေတာပဲ၊ ပြဋ္ဌာန်းတဲ့ စာအုပ်တွေကို ချဲ့ပြီး သူနဲ့ ဆက်သွယ်နေတဲ့ တခြားစာအုပ်တွေကို ဖတ်ရမယ့်အရေးမှာ ဒီစာအုပ်ကိုတောင် အပြည့်အဝ မလေ့မလာဘဲ အကျဉ်းချုပ်တွေကို အလွတ်ကျက်နေရင် ဘယ်မှာ အသိဉာဏ်တို့ စဉ်းစားဉာဏ်တို့ ဆိုတာ ရှိတော့မလဲ၊ တီထွင်ဆန်းသစ်မှုတွေ ဘယ်မှာရှိတော့မလဲ၊ နောက်မြီးဆွဲက တက်တော့မှာ မဟုတ်ဘူး . . .'

မောင်မြင့်နောင်က ပြောလိုက်သည်။

'ဦးတော့ ရှေ့ရေးကို စိတ်လေးပါတယ်ကွာ၊ အင်္ဂလန်မှာ ယူနီဗာစတီနဲ့ ကောလိပ် (၂၅) ခု ရှိတယ်၊ ကနေဒါမှာ (၂၀)ရှိတယ်၊ အင်ဒိယမှာ (၃၆)ခု၊ ပါကစ္စတန်မှာ (၆) ခုရှိတယ်၊ အင်္ဂလန်မှာဆိုရင် ကျောင်းသားတစ်သိန်းလောက်အတွက် ဆရာတစ်သောင်းကျော်ရှိတယ်၊ ကျောင်းသားဆယ်ယောက်မှာ ဆရာတစ်ယောက်ရှိတယ်၊ တို့ဆီမှာတော့ တက္ကသိုလ်လေးတစ်ခုနဲ့ ကောလိပ်ဆိုလို့ မန္တလေးနဲ့ မော်လမြိုင်မှာပဲ ရှိသေးတယ်။ ဒါလည်း အဆောက်အဦ မပြည့်စုံ၊ ဆရာ မပြည့်စုံ၊ ပစ္စည်းမပြည့်စုံနဲ့ ရှုနာရှိုက်ကုန်းပဲ၊ အစိုးရကလည်း သူ့ပါတီထောက်ခံမယ့် ကျောင်းသားတွေကိုသာ ရှာနေတယ်၊ ပညာရေးတိုးတက်မှုအတွက်တော့ ဟုတ္တိပတ္တိ မကြိုးစားဘူး၊ ကလေးတွေနဲ့ ရန်ဘက်ဖြစ်နေတာဟာ ရှက်စရာ ကောင်းတယ် . . .'

'ကျွန်တော်တို့က ရန်မဖြစ်ပါဘူး။ နို့မဝလို့ငိုနေပြီး ပူဆာတာ

ပါ. . .'

မောင်မြင့်နောင်က ပြောလိုက်၏။ ခင်မိုးသီက မျက်စောင်းခဲ၍ ရင်ရင်နွဲ့က ပါးစပ်ကို လက်ကိုင်ပဝါကလေး အုပ်၍ ရယ်လိုက်သည်။

'မင်းတို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို တရားသဖြင့် တောင်းတာတော့ ဦးတို့က အဆိုးမဆိုပါဘူး။ ဒါပေမဲ့ နိုင်ငံရေး သမားတွေရဲ့ ခုတုံးတော့ အဖြစ်မခံနဲ့ကွာ . . .'

မောင်မြင့်နောင်နှင့် ကိုအောင်ကျော်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြ၏။

'ပြီးတော့ ဆရာတွေကိုလည်း မလေးမစား မလုပ်ကြနဲ့ . . .'

'ဟုတ်ကဲ့ . . .'

မောင်မြင့်နောင်က ခေါင်းညိတ်လိုက်သည်။

'ဒါနဲ့ သမီးဝယ်ရမှာ ဘာစာအုပ်တွေ့ . . .'

'ဆိုရှယ်ဖရိမ်းဝပ်ပါ . . .'

'အဲ့ဒီစာအုပ် မောင်မြင့်နောင်ဆီမှာများ အဟောင်းမရှိဘူးလား. . .'

'ရှိပါတယ် . . . ကျွန်တော်ယူလာခဲ့မယ် . . .'

'သူတို့ဟာက စိတ်ပျက်စရာကြီးပါကွယ်၊ စာအုပ်တွေလည်း အကုန်ဝယ်လို့ မရဘူး . . .'

ဒေါ်ခင်မြမြက ညည်းညူလိုက်သည်။

'ကိစ္စမရှိပါဘူး ဒေါ်ဒေါ်၊ ဘီအေ အောင်သွားရင် တစ်လ သုံးရာ ရမယ့်ဟာပဲ'

ခင်မိုးသီက ပြောလေသည်။

'ကောင်းတာပေါ့၊ လိုင်စင်သမားတွေက တစ်လသုံးထောင် သုံး သောင်းရနေတဲ့အခါမှာ ဆယ့်လေးငါးနှစ် ကြိုးပမ်းလာရတဲ့ ညည်းတို့က တော့ တစ်လ သုံးရာပဲရတယ် . . .'

'အဲဒီတော့ လာဘ်ကလေး ဘာလေး စားတာပေါ့ မေမေရာ. . .'

ရင်ရင်နွဲ့က ခုမှ တစ်ခွန်းပဲ ဝင်ပြောလိုက်၏။ သို့သော်လည်း သူမ၏စကားကို အားလုံးက အသိအမှတ်ပြုပြီး ရယ်မောလိုက်ကြလေသည်။

အမှန်အားဖြင့်မူ ရင်ရင်နွဲ့သည် အတော် ကြိုးစားသူတစ်ယောက်ဖြစ်လေသည်။ ရင်ရင်နွဲ့လို ကွန်ဗင့်ကျောင်းမှ ဂုဏ်ထူးနှင့်အောင်လာသူ ပိုက်ဆံရှိသမီးတစ်ဦးပင်လျှင် ပညာသင်ကြားရေးအတွက် အနှောင့်အယှက် ရှိနေခဲ့လျှင် မြန်မာကျောင်းထွက် ဆင်းရဲသားသမီးများအဖို့မူ ပြောစရာမရှိတော့ပါပေ။

ညကိုးနာရီ ထိုးမှပင် ကျောင်းသားတပ်ဦး အဖွဲ့ဝင်နှစ်ဦးသည် ရန်ကုန်တက္ကသိုလ်သို့ ပြန်လာကြလေတော့၏။ ကျောင်းသူလေးနှစ်ဦးက ဝင်းဝထိ လိုက်ပို့ကြလေသည်။ ပြီးတော့ ပြုံးကြသည်။

သစ္စာတရားကို ယုံကြည်သူများအဖို့တော့ ဤအပြုံးကလေးများကို မမေ့စေချင်သည်သာ။

## အပြုံးနှင့်အမည်း

(က)

ကို . . .

တနင်္ဂနွေနေ့က ပြောစရာရှိလို့ သူလာမလားလို့ စောင့်နေပါတယ်။ သူ ရင်ရင်နွဲ့အိမ် သွားနေတယ်ဆို၊ ဟုတ်ရဲ့လား။ ရဲဘော်မတစ်ယောက် တိုးလာလို့ ဝမ်းသာပါတယ်။ ဒါပေမဲ့ သတိထားပြီး ဆက်ဆံပါ။ သူတို့က လူတန်းစား မမှန်ဘူး မဟုတ်လား . . . ။

ကိုယ့်မှာ ပြောစရာရှိတယ်ဆိုတာက တခြားမဟုတ်ဘူး။ ကိုမျိုးမြင့်ဟာ ကိုယ့်ကို သိပ်ကပ်နေတယ်။ မိဘတွေမျက်နှာနဲ့မို့ ပစ်ပစ်ခါခါလည်း ပြောပစ်လိုက်လို့ မဖြစ်ဘူး။ ကိုယ်ကသာ မချစ်ဘဲနေနိုင်တယ်။ သူများကိုတော့ မချစ်ပါနဲ့လို့ မပြောနိုင်ဘူး မဟုတ်လား။ ဒါကြောင့် ကိုယ်နဲ့ အတူနေပါ။ သူရှိရင် သူများမကပ်နိုင်ဘူးပေါ့။ ကူညီချင်တယ်ဆိုရင် ပြောတာပါလေ။

**ရန်အောင်စာပေ (၂)**

တစ်နေ့ကျ ကိုယ် စာရေးလိုက်မယ်ဆိုတဲ့ ကတိ တည်ပြီလေ။

ရွှေ

ကိုအောင်ကျော်က စာကိုဖတ်ပြီး မောင်မြင့်နောင်အား ပြန်ပေးလိုက်သည်။

'ကိုယ်တော့ ရွှေစင်ဦးကို သဘောမကျဘူး၊ ဘာ့ကြောင့်လဲတော့ မပြောတတ်ဘူး . . .'

'ဒါက ထားပါ။ ဒီစာကို ပြောပါဦး . . .'

'ကိုယ့် အမြင်တော့ ရေလာမြောင်းပေးပဲ . . .'

'စေတနာနဲ့ ပြောတာမှ ဟုတ်ရဲ့လားကွာ . . .'

ထိုအချိန်တွင် အခန်းအတူနေ ဒီအက်စ်အိုသည် သင်တန်းမှ ပြန်လာ၏။ ချက်ချင်းပင် ထမင်းစားရန် ပြန်ထွက်သွားလေသည်။

'သူက ထားပါဦး၊ မောင်ရင်ကော'

'ကိုယ်က ဘာလဲ . . .'

'မောင်ရင်က ရွှေစင်ဦးကို ချစ်နေပလား . . .'

'နော . . .'

'ဒါဖြင့် ရင်ရင်နွဲ့ကိုကော . . .'

'နော . . .'

'ဒါပေမဲ့ ကိုယ်တော့ မြင်ယောင်နေပါသေးတယ်။ မောင်ရင်နဲ့ ဒီအမျိုးသမီးနှစ်ယောက် တစ်နေ့ကျ ပြဿနာပေါ်မှာပဲ . . .'

မောင်မြင့်နောင်သည် ရေတခေါင်းထဲမှ တစ်ဖန်ခွက်ငှဲ့သောက်ရင်း. . .

'ဖြစ်နိုင်ပါတယ်၊ ကိုယ်လည်း သူတို့နှစ်ယောက်ကို အကဲခတ်နေတာပဲ၊ ကိုယ့်ကို ရိုးရိုးသားသား ခင်တာလား၊ တမျိုးတမည်လားပေါ့ . . .'

ထိုအချိန်တွင် ကျောင်းသားတစ်ယောက်သည် သူတို့အခန်းရှေ့မှ ထော့နဲ့ ထော့နင်းနှင့် ဖြတ်သွားလေသည်။

**ရန်အောင်စာပေ (၂)**

'အဲဒါ ဒီအကိစ်အို ကျေးဇူးပေါ့ . . .'

'ကိုယ်သိပါတယ်၊ မရမ်းကုန်းမှာ တစ်အိမ်လုံး ငှားပြီး နယူးအိုက်ခွန်က အမျိုးသမီးတွေနဲ့ တစ်ညလုံး လွှတ်ပေးထားလို့မှ ပင်နင်စလင် မထိုးရရင် ဘာမို့လဲ . . .'

'မနေ့ညကလည်း ဒီကောင်တွေ သီရိဆောင်ရှေ့မှာ လာဆဲသေးတယ်တဲ့'

မောင်မြင့်နောင်က နာရီကို ကြည့်လိုက်ပြီး . . .

'တစ်ချက်ထိုးရင် မြို့ထဲသွားရဦးမယ်၊ ရွှေကောက်ပွဲ ကြေညာစာတမ်း(၁) ထွက်မယ်၊ မောင်ရင် တွေ့လိုက်ရသလား . . .'

'ဟင့်အင်း မောင်ရင် ရေးတာလား . . .'

'ဆိုပါတော့၊ ရဲဘော်တွေ ပြင်လိုက်ကြတာ ရှုပ်ယှက်ခတ်သွားတာပဲ၊ ကိုယုတို့ကတော့ တစ်ပိုဒ်လုံးကို ဖြုတ်ချပစ်လိုက်တယ်'

'အဲဒီနေ့က ကိုယ် အစည်းအဝေးမတက်ဘူးလေ၊ လောက်စပီကာ သွားငှားနေရလို့နဲ့ တူတယ် . . .'

ထို့နောက် ကိုယ့်အတွေးနှင့် ကိုယ် ငြိမ်နေကြသည်။

'မမသီက ပြောတယ်၊ အန္တဲ့ဟာ မောင်ရင့်ကို အတော် စိတ်ဝင်စားနေတယ်တဲ့ . . .'

'ခက်သားပဲ၊ အပြောအဆိုမှားပြန်ရင်လည်း စေတနာအလွဲသုံးစားလုပ်တယ်လို့ ဖြစ်နေဦးမယ်၊ အမှန်ကတော့ သူတို့နှစ်ယောက်စလုံး မြတ်နိုးစရာပဲ၊ အခု အတိုင်းဆိုရင် ရွှေစင်ဦးက ပိုပြီး ရင်းနှီးသေးတယ်. . .'

'ကိုဉာဏ်လင်းတို့ကတော့ မောင်ရင်နဲ့ သူတွဲနေတာကို သဘောမကျဘူး'

'ဒါ ဘာဆိုင်သလဲ၊ ကိုယ်တို့ဟာ တည်တည်တန့်တန့် ဆက်ဆံနေကြတာပဲ၊ လူရှေ့ သူရှေ့မှာ ပုတ်လားခတ်လား လုပ်နေတာမှ မဟုတ်ဘဲ. . .'

'သွားမယ်၊ ကိုယ် ပရော်ဖက်ဆာနဲ့ တွေ့ရဦးမယ် . . .'

**ရန်အောင်စာပေ (၂)**

ကိုအောင်ကျော်က ထ၍ စာအုပ်များကို ရွှေနှုတ်ယူနေသည်။ စာအုပ်ပုံထဲမှ စာတစ်စောင် ထွက်လာသည်။

'ဒီမှာ မောင်ရင့်စာတစ်စောင် ရှိသေးတယ်လေ . . .'

မောင်မြင့်နောင်က ယူ၍ကြည့်လိုက်ရာ မိခင်ကြီးထံမှ ဖြစ်ကြောင်း သိလေသည်။ ထိုနောက်တွင်ကား မောင်မြင့်နောင်၏ စာများသည် ပင်းယ (၂၂)သို့ တစ်နေ့တစ်စောင်ရောက်လျက်ရှိ၏။ မိခင်ကြီးထံမှတော့ တစ်လ တစ်စောင်သာ ဖြစ်ပါ၏။ တစ်နေ့ တစ်စောင်တို့မှာ ရွှေစင်ဦး၏ လက်ရာများ သာ ဖြစ်ချေသည်။ မောင်မြင့်နောင်ကလည်း ညတိုင်းစာတစ်စောင် ရေးနေ ကြောင်းကိုတော့ အထူးပြောနေဖွယ်ရာ မရှိပါပေ။

(၁)

တကာသ ပထမအသုတ် ရွေးကောက်ပွဲသည် တစ်နေ့ထက် တစ်နေ့ နီးကပ်လာလေပြီ။ တိုးတက်၊ ဒီအက်စ်အို၊ သန့်ရှင်းတို့သည် အပြိုင် အဆိုင် စည်းရုံးရေးဆင်းလျက် ရှိကြသည်။ ဖဆပလ အမတ်များသည် ဘတ်ဂျက်လွှတ်တော်သို့ လာကြရင်းနှင့် မိမိတို့မဲဆန္ဒနယ်မှ ကျောင်းသား များအား တွေ့ဆုံလျက် ရှိကြသည်။

တက္ကသိုလ်နယ်မြေ တစ်ဝိုက်တွင် ပိုစတာများ ကပ်ထားကြသည် မှာ ရုပ်ရှင်ရုံများက အရှုံးပေးရလေသည်။ အသံချဲ့စက်နှင့် ကားများသည် ကျောင်းဆောင်များသို့ လှည့်လည် တရားဟောလျက်ရှိ၏။ လက်ကမ်း ကြော်ငြာများကား နွေဦးလေမြူးမှ ရော်ရွက်ဝါများပမာ ဖြစ်ပါသည်။

အစည်းအဝေးများ၊ ဆွေးနွေးပွဲများသည် နေ့တိုင်း ညတိုင်း ကျောင်းဆောင်တိုင်း၌ ရှိလေသည်။ ကျောင်းသား ကျောင်းသူအချင်းချင်း တွေ့လျှင်လည်း ရွေးကောက်ပွဲ အကြောင်းကိုသာ ပြောကြပါသည်။ သတင်းစာများကလည်း တက္ကသိုလ်သတင်းကို နေ့စဉ် ဦးစားပေးလျက် ဖော်ပြနေပါသည်။

ဥက္ကဋ္ဌနေရာတွင် ကိုအောင်သန်း၊ ကိုကြည်ညွန့်၊ ကိုအုန်းခိုင်တို့

ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဒုတိယဥက္ကဋ္ဌနေရာတွင်ကား ယှဉ်ပြိုင်သူ လေးဦး ရှိလေသည်။ စောအုံးကျင်၊ ကိုမျိုးတင့်၊ ကိုရဲထွဋ်နှင့် ကိုလှစိုးလွင်တို့ ဖြစ်ပါသည်။ ငွေထိန်းနေရာအတွက် ကိုလှဝင်း၊ ကိုအောင်ခင်နှင့် ကိုအောင်နိုင်တို့ ယှဉ်ပြိုင်ကြပေလိမ့်မည်။

တိုးတက်ဟု ခေါ်ဆိုနေကြသော ကျောင်းသားညီညွတ်ရေးအဖွဲ့သည် အလှုပ်ရှားအတက်ကြွဆုံး ဖြစ်လေသည်။ လူမျိုးစုံအဖွဲ့များ၊ ခရိုင်အသင်းများ၊ ကျောင်းဆောင်များ၊ နေ့ကျောင်းသားများ၏ ထောက်ခံမှုကို အများဆုံးရလျက်ရှိလေသည်။ ရွေးကောက်ပွဲတွင်ပါဝင်မည့် ရဲဘော်များမှာလည်း ရာဇဝင်ရှိသော ကျောင်းသားခေါင်းဆောင်များဖြစ်၍ ကျောင်းသူကျောင်းသားများ နှုတ်တွင် ရေပန်းစားလျက် ရှိလေသည်။

ဒုတိယလှုပ်ရှားမှုပေးနိုင်သော အဖွဲ့မှာ ဒီမိုကရက်တစ် ကျောင်းသားများအဖွဲ့ ဖြစ်လေသည်။ ၎င်းတို့သည် ဖဆပလ၏ လမ်းစဉ်အတိုင်း သူတို့ထုတ်ဝေသော ကြေငြာစာတမ်းများတွင် ဗိုလ်ချုပ်ပုံကို အလွဲသုံးစား ပြုကာ ဖော်ပြထားလေသည်။ ရွေးကောက်ပွဲ နီးလာသောအခါကား ရန်ကုန်ခရိုင် ဖဆပလအဖွဲ့မှ အမှုဆောင်များနှင့် ဝန်ကြီးကတော်တစ်ဦးက ဦးစီးလျက် စည်းရုံးရေးဆင်းလျက် ရှိလေသည်။ တက္ကသိုလ်နယ်မြေတစ်ဝိုက်တွင် ဒီအက်စ်အို ကားအချင်းချင်း တိုက်မတတ် ပျာယာခတ်လျက်ရှိလေသည်။ အရာရှိများသာ စီးရသော ပြည်တော်သာ ဂျစ်ကားများသည် တက္ကသိုလ်တွင်သာ လှည့်လည်လျက် ရှိလေသည်။

မောင်မြင့်နောင်နှင့် ရဲဘော်များသည် အနိုင်ရရှိရေးအတွက် နေ့မအား ညမအား ဆောင်ရွက်လျက် ရှိလေသည်။

မောင်မြင့်နောင်သည် ရင်ရင်နွဲ့တို့ အိမ်ကို မရောက်နိုင်တော့ပါ။ သို့သော်လည်း ရွှေစင်ဦးနှင့်ကား တစ်နေ့ သုံးလေးကြိမ်တွေ့နေရပြီး စာချင်းအဆက်အသွယ်မှာလည်း တစ်နေ့မပြတ် ဖြစ်ပါသည်။

တစ်ညတွင် ရွှေဘိုဆောင်၌ ဆွေးနွေးပွဲအပြီး ကိုဉာဏ်လင်းက မောင်မြင့်နောင်အား ကိုယ်ရေးကိုယ်တာ ဝေဖန်မှု ပြုလုပ်လေသည်။ ၎င်းမှာ

ရွှေစင်ဦး ကိစ္စပင် ဖြစ်လေသည်။

'ဒီမယ် ကိုမြင့်နောင်၊ ခင်ဗျားတို့ဟာက ဘာသဘောလဲ၊ နေ့တိုင်း လူချင်း တွေ့နေလျက်သားနဲ့ စာပေးစာယူ လုပ်နေတယ်ဆိုတာ . . .'

'ဒါ ဘာပြုလဲ၊ ကျွန်တော်တို့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပါ'

'ကျွန်တော်တို့ ဆင်ခြင်ရမယ်ဗျာ . . .'

'ဒီမယ် ကိုဉာဏ်လင်း ကျွန်တော်ပြောမယ်၊ ကျွန်တော်တို့မှာ အသည်းနှလုံးရှိတယ်။ အသွေးအသားရှိတယ်၊ ဒါပေမဲ့ အဲဒီနှစ်ခုကို ထိန်းချုပ်ထားနိုင်တဲ့ ဦးနှောက် ရှိပါသေးတယ်။ ကျွန်တော်နဲ့ ရွှေစင်ဦးဟာ မောင်နှမအရင်းမဟုတ်ဘူး၊ တစ်ယောက်နဲ့ တစ်ယောက် ချစ်ချင် ချစ်ကြမှာပဲ။ သူက မချစ်ဘဲ ကျွန်တော်က တစ်ဖက်သတ် ချစ်နေတာလည်း ဖြစ်နိုင်တယ်။ သူက မျှော်လင့်နေတာလည်း ဖြစ်နိုင်တယ်။ အရေးကြီးတာက ကျွန်တော်က ဗလက္ကာရ မပြုဖို့ရယ်၊ လူသိရှင်ကြား လက်မထပ်ရသေးဘဲနဲ့ လွန်လွန်ကျူးကျူး မဖြစ်ဖို့ရယ်သာ အရေးကြီးတာပါ။ ကျွန်တော်တို့ နှစ်ယောက်ဟာ သူများတွေထက် ပိုမိုခင်တယ်၊ ပိုတွဲတယ်၊ အဲဒါ ဘာဖြစ်သလဲ။ ကျွန်တော် တာဝန်ပျက်ကွက်သလား၊ ကျွန်တော်တို့နှစ်ယောက်ဟာ အဓိပတိလမ်းပေါ်မှာ လက်တွဲလမ်းလျှောက်နေသလား၊ ဘယ်ချောင်ကြား ထဲမှာ ဖက်နမ်းနေတာ တွေ့သလဲ ပြောစမ်းပါ . . .'

မောင်မြင့်နောင်က ပြောရင်း ပြောရင်းနှင့် ဒေါသကြီးလာနေ၍ ရဲဘော်များက ဝင်၍ ထိန်းရလေသည်။

'ကျွန်တော်တို့ ခင်ဗျားကိုယုံပါတယ် ကိုမြင့်နောင်၊ ကိုဉာဏ်လင်း ကလည်း အကောင်းပြောတာ၊ ကျွန်တော်တို့အပေါ် ကျောင်းသားတွေက ထင်ယောင်ထင်မှား မဖြစ်စေဖို့ပါ။ ခင်ဗျားတို့နှစ်ယောက် ချစ်ကြိုက်နေကြ ရင်လည်း ကျွန်တော်တို့ကို ဘာဖုံးကွယ်စရာရှိသလဲ၊ ဖွင့်ပြောပေါ့။ တက္ကသိုလ်မှာ လူသိရှင်ကြား သမီးရည်းစားဖြစ်နေကြတာတွေ အများကြီးပဲ၊ သမီး ရည်းစား မဟုတ်ဘဲနဲ့ ခုလို တတွဲတွဲ လုပ်နေရင်တော့ ခင်ဗျားအပေါ်မှာ ပြောစရာ ဖြစ်လာလိမ့်မယ် . . .'

**ရန်အောင်စာပေ (၂)**

သူနှင့် ရင်းနှီးသော ကိုစိန်ဝင်းက ပြောပါသည်။ မောင်မြင့်နောင်က ဘာမျှပြန်မပြောပါတော့ပေ။

တကယ်တော့ သူကိုယ်တိုင်လည်း အဖြူအမည်း ခွဲခြားပစ်လိုက်ချင်ပါပြီ။

(၈)

အခန်းသို့ သူ ပြန်ရောက်သောအခါတွင် ကိုအောင်ကျော်သည် အိပ်ပျော်လျက်ရှိချေပြီ။ ရင်ဘတ်ပေါ်တွင် စာအုပ်တစ်အုပ်ကိုဖွင့်၍ မှောက်တင်ထားသည်။ သူကယူ၍ ဖွင့်ထားသော စာမျက်နှာကို ဘတ်စ်ကားလက်မှတ်ဖြင့် ညှပ်ပိတ်လိုက်ပြီး စားပွဲပေါ်တင်လိုက်၏။ ဒက်ဖနီဒူမောရီးယား၏ 'ရီဘက်ကာ' ဆိုသော ဝတ္ထုဖြစ်ပါသည်။ သူက ရှေ့ဆုံးမျက်နှာကို လှန်ကြည့်လိုက်ရာ ခင်မိုးသီ၏ စာအုပ်ဖြစ်ကြောင်းကို တွေ့ရ၏။ အေဘီစီစာလုံးများသည် ခင်မိုးသီအဖြစ် ပေါင်းစည်းသွား၍ သူက အိပ်ပျော်သွားလေသည် ဖြစ်မည်။

သူက ကြိုးတန်းတွင် ခွတင်ထားသော ငှက်ပျောဖီးမှ ဖီးကြမ်းတစ်လုံးကို ဖြုတ်ယူ၍စားရင်း တစ်ဖက်ခန်းမှ အသံများကို နားစွင့်လိုက်သည်။ ၎င်းတို့သည် စောစောကကြည့်ရှုခဲ့သော ရုပ်ရှင်အကြောင်းကို စားမြုံ့ပြန်လျက်ရှိလေသည်။ ၎င်းတို့ ကြည့်ရှုခဲ့သောကားမှာ ဒီအက်စ်အိုတို့က စည်းရုံးရေးအတွက် ပြသသော ယိုးဒယားအသံတိတ်ကား ဖြစ်လေသည်။ မှန်ပါသည်၊ ဒီအက်စ်အိုများသည် ညစ်ညမ်းသော ရုပ်ရှင်များကိုပြ၍လည်း မဲဆွယ်ပါသည်။

မောင်မြင့်နောင်သည် ငှက်ပျောခွံကိုလွှင့်ပစ်ရင်း တစ်ဖက်ခုတင်ကို ကြည့်လိုက်သည်။ ထိုသူလည်း အိပ်ပျော်နေချေပြီဖြစ်၍ သူက တံခါးကို ကန့်လန့်ထိုး ပိတ်လိုက်သည်။ သူတို့အခန်းထဲက ဒီအက်စ်အိုမှာ စာကြိုးစားသူဖြစ်ပြီး သူ ဒီအက်စ်အိုဖြစ်နေခြင်းမှာ နိုင်ငံခြားသို့ ပညာတော်သင်သွားရဖို့ ဖြစ်လေသည်။

မောင်မြင့်နောင်သည် ခုတင်အောက်မှ သားရေသေတ္တာကို

ဆွဲထုတ်၍ ဖွင့်လိုက်သည်။ ပြီးတော့ ဖိုင်တွဲငယ်တစ်အိတ်၊ စာအိတ် တစ်အိတ်ကို ထုတ်ယူကာ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လိုက်သည်။

အဖြူအမည်း ခွဲတော့မည်လေ၊

စာအိတ်ထဲမှ လက်ကိုင်ပဝါ အပြာတစ်ထည် ထွက်လာသည်။ အာဇာနည်နေ့က ရွှေစင်ဦး၏ အမှတ်တရ လက်ဆောင်ဖြစ်ပေသည်။ ထို့နောက် ဝါးဘီးတစ်ချောင်း ထွက်လာပြန်သည်။ မည်သည့်အခါမျှ ခေါင်း မဖီးသောသူအတွက် အထူးတလည် ပေးအပ်ခြင်းဖြစ်လေသည်။ သူမကို ခင်လျှင် ခေါင်းဖီးပါတဲ့။

'ခေါင်းဖီးလိုက်ရင် လှသွားပြီး အပျိုတွေ ဝိုင်းဝိုင်းလည် နေမှာ စိုးလို့ . . .'

သူ၏ဆင်ခြေကို သူမက လက်ခံပြီး ရယ်မောပါသည်။

နောက်ဆုံး ပစ္စည်းမွန်တစ်ခုကတော့ ရွှေစာရံ သဇင်ခြောက် ကလေးဖြစ်ပါသည်။

'ကိုယ့်အဖို့တော့ အဲဒီသဇင်ကလေးတွေက လွဲရင် မင့်ကို အခင် ဆုံးပါပဲကွယ် . . .'

အဲဒီလိုပြောပြီး ပေးခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် သူတို့သည် သမီးရည်းစားများ မဟုတ်ကြပါပေ။ သူနှင့် ခင်မိုးသီကိုလည်း စိတ်ထား ရိုးလှကြသည်ဟု အာမဝန်ခံ မခံနိုင်ကြပါပေ။

ထို့ကြောင့်လည်း အဖြူအမည်း ခွဲရမည်မဟုတ်ပါလား၊ အဖြူနှင့် အမည်းကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရန် သူက အထောက်အထား အကိုးအကားများကို ရှာဖွေနေခြင်း ဖြစ်၏။

မောင်မြင့်နောင်သည် ပစ္စည်းမွန်သုံးခုကို စာအိတ်ထဲ ပြန်ထည့် ထားလိုက်၏။ ထို့နောက် ဖိုင်တွဲကို ယူလိုက်၏။ ရွှေစင်ဦး၏ စာများသည် ခရော့စလီ စာရေးစက္ကူအကြီးနှင့် တစ်ရွယ်တည်းတစ်ရောင်တည်း ရေးထားသည်များဖြစ်ပါ၏။ အရောင်မှာ အပြာသာဖြစ်ပါ၏။ ယနေ့အထိ ဆိုလျှင် တစ်ဖက်က ပေးသောစာမှာ (၃၆)စောင် ရှိသွားပြီး မိမိကပေးသော

ပြန်စာမှ သုံးဆယ့်ငါးစောင် ဖြစ်လေသည်။

ရွှေစင်ဦး၏ လက်ရေးသည် လူကိုယ်တိုင်လောက်တော့ မလှပေ။

'. . . မနေ့က ယူနီယံကို သုံးခေါက်တောင် ရောက်တယ်၊ သူ့ကို မတွေ့ဘူး။ ဘယ်ကိုများ သဝေထိုးနေသလဲ၊ ညနေလေးနာရီထိုးမှ အိမ်ပြန်တယ်၊ ဘတ်စ်ကားပေါ်မှာ ငေးမောသွားတာနဲ့ မှတ်တိုင် နှစ်တိုင်တောင် လွန်သွားတယ်၊ သူနဲ့မတွေ့တော့ အပျင်းသား . . .'

မိမိချစ်သူအား မတွေ့၍ ရေးထားသည့် ပုံမျိုးများပင်ဖြစ်သည်ဟု သူက ကောက်ချက်ချလေသည်။

'ကိုယ်တို့နှစ်ယောက်ကို သူများတွေက တမျိုးတမည် ထင်နေကြတယ်လို့ သူကများ အစိုးရိမ်တကြီး ရေးရသလား၊ အရေးကြီးတာက ကိုယ်တို့ချင်း ဘာမှမဖြစ်ကြရင် ပြီးတာပဲမဟုတ်လား၊ ကိုယ့်ကိုလည်း ကျောင်းသူတွေက မေးကြပါတယ်။ ကိုယ်လည်း အမှန်အတိုင်းပဲ ပြောလိုက်တယ်။ ကိုယ့်ဘက်ကတော့ ရိုးရိုးသားသားပါလို့၊ သူ့ ဘက်ကလည်း ခုထိတော့ ဘာမှ မဖြစ်သေးပါဘူးလို့၊ သူကတော့ ကိုအောင်ကျော်တို့ကို ဘယ်လိုများ ရှင်းပြသလဲ မသိဘူး . . .'

မောင်မြင့်နောင်သည် စာများကိုဖတ်ရင်း အဖြူအမည်း အတိအကျ ခွဲ၍ မရနိုင်ရှိနေသည်။ သူမ၏ အရေးအသားများသည် အဓိပ္ပာယ်အမျိုးမျိုး ရလေသည်။ ဤတစ်စောင်တွင် အဖြူဘက်များပြီး နောက်တစ်စောင်ကျတော့ အမည်းဘက်သန်းနေသည်။ သူက သချ်ာသမားဖြစ်၍ အခက်အခဲ တွေ့နေပါသည်။

'ကိုယ်နဲ့တော့ မဆိုင်ပါဘူး။ ဒါပေမဲ့ အခင်ဆုံးရဲဘော်တစ်ယောက်မို့ ပြောကြည့်တာပါ။ ရင်ရင်နွဲ့ကို ကိုယ်ခင်ပါတယ်၊ ဒါပေမဲ့ သူ့ကိုများ အသည်းခွဲသွားမလားလို့ စိုးရိမ်နေမိတယ်၊ အနွဲ့ကလှတယ်၊ ကိုယ်တို့ထက် လှတယ် . . .'

အရှုပ်ဆိုးမလေး
'ရွှေ'

**ရန်အောင်စာပေ (၂)**

တစ်ဖက်ခန်းမှ ဆူညံနေသော ကျောင်းသားများပင် အသံတိတ်သွားလေပြီ၊ အပြင် ဝေးဝေးမှ မယ်ဒလင်သံလေးကို ကြားနေရပါသည်။

ကိုယ့်ကို ထောင့်အမျိုးမျိုးမှ ခင်သည်ဆိုသောကို . . .

ညီမလေးအကြောင်းကို ခဏခဏ ပြောဖူးသားပဲ၊ သူဟာ သူ့အစ်မကို သိပ်ခင်တယ်၊ သူ့အစ်မဟာ ညီမထက် ပိုချစ်မယ့်သူ တွေ့သွားမှာ သိပ်စိုးရိမ်နေတယ်။ ဒါကြောင့် သူ့ကို ငွေက ဘုတောတာနဲ့တူပါတယ်

မောင်မြင့်နောင်သည် တချို့အပိုဒ်များကို နှစ်ခါသုံးခါ ထပ်ဖတ်၏။ ရွှေစင်ဦး၏ စာများတွင် တစ်ခါတစ်ရံ သူများအကြောင်းများ ရေးထားသည်ပါ၏။ တစ်ခါတစ်ရံ သူမ အိမ်သားများအကြောင်း ရေထားတတ်၏။ ဈေးဝယ်သွားသည့် အကြောင်းများကြားတွင် သူမ ဖတ်နေသော မာက်စ်ဝါဒ ကျမ်းဂန်များအကြောင်းလည်း ထည့်ရေးထားသည်။

နောက်ဆုံးစာ၏ အဆုံးတွင် ဤသို့ နိဂုံးချုပ်ထားသည်။

ကိုယ့်ဘဝတစ်ခုလုံးဟာ သူပါပဲကွယ်၊ ဒါပေမဲ့ သူ့ဘဝဟာတော့ ကိုယ့်အတွက် မဖြစ်ပါစေနဲ့၊ ဘာလို့လဲဆိုတာ ကိုယ်နောက်မှရှင်းပြမယ်. . .'

မောင်မြင့်နောင်သည် နာရီပြန်နှစ်ချက် ထိုးသောအခါတွင် အဖြူအမည်း မခွဲနိုင်တော့ဘဲ ရက်ရွှေ့ဆိုင်းလိုက်ရတော့သည်။ ရွှေကောက်ပွဲပြီးမှပင် သေသေချာချာ စဉ်းစားပြီး အဆုံးအဖြတ် ပေးရပေတော့မည်။

တကယ်တော့ ရွှေစင်က သူ့အား ချစ်မချစ်သာ စဉ်းစားနေပြီး သူက ရွှေစင်အား ချစ်မချစ်ကိုတော့ ထည့်သွင်းမစဉ်းစားပေ၊ ဤသို့ စဉ်းစားရန်လည်း သူက မေ့လျော့နေပေသည်။

ကိုယ်ကသာ ချစ်နေလျှင် ကိုယ်ချစ်သည့်အကြောင်းကို မည်သူများ မေ့ထားနိုင်ပါမည်နည်း။

အမှန်ကတော့ မောင်မြင့်နောင် ချစ်နေသည်မှာ အခြားသူတစ်ဦးဖြစ်နိုင်ကောင်းပေသည်။ သို့သော်လည်း ဤအချက်ကိုလည်း မရိပ်မိသေးပါပေ။

တစ်နေ့တွင် ရင်ရင်နွဲ့က သူ့အား ဒုက္ခပေးလိမ့်မည်ဟု ရဲဘော်

များက ပြောနေကြသည်ကိုသာ သူက မယုံနိုင်ဘဲ ရှိနေသည်။

(ဃ)

ခွပ်ဒေါင်းအလံများသည် တလူလူလွင့်လျက် ရှိနေကြသည်၊ ယခုနှစ်မှ ရန်ကုန်တက္ကသိုလ် ရောက်ရှိလာကြသော ကျောင်းသူကျောင်းသားများသည် တကသရွေးကောက်ပွဲကြီးကို တအံ့တဩ ငေးမောကြည့်ရှုကြရသည်။ မန္တလေးတက္ကသိုလ်တွင် သမဂ္ဂရွေးကောက်ပွဲများကို ဆင်နွှဲခဲ့ဖူးသော မောင်မြင့်နောင်သည်ပင်လျှင် ရန်ကုန် တကသ ရွေးကောက်ပွဲကြီးကို ကိုယ်တိုင် ဆင်နွှဲနေရသောအခါ ကြက်သီးမွေးညှင်းများ ထမိပါသည်။

တကယ်တော့မူ တကသ ရွေးကောက်ပွဲကြီးသည် ပါလီမန်ရွေးကောက်ပွဲ တစ်ခုပမာ အကြိတ်အနယ် ဖြစ်ပါသည်။ အထူးသဖြင့် အာဏာလက်ရှိပါတီ၏ ဝင်ရောက်စွက်ဖက်မှုကြောင့် ဤမျှ ကြီးကျယ်လာရခြင်း ဖြစ်ပါသည်။

'ဆိုရှယ်လစ်ပါတီက မဲပေးရာဌာနတွင် အကဲခတ် စောင့်ကြည့်သူများ ချထားရာ၊ ၎င်းတို့အနက် ရန်ကုန်ခရိုင် ဖဆပလ အတွင်းရေးမှူး ဦးထွန်းအောင်၊ ပါလီမန်အမတ် ဦးကိုကိုကြီး၊ ပါလီမန်အမတ် ဦးပု၊ အမျိုးသမီးခေါင်းဆောင် ဒေါ်လှကြည်တို့ ပါဝင်လေသည်။

(၁၀၊ ၈၊ ၅၃) နေရှင်းသတင်းစာ)

ဗမာပြည်အလုပ်သမား လယ်သမားပါတီမှ ခေါင်းဆောင်ငယ် တစ်ဦးနှစ်ဦးလည်း တွေ့ရှိရသည်။ သို့ရာတွင် ခဏသာ ကြည့်ရှုပြီးနောက် ပြန်သွားလေတော့သည်။ ပြည်သူ့လူငယ် ခေါင်းဆောင်အချို့သာ နေ့လယ်ပိုင်း အထိ စောင့်ကြည့်နေလေသည်။

ကျောင်းသားများနှင့် ရောနှောလျက် ရိုးရိုးစုံထောက်များ၊ စစ်စုံထောက်များ၊ ဆိုရှယ်လစ် စုံထောက်များနှင့် သတင်းထောက်များသည် ခြေချင်းလိမ်လျက် ရှိလေသည်။ ဓာတ်ပုံများကို နေရာအနှံ့အပြား၌ ဘဖျပ်ဖျပ် ရိုက်ကူးလျက်ရှိလေသည်။

## ရန်အောင်စာပေ (၂)

ဒိုးပတ်သံများကား မိုးသို့ ပွဲတင်မတတ် ပေါ်ထွက်လျက်ရှိလေသည်။

ဒီအက်စ်အိုများက မဲကြိုကြားပေါင်း (၈၀)ကျော် အသုံးပြု၍ သန့်ရှင်းတို့က အစီး (၂၀)ခန့် အသုံးပြုပါသည်။ တိုးတက်တို့ ဘက်တွင်မူ ဂျစ်ကားလေးငါးစီးသာ ရှိလေသည်။ ရွေးကောက်ပွဲနေ့တွင် ကျောင်းပိတ်ခြင်းမရှိ၍ အချို့သည် မဲကြိုကားများကိုစီး၍လည်းကောင်း၊ အချို့သည် ခြေလျင်လျှောက်၍လည်းကောင်း၊ သင်တန်းအားသည့်အချိန်တွင် သွားရောက်၍ မဲဆန္ဒပေးကြပါသည်။

မဲကြို စာရွက်များ၊ မဲကြို ပိုစတာများသည်ကား ထိုနေ့တက္ကသိုလ်၏ အဆောင်အယောင်များပင် ဖြစ်ပါတော့သည်။ ကျောင်းသားများသည် နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲနှင့် ရွေးကောက်ပွဲကို လှေ့လာကြည့်ရှုလျက် ရှိကြသည်။

ညနေပိုင်းကျမှ ခင်မိုးသီနှင့် ရင်ရင်နွဲ့မဲလာပေးသည်ကို မောင်မြင့်နောင် တွေ့ရှိရလေသည်။

'အခြေအနေ ဘယ့်နှယ်လဲ . . .'

ခင်မိုးသီက တိုးတိုး မေးလေသည်။

'ညစ်ပတ်မှုတွေ မများရင်တော့ ကျွန်တော်တို့ နိုင်မှာပေါ့'

'မဲလိမ်ထည့်တာတွေ မိတယ်ဆို'

'အများကြီးပဲ . . .'

'အဲဒါတွေ ဘယ့်နှယ်လုပ်မလဲ . . .'

မောင်မြင့်နောင်က ခေါင်းကို ရမ်းခါလိုက်သည်။

'ကျောင်းသားတွေကတော့ အတော် ဒေါပွနေကြပြီ၊ မနည်းထိန်းထားရတယ်၊ တစ်ဖက်ကလည်း မဖြစ်ညစ်ကျယ် လုပ်ပြီး ရန်စနေကြတယ်. . .'

'သတိထားနေကွယ် . . . မမတို့ ပြန်တော့မယ် . . .'

'အနွဲ့တို့အိမ် လာပါဦး'

မောင်မြင့်နောင်က ခေါင်းကို ညိတ်လိုက်သည်။ ပါးစပ်မှတော့

ရင်ရင်နွဲ့အား ဘာမှ ပြန်မပြောလိုက်မိ။ သူမတို့နှစ်ယောက် ထွက်သွားသည်ကို နောက်မှသာ ငေးမောကြည့်နေမိပါသည်။

ညနေ ငါးနာရီထိုးသောအခါတွင် သူရပ်နေရာသို့ ရွှေစင်ဦး ရောက်လာလေသည်။ သူမကိုကြည့်ရသည်မှာ အတော် ပင်နွမ်းနယ်နေပုံ ရရှိလာလေသည်။ တစ်နေ့လုံးပင် သူမသည် ပြေးလွှားလျက်ရှိရသည်။ နေ့ကျောင်းသူမဲများကို သူမက တာဝန်ခံထားသည် မဟုတ်ပါလား။ စောစောပိုင်းက သူတို့နှစ်ယောက်သည် လေးငါးကြိမ်ခန့် မြင်တွေ့ကြရသော်လည်း စကား မပြောအားကြပေ။ ပြုံးရုံသာ ပြုံးနိုင်ကြပေသည်။

'ရွှေစင် ပြန်တော့မယ်၊ မနက်အစောကြီးမှ လာခဲ့မယ် . . .'

'ပြန်လေ . . .'

'သူလည်း အိမ်ကို မလာတော့ဘူး . . .'

သူက ပြုံးနေသည်။

'လာခဲ့ပါဦး'

ခေါင်းကို ညိတ်လိုက်သည်။

တကာသ အဆောက်အဦရှေ့တွင် ကျောင်းသားများသည် တဖြည်းထက် တဖြည်း စုရုံးရောက်ရှိနေကြသည်။ မဲပေးခြင်းသည် မကြာမီတွင် ပြီးဆုံးတော့မည်ဖြစ်၍ မဲရုံတွင် လာစုကြခြင်းဖြစ်သည်။ ကျောင်းဆောင်မှ ကျောင်းသားများသည်လည်း သတင်းနားထောင်ရန် ရောက်ရှိလာကြသည်။ သို့ရာတွင် ကျောင်းသားများ စုရုံးလာမိသည်နှင့်အမျှ ဒီအက်စ်အိုတို့၏ ညစ်ပတ်မှုကို ကန့်ကွက်သော အသံသည် ပို၍ ကျယ်လောင်လာလေတော့သည်။

တစ်ယောက်တစ်ပေါက် အော်ဟစ်သံများသည် ဆူညံလျက်ရှိလေသည်။ ကျောင်းသားခေါင်းဆောင်များသည် အချင်းချင်း ဆွေးနွေးတိုင်ပင်လျက် ရှိကြလေသည်။ ရွေးကောက်ပွဲအရာရှိအား မိမိတို့၏ ထင်မြင်ချက်များကို ပြောကြား တိုင်တန်းလျက် ရှိလေသည်။

ထိုအချိန်တွင် မဲလိမ်တစ်ယောက်ကို ဖမ်းဆီးရမိပြန်တော့၏။

**ရန်အောင်စာပေ (၂)**

ထိုအခါ ကျောင်းသားများသည် ဝိုင်း၍အော်ဟစ်ကြလေတော့သည်။

'ဒီအက်စ်အိုတွေ မဲခိုးတယ်ဟေ့ . . .'

'မတရားတဲ့ ရွေးကောက်ပွဲ ဖျက်ပေး . . .'

'ဒီအက်စ်အို . . . ဖွဲ . . . ဖွဲ . . .'

တကသဥက္ကဋ္ဌဟောင်း ကိုကိုကြီးက မဆူကြရန် တားမြစ်သော်လည်း မရရှိတော့ပေ။ တကသ အဆောက်အဦပေါ်တွင် ရှိနေသော ကျောင်းသားများသည် မဲပုံးကိုမ,ယူ၍ ဝရန်တာမှ လွှင့်ပစ်ချလိုက်ကြလေတော့သည်။

မဲသေတ္တာသည် သမံတလင်းပေါ်သို့ ရိုက်ကျကွဲကာ မဲစာရွက်များသည် ပြန့်ကျဲသွားလေတော့သည်။

အောက်တွင် ရှိနေသော ကျောင်းသားများသည် မဲစာရွက်များရှိရာသို့ အလုအယက် ပြေးသွားကြလေ၏။ အချို့မှာ တွန်းလားထိုးလား လုပ်နေသည်ကို တွေ့ရ၏။ နောက်ဆုံးတွင် ကြွက်ချေး ရောနေသော ဆွမ်းဆန်များကို မီးတင်ရှို့လိုက်ကြလေတော့သည်။

ရဲအဖွဲ့ဝင်များ ရောက်ရှိလာသော်လည်း မည်သို့မျှ မတတ်နိုင်တော့ပါပေ။ ကျောင်းသားများသည် ကျောင်းဆောင်များအား လှည့်ပတ်၍ ဆန္ဒပြ ကြွေးကြော်ကြလေတော့သတည်း။

## အင်းဝဆောင် တိုက်ပွဲ

(က)

'ဟေး မောင်လေး . . .'

မမသီ၏ အသံကြား၍ နောက်သို့လှည့်ကြည့်လိုက်ရာ လူကို မတွေ့ရပါပေ။ ကျောင်းသူ ကုလားမလေး သုံးယောက်ကိုသာ တွေ့ရသည်။ သူတို့က ခေါ်ဆိုခြင်းတော့ မည်သည့်နည်းနှင့်မျှ မဟုတ်နိုင်ပါပေ။ သူ့စိတ်ထဲက ကြားယောင်ခြင်းသာ ဖြစ်ပေမည်။ သူသည် လှည့်ထွက်သွားတော့မည်ရှိစဉ် . . .

**ရန်အောင်စာပေ (၂)**

'ဟော့ ခေါ်နေတာ မကြားဘူးလား . . .'

အော်စတင် ကားဟောင်းကလေးသည် အမြိုးကော့ကြားတွင် ခပ်တည်တည်ပင် ရပ်လျက်ရှိလေသည်။ ကားထဲတွင် ခင်မိုးသီတစ်ယောက်တည်း ရှိလေသည်။ ရင်ရင်နွဲ့အား စောင့်နေခြင်းဖြစ်ပေမည်။ သစ်ပင်အောက်၌ ကားမောင်းသူအား မြင်မိ၏။ အော်စတင်ဘေး၌ ယှဉ်၍ရပ်ထားသော မာစီးဒီးကားမှာ စန်းစန်းခင်၏ ကားပင်ဖြစ်ပေမည်။ မောင်မြင့်နောင်သည် မာစီးဒီးကားကို မှီ၍ ရပ်လိုက်သည်။

'မမသီတို့က ကားစီးနိုင်တဲ့လူတန်းစားတွေကို၊ ကျွန်တော်က မြေကြီးပေါ်မှာ ရှာနေတာ . . .'

'ကိုယ်ကတော့ မင်းကို မြေကြီးအောက်မှား လိုက်ရှာရမလား လို့. . .'

'ဗျာ . . .'

'သေများ သေပလားလို့၊ တစ်ခါတည်း ပေါ်ကိုမလာဘူး . . .'

'အားမှ မအားဘဲ၊ ခု ရွေးကောက်ပွဲ ပြီးပြန်တော့လည်း ဒီပြင်ပြဿနာတွေက ပေါ်လာပြန်တာပဲ . . .'

'ကဲပါ . . . ဒါတွေ ထားပါဦး၊ အောက်တိုဘာကျရင် ပြန်မယ် မဟုတ်လား . . .'

'အဲ့ဒါလည်း ပြဿနာပဲ၊ ခုအောက်တိုဘာမှာ တစ်လ မပိတ်တော့ဘူးတဲ့၊ ဆယ့်ငါးရက်တည်း ပိတ်မယ်တဲ့ . . .'

'ဒါကိုတော့ တော်ကြာနေ လိုက်လျှော့မှာပါကွာ၊ မင်းတို့ကလည်း တောင်းဆိုတယ်၊ ဒီအက်စ်အိုတွေကလည်း တောင်းဆိုတယ်။ ကျောင်းသားအားလုံးကလည်း လိုလားနေတယ် မဟုတ်လား . . .'

'မမသီ မသိဘူးနော်၊ သူတို့က ကျားကွက်ဆင်နေတာ . . .'

'ဒါတော့ ကိုယ်တို့ မသိဘူးလေ၊ ဒါဖြင့် ဆယ့်ငါးရက်တည်း ပိတ်ရင် မင်း မပြန်ဘူးပေါ့ . . .'

'ပြန်ရမှာပေါ့၊ မေမေ ဘယ်လိုဖြစ်နေတယ်ဆိုတာ ပြန်ကြည့်ဦးမှ

ပေါ့၊ ကျွန်တော့်ဆီကို ငွေမှန်မှန်ပို့နေလေ ကျွန်တော်က စိတ်ပူလေပဲ၊ တစ်နေ့က ဈေးချိုထဲက လူတစ်ယောက်နဲ့ တွေ့တယ်၊ မေမေလည်း အရောင်းအဝယ်ပါးတယ်တဲ့၊ ပြီးတော့ မေမေ့ကြည့်ရတာ ကျန်းမာရေး သိပ်ကောင်းပုံ မရဘူးတဲ့ . . .'

'ကိုယ်လည်း မင်းတို့အကြောင်းစဉ်းစားမိရင် စိတ်မကောင်းပါဘူး၊ ကြိုးစားပေါ့ကွာ၊ ဒီဂရီရရင် ပြဿနာတွေ ပြေလည်သွားမှာပေါ့ . . .'

မောင်မြင့်နောင်သည် တံခါးကိုဖွင့်၍ ခင်မိုးသီ ဘေးတွင် ဝင်ထိုင်လိုက်သည်။

'ကျွန်တော် အခုပဲ ကျောင်းထွက်ချင်ပြီ၊ ကျွန်တော့်အဖို့ ဒီဂရီ မလိုပါဘူး။ လခစား လုပ်စားမယ့်လူမှ မဟုတ်ဘဲ'

'ဘာလဲ၊ မင်းက တကယ်ပဲ စာရေးဆရာ လုပ်မှာလား . . .'

'ဒါပဲ ရှိတာပဲ . . .'

'ကနေ့ စာရေးဆရာ လုပ်ငန်းဟာ အသက်မွေးဝမ်းကြောင်း မဖူလုံသေးပါဘူး၊ စဉ်းစားပါ မောင်လေးရာ . . .'

'မဖူလုံပေမဲ့ ငတ်မသေနိုင်ပါဘူး၊ ဒီပြင်စာရေးဆရာတွေ အများကြီး ရှိသေးတာပဲ၊ သူတို့တောင်ခံနိုင်ရည်ရှိရင် ကျွန်တော်ကကော ဘာလို့ မခံနိုင်ရမှာလဲ၊ သားအမိနှစ်ယောက် ငါးပိရေနဲ့တော့ အနည်းဆုံး စားရမှာ ပေါ့ . . .'

'လာ. . . လာသေးတော့၊ မင်းက ဒီတစ်သက် မိန်းမ မယူတော့ဘူးလား'

'ဈေးတောင်း ခေါင်းရွက်နိုင်တဲ့ မိန်းမျိုး ရှာယူမယ်ဗျာ . . .'

ကားကလေးပင် သိမ့်သိမ့်တုန်သွားအောင် ရယ်မောလိုက်ကြသည်။

'အော် ဒါနဲ့ မနေ့က ဗမာ့ခေတ်ထဲမှာ တွေ့လိုက်သလား . . .'

'ဘာလဲ ပြုံးသဇင် သတင်းလား . . .'

'အင်း . . . စစ်ဗိုလ်တစ်ယောက်နဲ့ စေ့စပ်သွားပြီလေ . . .'

**ရန်အောင်စာပေ (၂)**

'အဲ့ဒါ ဘာပြုလဲ . . .'

'ဘာမှတော့ မပြုပါဘူး၊ ကိုယ့်စိတ်ထဲမှာ မရှင်းတာက မင်းတို့အိမ်မှာ တွေ့ခဲ့တဲ့ ငါးသုံးလုံးစီးကရက်နဲ့ အင်းခွေးကြီးအကြောင်းပေါ့။ အစကတော့ မင်းနဲ့ ပြုံးသဇင် ဆက်စပ်မှုရှိနေတယ် ထင်တာ'

'ကျွန်တော်လည်း ထင်တာပဲ၊ လူကြီးချင်း စေ့စပ်ထားသလားလို့. . .'

'ဒါဖြင့် ခုဘယ်လိုလဲ . . .'

'ဒါကြောင့် ကျွန်တော် မန္တလေးပြန်ရမယ် ပြောတာပေါ့၊ ကျွန်တော်ကိုယ်တိုင် သွားရှင်းမှ ဒီပြဿနာမှာ'

ခင်မိုးသီက ထပ်မေးလိုသေးသည်။ သူမ သိလိုသည်တွေက တသီတတန်းကြီး ရှိနေသည်။ သို့ရာတွင် မောင်မြင့်နောင်မျက်နှာ သိပ်မကောင်း၍ ဆက်မမေးတော့။ ကားနားသို့ ကပ်လာသော ခွေးဝဲစားတစ်ကောင်အားသာ အကြောင်းမဲ့ မောင်းထုတ်လိုက်၏။

'အနွဲ့ကို စောင့်နေတာလား . . .'

'အင်း . . .'

'ကျွန်တော် သူ့ကိုအောက်တိုဘာကျရင် မက်စ်ကျူရှင် ပေးချင်ပေးမယ်လို့ ပြောထားတယ် . . .'

'သူတို့လည်း မနိုင်မနင်းဘဲ၊ ကျောင်းတစ်လပိတ်ရင် ကူးရမယ့်နုတ်စ်တွေ၊ ဖတ်ရမယ့် စာတွေက နှစ်လစာလောက် ရှိတယ် . . .'

'ခု ငါးရက်ပဲ ပိတ်မယ်လေ . . .'

ခင်မိုးသီက ကားမောင်းသမားအား လှမ်းကြည့်လိုက်ပြီး လေသံတိုးတိုးနှင့် . . .

'အနွဲ့မှာ ဒီပြင် ပြဿနာတစ်ခုလည်း ရှိနေတယ် . . .'

'ဘာလဲ . . .'

'ကိုမျိုးမြင့် မိဘတွေ လာပြီးစေ့စပ်တယ် . . .'

'ဟုတ်လား ဘယ်တုန်းကလဲ . . .'

သူက ပြုံးတူးပြုံတဲမေးလိုက်သည်။ သူ့အသံသြကြီးကား ကားတွင်း၌ မဆန့်ဘဲ ပွင့်ထွက်သွားသည်။

'တိုးတိုးပြောပါ . . .'

'အင်းပါ၊ အဲ့ဒါ ဘယ်တော့ လက်ထပ်မလဲ . . .'

ခင်မိုးသီက မောင်မြင့်နောင်အား အကဲခတ်လျက် ရှိသည်။

'ဒေါ်ဒေါ်တို့က သူတို့အနေနဲ့တော့ ငြင်းစရာ မရှိပါဘူးလို့ ပြောတယ်၊ ဒါပေမဲ့ သမီး သဘောမတူဘဲနဲ့တော့ မဖြစ်နိုင်ဘူးတဲ့'

'အန္တိ့က ဘာပြောလဲ . . .'

သူ့အသံက မသိမသာလေး တုန်နေသည်။

'အန္တိ့က သုံးရက်လောက် စဉ်းစားဖို့ ခွင့်တောင်းတယ်လေ . . .'

'သုံးရက် မစေ့သေးဘူးလား . . .'

'မနေ့က စေ့တယ် . . .'

'ဒါဖြင့် ဘာပြောလိုက်လဲ . . .'

'ငယ်ပါသေးတယ်တဲ့ . . .'

'ဒါပေမဲ့ တကယ်တော့ မငယ်ပါဘူးနော် . . .'

'ဘယ်သိနိုင်ပါ့မလဲရှင် . . .'

အတန်းပြောင်း ခေါင်းလောင်းသံများက တစ်ပြိုင်တည်း ပေါ်ထွက်လာလေသည်။ မကြာခင်မှာပင် စင်္ကြံတစ်လျှောက်၌ ကျောင်းသားကျောင်းသူများ ပြည့်ညပ်သွားလေသည်။ တချို့က စာသင်ခန်းများထဲသို့ အလုအယက် တိုးဝင်လျက်ရှိလေသည်။ အသံဗလံများသည် လေကြီးမိုးကြီးကျသည့်ပမာ အုံးအုံးကျွက်ကျွက် မြည်လျက်ရှိသည်၊ ဆရာ ဆရာမများပင် ကျောင်းသားများကို မနည်း တိမ်းရှောင်၍ သွားနေရသည်။

ခဏအကြာတွင် ရင်ရင်နွဲ့အား အခြားကျောင်းသူသုံးဦးနှင့် အတူ လျှောက်လာနေသည်ကို တွေ့ရသည်။ သန်းသန်းအေးတို့ ညီအစ်မနှင့် စန်းစန်းခင် ပင်ဖြစ်လေသည်။ ရင်ရင်နွဲ့သည် အဝါကို အပြာနှင့် ပြိုင်၍များ ဝတ်နေသလားမသိ၊ အဝါက တောက်ပသော်လည်း မျက်နှာလေးက ညှိုး

ရော်လျက် ရှိလေသည်။ အနည်းငယ် ပိန်သွားသည်ဟု မောင်မြင့်နောင်က ထင်လိုက်သည်။ ကလေးမများသည် အသီးသီး ကိုယ့်ကားရှိရာသို့ လျှောက်သွားလေသည်။

ရင်ရင်နွဲ့သည် ကားတံခါးကို ဖွင့်၍ ဝင်လိုက်တော့မည်ရှိမှပင် မောင်မြင့်နောင်အား မြင်တွေ့လိုက်၏။

'ဖရူးရူး . . . လန့်သွားတာပဲ . . .'

'သူမက ရင်ကလေးကို လက်ဖြင့်ဖိ၍ ပြောလိုက်သည်။

'လန့်ရအောင် ကိုယ်က သူရဲမဟုတ်ပါဘူး။ ဒီအက်စ်အိုလည်း မဟုတ်ပါဘူး'

'ဟုတ်ပါတယ်၊ သူ တိုးတက်မှန်း သိပါတယ် . . .'

'တိုးတက်တွေဟာ အင်မတန် ချစ်စရာကောင်းတဲ့ လူတွေပါ'

'နားခါးလိုက်တာကွာ၊ ကဲ ကဲ ဆင်းတော့၊ ကိုယ်တို့ ထမင်းမစားရသေးဘူး'

မောင်မြင့်နောင်က ဆင်းလိုက်ရာ ရင်ရင်နွဲ့က လွတ်ရုံကလေးသာ ဖယ်ပေးလိုက်၏။ နီးကပ်လွန်း၍ သူက အသက်ရှူမှားသွားသည်။ သူမက ကားထဲသို့ မဝင်သေး၊ သူ့အား ကြည့်နေသည်။ ကားမောင်းသူက အေးအေးဆေးဆေးပင် လက်ကိုင်ပေါ်တွင် လက်နှစ်ဘက်တင်လျက် စောင့်နေသည်၊ ခင်မိုးသီက ဘာမျှ ဝင်မပြောတော့။

'အနွဲ့ ပိန်သွားတယ်၊ စာတွေချည်း သိပ်ကြည့်မနေနဲ့။ အောင်ပါတယ် . . .'

သူမသည် မချိပြုံးမျိုး ပြုံး၍ ခင်မိုးသီဘေးတွင် ဝင်ထိုင်လိုက်သည်၊ မည်သူကမျှ ဘာမျှထပ်မပြောတော့၍ ကားမောင်းသူက စက်ကို နှိုး၍ ဖြည်းညင်းစွာ မောင်းထွက်စေပါတော့သည်။

မောင်မြင့်နောင်သည် ကားကလေးကို ငေးမော၍ ကျန်ရစ်ခဲ့လေသည်။ သူ့ပြောစကားသည် သူမအား အင်အားပြည့်တင်းစေနိုင်ခြင်း ရှိမည် မဟုတ်ကြောင်းကို သူ သိပါသည်။

**ရန်အောင်စာပေ (၂)**

သူပြောလိုသည့် စကားမဟုတ်ကြောင်းကိုလည်း သိပါသည်။ ဤအခြေတွင် ဤမျှထက်လည်း ပိုမို၍ မပြောနိုင်ပါပေ။

(ခ)

မောင်မြင့်နောင် ရန်ကုန်တက္ကသိုလ်သို့ ရောက်လာသောနှစ်သည် မုန်တိုင်းထန်သောနှစ်ပင် ဖြစ်ပါသည်။

တကာသ ရွေးကောက်ပွဲပြီးလျှင် သူသည် ရွှေစင်ဦးနှင့် စာရင်းရှင်းမည်ဟု အောက်မေ့ခဲ့၏။ သို့ရာတွင် ရွေးကောက်ပွဲသည် လှိုင်းလေ ပြင်းထန်စွာနှင့် တစ်ခန်းရပ်ခဲ့ပေသည်။ ရွေးကောက်ပွဲပြီးသည်နှင့် တစ်ပြိုင်နက် အသစ်သစ်သော တိုက်ပွဲများသည် ဆက်တိုက် ပေါက်ပွားလာနေသဖြင့် သူ့တွင် အားလပ်ချိန် မရှိလှပါပေ၊ ထိုတိုက်ပွဲများအနက် အောက်တိုဘာ ကျောင်းတစ်လပိတ်ရေး တိုက်ပွဲသည် တဖြည်းဖြည်းနှင့် ရှေ့သို့ ချွန်ထွက်လာပါသည်။

သို့ရာတွင် မောင်မြင့်နောင်သည် လမ်းလည်းကြုံ အကြောင်းကိစ္စတစ်ခုလည်းရှိ၍ ရွှေစင်ဦးတို့အိမ်သို့ တစ်ခေါက်တော့ မျက်စိလည်သွားပါသေးသည်။ သို့ရာတွင် မည်သူ့အားမျှ မတွေ့ရှိဘဲ သူကြောက်ရွံ့သော ငွေစင်ဦးနှင့်သာ ပက်ပင်းတွေ့ရှိရ၍ တပ်ခေါက်ခဲ့ရပေသည်။

ရင်းပြင် သူနှင့် ရွှေစင်ဦးသည် ယခင်ကလောက် အတွေ့မများတော့ပေ။ စာပေးစာယူ အဆက်အသွယ်သည်လည်း ရပ်ဆိုင်းလျက်ရှိလေသည်။ အဘယ်ကြောင့် သူမတ စာမရေးတော့မှန်း သူမသိပါ၊ သူမရေးသည်ကတော့ ရွှေစင်ဦးထံမှ ပြန်စာမရ၍တစ်ကြောင်း၊ ဤသို့ စာပေးစာယူ ပြုလုပ်ခြင်းများသည် ကြာတော့ အဓိပ္ပာယ်မရှိဟု ယူဆလာ၍တစ်ကြောင်း၊ ရင်ရင်နွဲ့က ကိုမျိုးမြင့်အား ငြင်းပယ်လိုက်ခြင်းသည် သူနှင့် ပတ်သက်နေသည်ဟု ယူဆ၍တစ်ကြောင်း ဖြစ်ပါသည်။

သို့ရာတွင် သူသည် ရွှေစင်ဦးနှင့် အဆက်အသွယ် ပြတ်နေသလို ရင်ရင်နွဲ့တို့ထံလည်း အရောက်အပေါက် မရှိပါပေ။ ကိုအောင်ကျော်

တစ်ယောက်သည်သာ ခင်မိုးသီနှင့် ပတ်သက်၍ အဝင်အထွက်ရှိနေပြီး သတင်းဗတင်းများကို ယူဆောင်လာတတ်ပါသည်။ ရင်ရင်နွဲ့ ဖခင်ကြီးသည် ခွင့်ရက်ရှည်ယူထားပြီး ခွင့်စေ့သောအခါတွင် အနားယူတော့မည်ဖြစ်ကြောင်းကို ကြားရပါသည်။ ဤသို့ ခွင့်ယူခြင်းသည် ကိုမျိုးမြင့်တို့ လာရောက်စေ့စပ်ခြင်းနှင့် ဆက်စပ်နေသည်ဟု ကိုအောင်ကျော်က ပြောပါသည်။

မောင်မြင့်နောင်သည် အောက်တိုဘာလ ကျောင်းတစ်လပိတ်မှပင် မန္တလေးမပြန်ခင် ရင်ရင်နွဲ့တို့အိမ်သို့ သွားတော့မည်ဟုဆုံးဖြတ်ထားလိုက်ပါသည်။ ဤအတွင်း၌မူ အမျိုးသမီးနှစ်ယောက်စလုံးနှင့် မတွေ့လျှင် ကောင်းမည်ဟုထင်ပါသည်။ သို့ရာတွင် သူမှန်းထားသည့်အတိုင်း တစ်ခုမျှ ဖြစ်မလာပါပေ။

မန္တလေးသို့လည်း မပြန်ဖြစ်တော့ပါ။ ထိုအိမ်နှစ်အိမ်သို့လည်း မရောက်ရှိတော့ပါ။

တစ်နေ့လယ်ခင်းတွင်သာ ရွှေစင်ဦးနှင့် အမှတ်မထင် တွေ့ရှိရပြီး မမျှော်လင့်သည်များ ဆက်တိုက် ဖြစ်ပွားလာပါတော့သည်။

(၈)

ထိုနေ့က သူသည် ဆရာတစ်ဦးနှင့် တွေ့ရန်အကြောင်းရှိ၍ ဌာနတစ်ခုသို့ သွားရောက်ခဲ့လေသည်။ သူက အခန်းထဲသို့ ခေါင်းပြူကြည့်လိုက်ရာ အမျိုးသမီးတစ်ဦးသည် နိုင်လွန်အင်္ကျီ လက်တိုကို ချွတ်နေသည်အား မြင်လိုက်ရသဖြင့် တုံ့ခနဲ ပြန်ဆုတ်လိုက်သည်။ ပြီးတော့ စင်္ကြံတွင် သွားရပ်နေမိ၏။

သုံးထပ်မှ အောက်သို့ ငုံ့ကြည့်လိုက်ရာ ကျောင်းသားကျောင်းသူများသည် သွားသူသွားလာသူလာလျက်ရှိလေသည်။ နောက်ဆယ်ရက်ခန့်ကြာလျှင် တက္ကသိုလ်တစ်ခုလုံးအား ယမ်းငွေ့များဖုံးသွားစေမည်ကို သူတို့မသိကြပါပေ။ သူတို့အား မျက်ရည်ယိုဗုံးများနှင့် အပစ်ခံရလိမ့်မည်ဟု

အိပ်မက်ပင် မက်မိကြမည် မဟုတ်ပါပေ။

နှစ်ယောက်တွဲ သုံးယောက်တွဲ ရယ်မော ချမ်းမြေ့လျက်ရှိကြသည်။ တချို့သည် ထိုင်ခုံနေရာရရှိရန် ဒုန်းစိုင်းလျက် ရှိကြသည်။ အချို့သည် သင်တန်းချိန် အနည်းငယ် လိုနေသေးသဖြင့် အရိပ်အာဝါသပေးစွမ်းနိုင်သော သစ်ရိပ်တွင် စာကြည့်လျက် ရှိလေသည်။

ဝိုင်းအော် ဆူညံသံများကြား၍ သူက အဝေးသို့ လှမ်းကြည့်လိုက်သည်။ ကျောင်းသား လေးငါးယောက်သည် နွားတစ်ကောင်ကို ချောက်လှန့်မောင်းထုတ်လိုက်ကြသည်။ နွားသည် မောင်မြင့်နောင် ရှိရာဘက်သို့ ပြေးလာသည်၊ ကျောင်းသူနှစ်ယောက်သည် ကြောက်အား လန့်အားနှင့် ဘေးသို့တိမ်းရှောင်လိုက်သည်။ နွား၏ ဘေးတစ်ဖက်တစ်ချက်တွင် စာလုံးကြီးများဖြင့် 'ဒီအက်စ်အို' ဟုရေးထားသည်၊ ကျောင်းသူလေးနှစ်ယောက်သည် ရင်ကလေးဖိုရင်း ပြုံးရယ် လိုက်ကြသည်။ ကျန်လူများကလည်း ရယ်သူရယ် ပြုံးသူပြုံးကြပါသည်။

ထိုအခိုက်တွင် လူတစ်ယောက်သည် သူ့နောက်၌ ကပ်၍ရပ်လာသည်အား သတိထားမိ၏။ သူက ပြုန်းခနဲ လှည့်မကြည့် ချက်ချင်းဆိုသလိုပင် သင်းပျံ့သော ရနံ့ကလေးက သူ့အား ရစ်ပတ်လွှမ်းခြုံ လိုက်ပါသည်။

'ရွှေစင် . . .'

သူက လှည့်ကြည့်လိုက်သောအခါတွင် မခို့တရို့လေး ရပ်နေသော ရွှေစင်ဦးအား တွေ့ရှိရ၏။ သူမအား တွေ့လိုက်တိုင်း သူ့ဦးနှောက်များသည် သေးငယ်သွားပြီး အသည်းများက ကြီးမားလာသည်ဟု ထင်မိပါသည်။

'သူ . . . ဒီမှာ ဘာလုပ်နေတာလဲ . . .'

မောင်မြင့်နောင် ပြန်မဖြေရခင်မှာပင် အတန်းပြောင်း ခေါင်းလောင်းသံပေါ်ထွက်လာပြီး အခန်းထဲမှ ဆရာမတစ်ဦး ထွက်လာပါသည်။ ဆရာမသည် မနှစ်တစ်နှစ်ကမှ မဟာဝိဇ္ဇာတန်း အောင်မြင်သည်ဖြစ်ပေမည်။ ငယ်ရွယ်လှပပါလေသည်။ အင်္ကျီလက်ရှည် ကြပ်ကြပ်ကလေးကို ဝတ်ထား

သည်၊ ပိုးပဝါကို လည်မှသိုင်း၍ ရှေ့သို့ချထားရာ လေပင့်သဖြင့် နောက်သို့ တွန့်လွန့်လျက် ရှိသည်။

မောင်မြင့်နောင်က ပြုံးမိသည်။ စောစောက အမျိုးသမီးပင် ဖြစ်လေသည်။ ဆရာမများသည် စာသင်တန်းအတွင်း၌ လက်တိုဝတ် စာမသင်ရသဖြင့် အင်္ကျီချွတ်လဲခြင်း ဖြစ်ပေမည်။ လှချင်သေးသည့်အရွယ် မို့ ကျန်အချိန်များတွင် လက်တိုဝတ်ဆင်ထားခြင်း ဖြစ်ပေသည်။ အမှန် တော့လည်း သူမသည် လက်ရှည်ကိုဝတ်၍ ပဝါကို တင်မထားခဲ့လျှင် ကျောင်းသူများနှင့် ခွဲရမည်မဟုတ်ပါပေ . . .'

'ဆရာ ကိုအုံ့မောင်နဲ့ တွေ့မလားလို့ လာတာ'

'မရှိဘူး၊ ခွင့်ယူထားတာ သုံးရက်လောက်ရှိပြီ . . .'

ထို့နောက် သူတို့နှစ်ယောက်သည် မည်သို့မျှ မပြောမဆိုဘဲနှင့် ထိုနေရာမှ ထွက်ခွာလာကြသည်။ လှေကားထစ်များကို တစ်ထစ်ခြင်း နင်းရင်း သုံးထပ်မှဆင်း လာကြပါသည်။ ကိုယ့်အတွေးနှင့် ကိုယ်မို့ ဘာမှ မပြောကြပါပေ။ မြေကြီးပေါ် ရောက်မှ မောင်မြင့်နောင်က မေးလိုက်သည်။

'ကိုယ်တို့ ဘယ်သွားကြမလဲ'

'သူအားလား . . .'

'အားပါတယ် ဘာလုပ်မလို့လဲ၊ ဘိုင်စကုပ်သွားမလို့လား'

'ဟင့်အင်း၊ ခုတစ်လော လူအုပ်ထဲကို မသွားချင်ဘူး၊ အေးဆေး တဲ့ နေရာပဲ သွားချင်တယ် . . .'

'ဒါဖြင့် အင်းလျား လျှောက်ကြမယ်လေ . . .'

'လှေစီးရအောင် . . .'

ရွှေစင်ဦးက လွတ်ခနဲ ပြောလိုက်သည်။ မောင်မြင့်နောင်က အံ့ဩနေမိသည်။ သူနှင့်အတူ လျှောက်လာနေသူမှာ အသိခေါက်ခက်လှ သည်။

'သူနဲ့ ခုတစ်လော မတွေ့တာကြာသွားပြီ . . .'

'ကိုယ်က ရှိပါတယ်၊ ရွှေစင်ကသာ ယူနီယံကို မလာတာပါ'

'ဟုတ်တယ်၊ လူတွေမြင်ရတာ ငြီးစီစီကြီး . . .'

သို့ရာတွင် သူမသည် ညှိုးနွမ်းသွားသည်ပုံ မရှိပါပေ၊ အထူးသဖြင့် ထိုနေ့တွင် သူမသည် ကော့ကော့ရော့ရော့ ရှိလှသည်။ မျက်လုံးများ ကလက်နေသည်။ သူက စဉ်းစားနေသည်။ သူက အင်မတန် လှေလှော်ချင်သည်။ သို့ရာတွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ကတည်းကစ၍ တိုက်ပွဲများနှင့်သာ ရင်ဆိုင်ခဲ့ရ၍ ပျော်ပွဲစားများထွက်ရာလည်း မလိုက်ဖြစ်ပါ။ လှော်ကား၊ ချိုးဖြူ သံလျင်ကျောက်တန်းစသော အရပ်များသို့ ရောက်ဖူးချင်လှသော်လည်း အကြောင်းမညီညွတ်ပါ။ အင်းလျားသို့ပင်လျှင် ယခု ပထမဆုံးတစ်ခေါက် ရောက်ဖူးခြင်းဖြစ်လေသည်။ သစ်ပင်ရိပ်များက အေးမြသည်။ ရေလယ်ကျွန်းများက မိုးအုံ့အုံ့တွင် ညို့နေသည်။

'မိုးများ ရွာမလားမသိဘူး . . .'

'ဘာပြုလဲ၊ မိုးရွာတော့ သာကောင်းတယ် . . .'

ရွှေစင်က ဆိုပါသည်။ ထို့ကြောင့် သူတို့သည် လှေကလေးတစ်စင်းဖြင့် အင်းလျားရေပြင်ထဲသို့ ခရီးထွက်ခဲ့ကြပါတော့သည်။

သူသည် အညာသားဖြစ်၍ လှေဦးချွန်းများကိုသာ လှော်ခတ်ခဲ့ဖူးပါသည်။ ယခုလို ထိပ်ပြတ်လှေများအား လှော်ခတ်ရသည်မှာ အားမရပါ။ ချောင်းရေဒလဟောတွင် တဝေါဝေါ စီးခဲ့ဖူးသူအဖို့ အင်းလျား ရေပြင်ငြိမ်တွင် ဇိမ်ဆွဲ၍ စီးမနေချင်ပါ။

သို့သော်လည်း ယခုကိစ္စသည် လှေစီးခြင်းဟုတ်ချင်မှ ဟုတ်ပေမည်။ မိန်းမပျိုတစ်ဦးနှင့် တွေ့ဆုံခြင်းသာဖြစ်ပေမည်။ ချစ်သူတော့ မဟုတ်ပါ။

ရွှေစင်ဦးကတော့ ပျော်မြူးနေပုံ ရပါသည်။ ရှေ့သို့ငုံ့၍ လက်ငါးချောင်းကို ရေတွင် ထွန်တိုက်နေပါသည်။ ထမီအပြာစွန်းပင် ရေပြောစွန်းနှင့် ထိတွေ့လျက်ရှိပါသည်။

သူမသည် နောက်သို့ ဆတ်ခနဲ လှည့်လိုက်သည်။ လှေကလေးမှာ သိမ့်ခနဲ ဖြစ်သွားသည်။

**ရန်အောင်စာပေ (၂)**

'မှောက်သွားမယ် . . .'

'မြစ်ဝကျွန်းပေါ်သူပါရှင့်၊ ရေကူးတတ်ပါတယ် . . .'

မည်သည့် ကျွန်းတွင်မှ လှေဆိုက်၍ မဖြစ်ပါ။ 'မတက်ရ' ဟူသော ဆိုင်းဘုတ်များက ချောက်လှန့်လျက်ရှိသည်။ သို့ရာတွင် မောင်မြင့်နောင် သည် လှေကို ကမ်းနှင့် ကပ်နိုင်သမျှ ကပ်၍ လှော်ခတ်သွားသည်။ ရေပေါ် ကိုင်းနေသော ချုံများအောက်မှ ဖြတ်သွားတတ်ပါသည်။ ထိုအခါတွင် သူမသည် လှေဝမ်းနှင့် ထိမတတ် ကုန်းငုံ့လိုက်ပြီး အော်ဟစ်တတ်ပါသည်။

'ကြောက်သလား'

'အို ချုံထဲမှာ မြွေတွေရှိရင် ဘယ့်နှယ်လုပ်မလဲ . . .'

'မြစ်ဝကျွန်းပေါ်သူဆို . . .'

'ဘာဆိုင်လဲ . . .'

'မသိပါဘူး၊ သူတို့ မြစ်ဝကျွန်းပေါ်က လူတွေဟာ မြွေသားစားကြ တယ်ဆို'

'ဟင်း ရွံစရာကြီး'

ဤသို့ပြောပြီး သူမသည် လက်ဖဝါးနုကလေးများဖြင့် ရေကို ရုပ်တွန်း၍ ပက်လိုက်ပါသည်။ ထိုအချိန်၌ ဖြုန်းဆို ရှေ့မှ ရွက်လှေတစ်စင်း ထွက်လာ၍ မောင်မြင့်နောင်သည် မတိုက်မိစေရန် တက်ကို ငိုက်ဆွဲလိုက်ပါ သည်။ လှေထိပ်သည် ချာခနဲ လည်သွားပြီး လှေချင်း ဘေးတိုက်ကပ်မိပါသည်။ ရွက်ကြိုးကို ကိုင်ထားသော အနောက်တိုင်းသူက မောင်မြင့်နောင်အား 'ရှင်တော်တယ်' ဟု ပြောလိုက်၏။ အင်္ကျီချွတ်နှင့် အနောက်တိုင်းသား ကတော့ ရွှေစင်ဦးအား အရအမိ ဓာတ်ပုံရိုက်ကူးလိုက်ပါသည်။

ထို့နောက် လေးယောက်သား ရယ်မောကြရင်းနှင့် လှေချင်းကွဲ သွားကြပါသည်။ ရွက်လှေပေါ်မှ ရေဒီယိုသံသည်သာလျှင် မိနစ်ဝက်ခန့် ဆက်လက်ကြားကျန်ရစ်ခဲ့၏။

'အဲ့ဒီလို ရေဒီယိုလေးတစ်လုံးပါရင် ကောင်းမှာ . . .'

ရွှေစင်ဦးက ပြောလိုက်သည်။

**ရန်အောင်စာပေ (၂)**

'ကိုယ်တိုင်ဆိုတာလောက် ဘယ်ကောင်းမလဲ၊ သူဆိုပေါ့ . . .'

'ကိုယ်က သီချင်းမဆိုတတ်ဘူး . . .'

'ကိုယ်ကလည်း ရေဒီယိုကို မဝယ်နိုင်ဘူး . . .'

'သူ စကားပြောတာ ဘယ်လိုမှန်းလဲ မသိဘူး . . .'

'ကိုယ်တို့က မရှိဆင်းရဲသားမို့ ရေဒီယို ယူမလာနိုင်ဘူး ဆိုတာကို ပြောတာပါ . . .'

သူမက ဘာမျှပြန်မပြော၊ အဝေးက ကျွန်းကလေးဘက်တွင် မိုးများရွာနေသည်။ သို့သော်လည်း သူတို့ဘက်သို့ လာမည်မဟုတ်ပါ။

ချစ်ခြင်းမေတ္တာ၏ ကြည်နူးမှုဆိုသည်မှာ ဒါမျိုးတွေကိုပင် ခေါ်လေသလား။ ဆာလောင်နေသော ကာလတွင် ဟင်းမွှေးနံ့ကလေး ခံရခြင်း၏ အရသာမျိုးပင်လား။ တဝတပြော စားသုံးရခြင်းကတော့ အိမ်ထောင်ရေးပဲ ဖြစ်ပေမည်လားဟု သူက ထင်မိလေသည်။

အချစ်ဆိုသည်မှာ ကြည်နူးမှု၊ ကြေကွဲမှု၊ ခံစားမှု၊ မျှော်မှန်းမှုတို့ သာလျှင်ဖြစ်ပြီး အိမ်ထောင်ရေး ဆိုသည်ကတော့ လက်တွေ့ပိုင်းဖြစ်ပြီး မောင်မြင့်နောင်ထင်သလိုချည်း ဟုတ်ပေမည်မထင်၊ အိမ်ထောင်ရေးဆိုသည် လူ့ဘဝတိုက်ပွဲများဖြစ်၏။ အချစ်ရေးသမားများအဖို့ ရုန်းကန်မှုများကြောင့် သဘောတရားတစ်ရပ်အဖြစ်နှင့် မည်မျှ သင်ပြစေကာမူ သဘောပေါက်ကြလိမ့်မည် မဟုတ်ချေ။

'ဟိုး . . . ဟိုး . . .'

ရွှေစင်ဦးက အလန့်တကြား အော်လိုက်၍ မောင်မြင့်နောင်သည် တက်ပြားနှင့် ရေရှိန်ကိုတွန်း၍ လှေကိုရပ်လိုက်၏။

'ဘာလဲ . . . ဘာလဲ . . .'

'ဒီကျွန်းမှာ ဘာစာမှရေးမထားဘူး၊ တက်လို့ရမယ် . . .'

မောင်မြင့်နောင်က သက်ပြင်းချလိုက်သည်။ ကျွန်းငယ်ကလေးသာ မြင်လေသည်။ သူက လှေကိုထိုးဆိုက်သည်။ ရွှေစင်က ခုန်ဆင်းလိုက်သည်။ သူက လှေကို သစ်မြစ်တွင် ချည်ထားလိုက်သည်။ ထိုအချိန်တွင်ပင်

မိုးများသည် တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ရွာချလိုက်တော့၏။

မောင်မြင့်နောင်သည် ရွှေစင်၏လက်ကိုဆွဲ၍ ကုန်းပေါ်သို့ တက်ပြေး၏။ စိန်ပန်းနှင့် ဗာဒံနှစ်ပင် ယှက်နေသော အရိပ်အောက်သို့ အရှိန်နှင့်ပင် ပစ်ဝင်လိုက်ကြသည်။ ချုံကလေးပေါ်သို့ အားလွန်၍ ဗလုံးဗထွေး ကျသွားကြသည်။

မိုးပေါ်တွင် ပြာခနဲ လက်သွားပြီး လျှပ်စီးများက သစ်မြစ်များပမာ ဖြာထွက်သွားပြီး မိုးထစ်ချုန်း ပစ်ချလိုက်၏။

'အောင်မယ်လေးဗျ၊ ကျွန်တော် ဒီအကြိမ်အဖို့ မဟုတ်ပါဘူး'

မောင်မြင့်နောင်က အော်လိုက်၏။ ရွှေစင်ဦးသည် ပါးစပ်မှ တစ်စုံတစ်ရာ ရေရွတ်လိုက်ပြီး သူ့အား တအား ဖက်ထားလိုက်သည်။ ပြီးတော့ ထုနှက် ကုတ်ဖဲ့နေသည်။

မည်မျှပင် တင်းကြပ်စွာ ဖက်ထားစေကာမူ မိုးရေစက်များသည် သူတို့နှစ်ယောက်ကြားသို့ စိမ့်ဝင်စီးဆင်းလျက် ရှိလေသည်။

ခံစားမှုမှ မျှော်လင့်ချက်များ ပေါက်ဖွားလာတတ်သည်နော။

(ဃ)

အင်းလျားကျွန်းငယ်ဝယ် အနမ်းချင်းဖလှယ်ခဲ့ကြပြီးနောက် စတုတ္ထမြောက်နေ့ဖြစ်ပါသည်။

တ-က-သ အဆောက်အဦ၏ အထက်ထပ်တစ်ခုလုံး မိုးထစ်ချုန်းလျက်ရှိပါသည်။ ရာဇဝင်ပြောင်သော ဆုံးဖြတ်ချက်များသည် တစ်တိုင်းပြည်လုံးအား တုန်ဟည်းသွားစေပါတော့သည်။

အဖွဲ့အစည်းပေါင်းစုံမှ ကြီးမှူးကျင်းပသော ကျောင်းသားထု အစည်းအဝေးကြီးသည် အောင်မြင်လှပေသည်။ ထုံးတမ်းစဉ်လာအရ ဆိုလျှင် အောက်တိုဘာလ (၁) ရက်နေ့မှစ၍ ကျောင်းတစ်လ ပိတ်ရမည် ဖြစ်ပေသည်။ သို့ရာတွင် ၂၃ ရက်နေ့က ကျင်းပသော တက္ကသိုလ်အုပ်ချုပ်ရေး အဖွဲ့အစည်းအဝေးမှ ကျောင်းသားထုကြီး၏ တရားမျှတ၍ လိုအပ်

သော ကျောင်းတစ်လပိတ်ရေး တောင်းဆိုချက်ကို ပယ်ချခဲ့လေသည်။ ထိုပယ်ချချက်ကို စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပသော ကောင်စီ အစည်းအဝေးတွင် အပြီးသတ် ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်၏။ ထို့ကြောင့် ကျောင်းသားများသည် ကောင်စီအစည်းအဝေးနှင့် တစ်ပြိုင်တည်း ဤ ကျောင်းသားထု အစည်းအဝေးကြီးကို ကျင်းပနေခြင်းဖြစ်ပေသည်။

အဆုံးအဖြတ်ပေးမည့် ကာလကလည်း နီးကပ်နေ၍တစ်ကြောင်း၊ အာဏာပိုင်တို့က ခါးခါးသီးသီး ငြင်းပယ်နေ၍လည်းကောင်း၊ ဒီအက်စ်အို တို့၏ အကြိမ်ကြိမ် သစ္စာဖောက်မှုတို့ကြောင့်လည်းကောင်း၊ ကျောင်းသား များသည် ခံပြင်းနာကြည်းလျက် စိတ်ဓာတ် အတက်ကြီး တက်နေကြပါ သည်။ အစည်းအဝေး ခန်းမဆောင်ကြီးမှ လျှံထွက်လာသော ကျောင်းသား သည် လှေခါးထိပ်အထိ ရောက်ရှိနေပါသည်။

ဒီအက်စ်အိုများသည် ရွေးကောက်ပွဲ ပျက်ပြားပြီးနောက် စက်တင် ဘာလ (၃) ရက်နေ့တွင် ကျင်းပသော ၎င်းတို့၏ကျောင်းသားထု အစည်း အဝေး၌ အောက်တိုဘာ တစ်လပိတ်ရေးအဆိုကို တင်သွင်းဆုံးဖြတ်ခဲ့လေ သည်။ အကြောင်းမူ ကျောင်းသားထုကြီးတစ်ရပ်လုံး၏ သည်းခြေကြိုက် ဖြစ်သောကြောင့်တည်း။ သို့ရာတွင် မနေ့ညကမူ ဒု-ဝန်ကြီးချုပ် ဦးကျော် ငြိမ်းသည် ယုဒသန်ခန်းမဆောင်၌ လာရောက်၍ အောက်တိုဘာ ကျောင်း တစ်လပိတ်ပေးခဲ့လျှင် 'ဂျပန်စက္ကူ ဘီအေများ ဖြစ်ကုန်မည်စိုး၍ ၁၅ ရက်သာပိတ်ရမည်' ဟု ပြောသွားလေသည်။ ထိုအခါတွင် ဒီအက်စ်အိုများ သည် ထွေးထားသော တံထွေးများကို ပြန်မျိုသောအားဖြင့် ကျောင်း ၁၅ ရက်ပိတ်သည်မှာ မှန်ကန်သည်ဟု ပြောင်းလဲ ဆုံးဖြတ်ကြလေသည်။

သို့ဖြင့် ဒီအက်စ်အိုများသည် ကျောင်းသားထုကို ကိုယ်စားမပြုဘဲ ကျောင်းသားထုအကျိုးကို ဆန့်ကျင်ကာ ပြင်ပမှ ကြိုးဆွဲရာ ကနေကြောင်း ဘွားဘွားကြီး ပေါ်သွားလေတော့သည်။ ရွေးကောက်ပွဲတွင် 'မဲသူခိုး' အဖြစ် ကျောင်းသားထုကြီး၏ ဝိုင်းပယ်ခြင်းကို ခံရလေတော့သည်။

ဤသို့ တစ်ဖက်က သစ္စာဖောက်နေသည်နှင့်အမျှ တစ်ဖက်တွင်

ကျောင်းသားထုအကျိုးကို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ခေါင်းဆောင်မှုပေးနေသော တပ်ဦးသည် အင်အားတိုးပွားလျက် ရှိလေသည်။

အင်မတန်မှ အပြောအဟောကောင်းသော ကိုယု၏ ရဲရဲတောက် စကားများတွင် တစ်ခဲနက် ဩဘာသံများက ပဲ့တင်ဟီးလျက် ရှိလေသည်။

'ကိုမြင့်နောင် . . . '

သာယာသောခေါ်သံကြောင့် မောင်မြင့်နောင်သည် မျှော်လင့်ချက်ကြီးစွာနှင့် လှည့်ကြည့်လိုက်သည်။ ရွှေစင်ဦးကား မဟုတ်ချေ၊ အင်းလျားမှ မကြည်အေးသာ ဖြစ်ချေသည်။

'ဟာ မကြည်အေး နောက်ကျလှချည့်လား . . . '

'ဟုတ်တယ်၊ မေမေတို့လာတွေ့နေတာနဲ့ ကျွန်မ ဘယ်လိုလုပ်ဝင်ရမလဲ'

'ဒီလိုပဲ တိုးဝင်သွားပေတော့၊ လွယ်တော့ မလွယ်ဘူး . . . '

'ရွှေစင်တို့ ရောက်နေပလား . . . '

'မမြင်သေးဘူး. . . '

မကြည်အေးသည် ထမီကို တင်းတင်းပြင်ဝတ်လိုက်ပြီး ကျောင်းသားများအား တိုးဝှေ့၍ ဝင်သွားလေတော့သည်။ မောင်မြင့်နောင်သည် လှေခါးလက်ရမ်းကို မှီ၍ ကျောင်းသားထုကြီးအား ကြည့်နေမိပါသည်။ သူသည် စိတ်ဓာတ်တက်ကြွလျက်ရှိသည်။ သို့ရာတွင် စိတ်ထဲ၌ အနှောင့်အယှက်တစ်ခု ဖြစ်နေသည်။ ထို့ကြောင့် သူက စိတ်မဖြောင့်နိုင်ဘဲ ရှိနေသည်။

ဤမျှ များပြားသော ပရိသတ်ထဲတွင် ရင်ရင်နွဲ့နှင့် မမသီတို့ မပါဝင်သည်ကို သူက မအံ့ဩပါ။ မမသီသည် အေးအေးဆေးဆေး စာဖတ်နေလိုသူတစ်ဦးဖြစ်ပြီး ရင်ရင်နွဲ့မှာ အတွင်းဝန်တစ်ဦးသမီး မဟုတ်ပါလား။ နတ်ရေကန်ထဲ ချလိုက်သလို ဒီအက်စ်အိုဘဝမှ တိုးတက်ဖြစ်မလာနိုင်သေးပါပေ။

ပြဿနာဖြစ်နေသည်က ရွှေစင်ဦးတစ်ယောက် ရောက်မလာခြင်း

ပင် ဖြစ်သည်။ လွန်ခဲ့သည့်သုံးရက်ကမူ သူမသည် သူ့ရင်ခွင်ထဲသို့ ကလေးငယ်တစ်ယောက်ပမာ တိုးဝင်ခဲ့လေသည်။ သူ၏အနမ်းကို ကြည်နူးစွာ ခံယူခဲ့သည်။ သို့ရာတွင် 'ချစ်သလား . . .' ဟု မေးသောအခါတွင်မူ ရယ်မော၍သာ နေခဲ့ပါသည်။ ပြီးတော့ 'သိပ်ပျော်တယ် . . .'တဲ့။ ဒါပဲ ပြော၏။

'မောင်မြင့်နောင်သည် ထိုနေ့ညမှာပင် ကိုအောင်ကျော်အား ဤအဖြစ်အပျက်များကို ဖွင့်ပြောလိုက်၏။ ပြီးတော့ 'အသည်းမှတောင်းဆိုချက်' စာတစ်စောင်ကို ညတွင်းချင်း ရေးသားပေးပို့လိုက်လေသည်။ သူ့အနေနှင့် ဤသို့ ပြုမူမှသာ မှန်ကန်ပေလိမ့်မည်။ မိန်းမပျိုလေးတစ်ဦးအား ဖက်ရမ်းနမ်းရှုပ်မိပြီးတော့ ပြတ်သားရပေမည်။ ဤနည်းဖြင့်သာ တစ်ဖက်သားကို စော်ကားရာ မရောက်စေနိုင်ကြောင်း ခိုင်ခိုင်မာမာ ယူဆထားလေသည်။

သို့ရာတွင် ရွှေစင်ဦးထံမှ သုံးရက်မျှကြာသည့်တိုင် မည်သည့်စကားမှ ပြန်မလာချေ။ ထိုပြင်လူကိုလည်း မတွေ့ရတော့ပါပေ။ ကျောင်းကိုပင် လုံးဝ မလာမရှိတော့ဟန် တူလေသည်။ ယနေ့လို အင်မတန် အရေးကြီးသော အစည်းအဝေးသို့ပင် ရောက်မလာဘဲ ရှိပါတော့သည်။

ထို့ကြောင့် သူက စိတ်မဖြောင့်နိုင်ဘဲ ရှိနေခြင်းဖြစ်ပါသည်။ အဖြူအမည်း မသိရဘဲ ဇဝေဇဝါ ဖြစ်နေရသည့်အတွက် စိတ်မဖြောင့်ရခြင်းလည်း မှန်ပါသည်။ သို့ရာတွင် ရွှေစင်ဦးက သူ့အား ပြန်ချစ်သည်၊ မချစ်သည်ထက် သူက အနှောင့်အယှက်ပေးနေ၍ ကျောင်းသားထုတာဝန်များ ပျက်ကွက်ပါသည်ဟု ဆိုလာကြမည်ကို သူကပို၍ ပူပန်နေပါသည်။ သူ့ကြောင့် လူတစ်ယောက် အနှောင့်အယှက် မဖြစ်စေလိုပါ၊ တပ်သားကောင်းတစ်ယောက် မဆုံးရှုံးစေလိုပါ။ သူ၏အသည်းနှလုံးများသာ ကြေမွဆုံးရှုံး၍ သွားပါစေ . . .။

'ကျွန်တော်တို့ကို ပညာပိုတတ်စေချင်တယ် ဆိုလို့ရှိရင် စာကြည့်ရမယ့်အချိန်ထဲက ဆယ့်ငါးရက် ဖြတ်တောက်မပစ်ပါနဲ့၊ ဒီဆယ့်ငါးရက်

စာသင်ရလို့ ကျွန်တော်တို့ဘာမှ ပိုတတ်မလာပါဘူး၊ သင်တန်းနှစ် ဒုတိယပိုင်းအတွက် ပြင်ဆင်ချိန် လုံလုံလောက်လောက် မရခဲ့ရင်သာ စာမေးပွဲကျဖို့ သေချာပါတယ်။ စေတနာရှိရိုးမှန်ရင် စာသင်ခန်းတွေ တိုးချဲ့ပေးပါ။ ဆရာတွေ လုံလုံလောက်လောက် ခန့်ပေးပါ . . .'

စာသင်ခန်းနဲ့ ဆရာ မလုံလောက်၍ တစ်နေ့တွင် စာသင်ချိန် သုံးနာရီခန့်သာ ရှိသဖြင့် ၁၅-ရက်တွင် ကျောင်းပိတ်ရက်များကို နုတ်လိုက်လျှင် စာသင်ချိန် တစ်ရက်ကျော်ကျော်သာ ရှိလေသည်ကို ရှင်းပြနေသည်။ တက္ကသိုလ်တွင် ဆရာရော ကျောင်းသားတွေအတွက်ပါ လုံလောက်သော ပြင်ဆင်ချိန်များ လိုအပ်ကြောင်းကို တင်ပြနေလေသည်။ မောင်မြင့်နောင်ကတော့ အရေးထဲတွင် သခွပ်ပင်က မီးတကျီကျီ ဖြစ်နေရသည့်အတွက် သူ့ဘာသူ ဒေါသဖြစ်မဆုံး ရှိနေသည်။

(၄)

'ကိုယ် စာထည့်လိုက်တယ် ရသလား . . .'

ရွှေစင်ဦးသည် နံနက် (၁၀) လောက်တွင် မောင်မြင့်နောင် တာဝန်ကျနေသော ယုဒသန်လမ်းကူးသို့ လာ၍မေးလေသည်။ ရဲဘော်တို့၏ တပ်လှန့်ဒိုးပတ်သံကြောင့် သူမ၏အသံကို အဓိပ္ပာယ်ကွဲပြားရုံသာ ကြားလိုက်ရ၏။ ကိုအောင်ကျော်ပင် ဒိုးပတ်ဝိုင်းတွင် အညာသားပီပီ ဝါးလက်ခုပ်တီးလျက်ရှိလေသည်။

'မရဘူး . . .'

'မနေ့ညက ထည့်လိုက်တယ်၊ ကနေ့ညနေမှ ရောက်မယ်ထင်တယ် . . .'

'ဘယ်ရောက်မလဲ၊ မနက်ဖြန်မှရောက်မှာပေါ့၊ ဘာတွေ ရေးလိုက်သလဲ . .'

မောင်မြင့်နောင်သည် မျက်နှာပူပူနှင့် မေးလိုက်သည်။

'ဖတ်ကြည့်ပေါ့၊ သွားမယ် . . .'

မိုးကလေး အုံ့ပျပျတွင် သူမထွက်သွားပါသည်၊ မောင်မြင့်နောင်တို့၏ ပထမတိုက်ပွဲကား အောင်မြင်လှပေသည်။ ကျောင်းသားပေါင်း ခုနစ်ထောင်ကျော်ရှိသည့်အနက် ဒီအက်စ်အို ငါးဆယ်နီးပါးခန့်သာ သင်တန်းတက်သည်၊ အချို့ကျောင်းသားများသည် အိမ်မှပင်မလာကြပေ၊ သို့သော်လည်း အများစုသည် အဆောင်အနေကို လာရောက်လေ့လာကြလေသည်။ ထို့ကြောင့် တက္ကသိုလ်လမ်းများ မြက်ခင်းများပေါ်တွင် ကျောင်းသားပေါင်း သုံးထောင်ကျော် ရှိနေပေသည်။ ဒိုးပတ်ဝိုင်းများသည် အပြိုင်အဆိုင် တီးလျက်ရှိလေသည်။ ကျောင်းသူများသည် ရှာလပတ်ရည်များကို စည်ကြီးများဖြင့် ထည့်၍ မောင်တွေ အစ်ကိုတွေအား အမောပြေ တိုက်ကျွေးလျက်ရှိပါသည်။ သီရိဆောင်မှ မုန့်လုံးရေပေါ် ကျွေးလေသည်။

အချို့ ကျောင်းသား ကျောင်းသူများသည် အိမ်မှ လူကြီးများ၏ ကြောင့်ကြ စိုးရိမ်ကြမှုကြောင့် ကျောင်းတက်ရန် လာရောက်ကြသော်လည်း၊ မောင်မြင့်နောင်တို့က သဘောပေါက်အောင်ရှင်းပြပြီး မေတ္တာရပ်ခံသောအခါတွင် ပြန်သွားကြလေသည်။

တက္ကသိုလ် စာသင်ခန်းများကား ခြောက်ကပ်လျက် ရှိလေသည်။ ဆရာ ဆရာမများသည် ဝတ္တရားရှိသည့်အလျောက် တပည့်များမရှိစေကာမူ စားပွဲတွင် တစ်ယောက်တည်း ထိုင်စောင့်လျက် ရှိလေသည်။

တစ်ချိန်တည်းမှာပင် မန္တလေးနှင့် မော်လမြိုင် ကောလိပ်တို့တွင်လည်း ကျောင်းသားများ အောင်ပွဲခံလျက် ရှိလေသည်။

မန္တလေးတက္ကသိုလ် ရေနီမြောင်းအနီးမှ ဒိုးပတ်သံသည် ရန်ကုန်နှင့်အတူ ပဲ့တင်ဟီးလျက် ရှိပါသည်။

'ပါမောက္ခချုပ် . . . ကျမ်းမာပါစေ'

ထိုအချိန်တွင် ဒေါက်တာထင်အောင်၏ ကားကလေးသည် အဓိပတိလမ်းအတိုင်း ဖြေးညင်းစွာ မောင်းနှင်သွားသဖြင့် ကျောင်းသားများသည် သူတို့ချစ်သော ဆရာအတွက် တစ်ခဲနက် ဆုမွန်တောင်းကြသည်။

**ရန်အောင်စာပေ (၂)**

ဆရာသည် ပြုံးသွား၏။ သို့သော်လည်း ဆရာ၏အပြုံးသည် မလန်းဆန်းလှပါပေ၊ ဆရာကောင်းမည်သည် တပည့်များအား သားသမီးရင်းပမာ ချစ်လေသည်သာ မဟုတ်ပါလား . . .

ခင်မိုးသီနှင့် ရင်ရင်နွဲ့တို့လာမည် မဟုတ်ကြောင်းကိုကား ကိုအောင်ကျော် ပြောနှင့်ထား၍ မောင်မြင့်နောင်က သိပြီးဖြစ်ပါသည်။

တရုတ် ကပြားမလေးတစ်ယောက် စာအုပ်များကို ပိုက်၍ ကျောင်းတက်ရန်လာနေသဖြင့် မောင်မြင့်နောင်သည် မေတ္တာရပ်ခံရန် ရှေ့သို့ တိုးသွားသည်။

'LET ME STUDY, YOU COMMUNIST'

ဤသို့ 'ကွန်မြူနစ်ကြီးရယ် ကျွန်မ စာသင်ပါရစေ' ဟု မခိုးမခန့် ပြောကာ ရင်ကလေးကော့၍ ထွက်သွားသဖြင့် သူသည် ငေး၍ ကျန်ရစ်ခဲ့ပါသည်။

'အဲ့ဒါ မာဂျရင်းအဖုတ်ရှောင်ပေါ့ . . . .'

အဖုတ်ရှောင်ကား နာမည်ကျော် အင်္ဂလိပ်သတင်းစာကြီး တစ်စောင်၏ အယ်ဒီတာဖြစ်လေသည်။ ကွန်မြူနစ် ဆန့်ကျင်ရေး ဒေါ်လာ ကိုယ်စားလှယ်တစ်ဦး ဖြစ်လေသည်။ ထို့ကြောင့်လည်း သူ့သမီးပါးစပ်မှ ထွက်လာသော လေသံသည် 'ဆီးတိုး' သံပေါက်နေခြင်း ဖြစ်ပါသည်။

'ဟေး ကိုမြင့်နောင် . . .'

စာရေးဆရာ ကိုမိုးမြေနှင့် မနုဿာနီ တို့ဖြစ်ကြပါသည်။

'ဟေး ခင်ဗျားတို့ ဘာလာလုပ်ကြတာလဲ . . .'

'လာလေ့ လာတာပေါ့ဗျ . . .'

သူတို့နှစ်ယောက်သည် လွယ်အိတ်ကိုယ်စီ လွယ်ထားလျက်ရှိရာ ရှောက်သီးဆေးပြား ရောင်းသူများနှင့် တူလှသည်။ ကွဲကော်ကိုင်း မျက်မှန်ထူများကြောင့်သာ စာရေးဆရာရုပ် ပေါက်နေလေသည်။

မောင်မြင့်နောင်သည် အနီးမှ ရဲဘော်တစ်ယောက်အား မှာကြားခဲ့ပြီးနောက် သူတို့နှစ်ယောက်အား တက္ကသိုလ်တွင် လှည့်လည်ပြသပါ

သည်။ စာရေးဆရာကြီးနှစ်ယောက် လှည့်လည် ကြည့်ရှုနေသည်ကို မည်သည့် ကျောင်းသားကမှ မသိပါပေ။

'FROM HERE TO MATERNITY'

'ဒီအက်စ်အို မဲသူခိုး . . . '

'AWAY WITH REGIMENTATION'

'ရုပ်သေး တက္ကသိုလ် . . . '

စသည့် နံရံပေါ်မှ စာတမ်းများသည် စာရေးဆရာကြီးများအား စိတ်ဝင်စားစေပါတော့သည်။

'ခင်ဗျားတို့ရဲ့ တိုက်ပွဲဟာ အောင်မြင်ပါတယ်၊ ဒါပေမဲ့ လူထုက မထောက်ခံဘူးဗျာ၊ သတင်းစာတွေကလည်း ဆန့်ကျင်ကြတယ်၊ ခင်ဗျားတို့ဟာ စာမသင်ချင်လို့ ကျောင်းပိတ်ရက် များများတောင်းတာလို့ လူတွေက ထင်နေကြတယ် . . . '

လက်ဖက်ရည်ဆိုင်တွင် ထိုင်မိကြသောအခါ ကိုမိုးမြေက ပြောပါသည်။ သူပြောသည်မှာ မှန်ပေသည်။ မောင်မြင့်နောင်က သက်ပြင်းချလိုက်မိသည်။

'ဟုတ်ပါတယ်၊ ဒီအကြောင်းကို ကျွန်တော်တို့လည်း သိပါတယ်၊ အပြင်ပန်း အနေနဲ့ကြည့်တော့ ပျော်ချင်ပါးချင်လို့ ကျောင်းပိတ်ရက် ပိုတောင်းတယ်လိုမျိုး ဖြစ်နေပါတယ်၊ သင်မယ့်လူက သင်ပေးတာကို ကျွန်တော်တို့က မသင်ချင်ရာရောက်နေပါတယ်၊ ဒါပေမဲ့ ကိုယ့်ဝမ်းနာ ကိုယ်သာ သိပါတယ်ဗျာ။ ကျွန်တော်တို့ တက္ကသိုလ်တွေမှာ စာသင်ပုံက ဟိုက်စကူးမှာလိုမဟုတ်ဘူး၊ ဟိုက်စကူးမှာက ပြဋ္ဌာန်းတဲ့စာအုပ်ကို သင်ရုံပဲ၊ တက္ကသိုလ်မှာကျတော့ ပြဋ္ဌာန်းတဲ့စာအုပ်က လမ်းကြောင်းပေးတာပဲရှိတယ်။ ဆရာတွေက လမ်းညွှန် ဖေးမပေးတာပဲ ရှိတယ်။ ကျန်တာတော့ ကိုယ့်ကိုယ်ကို အားကိုးပြီး သက်ဆိုင်ရာ အပြင်စာအုပ်တွေကို လိုက်နာယုံကြည်ဖို့မဟုတ်ဘဲ လက်ခံစဉ်းစားဖို့သာဖြစ်တယ်။ ပြီးတော့ အယူအဆသစ်တွေကို မွေးဖွားပေးရမယ်၊ ကျွန်တော်တို့တာဝန်က ရှိပြီးပညာကိုသာ

လက်ခံသင်ယူဖို့ မဟုတ်ဘဲ ကျယ်ဝန်းလာအောင် တိုးချဲ့ဖို့ ဖြစ်တယ် . . .'

မောင်မြင့်နောင်က ကော်ဖီ တကျိုက်သောက်ပြီး ဆက်ပြောသည်။

'အဲဒီလို ဝိဇ္ဇာပညာရပ်တွေ၊ သိပ္ပံပညာရပ်တွေကို တိုးတက်လာအောင် ဖန်တီးရတဲ့နေရာမှာ ကျောင်းကသင်တဲ့ စာအုပ်နဲ့ အတန်းကိုချည်းတက်နေလို့မဖြစ်ဘူး။ အဲဒီလိုသာ သင်နေရရင် 'အသိဉာဏ်' ဟာ အကန့်အသတ်နဲ့ ဖြစ်နေမှာပဲ၊ ပြီးတော့ ဆရာတွေအနေနဲ့လည်း တပည့်တွေကို ခိုင်ခိုင်မာမာ ပို့ချနိုင်ဖို့ လေ့လာပြင်ဆင်စရာ သုတေသနပြုစရာတွေ အများကြီး ရှိပါတယ်။ ဒါမှသာ လက်ချာကောင်းတွေ ပို့ချနိုင်တော့မပေါ့။ စာအုပ်ကိုဝယ်ပြီး ဒါကို အလွတ်ကျက်ကြလို့ ပြောလို့ရတာမဟုတ်ဘူး . . .'

'အဲ့ဒါတွေကို လူထုသိအောင် လုပ်ပါလားဗျ . . .'

မနုဿာနီက ပြောလိုက်သည်။

'ဘယ့်နှယ်လုပ်မလဲ၊ ကျွန်တော်တို့မှာ သတင်းစာလည်းမရှိဘူး၊ ရေဒီယိုလည်း မရှိဘူး။ အဲ့ဒီတော့ မိဘပြည်သူတွေဟာ အာဏာပိုင်တွေက မစားရဝခမန်း ပြောတာတွေကိုသာ ယုံကြည်နေကြတာပေါ့။ ခင်ဗျားတို့လို စာရေးဆရာတွေက အဖြစ်မှန်ကို ရေးကြပေါ့ဗျာ၊ ခင်ဗျားတို့အမြင်ပဲ။ ကျောင်းသား ခုနစ်ထောင်ကျော် ရှိတဲ့အထဲမှာ လူ လေးငါးဆယ်သာ တက်တယ်မဟုတ်လား။ ဒီခုနစ်ထောင်ကျော်စလုံးဟာ စာမသင်ချင်တဲ့ လူတွေ ဟုတ်နိုင်ပ့ါမလား။ ဒီအထဲမှာ စာတော်တဲ့လူတွေ၊ ဂုဏ်ထူးယူမယ့် လူတွေ အများကြီးပါပါတယ်၊ အခု ကျွန်တော်တို့ တတ်နိုင်တာကတော့ ကိုယ့်မိဘတွေကို သဘောပေါက်အောင် ရှင်းပြရုံပဲ ရှိပါတယ်'

'ကျွန်တော့် ညီမဝမ်းကွဲတစ်ယောက်ကလည်း ပြောပါတယ်၊ သူက ဒီနှစ်မှ အောင်တာ၊ တစ်နေ့သင်တာ တစ်နေ့မီအောင် မလိုက်နိုင်ဘူးတဲ့။ နားမလည်တာလည်းရှိတယ်၊ နေရာမရလို့ မကြားရတာ၊ နုတ်စ်မထုတ်နိုင်တာလည်း ရှိတယ်တဲ့၊ အဲဒါ ကြွေးတွေ အတော်တင်နေပြီတဲ့၊ ကျောင်းတစ်လပိတ်မှ ကြွေးတွေကို ရှင်းပစ်ဖို့ လုပ်ထားတာ၊ ခုတော့ ဆယ့်ငါးရက်ပဲ

ပိတ်မယ်ဆိုလို့ အခက်တွေ့နေပြီတဲ့ . . .'

'ဒါပေါ့၊ ဖရက်ရှာတွေအဖို့ အတော်ကို အခြေအနေဆိုးနေတယ်၊ စာသင်ခန်းနဲ့ ဆရာ မလုံလောက်လို့ စာသင်မှု ပျက်ပြားတာတော့ ဖုံးထားပြီး ကျောင်းပိတ်ရက်လျှော့တာကို အသားယူနေတယ် . . .'

ထိုအချိန်တွင် သူတို့စားပွဲအနီးသို့ တိုက်ပုံအင်္ကျီဝတ်ထားသော လွယ်အိတ်နှင့် လူနှစ်ယောက် လာထိုင်၍ မောင်မြင့်နောင်သည် လက်ဖက်ရည်ဖိုး ရှင်းပေးကာ ကိုမိုးမြေတို့အား ဆိုင်ထဲမှ အမြန် ခေါ်ထုတ်သွားပါသည်။

'အဲဒါ စုံထောက်တွေဗျ . . .'

'ဟုတ်လား . . .'

'ဟုတ်တာပေါ့၊ စုံထောက်တွေ ဘယ်လောက်များ လွှတ်ထားတယ်တော့ မသိဘူး၊ ဘယ်နေရာ သွားသွား သူတို့နဲ့ကို မလွတ်ဘူး'

'အေးဗျာ၊ ခင်ဗျားတို့ပြဿနာ ခင်ဗျားတို့ပဲသိတယ်။ ကျွန်တော်တို့လည်း ဘာမှမပြောတတ်ဘူး၊ ဒါပေမဲ့ ဒီမိုကရေစီဘောင်အတွင်းက ဆန္ဒပြကြပါ။ အကြမ်းမဖက်ကြပါနဲ့၊ ကျွန်တော်ထင်တယ်၊ အစိုးရကတော့ လိုက်လျောမယ် မထင်ဘူး။ အဖမ်းအဆီးတွေ လုပ်မှာပဲ၊ အဲ့ဒီအခါမှာသာ ခင်ဗျားတို့ဘက်က ခြေလှမ်းမမှားဖို့ လိုတယ်'

'မနက်ဖြန်ညနေမှာ ဝန်ကြီးချုပ်နဲ့ ကျောင်းသားကိုယ်စားလှယ်တွေ တွေ့ဖို့ရှိတယ်၊ အဲဒီမှာ ပြတ်ပြတ်သားသား သိရမှာပဲ'

'တက္ကသိုလ်ကျောင်းဟောင်းတစ်ဦး ဖြစ်တဲ့ ဦးနုဟာ ကျောင်းသားထုကို လိုက်လျောပါလိမ့်မယ် . . .'

ကိုမိုးမြေက ပြန်ခါနီးတွင် ဤသို့ ပြောသွားလေသည်။ သို့ရာတွင် သူ၏မှန်းဆချက်ကား နှမ်းထွက်နှင့် မကိုက်ညီပေ။

တက္ကသိုလ်အဓိပတိ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ နေအိမ်တွင် ကျင်းပသော ဆွေးနွေးပွဲသို့ ကျောင်းသားအဖွဲ့အသီးသီးမှ ခေါင်းဆောင်နှစ်ဆယ်ခန့်နှင့် အဓိပတိ ဦးဘိုကြီး၊ ပညာရေးဝန်ကြီး ဦးသန်းအောင်၊

ပါမောက္ခချုပ် ဒေါက်တာ ထင်အောင်၊ ပါမောက္ခ ဒေါက်တာသာလှ၊ ပါမောက္ခဦးအောင်လှတို့ တက်ရောက်ကြလေသည်။ သို့ရာတွင် ညနေ (၄) နာရီမှည (၈) နာရီထိ ဆွေးနွေးသည့်တိုင် မပြေလည်ဘဲ နှစ်ဖက်တင်းမာလျက် ရှိလေသည်။ တက္ကသိုလ် အဓိပတိအနေဖြင့် ကျောင်းတစ်လပိတ်ပေးရန် လုံးဝ လက်မခံသလို ကျောင်းသားကိုယ်စားလှယ်များကလည်း ဆုံးဖြတ်ထားပြီး ဖြစ်၍ ကျောင်းသားထုဆန္ဒကို မပြင်နိုင်ဟု ဆိုလေသည်။

သို့ရာတွင် ထိုနေ့မှာပင် တကသ၌ ကျောင်းသားထု အစည်းအဝေးတစ်ရပ်ကို ကျင်းပ၍ ရန်ကုန်တက္ကသိုလ်ကို တစ်လတိတိ မိမိတို့ဘာသာ ပိတ်လိုက်ကြောင်းဖြင့် ကြေညာလိုက်လေသည်။ ထို့နောက် ညနေပိုင်းတွင် ဘတ်စ်ကား အစီးခုနစ်ဆယ်ကျော်ဖြင့် မြို့ထဲသို့ လှည့်လည်ကြွေးကြော်ကြလေသည်။

ဤသို့သော သေရေးရှင်ရေး ကာလတွင် ရွှေစင်ဦးထံမှ စာသည် မောင်မြင့် နောင်လက်ထဲသို့ ရောက်ရှိလာတော့သည်။

(စ)

ကိုမြင့်နောင် . . .

ကျွန်မ စာရေးလိုက်ပါသည်။ ကျွန်မ ကိုမြင့်နောင်စာကို သုံးရက်တိတိ စဉ်းစားပါသည်။ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါ။ ကျွန်မ ကိုမြင့်နောင်ကို အထူးခင်မင်ပါသည်။ သို့သော်လည်း ကိုမြင့်နောင်၏ တောင်းဆိုချက်ကို တော့ မလိုက်လျောနိုင်၍ ဝမ်းနည်းပါသည်။ အခင်အမင် မပျက်စေလိုပါ။ မချစ်နိုင်ပေမဲ့ မချစ်ဘူးလို့ မပြောရက်ပါ၊ ဒါပါပဲ။

အော် . . . ကျွန်မအတွက်နဲ့တော့ စိတ်ဆင်းရဲမှု မဖြစ်ပါစေနဲ့၊ စာသင်မပျက်ပါနဲ့၊ တာဝန်တွေ မလစ်ဟင်းပါနဲ့။ ပြီးတော့ 'အပြာ'ကို မထုတ်ဖို့ရန် ကျွန်မ တောင်းပန်ပါသည်။

မမုန်းတတ်သူ ရွှေစင်

**ရန်အောင်စာပေ (၂)**

မောင်မြင့်နောင်နှင့် ကိုအောင်ကျော်တို့ ဆန္ဒပြပွဲမှ ပြန်လာသည့် အချိန်သည် ညရှစ်နာရီရှိပေပြီ။ မောင်မြင့်နောင်သည် ချက်ချင်းပင် ပြန်စာ ရေးလေသည်။ ကိုအောင်ကျော်က စာကိုဖတ်ပြီးနောက် မည်သို့မျှ ဝေဖန်ခြင်း မပြုပါပေ။

မရွှေစင်ဦး . . .

ကျွန်တော် စာရေးလိုက်ပါသည်။ ကျွန်တော် မရွှေစင်ဦးရဲ့ စာကို ဖတ်ပြီး ချက်ချင်းပဲ စာပြန်လိုက်ပါသည်။ မရွှေစင်ဦးဟာ ရဲဘော်မတစ်ဦး ဖြစ်သည်ကတစ်ကြောင်း၊ ကျွန်တော့်အား ချစ်နေ၍ ရေလာမြောင်းပေး လုပ်နေသည်ဟု ယူဆ၍တစ်ကြောင်း၊ တစ်နေ့က အနမ်းများကို ကျူးလွန် မိ၍တစ်ကြောင်း ထို့ကြောင့် 'စကားကမ်းလှမ်းခြင်း' ဖြစ်ပါသည်။ ခု ပြဿနာတွင် ကျွန်တော်က ချစ်သည်မချစ်သည်ဆိုသော ပြဿနာ မပေါ်ပေါက်ပါ။ မရွှေစင်ဦးက ရိုးရိုးခင်တာပါဟု ပွင့်ပွင့်လင်းလင်း ပြောထားသည့် နောက်ပိုင်းတွင် ကျွန်တော်က မိတ်ဆွေကောင်း ရဲဘော် ပမာ ဆက်ဆံသွားပါမည်။

ကျွန်တော့်အတွက် မပူပါနဲ့၊ ကျွန်တော်ဟာ အစဉ်းစား အဆင်ခြင် မရှိဘဲ အချစ်အတွက် လေလွင့်နေတတ်တဲ့လူ မဟုတ်ပါ။ စာသင်ရေးမှာ ကျွန်တော်၏ ကိုယ်ရေးကိုယ်တာ ပြဿနာဖြစ်ပါသည်။ တာဝန်တွေ လစ်ဟင်းမည်ကိုတော့ မစိုးရိမ်ပါနဲ့၊ ကျွန်တော်သည် ကျောင်းသားထုကို သစ္စာဖောက်မယ့်သူ မဟုတ်ပါ။

'အပြာ' မှာ မည်သူ တစ်ဦးတစ်ယောက်၏ အကြောင်းမျှမဟုတ် ပါ။ ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူပြုသည့် ဝတ္ထုတစ်ပုဒ်ဖြစ်ပါ သည်။ ထို့ကြောင့် ရေးသားပြီးစီးသော အခါတွင် ထုတ်ဝေရပါလိမ့်မည်၊ မည်သူကမျှ တားဆီး၍ ရနိုင်မည်မဟုတ်ပါ။

သစ္စာမဖောက်တတ်သူ
မြင့်နောင်

**ရန်အောင်စာပေ (၂)**

ကိုအောင်ကျော်က ကိုမြင့်နောင် စာကိုဖတ်ကြည့်ပြီး ရယ်မောလိုက်လေသည်။

'မောင်ရင်တို့နှစ်ယောက်ရဲ့ အရှုံးဇာတ်လမ်းဟာ ဤတွင် နိဂုံးတံပေါ့ ဟုတ်လား . . .'

သူက ဤသို့ပြောပြီး မီးကို ပိတ်လိုက်သည်။ သို့ရာတွင် နှစ်ယောက်စလုံးသည် တော်တော်နှင့် အိပ်မပျော်နိုင်ကြပါပေ။ ကိုအောင်ကျော်သည် ခင်မိုးသီနှင့်အတူ အညာသို့ ပြန်လိုလှပါသည်။ သို့ရာတွင် မနက်ဖြန်မှစ၍ အရေးကြီးသော တိုက်ပွဲများကို ဆင်နွှဲရဦးမည်ဖြစ်၍ ချစ်သူနှင့် တစ်ပါတည်း လိုက်မသွားနိုင်ပါပေ။

မောင်မြင့်နောင်သည် အချစ်ကိုဦးစားပေးသူ မဟုတ်ဟု သူ့ကိုယ်သူ ထင်မှတ်ထားသော်လည်း ယခုကိစ္စက မအီမလည်ကြီး ဖြစ်ပါသည်။ ဘဝင်မကျနိုင်ပါ။ သူနှင့် ရွှေစင်ဦး၏ ပြဿနာသည် ကလေးကစားခြင်း မဟုတ်ပါ။ မျက်လှည့်ပြခြင်းသော်လည်း ဖြစ်တန်ရာသည်။ သူ့အား အရူးလုပ်ခြင်းသော်လည်း ဖြစ်တန်ရာသည်။ သို့ရာတွင် သေသေချာချာ ကြည့်လျှင် ရွှေစင်ဦးသည် သူ့အား တမင်သက်သက်တော့ ချောက်ထဲ ဆွဲချနေခြင်း ဟုတ်မည်မထင်ပေ။ ချစ်တော့ ချစ်နေပုံရပေသည်။ ယင်းစေကာမူ သူ့အား လက်ထပ်မယူနိုင်သော အခြား အကြောင်းတစ်ရပ် ရှိကောင်းရှိပေမည်။

ကိုအောင်ကျော် ပြောသလို အရှုံးဇာတ်လမ်း ဖြစ်ဟန်ရှိပေမင့် ဤမျှနှင့် နိဂုံးတံပြီဟုတော့ ကံသေကံမ မပြောနိုင်သေးပါပေ။

သို့ရာတွင် တစ်ခုတော့ သူ သတိထားမိသည်၊ ရွှေစင်ဦးအား သူမချစ်ပါ။ အဘယ်ကြောင့် ဆိုသည်ကိုတော့ အဖြေရှာ မတွေ့နိုင်သေးပါ။

မည်သည့်အချိန်တွင် သူအိပ်ပျော်သွားမှန်း မသိပါ။ ကိုအောင်ကျော် နှိုး၍ သူနိုးသောအချိန်ကတော့ နံနက်လေးနာရီ ဖြစ်သည်။ သို့စေကာမူ မန္တလေးမှာလိုတော့ တုံးခေါက်သံမကြားရပါ။ တက္ကသိုလ်တစ်ခုလုံးသည် ပကတိ အိပ်မောကျလျက် ရှိလေသည်။

**ရန်အောင်စာပေ (၂)**

သို့ရာတွင် အစောဆုံး ဘတ်စ်ကားသည် ငါးနာရီထိုးမှ ထွက်သဖြင့် သူတို့နှစ်ယောက်သည် ဘူတာရုံကြီးသို့ ငါးနာရီခွဲမှ ရောက်ရှိသွားလေသည်။ ရင်ရင်နွဲ့နှင့် ဒေါ်မြမြတို့ လိုက်ပို့သည်ကို တွေ့ရသည်။ ခင်မိုးသီနှင့် ကိုအောင်ကျော်တို့က တတွတ်တွတ် ပြောမဆုံးရှိနေစဉ်တွင် ဒေါ်မြမြက မောင်မြင့်နောင်အား အိမ်မလာကောင်းလားဟု အပြစ်တင်လျက်ရှိသည်။

'အစ်ကိုမြင့်နောင် အတော်ပိန်သွားတယ်၊ ကောင်းကောင်း မအိပ်ရဘူးနဲ့ တူတယ်၊ မျက်တွင်း သိပ်ကျတာပဲ . . .'

ယခုအခါတွင် ရင်ရင်နွဲ့သည် 'အစ်ကိုအောင်ကျော်' 'အစ်ကိုမြင့်နောင်' စသည်ဖြင့် ခေါ်ဝေါ်လျက်ရှိလေသည်။

'ဟုတ်တယ် . . . အစ်ကိုတော့ အတော်ဖားနေပြီ၊ ညီမတို့ကို အကူအညီ တောင်းရမှာပဲ . . .'

'အန္တွဲ့ ကြိုးစားနေပါတယ် . . .'

'ဘာ ကြိုးစားတာလဲ . . .'

'အစ်ကိုတို့နဲ့ တိုက်ဆိုင်နိုင်ဖို့လေ . . .'

အစ်ကိုဟု မရဲတရဲ သုံးလိုက်ခြင်းကို သူက သတိထားလိုက်မိပါသည်။ ရထားထွက်ချိန် နီးပြီဖြစ်သဖြင့် မောင်မြင့်နောင်သည် မိခင်ကြီးအားပေးရန်စာကို ခင်မိုးသီ လက်သို့ အပ်လျက်ရှိသည်၊ စာအိပ်မှာ ဖောင်းပြီးလေးနေသဖြင့် . . .

'ဘာတွေလဲ . . .'

'ကရမက် စိပ်ပုတီး၊ တစ်နေ့က ဘုရားဆောင်းတန်းမှာ တွေ့လို့ဝယ်လာတာ . . .'

'မောင်မြင့်နောင်က ဒီလိုတော့ လိမ္မာသားပဲ၊ အမေကြီး ဘယ်လောက်ဝမ်းသာလိုက်မလဲ . . .'

ဒေါ်ခင်မြမြက ချီးကျူးလိုက်သည်။

ရထား ထွက်သွားသောအခါ မောင်မြင့်နောင်သည် မိခင်ကြီးအားအထူးသတိရ လွမ်းဆွတ်နေတော့သည်။ ခင်မိုးသီပြန်လာပြီး သူ ပြန်မလာ

ခြင်းအတွက် စိတ်ကောင်းမည်မဟုတ်ပါပေ၊ ခါတိုင်းနှစ်များဆိုလျှင်လည်း သူ ကျန်ရစ်ခဲ့စရာ အကြောင်းမရှိပါပေ၊ ခုတော့ ကနေ့ ဘယ်လိုဖြစ်ဦးမည် မသိ။

ခင်မိုးသီတို့ ရထားတွင်တော့ ကျောင်းမှ အတော် ပါသွားကြလေသည်။ ရင်ရင်နွဲ့တို့ ကားဖြင့် သူတို့အား ကျောင်းသို့ ပြန်ပို့လေသည်။ ကျောင်းဆောင်သို့ ပြန်ရောက်သောအခါတွင်ကား ကျောင်းသားတော်တော်များများ ပြန်ကုန်ကြပြီကို တွေ့ရ၏။ နောက်တစ်နေ့တွင် ပြန်ကြရန် အထုပ်အပိုး ပြင်နေကြသူများမှာလည်း မနည်းပါပေ၊ သူတို့ ထမင်းစားခန်းသို့ သွား၍ ကော်ဖီ သောက်ကြပြီးလျှင် စာသင်ခန်းများဘက်သို့ သုတ်ခြေတင် သွားကြပါသည်။

ဒိုးပတ်ဝိုင်းများက ညံညံစီလျက် ရှိလေပြီ။ ယခုအထိတော့ တိုက်ပွဲသည် အောင်မြင်လျက်ရှိချေပြီ၊ ၂၉-ရက်နေ့ကလောက်ပင် ကျောင်းတက် လာကြသူများ မရှိတော့၊ လူအစိတ်လောက်သာ စုန်းပြုံးလေသည်။ တစ်နေ့ကလို မေတ္တာရပ်ခံရခြင်း မပြုရတော့ပါပေ။

အောက်တိုဘာ တစ်ရက်နေ့သည် ခြစ်ခြစ်တောက်ပူလျက်ရှိ၏။ စာသင်ခန်းများသည် ရှင်းရှင်းခြောက်လျက်ရှိ၏။ သို့ရာတွင် တက္ကသိုလ်နယ်မြေတွင် ကျောင်းသားနှစ်ထောင်ခန့် ရှိနေပေသေးသည်။

မောင်မြင့်နောင်သည် အမျိုးမျိုး တွေးတောနေရုံသာ ရှိပေသည်။ မည်သူ့အားမျှ မတွေ့ရ၊ သတင်းမမေးနိုင်ပါ။ သူတို့တစ်တွေအား အပြင်လူများနှင့် လုံးဝ တွေ့ဆုံခွင့်မပေးပါ။ မိဘနှင့် ရည်းစားတို့ကိုသာ တွေ့ဆုံခွင့်ပေးပါသည်။ ကိုထွန်းဖေနှင့် ကိုခင်မြင့်တို့အား သူတို့၏ ချစ်သူများက လာတွေ့သောအခါတွင် ရွှေစင်ဦးနှင့် ရင်ရင်နွဲ့တို့အား အမှတ်ရမိသည်။ သို့ရာတွင် သူတို့နှစ်ယောက်စလုံးသည် သူ့ချစ်သူများ မဟုတ်ကြပါပေ။ သို့ရာတွင် ရွှေစင်ဦး အနေနှင့်မူ ရဲဘော်တစ်ဦးအား ချစ်သူဟန်ဆောင်၍ လာတွေ့သင့်သည်ဟု သူက မျှော်လင့်မိသည်။

ခင်မိုးသီကမူ ကိုအောင်ကျော်အား သွားရောက်တွေ့ဆုံမည်မှာ

မလွဲပေ၊ ကိုအောင်ကျော်နှင့် တွေ့ရလျှင်လည်း သတင်းသိရပေမည်၊ ကိုအောင်ကျော်သည် ဗဟန်းဌာနတွင် ရောက်နေသလိုလို ကြားသိရပါသည်။

ထိုအထဲတွင် မောင်မြင့်နောင်အား စိတ်အထိခိုက်ဆုံးကတော့ သူ့အား ရာသက်ပန် ကျောင်းထုတ်ပစ်လိုက်ခြင်းပင် ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား (၃၀)အား ရာသက်ပန် ထုတ်ပစ်ပြီး ကျောင်းသားဆယ်ယောက်အား (၁)နှစ် ထုတ်ပယ်ပစ်လိုက်ကြောင်းတို့ကို သတင်းစာတွင် ဖတ်ရသောအခါ သူ့ရင်ထဲတွင် နာကြည်းမှုကို ခံစားရပါသည်။

ဘွဲ့မရတော့သည့်အတွက် ဝမ်းနည်းသော်လည်း နိုင်ငံသားတစ်ယောက်၏ အခွင့်အရေး ဆုံးရှုံးရမှု နာသာခံခက် ဖြစ်နေရပါသည်။ အထူးသဖြင့် မိခင်ကြီး၏ ကြိုးပမ်းချက်များသည် သဲထဲရေသွန် ဖြစ်ရချေပြီ မဟုတ်ပါလား။

ဝင်းပြင် ရဲဘော်များသည် ၎င်းတို့အိမ်မှပေးပို့သော အစားအသောက်များကို သူ့ထံ ဝေခွဲပေးပို့ကြပါသည်။ ထိုသည်များကို လက်ခံရရှိတိုင်း သူက ပို၍ စိတ်မကောင်းဖြစ်ရပါသည်။

သူကား အထီးကျန်ပေတကား။

'ကိုမြင့်နောင် အပြင်မှာ ခင်ဗျားရည်းစား စောင့်နေတယ်'

တစ်နေ့တွင် ဌာနစာရေးသည် သူ့အခန်းတံခါးသော့ကို ဖွင့်ရင်း ပြောလိုက်လေသည်။ သူက မယုံကြည်နိုင်ပါ။

'ခင်ဗျာ . . . '

'ခင်ဗျာတွေ ဘာတွေလုပ်မနေနဲ့၊ မြန်မြန်သွား၊ သူ့ခမျာ အထုပ်တွေ အပိုးတွေနဲ့ မောမောပန်းပန်း လာရရှာတာ . . . '

'နာမည် ဘယ်သူတဲ့လဲဗျို့'

'ဗျာ၊ ခင်ဗျားက ကိုယ့်ရည်းစားနာမည်တောင် မေ့နေပလား၊ ဒါမှမဟုတ် ရည်းစားတွေ အများကြီးရှိလို့လား'

စာရေးက ဤသို့ပြောပြီး တဟားဟားရယ်မောနေပါသည်။

**ရန်အောင်စာပေ (၂)**

ထို့ကြောင့် မောင်မြင့်နောင်သည် ဘာမျှ ထပ်မေးမနေတော့ဘဲ ရုံးခန်းဆီ သို့သာ ခပ်သွက်သွက် လျှောက်သွားပါတော့သည်။

(ခ)

ရုံးခန်းထဲသို့ ရောက်သော အခါတွင်ကား မောင်မြင့်နောင်သည် သူ့မျက်လုံးသူ မရုံနိုင်ဘဲ ရှိနေလေတော့သည်။ သူကား စကားမပြောနိုင်ဘဲ မိမိရည်းစားဆိုသူအား စိုက်ကြည့်နေမိပါတော့သည်။

ရင်ရင်နွဲ့သည် ခုံတန်းရှည်ကြီးပေါ်တွင် ကြုံ့ကြုံ့ကလေး ထိုင်နေသည်။ မောင်မြင့်နောင်တို့ကို တွေ့လိုက်ရတော့ ရှက်သွားပုံရသည်။ သို့ရာတွင် သူမ၏ ရှက်ရွံ့မှုအား ဝမ်းသာမှုက ဖုံးလွှမ်းလာ၍ လှမျက်နှာသည် အနီဘက်မှ အဝါဘက်သို့ လုနေပါတော့သည်။

သူမ၏ နှုတ်ခမ်းကလေးများသည် တဆတ်ဆတ် တုန်နေသည်။ သူမသည် ထိုင်နေရာမှထလိုက်သည်။ သို့သော်လည်း သူ့ထံ ပြေးမလာတတ်ပါ၊ မောင်မြင့်နောင်သည် ရင်ရင်နွဲ့ထံ လျင်မြန်စွာ လျှောက်သွားပါသည်။

'အစ်ကို . . .'

'ညီမလေး ကိုယ် ညီမလေးကို သိပ်ကျေးဇူးတင်တယ် . . .'

'စကားပြောတာ ကြည့်ပြော၊ ညီမလေး မဟုတ်ဘူးနော် . . .'

သူက တိုးတိုးလေး ပြောလိုက်သည်။

'အဲဒါကြောင့် ပိုပြီး ကျေးဇူးတင်တာပေါ့'

သူမအား ပခုံးမှကိုင်ကာ အထိုင်ခိုင်းလိုက်၏။ သူကိုယ်တိုင်လည်း သူမဘေးတွင် ထိုင်လိုက်၏။ ရဲအရာရှိတစ်ဦးသည် မနီးမဝေးတွင် ထိုင်၍ စောင့်နေသည်။

'အစ်ကိုစားဖို့ မေမေက လုပ်ပေးလိုက်တယ်၊ ကြက်ဥပေါင်မုန့်ကြော်လည်းပါတယ်၊ ဘာလချောင်ကြော်လည်းပါတယ်၊ ယိုဘူးနဲ့ နို့ဆီဘူးတွေရောပေါ့ . . .'

'ဒါဖြင့် ဒေါ်ဒေါ်တို့က အနွဲ့လာတာကို မကန့်ကွက်ဘူးပေါ့ . . .'

'အနွဲ့တို့ တစ်အိမ်လုံးက သူ့ကို သိပ်ခင်ကြတယ်၊ သူကသာ'

သူမက ဆက်မပြောပါ၊ ဆက်မပြောရက်သည်များလား။

'ဖေဖေကလည်း စာအုပ်တွေပေးလိုက်တယ် . . .'

လွယ်အိတ်ထဲမှ စာအုပ်များကို ထုတ်ပြနေသည်။ မောင်မြင့်နောင်သည် ကျေးဇူးတင်မဆုံး၊ ဝမ်းသာမဆုံး ရှိနေပါသည်။

'မမသီကော . . .'

'မမသီ မလာသေးဘူး . . .'

သူက အလွန်အံ့ဩသွားသည်။

'မလာသေးဘူး ဟုတ်လား၊ ကိုအောင်ကျော်ကို သွားမတွေ့ဘူး၊ ဟုတ်လား၊ မဟုတ်သေးပါဘူး . . .'

အမှန်အားဖြင့် ကိုအောင်ကျော် အဖမ်းခံရသည်ဆိုလျှင် သူမသည် ရောက်ရာအရပ်မှ ဒုန်းစိုင်းပြေးလာမည့်သူ ဖြစ်ပါသည်။

'စာကော မလာဘူးလား . . .'

'စာလာပါတယ်၊ သူ့အမေ နေမကောင်းနေလို့တဲ့၊ ဒီအပတ်ထဲမှာများ ရောက်လာမလား မသိဘူး . . .'

သူ့မိခင်ကြီးကို သတိရမိသည်။

'အစ်ကိုတို့ အမေအကြောင်းကော စာထဲမပါဘူးလား . . .'

ရင်ရင်နွဲ့က ခေါင်းကို မသိမသာ ခါရမ်းလိုက်သည်။ သူမသည် အနည်းငယ် မျက်နှာပျက်နေ၏။ သို့ရာတွင် မောင်မြင့်နောင်သည် တပ်သားကောင်းတစ်ယောက်ပီပီ အားမာန်တင်းလိုက်သည်။

'ဒါနဲ့ ပြောပါဦး၊ အစ်ကိုနဲ့တွေ့ဖို့ ဘယ်လိုလုပ်ရသလဲ'

'ပြောတောင် မပြောချင်တော့ပါဘူး အစ်ကိုရာ၊ အစ်ကိုတို့ အဖမ်းခံထားရကတဲက တွေ့ဖို့ ကြိုးစားလာလိုက်ရတာ ခုမှပဲ တွေ့ရတော့တယ်။ ဟိုအရင် အရင်တွေက ဖေဖေကိုယ်တိုင် လိုက်ပြီး ကြိုးစားသေးတယ်။ ဒါပေမဲ့ အစ်ကိုတို့ ဘယ်ရောက်နေမှန်းတောင် မသိဘူး။ မနေ့က ကျောင်းမှာ အစ်ကိုတို့ ရဲဘော်တွေနဲ့တွေ့တယ်၊ သူတို့က နည်းလမ်းပေး

လိုက်တာပေါ့'

'ဘာနည်းလမ်းလဲ . . .'

'မသိဘူး . . .'

'အော် . . . ရည်းစားဆိုပြီး သွားတွေ့ခိုင်းတာလား . . .

'အို . . . တော်စမ်းပါ . . . ရှက်စရာကြီး . . .'

'အဲဒါကော . . . ဒေါ်ဒေါ်တို့သိလား'

'သိတော့ ဘာပြုလဲ . . .'

'အားနာစရာကြီး . . .'

သူမက မဲ့လိုက်ပါသည်။

'ကျောင်းတက်နေပြီပေါ့ . . .'

'အင်း ဒါပေမဲ့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ကျောင်းသာ တက်နေကြရတယ် ဘယ်သူမှ စိတ်မကောင်းကြပါဘူး။ အဖမ်းခံရတဲ့သူတွေ၊ အထုတ်ခံရတဲ့သူတွေကို သိပ်သနားနေကြတယ်။ ပြီးတော့ ရုံးရှေ့ မြက်ခင်းပြင်မှာ အစာတော်ခံ ဆန္ဒပြနေကြသေးတယ် မဟုတ်လား . . .'

'အန္တဲ့ မပါဘူးလား . . .'

'ပါချင်ပါတယ်၊ ဒါပေမဲ့ တစ်နေ့တုန်းက ဒီအက်စ်အို လုပ်ပြီး ခုတိုးတက်တွေထဲ ရောက်နေရမှာ စိတ်မလုံဘူး'

'အခွင့်အရေးကြောင့် ပြောင်းတာမှမဟုတ်ဘဲ၊ ဘဝအသိပေးကြောင့် ဖြစ်လာရတာပဲ . . .'

'ဖြည်းဖြည်းပေါ့ အစ်ကိုရယ်၊ ဒါပေမဲ့ သူ့အမျိုးသမီးကြီးကိုလည်း ဆန္ဒပြတဲ့အထဲမှာ မတွေ့ရပါဘူး . . .'

'ကိုမျိုးမြင့်နဲ့ချည်း တွဲနေတယ်ပေါ့ . . .'

'သူ ကြားပြီးပလား . . .'

'မကြားပါဘူး၊ ခန့်မှန်းကြည့်တာပါ၊ ဒီဇာတ်လမ်းဟာ ဒီလိုပဲ ဖြစ်ရမယ် မဟုတ်လား . . .'

ထိုအချိန်တွင် ရဲအရာရှိက ရင်ရင်နွဲ့ပြန်ရန် အချိန်တော်ပြီဟု

ပြောလာပါသည်။

'တစ်ပတ်တစ်ခါ တွေ့ခွင့်ရတယ်၊ အနဲ့ အပတ်တိုင်း လာတွေ့မယ်'

'ဒါပေမဲ့ ဘာတွေညာတွေ ယူမလာပါနဲ့ လူကိုတွေ့ရင် တော်ပါပြီ . . .'

'အံမယ် . . .'

'ဒါဖြင့် မလာချင်နေပေါ့ . . .'

(၈)

ရင်ရင်နွဲ့က မလာဘဲ မနေပါချေ။ သူမက တစ်ပတ်တစ်ကြိမ် လာတွေ့နေ၍သာ သူ့အဖို့ ဖြေသာပါတော့သည်။ အကြောင်းမှာ အခြားတစ်ဖက်တွင် အထူးစိတ်မချမ်းမြေ့ဖွယ်ရာ ကိစ္စတစ်ခု ပေါ်ပေါက်ခဲ့သောကြောင့်တည်း။

ရင်ရင်နွဲ့ ပြန်သွားပြီး နောက်သုံးရက်အကြာတွင် သူ့အား လာတွေ့သူတစ်ဦး မိုးပေါ်မှ ကျလာပြန်သည်။

'ခင်ဗျားအဖေ အပြင်မှာ စောင့်နေတယ် . . .'

'အမေလား . . .'

'အမေ မဟုတ်ဘူးဗျ၊ အဖေ၊ နှုတ်ခမ်းမွေးနဲ့ ယောက်ျားကြီး'

ရဲစာရေးက ပြောလိုက်သည်။ မောင်မြင့်နောင်သည် ရည်းစားတစ်ယောက် ရရှိခဲ့ပြီးသည့်နောက် ယခုတစ်ဖန် အဖေတစ်ယောက် ရနေပြန်ပါပြီ။ သူက မည်သူ့ကိုများ တွေ့လေမည်နည်းဟု ရုံးခန်းသို့ လျှောက်သွားသည်။ ရင်ရင်နွဲ့၏ ဖခင်ကြီးများလား၊ သို့မဟုတ် မည်သူနည်း။

'အော် မောင်မြင့်နောင်၊ နေကောင်းလား . . .'

ပြုန်းခနဲတော့ မောင်မြင့်နောင်သည် လန့်ဖျတ်၍ သွားလေသည်။ သို့ရာတွင် ရဲမှူး၏ စားပွဲကုလားထိုင်ပေါ်၌ အကျအန ထိုင်နေသော လူကြီးကား ကြောက်စရာမကောင်းပါပေ။ အသားအရည်ပြည့်ဖြိုး ဖြူစင်သူကြီးဖြစ်သည်။ နှုတ်ခမ်းမွေးရေးရေးနှင့် ပြုံးပြုံးလေး ဖြစ်ပါသည်။ သို့ရာတွင်

သူ့ဖခင်ကား မဟုတ်ပေ။ သူ့ဖခင်သည် သချိုင်းမှထ၍ လာနိုင်ခဲ့လျှင်လည်း သူ့လို ပိန်ပိန်သေးသေးလေး ဖြစ်ပေမည်။

'မောင်မြင့်နောင် ထိုင်လေ . . .'

သူ့ကိုယ်သူ မောင်မြင့်နောင်၏ ဖခင်ဆိုသူက မှင်တက်မိနေသော အောက်တိုဘာ အကျဉ်းသားအား ဖင်ခွက်နေသော ကုလားထိုင်တစ်လုံးကို ထိုးပေးနေ၏။

'ဦး ကိစ္စကိုပြောပါဦး . . .'

မောင်မြင့်နောင်က တောင်းခံလိုက်သည်။ သူ့လေသံသည် မပျော့မမာပါ၊ ယဉ်ကျေးမှုသဘော အကျိုးဝင်ရုံသာ ရှိပါသည်။

ထိုသူကြီးသည် သက္ကလပ်တိုက်ပုံ အင်္ကျီနက်ထဲမှ ငါးသုံးလုံး စီးကရက် ငါးဆယ်ဝင်ဘူးကို ထုတ်လိုက်သည်။ ရဲမှူးအား တစ်လိပ်ပေးသည်။ ပြီးတော့ မောင်မြင့်နောင်အား ပေးသည်။

'ကျွန်တော် မသောက်ပါဘူး . . .'

မောင်မြင့်နောင်သည် ခင်မိုးသီ၏ စကားများကို ကြားယောင်နေသည်။ သူမကမူ အမေ၏အခန်းထဲမှ ငါးသုံးလုံး စီးကရက်တိုသည် ပြုံးသဇင် စွန့်ပစ်ထားခြင်းသာ ဖြစ်ရမည်ဟု ယူဆနေသည်။ သို့ရာတွင် ပြုံးသဇင်၏ ဖခင်ဦးဘထုတ်ကိုယ်တိုင် သူ့အမေအခန်းထဲသို့ ရောက်ရှိလိမ့်မည်ဟုလည်း မတွေးရဲပါ၊ မောင်မြင့်နောင်သည် နှုတ်ခမ်းကို တင်းတင်းစေ့၍ သူ့ရှေ့တွင် စီးကရက် မီးညှိနေသူအား ကြည့်နေမိသည်။

သူသည် အလုပ်အကိုင်အားဖြင့် ပွဲစားကြီးဖြစ်၏။ အမေတို့လို စျေးသည်များသည် သူ့အကြွေးနှင့် မကင်းပါချေ။ သူသည် နိုင်ငံရေးအားဖြင့် ဖဆပလ လူကြီးဖြစ်၏။ မောင်မြင့်နောင်တို့လို ကျောင်းသားများသည် သူနှင့် အလှမ်းဝေးလှ၏။ သို့ရာတွင် ယခုမူ သူ့ဖခင်အဖြစ် ကြွေးကြော်ကာ ရောက်ရှိလာနေသည်။

'မောင်မြင့်နောင် အမေက စာတစ်စောင် ပေးလိုက်တယ်၊ အဲ့ဒါ ဖတ်ကြည့်ပါဦး၊ ပြောစရာရှိရင် ဦးကို တစ်ခါတည်း ပြောလိုက်ပေတော့ . . .'

မောင်မြင့်နောင်နှင့် ဆက်ဆံရာတွင် အသိုင်းအဝိုင်းများနေခြင်း အားဖြင့် အကျိုးမရှိနိုင်ကြောင်းကို သူက သဘောပေါက်သွားဟန်ရှိ၏။ ကုလားလေးတစ်ယောက်သည် စားပွဲပေါ်သို့ လက်ဖက်ရည်သုံးခွက်နှင့် မုန့်ပန်းကန်လာချ၏။

'ဦး သုံးဆောင်ပါ၊ ကိုမြင့်နောင် သောက်ပါ'

ရဲမှူးက ဝတ်ပြုပါသည်။ မောင်မြင့်နောင်သည် လက်ဖက်ရည် ပန်းကန်ကို ကြည့်ပင် မကြည့်တော့၊ သိချင်ဇောဖြင့် စာအိတ်ကို ဖောက် လိုက်သည်။ ခင်မိုးသီ၏ လှပသောလက်ရေးများက သူ့အား ဆီးကြိုနေ လေသည်။

ခင်မိုးသီကို ရေးခိုင်းပြီး ဦးဘထုတ်ကို လူကြုံပါးလိုက်သောစာတွင် သူ့မိခင်သည် မည်သို့မည်ပုံများ သူ့အား နှစ်သိမ့်စေနိုင်ပါမည်နည်း။

မေ့မေ့သား . . .

သီသီရဲ့ လက်ရေးကိုမြင်တော့ မေမေကိုယ်တိုင် စာမရေးတဲ့ အကြောင်း သားစဉ်းစားမှာပဲ၊ မေမေ နေမကောင်းနေတယ်၊ ဒါကြောင့်မို့ သားဆီကို လိုက်လာချင်လျက်သားနဲ့ မလာနိုင်တာဘဲ၊ ပန်းနာရောဂါများ ဟာ အမြစ်ရှည်တယ်နဲ့ တူပါတယ်။ သားရဲ့သတင်းလည်း ကြားရရော မေမေလည်း အိပ်ယာထဲ လဲတော့တာပါပဲ၊ ဒီအထဲမှာ ဂျမ်းတုတ်ကလည်း ယောက်ျားရသွားတော့ အမေ့မှာ တစ်ယောက်တည်း ဖြစ်သွားတာပေါ့။ သီသီ ပြန်ရောက်လာတော့မှ အမေ့မှာ အဖော်ရတော့တယ်၊ သီသီဟာ အမေ့ကိုအတင်းပဲ သူတို့အိမ်ပြောင်းခိုင်းတယ်၊ ပြီးတော့ တော်တော် ဂရုစိုက် ပြုစုရှာပါကွယ်၊ နေ့မအိပ် ညမအိပ်ပါဘဲ၊ ခုတော့ မေမေ တော်တော် သက်သာသွားပါပြီ။ ဒါပေမဲ့ ဆရာဝန်က မေမေ့ကို ခရီးမသွား ဖို့ တားမြစ်ထားတယ်ကွယ်။ ဒါကြောင့် ဒီလောက်အရေးကြီးတဲ့ ကိစ္စကို မေမေကိုယ်တိုင် လာမပြောနိုင်ဘဲ စာရေးလိုက်ရတာပေါ့။ မေမေကပြောပြီး သီသီက လိုက်ရေးတာပေါ့ကွယ်။ သီသီလည်း မနက်ဖြန်ပဲ ရန်ကုန်သွား လိမ့်မယ်၊ ဒါပေမဲ့ ဒီစာကို သီသီနဲ့ မပေးလိုက်ဘဲ ဦးဘတုတ်နဲ့ ပေးလိုက်ရ

တာကတော့ အရေးကြီးတဲ့အကြောင်း ရှိလို့ပဲပေါ့ကွယ်။

သားဖေဖေဟာ ဂျပန်တော်လှန်ရေးမှာ ကျဆုံးခဲ့ရတဲ့အတွက် သားဂုဏ်ယူသလို မေမေလည်း ဂုဏ်ယူမဆုံးပါဘဲကွယ်။ ဒါပေမဲ့ တော်လှန်ရေး နှစ်ပတ်လည်တိုင်း မေမေတို့ဟာ ကြွေးတစ်ရစ်သာ တိုးခဲ့ရပါကွယ်၊ ဒါပေမဲ့ မေမေဟာ အိုးသစ်အိမ်သစ် မထူထောင်ဘဲနဲ့ သားကို ပညာသင်ပေးခဲ့တယ်မဟုတ်လား၊ ဒါပေမဲ့ သားဖေဖေတို့ အသက်ပေးတိုက်ခဲ့လို့ ရခဲ့တဲ့ လွတ်လပ်ရေးသက်တမ်း တစ်နှစ်တိုးလာတိုင်း မေမေတို့ဟာ စီးပွားရေး ပိုကျပ်တည်းလာရတယ် မဟုတ်လား။ ဘယ်လိုပဲဖြစ်ဖြစ် မေမေ စိတ်မပျက်ခဲ့ပါဘူး၊ ကြွေးအထပ်ထပ် တက်နေတာကို သားကို မသိစေခဲ့ပါဘူး၊ နောက်ဆုံး သားရန်ကုန်တက္ကသိုလ် သွားချင်တယ် ဆိုတာအတွက်တောင် အမေဖြစ်အောင် ကြိုးစားခဲ့ပါတယ်။

ခုတော့ သားဟာ ထောင်ထဲရောက်နေပြီး ဘယ်ရက်ဘယ်ကာလမှ လွတ်မယ်လို့ မသိရဘူး၊ အမေ့မှာလည်း အိပ်ယာထဲလဲနေပြီး ဘယ်နေ့ဘယ်ရက်ကျမှ ဈေးထွက်နိုင်မယ်မသိဘူး၊ သားဖေဖေ သေတာကိုလည်း သား မတွေ့လိုက်ရဘူး မဟုတ်လား၊ အခုတော့ မေမေများသေခဲ့ရင် တွေ့နိုင်ပါဦးမလား။

နောက်ပြီးတော့ မေမေတို့မှာ ကြွေးစုစုပေါင်း ငါးထောင်လောက် ရှိတယ်၊ ဒါကြောင့် မေမေတို့အိမ်နဲ့ မြေကို ဦးဘတုတ်ဆီမှာ အပေါင်လုပ်ပြီး ပေးထားရတယ်။ ဦးဘတုတ်ကိုတော့ သား ကြားဖူးမြင်ဖူးတာပဲ ရှိလိမ့်မယ်၊ သူ့သမီးနဲ့တော့ သားတို့ဟာ ကျောင်းနေဘက်တွေဖြစ်တယ်မဟုတ်လား၊ ဒါကြောင့်လည်း မေမေဟာ စိတ်ကူးမိခဲ့တယ်၊ သားကို ပြုံးသဇင်နဲ့ နီးစပ်အောင်လုပ်ရရင် ကောင်းမလားလို့ အောက်မေ့ခဲ့တယ်။ ဦးဘတုတ်ကို တီးခေါက်ကြည့်တော့ သူက ကလေးချင်းရင်းနှီးရင် ငြင်းစရာမရှိဘူးလို့ ပြောခဲ့တယ်၊

ဒီလိုနဲ့ ဦးဘတုတ်ဟာ အိမ်ကိုအဝင်အထွက် လုပ်နေခဲ့တယ်။ ဒီလို ဝင်ထွက်နေတာလည်း သားရေးသမီးရေးကြောင့် သက်သက်မဟုတ်

ဘဲ တခြား မျှော်ကိုးချက်ရှိတယ်ဆိုတာကို မကြားခင်မှာဘဲ မေမေ ရိပ်စားမိခဲ့ပါတယ်။ သားကိုပြောရမှာ ရှက်ပေမဲ့ အခုအခါမှာတော့ မပြောဘဲထားလို့ ဘယ်နည်းနဲ့မှ မဖြစ်တော့ဘူး၊ အမှန်အားဖြင့်တော့ ပြုံးသဇင်ကို လူကြီးချင်း နှုတ်ကတိပြုပြီးသားလူ ရှိနေပြီ၊ သူ ဝင်ထွက်နေတာကတော့ ဒုက္ခရောက်နေတဲ့ မုဆိုးမကို မျှော်ကိုးလို့ပဲပေါ့။ မေမေဟာ သူ့ကမ်းလှမ်းချက်ကို လက်မခံပေမဲ့ ယတိပြတ်ကြီးလည်း မငြင်းမိခဲ့ပါဘူး၊ ဒါဟာ မေမေ့ အမှားပဲ ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါပေမဲ့ မေမေတို့ဟာ သူ့ဆီကငွေချေးထားရတယ်၊ ဒီလို ငွေချေးရမှလည်း သားကို ကျောင်းထားနိုင်မယ့်အရေး မြင်လေတယ်လေ . . .

ဒါပေမဲ့ ကနေ့ထိ ကိုယ်နှစ်ပါး မလွန်ကျူးခဲ့သေးဘူးဆိုတာတော့ သား ဂုဏ်မငယ်ရအောင် မေမေ ရဲရဲကြီး ပြောနိုင်ခဲ့ပါတယ်။ သီသီ ရန်ကုန်သွားကာနီး အိမ်ကိုလာတဲ့အချိန်မှာ ဦးဘတုတ်ဟာ မေမေ့အခန်းထဲမှာ ရှိတယ်။ ဒါဟာလည်း မေမေက ဘယ်လိုမှ မတားနိုင်ခင်မှာ သူဝင်လာတာဖြစ်တယ်။ သီသီ လာသံကြားတော့ တွေ့သွားရင် တစ်မျိုးထင်မှာစိုးလို့ မေမေတို့အိမ်ပေါ် တက်ပုန်းနေကြရတယ်။ အဲဒီနောက်မှာ မေမေဟာ အထူးဆင်ခြင်ပြီး နေပါတယ်။ ဒါပေမဲ့ သား ခုအခြေအနေမှာတော့ ပြတ်သားကြရတော့မယ်။

သူဟာ မေမေတို့ကြွေးတွေကို လျှော်ပစ်ပြီး တရားဝင်လက်ထပ်ဖို့ ပြောတယ်။

မေမေ့ရောဂါကို ငွေကုန်ကြေးကျခံပြီး ကုပေးမယ်လို့ပြောတယ်။

ပြီးတော့ သားကသဘောတူရင် သားလွတ်မြောက်ရေးအတွက် ပြည်ထဲရေးဝန်ကြီးကို ပြောပေးမယ်လို့ပြောတယ်၊ သား နိုင်ငံခြားပညာသင်သွားရတဲ့အထိ လုပ်ပေးမယ်လို့ပြောတယ်။

တစ်ခုပဲ မေမေတို့ဘက်က လိုက်လျောရမယ်၊ အဲ့ဒါ သား အခုလုပ်နေတာတွေကို မှားပါတယ်လို့ဝန်ခံပြီး ဒီအက်စ်အို လုပ်ရမယ်။

အဲဒါ သားသဘောပဲ၊ မေမေကတော့ အတင်း မတိုက်မတွန်းပါ

ဘူး၊ အခွင့်အရေးရှိတာကိုသာ ပြောပြတာပါ။ ဒါပေမဲ့ သားကိုတော့ လွတ်စေချင်တယ်ပေါ့ကွယ်။ ကောင်းစားစေချင်တယ်ပေါ့၊ ခုလို နေမကောင်းတဲ့ အခါမှာ မေမေ့ဘေးမှာ သား ရှိစေချင်တယ်ပေါ့။

ဒါပေမဲ့ သားသဘောနဲ့ သားဆုံးဖြတ်ပါ၊ သား သဘောမတူဘူးဆိုရင် မေမေတို့ကြွေးတွေအတွက် မြေနဲ့အိမ်ကို ပေးလိုက်ရုံပဲ ရှိပါတယ်၊ ဒါတွေကို မေမေ, မတပ်မက်ပါဘူး။ သား လွတ်စေချင်တာ တစ်ခုပါပဲ။

သားကိုချစ်တဲ့မေမေ

မောင်မြင့်နောင်သည် စာကိုဖတ်၍ ပြီးဆုံးသည့်အခါတွင်ကားမျက်နှာတစ်ခုလုံးသည် မှွန်ထူနေ၏။ တစ်ကိုယ်လုံးတုန်နေ၏။ ဝမ်းနည်း၏၊ ကြေကွဲ၏၊ နာကြည်း၏၊ မခံချင်စိတ်များ တဖွားဖွား ပေါ်ထွက်လာ၏။

သို့ရာတွင် သူသည် အသံကို ငြိမ်ငြိမ်ထား၍ ယဉ်ကျေးသော စကားလုံးများကို ဖျစ်ညှစ်၍ ပြောလိုက်ပါသည်။

'ဝမ်းနည်းပါတယ် ဦး၊ မဖြစ်နိုင်ပါဘူး . . . '

(ယ)

ရင်ရင်နွဲ့၏မျက်နှာသည် တဖြည်းထက်ဖြည်း ချိုပြုံးလာသည်။ အမှန်အားဖြင့်တော့ သူ၏အသည်းနှလုံးများက သူမပေါ်တွင် နူးညံ့ပျော့ပျောင်းလာခြင်း ဖြစ်ပါသည်။ အလှအပ ဆိုသည်မှာ မူရင်းကိုယ်ထည်နှင့် ခံစားသူ၏နှလုံးသားတို့ အပြန်အလှန် ဆက်သွယ်မှုပေါ်တွင် ပြောင်းလဲမှု ရှိလေသည် မဟုတ်ပါလား။

သူမသည် အပတ်စဉ် သူ့အား လာတွေ့လျက်ရှိ၏။ အစားအသောက်များ ယူဆောင်လာရာတွင် သူ ကြိုက်တတ်သော လက်ဖက်ကို အထူးတလည် ပြုလုပ်၍ ယူခဲ့၏။

'မမသီက ပြောတယ်၊ အစ်ကိုဟာ လက်ဖက် သိပ်ကြိုက်တယ်တဲ့၊ လက်ဖက်ကလေးတွေဟာ ဘယ်လောက် နုသလဲ၊ ဝါနေတာပဲ၊ ဟောဒီ ရွှေဒင်္ဂါး ကြက်သွန်ဖြူလေးတွေကကော လိမ္မော်ရောင် ပြေးနေတာပဲ၊

ဒါပေမဲ့ သိပ်လည်း မစားနဲ့နော် ကျောတွေရင်တွေ အောင့်နေလိမ့်မယ်. . .

ငင်းပြင် သူ ဖတ်ချင်သည်ဆိုသော စာအုပ်များကိုလည်း မရအရ ရှာဖွေယူခဲ့တတ်ပါသည်။

'PLAGIARISM AND OIRGINALITY ကို အနွဲ့ ငှားလာတာ နော်၊ အနွဲ့တို့ဦးလေး ရွှေနေတစ်ယောက်ဆီက မနည်းတောင်းပန်ပြီး ငှားခဲ့ ရတယ်၊ မာဂရက်နီကိုဆင်ရဲ့ စာအုပ်ကတော့ အနွဲ့ ရန်ဖြစ်ပြီးဝယ်လာ ရတာ၊ ပြည်သူ့စာပေကို နမူနာပို့လိုက်တာ အနွဲ့ အတင်းဝယ်လာ တယ်. . .'

မာဂရက်နီကိုဆင်၏ A MANUAL OF COPYRIGHIT PRAT-ICE ခေါ် 'မူပိုင်ဥပဒေလက်စွဲ'သည် သူ့ဦးနှောက်အား ဖွံ့ဖြိုးစေသည်သာ မက တစ်ယောက်သော သူငယ်မလေး၏ကိုယ်စား သူ့အသည်းနှလုံးအား လည်း လန်းဆန်းစေပါသည်။

'ဖေဖေက ပြောတယ်၊ ဒီသူငယ်လေးဟာ ထောင်ကလွတ်ရင် ပညာရှိကြီး ဖြစ်လာမှာပဲတဲ့ . . .'

'ဒါ သူမသိလို့ ပြောတာပါ၊ အမှန်ကတော့ ထောင်က လွတ်လာ ရင် သူ့သားမက်လေးဖြစ်မှာပဲ . . .'

'အို . . .'

'မအိုနဲ့လေ၊ အနွဲ့ဟာ တကယ်ပဲ ကိုယ့်ချစ်သူ တစ်ယောက်လို့ အောက်မေ့နေမိတယ် . . .'

မောင်မြင့်နောင်က ဤသို့ ပြောစမ်းကြည့်သောအခါတွင် သူမ သည် စိတ်တော့ မဆိုး၊ သို့ရာတွင် စကားလွှဲပစ်တတ်ပါသည်။

မည်သို့ပင် ဖြစ်စေကာမူ မောင်မြင့်နောင်သည် ရင်ရင်နွဲ့၏ အားပေးကူညီမှုဖြင့် ဘဝအခက်အခဲများကို ရင်ဆိုင်တွန်းလှန်လျက် ရှိပါ သည်။ ရင်ရင်နွဲ့သည် အစားအသောက်နှင့် စာအုပ်များကိုသာမက သတင်းစကားများကိုလည်း သယ်ဆောင်လာပါသည်။

ကိုအောင်ကျော်သည် ယခုအခါတွင် အင်းစိန်ထောင်၌ ရောက်ရှိ

နေပြီး ခင်မိုးသီ မှန်မှန်သွားတွေ့နေပါသည်။ အခြား ကျောင်းသားများလည်း အင်းစိန်ထောင်သို့လည်းကောင်း၊ ရန်ကုန်ထောင်ကြီးသို့လည်းကောင်း၊ အသီးသီး ရောက်ရှိကုန်ကြပြီ ဖြစ်ပါ၏။ မောင်မြင့်နောင်တစ်ယောက်သာလျှင် ဘားလမ်းအချုပ်၌ ကျန်ရှိနေပြီး တစ်ပတ်တစ်ခါလောက် စုံထောက်အရာရှိများ လာရောက်၍ တစ်ခွန်းစ နှစ်ခွန်းစ မေးမြန်းခြင်းတို့ကို ဖြေကြားနေရပါသည်။

မောင်မြင့်နောင်သည် စိတ်ရှည်လက်ရှည်ပင် မေးမြန်းသမျှကို သိလျှင်သိသည်၊ မသိလျှင် မသိသည်ဟု ဖြေကြားတတ်၏။

'ခင်ဗျား ဆက်ဆံပုံကို ကျွန်တော်တို့ ကြိုက်တယ်၊ တချို့ ကျောင်းသားတွေကတော့ ကျွန်တော်တို့ကို အော်လိုက်၊ ငေါက်လိုက်ကြတာဗျာ၊ ဒါပေမဲ့ သုံးလေးရက်ကြာတော့ လွှတ်ပေးပါလို့ ငိုချ ငိုင်ကြပြန်ရောဗျ . . .'

'အေးပေါ့ဗျာ၊ လူဆိုတာ အမျိုးမျိုး ရှိကြတာပေါ့၊ ခင်ဗျားတို့အလုပ်ကတော့ မေးရစမ်းရတဲ့ အလုပ်ပဲ . . .'

သို့ဖြင့် မောင်မြင့်နောင်သည် စာဖတ်လိုက် စာရေးလိုက်ဖြင့် 'အပြာ' လုံးချင်းသည်လည်း ပြီးသလောက်ရှိသွားလေပြီ၊ 'ဘားလမ်းသက်တမ်း' လည်း သုံးလကျော်ခဲ့လေပြီ။

အပြင်ဘက်တွင်လည်း ကျောင်းသားရဲဘော်များသည် ဖိနှိပ်ချုပ်ချယ်မှု ဆန္ဒပြပွဲကြီးကို အောင်မြင်စွာ ကျင်းပခဲ့ကြလေသည်။ ဩဂုတ်လအတွင်းက ပျက်ပြားခဲ့သော တကသ ရွေးကောက်ပွဲများကို ပြန်လည်ကျင်းပရာတွင် ကျောင်းသားတပ်ဦးအဖွဲ့ဝင်များသည် မဲအပြတ်အသတ်ဖြင့်အနိုင်ရရှိကြလေသည်။

တကသ ဥက္ကဋ္ဌနေရာ တစ်ခုတည်းတွင်သာလျှင် ဝင်ရောက်အရွေးခံခွင့်ရှိသော တပ်ဦးခေါင်းဆောင်များသည် အဖမ်းခံနေရ၍လည်းကောင်း၊ တိမ်းရှောင်နေ၍လည်းကောင်း၊ ဒီအက်စ်အိုတို့ဘက်မှ ပြိုင်ဘက်မရှိ ရသွားလေသည်။ အခြား ယှဉ်ပြိုင်ရွေးသည့် နေရာများအတွက်မူ တပ်ဦးတို့က ကျောင်းသားထုကြီး၏ တစ်ခဲနက် ထောက်ခံမှုဖြင့် နေရာ

အားလုံးကို ရရှိကြလေသည်။

ကျောင်းသားများသည် မိမိတို့အား အကြိမ်ကြိမ် သစ္စာဖောက်ခဲ့သော ဆိုရှယ်လစ် ကျောင်းသားများအား တက္ကသိုလ်နယ်မြေမှ ဝိုင်းပယ်ထုတ်နေသဖြင့် ဒီအက်စ်အိုတို့သည် ရွေးကောက်ပွဲတွင် မိမိနာမည် ဖြင့်ပင် ဝင်ရောက် မယှဉ်ပြိုင်ရဲတော့ပါ၊ သန့်ရှင်းနှင့် လူငယ်တို့အား ရှေ့တန်းတင်လျက် 'ကြားနေကျောင်းသားတပ်ဦး' အမည်ဖြင့် မျက်လှည့်ပြ ကြပါသည်။ သို့ရာတွင် ၎င်းတို့၏ ရုပ်ပြောင်းရုပ်လွဲလုပ်မှုကို မပျယ်သေးသော ယမ်းနံ့များက ရုပ်လုံးပေါ်စေပါတော့သည်။

တိုက်ပွဲများကား ပြင်းထန်ဆဲပင်ဖြစ်လေသည်။ အောက်တိုဘာလတွင် ကျောင်းတစ်လပိတ်ခဲ့လျှင် စာသင်ချိန်နည်းပါးမည်စိုး၍ ၁၅ ရက်သာ ပိတ်ရပါသည်ဟု အကြောင်းပြခဲ့သော အာဏာပိုင်များသည် ယခုအခါတွင် ကျောင်းဆောင်များအား မီးလျှော့ပေးရန် စီမံကိန်းချလိုက်၏။ စာမေးပွဲများ နီးကပ်လာပြီဖြစ်၍ ကျောင်းသားများသည် အကြိတ်အနယ်စာကျက်ရတော့မည့်အချိန် ရောက်ရှိနေ၏။ သို့ရာတွင် ကျောင်းဆောင်များသို့ မီးတစ်ညလုံးမပေးဘဲ ၁၁ နာရီထိုးလျှင် မီးပိတ်၍ မှောင်အတိကျစေပါတော့သည်။ ထို့ကြောင့် ကျောင်းသားများသည် ဖယောင်းတိုင်များကိုထွန်း၍ စာကြည့်ကြရပါသည်။

ဤသို့ ကျောင်းသားများ၏ဆန္ဒကို ဆန့်ကျင်၍ အာဏာနှင့်ပြုလိုက်လျှင် တန်ပြန်ဆန္ဒပြမှုသည် ပေါ်ထွက်လာရပေမည်၊ ဤအချက်ကိုအာဏာပိုင်များသည် မသိကောင်း မရှိရာပေ၊ ကျောင်းသားများအား တမင်ဆူပူအောင် ဖန်တီးနေသလောဟု သံသယဝင်စရာဖြစ်ပေသည်။ ထို့ကြောင့် ကျောင်းသားများသည် ကျူးသွင်းမခံရအောင် တတ်နိုင်သမျှ တိမ်းရှောင်ရင်း တရားသော တိုက်ပွဲများကို ဆင်နွှဲသွားကြပေသည်။

မီးတစ်ညလုံးပေးရေး တိုက်ပွဲများကို ကျောင်းသားများသည် ညတိုင်းဆင်နွှဲနေသဖြင့် တက္ကသိုလ်၏ညများသည် မုန်တိုင်းထန်လျက် ရှိပါသည်။

**ရန်အောင်စာပေ (၂)**

ရင်ရင်နွဲ့၏ အပြုံးဖြင့်လည်းကောင်း၊ ကျောင်းသားများ၏ နောက်မဆုတ်သော တိုက်ပွဲတို့ဖြင့်လည်းကောင်း၊ မောင်မြင့်နောင်သည် စိတ်ဓာတ်တက်ကြွလျက်ရှိပါသည်။ နောက်ဆံတင်းစရာ တစ်ခုပဲရှိလေသည်။

မိမိအတွက် မျက်ရည်စက်လက် ဖြစ်နေရသော မန္တလေးမြို့မှ မိခင်လူမမာကြီး၏ အရေးပင်ဖြစ်ပါသည်။ သို့ရာတွင် ဖြေသာသော အကြောင်းများက ရှိနေပါသည်။

ဦးဘတုတ် ပြန်သွားပြီးနောက် မကြာမီပင် မိခင်ကြီးထံမှ စာတိုတစ်စောင်ကို ရင်ရင်နွဲ့က ယူဆောင်လာပါသည်။

မေမေ့သား . . .

သား၏ဆန္ဒအတိုင်း အားလုံးဖြစ်စေ့မယ်၊ မေမေတို့အိမ်ကို တောသူဌေးတစ်ယောက်က ခြောက်ထောင်နဲ့ဝယ်လို့ ကြွေးမြီများရှင်းပေးပြီးနောက် ငွေတစ်ထောင်ကျော်လောက် ကျန်ပါသေးတယ်၊ မေမေ့ကို သီသီတို့အိမ်က အထူးဂရုစိုက်ပါတယ်။ ဒေါက်တာထွန်းရွှေက ကြပ်မတ်ကုပေးနေလို့ မေမေ့ရောဂါလည်း အတော် သက်သာလာပါပြီ၊ မကြာခင် မေမေ သားဆီလာခဲ့ပါ့မယ် . . .'

မောင်မြင့်နောင်သည် မိခင်ကြီးအား ကျန်းမာရေးသာ ဂရုစိုက်ရန်၊ မိမိထံသို့ လိုက်မလာရန်၊ မိမိအတွက် စိတ်ဒုက္ခမဖြစ်စေရန်၊ ရင်ရင်နွဲ့အား စာပြန်ခိုင်းလိုက်ပါသည်။

သို့ရာတွင် အဘယ်မိခင်သည် သားအတွက် ရတက်မပွေဘဲ နေနိုင်ပါမည်နည်း။

'အစ်ကို့မေမေဆီကို အနွဲ့ စာရေးလိုက်တယ်၊ ဆရာဝန်က ခရီးသွားခွင့်ပြုခဲ့ရင် ရန်ကုန်ကို လာပြီး အနွဲ့တို့ အိမ်မှာပဲနေဖို့ ခေါ်ထားတယ်. . .'

ရင်ရင်နွဲ့သည် မဏိမေခလာ ပင်ဖြစ်လေသည်။ ဒီဇင်ဘာလကုန်ခါနီးအချိန်တွင် ဗကသများညီလာခံကြီး ရန်ကုန်တက္ကသိုလ်အနီး

ဝေဠုဝန်ကျောင်းအတွင်း၌ ကျင်းပနေလေသည်။ ရင်ရင်နွဲ့သည် ညီလာခံအတွက် ခင်ဖုန်းမိုတို့နှင့်အတူ အလှူငွေ တစ်ရက် ကောက်ခံပေးလိုက်ကြောင်းကို မောင်မြင့်နောင်အား ဝမ်းသာအားရ ပြန်ပြောလေသည်။

'နောက်ပြီးတော့ အစ်ကို့ကို ဝမ်းသာစရာ သတင်းတစ်ခု ပြောစရာရှိသေးတယ်၊ အစ်ကို့ရဲ့ ရွှေစင်ဦးလေ၊ ရှေ့လထဲမှာ ကိုမျိုးမြင့်နဲ့ လက်ထပ်တော့မယ်၊ လက်မထပ်လို့ မဖြစ်တဲ့ အခြေအနေကို ရောက်နေပြီလေ. . .'

ကိုမြင့်နောင်က ဤသတင်းကြားရသောအခါတွင် အထူးတုန်လှုပ်အံ့ဩမသွားပါပေ။ သူ မျှော်လင့်ထားသော အရာတစ်ခု ဖြစ်ပါသည်။

'ဟော အစ်ကို စိတ်မကောင်းဖြစ်သွားပြီ . . .'

'မဖြစ်ပါဘူးအနွဲ့၊ ကိုယ် ဒီလိုဖြစ်လိမ့်မယ်လို့ သိပြီးသားပါ၊ ရွှေစင်ဦးဟာ သူ့အစ်ကို ကွန်မြူနစ် ဖြစ်တာကလွဲလို့ တခြားဘာမှ တိုးတက်တဲ့ အသိဉာဏ်မရှိဘူး၊ အသိုင်းအဝိုင်းကြောင့် သူဟာ ကျောင်းသားတိုက်ပွဲတွေထဲ ရောက်နေရပေမဲ့ သူ့မှာ လူလတ်တန်းစားညာဉ်တွေ အများကြီးရှိတယ်၊ ယောက်ျားလေးတွေကို လှည့်စားပြီးနေတဲ့လူဟာ တစ်နေ့ကျတော့ နဖူးတွေ့ဒူးတွေ့ ဖြစ်ရမှာပဲပေါ့ကွယ် . . .'

'အစ်ကိုဟာ တစ်မျိုးပဲ . . .'

'ဘာလို့လဲ . . .'

'အစ်ကို့ဦးနှောက်ဟာ အစ်ကို့အသည်းထက် ကြီးတယ် . . .'

'ဒါပေမဲ့ ဦးနှောက်နဲ့ အသည်း ပေါင်းစပ်လိုက်တဲ့အခါကျတော့ အင်မတန်လိမ္မာတဲ့ ကောင်မလေးတစ်ယောက် ဖြစ်ချင်ဖြစ်လာမှာပေါ့. . .'

ရင်ရင်နွဲ့သည် ပြတင်းပေါက်မှနေ၍ ဘားလမ်း၏ အရှေ့ဘက်ဆီသို့ မျှော်ကြည့်နေလေသည်။ သူမ၏မျက်စိထဲတွင် ရှုပ်ယှက်ခတ်သွားလာနေသော လူများကို မြင်ချင်မှ မြင်ပေလိမ့်မည်။

တစ်စုံတစ်ယောက်၏ လွတ်မြောက်ရေးကို မျှော်ကိုးကြည့်နေခြင်းဖြစ်ကောင်းပါပေသည်။ မောင်မြင့်နောင်အနေနှင့်လည်း လွတ်မြောက်သောတစ်နေ့တွင် သူမအား ပြောစရာစကားများ ရှိပါလေသည်။

**ရန်အောင်စာပေ (၂)**

## အပြာနှင့် အဝါ

(က)

မေလ ၂၁ ရက်နေ့တွင် ကျောင်းသားညီညွတ်ရေး တပ်ဦးကို တည်ထောင်သည်။ ဇွန်လ ၃ ရက်နေ့တွင် မောင်မြင့်နောင် ရန်ကုန်သို့ ရောက်ရှိသည်။ ထို့ကြောင့် သူသည် တပ်ဦးအမှုဆောင် တစ်ဦးမဟုတ်ပါပေ၊ ထို့ကြောင့် သူသည် အောက်တိုဘာ ကျောင်းတစ်လပိတ်ရေး လှုံ့ဆော်မှုတွင် တာဝန်ရှိသည်ဟု မယူဆနိုင်သဖြင့် ဇန်နဝါရီလဆန်းတွင် အကျဉ်းမှ တစ်ထောင်တန် အာမခံနှစ်ဦးဖြင့် လွှတ်လိုက်လေသည်။

သူ့အား အာမခံသူများမှာ 'ခေတ်ပြိုင်' မဂ္ဂဇင်း အယ်ဒီတာ မိုးမြေနှင့် အတွင်းဝန်ဟောင်း ဦးထွန်းဝင်းတို့ပင် ဖြစ်ကြပါသည်။

ပုဒ်မ ၅ နှင့် အကျဉ်းခံရခြင်းသည် ကမ်းမမြင် လမ်းမမြင်သော သမုဒ္ဒရာတွင် မျောနေရခြင်းပင် ဖြစ်လေသည်။ မည်သည့် နေ့ရက်တွင် ကမ်းကို တွေ့မြင်ရမည်ဟု အာမဝန်ခံပြုချက်မရှိပေ။

သို့ရာတွင် မမျှော်လင့်ဘဲနှင့် လွတ်မြောက်ခဲ့ရသော မောင်မြင့်နောင်သည် အထူးတလည် ဝမ်းသာခြင်းလည်းမဖြစ်၊ မိခင်ကြီးကွယ်လွန်ပြီ ဆိုသောသတင်းကို ကြားရ၍လည်း ထွန့်ထွန့်လူး ကြေကွဲဝမ်းနည်းခြင်းလည်း မဖြစ်ပါပေ။ အတွေ့အကြုံ များက သူ့အား လောကဓံကို ရင်စည်း၍ ခံနိုင်စေရန် သင်ကြားခဲ့လေပြီမဟုတ်လား။ သူသည် ပင်ကိုယ်အားဖြင့်လည်း စိတ်ဓာတ်ကြံ့ခိုင်သူတစ်ဦး ဖြစ်လေသည် မဟုတ်ပါလား။

မောင်မြင့်နောင် လွတ်မြောက်လာသောအခါတွင် ခင်မိုးသီနှင့် ရင်ရင်နွဲ့တို့သည် မျက်ရည်စမ်းစမ်းကျကြပါသည်။ ဝမ်းသာဝမ်းနည်း ဖြစ်ကြခြင်းပါပင်။ ညတွင်းချင်းပင် ကျောင်းသို့သွား၍ ရဲဘော်များအား အခြေအနေ အရပ်ရပ်တို့ကို အစီရင်ခံပြီးနောက် မနက်တွင် မန္တလေးသို့ သွားရန် ရထားဆင်းမည်ဟု သူက ထုတ်ဖော်ပြောလိုက်သော အခါတွင်မှ ခင်မိုးသီသည် မပြောချင်ပြောချင်နှင့် သူ့မိခင်ကြီး ကွယ်လွန်ခြင်း အကြောင်းကို ဖွင့်ပြောပါသည်။

**ရန်အောင်စာပေ (၂)**

ဖခင်မရှိသော သားကလေးအား ပညာတတ်စေလို၍ ဖြစ်သည့် နည်းနှင့် ကျောင်းထားပေးခဲ့သော မုဆိုးမကြီးသည် လောက၏ ဒဏ်ရာ ဒဏ်ချက်များဖြင့် လွန်ခဲ့သည့် တစ်လကျော်ကပင်လျှင် အနိစ္စ ရောက်ရှာ လေပြီတကား။ ကြွေးတင်၍ အိမ်နှင့်မြေကို အဆုံးခံကာ သူများအိမ်တွင် မမာပက်လက် ဖြစ်နေရှာသာမက သားဖြစ်သူ မလာရောက်နိုင်သဖြင့် နောက်ဆုံးတော့ အသက်ထွက်ခဲ့ရပြီ မဟုတ်ပါလား။

'အသုဘကိစ္စကို ဒေါ်ဒေါ်တို့တစ်အိမ်လုံးပဲ သွားဆောင်ရွက်ကြပါ တယ်၊ စည်ကားပါတယ်ကွယ်၊ တို့လည်း ဘုရာဖူးရင်းနဲ့ ရက်လည်ဆွမ်း သွတ်ပြီးမှ ပြန်ခဲ့ကြတာပါပဲ . . .'

ထို့ကြောင့် ရင်ရင်နွဲ့သည် သူ့ထံသို့ မလာရောက်ခဲ့ခြင်း ဖြစ်လေ သည်ကိုး။

'ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်၊ ဒေါ်ဒေါ်တို့ ဦးတို့ ကျေးဇူးဟာ ကျွန်တော့်အပေါ်မှာ ကြီးမားလှပါတယ် . . .'

ထိုနေ့ညတွင် သူတို့သည် ဆယ်နာရီကျော်အောင် စကားပြောနေ ကြ၏။ သူတို့က မောင်မြင့်နောင်အား အားပေးလေသည်။ ပညာကို ဆက်လက်သင်ကြားရန် ပြောကြားလေသည်။

'မောင်မြင့်နောင် ကျောင်းဆက်နေရေးကို ဦးတို့ တာဝန်ယူပါ့မယ်။ အိမ်ကနေတက်ချင်လည်း မင်းနှမတွေနဲ့ အတူသွားပေါ့၊ ကျောင်းဆောင်မှာ နေချင်ရင်လည်းနေပေါ့။ ငွေရေးကြေးရေးအတွက်ကို ဘာမှ ပူပန်စရာမရှိ ပါဘူး . . .'

ဦးထွန်းဝင်းသည် သူ့ဇနီးနှင့် သမီးမျက်နှာကို ကြည့်ရင်း ပြော လိုက်၏။ ၎င်းတို့ကလည်း ထောက်ခံကြပါသည်။

'ဟုတ်သားပဲ အစ်ကို၊ ကျောင်းဆက်နေပေါ့၊ အိမ်ကနေပဲ အနွဲ့ တို့နဲ့အတူ သွားတာပေါ့ . . .'

'အစ်ကို့အနေနဲ့ ဘီအေအောင်ဖို့လောက်တော့ အိပ်ဖြေတောင် ရပါတယ်၊ အစ်ကို အလုပ်လုပ်ရင်းပဲ စာမေးပွဲဖြေသွားမယ် အောက်မေ့ထား

တယ် . . .'

'မင်း ဂုဏ်ထူး မယူတော့ဘူးလား . . .'

'ကျွန်တော့်အဖို့ ဂုဏ်ထူးမလိုပါဘူး မမသီရာ၊ ကျောင်းနေတဲ့အခါမှာ ပေါက်ပေါက်ရောက်ရောက် ဖြစ်ချင်တဲ့ ဆန္ဒအရ ဂုဏ်ထူးတန်း တက်ခဲ့တာပါ . . .'

'ဒါဖြင့် မောင်မြင့်နောင် ဘာလုပ်မယ် စိတ်ကူးထားလဲ . . .'

ဒေါ်ခင်မြမြက မေးလိုက်သည်။

'ကျွန်တော့်ကို ကိုမိုးမြေတို့က သူတို့မဂ္ဂဇင်းမှာ လာလုပ်ဖို့ ခေါ်ထားတယ်'

'လခ ဘယ်လောက်ရမလဲ'

'ဘာတွေ လျှောက်မေးနေတာလဲ မမြ၊ လူတိုင်း လူတိုင်းဟာ လခကြီးကြီးရတာကိုပဲ မက်နေကြတယ်လို့ အောက်မေ့နေသလား'

'အောင်မယ်၊ ရှင်က ကျွန်ကို ဒီလိုမပြောပါနဲ့ . . .'

လူကြီးနှစ်ယောက် အချီအချ ပြောနေကြတော့သဖြင့် လူငယ်သုံးဦးသည် အထက်ထပ်ဝရန်တာသို့ အသီးသီး တက်သွားကြလေတော့သည်။ ခင်မိုးသီသည် ရွှေတံစဉ်ကောက်ကွေး လ,ကလေးအား ကြည့်လျက် ရှိလေသည်။

'မမသီ . . .'

မောင်မြင့်နောင်က ခေါ်လိုက်ရာ၊ သူမက လှည့်မကြည့်ပါပေ။ မျက်ရည်များ ပြည့်လျှံနေ၍ ရင်မဆိုင်လိုခြင်း ဖြစ်ပေမည်၊ သူမချစ်သူ၏ လွတ်မြောက်ရေးကို မျှော်ကိုးရှာပေမည်။

'မငိုပါနဲ့ မမသီရယ်၊ တစ်နေ့တော့ လွတ်မှာပေါ့၊ သူတို့ တစ်သက်လုံး ချုပ်မထားနိုင်ပါဘူး . . .'

'မမသီ မငိုဘဲတော့မနေနိုင်ဘူး မောင်လေး၊ ဒီလိုမှ မငိုရရင် ကိုယ်ဟာ သေရုံပဲရှိတော့တယ် . . .'

'ကိုအောင်ကျော်တို့ဟာ တပ်ဦးအမှုဆောင်တွေ ဖြစ်ကြလို့

မလွတ်ကြသေးတာကို ဂုဏ်ယူပါ မမရာ၊ သူတို့ဟာ အနာဂတ်မြန်မာပြည် ဖွံ့ဖြိုးရေးအတွက် ပညာရေးလောက အဆင့်အတန်းမြင့်အောင် ဆောင်ရွက်ပေးနေကြတဲ့ ဗိသုကာတွေပါ'

ခင်မိုးသီသည် အောက်နှုတ်ခမ်းကို သွားဖြင့် တင်းတင်းကိုက်ပြီး အိမ်ထဲသို့ ဝင်သွားလေတော့သည်။ မောင်မြင့်နောင်နှင့် ရင်ရင်နွဲ့တို့သည် သာလျှင် ရွှေလရောင်တွင် ကျန်ရစ်ခဲ့လေသည်။

'ကိုယ် အဖမ်းခံနေရတဲ့ လေးလလုံးလုံး လကို တစ်ခါမှမမြင်ရဘူး၊ ကိုယ်ဟာ ညညမှာဆိုရင် ကြယ်ကလေးတွေနဲ့ လကို သိပ် မြင်ချင်တွေ့ချင်တာပဲ . . .'

'အခု မြင်ရပြီ မဟုတ်လား . . .'

'နေဦးလေ ဒါတင်မဟုတ်ဘူး၊ အဲဒီ ကြယ်ရောင် လရောင်အောက်မှာ ချစ်သူနဲ့ နှစ်ယောက်တည်း နေချင်သေးတယ် . . .'

ရင်ရင်နွဲ့သည် လတံစဉ်ကို မော့ကြည့်နေသည်။

'ပြောလေ ခု ရနေပြီ မဟုတ်လားလို့ . . .'

မောင်မြင့်နောင်က သူမ၏ မေးကလေးကို **ကိုင်၍ မျက်နှာကို** သူ့ဘက် ဆွဲလှည့်လိုက်သည်။

'သူများ သင်ပေးတာကို မပြောတတ်ပေါင် ရှင် . . .'

'ဒါဖြင့် သူ့ အသည်းနှလုံးထဲက ပြော'

သူမ ရင်ညွန့်ကို လက်ညှိုးနှင့် ထောက်ကာ သူက ပြောလိုက်၏။

'ပြောပြီးပြီလေ . . .'

'ဘာတဲ့လဲ . . .'

'ဟောတော့ သူ့ အသည်းနှလုံးက မကြားလိုက်ဘူးလား . . .'

'ဘယ်ကြားမလဲ အသည်းထဲက တိုးတိုးလေး ပြောတာကိုး၊ လာ အသည်းချင်းကပ်ပြီး ထပ်ပြောဦး . . .'

ရင်ချင်းကပ်ပြီး အသည်းချင်း ထပ်လိုက်ကြပါသည်။

**ရန်အောင်စာပေ (၂)**

(ခ)

အဓိပတိလမ်းကြီးသည် ဖြောင့်ဖြူးလျက် ရှိလေသည်။ သို့ရာတွင် သားငယ်အချို့က မိခင်လမ်းမကြီးအတိုင်း ဘွဲ့နှင်းသဘင် ခန်းမဆောင်သို့ မသွားနိုင်ဘဲ ရှိနေကြသည်။

မောင်မြင့်နောင်သည် ရဲဘော်များအား အခြေအနေ အရပ်ရပ်ကို အစီရင်ခံရန် နောက်တစ်နေ့ နံနက်စောစောမှာပင် ကျောင်းသို့ရောက်ရှိခဲ့လေသည်။

သို့ရာတွင် သူ၏ လွတ်မြောက်ခြင်းအတွက် မည်သူကမျှ ခရီးဦးကြိုဆိုခြင်း မပြုပါပေ၊ သူသည် ကျောင်းသားထုနှင့် ရဲဘော်များအား သစ္စာဖောက်၍သာ ဤသို့ သူများထက် အရင်လွတ်မြောက်လာသည့်အသွင် ပေါ်နေပါတော့သည်။

အကြောင်းမူ သူသည် လူကောင်းတစ်ယောက် မဟုတ်ပါပေ။

သူသည် ရဲဘော်မတစ်ယောက်အား ဖျက်ဆီးခဲ့သည်၊ ကျောင်းသူတစ်ယောက်အား စော်ကားခဲ့လေသည်။ ညီမငယ်တစ်ယောက်အား ပက်ပက်စက်စက် ကျင့်ကြံခဲ့လေသည်။

ဤသို့ ရဲဘော်များက ဝိုင်း၍ စွဲချက်တင်ကြလေသည်။

'ခင်ဗျား လွတ်တဲ့သတင်းကို ကျုပ်တို့ မနေ့ကတဲက ကြားတယ်၊ ခင်ဗျား ညကတဲက လာဖို့ကောင်းတယ် . . .'

မင်းလှည့်နွံ့ဖူးက ပြောပါသည်။

'လာမလို့ဘဲဗျ၊ ဒါပေမဲ့ ကျွန်တော့်အမေဆုံးတဲ့ သတင်းကို ညကမှ ကြားရတယ် . . .'

'ဒါဖြင့် မနေ့ညက ခင်ဗျားအတွက် သတင်းဆိုးနှစ်ခု ရှိတာပေါ့. . .'

'ဘယ်လဲဗျ . . .'

'ဘယ်လိုရမလဲ၊ မနေ့ညက ကျွန်တော့်တို့ဆီကို ရွှေစင်ဦးနဲ့ ကိုမျိုးမြင့် လာပြီး ခင်ဗျားအကြောင်း တိုင်တယ် . . .'

'ပြောပါဦး . . .'

'ပြောနေစရာမလိုပါဘူး ကိုမြင့်နောင်၊ ဒီကိစ္စကို ခင်ဗျား အသိဆုံးပါ၊ ငွေဇင်ဟာ ငယ်ပါသေးတယ်၊ ခင်ဗျား ဒီလို ကျူးကျူးလွန်လွန် လုပ်ဖို့မကောင်းပါဘူး . . .'

'ခင်ဗျာ ကျွန်တော်က ငွေဇင်ကို ကျူးလွန်တယ် ဟုတ်လား'

'ဟုတ်တယ်လေ၊ အခု ကိုယ်ဝန်လေးလလောက်ရှိမှ အိမ်ကလည်း သိကြတော့တယ်၊ သဘောက ဘယ်လိုဖြစ်နေလဲဆိုတော့ ခင်ဗျားဟာ အစ်မကို မရတာနဲ့ ညီမကို ကျင့်ကြံသွားတဲ့သဘော ရောက်နေတယ် . . .'

'ဒီမယ် ကိုညွန့်ဖူး၊ ခင်ဗျားကျွန်တော့်ကို နောက်နေတာ မဟုတ်ပါဘူးနော်'

'ကြံကြံဖန်ဖန်ဗျာ၊ ဒီကိစ္စမျိုးကို နောက်ပါ့မလား၊ ကျွန်တော်တို့လည်း အတော်အံ့သြပြီး စိတ်မကောင်းဖြစ်ရကြတယ်၊ ခင်ဗျား ဒီလိုလုပ်လိမ့်မယ်လို့ ကျုပ်တို့ နည်းနည်းမှ မထင်မိဘူးဗျာ . . .'

မောင်မြင့်နောင်ကား မိုးကြိုးပစ်ခံရလျက် ရှိလေသည်၊ သူသည် လျှင်ကြောပေါ်သို့ ရောက်နေရသည်။ သူ့ဘဝတွင် မည်သို့သော အကြောင်းကံများက ဆိုက်ရောက်နေလေသနည်း။

'ဒါတွေဟာ တစ်ခုမှ မဟုတ်ဘူး၊ ကျွန်တော်နဲ့ ဒီကောင်မလေးဟာ တစောင်းချေးနဲ့ မျက်ချေးပဲ၊ ပြီးတော့ ကျွန်တော်သူတို့အိမ်လည်း နောက်ပိုင်းမှာ မရောက်ဘူး'

'ခင်ဗျား ဘယ်လိုပြောပြော၊ ကာယကံရှင်က စွပ်စွဲထားမှတော့ ကျွန်တော်တို့ဟာ ဝတ္တရားရှိသလောက် ဖြေရှင်းပေးရတော့မှာပဲ၊ အဲဒါ ခင်ဗျား ရှင်းရှင်းပဲပြောဗျာ၊ ယူမလား မယူဘူးလား . . .'

ကိုစိန်ဝင်းက ထားဝယ်သားပီပီ ပြတ်တောက်စွာ မေးပါသည်။

'လာ သွားမယ်၊ မျက်နှာချင်းဆိုင်ပြီး ရှင်းလိုက်ရင် ဒီပြဿနာဟာ ပြီးသွားမှာပဲ . . .'

သို့ဖြင့် မင်းလှညွန့်ဖူး၊ ကိုစိန်ဝင်းနှင့် မောင်မြင့်နောင်တို့သည်

ရွှေစင်ဦးတို့ အိမ်သို့ နံနက် ရှစ်နာရီလောက်တွင် ရောက်သွားကြလေသည်။ မျိုးမြင့်နှင့် ရွှေစင်ဦးသည် ကျောင်းသွားရန် ဝင်းဝသို့ပင် ရောက်နေပေပြီ၊ သူတို့သုံးယောက်ကို မြင်သောအခါမှ ကားပေါ်မှ ပြန်ဆင်းကြသည်။

ရွှေစင်၏မျက်နှာကား တင်းမာလှသည်၊ မျိုးမြင့်သည် ရင်ကော့နေ၏။ တစ်အိမ်သားလုံးသည် မောင်မြင့်နောင်အား ရန်သတ္တုပြုမည့်ပမာ ရှိနေ၏။ ရွှေဇင်၏ အမေကြီးသည် အော်ဟစ် ငိုယိုလျက်ရှိလေသည်။

'ငါ့သမီး နုနုထွတ်ထွတ်လေးကို နှစ်ရက်ကြတယ်နော်'

'မလုံးကလည်း ငိုနေလို့ပြီးမှာလား၊ ပြောစရာရှိတာ ပြောကြဦးမှပေါ့ . . .'

'အို ရှင်တို့ပဲပြော၊ ကျုပ်ကတော့ ဒီကောင်နဲ့ သဘောမတူပါဘူး၊ ငါ့သမီးလေး ရေတိမ်နစ်အောင် တစ်နပ်စားကြံတဲ့ အကောင် . . .'

'ဒီမယ် ဒေါ်ဒေါ်၊ အခုဟာက ဒေါ်ဒေါ်တို့ဘာသာ စွပ်စွဲပြီး ကျွန်တော့်ကို အပြစ်ဖို့နေကြတာပါ။ ကျွန်တော်က ဘာမျှ မပြောရတော့ဘူးလား . . .'

'ဟင် . . . နင်က ဘာပြောချင်သေးလို့လဲ၊ ညာချင်သေးလို့လား၊ ဗိုက်ကြီး တစ်တောင်လောက် ထွက်နေတာကို မုန်လာဉလုပ်ချင်သေးလို့လား'

'ကဲ . . . မောင်ရင်က ဘာပြောချင်လို့လဲ . . .'

ဦးဘရင်က မေးလေသည်။

'ကျွန်တော် ငွေစင့်ကို မေးချင်သေးတယ် . . .'

'နင့်ညီမ သွားခေါ်ချီ . . .'

ရွှေစင်ဦးသည် ခြေသံပြင်းပြင်းနှင့် အတွင်းဘက်သို့ ဝင်သွားသည်၊ ဆယ်မိနစ်ခန့်ကြာမှ ညီအစ်မနှစ်ယောက် ထွက်လာကြသည်။ ဤဆယ်မိနစ်အတွင်း၌ ဧည့်ခန်းထဲတွင် မည်သူမျှ စကားမပြောပါ၊ ဒေါ်လုံးသည်သာ ငိုကြွေးနေလေသည်။

ငွေစင်သည် မိခင်ကြီး၏အနီးတွင် ခေါင်းကလေးငုံ့၍ ထိုင်နေသည်။ နားထင်များ ကျလျက်ရှိသည်။ ဆံပင်များသည် နီကျင်ကျင်

အရောင်ရှိပြီး ဖွားရာကျဲနေသည်။ တစ်ကိုယ်လုံး ပိန်ချုံးသွားသည်မှာ သိသာ၏။ ဗိုက်ကလေးမှာ ပူ့ပူ့လေး မို့နေသည်။

'ငွေစင်'

မောင်မြင့်နောင်က ခပ်ပြတ်ပြတ် ခေါ်လိုက်ရာ သူမက ဖြည်းညင်းစွာ မော့ကြည့်ပါသည်။ ယခင်ကလို ဘုကျကျ မာဆတ်ဆတ် မျက်နှာထားမျိုးမဟုတ်ဘဲ အသနားခံသည့် ညှိုးငယ်သော မျက်နှာထားသာဖြစ်ပါသည်။ သူမသည် တစ်စုံတစ်ခုပြောတော့မလို လုပ်ပြီးမှ အားတင်းကာ ခေါင်းငုံ့သွားလေသည်။

မောင်မြင့်နောင်က ဘာမှ ဆက်မပြောတော့၊ သူက တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချပြီးသည့် ပုံမျိုးနှင့် . . .

'ခင်ဗျားတို့ ကြိုက်သလိုသာစီစဉ်ပါ။ ကျွန်တော့်အနေနဲ့ နာခံဖို့အသင့်ပါပဲ'

မောင်မြင့်နောင်၏ စကားမဆုံးခင်မှာပင် ငွေစင်ဦးသည် မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့် အုပ်ကာ ငိုယိုရင်း အိမ်ထဲသို့ ပြေးလေတော့၏။

သူ့ဘဝသည် မမျှော်လင့်သော အဖြစ်အပျက်များကို စုပေါင်းထားခြင်းသာ တကား . . .

(ဂ)

မိန်းကလေးတစ်ယောက်ကို မရတာနဲ့တော့ ဝမ်းနည်းပူဆွေးခြင်း မဖြစ်ပါဘူးဟု သူသည် တစ်ကြိမ်က ဝါကြွားစကား ပြောခဲ့ဖူးပါသည်။

သို့ရာတွင် ကိုယ်ဖြစ်ချင်တာကို မရခဲ့လျှင် တအုံတနွေးနွေး တပြောင်းပြန်ပြန် တလိမ့်လိမ့် တလူးလူး တမူးမေ့မေ့ ဖြစ်လေ့ရှိကြသည် မဟုတ်ပါလား . . .

သဘာဝကို အသည်းမာနနှင့် တိုက်ကြည့်သည်၊ အန္တ့သည်လှတာ အပထား သူ့အား ဒုက္ခရောက်နေစဉ်တွင် ချစ်ခင်ကြင်နာခဲ့သည် မဟုတ်ပါလား . . .။

**ရန်အောင်စာပေ (၂)**

ခုတော့ နှစ်ယောက်သားသည် အပြစ် မရှိကြပါဘဲလျက် သက်သက်မဲ့ ခွဲခွာကြရတော့မည် မဟုတ်လား၊ သို့ရာတွင် ပြင်ပန်းအမြင်ဝယ်တော့ သူ့တွင် အပြစ်တင်နေသည်။

ခင်မိုးသီပင်လျှင် သူ့ထံလိုက်လာပြီး ပက်ပက်စက်စက် ပြောသွားလေသည်။

သူ့အနေနှင့်က ငုံ့ခံရုံပဲရှိတော့၏။ ကိုယ်လေးလက်ဝန်ရှိနေသော အမျိုးသမီးလေးတစ်ဦးက သူ့အား လက်ညှိုးထိုးသော အခါတွင် သူက အတင်းရုံးဖယ်၍ မိမိချစ်သူနှင့် နှစ်ကိုယ် မပျော်ပိုက်လိုပါ . . .

သူ၏ရည်ရွယ်ချက်၊ သူ၏လုပ်ဆောင်ချက်၊ သူ၏ဂုဏ်သိက္ခာ၊ သူ၏ချစ်သူ စသမျှသော အားလုံးတို့အား ကျောခိုင်း၍ နောက်သုံးရက်အကြာတွင် မိမိအား မျက်စောင်းခဲခဲ့သော မိန်းကလေးတစ်ဦးနှင့် လက်ထပ်ရပေတော့မည်။

တစ်ချိန်ကမူ ကျောင်းသားခေါင်းဆောင်တစ်ဦးအဖြစ်နှင့် ထင်ရှားခဲ့သော်လည်း ယခုမူ ရဲဘော်များ၏ ဝိုင်းပယ်မှုကို ခံခဲ့ရလေပြီ၊ ကျောင်းသားတစ်ဦးသည် အပုပ်အစပ်များကို ပြာဖုံးပေးတတ်သည့်အဖွဲ့ မဟုတ်ပါပေ . . .။

တစ်ချိန်ကမူ စာတော်သည်၊ လိမ္မာသည်ဟု ဖူးဖူးမှုတ်ခဲ့သော ဦးထွန်းဝင်းတို့ အိမ်သားများသည် သူ့အား ကြည့်ချင်ကြတော့မည် မဟုတ်၊ မိမိသည် မိန်းကလေးတစ်ဦးနှင့် လွန်လွန်ကျူးကျူး ဖြစ်ခဲ့မိပြီးမှ သူတို့သမီးအား ဒုက္ခပေးသွားသောကြောင့်။

သို့ရာတွင် ရင်ရင်နွဲ့ တစ်ယောက်ကတော့ မိမိအတွက် ငိုယို၍သာ နေသည်ဟု ခင်မိုးသီက ပြောသွားလေသည်။

သူ၏အသည်းနှလုံးသည် တနုံ့နုံ့တနုံ့နုံ့ ဖြစ်နေရလေပြီ၊ သူ့အဖို့ ညများသည် စင်စင်လင်း၍ ဟင်းနှင့် ထမင်းတို့သည် သလဲကိုးတင်း ဖွဲကိုးဘင်းသာ ဖြစ်နေတော့၏။

သူသည် ဟုတ္တိပတ္တိ မအိပ်၊ မည်မည်ရရ မစား၊ သို့ရာတွင်

စာကိုမူကား တကျိုးကုတ်ကုတ် ရေးလျက် မဂ္ဂဇင်းတိုက်မှာပင် နေပြီး ဘဝ တစ်ခုလုံးကို စာပေလောကထဲ မြှုပ်ထားလိုက်တော့၏။

သူသည် တနင်္ဂနွေ နှစ်ပတ်လုံးလုံး တိုက်တွင်းအောင်း၍ အလုပ်များကို ဖိလုပ်ခဲ့သဖြင့် အပန်းကြီးပန်း၍ အပိန်ကြီး ပိန်သွားလေပြီ . . .

သူ၏ ကြိုးပမ်းချက်များအနက် တစ်ခုသာလျှင် အောင်မြင်ထမြောက်လာလေသည်၊ ၎င်းမှာ သူ့အနေနှင့် အထူး ကြိုးပမ်း၍ရေးခဲ့သော 'အပြာ' လုံးချင်းပင် ဖြစ်လေသည်။ လုံးဝ ချုပ်လုပ်ပြီးစီးပြီဖြစ်၍ နယ်များသို့ စတင်ပို့လျက် ရှိလေသည်။ သူလက်ထပ်သောနေ့မှာပင် 'အပြာ' သည် ရန်ကုန်မြို့၌ ထွက်ပေါ်လာပေတော့မည်။

သို့ရာတွင် သူမကိုသူမ 'အပြာ' ပါရယ်လို့ တောင်းခံခဲ့သော ရွှေစင်ဦးသည်လည်း ဒီအက်စ်အိုတစ်ယောက်၏ ရင်ခွင်ထဲသို့ ရောက်နေခဲ့ပြီ မဟုတ်ပါလား။

ဤဝတ္ထုအား ဖတ်ချင်လှပါပြီဟု ဆိုသော ရင်ရင်နွဲ့သည်လည်း မျက်ရည်စက်လက်နှင့် ရှိနေပြီမဟုတ်ပါလား။

သူသည် တိုက်ပွဲအဆက်ဆက်ကို ဆင်နွှဲကာ မျက်ရည်ယိုဗုံးဖြင့်စ၍ အကျဉ်းခံနေရခြင်းကို အလယ်တွင် ထားပြီး မိခင်နှင့် ချစ်သူဆုံးခြင်းဖြင့် နိဂုံးချုပ်စေရတော့မည့် ဆဲဆဲ၌ . . .

ကံဆိုးမလေးတစ်ဦးသည် ဤလောကကမ္ဘာမြေတွင် တည်ရှိနေခြင်းမှ ရပ်စဲသွားလေတော့သည်။

အစ်ကို မြင့်နောင် . . .

အမိုက်မကလေး စာရေး နှုတ်ဆက်ခဲ့ပါတယ်။ ရိုသေကန်တော့ခဲ့ပါတယ်၊ အမိုက်မကလေးဟာ တမင်သက်သက် အစ်ကို့ကို ဒုက္ခပေးနေတယ်လို့ ထင်ကောင်း ထင်ပါလိမ့်မယ်။ ဘာပြုလို့လဲဆိုတော့ အစ်ကိုနဲ့ မမကြားမှာ မျက်နှာထားတင်းတင်းနဲ့ ရပ်ခဲ့မိတယ်၊ ငမိုက်သားတစ်ဦးရဲ့ ရက်စက်စော်ကားမှုကို အစ်ကို့အပေါ် လွှဲချခဲ့မိတယ်။

အမှန်မှာတော့ ဒါတွေအားလုံးဟာ အမိုက်မကလေးဟာ

အစ်ကို့ကို ချစ်လွန်းလို့ပါပဲ။

အစ်ကို့အနေနဲ့ မမဆီကို အလည်လာနေတာ ကျွန်မနည်းနည်းမှ သဘောမတူပါဘူး။ မကြည်ဖြူပါဘူး၊ ဘာလို့လဲဆိုတော့ အစ်ကို့ကို ကျွန်မဟာ မထင်မရှား ချစ်နေမိလို့ပါပဲ။

ကျွန်မအနေနဲ့ အစ်ကို့ကို ဘယ်လောက်အထိ ချစ်နေမိသလဲဆိုရင် ငမိုက်သားတစ်ဦးက အနိုင်ကျင့်စော်ကားသွားတာကို ဖုံးကွယ်ထားပြီး၊ အစ်ကို့ကို အကြပ်ကိုင်ပြီး အရယူဖို့ ကြိုးစားခဲ့မိပါတယ်။

ဒါပေမဲ့ ဒါတွေဟာ နောက်ဆုံးကျတော့ ကျွန်မချစ်တဲ့ အစ်ကို့ကို ဒုက္ခရောက်စေရာကျမှန်း သဘောပေါက်လာလို့ ခုတော့ အမှန်တရားကို ဖွင့်လှစ်လိုက်ပါပြီ။

အစ်ကိုနဲ့ ရင်ရင်နွဲ့အကြောင်းကိုသိရလို့ ကျွန်မ ယူကြုံးမရ ဖြစ်လှပါတယ်။ ကျွန်မလိုပဲ ရင်ရင်နွဲ့ဟာလည်း အစ်ကိုကိုချစ်ရှာမှာမို့ ကျွန်မကိုယ်ချင်းစာမိပါတယ်။ ဒါပေမဲ့ သူက ကံကောင်းသူမို့ အစ်ကိုရဲ့ တုံ့ပြန်ချစ်ခင်မှုကို ရယူထားတယ်လေ . . .။

အမိုက်မကလေးက ရင်ရင်နွဲ့ကိုလည်း တောင်းပန်စာ တစ်စောင်ရေးပို့လိုက်ပါတယ် . . .။

အမိုက်မကလေးရဲ့ ဘဝကို ဇာတ်သိမ်းလိုက်ပြီမို့ အစ်ကိုနဲ့ အစ်ကို့ချစ်သူတို့ ပျော်ရွှင်ကြပါစေ . . .။

ကျွန်မကို မတရားစော်ကားတဲ့လူဟာ သူများမဟုတ်ဘဲ မကြာခင်မမနဲ့ ယူတော့မယ့် ကိုမျိုးမြင့်ပဲ ဖြစ်တယ်ဆိုတာကို လူကြီးတွေဆီ စာတစ်စောင် ရေးထားခဲ့ပါတယ်။

အရှက်နဲ့ အသက်ကိုစွန့်၍ အမှန်တရားကို ဖွင့်ခဲ့ပါပြီ။

အမိုက်မကလေး ငွေဇင် . . .

ဒီမိုကရေစီ ဆိုရှယ်လစ်ကြီး၏ လက်ချက်ဖြင့် ကျောင်းသူတစ်ယောက်တော့ အသက်ထွက်ရလေပါပြီကော . . .

**ရန်အောင်စာပေ (၂)**

(၄)

မောင်မြင့်နောင်သည် စားပွဲပေါ်မှ စာအုပ်ကိုယူ၍ ရင်ရင်နွဲ့ထံ သွားရန် ထလိုက်သည်။ သို့ရာတွင် တံခါးပေါက်၌ တစ်စုံတစ်ယောက်သည် ပိတ်ဆို့နေလေပြီ။

သူသည် ခြေမှခေါင်းကို တဖြည်းဖြည်း ကြည့်မိသည်။ ဒေါက်မြင့် ဖိနပ်ကလေးပေါ်တွင် ရင်ရင်နွဲ့ ခြေဖမိုးက ပြည့်ဖြိုးနေပါသည်။ ခြေသလုံး တစ်ဝက်မှစ၍ တဖြည်းဖြည်း အထက်သို့ ပြာတက်သွားသည်။

ထမီအပြာကို မြင်လိုက်ရ၍ သူက ရင်မောသွားပါသည်။ ရင်ရင်နွဲ့ သည် မျှော်လင့်ခြင်းကြီးစွာနှင့် သူ့အား ကြည့်နေလေသည်။ သူက ဘာပြောရ မှန်း မသိ။ ထို့ကြောင့် . . .

'မမသီကော မပါဘူးလား'

'အစ်ကိုကျော်ဆီ သွားတွေ့တယ်လေ'

မျက်ရည်စက်လက်နှင့် မိခင်ဖခင်များသည် သားတို့အားတွေ့ရန် လည်းကောင်း၊ အသည်းကျွမ်းနေသော မိန်းကလေးများသည် ချစ်သူတို့ အားတွေ့ရန်လည်းကောင်း၊ အကျဉ်းထောင်များသို့ သွားလျက်ရှိ၏။ မြန်မာနိုင်ငံအရပ်ရပ်မှ ကျောင်းသားထုတစ်ရပ်လုံးကတော့ အဖမ်းခံ ကျောင်းသားများအား လွှတ်ပေးရန် တစ်ခဲနက် အုံကြွတောင်းဆိုနေကြ၏။

ဤအချိန်တွင် မောင်မြင့်နောင်သည် သူများ သားပျိုသမီးပျို များအား ဖျက်ဆီးသော သူတစ်ယောက်အဖြစ်နှင့် ပုံနှိပ်စက်များကြားတွင် နစ်မြုပ်နေခဲ့ရလေသည်။

ဤသို့ ဖြစ်ရသည်မှာလည်း ငွေစင်ဦးက သူ့အား ရင်နင့်သဲလှိုက် ချစ်လေ၍တည့်။

သူက သူမအတွက်စိတ်မကောင်း၊ သို့ရာတွင် မည်သို့မျှ မတတ် နိုင်တော့၊ မိမိကြောင့် ပူဆွေးနေရသော ကလေးမတစ်ဦး ရှိလေသေးသည်။ သူက ရင်ရင်နွဲ့ထံ ချက်ချင်းပင် သွားရန်ပြုလိုက်၏။ သို့ရာတွင် ရင်ရင်နွဲ့က သူ့ထံသို့ အရင်ရောက် ရှိလာလေသည်။ ပြီးတော့ အပြာရောင် ဆင်ထည်

များကို ဝတ်စားလာပါချေသေးသည်။

မောင်မြင့်နောင်သည် ရင်ရင်နွဲ့အား ကိုမိုးမြေတို့နှင့် မိတ်ဆက်ပေးပြီးနောက် သူတို့ထံ ခွင့်တောင်းကာ သူမနှင့်အတူ လိုက်ပါလာပါသည်။

ကားပေါ်ရောက်တော့ သူ့လက်ထဲမှစာအုပ်ကို သူမအား ပေးလိုက်၏။

'အပြာထွက်ပြီ ဟုတ်လား'

'ဆိုပါတော့၊ ဒါပေမဲ့ နွဲ့ အပြာမဝတ်ပါနဲ့၊ နွဲ့ကြိုက်တဲ့ အဝါကိုပဲ ဝတ်ပါ'

'ဘာပြုလို့လဲ'

သူမက မျက်နှာ အနည်းငယ်ညှိုးသွား၏။

'အို ကိုယ်က အကောင်းပြောတာပါ။ အပြာဟာ ငြိမ်းချမ်းရေးရဲ့ အထိမ်းအမှတ်ဖြစ်သလို အဝါဟာ မတရားမှုတွေကို မလိုလားတဲ့ ဒီမိုကရေစီသင်္ကေတ ဖြစ်ခဲ့တယ်မဟုတ်လား'

မောင်မြင့်နောင်က ကားအဆောင့်လိုက်တွင် အခွင့်ကောင်းယူ၍ သူမနှင့် ပူးကပ်သွားအောင် ယိမ်းယိုင်ရွေ့ပါသွားပြီး ပြောလိုက်၏။

'ဒါဖြင့် နွဲ့ဟာ အပြာရော အဝါပါဆိုရင် ပိုမကောင်းဘူးလား. . .'

'မကောင်းဘူး . . .'

'ဟင် ဘာလို့လဲ . . .'

'အပြာနဲ့ အဝါ ရောလိုက်ရင် အစိမ်း ဖြစ်သွားရော . . .'

'စိမ်းတာက သူ သိလား'

သူမက စောင်းငဲ့၍ မျက်လွှာ လှန်ကြည့်ပြီး ပြောလိုက်၏။

'အဲဒါ မှားတာပဲ၊ ကိုယ်က အစိမ်းမဟုတ်ဘူး . . .'

'ဒါဖြင့် ဘာလဲ . . .'

'သူ့ချစ်သူဟာ ဘာရောင်မှန်း ခုထက်ထိ မသိသေးဘူးပေါ့ ဟုတ်လား'

သူမက ခဏမျှ မျက်မှောင်ကျုံ့ စဉ်းစားပြီးမှ . . .

**ရန်အောင်စာပေ (၂)**

'အော် . . . သိပြီ . . . '

'အပြာ . . . '

'အနီ . . . '

ရင်ရင်နွဲ့က တိုးတိုးလေး ပြောလိုက်သည်။ သို့ရာတွင် မောင်မြင့်နောင်ကမူ တော်လဲသံကြီးတစ်ခုပမာ ကြားလိုက်ရပါသည်။ ထိုအချိန်တွင် ဘုရားလမ်းအတိုင်း မောင်းလာသော ကားကလေးသည် ရင်ရင်နွဲ့တို့အိမ်ရှိရာ ဗဟန်းဘက်သို့ သွားရန် အလံပြဘုရားလမ်းအတိုင်း ဆက်မသွားဘဲ ရောက်လမ်းထဲသို့ ချိုးဝင်လိုက်၏။

'ဘယ်သွားမလို့လဲ . . . '

မောင်မြင့်နောင်က ပြုံးတုံးပြတဲနှင့် မေးလိုက်၏။

'အောင်မယ်လေး သူ့မျက်လုံးကြီးကလည်း ပြူးနေလိုက်တာ၊ သူများက ကားတင်သွားတာ ကျနေတာပဲ . . . '

'မဟုတ်ပါဘူး၊ ကိုယ်က မသိလို့ မေးတာပါ'

'ဆန်းကဖီးကို သွားမယ်လေ . . . '

'ဘုရားရေ မင်္ဂလာဆောင်ဖို့ အခန်းသွားငှားမလို့လား၊ ကိုယ်က ပစ္စည်းမဲ့ပါ'

'ဟင်း မုန်းစရာပဲ၊ ကနေ့ ဆန်းကဖီးမှာ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်က ကျင်းပတဲ့ 'လက်နက်လျှော့ပေါ့ရေးနဲ့ အနုမြူဗုံး ပိတ်ပင်ရေး ထောက်ခံမှု' အစည်း အဝေးပွဲရှိတယ်လေ မင်းလှညွန့်ဖူးက နွဲ့ကို ဖိတ်စာ ပေးထားတယ်'

'ဟုတ်သားပဲ၊ အနွဲ့လာတာနဲ့ ကိုယ် အစည်းအဝေးကိုတောင် မေ့သွားတယ်၊ စောစောက ကိုမိုးမြေတို့နဲ့ သွားဖို့ ပြောထားကြတယ် . . . '

'ကိုမိုးမြေတို့နဲ့ မဟုတ်ဘဲ အနွဲ့နဲ့ အတူသွားရမှာ ရှက်နေလို့လား'

သူမက ပြုံးမဲ့မဲ့ဖြင့် မေးလိုက်သည်။

'အမှန်တော့ ဒီလိုနေရာမျိုးကို သမီးရည်းစားအနေနဲ့ [illegible] သိပ်တော့ မကောင်းဘူး . . . '

'ဘယ်လိုမှ ကောင်းသလဲ'

'လင်မယားဆိုမှ ပိုကောင်းတယ်'

ရင်ရင်နွဲ့က လက်သီးဆုပ်ကလေးများဖြင့် ထုရိုက်နေစဉ်မှာပင် အော်စတင် ကားကလေးသည် ဘုရားလမ်းရှိ ဆန်းကဖီးရှေ့တွင် ဆိုက်မိလေ၏။ လှေခါးထိပ်တွင် ငြိမ်းချမ်းရေးအလံက တလူလူ လွင့်နေသည်။ မိုးပြာပြာတွင် ငွေချိုးဖြူက ပျံနေပါသည်။

တစ်နေ့ကျလျှင်

အပြာရော၊ အဝါရော၊ အနီရော အားလုံးပဲ လာကြမှာပေါ့ ငွေချိုးဖြူရယ်. . . ။

နတ်နွယ်

❑

# နှတ်နှယ်

## အပြာ – အဝါ

'အပြာကို လှသည်လို့သာ သမားရိုးကျ ပြောနိုင်သည်။
ဘယ်သို့ ဘယ်မျှအထိ လှသည်ကိုတော့ ဖွဲ့နွဲ့ရန် မစွမ်းပါ။
လှသည်သာ...'

အပြာ...မှ။

'...အပြာဟာ ငြိမ်းချမ်းရေးရဲ့ အထိမ်းအမှတ် ဖြစ်သလို
အဝါဟာ မတရားမှုတွေကို မလိုလားတဲ့...'

အဝါ...မှ။